ဟူသောဘုရားအမိန့်တော်မြတ်ကို။ သတ္တုဒယမဉ်သော သတပတ်ရွှေကြာပန်းကဲ့သို့။ ဦးထိပ်ထက်ဆင်ရွက်ရ သည် အတိုင်း။ရှေးပညာရှိကဝိသူမြတ်တို့ ရေးသားစီရင်အပ်သော ပျိုးကဗျာမော်ကွန်း ဇျင်းလူးထားရတုများကို။ ရှေးမင်းတို့ လက်ထက်တစောင်တဘွဲ့ တစိတ်တဒေသမျှသာ သုတ်သင် ပြင်ဆင်ဘူးသည်။အလုံးစုံနှစ်သက္ကရာဇ်အစီအစည်နှင့်။ ပြင် ဆင်ရေးသားဘူးသည်မရှိ။ နှစ်ကာလရှည်လျား၍အကူးအ ယူများလျှင်။ ဘုရားဟော ဗိဋကတ်စင်လျက်။ တိမ်းယိမ်း ပျက်ယွင်းသဖြင့်၊သင်္ဂါယနာသုံးတန်တင်ခြင်း။ ပေါဌကာရ ၂ဌပြုခြင်းတို့ကိုပြု၍သုတ်သင်ရှင်းလင်းတည်းပြဋ္ဌ်တိုက်ဆိုင် ရသည်။ပျိုးကဗျာလက်ာများမှာမူကား။ရေးရင်းမူတွင်အချို အရာဌ်ပိုသည်။အချိုအရာဌ်လိုသည်။ မိမိတို့သဘောသက်ရာ နှုတ်သွင်းပြင်ဆင်၍ တစောင်နှင့် တစောင် မညီမညွှတ်သ ဖြင့်။သဘော အဓိပ္ပာယ်အယူအဆ ခဲခက်သည်။ သုံးစောင်။ လေးစောင်တိုက်ဆိုင်လျှင်။ အချိုတွင်ပြီး၍အချိုတွင် မပြီးမ ဆုံးရှိသဉ်။စီကုံးရေးသားရင်းဆရာ၏အလိုအာဘော်ကျမ်း ဂန်သဘောယုတ္တိများနှင့်ချင့်ထောက်လျှင်တိမ်းယိမ်းရှိသဉ်။ တိမ်းယိမ်းချွတ် ယွင်းသည် စာကို။ မှတ်သားလေ့လာ လျှင် လည်းသဘော သကန်အမှန်သို့ မရောက်နှိုင်ရာ။ သဘောသ ကန်အမှန်မရောက်ကလည်း ဆိုကဲ့ပြီးသော အကျိုးတို့ကို မ ပြီးစေနှိုင်ရာ။ယင်းသို့ပရံပရပယောဇည်ကိုထောက်၍။

စာမည်။ကြောင်းရေ။အင်္ဂါ။စ။ဆုံး။အင်္ဂါဘွဲ့။စာပြီးသက္ကရာဇ်။ယင်းသက္ကရာဇ်နှင့် ဆိုင်သောမင်း။ ကျမ်းပြုဆရာ အ မည်။ အချိပိုဒ်စများကို။ မာတိကာသဘွယ် အင်းစောက်ဇ ယားပြလျက်။ သဘောယုတ္တိတန်မတန်ကို ကျမ်းဂန်ပါဋ္ဌိအ

ထောက်အထား။ဆရာစည်ဆက်ရအပ်သော ဂရုပဒေသတို့နှင့်ညှိနှိုင်းခြင်း။

မူကွဲအစောင်စောင်တို့နှင့်တိုက်ဆိုင် တဉ်းပြန်သည်ကာလလည်း။ သဘောယုံတွိ မရှိလျှင်ပယ်၍။ သဘောယုံတွိရှိသည်ကိုသာယူခြင်း။

အခေါ်ဝေါဟာရများလဉ်း။ရှေးသူဟောင်းတို့ခေါ်ဝေါ် ရိုးဘာသာပေါရာဏကထာ။ ဆရာသမားတို့၏နည်းဥပဒေသတို့နှင့်ထောက်ထား၍သင့်မြတ်ရာကိုယူခြင်း။

ရေးထုံးရေးနည်း မှာလည်း။ ဝဏ္ဏဗောဓနအင်း စောက်။ ဂဇဗလသတ်ညွှန်း။ ကဝိလက္ခဏာ။ ကဝိမဏ္ဍနီ။ မြန်မာသံယောဂဒီပဏီ။ လိခနရာသီ။ အက္ခရသံဗောဓ။ ခွဲတမ်းအင်းစေဝံ။ သတ်ညွှန်းကြီးအရပ်ရပ်တို့နှင့် ညှိနှိုင်းပြင်ဆင်ခြင်း။

စာပြီးသက္ကရာဇ်၊ ယင်းသက္ကရာဇ်နှင့် ဆိုင်သောမင်းများကိုလဉ်း။ရာဇဝင်တော်။ရာဇဝင်ကြီး။ရာဇဝင်လတ်။ရာဇဝင်ချပ်။ရာဇဝင်ကျော်။ရာဇဝင်ချုပ်။ အင်းစောက်မှတ်ပုံ။ကျောံစာ။မော်ကွန်းတို့နှင့်တိုက်ဆိုင်၍။ ထုံးမြီ။ပုံတူ။စံမျှ။အရိုးကျ။သင်သေရ။သဘောရှိ။ ခုံတည်လောက်သော စကားတို့ကိုသာယူသဖြင့်။ပလုတဂီတသို့မသက်မူ၍ ဝိမုတ္တိရသကိုသာရှာသောအားဖြင့်။ လေ့ကြက်မှတ်သားသော သူတို့၏လောကီလောကုတ္တရာအကျိုးနှစ်ပါးပွားများရစ်စေခြင်းငှာ။

ကောင်းစွာပြင်ဆင်သုတ်သင်ရှင်းလင်းရမဉ်ဖြစ်၍။လေါကီလောကုတ္တရာနှင့်စပ်သော အရပ်ရပ်မှတ်သားရင်းဂန္ဓနှတ်ရဗဟုသုတများတွင်။ထပ်မံတိုးပွားအောင်။စာပေကျမ်းဂန်။ပျိုးကဗျာဆျင်းမော်ကွန်းရတုသမိုင်းကျောက်စာ။ ရာဇဝင်။ဓမ္မသတ်။စာဟောင်းစာတမ်းများကို အားထုတ်ကြည့်ရှုသဲအခါ။

သက္ကရာဇ်၁၀၉၅ခု။ အဝမြို့တွင်နန်းတက်တော်မူသောမ ဟာရာဇာဓိပတိ တံဆိပ်နာမံခံသော။ ဟံသာဝတီ ရောက် မင်းလက်ထက်။တလိုင်းတို့နှောင့်ရှက်သောကြောင့်။မလွန်မြို့ ပျက်၍။ တလုပ်မြို့ကဆီးခံသည်တွင်။ အရေးစကားပြောဆို ပြန်လာသည်နောက်။သက္ကရာဇ်၁၁၁၀တွင်။ ငစည့်ကိုင်ကို။ ကေတုမတီ တောင်ငူမြို့သမုတ်၍။ မြတ်နန်းစံရာနန်းတော်။ လွှတ်တော်။ရွှေရုံး။နောက်ရုံး။ ဝင်းလေးမျက်နှာရုံး။ဝန်ကြီး။ ဝန်ထောက်။ဝင်းမှူး။အတွင်းဝန်။သံတော်ဆင့်။ နာခံ။စာရေး ကြီး။မြို့ဝန်။ထောင်မှူး။အနောက်ဝန်မှစ၍။ ထီးနန်းကိရိယာ မင်းဧကရာဇ်တို့အခမ်းအနားများနှင့်တကွ။ဘုရင်ခံမင်းပြိုင် အဖြစ်နှင့်ဥကင်ကြီးဘွင့်ရသော။ မာရ်အောင် ရတနာဒါယ ကာစနေ မင်းမိဘုရား ညောင်ရွှေစော်ဖွားသွီး ကန်သစ်က တော်တွင်မြင်သောသားတော်။ ငယ်မည်မောင်ဥဂ္ဂါ။ မင်းရဲ ကျော်ခေါင်ဘွဲ့ကသည်။သတိုးမင်းခေါင်ဘွဲ့။နောက်ကိုးသိန်း သခင်ဘုရင်မင်းခေါင်။နောက်သီရိသုဓမ္မရာဇါဓိပတိတံဆိပ် နာမံရှိသောမင်းသည်။အပြင်းတိုက်တွန်း၍။ အလုံမြို့စီရင်စု။ မောင်းထောင်ကြီးရွာတွင်။အမိမပု။အဘမောင်ဇယတို့တွင် မွေးမြင်သည်သက္ကရာဇ်၁၀၉၈ခုဖွား။နံအင်္ဂါသား။ငယ်မည် မောင်ဩ။ဘွဲ့ရွှေတောင်ရာဇကျော်။ ပညာရှိအမတ်စီရင်ရေး သားဆက်သ အပ်သော။ ကပိလ က္ခဏာ သတ်ပုံ ပိုဒ်ရေ ၁၇၈၇တွင်။ သိမ်မွေ့ နက်နဲ ခက်ခဲ ဆန်းကြယ် သော။အ ဓိပ္ပာယ်ထူး။ဘာသာထူး။ ဝေါဟာရထူးစသည်တို့ဖြင့်။တန် ဆာဆင်အပ်သည်ဖြစ်၍။အလွှန်သိနှိုင်ခဲသော။ ကျစ်လျစ်ရှုပ် ထွေးမြှေးရှက်တိမ်မြုပ်ငုပ်သေါအဓိပ္ပာယ်ရှိသေါပိုဒ်ပေါင်း ၇၈များကို။အသေအခြာသိလိုကြောင်းနှင့်။ စာတော်ဘတ်။ နေမျိုးမင်းလှသိခ်သူနှင့်။ ရွှေတိုက်စာရေးသိခ်စည်သူကျော်

တို့ကား။သက္ကရာဇ်၁၂၂၆ခု။ တော်သလင်းလဆန်း၁ရက်နေ့။ ကောက်နှံတ်ရေးသား၍ မေးလျှာသည်ကို အထက်ဆိုခဲ့ရင်း အဓိန့်တော်မြတ်အရ။အလိုတော်ရှိအမှုတော်ကိုထမ်းဆောင်မည်ဟု။စာပေကြည့်ရှုအားထုတ်ဆဲအခါဖြစ်၍။လွယ်လင့်တကူဖြေဆိုပေလတ်တံ့။ သမာဓိအရင်းရှိသော သတိပညာဖြင့် နာခံမှတ်သားစေကုန်သတည်း။

———o‡o———

ဒုတိယခန်း။

မေးခွန်းကော်နှံတ်ချက်ပုန်ပေါင်းဦးရေကျော်း။

ယသတ် နှောက်ပစ်။ နှစ်ချက်သင့် စပ်နှည်း ၄၅ပုဒ်အနက်။

၁ ရောင်ခြည်ခြောက်သွယ်။ ဘဝဂ်ကယ်။ အုံဘွယ်ဆဲ့ ရှစ်ဖြာ။

၂ မင်းဆက်ငါးသွယ်။ရှင်ဘိုမယ်။ နှန်းလယ်တင်သည့် သာ။

၃ မင်းပရိယာယ်။ငတင့်တယ်။နားဝယ်မလည့်ရှာ။

၄ ရတုချဘွယ်။အသွယ်သွယ်။ခြောက်ဆယ်ကိရိယာ။

၅ ပြည်အန္တရာယ်။ဖြစ်စဘွယ်။ပြည်စွယ်မချိုးရာ။

ဟူ၍မေးခွန်းကောက်နှံတ်ချက်ပုန်ရေ ၅။

နေ့ဝံပစ်သက်သက်စပ်နှည်းပုန်ရေ၆၀အနက်။

၆ တရုပ်ကျဆဲ။နှန်းတော်လွဲ။မင်းရဲကျော်ခေါင်အား။

၇ အရောင်ရဲရဲ။ကြောင်မျက်ခွဲ။ပုလဲမျိုးရှစ်ပါး။
၈ နေပူကျဲကျဲ။တို့တပ်ထဲ။ကြဲသေးခေါင်းထက်လွှား။
၉ ကျိုးလိုပြစ်ပွဲ။ဖြစ်စမြဲ။ဆင်ကဲအယူမှား။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပါပုဒ်ရေ ၄။

သေးသေးတင်မသတ်အငင်နှစ်ချက်ရစပ်နဉ်း
ပုဒ်ရေ ၆၀အနက်။

၁၀ ခွေးချေးသက်ပုံ။ရှင်မလုံ။ဆူကြိုနိမ့်မြင့်ဝေး။
၁၁ ရှစ်ပါးအင်စုံ။တရားခုံ။ပယ်ဘုံမြော်ထောက်တွေး။
၁၂ သူလင်နှင့်ကြို။တံခါးခုံ။လွတ်ရုံကျော်၍ပြေး။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၃။

တချောင်းငင်။ သေးသေးတင်မသတ်။ ဝိသဇ္ဇ
နီထိုးစပ်နည်း။၅၆ပုဒ်အနက်။

၁၃ ဇော်တခိုင်လုံး။စာစပ်ထုံး။အဆုံးများလှလွန်း။
၁၄ နှုတ်ဖျားတာဖုံး။ မြို့လည်းလုံး။မြင်းဆုံးဌက်မသန်း။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၂။

သေးသေးတင်သက်သက်စပ်နည်း။ ၁၀၈ပုဒ်
အနက်။

၁၅ ရာဇာသင်္ကြီ။ပညာလျှံ။ပုဂံပြည်လုံးကဲ။
၁၆ နော်ရထာကံ။အရဟံ။ခုန်ပျံကျလှာဝဲ။
၁၆ နန္တပကြီ။မတ်ရဲစံ။ရှင်ထံနေစေမြဲ။
၁၈ သုံးလိန်ဆက်ဆံ။ငါးပါးနံ။သင်အံနှလုံးစွဲ။
၁၉ ကိုယ်တော်တလံ။ရောင်တော်လျှံ။ရွှေဆံနှစ်သစ်မြဲ။

၂၀ သတ္တဝါညံ။၎င်းနှံ။ဖျံလည်းအချိုးကွဲ။
၂၁ စကားနက်တံ။ဒေဝဓံ။ရှည်လံလွှန်နက်နဲ။
၂၂ သုံးပါးဝန္တံ။အာမခံ။ပေးနှံလေးစုကဲ။
၂၃ ဖုသျကြယ်ပျံ။ဌက်ချေးခံ။ရောင်လျှံခတ်မွဲမွဲ။
၂၄ ဒွါရပူရံ။မိုးသို့ပျံ။သံနှင့်ချိပ်ကာတွဲ။
၂၅ သေကြောင်းလည်းကြီ။ကြို့နှင့်ဝံ။တရံမသင့်ပဲ။
၂၆ ရွှေနန်းကြော့ထံ။အသေခံ။ရေနံသာစားပွဲ။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ။ ၁၂။

မသတ်သက်သက်စပ်နည်း ၆၄ပုဒ်အနက်

၂၇ နှစ်မည်လောင်း တမ်း။ မြော်စူးစမ်း။ ပေးကမ်းအင်
ခြောက်ဆိုင်။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ။ ၁

နသတ်သက်သက်စပ်နည်း။၁၆၆ပုဒ်အနက်။

၂၈ ကနက္ကဒါန်။ရွှေနှင့်ဘန်။မြမှန်စိန်သန္တာ။
၂၉ ငါးပါးအမှန်။ရှစ်ပါးဌာန်။ကျမ်းဂန်ထူးထွေလာ။
၃၀ နှစ်ဆဲ့တတန်။အပါဒါန်။သမွန်အဖြာဖြာ။
၃၁ နဂိုဏ်နှစ်တန်။ရရှစ်ပြန်။ဒဏ္ဍကဂါထာ။
၃၂ ဝေသုံးတန်။အနက်ကန်။ပြညွှန်ထုတ်ဖော်ရှာ။
၃၃ အင်္ဂါသုံးတန်။ညီညွတ်မှန်။ကိုယ်ဝန်စွဲစရာ။
၃၄ မိထိလာကန်။ရေလွှတ်ပြွန်။ဆဒ္ဒန်လျှိုးဝင်သာ၊
၃၅ အချောက်ရေညွှန်။ကျုံးသုံးတန်။မြို့ဌာန်ပတ်လည်မှါ။
၃၆ စကားကိုးတန်။ဟိဆယ်ပြန်။ဟောဟန်အရာရာ။
၃၇ အမျက်ငြိမ်းရန်။ငါးနှစ်တန်။ကျမ်းဂန်မုချလါ၊

၃၈ လှေတော်သမ္ပန်။သက္ကဒါန်။မြန်သန်ပြေးလျင်စွာ။
၃၉ မင်းစေသန္တာန်။နောင့်တမန်။ရှစ်တန်စုံအဂါ။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပါ။ ၁၂ပုဒ်။
နသတ်ဝိသဇ္ဇနီထိုးစပ်နည်း ၁၄၄ပုဒ်အနက်။

၄၀ မြေကိုတိုင်တန်း။ မိန့်တော်ညွှန်း။ မာရ်ကျန်းပျောက်ပျက်ကြေ။
၄၁ လေးရာပြုဆန်း။မြို့ကူးခန်း။ပခန်းခေါ်တထွေ။
၄၂ အိပ်လိုရဟန်း။စားလိုမှန်း။ပုစ္ဆန်းလုပ်ပါလေ။
၄၃ သင်းခွေဝတ်ပန်း။ငယ်ဖြူခန်း။မေးဝန်းအာနက်စေ။
၄၄ ဗွေဆီမီးထွန်း။နားတွင်ဝန်း။မျက်မှန်းမြင်တတ်စေ။
၄၅ လှေလှော်တတ်ဆန်း။ ဆဲ့နှစ်ခန်း။ တက်သန်းညီညွတ်စေ။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၆။
နသတ်အမြစ်စပ်နည်း ၃၈ပုဒ်အနက်။

၄၆ ဗြဟ္မာလက်ညွှန့်။ဆယ်ချောင်းဖြန့်။ မြူး ကွန့်သောင်းတိုက်စက်။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၁။
နသတ်အတင်စပ်နည်း ၃၃ပုဒ်အနက်။

၄၇ ကမ္ဘာပျက်ချိန်။သုဘကိဏ်။ရေရှိန်လွတ်ရှင်းရှင်း။
၄၈ သခွတ်ပွင့်ချိန်။အသူရိန်။ဝတိန်သာသို့ဆင်း။
၄၉ ကရီကျိုးကျိန်။ကျေးနှင့်မိန်။ပိန်ညင်းမြူးရွှင်ခြင်း။
၅၀ တရုပ်သေနိန်။ကျော်သံရှိန်။သံစိန်ယော်ဓာမင်း။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၄။

နသတ်အတင် ဝိသဇ္ဇနီ ထိုးစပ်နည်း ၂၉ ပုဒ်
အနက်။

၅၁ ပြိုးပြွမ်းပကိဏ်း။ ဆက်ဆံကျိန်း။ မိန်းမရေဆိပ်ပြိုင်။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၁။

နသတ်အငင် ဝိသဇ္ဇနီထိုး စပ်နည်း။ ၄၃ ပုဒ်
အနက်။

၅၂ အားအန်တိုး တုန်း။ ကြိုး၍ရန်း။ နွားကုန်းဆိုသည်ငွဲ။
၅၃ နေမျိုးဆက်ပြုန်း။ မင်းရိုးပုန်း။ ရွှေအုန်းသီးကိုလွှဲ။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၂။

တသတ်စပ်နည်း။ ၂၃၁ ပုဒ်အနက်။

၅၄ ရှစ်အင်ရုံမြတ်။ ဖြူဆွတ် ဆွတ်။ ဘောင်းဝတ် မြင်း
ယည်ငြင်။
၅၅ ဆယ်ပါးပုတ်ခတ်။ တရားကတ်။ ဖြတ်လေပညာ ရှင်။
၅၆ တဂိုဏ်မလွတ်။ ယဂိုဏ်သွတ်။ ဂါယတ္တိဆန်းတွင်။
၅၇ ပိုးရန်းလျှံပတ်။ နေမင်းသတ်။ ဟီနတ်ဒေါသတင်။
၅၈ ဒေါသဝါကျတ်။ ခြောက်ချက်မှတ်။ ပုဒ်ပါဌ်ပြင်သုတ်
သင်။
၅၉ ဒိုဒ်ဆုံးညီညွတ်။ ပဒါသတ်။ ဂုဏ်မြတ်တန်ဆာဆင်။
၆၀ ခုနစ်ဝိဘတ်။ ကျေစမှတ်။ သမာသ်ခေါ် ရိုးပင်။
၆၁ အသညသတ်။ ဝိညာည်ပြတ်။ စာည်မှတ်ရုပ်နှင်နှင်။
၆၂ အနဝတတ်။ ငါးတောင်ညွတ်။ ရေမြတ်ကြဉ်လင်လင်။
၆၃ ဗုဇွန်ကြီတတ်။ ဖြိုင်းသဉ်ပြတ်။ ရွှေကတ်ကျေးအသွင်။

၆၄ မရီးနှင့်မတ်၊လင်ကိုသတ်၊လေးဇါတ်တိုင်အေါင်ပင်။
၆၅ ကိုးဆဲ့ကိုးဇာတ်။ယောက်ျားသတ်။ အကျွတ်မဂ်ဖိုလ်
ဝင်။

ဟူ၍ မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၁၂။

တသတ်အတင်စပ်နည်း ၅၃ပုဒ်အနက်။

၆၆ ကန်အမနိတ်။ဂြိုဟ်မှာကိတ်။နိမိတ်ယူကြလင့်။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၁။

တသတ်အင်စပ်နည်း ၁၀၈ပုဒ်နက်။

၆၇ မီးယူသစ်ခုတ်။ပုန်းစလုတ်။ပဲပြုတ်ထမ်းချီချီ။
၆၈ ပစ္စည်းနှင့်ပုဒ်။ရှည်ချုတ်ချုတ်။တဒ္ဓုတ်ဆဲ့ငါးလီ။
၆၉ သုံးဆယ်ငါးပုဒ်။ဝက်ဝုတ်။ချုတ်ချုတ်မတိုက်ပြီ။
၇၀ ပြယယ်ဝေဝုတ်။ပရယုတ်၊ဘော်ထုတ်အလီလီ။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၄။

ပသတ်သက်သက်စပ်နည်း ၁၂၆ပုဒ်အနက်။

၇၁ မသင့်မအပ်။လျော်ပြစ်တပ်။ယိုးစွပ်ခြင်းလေဖြာ။
၇၂ ရွှေစက်နှစ်ရပ်။သုံးမည်ယပ်။အတပ်သိအောင်ရှာ။
၇၃ ကျွန်ခုနစ်ရပ်။မစေအပ်။စေအပ်ခုနစ်ဖြာ။
၇၄ ကညာလေးရပ်။စွန့်ငါးထပ်။ချစ်အပ်တပါးသာ။
၇၅ သမီးပေးအပ်။အင်ရှစ်ထပ်။မလပ်မလွတ်ရာ။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၅။

သဝေထိုးဝိသဇ္ဇနီထိုးစပ်နည်း ၂၁ပုဒ်အနက်။

၇၆ စလေငခွေး။မင်းခွေးချေး။လူရေးပျက်တော့သည်။
၇၇ ကျည်းစိုးညီတွေး။ စုက္ကတေး။ ကိုယ်ရေးကိုယ်ပျက်သည်။
၇၈ ငုံအာချပ်သေး။ကွေးရရွေး။မုလေးလက်တံရှည်။
ဟူ၍မေးခွန်းကောက်နုတ်ချက်ပုဒ်ရေ ၃။

မေးခွန်းကောက်နုတ်ချက်စုစုပုဒ်ပေါင်း၇၈။

———o§§o———

တတိယခန်း။

ဝိသဇ္ဇနာ။

မေးခွန်းကောက်နုတ်ချက်ပါ။ ယသတ်နောက်ပစ်စပ်နည်း၅ပုဒ်တွင်။ပဌမပုဒ်။
ရောင်ခြည်ခြောက်သွယ်။ဘဝဂ်ကယ်။ အံ့ဘွယ်ဆဲ့ ပုဒ်ရင်း။ ရှစ်ဖြာ။ ။ဟူသည်ကား။

သကိံသဗ္ဗညူစသောငါးပါးသော သဗ္ဗညူတို့တွင်အ ဒိန္ဓဏ္ဍ စွမ်းသုံးပါးနှင့်ပြည့်စုံသော။ ညာတသဗ္ဗညူ အဖြစ်သို့ရောက်တော်မူသော မြတ်စွာဘုရားသည်။ ခြောက်ပါးသော ရောင်ခြည်တော်တို့ဖြင့်။ဘဝဂ်ကယ်မျှ ထွန်းလင်းတောက်ပတော်မူသည်။အံ့ဘွယ်ဆဲ့ရှစ်ပါးနှင့်ပြဉ့်စုံတော်မူသည်။ဆိုလိုသဉ်။

ဤနှိုက်။ရောင်ခြည်တော်ခြောက်သွယ်ဟူသဉ်ကား။ အဝယဝတ္ထံ နိလ။ပိတ။ လောဟိတ။ ဩဒါတ။ မညှတ္ထ။ ပဘဿရဟုဆို အပ်သော။အညို။အရွှေ။ အနီ။အဖြူ။ အမောင်း။ ပြိုးပြိုးပြက်

အားဖြင့်ခြောက်ပါးတည်း။ ယင်းခြောံပါးလည်း။အလောင်း တော်သိဒ္ဓတ်မင်း။မဟာသက္ကရာဇ်၆၈ ဂခုနှစ် ဖွါးတော်မူစည်။ မင်းစည်းစိမ်ကို တဆဲ့သုံးနှစ် စံတော်မူစည်။ နှစ်ဆဲ့ကိုးနှစ် တောထွက်တော်မူစည်။ ဒုက္ကစရိယာခြောက်နှစ်ကျင့်တော် မူစည်။သက္ကရာဇ်၁၀၃ခု။ ကဆုန်လပြည့်နေ့။ ဗောဓိမဏ္ဍိုင် သို့ ကပ်တော်မူစည်။ ဗောဓိမဏ္ဍိုင်နှိုက်သုဒ္ဓိယလှူသောသ မန်းမျက်ရှစ်ဆုပ်ကို ဧသန်အရပ်နှိုက်ကြဲဖြန့်တော် မူ၍အပ ရာဇိတပလ္လင်ကိုရတော်မူစည်။ ယင်းပလ္လင်နှိုက်အင်္ဂါလေး ပါးရှိသော ဝိရိယကို ဓိဌာန်တော်မူစည်။ နေမဝင်မှီ မာရ် နတ်သားကို အောင်တော်မူစည်။ ညည့်သုံးယံနှိုက်။ဝိဇ္ဇာသုံး ပါးကို ရတော်မူစည်။ ပဋိစ္စသမုပ္ပါဒ်ကိုဆင်ခြင်တော်မူ၍ဒ သဗလ ညာဏ်စသော ဂုဏ်တော်အပေါင်းတို့ဖြင့် တန်ဆာ ဆင်အပ်သောအာသဝက္ခယညာဏ်။သဗ္ဗညူတညာဏ်ကိုရ တော်မူစည်၊ ခုနှစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စား တော်မူစည်။အနိမ္မိဿသတ္တာဟ။ စက်မသတ္တာဟတို့နှိုက်စံ တော်စည်။ ကိုယ်တော်မှထွက်တော်မမူသေး။ ရတနာဃရ သို့ရောက်တော်မူ၍ အဘိဓမ္မာခုနှစ်ကျမ်းတွင်။ အနန္တနယ ဖြစ်သောသမန္တ ပဌာန်းကျမ်းကိုသုံးသပ်တော်မူသဉ်တွင်မှ။ ထွက်တော် မူကြောင်း။ လက္ခဏာ ရောင်ခြည်တော်။ အသိ တိနိစ္စလဌိတိရောင်ခြည်တော်။အနန္တဒီသာဖရဏရောင်ခြည် တော်စသည်ဖြင့် လောကဝေတ်အလုံး ထွန်းလင်းတောက်ပ ကြောင်းများကို။အဌသာလိနီအဌကထာ။ သုတ်သီလက္ခန်အ ဌကထာ။ သုတ္တနိပါတ်အဌကထာ။ သုတ်ပါထေယအဌက ထာ။မဇ္ဇိမပဏ္ဏာသအဌကထာ။ သဋ္ဌာယတနသံယုတ် အဌ ကထာ။ဇိနာလင်္ကာရဋီကာစသောကျမ်းဂန်။ ရှေးရှေးသော ဆရာကြီးတို့အဆုံးအဖြတ်များတွင်လာသည်။

ကပ်သကွေးတဲ့ပဲနို့။

ဘဝဂ်ဟူသည်။ ဝေဟပ္ပလာ အကနိဋ္ဌဘုံနေဝ သညာ နာသညာယတနဘုံ့ ဘုမေတယောဒေဝလောကာ သေဋ္ဌဘဝါ နာမဟူသော။ သမောဓာနကထာကိုထောက်၍။ သေဋ္ဌဘဝ အရင်း။ ယင်းသေဋ္ဌဘဝကို။ တေနဝဘဝသိသာနိတိ ဂဟိ တာဟူသော။မူလဋီကာပါဠိကိုထောက်၍ ဘဝသိသ။ယင်း ဘဝသိသကို။ ဘဝသိသာနိတိဘဝဂ္ဂါနိဟု။ အဋ္ဌကထာဘွင့် ဆိုသည်နှင့်အညီ။ဘဝဂ္ဂမည်ကြောင်းကိုသိလေ။ ယင်းဘဝဂ္ဂ ကို။ဘဝအာဂဝပဒဿွေဒပြု၍ ဘဝကိုဖြစ်ရာဘုံ။ အဂ္ဂကို အဆုံး အစွန်ဟောမှတ်ပြီးလျှင်။ ဝေဟပ္ဖိုလ်ဘုံကို။ပုထုဇဉ်တို့၏. ဖြစ်ရာအဆုံးဖြစ်၍ပုထုဇနဘဝဂ်။ အကဏိဋ္ဌဘုံကိုအရိယာ တို့၏.ဖြစ်ရာအဆုံးဖြစ်၍အရိယာဘဝဂ်။နေဝသညါနာသညာ ယတနဘုံကိုခပ်သိမ်းသောပုထုဇဉ်အရိယာတို့၏.ဖြစ်ရာအ ဆုံးဖြစ်၍သဗ္ဗဘဝဂ်မည်ကြောင်း။ ပုထုဇဉ်ဘဝဂ်။အရိယ ဘဝဂ်။သဗ္ဗဘဝဂ်ဟူ၍ဘဝဂ်သုံးပါးရှိကြောင်းမျှားကို။

ပုတုဇနဘဝဂ္ဂံ အရိယဘဝဂ္ဂံသဗ္ဗဘဝဂ္ဂန္တိ။ ဝေဟပ္ဖ လာဒိနံသာမညာဟူသောအနုဋီကာ။ ။ပုထုဇနဘဝဂ္ဂံ အရိ ယဘဝဂ္ဂံသဗ္ဗဘဝဂ္ဂန္တိ။ပုထုဇနဘဝဂ်။ အရိယဘဝဂ်။သဗ္ဗ ဘဝဂ်ဟူသည်ကား။ဝေဟပ္ဖလာဒိသု။ ဝေဟပ္ဖိုလ်ဘုံအစရှိ သည်တို့၏။သမညာ။အမည်တို့ဝတည်း။

ပုထုဇနဘဝဂ္ဂါစ။ ဘဝဂ္ဂါအရိယသစ။ တထာ သဗ္ဗဘဝဂ္ဂါစ။ဘဝဂ္ဂါတိဝိဓေါဘဝေ။စသည်ဖြင့်လောက ဒီပကကျမ်းနှိုက်လာသည်။ "ပုထုဇနဘဝဂ္ဂါစ။ပုထုဇည် တို့ဘဝဂ်ငင်း။ အရိယသဘဝဂ္ဂါစ။အဋ္ဌကထာဘဝဂ်ငင်း။တ ထာထိုမှတပါး။ သဗ္ဗဘဝဂ္ဂါစ။ ခပ်သိမ်းသောသူတို့ဘဝဂ် ငင်း။ဣတိ။သို့။ဘဝဂ္ဂါ။ဘဝဂ်သည်၊တိဝိဓေါ။သုံးပါးအပြား ရှိသည်။ဘဝေ။ဖြစ်၏။ ။ယင်းဘဝဂ်သုံးပါးတွင်။ ။ဤအ

ရာနှိုက်။နေဝသညာနာသညာယတနဟူသော။သဋ္ဌဘဝဂ်ကို ဘဝဂ်ဟူ၍ယူလေ။

သတ်ပုံအစပ်တွင်။ကယ်ဟူသေါဝေါဟာရမှါ။ရှင်ဇယန္တာဘိဓဇစီရင်သဉ်။ပေါရာဏကထာစာတမ်းတွင်။ကယ်ဟူသည်ပြည့်လျှမ်း ကဲလွန်သည်ဆိုသည်အရ။ ပြည့်လျှမ်း ကဲလွန်သောဝေါဟာရကို။ကယ်ဆိုသည်မှတ်ရမည်။ ဤနှိုက်။ မြတ်စွာဘုရားရောင်ခြည်တော် ခြောက်ပါးသည် နေဝသညာနာသညာယတနဘုံဖြစ်သော သဋ္ဌဘဝဂ်ကိုပြဉ့် လျှမ်းစေ၍။ ယင်းသဋ္ဌဘဝဂ်ကိုလွှမ်းမိုးပြီးလျှင် ကဲကဲလွန် လွန်တောက်ပ ထွန်းလင်းတော် မူသည် ဟု ယူရမည်။ ထို ကြောင့်။

အထက် မြင့် သွယ်။ မိုးခေါင် ကယ်သား။ နှစ်ဆယ် ဖြဟ္မာ။မြတ်ရာမှာသို့။ မဂ္ဂ စိုးခန်း။ ။ဖြဟ္မာနှစ်ဆယ်။ မိုး ဖျားကယ်လိမ့်။မြင်ကျယ်စေ့ရေ။ ငရဲခန်း။ ။ကောင်းကင် မှောင်ဝယ်။ရောင်နီကယ်သို့။ တင့်တယ်စဟန်။ ဘုံခန်း။ ။ ရောင်ဟုံနွယ်နွယ်။ပြောင်ပြောင်ကယ်မျှ။အဘယ်မိဘုရားတဲ့ နည်း။၎င်း။ ။ပြိုးပြက်ရောင်နွယ်။ ရွှန်းရွှန်းကယ်မျှ။ ဆန်း ကြယ်ခမ်းနား။သုံးဆယ်နှစ်ပါးချီ။ ရှင်မဟာရဌသာရဆိုတံ တားဦးတည် မဂ်လာစေတီ မော်ကွန်း။ ။စွန်းပါနှစ်ဆယ်။ တဆုသွယ်၍။ မြတ်ကယ်ခြောက်သန်း။ မြင့်ရှည်ထွန်းသည်။ ဟတ္ထိပါလ။ ။လက်အောက် ဝဝယ်။ ပညာ ကျယ် သည်။ တောင်ကယ်လက်ျာ။ဆုတောင်းခန်း။ ။ကျေးဇူးများကျယ်။ အမြိုက် ကယ် လျက်။ ရောင် နွယ် ညီးညီး။ ၎င်း။ ။ထုတ် မြောက်ကိရန်း။ သန်းသည် အောက်ဝယ်။ မုတ်ဆိတ်သွယ် လျက်။ထက်ကယ်နတ်သား။ နှစ်ဘက်နားမူ။ ရှုလောသွယ် ဖျူးချီ။ရှင်မဟာသီလဝံသဆို။ရွှေနန်းကြော့ရှင်နန်းတည်မော်

ကွန်း။ ။အညာဆန်ကယ်။ နတ်ရှင်နွယ်လျှင်။ ဆယ်ခုနစ်တန်။ မင်းဆက်လွန်၍။ ကြားပိမ့်ကြက်သရေချီ တံတားဦးတည်မင်္ဂလာ စေတီဘော် မော်ကွန်း။ ။ရောင်ညီ ခြောက်သွယ်။ဘဝင်ကယ်မျှ။ ပြိုင်ဆွယ်မဲ့လျှင်း။ ဂါထာ၆၀။ ။ရဝေနန်းလယ်။တောင်ညာကယ်သား။နတ်နှယ်ရှုံစား။ ဇယဒိသ။ ။သက်တင်ယိုးဆွယ်။လဝန်းကယ်သို့။ မိုးလယ်ခရီး။ ပုဏ္ဍရိက ဆင်တော် မော်ကွန်း။ ။ဘူဇင်္ဂသာ။ ရတ္တာဝင်းပြောင်။တောင်ဏီ့သဖွယ်။လမင်းကယ်သို့။ ရွှေမင်းဘုန်းဆင်တော်မော်ကွန်း။ ။မမျှထင်ဘွယ်။စားစားကယ်မျှ။စမ္ပာယ်စံမွှေ။ပြည်ကြီးလေ့ဖြင့်။ကပိလမော်ကွန်း။ ။ကြယ်များအလယ်။လမင်းကယ်သို့။ကိုးသွယ်လျှံပြောင်။ စံရွှေဘောင်ကို။ ပိလာသနီမော်ကွန်း။ ။ယင်းသည်အစ။ သမတမှ။ငါးရာ့သုံးဆယ်။ခုနစ်ကယ်၍။များကြွယ်ရှစ်သောင်း။စကိုင်းသခင်ဇချင်း။ ။ထောင်ပေါ်ရာကယ်။ နှစ်ဆယ် ထပ်မှု။ တခုစွန်းသစ်။ သက္ကရာဇ်သန့်လွင်။ ဘိုးတော်မယ်ဇေးချင်း။ ။ထက်ဆီမိုးလယ်။ဘဝင်ကယ်လည်း။အလွယ်နှိမ်ချိုး။ ၎င်း။ ။စသောပျိုးကဗျာလက်ာဇချင်းမော်ကွန်းအရပ်ရပ်တို့နှိုက်။ရှေးပညာရှိကပိအကျော်တို့စပ်ဆိုတော်မူကြကုန်သည်။

အံ့ဖွယ်ဆဲ့ရှစ်ဖြာ ဟူသည်ကား။ ပရိတ်ကြီးအာဌာနာဒိယသုတ်တွင်။ ။ဥပေတာဗုဒ္ဓမေ့ဟိ အဌာရသဟိနာယကာ။ဟူသောဂါထာနှိုက်။အဌာရသပုဒ်၏အရ။တဆဲ့ရှစ်ပါးသောဗုဒ္ဓမေ့ကိုပင်အံ့ဖွယ်ဆဲ့ရှစ်ဖြာဟူ၍မှတ်ရမည်။

ယင်းအဌာရသပုဒ်၏အရကို။ သုတ်ပါထေယ အဌကထာသင်္ဂိတိသုတ်အဖွင့်။ ပရိတ်ကြီးဦကာစသော ကျမ်းတို့နှိုက်။ပစ္စုပ္ပာန်။အတိတ်။အနာဂါတ်ကာလသုံးပါးနှိုက်ဖြစ်သောအပဋိဟတ ညာဏ်တော်သုံးပါး။ ကာယဏ်။ဝစီဏ်။မ

နောက်တို့နှိုက်ညာဏပုပ္ပဂ်မ။ ညာဏာနုပရိဝတ္တ ဂုဏ်တော် သုံးပါး။ ဆန္ဒ။ ဝိရိယ။ သတိ။ သမာဓိ။ ပညာ။ ဝိမုတ္တိတို့၏ယုတ် ခြင်းမရှိသောဂုဏ်တော်ခြောက်ပါး။ မြွေးထူးခြင်း။ မြွေးထူးထိုသောစကား။ ချွတ်ရွဲ့ခြင်း။ အဆောတလျင်အမှုကိုပြုခြင်း။ ကြောင့်ကြမဲ့ခြင်း။ မရုံမစမ်းအမှုကိုပြုခြင်းတို့၏။ မရှိခြင်းဟူသောဂုဏ်တော်ခြောက်ပါး။ ယင်းတရားတို့ကိုပေါင်း၍တဆဲ့ ရှစ်ပါးဟုဖွင့်သည်။

အစိန္တေယျဝတ္ထုနှိုက်ကား။ ယင်းအဋ္ဌာရသသရုပ်ကို။ ဝတ်တော်မူသောသက်နိုးတော်သည့်။ ဖွပ်ဆိုးခြင်းနှယ်ခြင်း နှမ်းရိခြင်းမရှိသည်လည်းတပါး။ ၁ ။ဆံတော်သည် တောထွက်တော်မူသောအခါဖြတ်တော်မူသည့်အတိုင်း မတိုမရှည် လက်နှစ်သစ်မျှသာ သက်တော်ပတ်လုံး တည်တော်မူသည်လည်းတပါး။ ၂ ။

ကိုယ် ဝတ် ဒုကုတ် သင်းပိုင် ခါးပန်း အပ် သပိတ် ရေစစ်ခရိုင်ဟူသော ပရိက္ခရာ တော်တို့ကို ဆောင်တော်မူလျှင်။ ကိုယ်တော်နှင့်မထိ လေးသစ်မျှ ခြားသည် လည်းတပါး။ ၃ ။

သပိတ်တော်ကိုဆေးလျှင်။ လက်တော်စင်နှင့်လေ၏။ လက်တော်ကိုဆေးလျှင်သပိတ်တော်စင်နှင့်လေ၏။ ဤလည်းတပါး။ ၄ ။

မုန်ညင်းသီး ခန့်မျှသော ကြွေတ်ထဲသို့ ဝင်တော်မူနှိုင်သည်လည်းတပါး။ ၅ ။

ခြောက်ပါးသောရောင်ခြည်တော်တို့ကို လွှတ်တော်မူသည်ရှိသော် အာရုပ်ဆယ် မျက်နှာ တိုင်အောင် နှံ့နှိုင်သည် လည်းတပါး။ ၆ ။

တန်းခိုးတော်ဖြင့် ဝေနေယျသတ္တဝါသို့လိုက်၍ ကိုယ်တော်ကိုအသိန်းအသန်းဖန်ဆင်းတော်မူသည်လည်းတပါး။ ၇ ။

ဇာတိခေတ် အာဇာခေတ် ဝိသယခေတ်တည်းဟူသောခေတ်သုံးပါးတို့နှိုက်။ အဓိက်တိုက်ကိုလည်း ကောင်း။ အလင်းကိုလည်းကောင်း။ဖန်ဆင်းနိုင်သည်လည်းတပါး။ ၈ ။

ကိုယ်တော်အထက်ကောင်းကင်ဖြင်သို့ရောက်အောင် လဝန်းပေါ်သကဲ့သို့မြင့်တော်မူသည်လည်းတပါး။ ၉ ။

သန့်ရှင်းသောသာ ယာသောသိလွယ်သော နာဖွယ် သောပျံသောလုံးသောနက်နဲသော၀ဲ့တင်ထပ်သောအင်္ဂါရုပ်ပါးနှင့်ပြည့်စုံသောအသံတော်ဖြင့် ဟောတော်မူသောတရားတော်ကို အလုံးစုံသော ပရိသတ်တို့ ကြားနိုင် သည့်လည်းတပါး။ ၁၀ ။

လူနတ်တို့စိတ်ကို သိနိုင်သော အာသယာနုသယ ညာဏ်တော်လည်းတပါး။ ၁၁ ။

ကျွတ်ခဲ့သေါသတ္တဝါတို့ကိုသိတော်မူနိုင်သောမဟာကရုဏာသမာပတ်ညာဏ်တော်လည်းတပါး။ ၁၂ ။

ဤသူကားနက်ဘန် ကျွတ်လတ်ထံ။ ဤသူကား သန်ဘက်ကျွတ်လတ်တံ့။ စသည်ဖြင့်သိနိုင်သော ဇာန်မြှေယပရောပယတို့ညာဏ်တော်သည့်လည်းတပါး။ ၁၃ ။

ယင်းတဆဲ့သုံးပါးနှင့်။ သခ်ါရ။ ဝိကာရ။ လက္ခဏာ။ နိဗ္ဗာန်။ပဥ္ညတ်။ ဤညေယျဓံတရားငါးပါးကို ပေါင်း၍တဆဲ့ရှစ်ပါးဟုလာသည်။

ဤစကားရပ်ဖြင့်။သုတ်ပါထေယအင်္ဂကထာ။ ပရိတ် ဥပဒေသ၊ ကြီးငှိကာစသော ကျမ်းတို့အလို မြတ်စွာဘုရားကို သက်၍ ကြည်ညိုခြင်းနိုက် ရောင်ခြည်တော်ခြောက်ပါး ဖြင့်ဘဝဂ်

ကယ်မျှထွန်းလင်းတောက်ပတော်မူနိုင်သော မြတ်စွာဘုရား၏ ရုပကာယတော်။ တဆဲ့ရှစ်ပါးသောဇုန္ဒမတို့ဖြင့်ပစ္စေက ဇုန္ဒါသာဝကတို့နှင့်မဆက်ဆံသော လွန်ကဲထူးမြတ်သောနာမကာယတော်နှစ်ရပ်ကို ဆင်ခြင်အောက်မေ့ခြင်း ဇုန္ဒာနုသတိကိုအမြဲ နှလုံးသွင်းရမည် ဟူသောဥပဒေသ။ အစိန္တေယျဝတ္ထုအလိုအားဖြင့်၊ အံ့ဖွယ်တဆဲ့ရှစ်ပါးနှင့်ပြဋ္ဌိုးသောမြတ်စွာဘုရားသည်။ ယင်းအံ့ဖွယ်တဆဲ့ရှစ်ပါးအဝင်ရောင်ခြည်တော်ခြောက်ပါးဖြင့် လောကဓာတ်အလုံးကို ဘဝင်ကယ်မျှထွန်းလင်းတောက်ပနိုင်သည်ဖြစ်၍ပစ္စေကဇုန္ဒာသာဝကတို့နှင့်မဆက် ဆံသော ထူးမြတ် လွန်ကဲသော ဂုဏ်တော် အာပေါဒ်းနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ ဂုဏ်တော်ကိုအောက်မေ့ခြင်း ဇုန္ဒာနုသတိကို အမြဲနှလုံးသွင်းရာသည် ဟူသောဥပဒေသမျှားကိုပြသည်ယူရမည်။

ဤမေးခွန်းကောက်နှုတ်ချက်ပါ ပဌမပုဒ်နိုက်။ရောင်ခြည်ခြောက်သွယ်။ဘဝင်ကယ်။အံ့ဘွယ်ဆဲ့ရှစ်ဖြာ။ ဟူသည်သည်ကို မေးခွန်းပုဒ်ရင်း။ သကိုသဗ္ဗညုဂုကို ဆိုလိုသည်တိုင်အောင်သောစကားကို၊ပုဒ်ရင်း၏ပဏ္ဍာယ်။ ဤနိုက်ကကို၊ တဆဲ့ရှစ်ပါးဟုလာသည်တိုင်အောင်စကားရပ်တို့ကိုပုဒ်ရင်း၏အဝယဝတ္ထု။ ဤစကားရပ်ဖြင့်ကကို ဥပဒေသကိုပြသည်ယူရမည်တိုင်အောင်သောစကားရပ်ကိုဥပဒေသဟု၊ပုဒ်ရင်း၊ ပိဏ္ဍာယ်။အဝယဝတ္ထု။ဥပဒေသ။ လေးပါးသောအချက်အဆစ်များကိုခွဲချမ်း၍သိလေ။နောက်နောက်သောပုဒ်တို့နိုက်လည်း၊ ဤပဌမပုဒ်နှင့်အတူ။ပုဒ်ရင်း။ပိဏ္ဍာယ်။ အဝယဝတ္ထု။ဥပဒေသများကိုချားနားအောင်နှလုံးမူ၍မှတ်ကြစေကုန်သတည်း။

———— ÷ ‡o‡ ÷ ————

ဧမေးခွန်းကောက်နုတ်ချက်ပါ။ ယသတ်နောက်ပစ်စပ်နည်း ၅ ပုဒ်တွင်နုတ်ယပုဒ်။

မင်းဆက်ငါးသွယ်။ရှင်ဘိုမယ်။ နန်းလယ်တင်သည် ပုဒ်ရင်း။ သာ။ ။ဟူသည်ကား။

ဘုရင်မင်းခေါင်သားတော်သီဟသူ။ မင်းတုငယ်။က ဒဋ္ဌဆ်လေးကျေးတောင်ညို။ဗိုးညွှင်းမင်းတရား။ ထိုမင်းငါးဆက်တို့သည်မိဘုရားဖြောက်သောရှင်ဘိုမယ်ဆိုလိုသည်။

.ဤနှိုက်။ ဘိုမယ်ဟူသည်ကား။ ရတနာပူရအဝတွင်။ အဝယဝဖွဲ့မင်းကြီးစွာစောကဲ့ နှမတော် စောမြတ်နှင့်။ သင့်တင့် သောသိဃ်သူစောနှောင်းသား သိခိသူငယ်သမီးတည်း။ မင်းငါးဦးတို့မိဘုရား ဖြောက်ကြောင်းကား။ သင်္ကရာဇ်ခုနစ် ရာခြောက်ဆဲ့သုံးခုတွင်။ဘုရင်မင်းခေါင်မိဘုရားဖြောက်တော်မူ၏။ ။ သင်္ကရာဇ်ခုနစ်ရာ ရှစ်ဆဲ့သုံးခုတွင်။ သားတော်အိမ်ရှေ့မင်းသီဟသူသည်။ သီဟသူရမဟာဓမ္မရာဇာဟူသောတံဆိပ်ကို ခံတော်မူ၍။ ခမည်းတော်မိဘုရားစောဘိုမယ်ကိုလည်း။ နန်းတင်တော်မူ၏။ ။ ။သင်္ကရာဇ်ခုနစ်ရာရှစ်ဆဲ့ခုနစ်ခု။တော်သလင်းလတွင်။တန်းဆောင်းမိဘုရားသါးတော်မင်းလှငယ်မင်းပြုတော်မူ၏။ မိဘုရားဘိုမယ်လည်း အထက်ကပင်ကလေးကျေးတောင်ညို့နှင့်ရည်းငံရင်းရှိသည်ဖြစ်၍အလျှင်ချီခဲ့ဟုစေခိုင်းလေ၏။ကလေးကျေးတောင်ညိုလည်း ဆင်လုံးမြင်းရင်းစီရင်၍အလျှင်ချီခဲ့၏။တန်းဆောင်မှုန်းလရေဝံလျှင် မင်းလှငယ်ကိုဆေးဖြင့်အန္တရာယ်ပြု၍ကလေးကျေးတောင်ညိုကိုနန်းတင်လေ၏။သင်္ကရာဇ်ခုနစ်ရာရှစ်ဆဲ့ခုနစ်ခုနှစ်တော်လတွင်။ကလေးကျေးတောင်ညိုနန်းတက်သည်။ တပေါင်းလဗိုးညွှင်းမင်း

တရားရေအားကြည်းအား မိုးညှင်းကျိတော်မူသည်။ ယင်း သောအခါဘယကာမကိုလျော်သင့်မှာ။သည်တွင်ခံသော် လည်းမခံနိုင်ရာ။ရခိုင်သို့ကျိတော်မူ၍ ရခိုင်မင်းကိုဘယ်ပြီးမှ။ ရခိုင်အားနှင့် လုပ်ကြံတော် မူမှသင့်မည် လျော်သည်ကို ကြိုက်တော်မူ၍ ဘယကာမကိုကို ရွှေတည်စေပြီးလျှင်။အာ လုံးအာရင်းဆင်မြင်နှင့်တကွ။ မိဘုရားဘိုမယ်ကိုယူ၍ မြို့က တွက်ပြေးလေ၏။ တရုပ်မြို့သို့ပျောက်မှရွှေထွဋ်ကားစီး၍စုန် လျှင်စလင်းမြို့သို့ရောံလေ၏။ ယင်းကမှရခိုင်သို့တက်တော် မူသည်။မရောက်ခင်။ပဲလွန်တောင်သို့ရောက်လျှင်။ချက်ပြုတ် နာ၍အနီစွန်ရောက်တော်မူ၏။ ။မိဘုရားဘိုမယ်လည်းရခိုင်သို့ မဝင်ပြီ။ တလိုင်းပြည်သို့ဝင်တော့မည် မိန့်တော်မူသည်ကို။ ဘယကာမကိုက။ရာဇာဘိသေကခံသောမိဘုရားကို နောက် ဆက်၍ပြုသောမင်းတို့သည် မရှုတ်ချဘူးလေ။ သည်တွင်ပင် ပြည်ထဲအရေးကိုမြော်တင်း၍ နေတော်မူသင့်သည်လျှောက် သည်။မနှီးစက်တော်ရာတွင်တပ်ဘည်၍နေတော်မူသည်။

မိုးညှင်းမင်းတရားလည်းသတ္တရာဇာခန့်ရာဂျာစံဆဲ့ရှစ် ချ။နယုန်လတွင်။ ရွှေထီးရွှေနန်းကိုအုပ်စိုးတော်မူသည်။ မိဘု ရားဘိုမယ်နှင့်ဘယကာမကိုလည်း။ စကုအနောက်မန်းစက် တော်ရာမှာ။အလုံးအရင်းနှင့်နေလေသည်ကို။ သားတော်နှင့် ရထာ။တူတော်သီရိဇေယသူတို့ အလုံးအရင်းနှင့်ယူလေ၏။။ ရောက်လျှင်။မိဘုရားဘိုမယ်ကိုဝေါနှင့်ယူခဲ့သည်။ ဘယကာ မကိုကိုလည်း။သံခြေချင်းနှင့်ဆောင်ယူခဲ့သည်။ စကုဆိပ်သို့ ရောက်လျှင်။ရှင်ဘိုမယ်ကို ရွှေလွှေနှင့်ဆောင်ယူ ခဲ့သည်။မိုး ညှင်းမင်းတရားလည်း။ ကြွနှင့်သည်။ ရွာသစ်ကြီးသို့ရောက် တော်မူလျှင်။ဧတ္တတော်မူ၍ဒဘုရားရှင်ဘိုမယ်။ကိုယ်တော်မ ကျန်းသည်ကို။ စမ်းသပ်မေး တော်မူသည်။ မိဘုရားဘိုမယ်

လည်း၊ ကျွန်စေါ်နဲ့သည်ဟူ၍ဆိုသည်။ အဝတ်ဖို့ရောက်လျှင်နှန်း တွင်းတွင်းသာယာစွာ အိမ်ဆောက်၍ မိဘုရားအဖြစ် နှင့်နေ တော်မူရသည်ဟူ၍ရာဇဝင်တော်နဝမတွဲတွင်ဆိုသည်။

မိဘုရားဘို့မယ်ကို၊ မင်းငါးဆက်မိဘုရားအရာနှင့်နှန်း ထားကြောင်းကိုသာ သတ်ပုံအစပ်တွင်ပါသည်။ ဘိသိက်ခံ ကြောင်းကိုမပါ။ရာဇဝင်မျှားတွင်။ ကျေးတောင်ညီမင်းနှင့်မိ ဘုရားဘို့မယ်တို့ မင်းပြုလျှင်။ ဖိုးညွှင်း မင်းတရား ရေအား ကြဉ်းအားချိုတော်မူလာ၍ကျေးတောင်ညီမင်းမခုမခံနိုင်သည် နှင့်ရခိုင်မြို့သို့ကျေးတောင်ညီမင်းဘို့မယ်နှင့်တကွ၌သွားရာ။ ပဲလွန်တောင်အရပ်တွင် အနိစ္စရောက်သည်နောက်။ မိဘုရား ဘို့မယ်သည်းရခိုင်သို့မဝင်လို၍တလိုင်းပြဉ်သို့ဝင်မည်ရှိသည် တွင်။ဘိသိက်ခံသောမိဘုရားကိုနောက်မင်းတို့သည်ရှုတ်ချမြဲ မရှိ။သည်တွင်ပင်ငံ့လင့်နေသင့်ကြောင်းနှင့် ဘယကာမကို လျှောက်သည်ဟုထွက်ရှိသည် ကိုထောက်သဖြင့်။ မိဘုရား ဘို့မယ်ဘိသိက်ခံမိဘုရားဖြစ်ကြောင်းကိုသိသာသည်။

သုရစိဇာတ်နိုက်။ သုရစိမင်းနှင့်သုမေဓာမိဘုရား။ဥဒ ယဘဒ္ဒဇာတ်နိုက်။ဥဒယမင်းနှင့်ဥဒယဘဒ္ဒမိဘုရား။သမ္မာ။လ ဇာတ်နိုက်။သောတ္ထိသေနမင်းနှင့်သမ္မာ။လမိဘုရား။ဝေသန္တရာ ဇာတ်သိရိမာယာဝတ္ထု၊များနိုက်။ဇာလိမင်းနှင့်။ကဏ္ဍာဇိနမိ ဘုရား။ရာမပဏ္ဍိတဇာတ်နိုက်။ရာမမင်းနှင့်သီတာမိဘုရားတို့ အတူရာဇာဘိသေကခံသည်ဟုလာသည်ကိုထောက်၍။ မင်း မိဘုရားအတူဘိသိက်ခံသည်ကျမ်းဂန်ထုံးစံ။ပသေနဒိကော သလမင်းဖွားဦးစွာ ဘိသိက်ခံပြီးမှ။ မဇ္ဈိကာမိဘုရားကိုအ ဘိသိက်သွန်း၍မိဘုရားမြောက်သည်ဟုလာသည်ကိုထောက် ၍မင်းနှင့်မိဘုရားအသီးအသီးအဘိသိက်ခံသည် ကျမ်းဂန်ထုံး စံများကိုထောက်၍မင်းနှင့်အတူဘိသိက်ခံသည်ဖြစ်စေ။မင်း

နှင့်အသီးအချားအဘိသိက်ခံသည်ဖြစ်စေ။အဘိသိက်ခံသော မိဘုရားဖြစ်က။မဟေသီမည်ကြောင်းကို။

မဟေသီသာဘိသေကာဟူသော မာဂဓအဘိဓာန်စာ ကိုယ်။ ။သာဘိသေကာလဒ္ဓါဘိသေကာရာဇိတ္တိမဟေသီ နာမ။ဟူသောဂုင်းဦကာတို့နှိုက်လာသည်ကိုထောက်၍သိရာ သည်။ မဟေသီဟူသောပုဒ်ကို။ မဟပူဇာယံကမ္မနိဋ္ဌသော။ ဋ္ဌာသေ။သတောဤ။ ဟူ၍အဘိဓာန်ဦကာနှိုက်ဘွင့်ရကား။မ ဟိယတေပူဇိယတေ တိတိမဟေသီဝစနတ္ထပြု၍ ပူဇော်ခြင်း အနက်ကိုဟောသော မဟသဒ္ဒါနောင် ကံအနက်နှိုက် ဋ္ဌာသ ပစ္စည်းသက်ဋ္ဌာကို ပြေုဟကိုသို့ကပ်၍ သနောင် ဤပစ္စည်း သက်ပြီးလျှင်။သကိုဤသို့ကပ်၍မဟေသီပုဒ်ပြီးသည်ဟုမှတ် လေ။

တနည်း။ မဟတိယောရာဇိတ္တိယောဤသတိအဘိဘ ဝတိတိမဟေသီ။ဤသဋ္ဌာသရေဟုဂုင်းဦကာဖွင့်ရကား။မဟ ပူဗ္ဗဤသဓာတ်။ယင်းဤသဓာတ်သည်အစိုးရခြင်းအနက်ကို ဟောသော ဋ္ဌာသရိယဝါစက ဤသဓာတ်နောင် ဤပစ္စည်း သက်၍မဟေသီပုဒ်ပြီးသည်မှတ်လေ။

ယင်းနှစ်ဝိကပ်ကိုထောက်၍။ မင်းနှင့် အတူဖြစ်စေ။ အသီးအချားဖြစ်စေ။အဘိသိက်သွန်းခံအပ်ပြီးသောမိဘုရား သည်ပူဇော်အပ်သောများစွာသော မင်းမိန်းမ အပေါင်းကို အစိုးရသော အဖြစ်သို့ ရောက်သဖြင့်မဟေသီ မည်ကြောင်း ကိုလိလေ။

ဤမေးခွန်းကောက်နုတ်ချက်ပါ ဒုတိယပုဒ်သတ်ပုံအ စပ်တွင်။ဘိသိက်ခံစကားကိုထည့်သွင်း၍ဖြေဆိုလိုက်သည် မှာ။သောတာဝဓါနေပညာသုတမယေညာဏံ။ ဟုပဋိသန္ဘီ ဒါမဂ်နှိုက်ရှင်သာရိပုတ္တရာ ဟောတော်မူသည်ကို ထောက်

၍။သုတမယညာဏ်ဖြစ်စေခြင်း အကျိုးငှာထည့်သွင်း၍ရေး
လိုက်သည်။

၍စကားရပ်ဖြင့်။ရှေးရှေးသောမင်းတို့၏ပိဘုရားကို
နောက်နောက်သောမင်းတို့သည်မြတ်နိုးတော်မူက။ ပိဘုရား
မြောက်သင့်မြောက်ထိုက်သည်ဟူသောဥပဒေသ။ပိန်းမတို့
မည်သည်လောကီ စည်းစိမ် တို့တွင် အထွတ်အထိပ် ဖြစ်
သောရွှေနန်းစည်းစိမ်ထက်သို့ပင် တင်ထားလင့် ကစား မ
စောင့်မရှောက်အခွင့် ရသည်ရှိသော်။ ဖေါက်ပြန်ပြုကျင့်မြဲ
ဖြစ်သည်ကို မပြတ်နှုလုံးသွင်းရာ သည်ဟူသော ဥပဒေသ။
ဖေါက်ပြန်ပြုကျင့် တတ်သောပိန်းမတို့ကို မြတ်နိုးတနာပြု၍
အလိုသို့လိုက်လျှင်။ မချွတ်မယွင်းပျက် စီးခြင်းသို့ရောက်ရာ
သည်ဖြစ်၍ ပိန်းမ၏ အလိုသို့မလိုက်ရာ ဟူသော ဥပဒေသ
များကိုပြသည်ယူရမည်။

———o§§o———

မေးခွန်းကောက်နုတ်ချက်ပါ။ ယသတ်နောက်ပစ်စပ်
နည်း၅ပုဒ်တွင်။တတိယပုဒ်။

မင်းပရိယာယ်။ငတင့်တယ်။ နားဝယ်မလည်ရှာ။ဟူ ပုဒ်ရင်း။
သည်ကား။

မင်းပရိယာယ်ကိုနားမလည်သောငတင့်ဝယ်ဟူလို ဒဏ္ဍာထွ
သည်။

ဤနှိုက်။ ငတင့်တယ်ဟူသည်ကား။ တကောင်းပြည့် အဝယဝတ္ထု
ပန်ပဲငတင့်တော်သားတည်း။မင်းပရိယာယ်ကို။ နားမလည်
သည်ဟူရာနှိုက်။နားမလည်ကြောင်းကား။ငတင့်တယ်သည်

စွမ်းပကားနှန်အား ကြီးသည်။ ဆင်ဖြောင် စွယ်ကိုစင်လျက် နှုတ်ချီး နိုင်သည်ဟု။ အလွန် ကျော်စောထင်ရား သဖြင့်တာ ကောင်း မင်းကြီးက။ စည်စိမ်ကိုလုယူအံ့သူဟု ရှိရှာသော ကြောင့်လိုက်လံ ဖမ်းဆီးသတ်ညှစ်စေရာ။ အသက်ဘေးကို ကြောက်လတ်ရကား။ ဝေးစွာသောအရပ်သို့ ရှောင်ထွက်၍ တခုသောတောအုပ်နိုက်နေလေ၏။ မင်းကြီးလည်းနှလုံးမချ ဝဲ။အလွန်သိနိုင်ခဲသောမင်းတို့ပရိယာယ်ဖြင့်။ ငတင့်တယ်နှ မကိုမိဘုရားမြောက်ပြီးလျှင်။ ကာလရှည်လျားလတ်သော် ငတင့်တယ်သည်။ ဒုနှစ်အားဗလနှင့် ပြည့်စုံသူဖြစ်၍ မြို့ကွပ် ခန့်တော်မူမည်အလျင်ခေါ်ဟု စေတော်မူသည်ကို။ မိဘုရား လည်းယုံကြည်၍ခေါ်လေ၏။။ငတင့်တယ်လည်း နှမကိုမိဘု ရားမြောက်လေပြီဖြစ်သော့ကြောင့် အဖြစ်မဲ့ထင်မှတ်၍ခေါ် တိုင်းလိုက်လာ၏။ရောက်လျှင်။စကားပင်မှာချည်၍ဖိုချင့်ထိုး လတ်သော်။ မိဘုရားလည်း ငကြောင့် ငမောင် သေရပလေ သည်ဟုမီးတွင်ဆင်းသည်ကို။ မင်းကြီးလက်ဖြင့် ဆံထုံးကို ဆွဲ၍ခေါင်းမျက်နှာကိုသာရထိုက်သဖြင့် ကိုယ်ကျမ်းလောင် လေသည်နှင့်။ယင်းမိဘုရားမောင်နှမနှစ်ယောက်လုံးပင်မင်း ကြီးပရိယာယ်ကို။ နားမလည်၍သေဆုံးရသည်။ ယင်းမိဘု ရားမောင်နှမတို့သေဆုံးရာနှုတ်မောင်နှမဖြစ်၍ချည်ထားရင်း စကားပင်တွင် မှီနေလတ်သဖြင့်။ စကားပင်၏အနီးသို့လာ ရောက်ချဉ်းကပ်ထွာသောလူကျွးနွားဆင်မြင်းစသည်တို့ကို။ ဖမ်းစားသေဆုံးဖန်များသဖြင့်စကားပင်ကို အမြစ်ကတူး၍ ဇရာဝတီမြစ်သို့ ပြောလိုက်ရာ။ ပုဂံမြို့သို့ရောက်လေ၍။နှုတ် မောင်နှမရုပ်ထုလုပ်ပြီးလျှင်။ ပုပ္ပါးတောင်မှာထား၍ မင်းမှူး မတ်စသောပြည်သူ အပေါင်းတို့သည် တနှစ်တကြိမ်ဖူးမြင် ကြရသည်ဟု။ရာဇဝင်တော်တတိယတွဲတွင်ဆိုသည်။

သက္ကရာဇ်၁၁၁၉ ခုဘွား။ကျည်းကန်ရှင်ကြီးနန္တဇေ
ရေးသည်။၁၁၅၈ခုနှစ်စာပြီး။ စွယ်စုံကျော်ထင် သတ်ပုံည
သတ်ပုစ္ဆာတွင်။ ။တောင့်တယ်မည်။ပန်းပဲသည်။ပြစ်ချည်
ဘဲ့ကြောင့် သေသနည်းဟု။စပ်ဆိုသည်။ ။ပုဂံပြည်နှိုက်စ
ကားပင်ကိုနတ်မောင်နှမရုပ်ထု၍ပုပ္ပါးတောင်မှာထားသော
မင်းကား။ ပိုက်သေည်လည်မင်းသားတော်။ ရွာရတဆဲ့ကိုး
ရွာကိုဖျက်၍လော်ကနန္ဒါအရပ်တွင်။သီရိပစ္စယာမြို့ကိုတဉ်
သောသက္ကရာဇ် ၂၆၆ခု တွင်မင်းဖြစ်တော်မူသော သေည်
လည်ကြောင်းမင်းတည်း။ ။သေည်လည်ကြောင်မင်းခေါ်
ဝေါ်သည်မှာ။မင်းသားလက်ထက်။သေည်လည်ကြောင်ရွာ
ကိုစားရသောကြောင့်ရွာအမည်တွင်သည်ဟု အမြဲယူမှတ်
ရမည်။ ။ထိုသေည်လဉ်ကြောင်ရွာကား။တောင်တွင်းကြီး
မြို့မအနောက်မြောက်ယွန်းတွင်ရှိသည်။ယခုအခါအိမ်ခြေလူ
နေမရှိဘုရားပုထိုးဟောင်းကျောင်းရာဟောင်း ရွာဆိုးကုန်း
ဖုန်းဆိုးတောမျှသာရှိသည်။ ။ထိုသေည်လည်ကြောင်းမင်း
လက်ထက်ကစ၍ ပုပ္ပါးတောင်နတ်မောင်နှမကို။ ပုဂံမြို့ပတ်
လည်။ ထက်ဝန်းကျင်မြို့ကျေးရွါမျါးကကျွဲဖြူ။နွားဖြူ။ဆိတ်
ဖြူ။သေအရက်များနှင့် အကြီးအကျယ်နတ်တော်လပူဇော်
မြဲဖြစ်ကြောင်း။ပူဇော်သည်ကာလ။ နတ်မောင်နှမလဉ်းဝမ်း
မြောက်ဝမ်းသာစကားပြောဟောကြောင်းများကို။ ပုဂံရာဇ
ဝင်။ရွှေစည်းခုံသရိုင်းများတွင်ဆိုသည်။ယင်းသို့မိစ္ဆာဝါဒအ
ပါယဂမနိယဖြစ်သောနတ်ပူဇော်ပွဲသဘင်စည်ထွန်းဖြစ်ပွါး
သဖြင့်။ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက်။ သက္ကရာဇ်
၉၁၇ခုတွင်။ ၃၇လံဘောင်တော်နှင့် မြစ်ကြောင်းဆန်တက်
တော်မူရာ။ယင်းပွဲသဘင်အကြီးအကျယ် ပူဇော်ပြုလုပ်သဉ်
နှင့်ကြိမ်ကြိုက်၍။အပါယ်လေးပါးလားကြောင်းမကောင်းမှု

ဖြစ်သည်။နောင်သည်ကဲ့သို့မဖြစ်စေရ။ နိုင်နင်းအောင်တား
မြစ်တော်မူကြောင်းမျှားကို။ လောကမာရ်အောင် ဒါယကာ
တနက်နွေမင်းတရား လက်ထက် ရေးသည့်မဟာ ရာဇဝင်။
သက္ကရာဇ်၉၉၀တွင်။သမ္မုဒ္ဓဝံသမထေရ်စိရင်သည်။အနန္တ
ဇိနာလင်္ကာရကျမ်းများတွင်ဆိုသည်။ ။ဤနိုက်သေဉ်လည်
ကြောင်း မင်းအ ကြောင်း အရာ။ နတ် မောင်နှမ အကြောင်းပုတ္တိ။
နတ်ပူဇော်သောအခမ်းအနား။ ပူဇော်သောလ။ နတ်ပွဲမဖြစ်
စေရတားမြစ်သည့်စကားရပ်များကို။ စကားရင်းတွင်မပါ
သော်လည်း။သုတေသန။သုတသန္နိဿယဖြစ်သူတို့အကျိုးငှါ၊
အလျည်းသင့်၍ရေးထိုက်သည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ရေမြေသေဉ်နင်း မင်းတို့ဟူသည့်အလို
တော်မပြဉ်ကာ။စိတ်ချတော်မမူပဲ။အထူးထူးသေါပရိယာယ်
တို့ဖြင့်အလိုတော်မပြည့်ဖြဉ်ကြောင်း အမြဲကြိုစဉ်တော်မူရာ
သဉ်ဟူသောဥပဒေသ။မင်းမှူးမင်းမတ်မင်းချင်း ယောကျ်ား
စသော ပြည်သူ ဆင်း ရဲ သား တို့ သည့် လည်း။ ၎ကရာဇ်
မင်းမြတ်တို့ကြိုစည့်တော် မူအပ်သောအထူးထူး သောမင်း
၏.ပရိယာယ်ကိုအလွန်သိနိုင်ခဲသည်ဟုကျေးဇူးသစ္စာတော်
မြတ်ကို။စောင့်သိရိုသေစွာဖြောင့်ဖြောင့်ရိုးရိုး ထမ်းဆောင်
ရာသည်ဟူသောဥပဒေသများကိုပြသည်ယူရမည်။

———— ÷ ‡o‡ ÷ ————

မေးခွန်းကောက်နုတ်ချက်ပါ။ ယသတ်နောက်ပစ်စပ်
ခနည်း၅ပုဒ်တွင်စတုဏ္ဏပုဒ်။

ပုဒ်ရင်း။ ရတ္နာ.ဖွယ်။အာသွယ်သွယ်။ခြောက်ဆယ်ကိုရိယာ။ ။
ဟူသည်ကား။

ရတုကဗျာစပ်ဆိုစီကုံးရာနှိုက်။အဆုံးချသတ်ရမည် ပိဏ္ဍတ္ထ။
ကိရိယာပေါင်းခြောက်ဆယ်ရှိသည်ဆိုလိုသည်။

၅၂ နှိုက်။ရတုချဖွယ်ကိရိယာကို။ရှေးပညာရှိကပိသူ အဝယဝတ္ထ
မြတ်တို့ စပ်ဆိုထုံးများကို ထောက်၍မှတ်သားရ မည်ဖြစ်
သောကြောင့်။ရှင်မဟာသီလဝံသ။ ရှင်မဟာရဌသာရ။ဝန်
တောင်လည် ဘုန်းကြီး။ ရှင်တေဇောသာရ စသောရဟန်း
ပညာရှိ။နတ်ရှင်နောင်။ဇင်းမယ်ဘုရင်။ ပြဉ်သတိုးဓမ္မရာဇာ
စသောမင်းပညာရှိ။ မင်းရဲနရာ။မင်းသား သခ်ဒတ္တစသော
မင်းသားပညာရှိ။ ဇင်းမယ်မိဘုရား။ ပဲကူးမိဘုရား။ပြည်မိ
ဘုရား။တန်ဆောင်း မိဘုရားစသော မိဘုရားပညာရှိ။ ခင်မ
ထွေး။ဟံသာဝတီဆင်ဖြူ။ရှင်ကိုယ်လုပ်တော်ထွေးလှ။ရဝေ
ရှင်ထွေး။စောမင်းနှစ်။ရှင်ထွေးနာသိမ်။နန်းတွင်းမိည်။ ၎င်းမိ
ဖြူ။စသောမိန်းမပညာရှိ။ နဝဒေး။ ရှင်အုန်းညို။ ပယ်သူငယ်
စား။ရှင်သူရဲ။ ရခိုင်ဥက္ကာပျံ။နန္ဒသူရိယ။ သုံးထောင်မှူး။ရန်
အောင်။ပဲကူးရာဇသကြီး။ဇင်းမယ်အက်ုရ။ ကိုးခေါင်မှူး။မ
ကွေးတရာစား။ကန်တူးပေါက်လှေမှူး။မခေါစား။ရှင်မြေလူး။
တလုပ်မြို့စားသခ်ယာ။သရေခေတ္တရာမြင်းခေါင်း။ ပြည်ရန်
နိုင်မှူး။စကိုင်းလက်ရွေးကြီးမှူး။ပြည်အငြိမ့်သင်းလှေမှူး။ဆီး
ကိုင်းစား။ ရှင်ရဲဘော်။ ဝါးရင်းတုတ်စား မင်းကြီးညို။ နန္ဒ
ကျော်သူ။ရှင်သံခို။ဇေယရန္တမိတ်။နန္ဒကျော်ထင်။ ရှင်ရဲထင်။
ရာဇဗာဟု။ပုဏ္ဏားငကျော်။ရာဇသူရိယ။ မြင်းခွာစားမင်းရာ
ဇာ။ပဒေသရာဇာစသော မှူးမတ်ပညာရှိတို့စပ်ဆိုရေးသား
ကြသဉ်ရတုများကို။ ကြဉ်ရှုကောက်နုတ်ရာ။ရတုချဖွယ်ကိ
ရိယါခြောက်ဆယ်ရှိသည်။ကပိကဏ္ဍပါသကျမ်းတွင်လဉ်း
ကိရိယာခြောက်ဆယ်ကိုလက်ာနှင့်စပ်ဆိုလျက်ရှိသည်။

ကိရိယာဟူသည်။ မာဂဓဘာသာကိရိယာ။ မြန်မာဘာသာကိရိယာ။အားဖြင့်နှစ်ပါးတည်း။ မာဂဓဘာသာကိရိယာမှာ။တိအန္တိအစရှိသောအာချာတ်ပိဘတ်။တအန္တစသောကိတ်ပစ္စည်း အဆုံးရှိသော ဂစ္ဆတိဂစ္ဆန္တိ ကတံကတောစသည်ဖြင့် အာချာတ် ကိရိယာ။ ကိတ်ကိ ရိယာ။ ကံဟောကတ္တားဟောစသည်ဖြင့်ကျမ်းဂန်ထွက်ရှိသေ၁်လည်း။၍်အန္တိက်။ မာဂဓဘာသာ ကိရိယာကိုမလို။ မြန်မာဘာသာကိရိယာကိုပြသောအရာဖြစ်၍အကျယ်မရေးပြီး။

မြန်မာဘာသာကိရိယာမှာ။ ယခင်ဆို ခဲ့ပြီးသည့်အတိုင်းခြောက်ဆယ် ကောက်နှုတ်ထွက်ရှိသည်ကို ရှေးဆရာကြီးတို့ဂရုပဒေသ။နယူပဒေသ။ နယဂ္ဂါဟ်ဖြစ်၍ စပ်ထုံးစပ်နည်းနှင့်တကွ။ သိမှတ်လိမ်မာစေခြင်းငှာ။ အမြွက်မျှပြဆိုပေအံ့။

မည္ဇ္ဈ။ဘုန်းတော်။ ပွင့်ချိန်မြေ်သည်။ ဗုန်းမေ်ခေါင်ထိ။တုမရှိသည်။ကဝိကဝေ။စောမြ့တော။ ။နှစ်တွေလက််ာ။ ကျမ်းနှိုက်လာသား။နည်းနာနယ။ ဝိတ္တာရဖြင့်။ သုံးတန်ဆင့်၍။ပွင့်သည်ကဗျာ။ကရိယာတွင်။သမာသေနှ။ မှလမင္ဂ္ဂေ။ကို်သာပေတည့်။ သံခြေပျုံညှင်း။ ကျနုပ်ခင်းဝိမ့်။ လျှင်လျှင်းမှကား။ဝယ်သားတမင့်။ချိမ့်ဖြင့်တွင်ဇ္ဈ်။ဝိမ့်တ္ဒ်မည့်အံ့။လောတုံမံ့တည့်။သေ်ခံ့ဘူးသော။ မှုလောရကား။ မှုအားမှက။ လိမ့်စွ တမ့်လည်း။ တိတည်းချည်းဟု။ ခဲ့နည်း နှိုက်လျက်။ ကြောင့်ထက်ရှိသည်။စမ့်သည်စိမ့်နှင့်။ တုံးလိမ့်တည့်တော့။ ကားလော့ဇွဲသို့။ မျှတို့ဌာဂ်ှင့်။ တမုံ့နှင့်ကို။ ဂ်ှင်ပင့်ညာဏ်တော်။ထွန်းပေါ်ကျယ်ခဲ့။ ဂ်ှည်ခဲ့တတ်တော်မှုဘုရား။ ။၍်ကား ကဝိကဏ္ဌပါသကျမ်းလာ ကိရိယာခြောက်ဆယ်သရုပ်တည်း။

စွယ်ရုံကျော်ထင်။ ယသတ်နောက်ပစ် နှစ်ချက်သင့်ပုစ္ဆာတွင်။ ။ကိရိယာခြောက်ဆယ်။ အသွယ်သွယ်။ အဘယ်ကျမ်းကထွက်သနည်းဟုစပ်ဆိုသည်။

၏ကဝိကဏ္ဍပါသ လက်ာအရ။ ခြောက်ဆယ်ကိရိယာ၏ဝသဒ္ဒါသရုပ်ကို ရှေးဦးစွာမှတ်သားသိလင့်ပြီးမှ။လျှင်ဟူသော ကရိယာဖြင့် စပ်ဆိုထုံးကား။ ။ဝင်္ဂပါလျှင်ချီပဲ ကူးမိဘုရားဆိုရတုတွင်။ ဘုရားမြတ်စောရာမလျှင်။ ဟုစပ်ဆိုသည်။ ။လျှင်းဟူသောကိရိယာ၏စပ်ဆိုထုံးကား။ ။ပဒေဆရာဇာဆို ယိုးဒယားသံရောက် ပျို့တွင်။ ။ဆထက်ထူးပြား။ပေးသနားသည့်။ ။လားလားအခင်းမပြေလျှင်းဟုစပ်ဆိုသည်။ ။မူကားဟူသောကရိယာ၏စပ်ဆိုထုံးကား။ ရည်းသံလေး၍ ချီရှင်မဟာ သီလဝံသဆို ရတုတွင်။ ပစ်ခွါထွေရဘိမူကား။ဟုစပ်ဆိုသည်။ ။ဤသို့စသည်ဖြင့်။ဝယ်ကိရိယာ၏စပ်ဆိုထုံး။ သားကိရိယာ၏စပ်ဆိုထုံး။ တမင့်ကိရိယာ၏စပ်ဆိုထုံး။ချိမ့်ကိရိယာ။ဖြင့်ကရိယာ။တွင်ကိရိယာ။ ၏ကိရိယာ။ ပိမ့်ကိရိယာ။ လှည့်ကိရိယာ။မည်ကိရိယာ။အုံ့ကိရိယာ။လောကိရိယာ။ တုံ့ကိရိယာ။ မံကိရိလာ။ သော်ကိရိယာ။ခံကိရိယာ။ဘူးကိရိယာ။ သောကိရိယာ။ မူလောကိရိယာ။ ရကားကိရိယား။ မူကိရိယာ။အားကိရိယာ။ မှကိရိယာ။ ကကိရိယာ။ လိမ့်စွကိရိယာ။ တမ့် ကိရိယာ။ လည်းကိရိယာ။တိကိရိယာ။တည်းကိရိယာ။ချည်းကိရိယာ။ ဟုကိရိယာ။ခဲ့ကိရိယာ။နည်းကိရိယာ။နှိုက်ကိရိယာ။ လျက်ကိရိယာ။ ကြောင့်ကိရိယာ။ ထက် ကိရိယာ။ မှိုကိရိယာ။ လည်ကိရိယာ။ စမ့်ကိရိယာ။ သည်ကိရိယာ။စိမ့်ကိရိယာ။ တုံးကိရိယာ။လိမ့်ကိရိယာ။တည့်ကိရိယာ။ တော့ကိရိယာ။ ကားကိရိယာ။လော့ကိရိယာ။၍ကိရိယာ။သို့ကိရိယာ။ မျှကိ

ရိယာ။ တို့ကိရိယာ၊ ဌာကိရိယာ။ ဂ့ဂ်ကိရိယာ။ တမံုးက်ရိယာ။နွင်ကိရိယာ။ကိုကိရိယာ၏စပ်ထုံးမျှားကို စေ့ငုအောင် ထုတ်ဆိုရေးသားလျှင်။ကျယ်လွန်းအံ့စိုး၍ နည်းရုံမျှသာပြလိုက်သည်။အပြည့်စုံသိမှတ်လိုလျှင်။ ယခင်ဆိုခဲ့ပြီးသည့် ရဟန်းပညာဂ့ဂ်။မင်းပညာဂ့ဂ်။မိဘုရားပညာဂ့ဂ်။မင်းသားပညာဂ့ဂ်။မှူးမတ်ပညာဂ့ဂ်ိတို့စပ်ဆိုသည်ရတုမျှားတွင်။ ကြည့်ရှုမတ်သားကြစေကုန်သတည်း။

၍သတ်ပုံအစပ်နှီးက်။ရ တုဆ္ဖယ်ဟူ၍သာဆိုသော်လည်းဥပလက္ခဏာနည်းဖြစ်သဥ်ဟုနှလုံးမှဲ၍ပို့ကျွေးကဗျာလင်္ကာ ဇဆွင်းမော်ကွန်းတို့နှီးက်ကိရိယာခြောက်ဆယ်ဖြင့်ပင်ဆွသင့်ကြောင်းကိုသိလေ။ ။၍နှီးက်။ စဖွယ်ကိုမဆို။ ဆွဖွယ်ကို သာဆိုခြင်းသည်။ ပို့ကျွေးကဗျာလင်္ကာဇဆွင်း မော်ကွန်း တို့သဘောမှာ။ အချိုပိန်စညိည်တ် သည်လည်း ဂ့ဂ်၏။။ မညိည်တ် သည်လည်း ဂ့ဂ်၏။။အဆုပိန်ဆုံးမှာမူကား။။ကိုယ်တွင်းပြည့်ဖြစ်စေ။။ကိုယ်တွင်းဖြည့် မဟုတ်သည်ဖြစ်စေ။ သုံးပိန်လေးပိန်စသည်ဖြင့် အညိအည်တ်ဖြစ်အောင်ရေးသားစီကုံးမြဲတည်း။ သို့ဖြစ်၍ပို့ကျွေးကဗျာလင်္ကာဇဆွင်း မော်ကွန်းစသော ဖြန်မဘာသာစီကုံးရေးသားအပ်သောကာရန်ဟူသမျှမှာ။ အဆုပိန်ဆုံးကိုသာစီကုံးရင်းလင်္ကာတို့၏။ သေတ္တာဖြစ်.သည်ဟု ဇကန်မဆွမှတ်သိစေခြင်းငှာ။သတ်ပုံအစပ်နှီးက်။ အချိုပိန်စကိုမဆိုမှ၍အဆုပိန်ဆုံးကိုပြသည်ဟုမှတ်လေ။

အဆုပိန်ဆုံးသည် လင်္ကာတို့၏။ သေတ္တာဟူရာ နှီးက်။ သေတ္တာဟူသည်။အလွန်ကောင်းသောဖြတ်သောအဆိအနှစ် ဆိုလိုသည်။လင်္ကာအရေးအသားတွင်။ အစအလယ်တို့နှီးက် အလွန်ကောင်းလင့်ကစား။ အဆုမညိမည်တ်တိပ်းယိပ်းက။ ကောင်းမြတ်သောအဖြစ်သို့မရောက်နိုင်။အဆုညိည်တ်မှသာ

လျှင်ကောင်းသော အဖြစ်သို့ရောက်နှိုင်သည်။ သို့ဖြစ်၍အချ ကိုသာစပ်ဆိုရင်းလက်ာတို့၏. ကောင်းသော မြတ်သောအ ဆီအနှစ်သဖွယ်သေတ္တုဖြစ်သည်ဟုယူသင့်ယူထိုက်သည်။ ထိုကြောင့်။

တိတ်ထုံပါရာကျမ်းများတွင်။ ။တနှင်းလာနေ့မြေ လှုပ်မူမြေကြီးသေတ္တုပေါ်အံ့ဟုလာသဉ်ကို။ ။စန္ဒရာကား။ တက်လှာမြေဆီ။ကောင်းညီသစ်သီး။ ဟုဂင်းလက်ာနှိုက်စပ် ဆိုသည်ကိုထောံသဖြင့်ဂင်း။

သာကီယဟုချီဘူရိဒတ်လက်ာတွင်။ ။ကြာသေတ္တု သို့။ ပျိုနုထွားထွား။ ထိုမင်းသားလျှင်။ ဟုစပ်ဆို သည်ကို ထောက်သဖြင့်ဂင်း။

သုဝဏ္ဏသာမသဌေးခန်းတွင်။ ။မင်းမျိုးမင်းဆွေ။ ပြည့်လေလေလျှင်။ထိုမြေသေတ္တု။သိကြားပြုသို့။ ဟုစပ်ဆို သည်ကိုထောက်သဖြင့်ဂင်း။

ဂင်းတွင်။ ။အရွက်ခေါ်ခေါ်။အကြောရှိမ်းရှိမ်း။စိမ်း လတုံလှ။အညှာ့သေတ္တု။မြကိုပြုသို့။ဟုစပ်ဆိုသည်ကိုထောံ သဖြင့်ဂင်း။

သုဝဏ္ဏသာ မ လေးပြစ် ခန်းတွင်။ ဆောံ သာ မြင်း မှိုရ်။တောင်ဗဟိုက။ထိုလတ်ရုရု။ မြသေတ္တုနှင့်။ဟူသည်ကို ဂင်း။

ဘုံခန်းတွင်။ ။နီမောင်းပတ္တမြား။ပြယားမြခဲ။ပုလဲ သန္တာ။နီလာမြုတေ။ရွှေငွေရောရု။ကျောံသေတ္တုဖြင့်။ ဟူသဉ် ကိုဂင်း။

ရှင်တေဇောသာရဆို။ရွှေဟသ်ာမင်းပျို့တွင်။ ။ပင် တံပွင့်ထွား။ သိုးသိုးသားလျှင်။ဖါးဖါးရွက်နူ။ မြသေတ္တုသို့။ မရှုကျင်ရဲ။တင့်လွန်ကဲ၏.ဟူသည်ကိုဂင်း။

ပြာဒိုဟာခန်းတွင်။ ။သဘင် ပွဲမှေဝံ။ နားတော်လျှောံသော်။ လှူကျောံသေတ္တူ။ ကောင်းကြီးပြုသား။ ပဏ္ဍူကမ္ပလာ။နတ်နေရာဟု။ဟူသည်ကိုဂင်း။

ဂင်းတွင်။ ။ယရိက်ပြာဒိုဟာ။ပြရာအခန်း။ဤမော်ကွန်းကို။ကျယ်ဝန်းကဗျာ။လက်ာ့ဖွဲ့ပြု။ ညာဏ်သေတ္တူဖြင့်ပြုတုံအားကြိုး။ဤကောင်းကျိုးဖြင့်။ဟူသည်ကိုဂင်း။

ရှင်ဇူနှဂုတ္တဆို။နဝရတ်ပျိုးတွင်။ ။သေနီးသက်ပြည့်။သူအိုမှည့်လည်း။မြေဏီးအသွင်။ရုပ်သွင်ထွားနူ။ ကြာသေတ္တူသို့။ယုယုယယ။ ပျိုမျစ်လှသား။ မိန်းမငယ်လင်။ ဖြစ်စေချင်သော်။ဟူသည်ကိုဂင်း။

လောကသာရပျိုးတွင်။ ။စီးပွါးချမ်းသာ။ဖြစ်စိမ့်ဌာဖြင့်။ပညာသေတ္တူ။ ရုံးစည်းပြု၍။ကျင့်မှုတရား။ မှတ်စိမ့်ထားသည်။ဟူသည်ကိုဂင်း။

ထောင် သင်းမှူးဆို။ အောက်မေ့ လှည့်ကာ။ ချီရတုတွင်။ ။ချောက်သွေးမှဉ့်ဝါ။လဲပြောင်းခွါက။မြည်သောတ္တူ။ ပင်တိုင်းနူသား။ဟူသည်ကိုဂင်း။

သုံးထောင်မှူးဆို။ဒိဝါကရချီရတုတွင်။ ။ချိုမြကျစ်လျစ်။ဆိုထွေသစ်၍။ကောင်းနှစ်ယူငြား။သေတ္တူများကို။ ။ဖွေနားညောင်းတော်မူစေသောဟူသည်ကိုဂင်း။

ရတနာ ပူရ စတုတ္ထ မြို့တည် မင်းတရား ကြီး လက်ထက်။မင်းတိုင်ပင်အမတ်မဟာဓမ္မသကြီစိရင်သည်။ဓမ္မောပဒေသရာဇော ဝါဒ ခန်းတွင်။ ။မင်းတို့ တရား မစောင့်မူ။ မြေကြီး သေတ္တူမတက်။ ဩဇာမရှိဆိုသည်ကိုဂင်း။ ထောံ၍သေတ္တူကို ကောင်းသော မြတ်သော အဆီ အနှစ် ဟုယူမှတ်လေ။

ယင်းသေတ္တုကို။ သမ္ဘာသဝေနှင့်။ ၎င်းနောင် ဝမ်းပူ
တနှစ်ဆင့်ကို။ တချောင်းငင်၍ သေတ္တုဟု အစည်ရေးသား
ထုံးရှိသည်။ ကာလရှည်လျား၍ သမ္ဘာသဝေထိုး ပျောက်သ
ဖြင့်ကျောက်၏။ ကောင်းသော မြတ်သော အဆီ အနှစ်ကို။
ကျောက် သတ္တု။ စိန် သတ္တု။ ဆေးဒါန်း သတ္တု။ ကွမ်းရွက်
သတ္တု။စသည်ဖြင့် ခေါ်ဝေါ်ရေးသား ကြလေသည်။ ။တ
နည်း။သေတ္တုကိုသိဉ္ဇဓါတ်ကြီ၍။သိဉ္ဇသေစနေဟူသည်နှင့်အ
ညီ။ သွန်းလောင်းချင်း အနက်ဟောဖြစ်သည်ဟုမှတ်သားကြ
၏။ယခင်ပြခဲ့သည်ရှေးပညာရှိကဝိသူမြတ်တို့စပ်ဆိုသဉ်အ
ထေဝံအထားများနှင့်။ ညှိနှိုင်းဆင်ခြင်၍။ အလုံးစုံညီညွတ်
သင့်မြတ်လျှင်ယူလေ။

၏စကားရပ်ဖြင့်။ ပျိုးကဗျာလက်ာဇျင်းမော်ကွန်းစ ဥပဒေသ။
သောကာရန်နှင့် စပ်သမျှဘွဲ့ဆိုစီကုံး ရေးသားလိုသူ တို့မှာ။
ရေးထုံးရေးနည်း စပ်ထုံးစပ်နည်း။ သတ်ညွှန်းသတ်ပုံ။ ဝေါ
ဟာရအသစ် အဟောင်း။ ဝံသဘေဒ။ ဂိုဏ် သျှစ်ပါး။ နတ်
စောင့်။ နံစံစသောအချက်အဆစ်တို့ကို။ ကျွမ်းကျင်လိမ်မာ
အောင်သင်ကြား မှတ်သား၍ တတ်မြောက်သဖြင့်။ ဘွဲ့ဆိုစီ
ကုံးခြင်းဌာစွမ်းနှိုင်လင့်ကစား။ ကိရိယာခြောက်ဆယ်ကိုခွဲ
ခြမ်းဝေဘန်၍မသိက။ ကောင်းသော မြတ်သောအဆီ အနှစ်
သဖွယ်ဖြစ်၍။ ပညာရှိတို့အားရနှစ်သက်'လောက်အောင်။မ
စပ်ဆိုနှိုင်ရာ။ ၎င်း ကိရိယာခြောက်ဆယ်ကို တတ်မြောံသိ
ကျွမ်းမှပညာရှိတို့ နှစ်သက်လေဝံအောင် ကောင်းသောမြတ်
သောအဆီအနှစ် သဖွယ်ကာရန်နှင့်စပ်သော စီကုံးရေးသား
နည်းတို့ကို။ရေးသားနှိုင်မည်ဖြစ်၍။သုတေသနှ။ သုတသန္ဒိစ္စ
ယဂုဏ်နှင့် တကွ။ ကဝိမြောံလိုသူတို့ သည်။ ယင်းကိရိယာ

ခြောက်ဆယ်ကို။ခြားခြားနါးနားသိအောင်မှတ်သားလေ့လါ အပ်သည်ဟူသောဥပဒေသကိုပြသည်ယူရမည်။



မေးခွန်းကောံနုတ်ချက်ပါ။ ယသတ်နေဝံပစ် စပ်နည်း ၅ပုဒ်တွင်။ ။ပဉ္စမပုဒ်။

ပုဒ်ရင်း။ ပြည်အန္တရာယ်။ဖြစ်စဖွယ်။ပြည်စွယ်မချိုးရာ။ ။ဟူသည်ကား။

ဗိဏ္ဍတ္ထံ ပြည်စွယ်နှင့်တူသော။ မင်းညီမင်းသား မင်းဆွေစိုးမျိုးတို့ကိုနှိပ်စက်ညှည်းပန်းသောအားဖြင့် မချိုးမဖျက်ရာဆိုလိုသည်။

အဝယဝတ္ထံ ဤနှိုက်။ ပြည်စွယ်ဟူသည် မင်း ဧကရာဇ်တို့ ကျင့်ဆောင်မြဲနဝရတ် ကိုးပါးတွင် တပါးအဝင်တည်း။ ယင်းနဝရတ်ကိုးပါးကို။ ကာမဏ္ဍကီ ကျမ်းတွင်။ လာရင်းအတိုင်း။ ပညာရှိတို့မှတ်သားကြသည်ဂါထာကို ထုတ်နုတ် ရေးသားထိုက်အံ့။

မဟာမတ္တာဘဝေကုမ္ဘော။ပုရဿဘာရဝါဟိနော။ဓဇောဘိက္ခုဓမ္မပ္ပဘာ။ဓမ္မိကာဓမ္မယောဂိနော။

ဗေဒေါသ ဓေသု ဝေယျတ္တာ။ ဂါရဝေါ နယနံ ဘဝေ။ ကဏ္ဏောစာရာဂုတ္တဝစာ။ပရေသံဂုတ္တဇာနနာ။

ဒါဌာသူရဗလာရာဇ။ကနိဌပုတ္တညာတယော။ အဘိရူပါယုဝတီယော။ဘဝေပုရဿအာနနံ။

ကုစ္ဆိဝေဿာမဟာဘောဂါ။ ပါဒေါသေနာရိမဒ္ဒနာ။ ဓန္ဓာဒိအာဝုဓာဟတ္ထော။နဝရတနံမတံဇူမေ။

နကုမ္ဘတိက္ကမေဗာဓေ။ ဓဇံဒါ ရေက္ခိပီဒဟေ။ ကဏ္ဏံ ဘဉ္ဇေယဒါဌဥ္ဥ။အထာနနံပိဆာဒယေ။

နခေါဘေယျုဒရံဘိန္ဒေ။ ပါဒံဟတ္ထဥ္ဥ ဆိန္ဒယေ။ ဣတိ ဘူသေယျပုရိန္ဒော။ဣမံနဝပသာဓနံ။

ဘာရဝါဟိနော။ ပြည်ကြီးဝန်ကို ဆောင် ရွက် ကုန်သော။မဟာမတ္တာ။ အမတ်ကြီးတို့သည်။ ပုရဿ။ ပြည်၏ကုမ္ဘော။ဦးကင်းမည်သည်။ ဘဝေ။ ဖြစ်၏။ဓမ္မပ္ပဘာ။ပညာရောင်ဖြင့်တောက်ပကုန်သော။ ဓမ္မိကာ။ သီလကိုစောင့်ကုန်သော။ဓမ္မယောဂီနော။ သမထဝိပဿနာကို အားထုတ်ကုန်သော။ဘိက္ခူ။ရဟန်းသူတော်တို့သည်။ ဓဇော။ပြည်တမ်းခွန်မဉ်သဉ်။ဘဝေ။ဖြစ်၏။ ။ဗေဒေါသဓေသု။ ဗေဒင်အရာဆေးအရာတို့နှိုက်။ဝေယျတ္တာ။လိမ်မာကုန်သော။ ဂါရဝေါ။ ဆရာတို့သည်။နယနံ။ ပြည်မျက်စီမည်သည်။ ဘဝေ။ဖြစ်၏။အာစာရာဂုတ္တဝစာ။ လုံခြုံသောအကျင့် စကားရှိကုန်သော။ ပရေသံ။ပြည်ရှင်မင်းတို့၏။ ဂုတ္တဇာနာ။ရှိုးဌက် သောအကြီအစည်ကိုသိနှိုင်ကုန်သော သူလျှိတို့သည်။ ကဏ္ဏော။ပြည်နားမည်သည်။ဘဝေ။ဖြစ်၏။ ။သူရဗလာ။ရဲရင့်သောအစွမ်းနှင့် ပြည့်စုံကုန်သော။ ရာဇကနိဌပုတ္တ ဥာတယော။ မင်းညီ မင်းသားမင်းဆွေ မင်းမျိုးတို့သဉ်။ဒါဌါ။ပြဉ်စွယ်မဉ်သဉ်။ဘဝေ။ ဖြစ်၏။အဘိရူပါ။အလွန်အဆင်းလှကုန်သော။ယုဝတီယော။ မိန်းမပျိုတို့သဉ်။ပုရဿ။ပြည်၏။အာနနံ။မျက်နှာမည်သည်။ ဘဝေ။ ဖြစ်၏။ မဟာဘောဂါ။ စည်းစိမ်ဥစ္စာ ပေါများကုန်သော။ဝေဿာ။ သဌေးသူကြွယ်တို့သည်။ ကုစ္ဆီ။ ပြည်ဝမ်းမည်သည်။ ဘဝေ။ ဖြစ်၏။ အရိမဒ္ဒနာ။ ရန်သူကိုနှိပ်နင်း နှိုင်သော။သေနာ။စစ်သည်အပေါင်းသည်။ပါဒေါ။ ပြည်ခြေမည်သည်။ ဘဝေ။ ဖြစ်၏။ ဓန္ဓာဒိအာဝုဓါ။ လင်းလေးထူးလေးစ

သောလက်နက်သည်။ဟထ္ထော။ပြည်လက်မည်သည်။ဘဝေ။ ဖြစ်၏။ဇူတိ။ဤသို့။ဇူမေ။ ဤကိုးပါးသေါအခြင်းအရာတို့ကို။ နဝရတနံ။ မင်းတို့နဝရတ်၉ပါးဟူ၍။ မတံ။သိအပ်၏။ ။ ကုမ္ဘံ။ပြည်ဦးကင်းနှင့်တူသော မှူးမတ်ကြီးတို့ တင်လျှောက်သောစကားကို။နအတိက္ကမေ။မလွန်ရာ။ဓဇံ။ပြဉ်တမ်းခွန်သဖွယ်ဖြစ်သောရဟန်းသူတော်ကို။နဗာဓေ။ မနှိပ်စက်မညှင်းပန်းရာ။အကျိ။ပြည်မျက်စိသဖွယ်ဖြစ်သောသမားဟူရားကို။ နဒါရေ။မဖေါက်ခွဲရာ။ကဏ္ဏံ။ ပြည်နားနှင့်တူသောသူလျှိကို။နပိဒဟေ။ မပိတ်ရာ။ဒါဌ္ဌ။ ပြည်စွယ်နှင့် တူသောမင်းညီမင်းသားမင်းဆွေစိုးမျိုးကိုလည်း။ နဘဉ္ဇေယျ။မချိုးဖျက်ရာ။ အထ။ထိုမှတပါး။ အာနနံပိ။ ပြည်မျက်နှာနှင့် တူသောအရုပ်အဆင်းရှိသော ပြည်သူ သမီးလုင် အပေါင်းကို လည်း။ နဆာဒယေ။နိုင်ထက်ကလူ မူသဖြင့် မဖုံး လွှမ်းရာ။ ။ဥဒရံ။ ပြည်ဝမ်း နှင့် တူ သော သဌေး သူကြွယ် တို့ကို။ နခေါ ဘေယျ။မချောက်ချား စေရာ။ ပါဒံ။ ပြည် ခြေနှင့် တူသော စစ် သည်သူရဲပေါင်းကို။နဘိန္ဒေ။မဖျက်ဆီးရာ။ဟထ္ထဉ္စ။ပြည့်လက်နှင့် တူသောလက်နက်ကိုလည်း။ နဆိန္ဒယေ။မဖြတ်စေရာ။ဇူတိ။ ဤသို့။ဇူမံနဝပသာဓနံ။ ဤ၉ပါးသောပြည်ကြီးတို့ဖွယ်ရာအလက်ာအထူးကို။ပူရိန္ဒော။ပြည့်ရှင်မင်းမြတ်သဉ်။ဘူသေယျ။ ဆင်ယင်ရာ၏။ ။ဤကားအနက်။

ယင်းစကားရပ်ကိုအမှီပြု၍နောက်နောက်သောပညာရှိကဝိသူမြတ်တို့သည်ရေမြေသေဌနင်းပြည်ရှင်မင်းတို့အမြဲကျင့်ဆောင်စိမ့်သောဌာ။အသီးအသီးထုတ်နုတ်ရေးသားကြသည်။ရေးကြောင်းကား။

မဟော်ဥမင်ခန်းပျိုးတွင်။ ။ပြည်နွမ်းမနယ်။ပြည်စွယ်မချိုး။မြတ်နိုးရာရှောင်း။ ပြည်ဥကျွောင်းလည်း။တောင်း

လောင်းမရှိ။ပြည်မျက်စိလည်း။ ရွှင်ဘိသာချမ်း။ပြည်ဝမ်းမ
ဖေါက်။မေတ္တာလှောက်က။ဟူ၍ရင်း။

အာသက်ပျိုးတွင်။ ။ပြည်သာဝမ်းထဲ။မဖေါက်ဖဲ
လျှင်။ မကွဲအကယ်။ ပြည်စွယ်မချိုး။ ကောင်းနိုးလှဘိ။ ပြည်
မျက်စိလည်း။ ဘုန်းရှိရာဇာ။မဖေါက်ရှာနှင့်။ဟူ၍ရင်း။

ဇနက္ကပျိုးတွင်။ ။ပြည်မစွယ်ချန်။ပြည်တမ်းခွန်နှင့်၊
ပြည်မွန်မျက်စိ။ပြည်ကြီးမျက်နှါ။ပြည်သာဦးကင်း။ပြည်မင်း
ဝမ်းနက်။ ပြည်နားခွက်က။ ပြည်လက်ပြည်ခြေ။ မပျက်စေ
တည့်။ဟူ၍ရင်း။

ဖွေဟသ်ာမင်းပျိုးတွင်။ ။မဘောက်ပြဉ်ဝမ်း။ကြော့
ကြမ်းမရှိ။မြင်သိရေးကျယ်။ပြည်စွယ်မချိုး။စောနေမျိုးလျှင်။
ဟူ၍ရင်း။

မဂ္ဃစိုးခန်းတွင်။ ။မတ်ကြီးစကား။ထောင်သည်
နားဖြင့်။အများအုပ်သိုက်။ပြဉ်ဝမ်းပိုက်လည်း။မရှိက်မငယ်။
ပြည်အစွယ်လည်း။ မပယ်လည်း ကောင်း။ ပြည်ဥက္ခောင်း
လည်း။တောင်းလောင်းမရှိ။ ပြည်မျက်စိလည်း။ မထိစေရာ။
မင်းတကါတို့။ဘာသာကျင့်တီး။ကျင့်ရိုးမှီးလျက်။ဟုရှင်အဂ္ဂ
သမာဓိစပ်ဆိုလေသည်။

ရတနာမြတ်ခေါင်ချီရာဇဝံသပျိုးတွင်လည်း။နဝရတ်
ကိုးသွယ်။ ဆင်စလွယ်ကား။ တိုင်းကျယ်ပြည်ရေး။ မှုရှုတ်
ထွေးကို။ဆွေးနွေးတိုင်ပင်။ ပြီးကုန်တွင်သည်။ရောက်ဝင်ထံ
နီး။မှူးမတ်ကြီးတို့။ဖွေထီးဖွေပြည်။ဦးကင်းမည်၏။ စင်ကြည်
သိလ။အာစာရနှင့်။ဓမ္မပွင့်လန်း။ ထေရ်ရဟန်းကား။ ဖွေနန်း
ဆောံတည်။ တမ်းခွန် မည်၏။ တိုရှည်နီးဝေး။မှုခွင့်ရေးကို။
ထောံတွေးစာနာ။ လိမ်မာမြော်မြင်။ ဗေဒင်ဟူးရား။ သမား
ကောင်းသည်။ မျက်စိမည်၏။တပြည်တမြို့။ထိုရပ်သို့လျှင်။

ပိုက်ကြို့ချောင်းနောင်း။သူလျှိကောင်းကား။ကြိုးကြောင်းဖွေ နည်။ပြည်နားမည်၏။ပတ်လည်လှဉ့်ပတ်။ရန်ညွှန့်ဖြတ်သဉ်။ မင်းမှတ်မင်းသား။မင်းညီများနှင့်။ဆွေဝါးမျိုးစည်။ပြည်စွယ် မည်၏။ရွှေရည်စံသီး။ရှုမညီးသား။သမီးလုလင်။ဆင်းလပြင် တို့။ပြည်တွင်စံတည်။ မျက်နှာမည်၏။ ဖျီးစည်ဖျင်ဧ။ကြွယ် သဌေးတို့။စားရေးဝတ်ရာ။ပြည့်စုံစွာ၍။ရင့်မါခိုင်ကြည်။ပြဉ် ဝမ်းမည်၏။ဇာနည်ရဲစွမ်း။မှုတော်ထမ်းသား။ကြိုးပမ်းအား ထု။သူရဲရကား။မြဲမှုဆောက်တည်။ပြည်ခြေမည်၏။နှစ်မည် နှိုင်းချက်။သိကြားစက်သို့။လက်နက်တန်ဆာ။ကိရိယါကား။ ဖ်ရာလမ်းသည်။ပြည်လက်မည်၏။သည်သည်၍ယင်း။မျက် ကိုးကွင်းတွင်။ဥကင်းမလွန်။တမ်းခွန်မညိ။ မျက်စိမဖေါက်။ နားပေါက်မပယ်။အစွယ်မခွါ။မျက်နှာမလွှမ်း။ ရင်ဝမ်းမမွှေ။ အခြေမပျက်။အလက်မဖြတ်။ကျင့်နှိုင်တတ်မှ။ နဝရတ်ဇဖြာ။ ဆင်စရာသည်။ ။အောင်ခြာပြည်မမှုထမ်းတဉ်း။ဟူ၍။စပ် ဆိုလေသည်။

စွယ်စုံကျော်ထင်။ ယသတ်နောက်ပစ် နှစ်ချက်သင့် ပုစ္ဆာတွင်။ ။နဝရတ်ကိုးသွယ်။ဆင်စလွယ်။ဘယ်သူဘယ် သို့ဆင်ရန်နည်းဟု။စပ်ဆိုသည်။

ရာဇဝင်တော်သတ္တမတွဲတွင်လည်း။ သက္ကရာဇ်ခုနစ် ရာခြောက်ဆဲ့သုံးခုနှစ်။ ဘုရင်မင်းခေါင် နန်းတက် တော်မှု လျှင်။စည်းတပစ် အမတ်ကိုခေါ်တော်မှု၍ ပြည်ထဲရေးငြိမ်း ချမ်းသာယာအံ့သည်ကိုမေးတော်မှုရာ။ ပြည်ကြီး၏အရှင် ဖြစ်သောမင်းတို့သည် ပြည်တမ်းခွန်ကိုမလှည့်းရာ။ ပြည်ဦး ကင်းကိုမနှိပ်ရာ။ ပြည်စွယ်ပြည်သွားကိုမချိုးရာ။ ပြည်မျက် လုံးကိုမနှိုက်ရာ။ပြဉ်မျက်နှာကိုမဖျက်ရာ။ ပြည်ခြေပြဉ်လက် ကိုမဖြတ်ရာ။ပြည်ဝမ်းကိုမဖေါက်ရာဟု စည်းတပစ်အမတ်

ပတ္တမြားရတနာကို။ ထေနေတ္တာ။ခိုးဓ္ဂ်။ မာတုယာ။အမိအား။ ဒိန္နံ။ပေးအပ်ဇ္ဂ်။သာ။ထိုအမိသည်။ကိုဇ္ဈ။ တစုံတယောံသော သူကို။အဇ္ဈာနေတ္တာ။မသိစေမူဓ္ဂ်။မမ။ငါအား။ရာဇကုလံ။မင်း အိမ်သို့။ပဝိသနကာလေ။ဝင်သောအခါ၌က်။တံ။ထိုပတ္တမြား ကို။မယ္ဒံ။အား။ ဒေတိ။ဇ္ဂ်။အဟံ။ငါသည်။ တေနမဏိနာ။ထို ပတ္တမြားဖြင့်။သိရိံ။အသရေကို၊ပဝေဝေသတ္တာ။သွင်းဓ္ဂ်။ရာဇနိ ဝေသနံ။မင်းအိမ်သို့။ဂစ္ဆာမိ။သွားဇ္ဂ်။ရာဇာ။သဉ္ဇ။ တုမှေဟိ။ သင်တို့နှင့်။သဒ္ဓိံ။တက္ကွ။အကထေတ္တွာ။ စကားမဆိုဦးမူဓ္ဂ်။ပ ထမံ။ရှေးဦးစွာ။မယာ။ငါနှင့်။သဒ္ဓိံ။ တက္ကွ။ကထေသိ။စကား ဆိုဇ္ဂ်။ဒေဝသိကံ။နေ့တိုင်းနေ့တိုင်း။ အဌသောဠသနဂ္ဂိံ။သစ တုသဒ္ဓိကဟာပဏော။ရှစ်သပြာ။တဆဲ့ခြောံသပြာ။သုံးဆဲ့နှစ် သပြာ။ခြောံဆဲ့လေးသပြာတို့ကို။ မမ။ငအား။ ပရိပ္ပတ္တာယ။ မျိုးရိက္ခာအလိုဌာ။ဒေတိ။ဇ္ဂ်။။ ။မဟာဥမဂ်ဇာတ်။

ဓါရယိမံမကိဒိဗ္ဗံ၊ပသုဂ္ဂေစဝိန္ဒတိ။အာရောဂါသု ဒိတော်ဟောတိ။ဂစ္ဆေအာဒါယပြာဟွဏာ။ ။ပြာဟွဏာ။ပုဏ္ဏား။ ယော။သည်။ဒိဗ္ဗံ။နတ်နှိုက်ဖြစ်ထသော။ ဇူမံမကို။သဗ္ဗကာမ ဒဒမည်သောပတ္တမြားကို။ဓါရ။ ဆောင်ရမူကား။သော။သည်။ ပသုစ။ နွားကျွဲကိုလည်းကောင်း။ ပုဂ္ဂေစ။ သားသမီးတို့ကို လည်းကောင်း။ဝိန္ဒတိ။ရဇ္ဇ်။။အာရောဂါ။ အနာကင်းသည့်။ သုခိတော။ချမ်းသာကြီးသဉ္ဇ်။ဟောတိ။ဖြစ်ဇ္ဂ်။။ အာဒါယဇေဝ။ ယူ၍သာလျှင်။ဂစ္ဆ။သွားလေလော။ ။ဘူရိဒတ်ဇာတ်။

ယင်းဇာတ် တော်တို့နှိုက်။ ဆင်ယင် ဆောင်ယူအပ် သောကျေဝံကိုပတ္တမြားဟော မကိုသဒ္ဓါနှင့်ဆိုသောကြောင့် ဝေဠုရိယောတိ အလ္လဝေဠုဝဏ္ဏာ မကိုဟူသော ဝိမတိဝိ နောဒနိဋ္ဌိကာနှင့် တပြေးညီသည်ဖြစ်၍။ပြဆိုခဲ့ပြီးသောဝိဒူရ ဇာတ်စသည်တို့နှိုက်လာသောကျေဝံကို။စိမ်းသောအဆင်းရှိ

သောဝေဋ္ဌရိယမည်သောကျောံမျက်ရွဲဟု သန္နိဋ္ဌာန်ကျမှတ်လေ။

ထိုမှတပါး။ရှေးပညာရှိတို့စပ်ဆိုသည် အထောက်အကိုးများကို။ကျယ်လွန်းအံ့စိုး၍ဤနှိုက်မရေးသားလိုက်ပြီ။အလိုရှိမူ။ဘူရိဒတ်လက်ာ။ဆုတောင်းခန်း။ ဝိဒူရပျိုးစသည်တို့နှိုက်ယူလေ။ ။ယင်းကျောက်မျက်ရွဲကို။ကနှိုက်အပင့်နှင့်ကျောက်မျက်ရွဲဟူ၍ရင်း။ကနှိုက်အရစ်။ သေတ်နှင့်ကြောင်မျက်ရွဲဟူ၍ရင်း။နှစ်ချက်ပင်ရေးသားဖတ်ရွတ်သင့်သည်။

ပုလဲမျိုးရှစ်ပါးဟူရာနှိုက်။ ဟတ္ထိကုမ္ဘပုလဲ စသောပုလဲမျိုးရှစ်ပါးပင်တည်း။ ထိုရှစ်ပါးသောပုလဲမျိုးတို့၏သရုပ်အရောင်အဆင်းတန်းခိုး အထူးဖြစ်ရာဌာနများကို။ သာရတ္ထသင်္ဂဟ။တေရသကဏ်ဋီကာစသောကျမ်းတို့နှိုက်လာသည်အတိုင်းပါဠိအနက်ကို။ထုတ်နုတ်ရေးသားလိုက်အံ့။

ဟတ္ထိကုမ္ဘံဝရာဟဒါဠိ။ ဘူဇင်္ဂသီသံဝလာဟကံ။ဝေဋ္ဌုမစ္ဆသီရောသခေါ်။သိပ္ပိတိအဌမုတ္တာယောနိယော။ ။တတ္ထဟတ္ထိကုမ္ဘဇာပိတဝဏ္ဏာပဘာဟိနာ။ ဝရာဟဒါဌဇာဝရာဟဒါဌဝဏ္ဏာဝ။ ဘူဇင်္ဂသိသဇာနိလာဒိဝဏ္ဏာသုဝိသုဒ္ဓါဝဋုလာစ။ဝလာဟကဇာဘာသုရာဒုဗ္ဗိဘာဂရုပါ ရတ္တိဘာဂေအန္ဓကါရံဝိဓမေန္တီယေါတိဌန္တီဒေဝ။ပဘေါဂါဇေစဟေါန္တီ၊ ဝေဋ္ဌုဇာကရကဖလသမာနဝဏ္ဏာနဘာသုရာတေစဝေဋ္ဌံ။အမနုဿဂေါစရေဇေပဒေသေဇာယန္တိ။ မစ္ဆသီသဇာပါဓိနပိဌိသမါနဝဏ္ဏာဝဋုလါလဃဝေါစဟောန္တိပဘာဝိဟိနာစ။တေစမစ္ဆာသရဒ္ဒ မဇ္ဇေယေဝဇာယန္တိ။ သံခဇာသံခဥဒရစ္ဆဝိဝဏ္ဏောကောလဖလပ္ပကာပိဟောန္တိပဘာဝိဟိနာစ။ သိပ္ပိဇာပဘာဝိသေသယုတ္တာဟောန္တီနာနာသဏ္ဌနာ။

ဟတ္ထိကုမ္ဘံ။ ဆင်ဦးကင်းနှိုက်ဖြစ်သောပုလဲ။ ဝရာဟ
ဒါဌံ။ ဝက်စွယ် နှိုက်ဖြစ် သော ပုလဲ။ ဘူဇင်္ဂ သီသံ။ မြွေ
ဥက္ခောင်းနှိုက်ဖြစ်သေါပုလဲ။ဝလာဟကံ။တိမ်တိုက်နှိုက်ဖြစ်
သောပုလဲ။ဝေဠု။ ဝါးနှိုက်ဖြစ်သောပုလဲ။ မစ္ဆသီရော။ ငါး
ဥက္ခောင်းနှိုက်ဖြစ်သောပုလဲ။သခေါ်။ခရုသင်းနှိုက်ဖြစ်သော
ပုလဲ။သိဝိ။ ယောံသွားနှိုက်ဖြစ်သောပုလဲ။ ဣတိ။ဤသို့။မုတ္တ
ယောနိယော။ပုလဲမျိုးတို့သည်။အဌ။ရှစ်ပါးတို့တည်း။ ။
တတ္ထ။ထိုပုလဲမျိုးရှစ်ပါးတို့တွင်။ဟတ္ထိကုမ္ဘဇါ၊ဆင်ဦးကင်း
နှိုက်ဖြစ်သောပုလဲတို့သည်။ ဗိတဝဏ္ဏာ။ ရွှေသောအဆင်းရှိ
ကုန်၏။ပဘာဟိနာ။အရောင်အဝါမရှိလွန်း။ ဝရာဟဒါဌဇာ။
ဝက်စွယ်နှိုက်ဖြစ်သော ပုလဲတို့သည်။ ဝရာဟဒါဌဝဏ္ဏာဝ။
ဝက်စွယ် အဆင်းသာလျှင် ရှိကုန်၏။ ဘူဇင်္ဂသီသဇာ။ မြွေ
ဥက္ခောင်းနှိုက် ဖြစ်သောပုလဲတို့သည်။ နိလာဒိဝဏ္ဏာစ။ အ
စိမ်းအညိုလျှင်အစရှိကုန်သောအဆင်းလည်းရှိကုန်၏။သုဝိ
သုဒ္ဓါဝ။အလွန်လည်းသန့်ရှင်းစင်ကြယ်ကုန်၏။ ဝဋုလာစ။
လုံးလုံးလျောင်းလျောင်းသဏ္ဌာန်ရှိကုန်၏။ ဝလာဟကဇာ။
တိမ်တိုက်နှိုက်ဖြစ်သောပုလဲတို့သည်။ ဘာသုရာ။အရောင်အ
ဝါရှိကုန်၏။ ဒုဗ္ဗိဘာဂရူပါ။ အထူးထူးအပြားပြား အဆင်း
သဏ္ဌာန်ရှိကုန်၏။ရတ္တိဘာဂေ။ညည့်အတို့နှိုက်။ အန္ဓကာရံ။
အမိုက်ကို။ဝိဓမေန္တိယော။ဖျောံကုန်လျက်။တိဌန္တိ။တည်ကုန်
၏။ဒေဝူပဘောဂါဇေစ။ နတ်၏အသုံးအဆောင်တို့ သည်
သာလျှင်။ဟောန္တိ။ဖြစ်ကုန်၏။ဝေဠုဇာ။ဝါးနှိုက်ဖြစ်သောပု
လဲတို့သည်။ကရကဖလသမာနဝဏ္ဏာ။ တလည်းသီးအဆင်း
နှင့်တူသော အဆင်းရှိကုန်၏။ နဘာသုရာ။ အရောင်အဝါမ
ရှိလွန်း။ တေစဝေဠူ။ ထိုး ဝါး တို့ သည် လည်း။ အ မနှုဿ
ဂေါစရေဇေပဒေသေ။ လူတို့မကျက်စားသော အရပ်ဌသာ

လျှင်။ဇာယန္တီ။ဖြစ်ကုန်၏။ မစ္ဆသီသဇာ။ငါးဥကျောင်းနှိုက်ဖြစ်သောပုလဲတို့သည်။ပါဓိနပိဋ္ဌိသမာနဝဏ္ဏါ။ငါးဖယ်ကျောံကုန်းနှင့်ဘူသေါအဆင်းရှိကုန်၏။ဝဋုလ္လာစ။လုံးလုံးလျောင်းလျောင်း သဏ္ဌာန်ရှိကုန်သည် လည်းကောင်း။ လဃဝေါစ။ ပေါ့ကုန်သည်လည်းကောင်း။ပဘာဝိဟိနာစ။ အရောင်အဝါမရှိကုန်သည်လည်းကောင်း။ဟောန္တီ။ဖြစ်ကုန်၏။တေစမစ္ဆာ။ ထိုငါးတို့သည်လည်း။ သမုဒ္ဒမဇ္ဈေယေဝ။ သမုဒ္ဒရာအလယ်နှိုက်သာလျှင်။ ဇာယန္တီ။ ဖြစ်ကုန်၏။သခ်ဇာ။ ခရုသင်းနှိုက်ဖြစ်သောပုလဲတို့သည်။ သခ်ဥဒရစ္ဆဝိဝဏ္ဏာ။ ခရုသင်းဝမ်းရေအဆင်းရှိကုန်၏။ ကောလ ဖလပ္ပဏာပိ။ ဆီးသီးခန့်ပင်ကြီးကုန်သည်လည်း။ ဟောန္တီ။ဖြစ်ကုန်၏။ ပဘာဝိဟိနာစ။ အရောင်အဝါလည်းမရှိလွန်း။သိပ္ပိဇာ။ယောက်သွားနှိုက်ဖြစ်သောပုလဲတို့သည်။ပဘာဝိသေသယုတ္တာ။ အရောင်အဝါအထူးနှင့်ရှည်ကုန်၏။နာနာသဏ္ဌာနာ။အထူးထူးသောသဏ္ဌာန်ရှိကုန်သည်။ဟောန္တီ။ဖြစ်ကုန်၏။

ဤပုလဲမျိုးတို့သရပ်ကို ပြဆိုခဲ့ပြီးသော ကျမ်းဂန်တို့နှင့်ထပ်တူ။ အနုဋီကာကျမ်း။ ရတနပရိက္ခ ကျမ်းများ နှိုက်လည်းလာသည်။ ။မန္ဓာတုစကြာမင်းပျိုးတွင်။ ။မစ္ဆသီသ။သခ်သိပ္ပိ။ ဟတ္ထိဂုမ္ဘ။ နဂါ့းထိပ်လယ်။ ဝက်စွယ်နှင့်ဝါး။ တိမ်တိုက်ကြားဟု။ ရှစ်ပါးရပ်တွင်။ ပေါ်ရောက်ထင်သည်။ မျက်ရှင်ပုလဲ။ရှစ်မျိုးကွဲ၏ဟုစပ်ဆိုသည်။ ။ဤကားအရပ်ရပ်ကျမ်းဂန်ကဗျာတို့နှိုက်လာသောပုလဲမျိုးရှစ်ပါးတည်း။ ။ ရာဇာနုဘာဝဘိသေကာနုဘာဝစသောဘုန်းကံအထူးကိုအမှိပြု၍ဝိသေသဖြစ်ထွန်းလာသောမြင်းနှင့်တူသောဟယရတ္တပုလဲ။ဆင်၏သဏ္ဌာန်နှင့်တူသောဂဇရတ္တပုလဲ။ရထားနှင့်တူသောရထရတ္တပုလဲ။ရှိရှားသီးနှင့်တူသော အာမလကရတ္တပု

လဲ။ လက်ကောက်နှင့်တူသောဝလယမရွှာပုလဲ။ လက်စွပ်နှင့်
တူသော အင်္ကလိဝေဓမရွှာပုလဲ။ ရေခဲတက်သီးနှင့် တူသော
ကကုဓဖလမရွှာပုလဲ။ပြကတော့သောသဘောရှိသောပကတိ
မရွှာပုလဲ။ဟူ၍ပုလဲ ရှိုးရှစ်ပါးကို။ သိဟိုဠ်ကျွန်းဒေဝါနံဝိယ
တိသမင်းလက်ထက်။ သမုဒ္ဒရာကမ်းနားနီးလိုင်းတံပိုးဇော်၊
အဟုံကြောင့်ထင်သောအရေးကဲ့သို့ ပေါက်လာကြောင်းကို။
မဟာဝင်ကျမ်း။ ပါရာဇိကဏ် အဌကထာ စသောကျမ်းတို့
နီးကဆိုသည်။ ထိုပုလဲရှစ်ပါးကား။ ဘုန်းကံကို အဖွဲ့ပြု၍သာ
ဖြစ်သောကြောင့်အခါခပ်သိမ်းမရှိဟူမှတ်လေ။ ။သတ်ပုံ
အစဉ်တွင်ပုလဲမျိုး ရှစ်ပါးဆိုသည်မှာ။ အခါခပ်သိမ်းတည်
ရှိသောဟင်္သာကုန်ပုလဲမျိုးရှစ်ပါး။ဘုန်းကံအားလျော်စွာဖြစ်
ထွန်းသောဟာရမရွှာ စသောပုလဲမျိုး ရှစ်ပါး နှစ်ရပ်ကိုပင်။
ရည်၍စပ်ဆိုသည်မှတ်လေ။

ဤစကားရပ်ဖြင့်။ အလိုခပ်သိမ်းကို ပြီးစေနိုင် သော ဥပဒေသ။
ကျေဝံမျက်ရွဲရတနာ။ဟင်္သာကုန်ပုလဲမျိုးရှစ်ပါး။ ဟာရ
မရွှာစသောပုလဲမျိုးရှစ်ပါးများကို။ လူသာမန်တို့သုံးဆောင်
ခြင်းငှာမထိုက်။ ဘုန်းကံပါရဓိကြီးရင့် သူတို့အားသာ ဆင်
ယင်သုံးဆောင်ထိုက်သော ရတနာဖြစ်ကြောင်းကို ပြဆိုသ
ဖြင့်။ ပါရမီစာဂစရိယစသော ကျင့်ဝတ်တရားတို့ကိုအဆင့်
ဆင့် တိုးပွားကြီးရင့် ၎အာဉ သူခဗ်သိမ်းတို့အား ထုတ်အပ်
သည်ဟူသောဥပဒေသကိုပြသည့်ယူရမည်။

မေးခွန်းကေဝံ နှုတ်ချက်ပါ။ နေ့ဝံပစ်သက်သက် စပ်
နည်းငုပုဒ်တွင်။ ။တတိယပုဒ်။

ပုဒ်ရင်း။ နေပုကဲ့ကဲ့။တို့တပ်ထဲ။ကြဲသေးခေါင်းထက်လွှဲး။ ။ ဟူသည်ကား။

ဒိဏ္ဍထွ။ တပ်ထဲနှိုက်။ ကြဲသေးစစ်ဝတ်ကို ခေါင်းထက်လွှဲး သည်ဆိုလိုသည်။

အဝယဝထွ ဤ နှိုက်။ ကြဲသေး ဟူသည် ကား။ သံချပ် အင်္ကျီပင် တည်း။ထိုကြောင့်။ ဂုဏ်မဟာ သီလဝံသဆို မကိုဂ။ ဟာချိရ တုတ္တင်။ ။ကိုယ်တွင်မိန့်ညို။ မှောက်တိုသံချပ်။ ဝတ်ထပ် ကြဲသေး။ကိုင်လေးလက်စွဲ။ဟူ၍ဂင်း။

ဂုဏ်မဟာရဋ္ဌသာရဆို။ ဂ။ဟာမကိုချိအမေးလိုက်ရ တုတ္တင်။ ။မာတျက်မောက်တို။မိန့်ညို့ချေချပ်။ဝတ်ထပ်ကြဲ သေး။ကိုင်လေးလွှဲကြက်။ဟူ၍ဂင်း။

ဂင်းဆို။ တဂိုတူစွာ။ ချိရတုတ္တင်။ ။ကိုယ်တွင်မိန့် ညို။မှောက်တိုကြဲသေး။ထိုအရေးမူ။ဟူ၍ဂင်း။

ဝေသန္တရာပျို့လေးစောင်အနှက်။တွင်းသင်းတိုက်ဝန်။ မဟာစည်သူရေးသည်မဟာကပ္ပချိ ဝေသန္တရာပျို့တွင်။ ။ ချွန်းတောင်းစွဲယူ။ပါတူလည်ကွေး။ ကြဲသေးဝတ်ဆန်း။ရေး မြေဂင်းလျက်။နပန်းတုတ်ကာ။ချွန်းအုပ်ကာနှင့်။ဟူ၍ဂင်း။

ဂင်းဆို။ ဇယဒိသပျို့တွင်။ ။ထူးထွကြဲသေး။ ပါ လည်ကွေးနှင့်။စွေးစွေးရောင်မောင်း။ဟူ၍ဂင်း။

ဗုဒ္ဓရက္ခိတမဟာသာမိ ညောင်ကန်ဆရာတော် ရေး သည်အကွရသမွှောဓသတ်ပုံတွင်။ ။ကြဲသေးစစ်ဝတ်တို ညာယတေဟူ၍ဂင်း။

ဤတောင် ရာဇကျော်ဆို။ မြတ်ဤဘွားစုံချိ သတ်ပုံ တွင်။ ။ပေးစွန့်ကြိနှင့်။ကြဲသေးစစ်ဝတ်။ ဖြန်းဆွတ်ကြိမျိုး။ ဟူ၍ဂင်း။

ရှင်ဥက္ကံသမာလာ ရေးသည်။ ဝဏ္ဏဗောဓနဿတ်ပုံတွင်။ ။စွန့်ကြဲသည်။ ဖြောက်ဖြောက်ကြဲဘည်။ ကြဲသေးစစ်ဝတ်များကိုရရစ်ရမည်။ဟူ၍ဂင်း။

ရာဇမဏိစူဋ္ဌာကျောက်စာတွင်။ ။အထူးထူးကုန်သောမိန်ညိုကြဲသေး သံချပ်တန်းဆာ ပါလည်ကွေးအောင်းမွေးဒုရင်ရွှေထိပ်ရွှေကုံးတို့ဖြင့် ဆင်ယင်ကုန်သောဟူ၍ဂင်း။ ဤသို့စသည်ဖြင့်ရှေးပညာရှိတို့ စပ်ဆို စီကုန်း ရေးသားကြလေသည်။

ယင်းကြဲသေး စစ်ဝတ်ဟူသော သံချပ်အင်္ကျီ သည်လည်း။တကောင်းပြည်သတိုးနဂါးနိုင်မင်း လက်ထက်။နဂါးရေကိုအင်္ကျီချုပ်၍ သူရဲကောင်းဆို သူတို့ ဝတ်ဆင်ရသည်။ ယင်းကိုအစွဲပြု၍နောက်နောက်သောမင်းတို့လည်းထမ်းအားရွက်အားရည် သွားသတ္တိရှိသော သူရဲကောင်း တို့ကို နဂါးကြေးနှင့်အတူ သံချပ်အင်္ကျီလုပ်၍ ဝတ်ဆင်စေကြောင်းကို။ သုဝဏ္ဏ ဝိမာနနိဒါနကထာစာတမ်းတွင်ဆိုသည်။

ဤတွင်ကြဲသေးစစ်ဝတ်ကိုဝတ်ဆင်ထိုက်သောသူရဲ ၁၃ပါးတွင်။တွက်ကျုံးဝင်သော ပက္ခဒ္ဒိနသူရဲတည်း။ ယင်းပက္ခဒ္ဒိ နသူရဲကို လည်း။ သီလက္ခန် အဌကထာထွင်။ ။ ပက္ခဒ္ဒိနောတိယေကဿသီသံဝါ။ အာဝုဓံဝါအာဟရာမာတိ ဝတွာအသုကဿာတိ ဝုတ္တာသင်္ဂါဓံပက္ခဒ္ဒိတွာတဒေဝါဟရန္တိ။ဣမေပက္ခန္ဓတီတိပက္ခဒ္ဒိနော။ဟူ၍လာသည်။ ။ပက္ခဒ္ဒိနောတိ။ပက္ခဒ္ဒိနောဟူသည်ကား။ယေယောဓါ။ အကြင်သူရဲတို့သည်။ကဿ။အဘယ်သူ၏။ သီသံဝါ။ဥက္ခောင်းကိုဂင်း။ အာဝုဓံဝါ။ လက်နက်ကိုဂင်း။ အာဟရာမ။ ဆောင်ရကုန်အံ့နည်း။ဣတိ။ဤသို့။ဝတွာ။ဆို၍။အသုကဿ။ဤမည်သောသူရဲ၏။သီသံဝါ။ဥက္ခောင်းကိုဂင်း။အာဝုဓံဝါ။ လက်နက်ကိုဂင်း။

အာဟရ။ဆောင်ယူချေလော။ဇာတိ။ဤသို့။ ဝုတ္တာ။မှာဆိုအပ်သဉ်ဖြစ်၍။သင်္ဂါမံ။စစ်မြေသုတပ်သို့။ ပက္ခန္ဒိတွာ။ ခုန်ပျံပြေးဝင်၍။တဒေဝ။ ထိုမှာဆိုတိုင်းသသူ၏, ဥက္ခောင်း လက်နက်ကိုပင်လျှင်။အာဟရန္တိ။ သိမ်းစွန်ကုပ်သို့ သုတ်သုတ်ဆောင်ယူနိုင်ကုန်၏။ဇာမေ။ဤသူရဲတို့သည်။ပရသေနံ။ ရန်သူဗိုလ်ထုစစ်သည် အတွင်းသို့။ပက္ခန္ဒတိ။ ကောင်းကင်ပျံလွှားသားတစ်ချီသောသိမ်းစွန်သို့ချ ံချ ံဝင်နိုင်ကုန်၏။ ဇာတိဇာမိနာဝစနထွေန။ဤသို့သောဝစနထွကြောင့်။ပက္ခန္ဒိနော။ ပက္ခန္ဒိနမည်၏။ ။ဤကားအနက်။ ။သီလက္ခန်ဋီကာသစ်တွင်။ ။ ပက္ခန္ဒတိတိ။ ဝိသူရဘာဝေနအ သဇ္ဇမာနာပရသေန မနုပဝိသန္တိ။ဖွင့်သည်။အနက်လွယ်၍မရေးလိုက်သည်။

ပုံတောင်နိုင် မော်ကွန်းတွင်လည်း။ ရဲခေါင်တိုင်လှ။ရဲကိစ္စဖြင့်။မြို့ကပစ်မြောက်။မီးပေါက်မည်။ လေးသံမစဲ။ကြော်သဲညီညာ။ မျက်နှာပန်းသွင်။ လန်းလန်းရွှင်လျက်။ လွင်ပြင်ထွက်ဗုတ်။သိမ်းနှယ်သုတ်လျက်။ ထိုးခုတ်တွေတိုင်း။ ဗိုင်းရရိုင်းလျှင်။ပည်းလှိုင်း သူကောင်။ဦးလည်ထောင်၍။ရန်အောင်မျှုံ့ကောင်း။မိကျောင်းကျွဲလှေ။ရွှေငွေကစ။ စင်းလုံးရ၏,ဟူ၍ဂင်း။ ။တံတားဦးတည်။မင်္ဂလာစေတီသံဗိုင်းလက်ာတွင်လည်း။ ။ရိုညွတ်ကြိုးနွံ။တချောင်းကြီသား။ခုန်ပျံစွမ်းသန်။ရဲမာန်ဝံ့စား။မှူးမတ်သားလည်း။တပါးလည်းကောင်း။ ။ဘုံခန်းတွင်လည်း။ ။ရန်အပုံတွင်။ချ ံချ ံဝင်၍။သံရှင်ချတ်နှုတ်။ဦးလည်ခုတ်သား။စွမ်းသုတ်မာန်ခက်။သူရဲထက်လည်း။ဟူ၍ဂင်းစပ်ဆိုသည်။

ဤသို့ပြဆိုခဲ့ပြီးသော ထမ်းအားရွက်အား။ ရည်သွားသတ္တိရှိသောပက္ခန္ဒိနသူရဲနှင့်အတူ။ ထမ်းဆောင်နိုင်သောသူရဲမျိုးတို့၏,အပြားကို။သတ္တင်္ဂုတ္တရပါဋိတော်။နဂရပရိက္ခာရ

သုတ်သိလက္ခန်အဋ္ဌကထာသာမည် ဗလသုတ်တို့နှိုက် လာသည်အတိုင်းအဖြာက်မျှထုတ်နှုတ်၍ပြုပေအံ့။

ဆင်ကိုစီး၍တဖက်စစ်သည်ကို။ တိုက်ဖျက်နှိုင်သော ဟတ္ထာရောဟဆင်စီးသူရဲ။

မြင်းကိုစီး၍ ဂင်းနှည်း တိုက်ဖျက် နှိုင်သော အဿာရောဟမြင်းစီးသူရဲ။

ရထားကိုစီး၍ဂင်းနှည်းတိုက်ဖျက်နှိုင်သော ရဉ်ဂ ရထားစီးသူရဲ။

သားမြီးချမ်းကို မှန်အောင် ပစ်နိုင်သော ဝါလဝေဓိလေးသမား။ လျှပ်တပြက်ကို။ အချက်များစွာ ပစ်နိုင်သော အက္ခဏဝေဓိလေးသမား။အသံကိုကြားသဖြင့်မှန် အောင်ပစ်နိုင်သောသဒ္ဒဝေဓိလေးသမား။ မြားကိုမြားချင်း မှန်အောင် ပစ်နိုင်သော သရဝေဓိ လေးသမား။ ဤသို့ လေးအရာနိုက်။ ကမ်းတဖက်ရောက်တတ်မြောက်သောဓနုဂ္ဂဟာလေးစွဲသူရဲ။

စစ်ထိုးရာနိုက်။ အောင်လံကိုင်၍ ရှေ့ကသွားဝံ့သော စေလကသူရဲ။

မင်းကား။ ဤမည်သောအရပ်။ အမတ်ကြီးကား ဤမည်သောအရပ်။ စစ်သည်တို့ကား။ ဤမည်သောအရပ်နိုက်နေရမည်ဟူ၍အရာကျကျစိရင်တတ်သောစလကသူရဲ။

ထန်းသီးခိုင်ကို။ ဖြတ်ချိုင်ယူချဘိ၏။ သို့တဘက်ရန်သူ၏ဥက္ကောင်းကိုယူစွမ်းနိုင်သောဝိဏ္ဍာဒါယိကအခိုင်သူရဲ။

အပွဲပွဲအောင်ဖန်များ၍ ထင်ရှားကျော်စော သောမင်းညီမင်းသားဟူသောဥဂ္ဂါရာဇပုတ္တမင်းသားသူရဲ။

ရန်သူအတွင်းသို့ဆွဲဆွဲဝင်၍သူရှင်ဥက္ကောင်းကိုဖြတ်ယူနိုင်သောပက္ခန္ဒိနအဝင်သူရဲ။

အမြဲနှံရစ်သော ဆင်ခြောင်နှင့် ရင်ဆိုင် တွေ့လင့်က

စားမဆုတ်မနှစ်ထိုးပစ်နိုင်သောမဟာနာဂဆင်ဖြောင့်သူရဲ။
မဟာသမုဒ္ဒရာ ကိုပင်။ ကူးရမည်ဟု အာရုံ စေခန့်
တော်မှလွတ်သော်။စင်စစ်ကူးနိုင်အံ့ဟု ကိုယ်စွမ်း ကိုးသော
သူရာတခဲနှက်သူရဲ။
သရေအင်္ကျီကို ဝတ်ဆင်၍ တဖက်စစ်သည် ကိုနှိပ်
နှင်နှင်းနိုင်သောစမ္မရောစိနသားရေစွဲသူရဲ။
အားကိုးခွန်ကိုးမကြောက် မရွံ့ရန်သူအတွင်းသို့ ဝင်
နိုင်သောဒါသပုတ္တာကျွန်သူရဲ။
၍သို့ကြံသေးစစ်ဝတ်ဆင်ယင်ထိုက်သောသူရဲတို့၏
အပြား တကျိပ်သုံးပါးဂိုကြောင်းကို မှတ်သိ ရာသည်။ ။
စမွေယျဟို့ သစ်တွင်။ ။အာသီးအာသီး။ စစ်ဆင် ပြိုးသည်။
ဖြည့်ကြိုးတုမဲ့။ ဖြစ်ပေခဲ့၍။ သူရဲ့အပြား။ ဆဲ့သုံးပါး လည်း။
သားစားဘီလူး။တိုင်းထက်ထူးသည်။ဟူးဟူးအားသွန်။ဟူ၍
စပ်ဆိုသည်။

ဥပဒေသ။ ၍စကားရပ်ဖြင့်။ ရေမြေသင်္ခန်း ပြည့်ရှင်မင်းတို့
သည်။ထမံးအား ရွက်အား ရည့်သွားသတ္တိ ဂိုသောသူရဲသူ
ခက်ဗိုလ်မှူးတပ်မှူးများကိုမနှိမ့်မကျမယုတ်မလျော့စေရအာ
ထူးသဖြင့် ကြံသေးစဉ်ဝတ်ပေးခြင်း။ အထူးထူးသောစည်း
စိမ်းချမ်းသာ ကံကျွးမြိုရွာ အဆောင်အယောင် ပေးခြင်းစ
သည်ဖြင့်ချီးမြှင့်ပြုစုတော်မူရာသည် ဟူသောဥပဒေသကိုပြ
သည်ယူရမည်။

ကျိုးလိုပြစ်ပွဲ။ဖြစ်စမြဲ။ဆင်ကဲအယူမှား။ ။ဟူသည် ပုဒ်ရင်း။
ကား။

ဘုရင်မင်းခေါင်နှင့်ရာဇာဓိရာဇ်တို့ပန်းကျော်ချောင်း ဝိဏ္ဍထ။
ဘွင်စစ်ရေးပြိုင်ရာ။ ဘုရင်မင်းခေါင်ကအရေးနိမ့်၍အပူပါ
သည်မိဘုရားနှစ်ယောံတွင် ရှင်မိနောံကိုရွှေကတင် ဆင်နှင့်
တကွရာဇါဓိရာဇ်ကရလေ၏။မိဘုရားရှင်တို့မယ်မှာမူကား
ဆင်ကလျှောကျရစ်၍ ပန်းကျော်ချောင်းနားတွင်ရှိနေသည်။
မင်းနှင့်တကွ ရဲမက်ဗိုဟ်ပါတို့ တဖျင်တပါးက စည့်ကလျား
ပျက်ပြား ထွက်ပြေး ကြလျှင်။ ဆင်ကဲနှင့်တွေ၍ ဆောင်ယူ
ဆက်သပြီးနောံ။ ကွမ်းကျပ်ကျရာတွင်။ ဆင်ကဲလေဟုမိဘု
ရားရောင်ရမ်းမိလေသည်နှင့်မင်းကြီးယုံတော်မမူသေါကြောင့်
အကွပ်အမျက်ခံရသောဆင်ကဲဟူလိုသည်။

ဤနှိုက်။ ဘုရင်မင်းခေါင်၏ အကြောင်းကို။ရာဇဝင် အဝယဝထ
ကြီး။ရာဇဝင်သစ်။ ရာဇဝင်တော်စသော အရပ်ရပ်ရာဇဝင်
တို့နှိုက်လာသည်အတိုင်းအမြွက်မျှထုတ်နုတ်ရေးလိုက်အံ့။ ။
သက္ကရာဇ် ၇၆၃ခု ဘုရင်မင်းခေါင်မင်းဖြစ်တော်မူ၏။ငယ်
မည့်ကားမင်းဆွေတဉ်း။မင်းခေါင်ဟူသေါအမည်ကိုခံတော်
မူသည်ကား။ပုဂံရွှေစည်းခုံသို့သွားသောအခါ။အရှေ့တောင်
ထောင့်က။သိကြားလုပ်သောခြင်သေ့ရုပ်သည် နံပါးဦးလည်
ထောင်၍အမြီးချီလျက်မြူးစရုပ်ပြု၏။ ထိုညည့်တွင်ပင်မင်း
ခေါင်ခံလေဟူ၍ အိမ်မက်ပေး သောကြောင့်။ မင်းခေါင်ဟူ
သောအမည်ကိုခံတော်မူ၏။

သက္ကရာဇ်၇၃၄ခုတွင်မိုးညင်းစားကျိန်းခန်းကြီးသည်
နိုင်ငံတော်ဖြစ်သော မြေထူးကိုထိပါး ဖျက်ဆီးသည် ဟူ၍

လျှောံလှာ၏။ ဘုရင်မင်းကြီးစွါလည်းဆင်မြင်းအလုံးအရင်း အများနှင့်ချီတော်မူ၏။ ကန်စွန်းနိမ့်တွင်။ စပါးကျီဆန်ကျီ နှင့်အိမ်သစ်ကို။ ဤသည်ကားအသူအိမ်နည်းမေး၍ ကန်စွန်း နိမ့်သူနှင့်။ကန်စွန်မြင့်သားထိမ်းမြားမည်ကို။ ဟူရားပညာရှိ တို့ကအခါပေးတိုင်း မှန်လေစေ။ စပါးကျီဆန်ကျီ နေ့ချင်း ပြည့်လိမ့်မည်ဟော၍ဆောံသောလက်ထပ်အိမ်ဖြစ်ပါသည့် ထိုမိန်းမငယ်ကိုမိဘောဇာဆိုပါသဉ်။ရင်သိမ်းစက။ရင်ဝတ် အထက်ဆင့်တွင်ပျားစွဲသည်ဟု ရွာသူကြီးလျှောံလျှင်။စပါး ကျီဆန်ကျီယခုပင်ပြည့်စေအံ့ဟု သူငယ်မကိုခေါ်၍အပါး တော်တွင်စေပါ လုပ်ကျွေးစေ၍လခွဲကြာမှ။ ထိုရွာကချီသွား လုပ်ကြီတော်မူလျှင်။အရေးတော်ပြီးပြေ၍ မြေတူးမြှိမှအပြန် တွင်။သူငယ်မနှိုက်ရှိသည်ပဋိသန္ဓေကို။သားယောကျ်ားဖွါး လျှင်။သဉ်လက်စွပ်ကိုယူ၍လာခဲ့ဟုအဘိုးမျိုးစွာထိုက်သော လက်စွပ်ကိုအပ်ခဲ့၍ကန်စွန်းနိမ့်နှိုက်ထါးခဲ့သဖြင့်။သက္ကရာဇ် ၇၃၄ခုတွင်။သားတော်မင်းဆွေကိုဖွါးလျှင်၊မှါတော်မူတိုင်း သားနှင့်တကွ သူငယ်မရောက်လာ၍ အပါးတော်တွင်စေပါ တော်မူ၏။နေဝံကိုလည်း။ညီတော်ရှင်သိဒ္ဓတ်နှင့်နှမတော်သု ပပ္ပါဒေဝီခံ။ ရှင်မြတ်လှကိုဖွားတော်မူ၏။ မင်းဆွေမင်းဖြစ် တော်မူလျှင်။ရွာတောင်က။ ရွာသို့မျက်နူာမူ၍ တဝကူတည် တော်မူ၏။ကန်စွန်းနိမ့်ရွာကားစာရေးရွာဟုအမည်တွင်၏။ ကန်စွန်းမြင့်ကား။ကန်စွန်းနိမ့်အနေဝံတောင်ကရှိ၏။ ယခုလူ နေမရှိရွာကုန်းမျှသာရှိသတည်း။

ယခင်ရေးသားခဲ့သည်။သက္ကရာဇ်တွင်။မင်းအဖြစ်သို့ ရောက်တော် မူသောဘုရင် မင်းခေါင်လည်း။ ပန်းကျော်မြှို တွင်။ကစည့်ကလျားရှိ၍နေပြည်တော်သို့ပြန်တော်မူရာ၊ဆင် တော်ရဲမြတ်စွာပင်ပန်းလှသောကြောင့်။ဆင်ကဲကိုစီးစေ၏။

ကိုယ်တော်မှာဆင်မတော်နှလံမကိုစီး၍ ဖြင်းစွာခွာတော်မူ
လျှင်။သုံးနှတ်စားတော် မခေါ်ရသောဟူ၏။ စစ်သည်တော်
တို့မရုံးစုခင်သောကြောင့်ဝါးအစည်းပြေသကဲ့သို့။ကစည့်က
လျားရှိချေ၏။ထိုသို့စစ်ရွေရာတွင်။ မိဘုရားရှင်မိနောက်ကို
လည်းဆင်ပေါင်းရွေကနှင့်တကွသူရှင်ရလေ၏။ရာဇာဝိရာဇ်
လည်းမိဘုရားရှင်မိနှေဝံ ယင်းသောအခါ သက်တော်သုံးဆဲ့
ငါးနှစ်ကိုရလျှင်။ အပြင်အလျာကောင်းလှသဉ်ဖြာ၍မိဘုရား
ဖြေဝံလေ၏။တောင်မိဘုရားလည်းဆင်ကလျာကျ၍ချောင်း
နားတွင်ရှိသဉ်ကိုဆင်ကဲ့ဖွေ၍။ရဲမြတ်စွါဆင်တွင်တင်၏။။
ရာဇဝင်ကြီးတွင်မူကား။ အတွင်းသင်းမှူးသမီးဟူ၍ ဆိုလေ
သည်။ရာဇဝင်သစ်။ တလိုင်းရာဇဝင်တို့မှာ။ တောင်မိဘုရား
ဆိုသည်နှင့်တောင်မိဘုရားရှင်ဘိုမယ်ကို ယုံတော်မမူ၍။ဘု
ရင်မင်းခေါင် နန်းကချတော်မူသည်ဆိုသောစကားတို့နှင့်ညီ
လေသဉ်ဖြစ်၍တောင်မိဘုရားဟူ၍သါအမှန်ယူသင့်သဉ်။ထို
အခါဆင်ကဲလည်းစခန်းချတိုင်းညည့်ကိုဆင်ဦးစီးစောင့်စေ
၏။နေ့ကိုမှ ဆင်တော်ရဲမြတ်စွာတွင် တင်ဆောင်ကဲ့သည်။
ဘုရင်မင်းခေါင်လည်း မှူးသားမတ်သား အချွေအရံနှင့်သာ
ပန်းကျော်မြို့ကသည်နေပြည်တော်အဝသို့ ခုနစ်ရက်နှင့်ရောံ
တော်မူသည်။ ဘုရင်မင်းခေါင်လည်းရောက်လျှင်။ စစ်ပျက်
တော်မူသည်နှင့်။ မိဘုရားကို သူရလေသောကြောင့် စိုးရိမ်
ကြီးစွာရှိ၍လူတို့နတ်ကသည်စည်သံကဲ့မျှထိပ်လန့်၍နတ်ပျမ
ကရဖြစ်ထာရ၏။ မောမင်းသမီးကို တလိုင်းငဲ့ရလေသဉ်
ကိုဖြင်၏။တောင်မိဘုရားကိုလည်းသူကရလိမ့်မည်မရလိမ့်
မည်ကိုမသိ။နှစ်ယောံလုံးကပ်ရလေသော်အသက်ရှင်၍အ
ဘယ်အကျိုးရှိမည်နည်းဟူ၍ မိန့်တော်မူ၏။ ဖြင်းနှစ်ဆယ်
နှင့်ပြန်လေစေ၏။ တယောံမျှးတွေသသူမရှိနေံအာဘယ်သူရှိ

ရစ်သနည်းဟုမေးသော်။ ဆင်ကဲတယောံသာဆင်လေး၍ရှိ ရစ်သည်ဟုဆိုကုန်၏။ ဆယ်ရက်လောက်ကြာမှဆင်ကဲနှင့် မိဘုရားရောက်လှာ၏။ကြည့်စေသည်မြင်းသည်တို့လည်းအလျှင်ရောက်လှာ၏။ ဆင်ကဲအဝသို့ ရောက်လျှင်။ မြို့ပြင်ကဦးဆဆေးစေ၍နန်းတင်၏။ ဆင်ကဲလည်းဆောင်ယူခဲ့သည် အကြောင်းမျိုးကိုလျှောံလျှင်။အားရတော်မူ၏။ဆင်ကဲနှင့်ဦးစီးကိုဆုလပ်များစွာ ပေးတော်မူ၏။ ရှည်လတ်သော် ကွမ်းကျပ်ကျရာဝယ် အိုဆင်ကဲလေဟူ၍ မိဘုရားဆိုယောင်ဘိ၏။ယင်းသို့လျှင်ယုံကြည်တော်မမူ၍ ဆင်ကဲကိုစစ်မေးပြန်ရ၏ ။ဆင်ကဲလည်းမိဘုရားဆင်ကလျှောကျ၍ချောင်းတွင်ရှိသည်ကိုတွေ့ကတည်းကပင်ကျွန်တော် သေမည်ကိုသိ၏။မိဘုရားကိုတွေ့လျှင် ကျွန်တော်မဆောင်မယူ ပစ်ထားခဲ့လျှင်သူရလိမ့်မည်။မင်းဇကရာဇ်ချင်းကြည်သါတော်မူ၍ မိဘုရားကိုရပြန်လျှင်။ဆင်ကဲတွေ့မြင်လျက် ကျွန်ုပ်ကိုမယူပါ သောကြောင့်သူရလေသည်ဟုလျှောံလျှင်။ ကျွန်တော်ကိုယ်ကစ၍သားမယားနှင့်တကွသေရမည်။ ကျွန်တော်ဆောင်ယူခဲ့လျှင် ကျွန်တော်ကိုယုံကြည်တော်မမူ၍ သတ်မည်ကိုသိတော့သဉ့် အကြောင်းမှာမူကား။မိဘုရားကိုရသနေ့မှစ၍တောစခန်းကြို့လျှင်လည်းသစ်ပင်မှာလင့်ဖွဲ့၍ မိဘုရားကိုအိပ်စေသဉ်။ကျွန်တော်နှင့်ဦးစီးမူကား။မြေကစောင့်၍နေပါသည်။ မိုးသောက်လျှင်ဆင်တွင်တင်၍ဆောင်ယူကဲ့ပါသည်။ရွါစခန်းကြို့လျှင်လည်းမိဘုရားကို အိမ်ထက်မှာအိပ်စေသည်။ ကျွန်တော်တို့မြေကအိပ်သည်ဟုလျှောံ၏။ ဘုရင်မင်းခေါင်လည်းစကားလှနှင့်သာလျှောံသည်ဟုဆင်ကဲကိုကွပ်လေ၏။ နောံဆင်ဦးစီးကိုခေါ်၍စစ်မေးတော်မူပြန်သော်။ ဆင်ကဲလျှောံသည်အတိုင်းလျှောံ၏။ယင်းတွင်ငါကျွန်ုကိုငါသတ်မိသဉ်ဟူ၍နေါင်

တကြီးစွာရှိတော်မူ၏။ ဆင်ကဲသားကိုအဘစားသော ကျေး ရွာမြို့ပြနှင့်တကွဆင်ကဲခန့်တော်မူ၏။ဟူ၍ဆိုသည်၊

ယင်းရာဇဝင်ထွက်ရှိသည် အရကိုထောက်လျှင်။အကျိုးတော်ကိုအလွန်အလိုရှိ၍။ကျေးဇူးသစ္စါတော်မြတ်ရှိသဉ် အတိုင်းကွဲပြား ကြွင်းကျန်ရစ် သောမိဘုရားကို ကောင်းစွာ ဆောင်ယူဆက် သသောဆင်ကဲကို စင်လျက်။မစူးမစမ်းမ ဆင်မခြင်ဆောဆောလျှင်လျှင်အမျက်သို့လိုက်၍ ကွပ်မျက် လေသောဘုရင်မင်းခေါင်သည်နောင်တတဖန်ဖြစ်ပြန်ရလေ သည်။ယင်းသို့မဖြစ်စေမူ၍ရေမြေသေဌိနင်း ပြည့်ရှင်မင်းတို့ သဉ်အသာဟသိကနှိုက်အပြစ်။နိသမ္မကါရီနှိုက်အကျိုးများ ကိုနှလုံးသွင်းတော်မူရန်။တေသကုဏဇာတ်။ရထလဒ္ဓိဇာတ် တို့နှိုက်လာသည်အတိုင်းပါဠိအနက်ကို ထုတ်နုတ်ရေးသား ပေအုံ။

မာစဝေဂေနကိစ္စာနီ။ ကာရေသိကာရယေသိဝါ။ ဝေ ဂဿဟိကတံကမ္မံ။မန္တောပစ္ဆာနုတပ္ပတိ။ ။ဝေဂေန။အဆော တလျှင်။ကိစ္စာနီ။ကိစ္စတို့ကို။ မာစကာရေသိ။ မိမိကိုယ်တိုင် လည်း ပြုတော်မမူလင့်။ မာစကာရယေသိဝါ။ သူတပါးကို လည်းပြုတော်မမူစေလင့်။ဟိသစ္စံ။မှန်၏။ဝေဂဿံ။အဆော တလျှင်။ကတံ။ပြုအပ်သော။ကမ္မံ။အမှုသဉ်။နသါရ။မကေါင်း မန္တော။အဆောတလျှင် မဆင်မခြင်ပြုတတ်သော သူသည်။ ပစ္ဆာ။နောံနှိုက်။အနုတပ္ပတိ။နောင်တဖန်ပူပန်တတ်၏။

ရထလဒ္ဓိဇာတ်တွင်လည်း။ ။အလသောဂိဟ် ကာ မဘောဂိနသာရ။ အသည်တောပဗ္ဗဇ္ဇိတောနသာရ။ ရာဇာန သာရအနိသမ္မကာရီ။ ယောပဏ္ဍိတော ကောဓနော သောန သာရ။

ကာမဘောဂိ။ကာမဂုဏ်ကိုခံစားသော။ ဂိဟိ။ရှုဖြစ်

ပါလျက်။ဒုလသော။ပြင်းရိမ္ဟ။နုသါရု။မကောင်း။ပဗ္ဗဇ္ဇိတော်။ ရဟန်းဖြစ်ပါလျက်။ အာသဇ္ဇတော။ ကိုယ်နှုတ်နှလုံးမစောင့်စည်းမှ။နုသာရု။မကောင်း။ဂုဏာ။ ရေမြေသင်္ခနင်းမင်းဖြစ်ပါလျက်။ဒုနိသမ္မကာရိ။ စုံစမ်းဆင်ခြင်၍မပြုမှ။ နုသာရု။မကောင်း။ယော။ အကြင်သူသည်။ပဏ္ဍိတော။ ပညာရှိဖြစ်ပါလျက်။ကောဓနော။ အမြဲကပ်ထွက်လွန်ကြ။း၏။ သော။ဆိုသူသည်။နုသာဓု။မကောင်း။

၅၂။ ဤကား။အသာဟသိကန္တိက်အဖြစ်။နိသမ္မကာရိန္တိက်အကျိုးကို မှတ်သားရန် ယခင်ပြဆိုခဲ့ပြီးသော ကျမ်းဂန်တို့နှိုက်လာသေးပါဦးအနက်တည်း။ ။ထိုမှတပါး။လည်း။ဇကနိပါတ်ကာကဇာတ်။ ဆက္ကနိပါတ် နန္ဒိယမိဂဇာတ်။ အဋ္ဌနိပါတ်သုမင်္ဂလဇာတ်။ဒသနိပါတ်ကဏ္ဍဒိပါယနဇာတ်များမှာလည်း။အသာဟသိကတရားကိုအကျယ်လာသည်။ အလိုရှိမှုညွှဲနှိပြခဲ့သည်ဇာတ်များတွင်ရှုတော်မူကြစေသတည်း။

ဤစကားရပ်ဖြင့်။ရေမြေသင်္ခနင်းမင်းတို့မည်သည်။ ခပ်သိမ်းသောအမှုတို့နှိုက် အဆောတလျင်ပြုခြင်း အသာဟသိကကိုမဖြစ်စေမူ၍ တေသကုဏ်ဇာတ်။ ရထလဋ္ဌိဇာတ်။ ကာကဇာတ်။နန္ဒိယမိဂဇာတ်။သုမင်္ဂလဇာတ်။ ကဏ္ဍဒိပါယနဇာတ်စသည်တို့နှိုက်လါသည်။နိသမ္မကာဠိဟူသော စူးစမ်းဆင်ခြင်၍ပြုခြင်းကို အမြဲနှလုံးသွင်းရာသည့် ဟူသောဥပဒေသကိုပြသည်ယူရမည်။

ဤတွင်ရွှေ့ကား။ပုဒ်ရေ၄အရအဖြေအဓိပ္ပာယ်ပြီး၏။

ကဝိလက္ခဏဒီပနီ။ ၁၃

ခွေးချေးသက်ပုံ။ ရှင်မလုံ။ ဆူကြိုနိမ့်မြင့်ဝေး။ ။ဟူ
သည်ကား။

မင်းခွေးချေး၏ မိဘုရားခြေဝံယောဝံတွင်။ စောလုံအာ ဒိဏ္ဍာတ္တ။
မည်ရှိသောမိဘုရားသည်။ ဆူကြိုနိမ့်မြင့်စသော အပြစ်ခြေဝံ
ပါးကင်းသည်ဆိုလိုသည်။

ဤနိုင်။မင်းခွေးချေး၏အကြောင်းကား၊ဥစ္စနာမင်း၏ အဝယဝတ္ထု
သားတော်မင်းခွေးချေးပင်တည်း။ သက္ကရာဇ်ခြောက်ရာခုနစ်
ဆယ်နှစ်ခုနှစ်မင်းဖြစ်တော်မူ၍။ နုရသိဟပတေ့ဟူသောအာ
မည်ကိုခံပြီးလျှင်။မိဘုရားစောဒ။ဟူရားဖြ။သမီးစောလုံဒ။မိ
ဘုရားစောအစ်မသမီးစောနုနုး ဒ။ရှင်ဘား ဒ။ရှင်မေဝံ ဒ။ရှင်
ရွှေဒ။ဤမိဘုရားခြေဝံပါးနှင့်။မင်းစဉ်းစိမ်ကိုခံစားစဉ်။အတာ
သဘင်အခါ။နုနုးတော်ကမြစ်ဆိပ်ရောက်။ လမ်းတလျှောက်။
ဥမင်တဲဆောံလုပ်စေ၍ ရေဆိပ်သို့ထွက်စံပြီးလျှင်ရေကစား
တော်မူသည်။ထိုအခါ။ မောင်းမငယ်တယောံကိုမင်းကြိုးက
နှုတ်ထည့်၍မိဘုရားစောလုံ မျက်စိမျက်နှာဦးဆံများကို ရှုမ်း
ရှုမ်းစိုအောင် ရေပက်ရလေ၏။ စောလုံလည်း မင်းကြိုးကို
ငြိုးထားသောစိတ်နှင့် စားတော်ဝယ်ဆေးထည့်၍ စောမေဝံ
ကိုဆက်စေ၏။မင်းကြိုးလည်း စောမေဝံဆက်လာသည်ကို
စားတော်ခေါ်မည်တွင်။ အောံကခွေးချေ၍ သတိရသည်နှင့်
ခွေးကိုကျွေးရာခွေးသေ၍အကြောင်းမျိုးကိုစစ်လျှင်။ စောလုံ
လည်းမချေမငံ ဟုတ်တိုင်းပြန်လေ၏။ ထိုအခါမင်းကြိုးအ
မျက်ထွက်၍ သံကျပ်စင်ကိုပန်ဝတထောင်လုပ်စေ ပြီးလျှင်။
ကျပ်တင်လေဟုအမိန့်တော်အရကျပ်တင်မည်တွင်။ သူသတ်
တို့အား။စောလုံကခွေးငွေများစွာပေးသောကြောင့်။ ကျပ်စင်
ကိုချနှစ်ရက်တိုင်တိုင် ဆိုင်းငံ့လုပ်ဆောင်သည် အတွင်း။သမီ

လဆောံတည်ခြင်း။အဘိဓမ္မာတရားတော်ကိုနာခြင်း။ ဘုရား ဂုဏ်တော်ကိုးပါး။တရားဂုဏ်တော်ခြောံပါး။ သဃီာတော် ဂုဏ်တော်ကိုးပါးစသော ရတနာသုံးပါးဂုဏ် ကျေးဇူးကိုမ ပြတ်အောံမေ့သရဇ္ဈာယ်ခြင်း ကုသိုလ်အာသန္နကံကိုပြု၍ခု နစ်ရက်စေ့လျှင်။ရဲရဲညိသောသံကျပ်စင်ထက်သို့သူသတ်တို့ ကတင်လျှင်။မီးသုံးကြိမ်ငြိမ်းသည်နှင့်စောလုံလည်းချမ်းသာ ခွင့်ကိုမရပြီဟုနှလုံးချ၍ ခဏချက်ခြင်းကျွမ်းလောင်ပျောက် ပျက်စေသော ဆုတောင်းမှ။ ကျွမ်းလောင်လေ၏။ မင်းကြီး လည်းစောလုံမရှိနေဝံများမမြင့်မီ။စက်တော်ခေါ်ရာတွင်စော လုံစောင့်ပါခလှည့်ဟုတဆိုရောင်ရမ်းလျက်၊စက်တော်မခေါ် တတ်ကြည်ကွဲစွာရှိသည်ကို ဆရာတော်မဟာထေရ် ဆုံးမ သည်တွင်မှ။ဖြည့်တင်းဆည်းတားနှိုင်လေသည်။ ။ဤကား မင်းခွေးချေးစောလုံတို့၏အကြောင်းအမြွက်တည်း။ ။အ ကျယ်ကိုအလိုရှိမူ။ရာဇဝင်တော်ပဉ္စမတွဲမှာရှုလေ။

မင်းခွေးချေးမိဘုရားခြောက်ဦးတို့တွင်။ စောလုံကိုအ ထူးထုတ်ဆိုသည်မှာ။ အပြင်အလျာကောင်းသည်။ အပြစ် ခြောက်ပါးကင်းသည်။ မင်းကြီးအလွန်မြတ်နိုးသည်များကို။ သိစေလိုဆိုသည်ဟုမှတ်လေ။ ။အပြစ်ခြောံပါးဟူသည် ကား။ အလွန်ရှည်လွန်းခြင်းအတိဒီဃ။ အလွန်တိုခြင်းအတိ ရဿ။ အလွန်ကြိုခြင်းအတိကိဿ။ အလွန်ဆုခြင်းအတိထူ လ။အလွန်မည်းခြင်းအတိကာလ။ အလွန်ဖြူခြင်း အတိသြဒါ တ။ဤခြောက်ပါးပင်တည်း။ယင်းအပြစ်ခြောက်ပါးကို။ဓမ္မပ ဒအဌကထာ။ တေလပတ္တဇာတ်အဌကထာ။ ဥဒါန်းအဌက ထာ။မဟာဝဂ္ဂသံယုတ်အဌကထာ။ စသောကျမ်းဂန်တို့နှိုက် လာသောအထောက်အထား။ဟထ္ထိပါလပျို့။ ဘူရိဒတ်ဇာတ် ပေါင်း။ရွှေဟင်းသာမင်းပျို့။ မနော်။သူဇာ။ဇျင်းမော်ကွန်းရ

တုတ္ရိနှိုက်လာသောလက်ာအထောက် အထားများကိုထုတ်နုတ်ရေးသားလျှင်။ ကျယ်လွန်းအံ့စိုး၍ သရုပ်အရေအတွက်မျှသာရေးလိုက်သည်။ အလိုရှိမူပြည့်နှိုးခဲ့သည် ကျမ်းဂန်တို့မှာရှုလေ။

ခွေးချေးဟူသည်မှာ။ ထိုမင်း၏ဝယ်မည်ပင် တည်း။ ခမည်းတော် ဥစ္စနာမင်းကြီးတွင်။ သားတော်အများရှိသည်နှင့်။ဥစ္စနာမင်းမရှိနောက်မည်သည်သားတော် ခမည်းတော်ဘုရားအရိုက်အရာကို ခံထိုက်မည် လူပညာရှိတို့ နှလုံးမူ၍စံနည်းတံဘောင်ထြဘာနိမိတ်များကို ကြည့်ရှုဆင်ခြင်ရာ။ရွာသူသားဝယ်တို့သည်ခွေးချေးပုံကိုတမ်းခွန်ပန်းမန်စိုက်၍မြေမှုန့်ပန်းလက်ဆုပ် စသည်တို့ဖြင့် အများပူဇော် ကြသည်ကိုမြင်လျှင်။ဥစ္စနာမင်းကြီးသားအများရှိသည်အနက် မင်းခွေးချေးမင်းဖြစ်လတ်တံ့ဟု မုချဆတ်ဆတ်ပညာရှိတို့ဆိုစကုန်သည်ဟု။ ရာဇဝင်တော်ပဉ္စမတွဲတွင်ဆိုသည်ကိုထောံ၍ထိုမင်း၏ဝယ်မည်ရင်းမုချမှတ်လေ။

ထိုမင်းကိုသူခပ်သိမ်းတို့ခေါ်ကြသည်ကား။မင်းခွေးချေးဟူ၍ရင်း။နရသီဟပတေ့ဟူ၍ရင်း။ တရုပ်ပြေးဟူ၍ရင်း။ သားမြွာဘဟူ၍ရင်း။ အမည်လေးပါးဖြင့် ခေါ်ဝေါ်စကြကုန်၏။ဤနှိုက်ခွေးချေး အမည်မှာဝယ်မည်။ နရသီဟပတေ့အမည်မှာ မင်းအဖြစ်သို့ ရောက်မှ ခံယူသည် အမည်။ တရုပ်ပြေးအမည်မှာ။တရုပ်စစ်သည်တို့ဆိုက်ရောက်သည်ကာလမဆုခံနှိုင်၍ပုသိန်သို့ဗုန်ဆင်းသွားရသည်ကိုစွဲ၍တွင်သောအမည်။သားမြွာဘ အမည်မှာ။ တရုပ်စစ်သည် ဆိုက်ရောက်သည်ကာလတပ်ခံမြို့အသစ်တည်မည်ဟု။ကူကြီးတထောင်။ ကူဝယ်တသောင်း။ ကုသားကျောင်းသုံးထောင်များကိုဖျက်ယူသဉ်ကာလကူကြီးတလုံးတွင်ဌာပနာလျက်ရသောကြေး

နိပုဂုဝိုက်အနွံစာရောဇသိုက်တွင်။သားဖြောဘမင်းလက်ထက်
တလုပ်ဗျက်၍ပုဂံပျက် လတ်တံ့ဟုပါသည်ကို။ သားဖြောဘ
မင်းဖြစ်မည်မဖြစ်မည်မျှးကိုစုံစမ်းသည်ကာလ။ ကိုယ်လုပ်
မောင်းမငယ် တယေဒံတွင်။ သားဖြော ဘွားဖြင်သေဆုံးဘူး
ကြောင်းကိုသိ၍။သားဖြောဘမင်းပင်တဦးဟု တရုပ်စစ်သည်
တို့ကို မသုမခံအောံသို့ရုန် သွားရသည်။ ယင်းသို့ အနွံစာရော
ဇသိုက်ကိုအစွဲပြု၍တွင်သောအမည်ဟု။အမည်လေးပါးတွင်
ကြောင်းကိုမှတ်လေ။

အတာသဘင်တွင်။ စောလုံဦး ဆဲမျက်နှာကို ရေနှင့်
ပက်သည်ဟူရာနှိုက်။အတာသဘင်ဟူသည်။ သင်္ကြန်ဆဲ့နှစ်
ရပ်တွင် တနဂ်နွေကြိုဟ် မိန်ရာသီအဆုံးမှ။ မိသရာသီအဦး။
တန်းခူးလသို့ကြောင်းသော မဟာဝိသုဝသင်္ကြန်ကို။ အတာ
သဘင်ခေါ်သည်။ယင်းအတာသဘင်အခါ။ကဝိလဝတ်ပြည်
သာကိဝင်မင်းတို့နှလုံးမွေလျော့ဖွယ်ရှိသော ရေအိုင်ကြီးအ
နီးနှိုက်။မင်းကွန်းဆောံလုပ်၍ရေဖြန်းသဘင်ပျော်ရွှင်ကစား
ကြောင်း။ယင်းကစ၍ ဒေဝဒဟပြဲည်ဖြစ်ကြောင်း မျှးကိုဆို
သောကျမ်းဂန်နှင့်အညီ။ ယခုထက်တိုင်အတာသဘင်ကြွက်
က။ပျော်ရွှင်ကစားမြဲဖြစ်သည်ဟုမှတ်လေ။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ရေသားကြီးဆူ။ မည်းဖြ။နိမ့်ဖြင့်ဟူ
သောအဖြစ်ခြေခံပါးကင်း၍ဂွဖွယ်ဘနန်းမြတ်သေါအသရေ
ကိုဆောင်သဖြင့်။ သူခပ်သိမ်းတို့ထက်လင်၏့ မြတ်နိုးတနာ
ကိုခံရသေါမိန်းမပင်ဖြစ်လင့်ကစား။တရားကိုမစောင့်မရှောံ
သဖြင့်။ ရိုသေထိုက်သောလင်၏့အလိုသို့မလိုက်မူ၍လင်ကို
ဖြစ်မှားက။လောလောပူသေါအလျှံတပြောင်ပြောင်တေါက်
သောသံကျပ်စင်ထက်အသက်ဆုံးရှုံးပျက်စီးရသေါမိဘုရား

စေါလုံကဲ့သို့ မရျပျက်စီးတတ်သဉ်ဖြစ်၍ ယင်းသို့ဖြစ်ခြင်းကို အလိုမရှိသော အမျိုးကောင်းသမီးတို့သည် လင်ကိုမပြစ်မှား အပ်ဟူသော ဥပဒေသကိုပြသည်ယူရမည်။



မေးခွန်းကောံနုတ်ချက်ပါ။ သေးသေးတင်မသတ်အ ငင်နှစ်ချက်ရစပ်နည်း၃ပုဒ်တွင်။ဒုတိယပုဒ်။

ရှစ်ပါးအင်ရုံ။တရားရုံ။ပါယ်ဘုံမြော်ထောံတွေး။ ။ ပုဒ်ရင်း။ ဟူသည်ကား။

အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောတရားသူကြီး ရုံသမတ် ပိဏ္ဍတ္ထ။ ပြုလုပ်သူတို့သည်။အပါယ်လေးပါးဟူ သောဒုဂ္ဂတိအလား။ လူဘုံနတ်ဘုံစသော သုဂတိအလားနှစ်ပါးရှိသည်ကိုထောံ မြော်၍။ဒုဂ္ဂတိအလားသို့မလားစေရသု ဂတိအလားသို့လား ရောက်ကြောင်းမြော်ထောံရမည်ဆိုလိုသည်။

၏နှိုက်။တရားသူကြီးရုံသမတ်တို့၏ အင်္ဂါကို။အနိုင် အဝယဝတ္ထံ။ အထက်မပြုသည်။ အဂတိလေးပါးသို့မလိုက်သည်။ အမှုနှင့် လျော်စွါစီရင်သည်ဟူ၍။ဓမ္မပဒပါဠိတော်အဖွင့်အဌကထာ နှိုက်သုံးပါးဆိုသည်။

တနဉ်း။မျိုးနွယ်သီလပြဉ်စုံသဉ်။ဂတိလေးပါးမလိုက် မှန်ကန်သည်။ ကောံခွဲယူငင်ခြင်းနှိုက်။ ပညာရှိသည်။ ချစ် ဖွယ်သော စကားကို ဆိုတတ်သည်။ ဓမ္မသတ်။ ရာဇသတ်။ ဖြတ်ထုံးတို့နှိုက်လိမ်မာသည်ဟူ၍။အနန္တ ညာဏ။ဂဏမိဿ ကပုဏ္ဏားစီရင်သောရာဇနီတိနှိုက်ငါးပါးဆိုသည်။

တနည်း။ အမျိုးမြတ်သည်။ သီလရှိသည်။ ဂုဏ်ရှိသည်၊ သစ္စာမှန်သည်။ နာပျော်ဖွယ်စကားရှိသည်။ သန့်ရှင်းပြေပြစ်သည်။ ကျစ်လျစ်သောစကားရှိသဉ်။ တရားအရာနှိုက်လိမ်မါသည်ဟူ၍။ မနုသာရရွှေမျည်းဓမ္မသတ်စသဉ်တို့နှိုက်ရှစ်ပါးဆိုသည်။

တနည်း။ အမျိုးမြတ်သဉ်။ သီလရှိသည်။ တရားသူကြီးဂုဏ်ရှိသည်။ သစ္စာမှန်သည်။ သူ၏စိတ်ကိုယူသကဲ့သို့သာယာစွာဆိုတတ်သည်။ ပြေပြစ်သောစကားကိုဆိုတတ်သဉ်။ စည်းလဲသေါအမှုသည်တို့ကိုသိခြင်းနှိုက်လိမ်မါသဉ်။ တရားသူကြီးအဖြစ်ကိုသူခပ်သိမ်းတို့ဆောင်တတ်သဉ်ဟူ၍။ ဝိနိစ္ဆယရာသီစသောဓမ္မသတ်ကျမ်းနှိုက်ရှစ်ပါးဆိုသည်။

တနည်း။ သုတများသည်။ စကားဆန်းကြယ်သည်။ နူးညံ့သည်။ ရဲရင့်သည်။ တည်ကြဉ်သဉ် ။ ပိဋကတ်ဗေဒင်တတ်သည်။ ထုံးပုံနည်းနါမှတ်တတ်သဉ်။ သဘင်အလယ်နှိုက်ဆိုဝံ့မိန့်ဝံ့ရှိသည်။ သူခပ်သိမ်းတို့စကားကိုလည်းမှတ်သားသည်ဟူ၍။ မာနုသိကဓမ္မသတ်ကျမ်းနှိုက်ကိုးပါးဆိုသည်။

၏သို့စသည်ဖြင့်။ တရားသူကြီးခုံသမတ်ပြုလုပ်သူတို့ဂုဏ်ကိုကျမ်းဂန်အများ ကွဲလွဲထူးချား အသီးအသီး ထွက်ရှိသော်လည်း။ မှတ်၍ဆိုသောဥပလက္ခဏနည်းအားဖြင့်အင်္ဂါရှစ်ပါး ကိုသာယူ၍ ရှစ်ပါးအင်စုံ ဟု စပ် ဆို လေသည်။ ထိုကြောင့်ဇနက္ကဘျို့တွင်။ ။မျိုးနွယ်သန့်ရှင်း။ သတင်းကျေးဇူး။ ဂုဏ်ထူးကျော်ဝှန်။ ဖြောင့်မှန်သစ္စာ၊ ပညာထင်ရှား။ စကားချိုသာ။ လိမ်မာနက်နဲ။ နှိုက်ခဲ့ယူငင်။ တရားရှင်ဟု။ ငါလျှင်ထင်ရှား။ အင်ရှစ်ပါးနှင့်။ မှတ်သားလောက်တုံ။ အများယုံသဉ်။ ခုံသမတ်တို့။ ဟူ၍တွင်းသင်းတိုက်ဝန်မဟာစည်သူစပ်ဆိုလေသည်။ ။ယင်းဆိုအပ်ခဲ့ပြီးသောသုံးပါး။ ငါးပါး။ ရှစ်

ပါး။ကိုးပါး။စသောအင်္ဂါနှင့်ပြည့်စုံလင့်ကစား။ပေါက်ပြန်၍ မတော်မတည့်စိရင်ဆုံးဖြတ်သော တရားသူကြီးခံသမတ်ပြုလုပ်သူတို့သည်။ အပါယ်လေးပါးဟူသောဒုက္ခတိအလားသို့လားရကြောင်းမျက်မှောက်တင်တင် အပြစ်ရောက်ကြောင်းမျှားကို။

တယိဒံတယာနာရဒသာမဒ္ဒံ။ အနုကမ္ပကာယေကုသလာဝဒေယျုံ။မာပေသုဏံမာစမုသာအာဘာဏိ။မာခေါသိဝဒ္ဓိမံသိကောတုဝံ။

နာရဒ။အိုနာရဒ။ အနုကမ္ပကာ။ သတ္တဝါတို့ကိုသနားတော်မူတတ်ကုန်သော။ကုသလါ။သတ္တဝါတို့စီးပွါးကိုကျင့်ခြင်းနိုက်သိမ်မွေသောပညာရှိကုန်သော။ ယေဇုဒ္ဓါဒယော။ အကြင်ဘုရားအစရှိသောပညာရှိတို့သည်။ယံဝစနံ။အကြင်စကားကို။ဝဒေယျုံ။ ဆိုကုန်ရာ၏။တံဝစနံ။ ထိုဘုရားအစရှိသောပညာရှိတို့စကားကို။အဟံပိ။ငါသည်လည်း။ဝဒါမိ။ဆိုအံ့။သုဏောဟိ။နားထောင်ပါလော။တယိဒံတံဘုဒံဒုက္ခံ။ထိုခံရသောဆင်းရဲကို။တယာ။ ရှင်နာရဒသည်။ သာမဒ္ဒံ။ကိုယ်တိုင်မြင်ရလေပြီ။တုဝံ။ အရှင်နာရဒသည်။ ဝိဒ္ဒံမံသိကော။ငါကဲ့သို့ကျေဝံကုန်းသားကိုစားရသောသူသည်။ ခေါ။စင်စစ်။ မာအာသိ။မဖြစ်လိုအံ့။ ဝိသုဏံ။ ချောပြစ်သောစကားကို။ မာအာဘာဏိ။ ဆိုလေ့မရှိပါနှင့်။မုသာ။ မတရားသောအမှုကိုစိရင်ခြင်းအစရှိသောမဟုတ်မမှန်သောစကားကိုလည်း။ မာစအာဘာဏိ။ဆုံးဖြတ်စိရင်ပြောဆိုလေ့မရှိပါနှင့်။ ။စသည်ဖြင့်လာသောပေတဝတ္ထုပါဠိတော်။

သောဂန္ဓာနောပိတေဝ အတ္ထောခတ္ထောအာရော ပေတ္တာဂန္ဓာတိ။ နိသိဒဂန္ဓာပိတေသေဝအတ္ထောသုနိသိဒါတိ။ တမေနံ

ဂိဇ္ဈာပိကာကာပိ ကုလလာပိ အနုပတိတွာ အနုပတိတွာဝိ တေဆွေနှိုဝိရောဇေနှိ။

ဘိက္ခဝေ။ ရဟန်းတို့။သော။ ထိုတရားသူကြီးပြိတ္တာ သည်။ဂစ္ဆန္တောပိ။ထ၍သွားသော်လည်း။တေဝအဏ္ဍေ။ထိုချင်း အဏ္ဍကိုသာလျှင်။ ခဏ္ဍေအာရောပေတွာ။ ပခုံးထက်တင်၍။ ဂစ္ဆတိ။သွားရဏ်။နိဘိဒန္တောပိ။ ထိုင်၍နေသော်လည်း။ တေ သွေဝအဏ္ဍေသု။ ထိုချင်းအဏ္ဍတို့နှိုက်သာလျှင်။ နိသီဒတိ။ ထိုင်၍နေရဏ်။တမေနံ။ထိုတရားသူကြီး ပြိတ္တာကို။ဂိဇ္ဈာပိ။ လင်းတတို့သည်လည်းကောင်း။ကါကာပိ။ ကီးတို့သည်လည်း ကောင်း။ကုလလာပိ။ စွန်ရဲတို့သည်လည်းကောင်း။အနုပတိ တွာအနုပတိတွာ။ ဝန်းရံလိုက်၍လိုက်၍။ ဝိတေဆွေနှိ။ထိုး ဆွပ်ကုန်ဏ်။ဝိရောဇေနှိ။ဆိတ်ဆွကုန်ဏ်။ ။စသည်ဖြင့်လာ သောပါရာဇိကဏ်ပါဠိတော်။

ဆန္ဒါဒေါသာဘယာမေါဟာ။ယောဓမ္မံအတိဝတ္တတိ။ နိဟိယျတိတဿယသော။ကာလပက္ခေဝစန္ဒိမာ။

ဆန္ဒာ။ ချစ်သဖြင့်လည်းကောင်း။ ဒေါသာ။ အမျက် ထွက်သဖြင့် လည်းကောင်း။ ဘယာ။ ကြောံသဖြင့် လည်း ကောင်း။ မောဟာ။ တွေဝေသဖြင့်လည်းကောင်း။ ယော။အ ကြင်သူသည်။ ဓမ္မံ။ တရားကို။ အတိဝတ္တတိ။ လွန်ကြူးဏ်။ တဿ။ထိုသူအား။ယသော။ အခြံအရံအကျော်အစောစည်း စိမ်ချမ်းသာသည်။ကာလပက္ခေ။လဆုတ်ပက္ခနှိုက်။စန္ဒိမာဝ စန္ဒိမာဇေ။လကဲ့သို့။နိဟိယျတိ။ယုတ်လေရာဏ်။ ။စသည် ဖြင့်လာသော နေတ္တိပါဠိတော် သံကိလေသဘာဂိယသုတ်။ သိင်္ဂါလေါဝါဒသုတ်စသဉ်တို့နှိုက်။အဂတိလေးပါးသို့ လိုက် ၍မတရားသဖြင့်စီရင်သော တရားသူကြီးခုံသမတ်ပြုလုပ်သူ ဟို့ဒုဂ္ဂတိအလားကိုဟောတော်မူသည်။ အဂတိလေးပါးသို့မ

လိုက်။ တရားသဖြင့် စီရင်သော တရားသူကြီး ခုံသမတ်တို့သည်လူနတ်စသောသုဂတိအလားသို့လားရကြောင်း။ မျက်မှောံတင်တင်အကျိုးရောက်ကြောင်းများကို။ ။ဓမ္မေနသမေနအဒ္ဓိုဝိနိစ္ဆယံနာမ။ကုသလံသဂ္ဂမဂ္ဂေါသေ။ ။ဟူသောရာဇောဝါဒဇာတ်။ ။ဆန္ဒာဒေါသာဘယာမောဟာ။ယောဓမ္မံနာတိဝတ္တတိ။ အာပူရတိတဿယသော။ ဇုဏ္ဏပက္ခေဝစန္ဒိမာ။ ။ဟူသောနေတ္တိပါဠိတော်သံကိလေသဘာဂိယသုတ်။ သိဂ်ါလော ဝါဒသုတ် စသည်တို့နှိုက် ဟောတော်မူသည်။

မဟာရာဇ။မြတ်သောမင်းကြီး။ ဓမ္မေန။တရားနှင့်။သမေန။ညီသဖြင့်။ အဒ္ဓိုဝိနိစ္ဆယံနာမ။ တရားဆုံးဖြတ်ခြင်း မည်သည်။ကုသလံ။ ကုသိုလ်တည်း။သေ။ ဤတရားနှင့်ညီသဖြင့်ဆုံးဖြတ်စီရင်ခြင်းသည်။သဂ္ဂမဂ္ဂေါ။နတ်ပြည်သို့ရောက်ခြင်း၏.အကြောင်းတည်း။ ။ဆန္ဒာ။ချစ်သဖြင့်လည်းကောင်း။ ဒေါသာ။ အမျက်ထွက်သဖြင့်လည်းကောင်း။ ဘယာ။ကြောံသဖြင့်လည်းကောင်း။မောဟာ။တွေဝေသဖြင့်လဉ်းကောင်း။ ယော။အကြင်သူသည်။ ဓမ္မံ။တရားကို။နာတိဝတ္တတိ။ မလွန်ကြူး။တဿ။ထိုသူအား။ယသော။ အခြံအရံအကျော်အစောစည်းစိမ်ချမ်းသာသည်။ဇုဏ္ဏပက္ခေ။ လဆန်းပက္ခနှိုက်။စန္ဒိမာဝစန္ဒိမာဇူဝ။လကဲ့သို့။အာပူရတိ။ ပွားများပြည့်စုံလေရာ၏.။ ။ဤသို့စသည်ဖြင့်။ အဂတိလေးပါးသို့ မလိုက်မူ၍တရားနှင့်အညီစီရင်သောတရားသူကြီးခုံသမတ်ပြုလုပ်သူတို့သုဂတိအလားကိုဟောတော်မူသည်။

သတ်ပုံအစပ်တွင်။ ပယ်ဘုံမြော်ထောံတွေးဟူသည်နှိုက်။ပယ်ကို ဒုဂ္ဂတိအလား။ ဘုံကိုသုဂတိအလား ယူခြင်းသည်။ထိုထိုဓမ္မသတ် ကျမ်းဂန်တို့နှိုက်။ အဂတိသို့ လိုက်မ

လိုက်။လိုက်လျှင်အပြစ်။မလိုက်လျှင်အကျိုးဟုသီးချိုးကွဲပြား ထွက်ရှိသည်ကို ထောံ၍ရင်း။ အချုပ်မေးခွန်း ထုတ်နုတ်၍ သက်သေတို့ကိုမေးရာနှိုက်၊ဘုံဝရဲကိုပြ၍မေးရမဉ်ဟူသော ရှေးသူဟောင်းတို့ ပညပ်ထင်ရှားသည်ကို ထောံ၍ရင်း။ ကွဲ ပြား၍ယူသင့်သည်ဟုရေးလိုက်သည်။ မသင့်ထင်လျှင်။ပြင် ဆင်၍ယူတော်မူကြစေကုန်သတည်း။

ဥပဒေသ။ ဤစကားရပ်ဖြင့်။တရားသူကြီးခုံသမတ်ပြုလုပ်သူတို့ သဉ်ဆိုအပ်ခဲ့ပြီးသော။သုံးပါး။ငါးပါး။ရှစ်ပါး။ကိုးပါးစသော် အင်္ဂါနှင့်အခြင်းခပ်သိမ်း ပြည့်စုံစေရာသည် ဟူသောဥပဒေ သ။ယင်းအင်္ဂါနှင့်မပြည့်စုံသူကို တရားသူကြီးခုံသမတ်မခန့် မထားရာဟူသောဥပဒေသ။ ဆန္ဒာဒေါသာဘယာမောဟဟူ သေါအဂတိလေးပါးသို့လိုက်၍မတရားသဖြင့်စီရင်ဆုံးဖြတ် ခြင်းကိုမပြုအပ်ဟူသေါဥပဒေသ။အဂတိလေးပါးသို့မလိုက် မူ၍တော်တည့် ဖြောင့်မတ်စွာစီရင်ထုံး။ ဖြတ်ထုံးဓမ္မသတ်။ ရာဇသတ်။ကျမ်းဂန်အထောံအထားများနှင့် နှိုင်းညှိဆုံးဖြတ် စီရင်ရာသည်ဟူသောဥပဒေသများကိုပြသည်ယူရမည်။



မေးခွန်းကေခံနုတ်ချက်ပါ။ သေးသေးတင် မသတ်အ ငင်နှစ်ချက်ရစပ်နည်း၃ပုဒ်တွင်။တတိယပုဒ်။

ပုဒ်ရင်း။ သုလင်နှင့်ကြို့။တံခါးခုံ။လွတ်ရုံကျော်၍ပြေး။ ။ဟူ သည်ကား။

ဒိဏ္ဍတ္ထ။ မယားခိုးခုနစ်ပါးတွင်၊အိပ်ရာတိုက်ခန်းနှိုက်မိန်းမနှင့် အတူတွေ့မိကရိုက်နှက်၍သေသော်လည်းအပြစ်မရှိ။ တံခါး

ခုံသို့ရောက်က။မပုတ်ခတ်ပိုင်ဟူရကား။သုမယားကိုပြစ်မှါး လွန်ကြူးသူတို့ လင်ကြီးနှင့်တွေ့မိလျှင်။ အသက်ချမ်းသာလို က။တံခါးခုံကိုလွန်မြောံအောင် လက်လွတ်ထွက်ပြေးရမည် ဆိုလိုသည်။

ဤနှိုက်။မယားခိုးခုနစ်ပါးဟူသည်။ အဝယဝတ္ထံ၊
ဟတ္ထဂါဟ။လက်ကိုကိုင်ခြင်းတပါး။
ဃရပတ္တ။လင်မရှိခိုက်အိမ်သို့ရောက်ခြင်းတပါး။
ဂုယှဌာန။ ရှိဝှက်သောအရပ်နှိုက် ကာမဂုဏ်နှင့်စပ် သောစကားကိုပြောခြင်းတပါး။
သလ္လါပ၊ကါမဂုဏ်ဖြင့်ဖြောင်းပြပြောဆိုခြင်းတပါး။
သေနိ။တင်းတိမ်အတွင်းသို့ဝင်ရောက်ခြင်းတပါး။
ဒွါရ။တိုက်တံခါးအတွင်းသို့ဝင်ရောက်ခြင်းတပါး။
သေယ။အိပ်ရာသို့ရောက်ခြင်းတပါး။
ဟူ၍ခုနစ်ပါးတဉ်း။ထိုခုနစ်ပါးတို့တွင်။ ဂုယှဌါနနှင့်။
သေယ။ဤနှစ်ပါးသောခိုးခြင်းမှာ။ ကာမပြစ်လုံးထွန်း စီရင်ရသည်။အကြွင်းငါးပါးမှါပြစ်ဝက်စီရင်ရသည်၊သေယ နှိုက်အတူအိပ်နေစည်တွေ့မိက။ ပုတ်ခတ်သေဆုံးသော်လဉ်း အပြစ်မရှိ။တွေ့မိစဉ်ခိုးကြောင်သူက။မပုတ်ခတ်လင့်။ တရား ရှိရာခံပါမည်ဆိုသော်လည်းကောင်း။ လက်လွတ်တွက်ပြေး၍တံခါးခုံကိုလွန်မြောံသော်လည်းကောင်း။ မပုတ်ခတ်ပိုင် ချေဟု။ဝိဝန္ဒဌာယီကပ်ဦးအစ။ ဘုရားလောင်းမဟာသမတ မနုမင်းမြတ်အား။ မာနုဿိကရှင်ရသေ့စီရင်၍ဆက်သည်။ ဣဏကောသာသကောစေဝ။ ဂါထာဦးတက်သည်မာနုဿိ ကမေ့သတ်အကျည်း။

သက္ကရာဇ်၅၃၆ ခုနှန်းတက်တော်မူသော ပုဂံနရပတိစည်သူမင်းလက်ထက်။ဒလမြို့စီရင်စုပတိပ္ပဇေယျရွါဇာတိ၊ သာမဏေမည်ရဟန်းမည်ရှင်သာရိပုတ္တရာ။ တံဆိပ်မည်မွေ ပိလာသ။ ပုဂ္ဂိုလ်သူမြတ်ဒလမြို့တွင် သတင်းသုံးနေစည်။မနူ ရင်းမွေသတ်ကိုမှီ၍စီရင်သည်မွေပိလာသမွေသတ်။

ရာဇမဏိစူဌာဘုရား ဒါယကာသာလွန်မင်း တရား ကြီးလက်ထက်။ စလင်းမြို့ဇာတိ အကျော် ၄ပါးနှင့် ပြည့်စုံ တော်မူသောတောင်ဘီလာပုဂ္ဂိုလ်ကျော်နှင့်။ ကိုင်းရွာစားမ နူ ရာဇာတို့စီရင်သည်မနုသာရရွှေမျည်း။

ရတနာပူရတတိယမြို့တည် ဆင်ဖြူ။ရှင်ဘုရား လက် ထက်။ပခန်းကြီးမြို့စီရင်စု။ဖျသီးရွာဇာတိ။ အတွင်းဝန်မြေဝံ ဘက်ကိုးသင်းမြင်းဝန်။ယင်းတော်မြို့စါးဝဏ္ဏမွေကျော်ထင်၊ မဟာဇေယသူရ။ ငယ်မည်မောင်မြတ်အောင် စီရင်သည်မနု သာရမွေသတ်။

ရတနာပူရအဝမြို့လောက သရဘူဒါရကာ ဟံသာဝ တီရောက်မင်းတရားလက်ထက်။ အိမ်ရှေ့ကျောင်းတွင်။ သ တင်းသုံးနေစဉ်၊ရှင်မဟါဗုဒ္ဓက်။ရသူမြတ်စီရင်သည်။ကိတ္တိ မွေသတ်ကျော်။

စလင်းမြို့စီရင်စုဆင်ဖြူ။ကျွန်းနိဂုံးနှိုက်၊ဆုံတားဆရာ တော်ဘုရားကြီးသတင်းသုံးနေစည်။ ပခန်းငယ်မြို့ခုံအတုလ ကျော်စွာလျှော် တောင်းပန်၍ စီရင်တော်မူသည်မနုရင်းမွေ သတ်။

တပယင်းမြို့စီရင်စုဝန်းကြည့်ရွာဇာတိ။ ရဟန်းမည် ရှင်ကေတုဇ။ လူမည်ဦးမြတ်သီးစီရင်သည်။ တိလောက တု လျရတနံချီမနုမွေသတ်ပါဌ်။ရင်းဋီကာ။

ရတနာသိဃ်မြို့ရှင်တေဇောသာရ စီရင်သည်မနူရင်း ပါဠိအနက်။

ရတနါသိဃ်မြို့အလောင်းမင်းတရားကြီးဘုရားလက်ထက်။ကျုံးဝန်ဘုမ္မဇေယ။ မဟာသီရိဥတ္တမဇေယသကြီနှစ်ဖွဲ့ခံ၍။မနူဆယ်တွဲကို။တဆဲ့ရှစ်ပိုင်းဖွဲ့၍။ ။ဂါထာစုဏ္ဏိယမဖက်စကားပြေသက်သက်စီရင်သည်မနူကျယ်မေ့သတ်။

ဟံသာဝတီဆင်ဖြူမျိုးရှင်သားတော်၅ဆူဒါယာကာတောင်ငူရောက်မင်းလက်ထက်။ရတနါပူရရွှေစဉ်းခုံကျောင်းဆရာတော်တပည့်။မြင်ကွန်းမြို့သား။ မေ့ပိလာသပုဂ္ဂိုလ်သူမြတ်သည်။မြင်ကွန်းမြို့တောင်ပေါ်တွင်။ သတင်းသုံးနေသည်ကာလ။ သက္ကရာဇ်၁၀၁၂ခု။ နတ်တော်လဆန်း ၅ရက်ခန့်နေ့စီရင်၍ပြီးသည်။ ကိုးပါးနာ။ဂုဏလုံးခြုံ။အစချီသည်မြင်ကွန်းမေ့သတ်လက်ာ။

ရတနာသိဃ်မြို့ဇာတိမောင်ပိုဆို။မင်္ဂလာညွှန့်စည်ချီ။ ဝါရူမေ့သတ်လက်ာ။

တွင်းသင်းဝန်မဟာစည်သူ။ ငယ်မည်ဦးထွန်းညိုဆို။ မဟာပရမချီ။မနူရင်းလက်ာ။

ရင်းဦးထွန်းညိုပင် ရဟန်းဖြစ်စည်။ လက်ာသာရအမည်နှင့်စီရင်သည်။မဟာအစိန္ဒေယချီ။ မနူမေ့သတ်ရွှေမျည်းလက်ာ။

ရင်းလက်ာသာရအမည်နှင့် ဦးထွန်းညိုပင်စီရင်သဉ်။ မနူဝဏ္ဏနာမေ့သတ်လက်ာ။

စသောမေ့သတ်ကျမ်းတို့နှိုက်အညီအညွတ်ဆုံးဖြတ်ကြသည်။

၏နှိုက်။ အနည်းငယ်မျှသော သမုဒ္ဒရာရေကို သော်သဖြင့်။သမုဒ္ဒရာလေးစင်းနှိုက်ရှိသော ရေတို့၏အရသာကို

သိနှိုင်သကဲသို့ အနည်းငယ် သောရေနှင့် တူသောမယားခိုး ပြစ်။ယင်းအပြစ်တွင်။သေယကခိုးခြင်းဟူသော တဆိတ်တ ဒေသမျှတရား အဆုံးအဖြတ်ကို ပြဆိုသဖြင့်။ သရဒ္ဒရာလေး စင်းနှင့်တူသောပြဆိုခဲ့ပြီးသော ထိုထိုဓမ္မသတ် ကျမ်းဂန်တို့ နှိုက်ရှိသော အဆုံးအဖြတ်နည်းနာအရသာများကို လေ့လာ သိကျွမ်း သင့်သည်ဟု မှတ်ရမည်။ ထိုကြောင့်။ မဂ္ဂစိုးခန်း တွင်။ ။ဓမ္မသတ်လည်း။မတတ်စရာ။ တော်တည့်စွာသား။ ပြည်ရွာဟူသည်။ပြည်သူစည်မှ။ပြည်၏ကြက်သရေ။ တက် လေလေ။ဟူ၍ဂင်း။

ငရဲခန်းတွင်။ ။တရားဓမ္မသတ်။လောကဝတ်လည်း။ တတ်မှတုံသာ။ခဲယည်းစွာလျက်။ စည်လာထုံးကြန်။ ရှေးသူ မွန်တို့။မှန်ကန်မြွက်ဟ။မိုးဝယ်လသို့။ဟူ၍ဂင်း။

ဂန္ဒီသာရတွင်။ ။ဆုံးဖြတ် မှုလည်း။ မနုလမ်း ဟောင်း။ တမျည်းကြောင်းဝယ်။ တိမ်းစောင်းမရှိ။ သမာဓိ ဖြင့်။ဟူ၍ဂင်း။

လောကသာရတွင်။ ။ဆရာမနု။ရသေ့ပြုသည်။လူ မှုဆုံးဖြတ်။ ဓမ္မသတ်နှင့်။ ညီညွတ်မယွင်း။ စောင့်စည်းခြင်း ဖြင့်။ဟူ၍ဂင်း။

ဟတ္ထိပါလတွင်။ ။ဆင်သီးဓမ္မသတ်။ လောကဝတ် လည်း။မှူးမတ်မင်းလို။အတိုအရှည်။ဟူ၍ဂင်း။

ဂင်းတွင်။ ။မကောင်းမှုကို။မပြုလှည့်စွမ်း၊မနုကျမ်း နှင့်။နှိုင်းတမ်းမချွတ်။တရားဖြတ်သည်။ဟူ၍ဂင်း။

ရွှေဟင်းသာမင်းပျို့တွင်။ ။အသိဆုံးဖြတ်။ဓမ္မသတ် လည်း။ တတ်စွထိုမင်း။ မပင်းလိုရာ။ မျက်နှာမကြည့်။ ဟူ ၍ဂင်း။

ဇနက္ကပျို့တွင်။ ။မနုသမတ်။ရှေးသူမြတ်တို့။ပညတ်

စည်ရှည်။ ထားခဲ့သည်ကို။ဖွေနှည်ခွဲနှိုက်။ဝမ်းထဲဖိုက်၍။ဟူ၍ရင်း။

ပါရမီခန်းတွင်။ ။မင့်တန်ဆိုး။ ကိုယ်ဆွေမျိုးလဉ်း။ အရိုးမလွတ်။ဓမ္မသတ်နှင့်။ညီညွတ်တည်တိုင်း။ နှုတ်ဟောင်းတိုင်းလျှင်။ဟူ၍ရင်း။

သံဝရတွင်။ ။ပိနိစ္ဆယ။ဓမ္မအရာ။မောဟာဂတိ။မရှိချီးချန်။အတတ်လွန်၍။နိုင်တန်သသူ။ဟူ၍ရင်း။

ဤသို့စသည်ဖြင့်ရှေးဆရာကျော်တို့စပ်ဆိုကြလေသည်။ ယင်းသို့စပ်ဆိုမှာထားခဲ့သော ဆရာမြတ်တို့၏ ဩဝါဒအနုသာသနီကို ထောံ၍။ တရားသူကြီးပြုလုပ်သူတို့ သည် ဓမ္မသတ်ကျမ်းဂန်အရပ်ရပ်ကိုတတ်ပွန်လိမ်မာ အောင်လေ့လာ အားထုတ်အပ်သည်။တရားသူကြီးဟူသည်။

အမှုသည်လည်းတရားသူကြီးတယောံ။

ရွာစားလည်းတရားသူကြီးတယောံ။

မင်းဧကရာဇ်တို့သမုတ်ပြဋ္ဌာန်းထားသူလည်း တရားသူကြီးတယောံ။

တရားကြပ်ဆင်တတ်သော သမသာသိ ကလည်းတရားသူကြီးတယောံ။

အနုညာတလည်းတရားသူကြီးတယောံ။

မင်းဧကရာဇ်လည်း။တရားသူကြီးတယောံ။

ဟူ၍ တရားသူကြီး ခြောံယောံ ရှိသည် အနုက်။ အမှုသည်။ရွာစား။ မင်းခန့်ထားသူ။ တရားကြပ်ဆင်သူ။ ယင်းလေးယောံတို့ စီရင်ချက်မှာမူကား။ မပြီးလိုလျှင် ပြီးစေမဆိုသာ။ပြီးလိုမှပြီးစေရသည်။အနုညာတနှင့် မင်းဧကရာဇ်တို့စီရင်ချက်မှာမူကား။ မပြီးလျှင်မနေသာပြီးစေဟူ၍ ထိုထိုဓမ္မသတ်ကျမ်းဂန်တို့နှိုက်မှာဆိုလေသည်ဖြစ်သောကြောင့်။ရေ

မြေသေဌ်နင်းမင်းတို့မည်သည် တရားမေ္မသတ်အ ရာနှိုက်အ လွန်လိမ်မာစေရာသည်။မေ္မသတ်နှိုက်အလွန်လိမ်မာ၍။ တ ရားစီရင်ရာလွှတ်တော်ရာဇပလွှင်ထက် စံနေတော်မူပြီးလျှင်။ ပြည်သူတို့၏ တရားကိုမရှုပ်မထွေး မပုပ်မဆွေးစေရမှန်ကန် ပြီးပြတ်လွယ်အောင်စီရင်သင့်ကြောင်းကိုလည်း။အဘိသိတ္တ ရညာနာမအဝဿံအဒ္ဓကရဏေနိသီဒိတဗ္ဗံ။ ဟူသောသုတ္တ နိပါတ်အဌကထာစသော သာသနာဝင်ကျမ်းဂန်။ ရာဇာသ နေနိသိဒိတွာပဌမံစတုယောဇနောစသော မေ္မသတ် ကျမ်း ဂန်။မင်းဧကရာဇ်တို့လွှတ်တက်၍တရားစီရင်မဉ်ထွက်တော် မူရာအခမ်းအနားစီရင်ခင်းစီရင်ဖွယ်များကို ဆိုသောလော ကဗျူဟာခေါ်။ အင်ရုံစာတမ်းစသော စာဟောင်း စာတမ်း ထွက်ရှိသည် များကိုထောံ၍ ရှေးရှေးသောမင်းကောင်းမင်း မြတ်တို့လွှတ်ကွန်းသဘင်တက်၍ စည်ဆက်မပြတ်တရားစီ ရင်မြဲထုံးစံရှိကြောင်းကိုမှတ်ရမည်။

ယင်းအစည် တန္တီပဝေဏီ ထုံးစံလည်း။ သက္ကရာဇ် ၁၀၆၀တွင်။နန်းတက်တော်မူသောမာရ်အောင်ရတနာဒါယ ကာစနေမင်းတရားလက်ထက်ကစ၍ တိမ်မြုပ်ပြတ်လတ်ရှိ သည်နှင့်။ လွှတ်တက်အခမ်း အနားစာဟောင်း စာတမ်းအ မှတ်အသားများကို မတွေ့မိချေ။ အမရပူရပဌမ မြို့တည်နန်း တည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး ဘုရား လက်ထက်တော်တွင်မှ။လွှတ်တက်အခမ်းအနားတွင်။ ထုတ် ပြန်တော်မူသည်အမိန့်တော်စီရင်သည် အစီအစည် အမှတ် အသားများကို တွေ့မိချေသည်။ သို့ဖြစ်၍ ရေမြေသေဌ်နင်း မင်းဧကရာဇ်တို့သည်မေ္မသတ်ကျမ်းဂန် တတ်ပွန်လိမ်မာ၍ တရားစီရင်ရာ လွှတ်ကွန်းသဘင်သို့ ထွက်စံတော်မူမြဲ ဖြစ် ကြောင်းကိုအမြဲမှတ်သားရာသည်။

ဤစကားရပ်ဖြင့်။ မေ့သတ်ကို။ မတတ်စရာ။ တော် ဥပဒေသ။
တည့်စွာသား။ ဟူသောလက်ာ၏အရကို။ မေ့သတ်မတတ်
သော်လည်းတော်တည့်လျှင် ပြီးသည်ပင်ဟုယူကြသည်။ထို
သူတို့၏ အယူသည်ပင်။ ထိုသူတို့၏အပြစ်ဖြစ်သည်။ ဖြစ်
ကြောင်းကား။ မတတ်သော်လည်းတော်တည့်စေရ မည်ယူ
က။မတတ်မူ၍။တော်တည့်သေါအရာမည်သည်မေ့ကြောင်း
ဖြစ်စေ။ လောကကြောင်းဖြစ်စေ။ တစုံတရာနှိုက်ပင်မထင်
မြင်ရကား။ယင်းသည်ပင်အပြစ်တည်း။ မဟောသထာပဏ္ဍိ
တ။သေနက ပဏ္ဍိတ။ ဝိဒူရပဏ္ဍိတ။ တုဏ္ဍိလ ဝက်မင်းစ
သောအလောင်းတော်တို့မေ့သတ်ကိုမတတ်တကားဟူငြား
အုံ။ယင်းအလောင်း တော်တို့သည် ပုဂ္ဂလဝိသေသ ဖြစ်လေ
သောကြောင့်ရင်း။ မေ့သတ်လည်း။မတတ်စရာ။ တော်တည့်
စွာဟု။စပ်ရင်းလက်ာလည်း အလောင်းအလျာဖြစ်သောပုဂ္ဂ
လဝိသေသကိုမှာထားသောအရာ မဟုတ်သောကြောင့်ရင်း။
စပ်ဆိုရင်းဆရာ၏အာဘောဂကိုလည်း။ငရဲခန်းတွင်။ ။
တရားမေ့သတ်။လောကဝတ်လည်း။ တတ်မှတုံသာ။ ခဲယဉ်း
စွာလျက်။စည်လာထုံးကြန်။ရှေးသူမွန်တို့။မှန်ကန်မြွက်ဟ။ဖိုး
ဝယ်လသို့။ဟူ၍ယင်းရှင်အဂ္ဂသမာဓိဆရာ သူမြတ်သည်ပင်
မေ့သတ်တတ်သင့်ကြောင်းကို။ ဓိဓိသဘောရှိသည် အတိုင်း
ထပ်ပြဆိုသော စကားရပ်ဖြင့်ပင်။ ထင်လင်းသိသာသော
ကြောင့်ရင်း။မေ့သတ်ကိုတတ်မြောံအပ်သည်ဟုယူရမည်။

စပ်ရင်းလက်ာနှိုက် မတတ်စရာဟူသည်။ မတတ်ရ
မည်မဟုတ်။မတတ်စရာတတ်သည်။ မလှစရာလှသည်စသ
ဖြင့်ဝေါဟာရခေါ်ဝေါ်ထုံးစပ်ထုံးများမှာ။

နတ်ရှင်နေါင်ဆို။အောံမေ့ချေချေ။ချီရတုတွင်။ ။ပန်း

လည်းနွေလ။ပေါ်သမျှဝယ်။မလှစရာ။ဇလထာနှင့်။ သိင်္ဂါချပ်စီ။သရဘီသည်။ဟူ၍ရင်း။

ဇနက္ကပျိုတွင်။ ။မဟာနဒ။လယ်ချက်မတွင်။မလှစရာ။ရုပ်ဝါရွှန်းစက်။ပျိရွယ်သက်နှင့်။ဟူ၍ရင်း။

ရင်းတွင်။ ။ကျေဝံသားရေပက်။မစိုစက်သို့။မခက်စရာ။ခဲယည်းစွာဟု။ရှိကြာလက်ထား။ဟူ၍ရင်း။

ရှင်မဟာ သီလဝံသဆို။ နန်းအောင်မြေချာ။ ချီရတုတွင်။ ။ယူတည့်းသမ်း။ တတမ်းတမ်းသည်။မလွမ်းစရာလွမ်းစရာ။ဟူ၍ရင်း။

ဘူရိဒတ်ဇာတ်ပေါင်းတွင်။ ။သူပျက်အလို။ ချောလျောအိုလျှင်။မဆိုစရာ။သွပ်ပျူ၊ဌာနှင့်။ဟူ၍ရင်း။

စပ်ဆိုထုံးရှိသည်။ယင်းစပ်ဆိုထုံးလက်ာ၏ သဘောများကို။ ကျနအောင်မယူ ဆန့်ဝင်သူတို့ အယူသို့လိုက်၍မွေသတ်ကိုမတတ်သင့် မတတ်ထိုက်ဟု မမှတ်လင့်တတ်မြေဝံအပ်သည်သာ ဟုအမြဲ ယူမှတ်ရမည်။ ။တတ် မြေဝံအပ်သည်ဖြစ်၍လည်း။ အဌာရသအတတ်မျိုးတွင် တပါး အဝင်ရေတွက်၍ ပါရှိလေသည်။ သို့ဖြစ်၍မွေသတ်ကို ပြဆိုခဲ့ပြီး သောတရားသူကြီးခြေဝံဦးတို့သည်အထူးသဖြင့် တတ်မှတ်ရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

၏တွင်ရွှေ့ကား။ပုဒ်ရေ၃အရအဖြေအဓိပ္ပါယ်ပြီး၏။



မေးခွန်းကေဝံနှတ်ချက်ပါ။ တချောင်းဝင်။ သေးသေး
1 တင်မသတ်ဝိသဇ္ဇနီထိုးစပ်နည်း၂ ပုဒ်တွင်။ ။ပဌမပုဒ်။

ပုဒ်ရင်း။ ဇော်တခိုင်လုံး။စာစပ်ထုံး။အဆုံးများလှလွန်း။ ။ဟူသည်ကား။

ရတုကဗျာချီနည်း ချနည်း ၂၅ပါးတွင်။အချအဆုံးပိုဒ် ပိဏ္ဍတ္တ။
နှိုက်။အက္ခရာ၉လုံးချသော ဇော်တခိုင်လုံး စာစပ်နည်းဆို
လိုသည်။

ဤနှိုက်။ရတုချီချနည်းဟူသည်ကား။ အဝယဝတ္တ
ထူးဆန်းထွေလာ။
ညွန့်ရှင်။
ပေါက်ပြ။
ငုံဘူး။
ပုလဲသွယ်။
လည်ကုပ်ချီ။
အဖျားကောံ။
ရွှေလောင်းပြန်။
သော်တာရောင်။
ကက္ကုဆူးချီကက္ကုဆူးချ။
နေရောင်ခြည်ပြေး။
ဖျောံဆိပ်လလယ်။
ညွန့်ဟုံ။
ခိုင်ညွတ်ခက်ဖြာ။
မဏိဆံကျင်။
အာသာဝတီဝတ်ဆံ။
မဏိဥပြည်း။
ဇော်တခိုင်လုံး။
မပြတ်ကေသာ။
ဇမ္ဗူသပြေသီးမှည့်။
ချိန်ခွင်ညှာ။

ဘီလူးရယ်။
စာကျိုး။
စာတုံး။
စာဆန်း။

ဟူ၍။ ၂၅ပါးရှိသော ဟူ၏့။ ထိုနည်းတို့တွင်။ ထူးဆန်းထွေလာဟူသည်ကား။သုံးပုဒ်လုံးပင်အရှည်အတိုမညီ။ အချီအချမတူဆိုခြင်းတည်း။ ။ညွှန့်ရှင်ဟူသည်ကား။ အသတ်ရှိသော စာလုံးဖြင့်သာ ချခြင်း တည်း။ ။ပေါက်ပြဟူသည်ကား။မသတ်သောအက္ခရာ။သတ်သောအက္ခရာအချီအချအမျှချခြင်းတည်း။ ။ငုံဘူးကား။၍ဟူသောအက္ခရာမပါ။ တပါးအသတ်ဖြင့်သာ ချီခြင်း ချခြင်းတည်း။ ။ပုလဲသွယ်ကား။ အသတ်ရော အချီအချ၍ ဟူသော အက္ခရာ ပါခြင်းတည်း။ ။လည်ကုပ်ချီဟူသည်ကား။ ရှေအပုဒ်၏့ဒုတိယပါဒ။တတိပါဒတို့တွင်။ တပါးပါးသောပဒနှိုက် အက္ခရာကိုဎင်း။အဓိပ္ပာယ်ကိုဎင်း။လည်ကုပ်တွင်ယူ၍ချီခြင်းတည်း။ ။အဖျားကောံဟူသည်ကား။ ရှေပုဒ်၏့အချတွင်ပါသောအက္ခရာကိုဎင်း။အဓိပ္ပာယ်ကိုဎင်းယူ၍ချီခြင်းတည်း။ ။ရွှေလောင်းပြန်ဟူသည်ကား။က။စ။တ။ယ။ပ။ရ။မှု။ဤအက္ခရာတို့ဖြင့်။ ချီခြင်းချခြင်းတည်း။ ။သော်တာရောင်ဟူသည်ကား။အသတ်တူ။အသံတူ။ကာရန်တူ။ ချခြင်းသည်။ သော်တာရောင်မည်၏့။ယင်းသို့ညီကြသော်လည်းဟု ချသောစာကား။အညွှန့်မဲ့စာထင်းမီးစလည်းဆိုသည်။ ။ကက္ကုဆူးချီကက္ကုဆူးချ ဟူသည်ကား။သုံ.ပိုဒ်လုံးပင် အချီအချမညီခြင်းတည်း။ ။နေရောင်ခြည်ပြေးဟူသည်ကား။ က။တ။ ထ။ဟူသောအက္ခရာသုံးလုံးတွင်။တလုံးလုံးဖြင့်ချ ခြင်းတည်း။ ။ဖျော်ဆိပ်လလယ်ဟူသည်ကား။ သက်သက်သောဝဏ္ဏ တလုံးနှစ်လုံးအ

ကြား တွင် ပါ၍ အသတ် ရှိသော အက္ခရာဖြင့် သာ ချခြင်း တည်း။ ။ညွှန့်ဟုံဟူသည်ကား။ ဝသတ်အက္ခရာများ၍ ချ ခြင်းတည်း။ ။ခိုင်ညွတ်ခက်ဖြာဟူသည်ကား။ ခုနစ်လုံးချ ဟူသမျှတည်း။ ။မဏိဆံကျင်ဟူ သည်ကား။ ၉လုံးချခြင်း တည်း။ ။အာသာ ဝတီဝတ်ဆံ ဟူသည်ကား။ ၁၁လုံးချ ခြင်းတည်း။ ။မဏိဥပြည်းဟူသည်ကား။ ၁၅လုံးချခြင်း တည်း။ ။ဇော်တခိုင်လုံး ဟူသည် ကား။ ၁၉လုံး ချခြင်း တည်း။ ။မပြတ်ကေသာ ဟူသည်ကား။ ၂၅လုံး ချခြင်း တည်း။ ။ဇမ္ဗုသပြေသီးမှည့်ဟူသည်ကား။၃၅လုံးချခြင်း တည်း။ ။သည့်ထက် အလွန်မချပြီ။ လွန်သော် ခေါင်းမရှိ သောပုဇွန်နှင့်တူ၏။ ။ချိန်ခွင်ညှာဟူသည်ကား။ ပဌမပိုဒ် နှိုက်အချရင်းကိုတတိယပိုဒ်နှိုက်အဖျားပြု၍။ တတိယပိုဒ်အ ချရင်းကိုပဌမပိုဒ်အဖျားပြု၍ဒုတိယပိုဒ်သာထူးစေလျက်ဆို ခြင်း။ပဌမနှင့် တတိယသာသံတူချ၍ ဒုတိယသံကွဲ ချခြင်း တည်း။ ။ဘီလူးရယ် ဟူသည်ကား။ သရူပ သဝဏ္ဏ ဖြစ် သောအက္ခရာအသတ်အသံတို့ဖြင့် လှီးလွှဲပြုခြင်းတည်း။ ။ စာကျိုးဟူသည်ကား။ ဝသတ်နှင့် အသတ်သဝေခြားနှင့် အ သတ်ရှိခြင်းတည်း။ ။စာတုံးဟူသည်ကား။ ဝသတ်နှင့် ညီ သတ်။ တသတ်နှင့်ပသတ်။နသတ်နှင့်မသတ်။စပ်ခြင်းချီခြင်း တည်း။ ။စာဆန်းဟူသည်ကား။ဆိုအပ်ပြီးသော နည်းတို့ မှတပါး။ထားလိုတိုင်းအက္ခရာဖြင့်ချခြင်း။ အသတ်အသံကာ ရန်မညီမညွတ်ခြင်း။မလိမ်မာသောသူဝယ်တို့သည် မဖွယ် မရာမပီမပြင်ဆိုသောစကားနှင့်တူသတည်း။

၏သို့သေါစါတို့တွင်။အစဆိုသေါသူ။အညွှန့်ရှိသော သူတို့သည်။ကက္ကူ။ဆူးချီကက္ကူ။ဆူးချဇော်တခိုင်လုံး။ဇမ္ဗုသ ပြေသီးမှည့်တို့ကိုမချီမချရာ။ဘီလူးရယ်၊စာကျိုး။စာတုံး။စာ

ဆန်းတို့ကို။မည်သူမျှမဆိုရာ။ ။အစဆိုသောသူတို့ကိုရည်ရွယ်ဟောသည်။စာဆိုကြီးကိုမဆို။ ။ဘုရားနှင့်စပ်၍ဆိုစဲ့။ အစသော်လည်းထားရာ၏။အဆုံးသော်လည်းထားရာ၏။"ထိုသို့ထား၍ဆိုသော်လည်း ဘုရားမြတ်စွာတို့ကို အတိုင်းမသိချီးမွမ်းရာ၏။စကြာမင်းကိုလျော်လတ်သော်အတိုင်းမသိအထူးအဆန်းချီကြူးသကဲ့သို့။ ထို့နှင့်အတူချီကြူးလျော်ရာ၏။ ဘီလူးရယ်။စာကျိုး။စာတုံး။ စာဆန်းကဲ့ဆိုသောသူတို့ကား။ မျက်စိနှစ်ဘက်မရှိသောသူတို့နှင့်တူ၏။ စဉ်းစိမ်ချမ်းသာတို့လည်းမတည်ရာ။အသက်လည်းမရှည်ရာ။အပြစ်ကင်းအောင်ဆိုးသောသူတို့ကားအပစ်မရှိရာ။ ကျော်စောရာ၏,ဟုဥဒ္ဒေးဆရာတို့ဟောခဲ့ ကုန်ပြီဟူ၍။ကဝိကဉ္စုပါသကျမ်း၁၀ ရေး။ ၇ငယ်။ဂဲအက်ါတွင်ဆိုသည်။ ။ယင်းရတုချိုနည်းချနည်းနှင့်နည်းတူ။လေခနနယာဒီဒီပနီကျမ်း။ နယမေဒကျမ်းများတွင်ဆိုသည်။

ထိုရတုချိုနည်း ချနည်းတို့တွင်။ မင်းတစော အထိန်းတော်သားပြည်မြို့ဘွားနဝဒေးကြီးထောင်သင်းမှူး။မင်းလက်ယာဆို။

လွမ်းလျက်နေ၍ချီပြီးလျှင်။ ။ခွဲနောင်းဖြူ။စင်အပြင်လျှာညီးစုလည်းလျစ်လျှ။အိမ်သူချမ်းနှင့်လေတော့မည်ဟူ၍ ၎င်းချသည်။

တမ်းလျက်ခွေ၍။ချီပြီးလျှင်။ ။ဖြူ။စင်ခွဲ့ဂျင်းစိုးမင်းနတ်တာအိမ်သူမျိုးပင်သခင်လွမ်းနှင့်လေတော့မည်ဟူ၍ ၎င်းချသည်။

ကျွမ်းသက်ဝေ၍ချီပြီးလျှင်။ ။အသွင်ပဝင်းမျိုးရင်းသက်လှယ်နုနယ်ဖြူ။စင်အိမ်ဂျင်လွမ်းနှင့်လေတော့မည်ဟူ၍ ၎င်းချသည်။

သည်ကဲ့သို့ ၁၉ လုံးချဟူသမျှသည်ဇော်တခိုင်လုံးချ
နည်းဖြစ်သည်။ ။စွယ်စုံကျော်ထင်။တခြောင်းငင်သေးသေး
တင်မသတ်ဝိသဇ္ဇနီထိုးနှစ်ချက်သင့်ပုံဆွဲတွင်။ ။ဇော်တ
ခိုင်လုံး။စာစပ်ထုံး။အဆုံးချရိုးဘယ်သို့နည်းဟုစပ်ဆိုသည်။ ။
ကြွင်းသော ရတုကဗျာ ချိုနည်းချနည်းတို့ကို။ ဂရုပညာရှိ။ရ
ဟန်း၊မင်း၊မှုးမတ် ကဝိအရပ်ရပ်တို့စပ်ဆိုရေးသားပြန်လျှံ
ခဲ့သော။ဘုရားတိုင်။ ဘုန်းဘွဲ့။စစ်ရတု။ကျေးစေ။မိုးတော။မိုး
တိုင်။ မယ်ဘွဲ့မောင်ဆို။ ကိုယ်တွင်းပြည့်။ မိသကရတု။အ
တာသရစ်ဘွဲ့။သဘောတမ်း။ ရေလား။တောလား။ ပန်းဘွဲ့စ
သည်ဖြင့်များစွာရှိသည်။ ကျယ်မည်ကိုထောံ၍ မရေးထိုက်
သည်။

ဤစကားရပ်ဖြင့်။ရတုကဗျာလက်ာဘွဲ့ဆို စီကုံးရေး ဥပဒေသ။
သားသောအရာတို့နှိုက်တတ်မြောံကျွမ်းကြင်သဖြင့်။ကဝိတ
ဆူပြုလိုသူတို့သည်။ သတ်ပုံ။ သတ်ညွှန်း။ ရေးထုံးရေးနည်း
ဝေါဟာရအဟောင်းအသစ်ဂိုဏ်းကိရိယာ။နံတ်စောင့်။ဝံသ။
သူလသာပဒ။စသောကဝိလက္ခဏာအင်္ဂါပြည့်စုံလင့်ကစား၊
ယခင်ပြဆိုခဲ့ပြီးသောရတုကဗျာချိုနည်းချနည်း ၂၅ပါးတို့ကို
လည်း။လေ့လာပွန်းတီးတတ်မြောံမှ။ဤသို့ချိသင့်သည်။ဤသို့
ချသင့်သည်။ဤသို့မချိသင့်။ ဤသို့မချသင့်စသည်ဖြင့်။သက
ပက္ခ။ပရပက္ခနှစ်ပါးကို နှလုံးမှန်းသဖြင့်။ ပညာရှိတို့ချီးမွမ်း
ဖြောပလေံအောင်စပ်ဆိုစီကုံးနိုင်းသည်ဖြစ်၍ယင်းရတုချို
နည်းချနည်းများကိုလည်း။အမြဲမှတ်သားရာသည်ဟူသော ဥ
ပဒေသကိုပြသည်ယူရမည်။

မေးခွန်းကောံနုတ်ချက်ပါ။ တချောင်းငင်။ သေးသေး တင်မသတ်ပိသဇ္ဇနီထိုးစပ်နည်း ၂ ပုဒ်တွင်။ဒုတိယပုဒ်။

ပုဒ်ရင်း၊ နှုတ်ဖျားတာဖုံး။မြို့လည်းလုံး။မြင်းဆုံးဌက်မသန်း။ ။ ဟူသည်ကား။

ပိဏ္ဍတ္ထ။ အထက်နှုတ်ခမ်းနှင့်အောံနှုတ်ခမ်းလည်း။ ရွှေတာဖုံး ကဲ့သို့။စေ့စပ်ပြေပြစ်စေ။မြုံလည့်းမြင့်စေ။ဌက်လည်းမသန်း စေနှင့်။ယင်းအင်္ဂါနှင့်ပြည့်စုံမှုမြင်းကောင်းဆိုလိုသည်။

အဝယဝတ္ထံ၊ ဤနှိုက်။ မြင်းကောင်းတို့၏အပြားကို။ ကျမ်းဂန်လာ သည်အတိုင်းထုတ်နုတ်၍ရေးသားလိုက်အံ့။ ။အာဇာနည် မြင်းမနှင့်မည်းဖိုသင့်မြတ်၍ပေါက်ဖွါးသောမြင်းသဉ်၊အသ တိုရ်ရမြင်းမဉ်၏။ထိုကြောင့်။သဂါထာဝဂ္ဂ သံယုတ်အဌက ထာနှိုက်။ ။အဿတရန္တိဂဒြဘဿဝဋ္ဌဝါယဇာတိဟုဆို သည်။ ။အဿတရန္တိ။အဿတိုရ်ရမြင်းဟူသည်ကား။ဂ ဒြဘဿ။ မည်းဖိုကြောင့်။ဝဋ္ဌဝါယ။ အာဇာနည်မြင်းမနှိုက်။ ဇာတိ။ဖြစ်သောမြင်းမျိုးတည်း။ ။ဤကားအနက်။ ။ဓမ္မ ပဒအဌကထာ။အင်္ဂုတ္တိုရ်အဌကထာ။ သာရတ္ထဒီပနီဋီကာစ သည်တို့နှိုက်လည်း။အဿတရပုဒ်၏ အဖွင့်ကိုနည်းတူလာ သည်။

ဝဋ္ဌဝဿာတိအဿဇာနိယဿ ဟူသောဂေါဇာနိယ သိန္ဓဝဇာတ်အဌကထာကိုထေဝံ၍ဝဋ္ဌဝသဒ္ဒါကို။ အာဇာနည် မြင်းမဟူ၍အနက်ရေးလိုက်သည်။ ။ဤကားအဿတိုရ် မြင်း၏အကြောင်းတည်း။

အဿတိုရ်ရမြင်းမနှင့်။ ပကတိမြင်းမျိုး သင့်မြတ်၍ သန္တေရင့်မာရှိလျှင်။ ဖွားခြင်းဌာမတတ်နှိုင်ရကား။ မြေနှိုက်

ခြေလေးဘက်ကိုရပ်လျက်တည့် သော မြင်း မအား လေး ခု သောသစ်ငုတ်တို့ဖြင့်ဖွဲ့ချည်ပြီးလျှင်။ ဝမ်းကိုခွဲ၍ ယူရသော မြင်းငယ်ကိုသေဒွတို့ရ်ရမြှင်းဟုမှတ်ရ မည်။ ထိုအကြောင်း ကိုရည်၍။ အဂ်ထွိုရ်၏ အဒွကထာ။ သာ ရတ္ထဒီပဏီငှိကာ များနှိုက်။

တံအသေနသဒ္ဒိ်သမ္မယောဇနိသါဂဟ္ဟံဂဏ္ဍိတွာ ကာလေသမ္မတ္တေဝဓါယိတုံနသင်္ကောတိပါဒေဟိဘဒ္ဒိ်ပဟာ ရန္တိတိဒွတိ။အထသါစတ္တာရောပါဒေစ တူသုခါဏုကေသု ဗန္ဓိတွာကုဆ္ဆိ်ဖါလေတွာပေါတကံနိဟာရန္တိ။သာတဇ္ဇေဝမ ရတိ။ ။တံ။ထိုအသတို့ရမြင်းမကို။ အသေန။ ပကတိ မြင်းမျိုးနှင့်။သဒ္ဒိ်။တကွ။ သမ္မယောဇနိ။ ဂုဏ်ည်စေကုန်၏။။ သာ။ထိုအသတို့ရမြင်းမသည်။ဂဟ္ဟံ။သင်္ခေကို။ ဂဏ္ဍိတွာ။ ယူ၍။ကာလေ။ရင့်သောအခါသည်။သမ္မတ္တေ။ ရောက်လတ်သော်။ဝိဓါယိတုံ။ပွားအံ့သောငှာ။နသင်္ကောတိ။မတတ်နိုင်။ ပါဒေဟိ။ခြေတို့ဖြင့်။ဘဒ္ဒိ်။မြေကို။ပဟာရန္တိ။ပုတ်ခတ်လျက်။ တိဒွတိ။တည်၏။။အထ။ထိုအခါနှိုက်။အသာ။ ထိုအသတို့ ရမြင်းမ၏။။စတ္တာရောပါဒေ။ ခြေလေးဘက် တို့ကို။ စတုသု ခါဏုကေသု။သစ်ငုတ်လေးခုတို့နှိုက်။ ဗန္ဓိတွာ။ ဖွဲ့၍။ကုဆ္ဆိ်။ ဝမ်းကို။ဖါလေတွာ။ခွဲ၍။ပေါတကံ။သားငယ်ကို။ နိဟာရန္တိ။ ထုတ်ကုန်၏။။သာ။ထိုအသတို့ရမြင်းမသည်။ တဇ္ဇေဝ။ထို အရပ်နှိုက်ပင်လျှင်။မရတိ။သေလေ၏။ ဟူ၍ဆိုသည်။ ။ သေဒွော။မြတ်သည်။ဟုတွာ။ဖြစ်၍။အသတို့ရ မြင်းမျိုးကို။ တရတိ။ ကဲလွန်တတ်၏။။ ဣတိ တာသ္မာ။ ထို ကြောင့်။သေဒွတရော။သေဒွတို့ရမည်၏။။ ။ဤကားသေဒွ တို့ရမြင်း၏။အကြောင်းတည်း။

လွန်စွာအကြောင်းဟုတ်သည် မ ဟုတ် သည် ကိုသိ တတ်သောမြင်းသည်အာဇာနည်မြင်းမည်၏ထိုကြောင့်။

အာဇာနိယောတိဟတ္ထိဝါဟောတု အဿာဒီသုအညတရောဝါယောကာရဏာကာရဏံဇာနာတိ အယံ အာဇာနိယောဝစတုပ္ပဒါနံသေဌောတိအတ္ထော။ ။သံယုတ်အဌကထာ။ ။အာဇာနိယောတိ။အာဇာနည်ဟူသည် ကား။ဟတ္ထိဝါ။ဆင်သည်မူလည်း။ဟောတု။ဖြစ်စေ။အဿာဒီသု။မြင်းအစရှိသည်တို့တွင်။အညတရောဝါ။ တပါးပါး သည်မူ လည်း။ ဟောတု။ဖြစ်စေ။ယော။အကြင်ဆင် မြင်း စ သော သတ္တဝါ သည်။ကာရဏာကာရဏံ။ အကြောင်း ဟုတ်သည် မဟုတ် သည်ကို။ဇာနာတိ။သိတတ်၏။ အယံအာဇာနိယောဝ။ ဤသို့ သိတတ်သောအာဇာနည်သည်သာလျှင်။စတုပ္ပဒါနံ။ခြေလေးချောင်းရှိသောသတ္တဝါတို့တွင်။သေဌော။မြတ်၏။ဇူတိအယံ။ ဤသည်ကား။အတ္ထော။အနက်တည်း။ ။ဤကားအနက်။

ကာရဏာကာရဏံအာဇာနာတီတိအာဇာနိယော။ ။ သံယုတ်ဋီကာ။ ။ကာရဏာကာရဏံ။အကြောင်းဟုတ်သည် မဟုတ်သည်ကို။အာဇာနာတိ။လွန်စွာသိတတ်၏။ ဇူတိ။ထိုကြောင့်။အာဇာနိယော။ အာဇာနည်မည်၏။ ။ဤကားအနက်။ ။ယင်းအာဇာနည်မြင်း၏အင်္ဂါသုံးပါး။ အင်္ဂါလေးပါး။အင်္ဂါငါးပါး။အင်္ဂါခြောံပါးများကိုလည်း။တိက။စတုက။ ပဉ္စ။ဆက္က။အင်္ဂုတ္တရနိပါတ်တို့နှိုက်အသီးအသီးလါသည်ကို။ ကျယ်လွန်းအံ့စိုး၍မရေးလိုက်သည်။ ။ဤကားအာဇာနည် မြင်း၏အကြောင်းတည်း။

ကိုယ်သုံးဖြူ၍ကျီးဥက္ခောင်းခဲ့သို့ညှိသော ဥက္ခောင်း ရှိသောဖြူဆံမျက်နှင့်တူသောလည်ဆံရှိ သောမြင်း သည်ဝ လာဟကမြင်းမည်၏။ထိုကြောင့်။

တသ္မိ·ပနကာလေ ဗောဓိသတ္တော ဝလာဟ ကဿ ယောနိယံနိဗ္ဗတ္တိ။ သဗ္ဗသေတော ကာက သီသော မုဥ္ဇကေ သောဝေဟာသံ ဂမောအဟောသိ။ ဟုဒုကနိပါတ်ဝလာဟ ကဇာတ်နှိုက်ဆိုသည်၊ ။တသ္မိ·ပနကာလေ။ထိုအခါနှိုက်။ ဗောဓိသတ္တော။ဘုရားလောင်းသည်။ဝလာဟကဿ။ဝလာ ဟကမြင်း၏။ ယောနိယံ။အမျိုးနှိုက်။ နိဗ္ဗတ္တိ။ဖြစ်၏။ သဗ္ဗ သေတော။ကိုယ်လုံးဖြူ၏။ကာကသီသော။ ကျီးဥက္ခောင်းခဲ့ သို့ညှိသောဥက္ခောင်းရှိ၏။မုဥ္ဇကေသော။ ဖြူဆံမျက်နှင့်တူ သောလည်ဆံလည်းရှိ၏။ဇာဒ္ဓိမာ။ တန်ခိုးလည်းကြီး၏။ဝေ ဟာသံဂမော။ကောင်းကင်သို့ပျံသွားနှိုင်သည်။ အဟောသိ။ ဖြစ်၏။ ။ဤကားအနက်။ ။ဤအဆင်းသဏ္ဌာန်ကား။ဝ လာဟကမြင်းမျိုး၏။ အဆင်းသဏ္ဌာန် ပင်တည်း။ မဟာသု ဒဿနသုတ် အဌကထာနှိုက်ကား ပြဆိုခဲ့ပြီးသော အဆင်း သဏ္ဌာန်တွင်။ခြေလေးဘက်နှုတ်သီးနီသည်ဟု အထူးကိုဆို သည်။ထိုမြင်းကို။ စကြာမင်းတို့သာ စီးခြင်းဌာထိုက်သည် ဖြစ်၍။ ဝိသေသမြင်းဟုမှတ်လေ။ ။ထိုဝလာဟကမြင်း သည်။ ဟိမဝန္တာ တော စိတ္တကုဋ် တောင်နှိုက် နေစမှတ်ပြု ကြောင်း။အသောင်းတော် ဝလာဟကမြင်းသည် ဟိမဝန္တာ တောနှိုက်နေ၍။ သီဟိုဠ်ကျွန်းဝယ်သယံဇာတ သလေးစပါး ကိုစားကြောင်း။ စကြားမင်း၏.ဝလာက မြင်းရတနာသည် နံနက်စာမှီလေးကျွန်းလုံးကိုလှည့်လည်နှိုင်ကြောင်းကို။လော ကပညတ္တိကျမ်း။ ဆဂတိဒီပနီကျမ်း။ ဒုကနိပါတ်ဝလာဟ ကဇာတ်။မဟာသုဒဿနသုတ်တို့နှိုက်ဆိုသည်။ ။ဤကား ဝလာဟကမြင်း၏.အကြောင်းတည်း။

အလွန်လျင်သောသွားခြင်းရှိသော မြင်းသည်သိန္ဓော မြင်းမည် ကြောင်း။ ကောင်းကင် တိမ်တိုက် မပျံမသွားမ

ကျက်စားနှိုင်ကြောင်းကို။ မဇ္ဈိမပဏ္ဏာသအဌကထာ။တိက
နိပါတ်။ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်တွင်ဆိုသည်။ ။ရင်း
သိန္ဓဝမြင်းကို။ လောကီမြင်း ကြန်များတွင်။ ကိုယ်မွေးမန်
ကျည်းစေ့။ ခြေလေးဘက်မည်းသည်ဟုဆိုသည်။အမရပူရ
ပဌမ မြို့တည် ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး လက်
ထက်။တရပ်တို့ မေးချက်တွင်လည်း မြင်းမနှင့်နရားသင့်၍။
မွေးမြင်လျှင်။သိန္ဓောမြင်းခေါ်ကြောင်း။ အရေငကြင်းကြေး။
အမွေးကြိုးကြာ သဏ္ဍာန်ရှိကြောင်း။ ရှေးဦးတည်မင်းလက်
ထက်ကရဘူးကြောင်းနှင့်မေးချက်တွင်ထွက်ဆိုသည်။ ။
သမုဒ္ဒရာ၏.အနီးနှိုက်ဖြစ်သောကြောင့် သိန္ဓဝမည်သည်ဟူ
၍လည်း။ဓမ္မပဒအဌကထာ။ အင်္ဂုတ္တရနိပါတ် အဌကထာ
များတွင်ဆိုသည်။ ထိုသိန္ဓုမြစ်၏.အနီးနှိုက် ဖြစ်သောမြင်း
တို့ကား။အလုံးအရပ်ကြီးသည်။ခွန်အားကြီးသည်။ အခုန်အ
လွှားပေါ့ပါးလျင်မြန်သဉ်။ယခုကာလမှာမူကား။အနောံဇူနြို့
ယတိုင်းတွင်။ထိုအရပ်ကိုပဉ္စတ်ဟုခေါ်သည်။ထိုပဉ္စတ်မြို့တို့
နှိုက်ဖြစ်သောမြင်းတို့သည်ပြဆိုခဲ့ပြီးသောစွမ်းရည်ခွန်အား
နှင့်ပြဉ်စုံသဉ်။ ။ဤကားသိန္ဓေါမြင်း၏.အကြောင်းတည်း။

ဤသို့အဿတိုရ်မြင်း။ သေဌတိုရ်မြင်း။ အာဇာနည်
မြင်း။ဝေလာ ဟကမြင်း။ သိန္ဓောမြင်းဟူ၍ ကောင်းမွန်ထူး
မြတ်သော မြင်းမျိုးအဝင်ပင် ဖြစ်လင့်ကစားကောင်းမြတ်
သောဗွေကြန် လက္ခဏာကိုလည်း ကြည့်ရှု မှတ်သား အပ်
သည်ဖြစ်၍ နှုတ်ဖျားတာဖုံးစေ့စပ်စေ။ မြို့ပန်းမြင့်စေ။ဌက်
လည်းမသန်း စေနှင့်ဟူ၍မြင်းကောင်းတို့၏. လက္ခဏာကို။
ရွေးခြဲယ်စိစစ်ရာသည်။ ဤနှိုက်။ဌက်မသန်းဟူသည်။ အစာ
ဟောင်းကို စားသောသန္တာပြန်။ ရေဟောင်းကို သောံသော
သန္တာပြန်။အမြီးဝင်သောသန္တာပြန်သုံးပါးအနက်။အမြီးဝင်

သန္ဆာပြုနိမ့ပါ။အချိန်မရှိဝင်သည်ကိုသာယူရ မည်။ နေဝင်အ
ချိန်က။သန်ခေါင်အတွင်းအမြဲးဝင်မူ သန္ဆာ ပြုနိ မဆို ရဋ္ဌက်မ
သန်းဟူ၍ဆိုသည်။ထိုကြောင့်ကတိုးကျ တော်ရှိ။ဒွါရကျော်
ထင်ယောဒံဘာ။ စကြွေ့ ဇာတိ။ ကျမ်းဂန်တတ်မြောံသောရ
ဟန်းလူထွက်မောင်နှံးဆို။သင်္ကာရာဇာဒ၁ ဒုဆုစာပြီး ဖွေတိုး
ဂါမံအိမြင်းကြန်တွင်။ ။နေဝင်မူချုပ်စက။အချိန်သန်းခေါင်။
တိုင်လျင်းအောင်လျင်။မြန်နှောင်ဝင်လတ်ကမူ။ သကုဏဋ္ဌက်
များအပေါင်းတို့။အသိုက်သိမ်း လစ်။ ဝင်အိုန်ဖြစ်၍။ စင်စစ်
ယွင်းမချို့လျင်ကောင်းသည်မြို့ ဆို ရဏ်။။ အချိန်နှင့်ဝင်သည်
မှာ။မှန်စွာကောင်းသည်တည့်လေဟုစပ်ဆိုလေသည်။

ဤစကားရပ်ဖြင့်။ယခင်ပြဆိုခဲ့ပြီးသောမြင်း ကောင်း ဥပဒေသ
မြင်းမြတ်ဖြစ်လင့်ကစား။အချိန်ရှိမရှိမဆို အမြဲးဝင်က။သန္ဆာ
ပြုနိဖြစ်သည်ဟုအမှတ် မူ သဖြင့်။ ရှောင်ကြဉ်သည် ကြသောသူ
တို့အားအကယ်၍အမြဲးဝင်စေကာမူ။ ဌက်မသန်း ဖြစ်ကအ
ပြစ်မရှိကောင်းမြတ်သောကြန် လက္ခဏာ အဝင် ဖြစ်သည်
မှတ်ရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

ဤတွင်ဇွေ့ကား။ ပုဒ် ရေ့အ ရအဖြေ အ ဓိပ္ပာယ်
ပြီး၏.

မေးခွန်း ကေဝံနှုတ် ချက် ပါ။ သေး သေး တင်သက်
သက်စပ်နည်းဒ၁ ပုဒ်တွင်။ ။ပဌမပုဒ်။

ရာဇာသင်္ကြိ။ပညာလျှံ။ ပုဂံပြည်လုံးကဲ့။ ။ဟူသည် ဝဒ်ရင်း၊
ကား။

ဗိဏ္ဍတ္ထ။ ပုဂ့ံဥစ္စနာမင်းသားတော်သီဟသူ။ဖျင်လက်ကိုကွမ်း ဘတ်နှင့်ထွေးသဉ်ကိုအမှတ်ထားသဖြင့်။ရင်းမင်းသားတော် ငယ်မဉ်မင်းခွေးချေးကိုမင်းအဖြစ်သို့တင်၍။နရသီဟပတေ့ အမည်တော်ကိုခံလျက်။ မင်းအဖြစ်သို့ရောက် တော်မူလျှင်။ မင်းဖြစ်ဆောင်ပေသောသူတည်း ဟုအလွန်အကဲ အခြီးအ မြှောံကိုခံရသောရာဇသကြီအမတ်ဆိုလိုသည်။

အဝယဝထ္ထ။ ဤနှိုက် မင်းခွေးချေးကိုမင်းအဖြစ်သို့ဆောင်သေါအ ကြောင်းအထုပ္ပတ္တိများကို။ ပုဂံရာဇဝင်။ ရာဇဝင်ကြီး။ရာဇ ဝင်သစ်။ရာဇဝင်တော်များတွင်။ထွက်ရှိသဉ်အတိုင်းအမြွက် မျှထုတ်နုတ်၍ရေးသားလိုက်အံ့။ ။သက္ကရာဇ်၉၁၇တွင်နရသီဟပတေ့မင်းဖြစ်တော်မူ၏.။ထိုမင်းကိုအမတ်ကြီး ရာဇသကြီမင်းအဖြစ်ကိုပေးပေသောအကြောင်းကား။ နရသီဟ ပတေ့မင်း။မင်းသားလက်ထက်။ ထိုမင်းနောင် တော် သီဟ သူသည်။အမတ်ကြီးရာဇသကြီဖျင်လက်ကိုကွမ်း ဘတ်နှင့် ထွေးလေသေါအခါ။နရသီဟပတေ့မင်းသါးအမတ်ကြီး အိမ် သို့လာ၍။အဘိုးကျန်ုပ်ကိုမစပါဟူ၍ဆိုလေ၏.။အမတ်ကြီး ရာဇသကြီလဉ်းငိုလိုရာတွင်လက်တို့၏.သို့အရှင်သားဘို့သါ ဆိုလိုက်၏.။ထိုသို့ဆိုသဉ်နှင့်အညီ။မင်းအဖြစ်ကိုပေးပေ၏.။ နရသီဟပတေ့။မင်းအဖြစ်ကိုရတော်မူလျှင်။မေ့လျော့တော် မူ၍အမတ်ကြီးရာဇသကြီကိုမပြုမစုပဲနေဘိ၏.။ရာဇသကြီ လဉ်းနှလုံးကြည်သဖြင့်ပန်းကပ်ပဲ. ကိုဆောင်၍နန်းတော်သို့ တက်လေ၏.။မင်းကြီးလဉ်အဘိုးရာဇသကြီ။အဘဲ.ကြောင့် ပန်းကပ်ပဲ.ကိုစားသနဉ်းဟုမေးတော်မူ၏.။ ရာဇသကြီသဉ်း အသျှင်သားပန်းပွတ်သဉ်သားမြေးတို့သူကောင်းဖြစ်၍။ပွတ်

ပါမည်သူမရှိသောကြောင့်။ ပန်း ကပ်ပဲ. ကိုစား ရသည်ဟု လျှော်လေ၏.။

အချိုသောရာဇဝင်နှိုက်။ ကွမ်းကလပ်။ ပန်းကလပ် ဟူ၍အသီးအသီးရေးသားကြလေ သည်။ ပန်း ကပ်ဟူသည် ကား။ ရှေးမင်းမှူးမတ်တို့။ကွမ်းပန်းပေါက်ပေါက်ထည့်၍သုံး ဆောင်သောအသုံးအဆောင်တည်း။ ။အဘိဓာန်နှိုက်လည်း။ သမုဂ္ဂေါ။ပန်းကပ်။သမ္ပတော။ပန်းကပ်။ ကွမ်းသိုလည်းဟူ ၏.။ရွှေနန်းကြော့ရှင်နရပတိနန်း တည်ကျော်စာနိုက် လည်း။ ပန်းပေါက်ပေါက်ထည့်သောပန်း ကပ်ပန်းတောင်းကိုထား လေ၏.ဟုဆိုသည်များကိုထော်၍ ပန်းကပ်ဟု အခေါ်အဝေါ် အရေးအသားပင်သင့်သည်ယူရမည်။

မင်းကြီးလည်း။ အမတ်ရာဇသကြီလျှော်သောစကား ကိုကြားတော်မူသော်နှလုံးတော်နာသည်ဖြစ် ၍။ အဘိုးရာဇ သကြီဂူထွတ်ကိုတင်သောအခါ။ အဘယ်ဖြင့်တင်သနည်းဟု မေးတော်မူ၏.။ အသျှင်သားဂူထွတ်ကိုငြမ်းလုပ်၍တင်သည် ဟုလျှော်၏.။ ဂူထွတ်အထက်သို့ရောက်သော်ငြမ်းကို ပသို့ပြု သနည်းမေးတော်မူပြန်၏.။ အသျှင်သား ဂူထွတ် အထက်သို့ ရောက်ပြီးသော်ငြမ်းကိုဖျက်မှဂူထွတ် တင့် တယ် သည်ဟု လျှော်၏.။ မင်းကြီးလည်းငါကားဂူထွတ်နှင့်တူ၏.။ ရာဇသကြီ ကားငြမ်းနှင့်တူ၏.။ ဂူထွတ်အထက်သို့ ရောက် သကဲ့ သို့ငါ မင်းအဖြစ်သို့ရောက်ပြီ။ ငြမ်းနှင့်တူသောရာဇသကြီကို ဖျက် မှ။ ဂ။ ထွတ်တင့်တယ်သကဲ့သို့ဖြစ်မည်စည်းစိမ်သင်းပင်းအ ခြွေအရံတို့ကိုသိမ်း၍ဒလသို့ပို့လေမိန့်တော်မူ၏.။ အမတ်တို့ လည်းအမိန့်တော်နှင့်အညီပို့လေ၏.။ ရာဇသကြီ လည်း ခရီး သို့ရောက်လေသောအခါ။ လေပြင်းလာ၍သစ်ပင်ကြီးများမှ ကားကျိုးပဲ.၏.။ပန်းပြားပင်များမကျိုးမပဲ.။ ရိမ်း ခွဲ၍ သာရှိ

သည့်ကိုမျင်သော်။ကျွန်သားကိုယ်။ ပန်းပြားပင်ခန့်မျှမလိမ်
မာချေ။ သစ်ပင်ကြီးကဲ့သို့ကျင့်၍ ဤသို့ဖြစ်ရချေသည်ဟုသံ
ဝေဂယူ၍ဆိုဏ်။ ပို့သောသူတို့ပြန်ရောက်သော်။ရာဇသကြီ
အဘယ်သို့ ဆိုသနည်းဟု မေးတော်မူဏ်။ ပို့သသူလည်းအ
ကြောင်းမျိုးကို။အကုန်အစင်လျှောံလျှင်။ မင်းကြီးလည်းခပ်
မဆိတ်နေတော်မူဏ်။

ရာဇသကြီကိုပို့ပြီးဟုကြားလေသော် မစ္ဆဂိရိလည်း
ပုန်ကန်သောင်းကျန်းလေဏ်။မုတ္တမစားငန္ဓယ်မြေးငရွှေလဉ်း
ခြားနားရိုင်းပြလေဏ်။ ထိုအကြောင်းကို ကြားတော်မူသော်။
တိုင်ပင် ဘက်ဖြစ်သော အမတ်ပညာရှိမရှိသည် ဖြစ်၍မှိုင်
လျက်နေတော်မူဏ်။မိဘုရားစောက။အဘဲ့ကြောင့်မှိုင်ဘိသ
နည်း။ စစ်သူကြီးတို့နှင့် တိုင်ပင်တော် မူရာသည်။ ထိုနှင့်မ
ချိုက်သော်။ ရာဇသကြီကိုခေါ်၍တိုင်ပင်တော် မူလောနား
တော်လျှောံဏ်။ ရာဇသကြီကိုခေါ်ချေဟုအမတ်တယောံကို
လှေလျင်နှင့်စေတော်မူရာ။ ဒလမြို့သို့ရောက်လျှင်။ရာဇသကြီ
ကိုလှေလျင်နှင့်တင်၍ဆန်ခဲ့ဏ်။ ခရှိးနှိုက်တံငါတို့ကွန်စွန့်ရာ
ရသည်မြယောံကိုရာဇသကြီကရောင်းတော့ဆိုလျှင်။ တံငါ
တို့လည်းအမှတ်မဲ့ မသိသည်ဖြစ်၍ ပေးလေဏ်။ ရာဇသကြီ
လဉ်းကောင်းမွန်စွါပွတ်သတ်လျှင်၊အဘိုးအတိုင်းမသိထိုက်
သည်မြယောံဖြစ်၍ အလွန်ပင်အရောင်အဝါ တွန်းပဏ်။ အ
မတ်ကြီးရာဇသကြီလည်း ပုဂံသို့ရောက်လေလျှင်။မင်းကြီး
ကဆင်နှင့် တင်လှာဏ်။ နန်းတော်သို့ ရောက်၍ မြယောံကို
ဆက်သသော်။ အလွန်အားရတော်မူဏ်။ မင်းကြီးလည်းငါ
မျက်တော်မူဘိသဉ်နှလုံးမသာမရှိနှင့်ဟုမိန့်တော်မူပြီးလျှင်။
သိမ်းယူတော်မူသမျှ ဥစ္စာဆင်မြင်းသင်းပင်း ကျေးကျွန်တို့
ကိုပေးတော်မူပြန်ဏ်။အသပ်လည်းစားကျေးမြို့ရွာအဆောင်

အယောင် ထပ်၍ ပေးတော်မူ၏။ ဟုရာ ဇဝင် များတွင်ဆို သည်။

အပ္ပသုတဖြစ်သောရဟန်းရှင်လူတို့ကား။ ဝန်းဇင်းရွာ ဇာတိဘိုးရာဇာကို ဒလသို့ ပို့ဟန် ပြောဆို ကြသည်။ ရာဇ သကြီကား။ပုဂံမြို့တွင်။သက္ကရာဇ်၆၁၇ခု။ မင်းဖြစ်သောနရ သီဟပတေ့မင်းအမတ်။ ဘိုးရာဇာကား။ ရတနာပူရအဝမြို့ တွင်သက္ကရာဇ်၇၆၂ခု၊ မင်းဖြစ်သောမင်းခေါင်ကြီးအမတ်။ သတ်ပုံအစပ်တွင်။ပုဂံပြည်လုံးကဲဆိုသည်စကား။ ထိုထိုရာ ဇဝင်ကျမ်းဂန်မင်းဆက်နှစ်သက္ကရာဇ်များနှင့်ချင့်ထောံလျှင်။ ပုဂံမြို့အမတ်ရာဇသကြီနှင့်။ အဝမြို့အမတ်မင်း ရာဇတို့။ နှစ် ပေါင်းတရာလေးဆဲ့ငါးနှစ်ကွာချေသည်ဖြစ်၍။ ချင်းတို့ပြော ဆိုသည်စကားကို။သာရမပြ်။အနှစ်မဲ့ဖြစ်ဆန်းသာဟု မှတ် လေ။

ရာဇ သကြီဟူသော ဘွဲ့ အကြောင်း အထုပ္ပတ္တိ ကို လည်း။မာဂဓဘာသာ။သက္ကဋ္ဌဘာသာမျိုးနှင့် တက္ပ။ဂန္ဓနှ္တရ ဗဟုသုတအရာတွင်။ ကမ်းတဖက်ရောက် ဆိုတန် ဆိုထိုက် သောငါတို့ဆရာ၁၁၅ဂခု ဖွားလှေသင်းအတွင်း ဝန်မင်းကြီး မဟာဇေယ သခ်ယာစီရင်သည်။ ဝေါဟာရလိနတ္တ ဒီပနီစ တုတ္ထတွဲ။ အမစ္စနာမဗန္ဓစိန္တာပိုင်းတွင်။ ရာဇာကိုမင်း။သကြီ ကိုစစ်ဟောကြီ၍ဗိုလ်မှူးစစ်သူကြီးမင်းဟုဆိုသည် အတိုင်း မှတ်ရမည်။ အကျယ်ကိုသိလိုမူ။ ၎င်းကျမ်းမှာ ရှုလေ။ ။ ငယ်မည်မင်းခွေးချေး။မင်းမဉ်နရသီဟပတေ့။ နောံသားမြွာ ဘ။နောံတရုပ်ပြေးဟူသေါအမည်လေးပါးနှင့်တက္ပ၎င်းမင်း ၏။အထုပ္ပတ္တိများကို။ အထက်ခွေးချေးသက်ပုံချိပုဒ်တွင်။ အ ကျယ်ဆိုခဲ့ပြီဖြစ်၍။ဤနှိုက်အထူးမဆိုပြီ။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ မင်းနှင့်ရဟန်း။ ထွေဆန်း တသီး။ မြွေနှင့်မီးကို။မကြီးငယ်ဟု။နှလုံးပြု၍။ ဂရုမထင်။မဆန့်ကြင်နှင့်။ဟူသောစကား။ မင်းလိုလိုက် တတ်။ မင်းမတ်ပီပီ။ ဟူသောစကါး။ခရီးလွှဲခြင်း။နေရာပေးခြင်းစသည့်ကိုမပြုသောအဝဇာနန။ဤသဉ်ပြင်လျှာ။လက္ခဏာရဉ်သွါးကိုထောံလျှင်။ ကောင်းပေလိမ့်မည်။စွမ်းနှိုင်ပေလိမ့်မည် စသည်ဖြင့်မချေမငံပြောဆိုခြင်း။ပရိဘာဝ။ယင်းအဝဇာနန။ ပရိဘာဝများကိုလည်း။မင်းမျိုးမင်းနွယ်။ငယ်သည့်ပင်ဖြစ်လင့်ကစား။မပြောမဆိုအပ်ဟူသော စကားစသောရာဇဝသတီ။ ရာဇသေကဝပြုလုပ်သူတို့နှလုံးသွင်း၍။ကျင့်ဆောင်ရန်များကိုကျမ်း ဂန်ရာဇဝင်။ပျို့ကဗျာများကလာရှိသည် အတိုင်း။ မင်းမှူးမင်းမတ်မင်းချင်း မင်းခယောက်ျားတို့သည် အမြဲမပြတ်နှလုံး သွင်းရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

———o§§o———

မေးခွန်းကောံနှုတ်ချက်ပါ။သေးသေးတင်သက်သက်စပ်နည်း၁၂ ပုဒ်တွင်။ ။ဒုတိယပုဒ်။

ပုဒ်ရင်း။ နော်ရထာကံ။အရဟံ။ခုန်ပျံကျလှာဝဲ။ ။ဟူသည်ကား။

ဗဏ္ဍတွ။ ပုဂံပြည် အနော်ရထာမင်းသည်။ ရှေးဘေးလောင်းတော်ဘိုးလောင်းတော် တို့နှင့်မတူအထူးသဖြင့် သာသနာတော်ကိုလက်မွန်မဆွ။ချီးမြှောံထိုက်သောကံရှိရကားရှင်အရဟံရဟန္တာမြတ်သဉ်။ ကောင်းကင်မှကျလှာဘိ၏ သို့။သထုံ

ဖြည့်မှ။ အာရိမဒ္ဓနာပုဂံဖြည့်သို့ ဆိုက်ရောက်တဲ့သည် ဆိုထို သည်။

ဤနိုက်။ ဂုဏ်အရဟံ၏ အကြောင်း။ သထုံဖြည်သို့။ အ အဝယဝဏ္ဍ နော်ရထာမင်းစော စေလွှတ်သည်အခြင်းအရာ။ အထုံဖြည့် သို့စစ်ချီတက်၍။ မနုဟာမင်းနှင့်တက္ခ။ ၃၂ စီးသောဆင်ဖြူ။ တော်။အစုံသုံးဆယ်မျှသောဗိဒူကတ်။ သထုံမင်းတို့ပူဇော်မြဲ သောဓာတ်တော်မွေတော်။ တထောင်မျှလေဒံသောအရိယာ အဂ္ဂဉ်မြတ်များကိုပင့်ဆောင်သိမ်းယူခဲ့သော အထူပုတ်တို့များ ကို။ရာဇဝင်တော်။ပုဂံရာဇဝင်များနိုက်ထွက်ဆိုသည်ကို။အ ကျည်းအဖြက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

သုနာပရန္တတိုင်း။ တမ္ဗဒီပတိုင်း တို့နိုက်။ သာသနာ တော်မထွန်း ချေသေးဟူ၍ ရဟန္တာမြတ်တို့ ကြွပြီးလျှင်။သိ ကြားသို့သွား၍သာသနာတော်ပြုနိုင်မည်သူအား ညှိ၍တောင်း ပန်ပါဆိုလျှင်။ သိကြားမင်းလည်း။ တာဝတိံသာနတ်ဗြည် နိုက်ရှိသော။ နတ်တယေဝံအား၊တောင်းပန်၍။ ပုဏ္ဏားမဝဏ်း နိုက်ပဋိသန္ဓေနေလာ၏တို့။နေ့လစေ့၍ဘွားသည်ရှိသော်။သိလ ဗုဒ္ဓိအမည်ရှိသောရဟန္တာမြတ်သည်စောင့်နေ၍။ အဂ္ဂရယ်သို့ ရောက်လသော်။ရဟန်းပြု၍။ ဗိဒူကတ်ကျမ်းဂန်တတ်မြောက်၍ ရဟန္တာအဖြစ်သို့ရောက်လျှင်။ အရဟံဟူသော အမည်ဖြင့်။ ဇမ္ဗူ။ဒီပါမြေပြင်အလုံးကျော်စောထင်ရှား၏။။ထိုရဟန်းသည် သုနာပရန္တတိုင်း။တမ္ဗဒီပတိုင်းတို့နိုက်။သာသနာတော်မတည် ချေသေးဟူ၍။ပုဂံရာမသို့ကြွတော်မူ၏။ ရောက်တော်မူလျှင် ပြည်နှင့်မနီးမဝေးသောတောအုပ်တခုနိုက်နေတော်မူ၏။။ သိ ကြားမင်းလည်းမူဆိုးတယေဝံအားလွှတ်ပတ်၍ရှင်အရဟံကို ဖြင်စေ၏။။မူဆိုးလည်းရှင်အရဟံကိုဖြင်လေသော်။နှစ်သက်

ကြည်ဘွယ်သော ဇာန်ဖြစ်ကိုတော်မူသည်ဖြစ်၍။ ဤသူကားလူထူးလူမြတ်ဖြစ်ရာသည်။ ပြဉ်သို့ဆောင်၍မင်းကြီးအားဆက်လေ၏။ ရှင်အရဟံလည်း။ပရိက္ခရာရှစ်ပါးယူ၍ထိုက်တော်မူလေ၏။ မှဆိုးလဉ်းတေါအုပ်တဆူတွင်ဤသူကိုတွေ့၍ ဆောင်ခဲ့သဉ်ဟုလျှောံလေ၏။ မင်းကြီးလည်း။ မြတ်သော ဇာန်ဖြင့် ဖြဉ်စုံတော်မူသောရှင်အရဟံကိုမြင်တော်မူသော်။ ဤသူကား သူယုတ်မဟုတ်မြတ်သောသူတည်း။ ဤသူကိုယ်တွင်းနှိုက် မြတ်သောတရားရှိရာသဉ်ဟူ၍နေရောင်ဖြင့်တွေ့သေါကြာမုံကဲ့သို့ရွှင်သောစိတ်ရှိသည်ဖြစ်၍။ ဤသို့ကြံတော်မူ၏။ ဤသူသဉ်မြတ်သောသူဖြစ်အံ့။ မြတ်သေါနေရာနှိုက်နေလတ်တံ့။ ယုတ်သောသူဖြစ်အံ့။ ယုတ်သောနေရာနှိုက်နေလတ်တံဟူ၍ ကြံဖြိုးသေါလျှောံပတ်သောနေရာနှိုက်နေကာမူဟုဆို၏။ ရှင်အရဟံလည်း။ မြတ်သောအဖြစ်ကိုသိစေလို၍မြတ်သေါရာဇပလ္လင်ထက်သို့တက်၍နေတော်မူလေ၏။ မင်းကြီးလည်းထိုသို့နေတော်မူသော အကြောင်းကို မြင်တော်မူသော်။ ဤသူကားနေရာကြီးကျယ်ထွသည်။ ဤသူ၏အမျိုးအနွယ်ကိုမေးရစေဟုကြံတော်မူပြီးသော်။ အရှင်ကားအဘယ်သူ၏ဝံ။ အမျိုးအနွယ်ဖြစ်တော်မူသနဉ်းအဘယ်သူ၏အဆုံးအမကိုခံတော်မူသနည်းဟုမေးတော်မူ၏။ ရှင်အရဟံလည်း။ ငါ၏အမျိုးအနွယ်သည်ကား။ အရဟံအစရှိသောဂုဏ်တော်ကိုးပါး။ ဣသိရိယအစရှိသောဘုန်းတော်ခြောံပါး။ ညာဏအစိန္တေယျလေးပါးနှင့်ပြည့်တော်မူသော သမ္မာသမ္ဗုဒ္ဓအမျိုး.အနွယ်တည်း။ အဘယ်သူ၏အဆုံးအမကိုခံသနဉ်းဆိုရာနှိုက်။ သမ္မာသမ္ဗုဒ္ဓအမည်ရှိတော်မူသော။ ဘုရားသခင်သည် ဟောတော်မူအပ်သောနှုးညံ့သိပ်မျွေ့ခဲခက်နှက်နဲလှစွာသော အာဏာခေသနာတော်မှလာသောအဆုံးအမတော်ကိုခံသည်ဟူ၍ မိန့်တော်မူ

၏။မင်းကြီးလည်းပီတိသောမနသလွန်စွါဖြစ်၍ဤသို့လျှောံ
ပြန်၏။ငရှင်ဆရာဘုရားသခင်ဟောတော်မူအပ်သောတရား
တော်ကို တစိတ်တဒေသမျှ ငအားဟောတော် မူပါလောဟု
တောင်းပန်၏။ရှင်အရဟံလည်း။ သီရိဓမ္မာသောကမင်းကြီး
အား။နိဂြောဓသာမဏေ ဟောတော်မူအပ်သောအပ္ပမာဒအ
စရှိသောတရားတို့ကိုဟောတော်မူ၏။ ထိုအခါမင်းကြီးနှလုံး
တော်သည်။ အကြိမ်တရာစစ်သောဆီတွင်။ အဖန်တရာပစ်
သောဝါဂွမ်းကို ချဘိသကဲ့သို့။ ဩက္ကမသဒ္ဓါဖြင့်။ မတုန်မ
လှုပ်သဒ္ဓါတော်မူ၏။ ယင်းသို့တရားဟောဆုံးနှိုက်။ မင်းကြီး
ဤသို့လျှောံပြန်၏။သမ္မါသမ္ဗုဒ္ဓဘုရားကား။ယခုအတီအရပ်
မှာရှိတော်မူသနည်း။တရားတော်ကားအတီမျှအရေအတွက်
ရှိသနည်း။တပဉ္စသားတော်ကား။ငရှင့်မှတပါးအခြားရှိသေး
သလော။ မရှိပြီလောဟု လျှောံသော်။ သမ္မာသမ္ဗုဒ္ဓ ဘုရား
နိဗ္ဗာန်လားတော်မူကြောင်း။ ဓာတ်တော်မွေတော်သာယခုရှိ
ကြောင်း ကိုလည်းကောင်း။ တရားတော်သည် ဓမ္မခန္ဓာရှစ်
သောင်းလေးထောင် အရေအတွက် ရှိကြောင်း။ သထုံပြည်
ဝယ်စိဋ္ဌကတ်ရုံးပုံအစုံသုံးဆယ်ရှိကြောင်းကိုလည်းကောင်း။
ငါမှတပါး။ ပရမတ္ထသဃီာ သမုတိသဃီာ များစွာရှိကြောင်း
ကိုလည်းကောင်းမိန့်တော်မူ၏။

ထိုစကားကို။ မင်းကြီးကြားတော်မူသော်။ အတိုင်း
ထက်အလွန်သဒ္ဓာခြင်းပြင်းစွာဖြစ်၍ ဤသို့လျှောံပြန်၏။အ
ကျွန်နုပ်အားယခုမျက်မှောံအရှင်မှတပါး။ အခြားကိုးကွယ်
ရာမရှိပြီ။ယနေ့မှစ၍ အကျွန်နုပ်၏ကိုယ် အသက်ကိုအရှင်
အားဆောံနှင်းတော့သည်။ အရှင်အဆုံးမကိုလည်း။ အကျွန်
နုပ်ခံတော့သည်ဟူ၍ လျှောံပြီးလျှင်။ အရညကင်ရသောအ
ရပ်နှိုက်သာယာစွာကျောင်းဆောံလုပ်လှူဒါန်း၏။နော်ရထာ

မင်းစောလည်း။အရည်းတို့အယူကိုပယ်တော်မူ၏။။ပြည့်သူ
ပြည်သားအပေါင်းတို့ ကိုလည်းပယ် စေတော်မူ၏။။ ထိုသို့
လျှင် အရည်းတို့သည် လပ်ပူဇော် သကာမှ လျှော့ ကြကုန်
သည်ဖြစ်၍။ ရှင်အရဟံအား ရန်ပြုး ကြီးစွာ ထား ကြ၏။။
မင်းကြီးလည်း ထိုအကြောင်းကို ဆင်ခြင်မိ၍။ထိုးရိပ်တော်
မူသဖြင့် အရည်းတို့ကို နှိုင်လေခံအောင် အစောင့်အနေခန့်
ထား စောင့် နေ စေ၏။။ အ ရည်း ကြီး သုံးကျိပ် နှင့် တပည့်
လက်သါးခြောံသေါင်းတို့ကိုလည်း။လူဝတ်လဲစေ၍အဲ့ပေါင်း
ကိုင်။လှံကိုင်။ဆင်ချေးကျုံး။ ဖြင်းချေးကျုံးထည့်တော်မူလေ
၏။။ ရှင်အရဟံလည်း။ သာသနာနှိုက်ကြည်ညိုသူတို့ကို
ရဟန်းပြုင်းပြုတော်မူ၍ သာသနာတော်ဖြိတ်သန့်ရှင်းထွန်း
လင်းစေ၏။။ အနော်ရထာမင်းစောလည်း။ ထိုအခါသံဝေဂ
နောင်တရ တော်မူ၍ ဤပြဿိုကို အစည် မင်းပြု တော်မူကုန်
သော။ ဘေးလောင်းတော်။ ဘိုးလောင်းတော်တို့သည်။ အ
ရည်းရဟန်းတို့အယူကိုယူမှားကြကုန်သည်။ ထိုသို့ယူမှား
ကြလေသည်ကို ယူ၍ရကောင်းပြန်ဘိ မူကား။ တဖန်ယူပြန်
ခြင်၏းဟူ၍သံဝေဂနောင်တရှိတော်မူလေသည်ဟူ၍ ရာဇဝင်
တော်စာတွဲထွဲတွဲတွင်အကျယ်ဆိုသည်ကို။ အကျဉ်းအားဖြင့်
မျှထုတ်နုတ်ရေးသားသည်။

ရှင်အရဟံအကြောင်းမှာ။ ရာဇဝင်နှိုက်လာ သောအ
ကြောင်းကိုသာရေးသားခဲ့သည်။ပရိယတ္တိနိဒါန်းနှိုက်လါသော
အကြောင်း။သာသနာဆက်စပ်မျှားနှိုက်လာသောအကြောင်း
များကို။ကျယ်လွန်းအံ့စိုး၍မရေးလိုက်သည်။

ထိုရောအခါ ရှင်အရဟံဤသို့မိန့်ဆို၏။။ ဘုရားရှင်
သာသနာတော်သုံးပါးတွင်။ ပရိယတ္တိသာသနာရှိမှ။ပဋိပတ္တိ
သာသနာဖြစ်နိုင်သည်။ပဋိပတ္တိသာသနာတော်ဖြစ်မှ။ ပဋိဝေ

ဓသာသနာတော်ဖြစ်နိုင်သည်။ ပရိယတ္တိဟူသော ပိဋကတ်သုံးပုံလည်း။မစုံချေသေး။ဤပြည်တွင်ဘုရားရှင်သရီရဓာတ်တော်မွေတော်လည်းမရှိချေသေး။မွေတော်။ပိဋကတ်။ ကျမ်းဂန်ရှိ သော ပြည်ရွာ တိုင်း ကား သို့ လက် ဆောင် ပန္နာနှင့် တောင်းစေ၍။ရသည်ဖြစ်မှ သာသနာတော်အရှည်တည့်တဉ်တွန်းမည်မိန့်တော်မူသော်။အာဘယ်တိုင်းပြည်မှာ တောင်းသော်ရပါအုံနည်းမင်းကြီးမေး၍။ သုဝဏ္ဏဘူမိတိုင်း သထုံပြည်မှာ။ ပိဋကတ်သုံးပုံကို တစုံခေါ်၍ အစုံသုံးဆယ်ရှိ၏။။ မွေတော်ဓာတ်တော် များစွာရှိ၏။ မိန့်ဆိုလျှင်။ မင်းကြီးလည်း လက်ဆောင်ပန္နာအများ စိရင်တော် မူ၍ လိပ်မာသော အမတ်တယောဒံကို။သာယာချေငံစွာသောစကားဖြင့်သထုံပြည်သို့စေ၍တောင်းရလေ၏။။သထုံမင်းမနုဟာလည်း မကောင်းသောနှလုံးဖြင့်မချေမငံဆိုလိုက်ဘိ၏။။

ဤအရာတွင်။ရာဇဝင်ကြီးနှိုက်။မည်သို့ဆိုသည်ဟူ၍ စကားကိုယ်မပါ။ ပုဂံရာဇဝင်တွင်။ ပိဋကတ်တော်။ ဓါတ်တော်။မွေတော်များသည်။ အရိုင်းတို့နှင့်အရာလောဟု ကြမ်းတမ်းစွာသောစကားကိုဆိုထိုက်သည်ပါ၏။။

အနှော်ရထာမင်းစောလည်း။ ထိုသို့ဆိုထိုက်သောစကားကိုကြားတော်မူသော်။ပြင်းစွာ အမျက်ထွက်ဟော်မူသဖြင့်။ရေကြောင်း ကြည်းကြောင်းချီတော်မူလျှင်။ အောင်ဖြင်ခြင်းကိုရလေသည်။ ထိုသို့သထုံပြည့်ကို အောင်ဖြင်သည့်တွင်မှ။ သထုံမင်းအဆက်ဆက် ရတနာ ပန်းတောင်း တွင်ထား၍ကိုးကွယ်သေဓါတ်တော်မွေတော်နှင့်ပိဋကတ်တော်အစုံ သုံးဆယ်များကို။ သထုံမင်းလက်ရှိ ဆင်ဖြူ။ သုံးဆဲ့နှစ်စီးတွင်တင်၍ဆောင်ယူခဲ့၏။ထိုသို့ဆောင်ယူ၍ ပုဂံသို့ရောဲလျှင်ဓါတ်တော်မွေတော်များကို ရတနာအတိုဖြီးသော ပတ္တာ

မြားကြုပ်တွင် ဌာပနာ၍ ခေါင်းရင်း တော်တွင် မငြိတ်ကိုး ကွယ်တော်မူ၏။ ပိဋကတ်အစုံသုံးဆယ်ကိုလည်း။ ရတနာ အတိုင်းသောပြာသာဒ်တွင် ထား၍ အရိယာသဃာ်တို့ သင် ကြားပို့သ၏။ သထုံပြည်ကပါသည်ကား။ ပိဋကတ် တတ် သောအရိယာတထောင်စည်မြောက်သတည်း။

သထုံ ပြည်ကို အောင်မြင်၍ ပိဋကတ်နှင့် တကွ ရ ဟန်းသဃာ်ကို။ အနော်ရထာမင်းစောပုဂံသို့ ဆောင်၍သာ သနာပြုစုသည်ကား။ သာသနာတော်တထောင့် ခြောံရာတ နှစ်။ သတ္တရာဇ် ၄၁၆ ခုဟု။ ကလျာဏီ ဝေ့ဉ်စာန်းက် ဆို သည်။ ။ယင်းစကားများမှာ။ ရှင်အရဟံ၊ကိုစွဲ၍။သထုံပြည် က။ပိဋကတ်ကျမ်းဂန်။မွေတော်ဓါတ်မြတ်။ ပုဂံမြို့သို့ရောက် ကြောင်းကို။အလျည်းသင့်တွင်သုတေသိပုဂ္ဂိုလ်တို့ အလိုဌာ ရေးသားလိုက်သည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ အနော်ရထာမင်းစောသည်။ဘေး လောင်းတော်။ဘိုးလောင်းတော်တို့ကိုးကွယ်မြဲ။ အရည်းရှင် ယောင်တို့ကို။ကိုးကွယ်စမှတ်ပြု၍သထုံပြည်မှကြွလာသေါ ရှင်အရဟံ ရဟန္တာမြတ်နှင့် တွေ့၍။ တရားအထူးကို နာခံရ လျှင်။ရှေးကိုးကွယ်မြဲဖြစ်သော အရည်းရှင်ယောင်တို့ကား။ မသူတော်ဖြစ်သည်ဟု။ ကိုးကွယ်ရင်း စွဲလမ်းရင်းပင် ဖြစ် သော်လည်း။မကောင်းကစွန့်ပစ်သည်။ အသစ်ပင်ဖြစ်သော် လည်း။ကောင်းမြတ်သည်ဖြစ်၍။ 'နေဝံမှဟူးတွေ့ရသောရှင်အ ရဟံကို ကိုးကွယ်သည်။ ယင်းစကားရပ်ကို ထောံ၍။ ရှေး အရိုး အစဉ်ပင် ဖြစ်သော် လည်း။ လောကီ လော ကုတ္တ ရာပစ္စုပ္ပန်သံသရာအကျိုးနှစ်ပါးတွင်။ တပါးပါးမျ မရှိကစွန့် ပစ်ရမည်။ အရိုးအစဉ်မဟုတ် အသစ်ပင်ဖြစ်သော်လည်း။

လောကီလောကုတ္တရာ ပစ္စုပ္ပန်သံသရာအကျိုးရှိက။လိုက်နာ
မှတ်ယူကျင့်ဆောင်သုံးစွဲရမည်ဟူသော ဥပဒေသ။အနှော်ရ
မင်းရှင်အရဟံကိုအရင်းပြု၍။ သာသနာတော်ကို ကြည်ညို
လတ်ရကား။သာယာသောစကားဖြင့်သဆုံပြည်မင်းထံ။ပိဋ္ဌ
ကတ်တော်များကို ရလိုကြောင်းနှင့် အနူးအညွတ် စေလွှတ်
သည်ကို။ သဆုံပြည် မနုဟာမင်းမချေမငံသောစကားကိုဆို
သောကြောင့်။ပြည်ကြီးနှစ်ပြည် စစ်မက်ဖြစ်ပွား၍ အနော်ရ
ထာမင်းလက်သို့ ပါရလေသည်။ ယင်းစကားရပ်ကိုထောံ၍
လည်း။ တဦးနှင့်တဦးနူးညွတ်သာယာချေငံ စွာသောစကား
ကိုသာပြောဆိုပြန်ကြားမှာထားရမည်။မချေမငံသောစကါး
ကိုမပြောမကြားအပ်ဟူသေဥပဒေသ။အနော်ရထါမင်း။ရှင်
အရဟံအဆုံးအမနှိုက်တည်သဖြင့်။ သာသနာတော်အတိုင်း
ထက်အလွန်စည်ပင်ပွားများကြောင်းကိုရှုက်ဆောင်သဖြင့်။
သထုံပြည်ရှိပိဋကတ်စုံရေ ၃၀ ။အရိယာတထောင်များကို
ပင့်ဆောင်ကိုးကွယ်၍သာသနာတော်ကို အလွန်ချီးမြှောံသ
ဖြင့် သာသနာတော်အကျိုး။ ပြည်သူတို့ အကျိုး အလွန်ဖြစ်
ထွန်းပွားများလေသည်။ ယင်းစကားရပ်ကို ထောံ၍လည်း။
သာသနာတော်မဖြစ်ဘူးသေးလျက်။ အထုတ်အစကိုရကာမျှ
ဖြင့်ပင်။အနော်ရထာမင်းသည်။ သာသနာတော့်အ လွန် စည်
ပင်ပွင့်လင်းအောင် အားထုတ် ဘိသေး၏။။ သာသနာတော်
စည်ပင်ဖြန့်ပွားသောခေတ်ကာလအတွင်းနှိုက်မင်းအဖြစ်သို့
ရောက်လျက်။သာသနာတော်ကို အတိုင်းထက် အလွန်စည်
ပင်ထွန်းလင်းအောင်။အသို့မူ၍ မချီးမြှောံပဲရှိတံ့အုံနည်းဟု။
ကဲလွန်ထူးမြတ်သောသဒ္ဓါတရားကိုဖြစ်စေလျက်။သာသနာ
တော်တွင်းနှိုက်မင်းအဖြစ်သို့ရောက်သော ရေမြေသင်္ခန်း
မင်းတို့သည်။ သာသနာ တော်ကို စည်ပင်ဖြန့်ပွား အောင်။

အားထုတ် အပ်လှသည် ဟူသော ဥပဒေသများကို ပြသည် ဟူရမည်။

———o§§o———

မေးခွန်းကောံနုတ်ချက်ပါ။သေးသေးတင်သက်သက် စပ်နည်း၁၂ပုဒ်တွင်။ ။တတိယပုဒ်။

ပုဒ်ရင်း။ နန္ဒပကြီ။မတ်ရဲစံ။ ရှင်ထံနေစေမြဲ။ ။ဟူသည်ကား။

ဗိဏ္ဍထ။ စကိုင်းမြို့တည်သခ်ယာစောယွမ်းမင်းမရှိနော်။နောင်တော်တရာဖျားမင်းပြု တော်မူသည်ကို။ နန်းမှချ၍။တရာဖျားသားရွှေတောင်တက်မင်းပြုသည်ကိုတရဖျားကြီးကလုပ်ကြီ၍ရွှေတောင်ထက်သေဆုံးကြောင်း။ တရာဖျားကြီးနန်းကိုတဖန်ယူကြောင်း ကိုသိလျှင်။ ချစ်နောင် ရင်းဆင်ကိုစီး၍ နန်းတော်သို့ဝင်ပြီးလျှင်။ တရာဖျားကြီးကိုလုပ်ကြီပြီးမှ။ အသခ်ယာစောယွမ်းသားကျစွာမင်းကိုမင်းအဖြစ်သို့ တင်သောနန္တပကြီအမတ်တည်း။ ထိုအမတ်ကိုကျစွာမင်းက။ မင်းအဖြစ်သို့ရောက်အောင်တင်သောသူဟူ၍ သုဘရာဇ်ဘွဲ့နှင့်ပြည်အလုံးကိုနှင်း၍ စစ်သူကြီး အရာနှင့် ထံတော်ဝယ်နေ စေသည် ဆိုလိုသည်။

အဝယဝထ ဤနှိုက်။တရာဖျားကြီးကားသခ်ယာ စောယွမ်းမယ်တော်တွင်ပါရင်းအထက်သားတည်း။သက္ကရာဇ်ခြောံရာရှစ်ဆဲ့လေးခု။ ကဆုန်လဆုတ် တရက်သောကြာနေ့ တရာဖျားကြီး နန်းတက်တော်မူ၏။ သက္ကရာဇ်ခြောံရာ ကိုးဆဲ့ ရှစ်ခုတွင်။ သားတော်ရွှေတောင်ထက်သည် မိဘုရားငယ်တို့နှင့်စ

ကားဝင်ကြလေသောကြောင့်။ခမည်းတော်တရဖျားကြီးကို ဖမ်း၍သံခြေချင်းနှင့်ထားပြီးလျှင်။ သီရိသီဟသူအမည်ကိုခံ၍ရွှေတောင်ထက်မင်းပြု၏။ ထိုအခါ။ သဒ်ယာစောယွမ်းမိဘုရားသားတော်ကျစွာမင်း ညီနောင်တစုတို့နှင့်။ ယေခံဘတော်သတိုးစိုးမင်း ကိုယ်တော်ကြီး တို့စကိုင်းတွင် မနေဝံ့၍ အနေဝံဘက်မင်းတုန်းအရပ်မှာတိမ်းရှောင် နေလေသည်ကို။ ရွှေတောင်ထက်မင်းက။သုံ့ခတ်၍ ယူသဖြင့်သမန္တဇာဘုရားရှင်အထံနှိုက်။သားတော်မယ်တော်တစုတို့ဖူးမည်ဝင်ကြရာ။ ကျစွာမင်းခြေနာ၍ ဘုရားရှင်သို့ မဝင်နှိုင်ရှိသည်ကို မယ်တော်သည်သားတော် ဝတ်တော်မူသော ဖျင်ကို ဘုရားရှင်အားလွှမ်း၍ငသားတော်အသက်မသေ ဤအနာမှထမြေဝံ၍ မင်းအဖြစ်သို့ ရောက်ပါမူကားကြီးစွာသော ကောင်းမှုကိုပြုပါအံ့ဟုပန်နက်ခဲ့၍စကိုင်းသို့ရောက်လျှင်အမတ်ကြီး နန္တပကြီ ဝှက်ထားလေ၏။ တရာဖျားကြီး၏ မိဘုရားကြီး ဖြစ်သောပင်းယ မိဘုရားကြီးသည်။ ချစ်ကျွမ်းဝင်သော အမတ်တို့ကို သေပို့လေသည်အဟန်။သေအိုးထဲတွင် ရွှေငွေအများထည့်၍ ပို့ရလေ၏။စကိုင်တမြို့လုံးပင် ငွေစားသူချည်း ဖြစ်သဖြင့်ရဲ ရောင်မြန်မာသူတို့ကိုရွေးကောံပြီးလျှင်။ နံက်အိပ်ဘန်ထွက် ကိုတရာဖျားကြီးနန်းတော်သို့ဝင်၍။ ရွှေတောင်ထက်ကို နန်းကချပြီးလျှင်။ဖျောက်ဖျက်၍ မင်းပြုသည်နှင့် နန္တပကြီအမတ်ကြီးလည်းလယ်တောကအပြန်။ထိုအကြောင်းကို ကြား၍ချစ်နောင် ရင်း ဆင်ဦးစီး ကို။ ရွှေ ကွမ်းခွက် ပေး ပြီးလျှင်။ ချစ်နောင်ရင်းဆင်နှင့်တယောံ အထီး တည်းနန်း တော်သို့ဝင်၍ တရာဖျားကြီးနှင့်တွေ့လျှင်။ အမတ်ကြီးကျနုပ်ကို မသတ်ပါနှင့်။အနောင်ခေါင်းကိုစားလျှင် ငါအမြီးစားပါမည်။အနောင်အမြီးကိုစားလျှင်။ငါခေါင်းကိုစားပါမည်ဆိုသော်လည်း။အ

ထက် နန်းကချဘူးသောအဖြစ်ရှိသည်။တရဖျားကြီးမင်းဖြစ်
က။ဆွေမျိုးနှင့်တကွပျက်စီးခဲ့သည်ဟု နန်းထက်တွင်ပင်တ
ရာဖျားကြီးကိုသတ်၍မိမိဌက်ထားသော ကျစွာမင်းကို နန်း
တင်လေ၏။ ကျစွာမင်းလည်း မင်းအဖြစ်သို့ ရောက်လျှင်။အ
ထက်မယ်တော်ပထွေနာ ခဲ့ရင်းအတိုင်း။ သမန္တစာဘုရားရှင်
အားဝတ်ဖိုးဝတ်မြေလှူတော်မူသည်။ အနန္တပကြီအမတ်ကြီး
လည်း ကျေးဇူးရှိပေသည်ဟု သုဘရာဇ်ဟူသောအမည်နှင့်။
ပြည်အလုံးကိုနှင်း၍ စစ်သူကြီးအရာခန့်ထားလေသည်ဟူ၍။
ရာဇာဝင်တော်ဆဋ္ဌမတွဲတွင်ဆိုသည်။

ဤနိုက်။အနန္တပကြီ ဟူသောဘွဲ့။ သုဘရာဇ်ဟူသော
ဘွဲ့တို့၏။ အနက် အဓိပ္ပာယ် အဆုံးအဖြတ်ကိုပြဦးအံ့။ ။အ
နန္တပကြီဟူသောအမတ်ကြီး ဘွဲ့အနက် အဓိပ္ပာယ်မှာ။ သန္ဒါ
သန္ဓိတွင်။ ပက္ကမ။ ပရက္ကမ သန္ဒါ ၂ ပုဒ် ပရိယာယ် တူ လုံးလ
ဟူသောအနက်ကိုဆရာတို့ပေးကြသည်။ အဘိဓါန်ကျမ်းအ
နေကတ္ထဝဂ်တွင်။ ။ဝိရိယသူရဘာဝေစ။ ကထိယတိပ
ရက္ကမောဟူ၍လာသောကြောင့်။ နန္ဒပရက္ကမသန္ဒါကို။သသ်
ကရိုက်အလိုအားဖြင့်။ နန္ဒပကြီဖြစ်သည်ယူသင့်သည်။ နန္ဒပ
ကြီအနက်မှာ။ နှစ်သက်ဖွယ် ရဲစွမ်းသတ္တိ လုံ့လ ဥဿဟရှိ
သောအမတ်ကြီးယူသင့်သည်။ဆရာအဆို့။ အပြားအား
ဖြင့်နှစ်သက်ဖွယ်ရှိသောအမတ်ကြီးဆိုလိုသည်ယူကြ၏။ ။
နန္ဒပကြီဘွဲ့မည်မှာ။ သည်မှတပါး။ သရေခေတ္တရာမင်းမျိုး
လက်ထက်။သဇိုင်းကျော်စာရာဇဝင် စာတမ်းတွင်။နန္ဒပကြီ
ခံသောမှူးမတ်တို့ဘွဲ့မည်မတွေ့ဘူးချေ။

သုဘရာဇ်ဟူသော အမတ်ကြီး ဘွဲ့အနက်အဓိပ္ပာယ်
မှာ။အဘိဓါန်ဋီကာတွင်။သုဘသောဘဏောယူ။သုဘတိတိသု
ဘံ။သုန္ဒရေနဲသဘာဝေနဘဝတိတိဝါသုဘံ။ဟူ၍ဖွင့်သည်။

သုဘံ။သုဘသဒ္ဒါသည်။သောဘဏေ။တင့်တယ်ခြင်း အနက်နှိုက်။ဟောဘိ။ဖြစ်၏။ယု။ယုပစ္စည်းတည်း။သုဘတိ။ တင့်တယ်လျော်ပတ်ကေါင်းမြတ်တတ်၏။ဣတိ။ထိုကြောင့်။ သုဘံ။ သုဘမည်၏။ ဆိုသည်ဖြစ်၍ သုဘသဒ္ဒါ တင့်တယ် လျော်ပတ်ကောင်းမြတ်ခြင်းအနက်ရသည်။ ရာဇသဒ္ဒါကား မင်း။ တင့်တယ်လျော်ပတ် ကောင်းမြတ်သော အမတ်ကြီး မင်းအဓိပ္ပာယ်ယူသင့်သည်။ ။ဤကားစကားချပ်တည်း။

၆၄ဂခုသခီယာ စောယွမ်းတည်ရင်း မင်း၆ဆက်စံ နေသောစကိုင်း မြို့ဟောင်းကား။ ယခုတည်ထောင် တော်မူ သောစကိုင်းမြို့မြေဝံတတိုင်ကွာတွင် ရှိသည်။သီဟပတိမင်း ပြေဝံကြီးကောင်း မှု။ သက္ကရာဇ်၇၁၄ခုတည်သော စည်းခုံ ကြီးအရှေ့စူးစူးအရပ်တွင်ရှိသည်မှတ်လေ။

ထိုကြောင့်။ သုဘရာဇ်ကုလားကျောင်းကျောက် စာ တွင်။ ။ဇေယပူ ရမည် သောပြည် ၏။ အ နောံ ပြင်စကြီ မည်သောအရပ်နှိုက်။ စစ်သူကြီး သုဘ ရာဇ်သည် ကုလား ကျောင်းကိုပြု၏။ဟူ၍ရင်း။

စိုးမင်းကိုယ်တော်ကြီးကျောင်းကျောက်စာတွင်။ ။ သာသနာတော် ၅၀၀၀ တည် စိမ့် သောဌာ ဇေယ ပူရမည် သောစကိုင်း မြို့အနောက်မြတ်သောမြေနှိုက်။ ကျောင်း ကို ဆောက်၏။ဟူ၍ရင်း။

မင်းရဲကျောင်း ကျောက်စာတွင်။ ။အနော် ရထာ မည်သောမင်းရဲသည်။မိတည်းဘုရားသိခင်၏။ညီတော်အာ နန္ဒါဖြစ်လိုသောကြောင့်။ ဇေယပူ ရမည်သော စကိုင်းပြည် ၏။အညာလက်ပံကျင်းအရပ်နှိုက်ကျောင်း ဆောက်လုပ်သဉ် ဟူ၍ရင်း။

ရှင်မဟာသီလ စံသရေးသဉ်။ ရတနာဗိမာန်ကျောင်း ကျောက်စာတွင်။ ။မင်းထီးခြောက်ဆက်။ စမ္ပါယ်လျက်တိ။မ(၂)က်မိမိုင်း။ စိုးကွပ်ထိုင်းသည်။ စကိုင်းကြီးတောင်။ မော်ကျောက်ဆောင်လျှင်။ ရန်အောင်မြင်နောက်။ သပန်မြောက်တွင်။ပေါက်ရောက်ရွှေပုံ။ထူပါရုံဝယ်။ လက်ဝဲစွယ်က။အောင်ရွယ်ချီသောင်း။မျှို့ကောင်းကျောင်းနှိုက်။ ဟူ၍ ၎င်း။

ပယ်သူငယ်စားရှင်မြတ်ခေါင် ဆို။ ဥတ္တ မရာဇ်မင်း သမီးသခင်ကြီးဇျင်းတွင်။ ။အဝေးအနီး။ အံ့ဝဲချီးသား။ ထပ်ပြီးသာစည်။ ရှင်ဘပြည်ကား။ တွင်မည်ဇေယ။ ပူရစကိုင်း။ကျော်ဝှန်လှိုင်း၏။ရစ်ဆိုင်းဧရာ။လက်ယာပတ်ထွက်။ အရှေ့ဘက်က။ကြက်ယက်နှစ်တောင်။မြတ်မောင်နှမ။နေလပုံခိုင်း။ စံတုနှိုင်း၏။ရှုတိုင်းပျော်ရာ။တောင်မျက်နှာက။စီးဖြာတမြောင်း။စကြီချောင်းနှင့်။ရွှေကျောင်းသဃီာ။မဟါစေတီ၊ သရီဓာတ်ပုံ။ထူပါရုံက။ရန်အောင်စသည်။ ရွှေဝနန်းတော်။ မြော်သာဆိုင်းဆိုင်း။တထောင်မြိုင်း၏။ခက်ကျိုင်းပင်ရှည်။ ဥယဉ်လယ်တာ။နောက်ခန်းဝါက။ရတနာစေတီယ။ တောင်စအောင်ဘုံ။စည်းခုံစင်းကြီ။မင်းဝံတောင်ညို။နဂိုရ်တောက်ဆိုင်း။နောက်မြိုခိုင်း၏။နံကိုင်းပုညာ။ရှင့်တော်ရာတိ။ တောင်သာနှင်နှင်။မြောက်ရပ်ခွင်ကား။ ဥမင်ရွှေကျောင်း။ အပေါင်းများလှ။ အရိယသက္ကာန်။ အံ့ဖွယ်လွန်၍။ နိဗ္ဗာန်ဆိပ်ညာ။ဆီတည့်သာသည်။ ။ကူသာတည့်သောင်မပြေး။ဟူ၍၎င်း။

ထောင်သင်းမှူးဆို။ ထုံရည်ဆွတ်၍ချိရတုတွင်။ ။ စကိုင်းဟူသည်။ရွှေပြည်တောင်ပါး။ စင်းကြီနားဝယ်။ ကြိုင်ရှားနံ့ကျော်။တုမမြော်သည်။ကံ့ကော်ပွင့်လှိုင်။မိုး ဖျားတိုင်မျှ။ဟူ၍၎င်း။

စပ်ဆိုသည်ကိုထောက် ၍ ဧရောဝ တီ မြစ်အနောက်။ စင်းကြီချောင်းမြောက်။ ရတနာစေတီဆင်များ ရှင်ဘုရားအ ရှေ့။ ရွှေဥမင်းတောင်အတွင်း။ ခဝဲတောင်အနီး ရှိမြို့ရာကိုသခ်ယာစောယွမ်းတည်ရင်းမြို့ဟုမှတ်ရမည်။

ယခု ရှိ သော ဇေ ယ ပူရမြို့ မှာ မူ ကား။ သက္ကရာဇ် ၁၁၂၂ ခုနှန်းတက်တော်မူသောသီရိပဝရ မဟာဓမ္မရာဇာတံ ဆိပ်နာမံခံတော်မူသောကန်တွင်း စည်းခုံ စေတီတော်ဒါယ ကာမင်းတရား ကြီး ဘုရား လက်ထက်။ မဟာ မင်း ဗမင်း ခေါင်ခံ။ ငတွန်ပုန်ကန်နှောင့်ရှက်သည်အရေး တွင် မှတည် လုပ်ကြောင်းနှင့်။ ရာဇဝင်တော်ကြီးထွက်ရှိသည်ကိုရင်း။ ။ မဟာဇေယပူရဟူသောစကိုင်းမြို့ကိုနန်းသစ်သာဝဲ။ တောင် သို့လွှဲ၍။ နန်းပွဲတဆူတဉ်တော်မူ သောဘဝရှင်မင်းတရားဟု။ ကျောက်ရေးအက္ခရာနှင့်ရှိသောအင်ပင် ရွှေ ကူဘုရားကျောံ စာထွက်ရှိသည်ကိုရင်း။ ။ဧရောဝတီမြစ်၏ မြောက်ကမ်း နား။ စကိုင်းမြို့သစ်တောင်တံခါးဘေးလောင်းတော်နရပတိ တည်တော်မူသောထူပါရုံစေတီတော်နှင့်အ လယ်ခြား။ တ ရားသဖြင့်စံတော်မူဘူး သောမင်္ဂလာ အိမ်တော် ရာတွင်ဟု။ ကျောက်ရေးအက္ခရာနှင့်ရှိသော အောင် မြေ လော ကဘုရား ကျောက်စာထွက်ရှိသည်ကိုရင်း။ ထောက်၍။ သခ်ယာစော ယွမ်းတည်ရင်းမြို့မဟုတ်။ ကန်တွင်းစည်း ခုံစေတီ တော်ဒါ ယကာမင်းတရားကြီးလက်ထက်တော်တွင်။ တာဝန်း၈၃၀။ တံခါး၄မျက်နှာအုတ်ပေါင်းကူးနှင့်တကွ။ တည် တော်မူပြီး လျှင်။ မဟာဇေယပူရသမုတ်တော်မူသည်ဟုမှတ်ရမည်။

၏စကားရပ်ဖြင့်၊ ရေမြေသေဌ်နင်းမင်းတို့မည်သည်၊ ဥပဒေသ။ မင်းအဖြစ်သို့ရောက်အောင်ရွက်ဆောင်နှိုင်သောသူတို့အား။

မမေ့မလျော့ မလစ်မလပ်မနိမ့်မ ကျစေရ ကျစွာ မင်း သည်။ အနန္တပကြီအမတ်အားပြည်ကို နှင်း၍စစ် သူကြီးအရာနှင့်သူ ကောင်း ပြုသကဲ့ သို့ လွေ့လွေ့ ရမ်းရမ်း ဖြီးခိုင် ကြီးကျယ် အောင်ရာထူး ဌာနန္တရ။ စားကျေးမြို့ရွာနှင့်တကွအထူးချီး မြှောက်သင့်သည်ဟူသောဥပဒေသကိုပြသည်ယူရမည်။



မေးခွန်းကောတ်နုတ်ချက် ပါ။ သေး သေး တင်သက် သက်စပ်နည်း ၁၂ ပုဒ်တွင်။စတုထ္ထပုဒ်။

ပုဒ်ရင်း။ သုံးလိင်ဆက်ဆံ။ငါးပါးနံ။သင်အံနှလုံးစွဲ။ ။ဟူသဉ်ကား။

ဗိဏ္ဍထ္ထ။ ဣတ္ထိလိင်။ပုန်းလိင်။နပုန်းလိင်ဟုဆိုအပ်သေါလိင်သုံး ပါးတို့နှင့်ဆက်ဆံသော။နာမနံ။သဗ္ဗနံ။သမာသနံ။ တဒ္ဓိတနံ။ ကိတနံ။ ဟူသောနံ ၅ပါးကိုခွဲခြမ်း စိတ်ဖြာ လိမ် မာ ကျွမ်း ကျင်အောင်။သင်ခြင်း။အံခြင်း။နှလုံးနှိုက် အမြဲမှတ် ယူခြင်း များကိုပြုရမည်ဆိုလိုသည်။

အဝယဝထ္ထ။ ဤနှိုက်။ နာမသဒ္ဒါ၏ ဝစနထ္ထ။ နံခေါ်ဝေါ်ခြင်း၏ အကြောင်း။ နံငါးပါးပြားဟန်။ များကိုသဒ္ဒနယကောဝိဒ။ သဒ္ဒညူ။ သဒ္ဒဆေကဖြစ်၍ သာသနပဇ္ဇော တဖြစ်သောဇမ္ဗူဒိပ် ကျွန်းသီဟိုဠ်ကျွန်းစသည် တို့နှိုက် မှန် ကင်း သဖွယ် အလွန် ထင်ရှားသောဂုဏ်အထူးကိုဆောင်တော်မူနှိုင်သည်ဖြစ်၍။ အဘိဓာန်ဋီကာနိဿရည်း။ သဒ္ဒနိတိဋီ ကာ။ ဇာတ် ဋီကာ။ စသောသဒ္ဒါအဆုံးအဖြတ်များကို။စိရင်တော်မူ သောမြန်မာ တိုင်းကြီးအချက်အချာရတနာပုံနေပြည်တော်ကြီးနှိုက်။ဆီ

မီးတန်ဆောင်သဖွယ်တင့်တယ်ထွန်းလင်း သောပညာသာ
မိသိရိကပိဇေမဟာဓမ္မရာဇါဓိရာဇဂုရုတံဆိပ်နာမံရှိသော။
မောင်းထောင်ဆရာတော်ဘုရားအထံမှ။ရအပ်သော။ ဂရူပ
ဒေသ။နယူပဒေသရှိသည်ဖြစ်၍။ယင်းနံငါးပါး၏။ ဝစနတ္ထစ
သည်တို့ကိုသုတေသီပုဂ္ဂိုလ်တို့၏။ အကျိုး ဌာအမြွက်မျှရေး
သားလိုက်အုံ။

အတ္ထေနမတီတိနာမံ။ ။ယံဓမ္မဇာတံ။အကြင်တရား
သဘောသည်။အတ္ထေ။မြင်းအစရှိသည်တို့၏။ ဒြိပ်တည်းဟူ
သောအနက်နှိုက်။နမတိ။ညွတ်တတ်၏။ ဣတိ။ ထိုကြောင့်။
တံဓမ္မဇာတံ။ထိုတရားသဘောသည်။နာမံ။ နံမည်၏။ ။
ဤဝစနတ္ထနှိုက်နာမအရကား။ကမ္ဘာဦးသူလူပညာရှိ တို့အား
မြင်းစသည်တို့၏။ ဒြိပ်းတည်းဟူသောအနက်ကိုမြင်သောအ
ခါဤသတ္တဝါအားအဘယ်ကဲ့သို့ခေါ်ရသော်သင့် မည်နည်း
ဟု။မြင်း၏။ဒြပ်တည်းဟူသောအနက်နှိုက်။ ညွတ်သောအား
ဖြင့်ဖြစ်သောညာဏ်ရ၏။

တနဉ်း။အတ္တနိစတ္ထေနါမေတီတိနါမံ။ ။ရူပသိဒ္ဓိဋိကါ။
ကစ္စာယနဘေဒဋိကာဟောင်း။ဂင်းအသစ်။သဒ္ဒတ္ထ ဇာလိနိဋိ
ကာ။စသည်တို့နှိုက်လာသည်။ ။ယံဓမ္မဇာတံ။ အကြင်တ
ရားသဘောသည်။ အတ္တနိစ။ မိမိသို့လည်း။ အတ္ထေ။ မြင်းစ
သည်တို့၏။ဒြိပ်တဉ်းဟူသောအနက်တို့ကို။နာမေတိ။ ညွတ်
စေတတ်၏။ ဣတိ။ ထိုကြောင့်။ တံဓမ္မဇာတံ။ ထိုတရားသ
ဘောသည်။ နာမံ။ နံမည်၏။ ။ဤနောက် ဒုတိယ ဝစနတ္ထ
နှိုက်နာမအရကား။ကမ္ဘာဦးသူလူပညာရှိတို့အားမြင်း စသဉ်
တို့၏။ဒြိပ်တည်း ဟူသောအနက် ကို မမြင် မူ၍ အခြေလေး
ချောင်းမြီးဆံတခု။ဦးစွန်းရှိသောဥက္ခောင်း နှင့် ပြည့်စုံသော
မပြတ်မလပ်စား တတ်သောသတ္တ ဝါဟုအသံကိုကြားသော

အခါ။ ဤသတ္တဝါအား အဘယ်ကဲ့သို့ခေါ် သော်သင့်မည့်နည်း ဟုမြင်းဒြပ်တည်း ဟူသောအနက်တို့ ကို။ ညွတ် စေတတ် သောအားဖြင့်ဖြစ်သောညာဏ်ရ၏။

ကမ္ဘာဦးသူတို့၏။ ရုပါရုံနှိုက်အာရုံပြု သော အားဖြင့် ဖြစ်သောညာဏ်သည်နံမည်၏။ ဝိစာရဏာပညာကိုယူ။

ဤသို့လျှင်။ နာမရုပံ ဟူသော ပုဒ် တဆိတ် နာမံဟူ သောပုဒ်နှိုက်အကျုံးဝင်သောပညိန္ဒြေစေတသိက် သဉ်သာ လျှင်နံမည်ရင်းဖြစ်သည်။ အဘဲ့ကြောင့်နည်းဟူမူအာရမ္မဏိ ကသဘောဖြစ်သည်နံတရားကို မကောက် ပဲ။ သဒ္ဒါကိုနံဟု ကေဝံချေသော်။ ညွတ်တတ်၏့ ဟူသောစကားနှင့်လှီး လွှဲဖြစ် ခဲ့ရာ၏့။ ဂေါအဿော အစရှိသောသဒ္ဒါ သည် ပညတ်မျှသာ ဖြစ်ချေ သောကြောင့်အာရုံကို ယူခြင်း ဌာမထိုက်။ မထိုက် သောကြောင့်။ ညွတ်တတ်၏ ဟူသောဝေါ ဟာရကို မရ။ သို့ ဖြစ်၍။ ညွတ်တတ်၏့ ဟူသောစကားနှင့်လှီးလွှဲသည်ဟုမှတ် ရာ၏။

ကမ္ဘာဦးသူလူပညာရှိတို့သည်။ ညွတ်ပြီးသော ဤသို့ သောအကြီသည်ဖြစ်၏။ အခြေလေးချောင်းမြီးဆံ ဥက္ခောင်း နှိုက်။ ဦးစွန်းရောက်သော ဤသတ္တဝါသည်မပြတ်မလတ် မနေ မနားပင်စားတတ်၏။ ဤသတ္တဝါအား။ အသတိ ဘက္ခတီတိ အဿောဟု ခေါ်သော်သင့်လျော်၏။ ဟု ကြီသော ခဏမှစ ၍ဖြစ်သောအဿအစရှိသောသဒ္ဒါတို့သည်လဉ်း အကြောင်း ဖြစ်သောညာဏ်၏။ နာမဟူသောအမည်ကိုအကျိုးဖြစ်သော မညွတ်တတ်သောသဒ္ဒပညတ္တိပဗန္ဓနှိုက်တင်စား သောအား ဖြင့်နာမမည်ကုန်၏။

ညာဏ်သဒ္ဒါနှစ် ပါး တို့၏။ အကြောင်း အ ကျိုး ဖြစ် ကြောင်းကို။ ။ပဌမံဇာယတေဥာဏံ။ ပစ္ဆာ သဒ္ဒေါ တုဇာ

ယတေ။ ။ပဋ္ဌမံ။ရှေးဦးမဆွလက်မွန်။ဥာဏံ။ဥာဏ်သည်။ ဇာယတေ။ဖြစ်၏။သဒ္ဒါတု။ သဒ္ဒါသည်ကား။ပစ္ဆာ။နောံမှ။ ဇာယတေ။ဖြစ်၏။ဟူ၍သဒ္ဒဝုတ္တိမည်သောသဒ္ဒါငယ် ကျမ်း များတွင်ဆိုသည်။ ။ဤစကားအစည်ကား။ အာရုံအာရမ္ဓ ဏိကအားဖြင့်ညွှတ်တတ်သောပရမတ်နာမ်သည်သာလျှင် နံမည်ရင်းဟူသောအာစရိယဝါဒ နည်း မှီ၍ သ ဘောယုတ္တိ အားဖြင့်အကျယ်ဆိုခြင်းတည်း။

ဘေဒသံဝဏ္ဏနာကျမ်းနှိုက်ကား။ အဿသဒ္ဒါ သည်။ မြင်းဟူသော အနက်ကိုဟော တတ် သော ဝါစက။ အဿ သဒ္ဒါသည်ဟောအပ်သောမြင်းဟုဆိုအပ်သောဝစ္စ။ ထိုဝါစ ကဝစ္စတို့၏အချင်းချင်းသဒ္ဒါအနက်၏ အဖြစ်ဖြင့်ညွှတ်ခြင်း သည်ပင်နံမည်၏ဟုဆိုသည်။ထိုနံသည်အထွေနမတိစသဉ် ဖြင့်အလုံးစုံသဒ္ဒါ ကိုပင်နာမဟုကမ္ဘာဦးကာလက။ ကမ္ဘာ ဦးသူတို့ခေါ်ဆိုရင်းဖြစ်လျက်။ နောင်အဓွန့် သို့ရောက်လတ် သော်။ယေတေအစရှိကုန်သောပုဒ်။ရာဇပုတ္တောအစရှိကုန် သောပုဒ်။ ဝါသိဌောအစရှိကုန်သောပုဒ်။ နိဿယောအစရှိ ကုန်သောပုဒ်တို့ကိုဝေဘန်၍။ သဗ္ဗ။ သမာ သ။ တဒ္ဓိတ။ကိ တဟူ၍အမည်တတ်လေလျှင်။ ထိုလေးပါး တို့နှင့် ဆက်ဆံ သောကမ္ဘာဦးကပင်။နံဟူသောဝေါဟာရ ကို ရ သောသဒ္ဒါ ဟူသရွေ့သည်။နံဟူသောအမည်နှိုက်သာမညဖြစ် လေကုန် ၏။နောက်မှဝေဘန်သည်သဗ္ဗအစရှိသောလေးပါးတို့လည်း၊ နံဟူသောအမည်နှိုက်သာမညဖြစ်လေကုန်၏။

သဒ္ဒါဟူသရွေ့ပင်နာမမည်လျက်နှင့်။နာမနာမ။ သဗ္ဗ နာမ။သမာသနာမ။ တဒ္ဓိတနာမ။ ကိတနာမဟူ၍နံငါးပါးကို အထူးပြု၍ ဆိုခြင်းသည် ညွှတ်တတ်သော သဒ္ဒါဟူ သရွေ့ သည် နံ၏ အဖြစ်ဖြင့်သာမညဖြစ်ခြင်းကြောင့် ဆိုခြင်းဖြစ်

သည်ဟုမှတ်အပ်၏။အဘယ်ကဲ့သို့သာမညဖြစ်သနည်းဟူမူ
ကား။ မဏ္ဍလသဒ္ဒါ။ ကန္တာရသဒ္ဒါ။တာလဝဏ္ဍသဒ္ဒါ။ တာလ
သဒ္ဒါစသည်တို့နှိုက် သာမညဖြစ်သကဲ့သို့။ ဤနှိုက်သာမည
ဖြစ်ဟန်ကိုသိ အပ်၏။ အဘယ်ကဲ့သို့ သိအပ်သနည်း ဟူမူ
ကား။ မဏ္ဍလသဒ္ဒါကို။ ကမ္ဘာဦးကာလက။ ကမ္ဘာဦးသူ လူ
ပညာရှိတို့သည်နေဝန်း လဝန်းတို့နှိုက်သာ ခေါ်ဝေါ်စမှတ်ပြု
ကြကုန်၏။နောင်အဝွန့်သို့ရောက်လတ်သည်ရှိသော်။ ထိုနေ
ဝန်းလဝန်းနှင့် အလားတူ အဝန်း ဟူဟူသမျှကိုပင် မဏ္ဍလ
သဒ္ဒါ၏ အဖြစ်ဖြင့် ခေါ်ဝေါ်ကြသောကြောင့်။ မဏ္ဍလသဒ္ဒါ
သည်မိမိဟောရင်းနေဝန်း လဝန်းနှိုက်၎င်း သာမညဖြစ်လေ
၏။ ထိုကြောင့်။ မိမိဟောရင်းနေဝန်းလဝန်းကိုပင်။ သူရိယ
မဏ္ဍလံ။နေဝန်း။စန္ဒမဏ္ဍလံ။လဝန်းဟူ၍ ၎င်းအခြားအဝန်း၏
အဖြစ်ဖြင့် အလားတူအနက် နှိုက်လည်း။ ရဌမဏ္ဍလံ။ တိုင်း
ဝန်း။ကုသိမမဏ္ဍလံ။ကုသိမ်မြို့ဝန်းဟူ၍ ၎င်းခေါ်ဝေါ်ကုန်၏။
ဤနည်းကို အစည်မှီးသဖြင့် မဏ္ဍလသဒ္ဒါဟူဟူ သမျှတို့နှိုက်
သိအပ်၏။

ကန္တာရသဒ္ဒါသာမညဖြစ်ဟန်မှာ။ ။ကေနဇလေတ
ရန္တိဇ္ဇေမနုဿာတိကန္တာရော။ ။ဇ္ဇေ။ဤခရီးနှိုက်။မနုဿာ။
လူတို့သည်။ ကေနဇလေန။ ရေဖြင့်။ တရန္တိ။ လွန်မြေခံတတ်
ကုန်၏။ ဧတိ။ ဤသို့ ရေဖြင့် လွန် မြေခံရာ ဖြစ် သော သတ္တိ
ကြောင့်။ကန္တာရော။ကန္တာရမဉ်၏။ ၊ရေဖြင့်လွန်မြေခံရာခရီး
ခဲရာရ၏။ ၊။ဤဝစနတ္တကြောင့်။ကမ္ဘာဦးသူ လူပညာရှိတို့သဉ်
ရေဖြင့်လွန်မြေခံရာခရီးခဲနှိုက်သာကန္တာရ သဒ္ဒါကိုခေါ်ဝေါ်စ
မှတ်ပြုကုန်၏။နောင်အတွန့်သို့ ရောက်လတ်သော် ခရီးခဲဟူ
ဟူသမျှကိုပင်ကန္တာရသဒ္ဒါ၏အနက်၏ အဖြစ်ဖြင့်ခေါ်ဝေါ်စ
မှတ်ပြုကုန်၏။ ဤသို့ခေါ်ဝေါ် ခြင်းကြောင့်သာ မညဖြစ်၏။

သာမညဖြစ်ခြင်းကြောင့်။ထိုထိုအရာဌာနတို့နှိုက်ပင်။ ဥဒက ကန္တာရော။ရေခရီးခဲ့။ ဝါဋ္ဌကန္တာရော။ သားရဲခရီးခဲ။ စောရ ကန္တာရော။ ခိုးသူခရီးခဲ။ ဤသို့စသည် ဖြစ် ခေါ်ဝေါ် စမှတ်ပြု ကုန်၏။

တာလဝဏ္ဍသဒ္ဒါ သာမညဖြစ်ဟန်မှာ။ ။ကန္တာဦး ကာလကထန်းရွက် ယပ်ဝန်းကိုသာတာလ ဝဏ္ဍသဒ္ဒါဟော သည်။နောင်အထွန့်သို့ရောက်လတ်သော်။ ထိုထန်းရွက်ယပ် ဝန်းနှင့်အလါးတူနှီးစသဉ်တို့ဖြင့်ပြုအပ်သေါယပ်ဝန်းဟူသမျှ ကိုပင်တာလဝဏ္ဍသဒ္ဒါဟောခြင်းကြောင့်။ တာလဝဏ္ဍသဒ္ဒါ သည်လည်းသာမညဖြစ်သည်ဟုသိအပ်၏။

တေလသဒ္ဒါ သာမညဖြစ်ဟန်မှာ။ ။တိလဿဏ္ဍဒံ တေလံ။ ။တိလဿ။နှမ်း၏။ဏ္ဍဒံ။ ဥစ္စာဖြစ်သောဆီတည်း။ တေလံ။နှမ်းဆီ။ ။ဤဝစနတ္ထကြောင့်။တေလသဒ္ဒါသည်နှမ်း ဆီကိုဟောရင်း။နောင်အထွန့်သို့ရောက်လတ် သော်သာမည ဖြစ်၍။ တေလလဒ္ဒါကိုပင်တိလသဒ္ဒါမ၍။ တိလတေလံ။နှမ်း ဆီ။ရေဏ္ဍတေလံ။ကြက်ဆူဆီ။မရကတေလံ။မညူ။ဆီ။ ဝသာ တေလံ။သားဆီ။ဟူ၍မရသည်။

ဝိဟာရသဒ္ဒါသည် ဘုရားသတင်း သုံးတော် မူသည် ကျောင်းကိုသာ ဟောရင်း။ နောင်အထွန့်သို့ ရောက် လတ် သော် သာမည ဖြစ် ၍ ကျောင်း သာမညကို ဟော၏။ ထို ကြောင့်။အဘိဓါန်နှိုက်။ ။ဝိဟာရော။ ဝိဟာရသဒ္ဒါသည်။ သုဂတာလယေ။ မြတ်စွာဘုရား ကျောင်းတော် ဟူသော အ နက်နှိုက်ဟုမ၍ဆိုသည်။

သုဂတစိဝရသဒ္ဒါလဉ်းဘုရားသက်နှ်း တော်ကိုဟော ရင်းနောင်သာမညဖြစ်သော်အလုံးစုံကုန်သော ရဟန်း တို့၏။ သက်နှ်းကိုပင်ဟော၏။ထိုကြောင့်။သုဂတဿသု ဂတစိဝရ

ပမာဏံဟု။သုဂတသဒ္ဒါတပါးနှင့်မလျက်။ဝိနည်း မာတိကာ ပါဠိနှိုက်ဟောတော်မူသည်။

ဤသို့လျှင်။ ကမ္ဘာဦးကာလ က။ ညွတ် တတ်သည် သဒ္ဒါဟူသမျှကိုပင်နာ မ သဒ္ဒါ သည် ဟောစွမ်းနိုင် လျက်အ ထွန့်သို့ရောက်မှ။သဗ္ဗစသောအမည်တပါး။ကဲ့ပြားပြန်သော ကြောင့်။နာမသဒ္ဒါကိုပင်။နာမသဒ္ဒါတခုဖြင့်မ၍နံဂါးပါးပြား သည်။ ။နံဟူသည်။သဒ္ဒါဟူသည်။လိင်ဟူသည်။သင်္ချာ အရုတ္ထသည်ဖြစ်၍ သဒ္ဒါပြားအနက်တူဟု မှတ်အပ်၏။ ထို ဆိုအပ်ခဲ့ပြီးသောအခြင်းအရာဖြင့်။ဂါးပါးပြားသောနံ သည်။ လိင်အားဖြင့်။ဣတ္ထိလိင်။ပုလ္လိင်။ နပုလ္လိင်ဟူသော လိင်သုံးပါး နှင့်ဆက်ဆံ၏။ ။ဤသို့ဂါးပါး သောနံကို အကျယ်နှင့်တ ကွ။အလံုးစုံသောအဓိပ္ပါယ်ကိုသိသည်ရှိသော်။ သဒ္ဒါ ကျမ်း ကိုသိသည်မည်၏။ သို့ဖြစ်၍။ အကျယ်ဝိဂ္ဂါရနှင့် တကွအ လုံးစုံသောအဓိပ္ပါယ်ကိုသိ လိုသော အမျိုး ကောင်းသားတို့ သည်။သင်ခြင်း။အံခြင်း။နှလုံးမူခြင်းကိုပြုကုန်ရာသည်။

၉ပဒေသ။ ဤစကားရပ်ဖြင့်။ကမ္ဘာဦးသူ။ လူပညာရှိတို့ခေါ်ဝေါ် ရင်းနာမသဒ္ဒါ။ ထိုနာမသဒ္ဒါ ၏။ သာမည ဖြစ်၍။ ဝိဒေသ ထူတ်ဆိုအပ်သောနံဂါးပါး။ထိုနံဂါးပါးတို့နှင့် ဆက်ဆံသော လိင်သုံးပါးများ ကို။သဒ္ဒါနည်းရှိသည်အတိုင်း။ နေရာကျမသိ က။လိင်ဝုတ်။ကံကတ္တားကိရိယာ စသည်တို့ ကိုနေရာကျမ ဆုံးဖြတ်နိုင်။ယင်းသို့မဆုံးဖြတ်နိုင်က။ဥဒယပွယ ကမ္မဒ္ဒါန်း ကို။ စီးဖြန်းသောယောဂိပုဂ္ဂိုလ်၏။။ဥဒကဗကဟူ သောပုဒ် ဗျည်းသဒ္ဒါအက္ခရာပျက်ယွင်းသဖြင့်။ ရွတ်အပ်သောသဒ္ဒါပ ဗန္ဓဖြင့်။ ဓမ္မာ ဘိ သမယသို့မရောက်နိုင်သကဲ့သို့ဖြစ်သည်။ သဒ္ဒါနည်းနှိုက်လိမ်မာမှ။ ပုဒ်ဗျည်းသဒ္ဒါမပျက်မယွင်းအောင်

ရွတ်ဘတ်သရဏ္ဏာယ်နိုင်သဖြင့် ဓမ္မာဘိသမယသို့ရောက်နိုင်
မည်။ သို့ဖြစ်သောကြောင့်။လိင်သုံးပါးတို့နှင့် ဆက်ဆံသော။
နံငါးပါးစသော သဒ္ဒနယ။သဒ္ဒဝိနိဆ္ဆ ယ များနှိုက်ကျမ်းကျင်
လိမ်မာအောင်။သင်ခြင်း။ကြဲခြင်း။ အံခြင်းစသည်တို့ကိုကျိုး
စားအားထုတ်အပ်သည်ဟူ သောဥပဒေသ ကိုဖြာသည်ယူ ရ
မည်။



ပေးခွန်းကောက်နုတ် ချက်ပါ။ သေး သေးတင်သက် ပုဒ်ရင်း။
သက်စပ်နည်း၁၂ပုဒ်တွင်။ပဉ္စမပုဒ်။

ကိုယ်တော်တလံ။ရောင်တော်လျှံ။ ဤဆံနှစ်သစ်မြှ။ ။ ပဒ္ဓာဇ္ဈ။
ဟူသည်ကား။

မြတ်စွာဘုရားကိုယ်တော်နှင့်ပြောပေရိမဏ္ဍ လက်ဝဲသို့
ဖြစ်၍အလံတော်နှင့် အာရပ်တော်မျှသည်ဟူရ ကား။ တလံ
သောကိုယ်တော်မှလက္ခဏာရောင်ခြည်တော်။ အသိတိနှစ်
လင့်ဒီတိရောင်ခြည်တော်။အနုန္တဒီသာဝရဏာရောင် ခြည်တော်
အပေါင်းတို့ဖြင့်ပြိုးပြိုးပြက်ထွန်းလင်း တောက်ပတော်မူသည်
ဖြစ်၍။တောထွက်တော် မူ စည်။ နေရာ့ရာဖြစ် အနီးနှိုက်ဆံ
တော်ကိုသန်လျက်ဖြင့်။ ပယ်ချတော်မူကတည်းက။ ဆံတော်
နှစ်သစ်မျှသာတည်သည်ဖြစ် ၍။ နောက်ပြီ တဖန်ထပ်မံဖြင့်
ဆင်သုတ်သင်ရသည်မရှိ။ယင်းဖြတ်ရင်းဆံတော်အ တိုင်းပ
ကတိပင်တည်သည်ဆိုလိုသည်။

ဤနှိုက်။ဖြတ်စွာဘုရားကိုယ်တော်သည်။ တလံမျှအ အဝယဝဏ္ဍ
ညီအညွတ်ရှိတော်မူခြင်း သည် လက္ခဏာ တော် ကြီးသုံး

ဆဲ့နှစ်ပါးအဝင်ဖြစ်၍။ဗုဒ္ဓေါနိဂြောဓပိမ္ဖောစသဉ်ဖြင့်။ သုတ်မဟာဝါအဌကထာစသော။ထိုထိုကျမ်းဂန်တို့နှိုက် ထွက်ရှိသည့်ကိုထောက်၍။မြတ်စွာဘုရား ကိုယ်တော်သာ။ ကိုယ်တော်တလံဟု။ သတ်ပုံအစပ်နှိုက်စပ်ဆိုသည် မှတ်ရမည်။ ရောင်ခြည်တော် သို့ ကူး ၍ရောင်ခြည် တော် တလံဟု မယူလင့်။ ။ရောင်တော်လျှံဟူ သော အစပ်နှိုက်လည်း။ လက္ခဏာရောင်ခြည်တော်။အသီတိနိစ္စလဌီတိ ရောင်ခြည်တော်။ အနုန္တဒိသာဖရဏရောင်ခြည်တော် ဟုရောင် ခြည်တော်သုံးပါးပြားသည်တွင်။ ထက်ဝန်း ကျင် ကိုယ် တော်မှ။ တလံမျှလေဝံထွန်းလင်းတောံပသောရောင်ခြည်တော်ကိုလက္ခ ဏာရောင်ခြည်တော်ဟုမှတ်။ ယင်းလက္ခဏာ ရောင်ခြည်တော်ကား။ဖွါးတော်မူစည်ပင်ကနကသမတစ ဖွေအဆင်း နှင့်တူသောကိုယ်တော်ဖြစ်၍။ ပရိသမန္တကာယပဘဝန္တ ဖြစ်သော ထက်ဝန်းကျင်တလံမျှလေဝံ တောံပလျက်တည်သောရောင်ခြည်တော်တည်း။၏နှိုက်။အလောင်းတော်စည်ကပင်။ထွန်းလင်းတောံပသည်မှာ။ ပုဂ္ဂလဝိသေသဖြစ်က။ ဝဂ္ဂလိထေရ်။ ယသောဓရာမိဘုရား။ဘဒ္ဒကပိလာ။ပဘာဝတီစ သောသူတို့သည်ပင်။ပကတိကိုယ်ရောင်ထွန်းလင်းတောံပ လေရကား။ အလောင်းတော်မြတ် ဖွါး တော်မူသည် ကစ၍။ ယင်းလက္ခဏာရောင်ခြည်တော်။ ထွန်းလင်းတောက်ပသည်ကို။ စောဒနာဖွယ်မရှိဟုမှတ်လေ။

အသီတိနိစ္စလဌီတိရောင်ခြည်တော်မှာ။တန်ခိုးတော်ဖြင့်မဖန်ဆင်းမူ၍ပကတိနေ့ညမပြတ် အတောင်ရှစ်ဆယ်မျှသော အ ရပ် နှိုက် တည် သော ရောင်တော် တည်း။ ထိုကြောင်း။ ။အသီတိဟထ္ထမတ္တေ ပဒေသေနိစ္စလောအဌာသိ။ ။အသီတိဟထ္ထမတ္ထေ။အတောင်ရှစ်ဆယ်အတိုင်းအ

ရှည်ရှိသော။ပဒေသေ။ အရပ်နှိုက်။နိစ္စလောဝ။မတုန်မလှုပ်ဖြစ်၍သာလျှင်။အဌာသိ။တည်၏။ ဟူ၍လာသော၊ အဌသာလိနီအဌကထာ။ ။ဗုဒ္ဓဿဟိသမီပေအသီတိဟထ္ထဗ္ဗန္တရတောအညောအာလောကောနာဟောတိ။ ။ဟိသစ္စံ။ မှန်၏။ဗုဒ္ဓဿ။မြတ်စွာဘုရား၏။သမီပေ။အနီးနှိုက်။ အသီတိဟထ္ထဗ္ဗန္တရတော။ အတောင်ရှစ်ဆယ်၏။ အတွင်းနှိုက်။ အညော။တပါးသော။အာလောကော။ နေရောင်စသောအလင်းသည်။ နာဟောတိ။ မဖြစ်။ ဟူ၍လာသောသုဒ္ဓဌကအဖွင့်။ သုတ္တနိပါတ်အဌကထာများကိုထေဝံ၍။ ကိုယ်တော်မှ ပကတိအတောင် ရှစ်ဆယ်မျှသော အရပ်ကိုထွန်းလင်း တောံပသောအရောင်တော်ကိုအသီတိ နိစ္စလဌိတိရောင် ခြည်တော်ဟုမှတ်ရမည်။

အနန္တဒိသာဖရဏရောင်ခြည်တော်မှာ။ အလိုတော်ရှိကအဆုံးမရှိသောအရပ်သို့ပင်နှံ့၍ထွန်းလင်းနှိုင်သောရောင်ခြည်တော်တည်း။ ထိုရောင်ခြည် တော်ကား အလိုတော်ရှိသည်ရှိသော်နှစ်သိန်း လေးသောင်း အထုရှိသောမြေ။ လေးသိန်းရှစ်သောင်းအထုရှိသောရေ။ ကိုးသိန်းခြောံသောင်းအထုရှိသောလေတို့ကို။ဖေါက်ထွင်းပြန့်နှံ့စေ၍။ ရွှေစိုင်ရွှေခဲရွှေရည်အတူဖြစ်စေပြီးလျှင်။အောံအဇတာကာသ။ အထက်ကိုလည်းနတ်ပြည်ခြောံထပ်ဗြဟ္မာနှစ်ဆယ်များကို လွှမ်းမိုး၍။ အထက်အဇတာကာသဖီလာအရပ်နှိုက်လည်းအနန္တစကြဝဋ္ဌာ။ယင်းသို့အဆုံးမရှိသော အရပ်တို့ကို ထွန်းလင်း တောံပနှိုင်သည်၊ယင်းဆိုအပ်ခဲ့သောရောင်ခြည်တော်သုံးပါးကိုပင်။ သတ်ပုံစပ်ရင်းရောင်တော်လျှံဟူသော ပုဒ်နှိုက်။ သင်္ဂြိုဟ်၍ ယူအပ်သည်သာတည်း။

ဖွေဆံနှစ်သစ်မြဲဟူသောသတ်ပုံအစပ်နှိုက်လည်း။ ။ ဒကျိဏဟထွေနပရမနိသိတမသိဝရံဂဟေတွာ ဝါမဟထွေန မောဋ္ဌိယာသဒ္ဓိံစူဋ္ဌံဂဟေတွာ ဆိန္ဒိကေသာဒွဂ်ုလိမတ္တာဟု တွာဒကျိဏတောအာဝဋ္ဌမာနာသိသံအလ္လယိံသု။ တေသံပန ကေသာနံ ယာဝဇီဝံတထေဝ ပမာဏံ ဟောတိ။ ပုနကေသ မဿုဩဟာရနာနဟောသိ။ ဟူ၍ဗုဒ္ဓဝင်အဌကထာ။ ဇာ တထ္ထကိအဌကထာစသောကျမ်းတို့နှိုက်ဆိုသည်။ ။ဒကျိ ဏဟထွေန။ လက်ယာလက်တော်ဖြင့်။ ပရမနိသိတံ။ မြတ် သောလက်စွဲတော်ဖြစ်သော။တနည်း။ အလွန်ထက်စွာ သွေး အပ်သော။အသိဝရံ။ သန်လျှက်တော်ကို။ ဂဟေတွာ။ ယူ၍။ ဝါမဟထွေန။ လက်ဝဲလက် တော်ဖြင့်။ မောဋ္ဌိယာ။ မကိုက် တော်နှင့်။သဒ္ဓိံ။တကွ။ စူဋ္ဌံ။ ဥသျှောင်တော်ကို။ ဂဟေတွာ။ ကိုင်၍။ဆိန္ဒိ။မြတ်တော်မူ၏။ကေသာ။ဆံတော်တို့သည်။ဒွဂ်ုလိမတ္တာ။လက်နှစ်သစ်မျှ။ဟုတွာ။ဖြစ်၍။ဒကျိဏတော။ လက် ယာရစ်အားဖြင့်။ အာဝဋ္ဌမာနာ။ လည်ကုန်လျက်။ သိသံသိ သေ။ဥကျောင်းတော်နှိုက်။အလ္လယိံသု။ ကပ်ကုန်၏။တေသံ ပနကေသာနံ။ ထိုဆံတော်တို့၏။ ယာဝဇီဝံ။ အသက်ထက် ဆုံး။တထေဝပမာဏံ။ ထိုလက်နှစ်သစ်မျှပမာဏ သည်သာ လျှင်။အဟောသိ။ဖြစ်၏။ပုန။တဖန်။ ကေသမဿုဩဟာရ နာ။ဆံမုဆိတ်ကိုရိတ်ချခြင်းသည်။ နဟောသိ။ မဖြစ်။ ဤသို့ လာသောအဌကထာစ ကား ရပ်ကိုထောံ၍။ မြတ်စွာဘုရား ဆံတော်လက်နှစ်သစ်အမြဲတည်သည်ဟုမှတ်ရမည်။

ထိုမှတပါး။ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့မှာလည်း။ ဆံ တော် လက်နှစ်သစ်သာ အမြဲတည်သည်။ ထိုကြောင့်။ ။ ပစ္စေကဗုဒ္ဓါနာ မဒွဂ်ုလကေသမဿု အဌပရိက္ခာရယုတ္တာ ဘဝန္တိဟုအပဒါန်အဌကထါခဂ္ဂဝိသာဏသုတ်အဖွင့်တွင်ဆို

သည်။ရပာန်းတို့မှာလည်း။ ဂျည့်စွအဆုံးလက် နှစ်သစ်မျှသာ အပ်ကြောင်း။ထိုထက်အလွန်မအပ်ကြောင်းများကို ပညတ်တော်မူ၍ဂိုသည်။ ။ယင်းသို့ဖြစ်၍သထုံပြည်က။ ဂျင်အရဟံ။ပုဂံမြို့သို့ရောက်သည့်တွင်။ မူဆိုးနှင့်တွေ့၍။ အရည်းဂျင်ယောင်တို့မှာမူကား။ဆံလေးသစ်တဝါးဂိုသည်။ ဤသူကားဆံလက်နှစ်သစ်မလွန်ဖြစ်၍။ ဤသူလူရိုင်းဖြစ်မည်ဟု မူဆိုးမှတ်ယူကြောင်းကို။ပုဂံရာဇဝင်ဟောင်းနှင့်။အာစရိယဝံသ။ သာသနာလင်္ကာရစာတမ်းများတွင်ဆိုသည်။

ဤစကားရပ်ဖြင့်။ ကိုယ်တော်တလံဟူသောစကား ဥပဒေသ။ ကိုစွဲ၍။နိဂြောဓပိမ္ဗစသော လက္ခဏာတော်သုံးပါး။ ရောင်တော်လျှံဟူသော စကားကို စွဲ၍ ဗျာမပ္ပဘာဝန္တ ဇုဠိကောစသော လက္ခဏာတော် ငယ်ဂျစ်ဆယ်။ ဖွေဆံနှစ်သစ်မြှ ဟူသောစကားကိုစွဲ၍။ အံ့ဖွယ်တဆဲ့ဂျစ်ပါး။ ဤသို့ လက္ခဏာတော်ကြီး။လက္ခဏာတော်ငယ်။အံ့ဖွယ်အပေါင်းနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား ဂုဏ်တော်ကို။ ပဌာနနည်းအားဖြင့် လက္ခဏာတော်ကြီး သုံး ဆဲ့ငါးစပါးတွင်။ နိဂြောဓပိမ္ဗ။ လက္ခဏာတော်ငယ်ဂျစ်ဆယ်မှာဗျာမပ္ပဘာ။ အံ့ဖွယ်တော်တဆဲ့ဂျစ်ပါးမှာ။ဒွဂိုလကောသာ။ ယင်းသို့ပြဆိုသဖြင့် အလုံးစုံသောလက္ခဏာတော်ကြီး။ လက္ခဏာတော်ငယ်။ အံ့ဖွယ်အထူးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဂုဏ်တော်သို့သက်၍ကြည်ညိုခြင်းကိုဖြစ်စေသဖြင့်။ ဇုဠိအဝစ္ဆပသာဒေနသမန္နာဂတောစသည်ဖြင့်လာသောအပရိဟာနိယ တရားခုနစ်ပါးနှင့်ပြည့်စုံအောင်အမြဲနှလုံးယူကျုံးသွင်း ထားရာသည် ဟူသောဥပဒေသကိုပြသည်ယူရမည်။

မေးခွန်းကေဒံနွတ်ချက်ပါ။သေးသေးတင်သက်သက် စပ်နည်း၁၂ပုဒ်တွင်။ ။ဆဋ္ဌမပုဒ်။

ဂုဏ်ရင်း၊ သတ္တဝါညံ့။ ၎င်းနှိုး။ ဗျဉ်လည်းအမျိုးကွဲ။ ။ဟူသည်ကား။

ဒိဏ္ဍဆဲ၊ အမျိုးမတူသော။ ညံ့သတ္တဝါ။ နှိုးသတ္တဝါ။ ဗျဉ်သတ္တဝါသုံးမျိုးဟူသည်။ တိရစ္ဆာန် ပညတ်ဇာတ်ပင် မတူသော်လည်း။ အဘတ်အရေးသေးသေးတင် သဘောတူ သည်ဆိုထိုသည်။

အဝယဝဆဲ၊ ဤနှိုက်။ ညံ့သတ္တဝါဟူသည်။မါဂဓဘာသာအားဖြင့်။ တန္တိဂါဟ။ဗဂံါလီဘာသါအားဖြင့်ဂရု။သဂ္ဂဇဘာသာအားဖြင့်ဂြာဟာ။တနည်း။ အဝဂြာဟာ။ မြန်မာဘာသာအားဖြင့်ညံ့ခေါ်သည်ဟုမှတ်ရမည်။ထိုကြောင့်။တန္တိဂါဟာ။ တရာနှစ်ရာ့ဂျည်စွာအလံ်ညံ့သတ္တဝါလည်းကောင်း။ဟူသော အပဒါန်ပါဠိတော်။ရှင်သာရိပုတ္တရာအပဒါန်။ ။ဂြာဟော။ ဖမ်းတတ်သော တိသဉ္ဇာနှိုက်ရှိသော ဂရုမည်သော သတ္တဝါ။ အဝဂြာဟော။ဖမ်းတတ်သော တိသဉ္ဇာနှိုက်ရှိသောသတ္တဝါဟူ၍ လာသော အမရကော သဒ္ဒဘိဓါန်။ ။ဒွယံသမုဒ္ဒမဟာနုဇျော သင်္ကမေလတာကာ ယဓနွှေ့ဝိဂေရင်္ဂတိ ချာတော။ ။ဟူ၍ လာသောအမရကော သဒ္ဒိကာ။ ၎င်းဒိပနီတို့နှိုက် ညံ့ဟောပရိယာယ် နှစ်ပုဒ်။ ယင်းနှစ်ပုဒ်၏ အဖွင့် များကို ဆို သောကြောင့်။သမုဒ္ဒရာမြစ်ကြီးတို့၏အဆုံးနှိုက်တိသဉ္ဇာနှိုက်ရှိသော ဖမ်းတတ်သောသတ္တဝါကိုညံ့ဟုခေါ်ဝေါ်သည်မှတ်ရမည်။

ထိုညံ့သတ္တဝါသည် ဖမ်းယူတတ်သည့် ဟူရာနှိုက်။ ဆင်ကိုပင်ဖမ်းယူတတ် သည် ဆိုထို သည်။ ထိုကြောင့်။

ညည်ရှိသတ္တဝါတို့ကိုဌါး ရမ်း စကား တရား အဆုံး အဖြတ်တွင်။ကမ္ဘာရန်ကြိမ်ကြိုက်၍သေဆုံးက။ အပြစ်မစီရင်သင့်သည်ကိုပြရာ။ နွားမှာမြွေလျှိုး ၍သေလျှင်အပြစ်မရှိစေနှင့်။ ကျွဲမှာဥချိုးနား၍သေလျှင်အပြစ်မရှိစေနှင့်။ ယင်း ကျွဲနွားတို့နှံ ကိုစားမိ၍သေလျှင်အ ပြစ် မရှိစေနှင့်။ ဆင်မှာ ညံ့ရစ်၍သေလျှင်အပြစ်မရှိစေနှင့်။ မြင်းမှာဘီလား စုတ်၍သေလျှင်အပြစ်မရှိစေနှင့်ဟု။ထိုထိုဓမ္မသတ်ကျမ်းတို့နှိုက်မှာဆိုသဉ့်အရ။ အစိန္တေယံ။ ဘဝဂ်လျှံသား။ချီသည်။ ပကိဏ္ဏ ကဓမ္မသတ်လက်ာတွင်။

မြွေလျှိုးချိုးနား။နှံ စိမ်းစားမှာ။ကျွဲနွားကြမ္မာ။ ဆင်မှာ ညံ့ရစ်။မြင်းဖြစ်ဘီလား။စုတ်ငြားသော်မူ။ ပြစ်မြှုမသမ်း။ဟု စပ်ဆိုသည်ကိုထောံသဖြင့် ဆင် ကိုပင် ဖမ်း ယူနှိုင် သော သတ္တဝါအထူးဖြစ်ရကား။ ကြောံမင်း ဖွယ်သော ဘေးရန်ဖြစ်၍။ ရာဇတန္တီပဝေဏီဖြစ်သောနန်းစည်နန်းဆက် သစ္စာတော်ပြန်တမ်းတွင်။မိကျောင်းလပိုင်။ ညံ့တိကိုင် ၍။သေဆုံးစေသောဟု။ ကျိန်ဆို ရေရွတ်ဘတ်ပြန် ရလေသည်။ ယင်း သစ္စာတော်ပြန်တမ်းအရ။မိကျောင်းလပိုင်မှာ။စတုကင်္ဂုတ္တရပါဠိတော်ဘယဝဂ်။ကုမ္ဘိလာဒိဘယသုတ်တွင်။ ။ဥမ္မိဘယ။ သိုင်းတံပိုးဘေး။ ကုမ္ဘိလဘယ။မိကျောင်းလပိုင်ဘေး။ အာဝန္ဒဘယ။ဝဲခရက်ဘေး။သုသုကဘယ။ငါးပုတျက်ဘေး။

ဟုသမုဒ္ဒရာနှိုက်ဖြစ်သောဘေးလေး ပါးတွင် တပါး အဝင်ဖြစ်၍ရင်း။ညံ့သတ္တဝါမှာ၊ကြောံမင်း ဖွယ်ဖမ်းယူတတ်သောသတ္တဝါအထူးဖြစ်၍ရင်း။သစ္စာတော်ပြန်တမ်း ကျိန်စာတွင်ထည့်သွင်းသည်မှတ်ရမည်။

ယင်းညံ့သတ္တဝါကို။ရတနာသိဃ်မြှိုတဉ်အလောင်းမင်းတရားကြီးဘုရားလက်ထက်။အယုဒ္ဓရတိုင်းယိုး ဒယား

မြို့သို့ချီတော်မူသည်ကာလ။ ရတ္တ မမြစ်ကူး တွင်ဆင်၂ စီး၃ စီးရေသို့ဆင်း လျှင်ပျော်သည်ကို။ အောံအရပ်သားတို့ကို မေးရာ။ ညံ့သတ္တဝါကိုက်ယူသည်ဟူ၍ရင်း။ အဝမြို့တွင်သဉ်ခဲ့သို့ဆင်၂ စီးပျောက်သည်ကို။ ညံ့ကိုက်သည်ဟူ၍ရင်း။ ညံ့သတ္တဝါသည်တီသဏ္ဌာန်အလံတရာ။ နှစ်ရာရှည် လျားသည်ဟူ၍ရင်း။ သစ္စာတော်ပြန်တမ်းတွင်။ မိကျောင်းလပိုင်။ ညံ့တိကိုင်ဟူ၍ရင်းပြောဆိုရေးသားကြပါသည်။

ရင်း ညံ့သတ္တဝါ ကို နေ ရာ ကျ သိ လို ကြောင်း နှင့် ၁၁၂၃ခု။ တန်းခူး လဆန်းတရက် နေ့ထွင်။ မင်းတိုင်ပင်အမတ်မင်းလက်ဝဲနော်ရထာလျှောက်ထား၍။ ညွှာဏာလက်ာရမဟာရာဇဂုရုတံဆိပ် တော် ရတောင်ကွင်းဆရာတော်အဖြေတွင်။ ။သုသုကာတိသမုဒ္ဒေဘဝါ။ ဧကာမစ္ဆဝါလဇာတိကုမ္ဘိလာတိပိဝဒန္တီ။ ဟူသောတေရ သကဏ်ဋီကာပါဠိအရ။ သုသုကာဟူသည်။ ငါးရဲတမျိုး ဖြစ်သည်။ မာဂဓဘာသာအားဖြင့်သုသုကာ။ မြန်မာဘာသာအား ဖြင့်ညံ ခေါ် ဝေါ် ရမည်ဖြေဆိုသည့်မှာ။

ဥလုပိ။ အတွက်နှိုက်လိမ်းကျံတတ်သောငါးပုတျက်။ သိဂုကား၊ မိကျောင်းနှင့်တူသောငါးပုတျက်။ ညှည်းဆဲကိုက်တတ်သောငါးပုတျက်လည်းဟူ။ သမော။ အနက်အား ဖြင့်တူ၏ ဟုငါးပုတျက်ပရိယာယ်ကိုပြသော။ အမရကောသအဘိဓာန်ကျမ်း။

ရောဟိတော။ ငါးကြင်း။ ဖဂ္ဂုရော။ ငါးခူ။ သိင်္ဂေါ။ ငါးကျဲ။ ဖလဇော။ ငါးပတ်။ မုစ္စ။ ငါးရံ့။ ပါဝုသာ။ ငါးတန်။ ငါးဟင်းငံလည်းဟူ။ သတ္တဝင်္ဂေါ။ ငါးသျှည့်။ သဝင်္ကော။ ငါးမြွေ။ နလမိနော။ ငါးဖေါင်ရိုး။ ကဏ္ဍကော။ ငါးမန်း။ သုသုကာ။ ငါးပုတျက်။ သရပိ။ ငါးခုံးမ။ မကာရ။ မကန်း။ ဈတိအာဒယော။ ၍

သို့အစရှိသည်တို့ကား။မစ္ဆဘေဒကာ။ ငါးအထူး တို့တည်း။ ဟူ၍လာသောမာဂဓအဘိဓာန်။

သသုဟိ်သာယံ။ ဥ။ အဿု။ သုသုကာ။ သကထ္ထေကော။ငါးပူတျက်။ဟူ၍သုသုကာပုဒ် ကိုဖွင့်သောအဘိဓါန်ဦးကာ။

သုသုကာဝုစ္စတိ။ စဏ္ဍမစ္ဆော။ ဟူသောသမောဟဝိနောဒနီအဌကထာ။

သုသုကာဘယန္တိစဏ္ဍမစ္ဆဘယံဟူသောမဇ္ဈိမပဏ္ဏာသစတုဘယသုတ်အဖွင့်အဌကထာ။

သုသုကာဝုစ္စတိစဏ္ဍမစ္ဆော။တတောဘယံသုသုကာဘယံ။ဟူသောမဟာနိဒ္ဒေသအဌကထာ။

သုသုကာတိသမုဒ္ဒေဘဝါဧကမစ္ဆဇာ တိကုမ္ဘိလောတိပိဝဒန္တိ။ဟူသောဝိမတိဝိနောဒနီဦးကာ။

ပါဌ်များကို ထေဝံ လျှင်။ သုသု ကာပုဒ် သည် ငါးပုတျက်ဟောဖြစ်ခဲ့။ တောင်တွင်းဆရာတော်ဘုရား ကလည်း သုသုကာကိုမြန် မဘာသာအား ဖြင့် ညံခေါ် သည်ဟုဖြေဆိုတော်မူ၍ရှိခဲ့။ ယင်းသို့ဖြစ်၍ဆရာတော် ဘုရား အယူနှင့်။အရပ်ရပ်ကျမ်း ဂန်အထွက်အရှိများကို။ အထောံအကြောင်း။ ယုတ္တိအာဂုံထုံးမှိစံရ။အရိုးကျ။သက်သေရ။ခုံတည်လောက်သည်ကိုသာနှလုံး မူ၍ပညာရှိ တို့မှတ် သား ကြ စေကုန်သတည်း။

နှုံသတ္တဝါ။ ဖျံသတ္တဝါတို့မှာ။ ငါတို့မြန် မာနိုင်ငံ။အရပ်ရှစ်မျက်နှာ၊လင်းကဲတဖြာဖြစ်သော။ပိတ်ပေါင်း။စိန်။ရုံ။ရဂုံ။ဂနိုင်။ဖေါင်း။ကိုင်း။ပန်းပြား။စက်စယ်။ထုံးအင်း အိုင်ပက်ကားစသည်တို့နိုက်။ မျက်ဝါးထင်ထင်တွေ မြင်ထင်ရှားလှသည်ဖြစ်၍အထူးဖြေဆိုဖွယ်မရှိပြီ။ယင်းစကားရပ် တွင်။ ဖျ

သတ္တဝါမှာ။ရေနှိုက်ပျော်မွေ့သောသတ္တ ဝါဖြစ်၍။ ထုံးအင်း အိုင်ပက်ကားစသည်တို့နှိုက်။များသောအားဖြင့်နေလေ့ရှိ၏။ ဟုပှတ်ရမည်။ ဤနှိုက်ပက်ကား ဟူသည်။ ညွန်ရှိသောရေ အိုင်တည်း။ ထိုကြောင့်။ မာဂဓအ ဘိဓာန် ကျမ်းတွင်။ ။ ဇမ္ပာလော။ညွန်။ကလလံ။ညွန်။ပင်္ကော။ညွန်။စိက္ခလ္လံ။ ညွန်။ ကဒ္ဒမော။ ညွန်ဟုပြသောညွန်ပရိယာယ် ၅ပုဒ်တွင်။ ပက် သဒ္ဒါ။ ။အမရကောသအဘိ ဓာန့် ကျမ်းတွင်။ ။သဇမ္ပာ လေတုပက်ိနး။ ။ပက်ိနး။ပက်ိနး သဒ္ဒါသည်။ သဇမ္ပာ လေတု၊ညွန်ရှိသေါအရပ်နှိုက်၊သျှာတ်၊ဖြစ်၏။ပက်ိနး။ညွန် ရှိသောအရပ်ဟူ ၍လာသောပက်ိနးသဒ္ဒါ။ ယခင်ပြခဲ့သည် ပက်သဒ္ဒါ။များကရွေ့လျှော၍သူဟောင်း တို့မှာ။ ပအက္ခရာ တွင်ကသတ်နှင့်ပက်ကားဟုခေါ်ဝေါ်ရေးသားကြသည်။

သက္ကရာဇ်၇၆၆ခုတွင်။ရတနာပူရအဝရွှေပြည်တော် ကြီးသို့ရာဇာဓိရာဇ်ရေကြောင်းဆန်တက်လာရာ။ စာကြို့ရှင် ဇောတယန္တနှင့်တွေ့၍။ ချေငံသာယာဆန်း ကြယ်စွာသောစ ကားကိုပြောဆိုသည်တွင်လည်း။ငါတို့အဝရာဇဌာနီသည်။ ဝါဆိုဝါခေါင်လ ရောက် သော။ မြစ် ချောင်း တို့သည်ပြည့် လျှမ်းသည်လှိုင်း တံပိုး အလွန် ကြီး သည်။ လှေတက်ကိုမြစ် တွင်မျှမထားဝံ့ကြ။ ထုံး အင်းအိုင်ပက် ကားဝယ်သာသွင်း ထားရသည်ဟူ၍ရင်း။

သက္ကဇ်၇၆၈ခု။ ဘုရင်မင်းခေါင်ဇရပ်မြို့သို့ ချီတော် မူမည်တွင်။တလိုင်းပြည်အရပ်သည်။စုံ။ ရဂုံ။ စေးပြစ်။စိန်။ မြိုင်။ဂနှိုင်။ပုပ္ပေါင်းထူပြောလှသည်၊ချောင်းမြောင်းထုံးအင်း အိုင်ပက်ကားလည်းပြည့်လျှမ်းသည်။ ညွန်ပျောင်း စေးရွှံ့ လည်းများကြောင်းနှင့်ပညါရှိအမတ်မင်းရာဇာတင်လျှောက် သည်ဟူ၍ရင်း။

ရှင်တိသာသနဇောအကျော်လည်း။မွေတော်စစ်မစစ်
ကိုပက်ကားရေဖြင့်ဂူးစမ်းသည်ဟူ၍ဂင်း။
ဇာတိမြတ်ခေါင်ချို။ဆင်ကြွန်လက်ဝတ်။ ။ရိပ်ကြိုး
တောဗျား။နတ်စပါးနှင့်။ ပက်ကားအိုင်အင်း။ထူးတွင်း ချေဝံ
မြောင်။ ယည်ဘောင်စိုးဝန်။ ရေတံခွန်က။ဟူ၍ဂင်း။
မဟာဝရဇိန်။ချိကူသမျိုသစ်တွင်။ ။မြိုင်နက်စေး
စုံ။ရကုဂနိုင်။အင်းအိုင်ထုံးမြောင်း။ ချောင်းနှင့်ပက်ကား။ငါး
ပါးမြစ်ကြိုး။မြစ်ငယ်စိုးလည်း။ဟူ၍ဂင်း။
ငါးမင်းမျိုတွင်လည်း။နတ်ပြည်ဗိမာန်။ နန္ဒဝန်သို့။အ
လွန်ထူးခြား။ ပျော်ရာများလျက်။ ပက်ကားယောင်ယောင်။
ချပ်မြောင်ထိုထို။မြိုင်ညိုညိုတွင်။ဟူ၍ဂင်း။
အရပ်ရပ်ရာဇဝင်စာဟောင်းစာတမ်းမျိုကဗျာများ
တွင်ရေးသား စပ် ဆို သည် ကို ထောက် ၍ပက်ကား၏,အ
ထုပ္ပတ္တိကိုမိမိရရသဘောကျသိမှတ်လေ။

၅၂ ဤစကားရပ်ဖြင့်။နှံ့သတ္တဝါ။ဗျံသတ္တဝါတို့နှင့်။ဇာတ် ဥပဒေသ။
အားဖြင့်မဝူသော်လည်း။ ဖတ်ထုံး။ ရေးထုံးအား ဖြင့်သေး
သေးတင် သဘောဟူသော ညံ့သတ္တဝါဟူသည်။ ကြောင်မင်း
ဖွယ်သော အန္တရယ်ကို ဖြစ်စေတတ်သော သတ္တဝါဖြစ်၍။ မိ
ကျောင်းလထိုင်။ညံ့တိကိုင်၍သေစေသောဟု သစ္စာတော်ပြန်
တမ်းတွင်ဘတ်ရွတ်ကျိန်ဆို။ သော်မြို့ခံယူရသည် အတိုင်း။
မှားမတ်မင်းချင်း မင်းခယောက်ျားတို့သည် ထမင်းသခင်ဖြစ်
သောအရှင်မင်းဇကာဇာတို့အားပေါက်ပြန်သော နှလုံးကိုမ
ဖြစ်စေမူ၍,,ကျေးဇူးသစ္စာတော် မြတ်ရှိသည်အတိုင်း။ အမှ
တော်ကိုဖြောင့်ဖြောင့်ရိုးရိုးထမ်းရွက်ရမည်ဟူသော ဥပဒေ
သ။ညံ့သတ္တဝါသည်ဆင်၏,ကမ္ဘာရန်ဖြစ်ကြောင်းကို။ထိုကို

ဓမ္မသတ်ကျမ်းဂန်တို့နှိုက်မှာဆိုသည်ဖြစ်၍ ယခင်ပြဆိုခဲ့ပြီး သည်အတိုင်း။စီရင်ခင်းစီရင်ဖွယ်ရောက်က။ ဤသို့ဖြစ်လျှင် အပြစ်ထိုက်သည်။ ဤသို့ဖြစ်လျှင်။ အပြစ်မထိုက်ဟု။တရား သူကြီးခုံသမတ်ပြုလုပ်သူတို့အမြဲယူမှတ်ရမည် ဟူသောဥပ ဒေသများကိုပြသည်ယူရမည်။

———o§§o———

မေးခွန်းကောံနုတ်ချက်ပါ။သေးသေးတင်သက်သက် စပ်နည်း၁၂ပုဒ်တွင်။ ။သတ္တမပုဒ်။

ပုဒ်ရင်း။ စကားနက်တံ။ ဒေဝဓံ။ ရှည်လံလွန်နက်နဲ။ ။ဟူ သည်ကား။

ပိဏ္ဍတ္ထ။ ဒုကင်္ဂုတ္တရပါဠိတော်နှိုက် လာသောနည်းအားဖြင့်။ ဟိရိသြတ္တပ္ပဟူသောလောကပါလတရားနှစ်ပါးကို။ဒေဝဓမ္မ ဇာတ်နှိုက်လာသောနည်းအားဖြင့်။ ဒေဝဓမ္မခေါ်သည်။ယင်း ဟိရိသြတ္တပ္ပဟူသောဒေဝဓမ္မတရားနှစ်ပါးသည်။ ရှည်လျား ဝေးလံလှစွာသော ကာလကပင်။ သူတော်ကောင်းတို့ ကျင့် ဆောင် အပ်သော တရားဖြစ်၍ အလွန်နက်နဲ သည် ဆိုလို သည်။

အဝယဝတ္ထ ဤနှိုက်။ ရှည်မြင်စွာ ကာလကပင်ဒေဝဓမ္မတရားနှစ် ပါးထင်ရှားကြောင်းအထုပ္ပတ္တိ။ ဒေဝဓမ္မတရားဟူသော အ မည်။လောကပါလဟူသောအမည်တွင်ကြောင်းစကား။ဟိရိ သြတ္တပ္ပပုဒ်တို့၏ဝစနတ္ထများကို။ ဒေဝဓမ္မဇာတ်။ဒုကင်္ဂုတ္တရ ပါဠိတော်။အဘိဓမ္မတ္ထဝိဘာဝနီရီကာ စသော ကျမ်းတို့နှိုက် လာသည်ကို။အမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

လွန်လေပြီးသော အခါ။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည်သားတော်ဘုရားလောင်း။ မဟိ'သကုမာရနှင့် စန္ဒကုမာရ။ သူရိယကုမာရ ဟူသော မင်းသားသုံးပါးကို ဟိမဝန္တာတောသို့စေရောက်။ဝေဿဝဏ်နတ်မင်းက ဒေဝဓမ္မကို မသိသသူကိုစား ပိုင်လေဟုဆုပေး၍ ဘီလူးစောင့်နေသော ရေအိုင်သို့ ညိုတော်နှစ်ယောဇံဆင်းသက်မိ၍။ ဒေဝဓမ္မကိုဘီလူးမေးလျှင် မရမသိသောကြောင့် စားမည်ချုပ်ထားသည်တွင်။ဒေဝဓမ္မအရကိုမဟိ'သကုမာရပြောဆိုနိုင်မှ။ ဘီလူးမစားဝံ့ လွှတ်လေသည်။ အကြောင်းကို ဆောင်တော်မူ၍ သူတော်ကောင်းဟူက ပြည့်စုံရာသော ဒေဝဓမ္မကို ပြအံ့သောငှာ။ ။ဟိရိဩတ္တပ္ပသမ္ပန္နာ။ သုက္ကဓမ္မသမာဟိတာ။ သန္တောသပုရိသာလောကေ။ဒေဝဓမ္မာတိဝုစ္စရေ။ ။ဟူ၍ဒေဝဓမ္မဇာတ်နိုက်ဟောတော်မူသည်။

ဟိရိဩတ္တပ္ပသမ္ပန္နာ။ဟိရိတရား ဩတ္တပ္ပတရားနှင့်ပြည့်စုံကုန်သည်ဖြစ်၍။သုက္ကဓမ္မသမာဟိတာ။ ကုသိုလ်တရားကိုဆောံတည်ကုန်သော။သန္တောသ။ ငြိမ်သက်ကုန်သော။ သပုရိသာ။သူတော်ကောင်းတို့ကို။ လောကေ။ လောကနိုက်။ဒေဝဓမ္မာတိ။နတ်တို့နိုက်ဖြစ်အံ့သောအကြောင်းတရား ဂို ကုန်၏။ဟူ၍။ဝုစ္စရေ။ဆိုအပ်ကုန်၏။။

ဒေသနာနည်း လေးပါးတွင်။ ပုဂ္ဂိုလ်နိုက် တရားကို တင်၍ဟောသော။ ပုဂ္ဂလာဓိဋ္ဌာနဓမ္မဒေသနာနည်းဖြင့်။ ဟိရိဩတ္တပ္ပတရားနှစ်ပါးလျှင်အကြောင်းဂိုသော ကုသိုလ်တရားသည်နတ်တို့နိုက်ဖြစ်အံ့သော အကြောင်းဖြစ်သော ဒေဝဓမ္မတရားမည်၏။ ထိုတရားနှင့်ပြည့်စုံမှသူတော် ကောင်းမည်၏။ဟုပြတော်မူသည်။ ။ယင်း သည် ဇာတ်တွင်။ ဒေဝဓမ္မကိုမသိသသူ၌ရေအိုင်သို့ဆင်းသက်လျှင်။စားပိုင်စေဟုရ

စောင့်ဘီလူးအားဝေဿဝဏ်နတ်မင်းဆုပေးသဉ်မှာလည်း။ ဒေဝဓမ္မကိုသိမှသူတော် ကောင်း မည်သည်။ မသိလျှင်သူတော်ကောင်းမမည်။ သူတော် ကောင်း မဟုတ် သသူကိုပိုင်လေဟုဆိုသောအဓိပ္ပါယ်စကားကျသည်။ ။ထိုတရားနှစ်ပါးတို့တွင်။သောဘဏသာဓာရဏစေတသိက်နှစ်ဆဲ့ ငါးခုနှိုက်ပါသော။ဟိရိစေတသိက်သည်ဟိရိမဉ်၏။ ထိုအတူသြတ္တပ္ပစေတသိက်သည်သြတ္တပ္ပမည်၏။ဤကားပရမတ်အရတဉ်း။ ပညတ်အားဖြင့်ကား။ ၎င်းဇာတ်အဌကထာနှိုက်။ လဇ္ဇာယေတံအဓိဝစနံ။ ဟူ၍ဖွင့်ရကား။ အကုသိုလ်မှ ရှက်ခြင်းသည်ဟိရိမည်၏။ ပါပတောဥဗ္ဗေဂဿေတံအဓိဝစနံ။ ဟူ၍ဖွင့်ရကား။အကုသိုလ်မှထိတ်လန့်ခြင်းသည်သြတ္တပ္ပမည်၏။ ။ ဧက နိပါတ်အပဏ္ဏကဝဂ်။ ဒေဝဓမ္မဇာတ်။ ။ယင်းဟိရိသြတ္တပ္ပတရားနှစ်ပါးရှိမှ ကုသိုလ်ဖြစ်ပွားရကား။ ထိုတရားနှစ်ပါးသည်။လောကကိုစောင့်တတ်သောကြောင့်။ လောကပါလမည်သည်။ထိုကြောင့်။ဒုကင်္ဂုတ္တရပါဠိတော်။ ကမ္မကာရဏဝဂ်။သုက္ကသုတ်နှိုက်။

ဒွေမေဘိက္ခဝေသုက္ကာဓမ္မံလောကံပါလေန္တိ။ ကတမေဒွေ။ဟိရိစ။သြတ္တပ္ပဉ္စ။ဇူမေခေါဘိက္ခဝေဒွေသုက္ကာ ဓမ္မာလောကံနပါလေယျုံ။ နယိဓပညာယေထမာတာတိဝါ။ မာတုစ္ဆာတိဝါ။မာတုလာနီတိဝါ။အာစရိယဘရိယာတိဝါ။ဂရုနံဒါရာတိဝါ။ သံဘေဒံလောကော ဂမိဿတိ။ ယထာအဇေဋ္ဌကာကုက္ကုရာသော ဏသိင်္ဂါလာ။ ယဿ္မာစခေါဘိက္ခဝေ ဇူမေဒွေသုက္ကာဓမ္မာလောကံပါလေန္တိ။ တဿ္မာပညာယတိမာတာတိဝါ။မာတုစ္ဆာတိဝါ။မာတုလာနီတိဝါ။ အာစရိယဘရိယာတိဝါ။ဂုရုနံဒါရာတိဝါ။

ဘိက္ခဝေ။ရဟန်းတို့။ ဒွေ။နှစ်ပါးကုန်သော။ သုက္ကာ။ ဖြူစင်ကုန်သော။ ဇူမေဓမ္မာ။ ဤဟိရိသြတ္တပ္ပတရားတို့သည်။ လောကံ။လူအပေါင်းကို။ပါလေန္တိ။စောင့်ကုန်၏။ ဒွေ။နှစ်ပါးတို့ဟူသည်။ကတမေ။အဘယ်သည့်တို့နည်းဟူမူကား။ ဟိရိစ။ဟိရိတရားရင်း။ သြတ္တပ္ပဉ္စ။ သြတ္တပ္ပတရားရင်း။ဇူမေဒွေ။ဤတရားနှစ်ပါးတို့တည်း။ ဘိက္ခဝေ။ရဟန်းတို့။ ဒွေ။နှစ်ပါးကုန်သော။သုက္ကာ။ ဖြူစင်ကုန်သော။ ဇူမေဓမ္မာ။ ဤဟိရိသြတ္တပ္ပတရားတို့သည်။လောကံ။လူအပေါင်းကို။ခေါ။အကယ်၍။နပါလေယျုံ။ မစောင့် ကုန်သည် ဖြစ်အံ့။ ဇဝံ သတိ။ ဤသို့ ဟိရိသြတ္တပ္ပတရားနှစ်ပါးတို့သည် သတ္တလောကကို မစောင့်ကုန်သည့်ရှိသော်။မာတာတိဝါ။အမိဟူ၍ရင်း။ မာတုစ္ဆာ တိဝါ။မိတွေးဟူ၍ရင်း။မာတုလာနိတိဝါ။ အရီးဟူ၍ရင်း။ အာစရိယဘရိယာတိဝါ။ဆရာမယားဟူ၍ရင်း။ဂုရုနံဒါရာတိဝါ။လက်စောင်ဆရာမယားဟူ၍ရင်း။တနည်း။ဂုရုနံ။အလေးအမြတ်ပြုအပ်သောဘကြီးဘထွေးစသေါသူတို့၏။ဒါရာတိဝါ။မယားဟူ၍ရင်း။ နပညာယေထ။ မထင်တို့ရာ။အဇေဋ္ဌကာယထာ။ ဆိတ်မြန်မာ ဆိတ်ကုလား တို့ကဲ့သို့ ရင်း။ ကုက္ကုရာ ယထာ။ အိပ်စောင့် ခွေးတို့ကဲ့သို့ရင်း။ သောဏာသိင်္ဂါလာ ယထာ။ ခွေးမြေခွေးတို့ကဲ့သို့ရင်း။လောကော။ လူအပေါင်းသည်။ သံဘေဒံ။ ရောရှက် ခြင်းသို့။ အာဂ မိဿတိ။ ရောက်လတ်တံ။ ဘိက္ခဝေ။ ရဟန်းတို့။ ယသ္မာစခေါ။ အကြင် ကြောင့် မူကား။ ဒွေ။နှစ်ပါးကုန်သော။သုက္ကာ။ဖြူစင်ကုန်သော။ဇူမေဓမ္မာ။ ဤကုသိုလ်တရားတို့သည်။ လောကံ။ လူအပေါင်းကို။ပါလေန္တိ။ စောင့်ကုန်၏။ တသ္မာ။ ထိုကြောင့်။ မာတာတိဝါ။အမိဟူ၍ရင်း။မာတုစ္ဆာတိဝါ။ မိထွေးဟူ၍ရင်း။ မာတုလာနိတိဝါ။အရီးဟူ၍ရင်း။ အာစရိယဘရိယာတိ။ ဆရာမယားဟူ ၍ရင်း။

ဂရူနံဒါရာတိဝါ။ ဘကြီး ဘထွေး စသောလက်စောင် ဆရာမယားဟူ၍ရင်း။ ပညာယတိ။ ထင်၏။ ဟူ၍ ဟောတော်မူသည်။

သည်မှတပါး။ ဟိရိနှင့်ဩတ္တပ္ပပိဂြိုဟ် ဝစနတ္ထလက္ခဏာများကို။ အဘိဓမ္မတ္ထပိဘာဝနီအမည်ရင်း ရှိသော ဋီကာကျော်ကျမ်းတွင်။ ။ဟ ရိယတီတိဇိကု ဆ္ဆတီတိဟိရိ။ ။ ဟရိယတိဇိကု ဆ္ဆ တိ။ ကာ ယဒု စရိုက် စသည်တို့ကို။ တို့ကြောင့်။တို့မှ။စက်ဆုပ်တတ်၏။ ဇူတိ တသ္မာ။ ထိုသို့စက်ဆုပ်တတ်သောသတ္တိကြောင့်။ ဟိရိ။ဟိရိမည်၏။မကောင်းမှုမှ ရွံရှာစက်ဆုပ်ခြင်းလက္ခဏာရှိရ ကား။သန့်ရှင်းစင်ကြယ်သသူသည်မစင်ကိုကဲ့သို့။ ကာယဒုစရိုက်အစရှိသည်ကို ရွံရှာစက်ဆုပ်တတ်သည်ဟူလိုသည်။ ။ဩတ္တပ္ပတိဥတ္တာသတီတိဩတ္တပ္ပံ။ ။ဩတ္တပ္ပတိဥတ္တာသတိ။မကောင်းမှုကို။မကောင်းမှုကြောင့်။မကောင်းမှုမှထိတ်လန့်တတ်၏။ ဇူတိတသ္မာ။ ထိုသို့ထိတ်လန့် တတ် သော သတ္တိ ကြောင့်။ ဩတ္တပ္ပံ။ ဩတ္တပ္ပမည်၏။ ။မကောင်းမှုမှထိတ်လန့်ခြင်း ရှိရကား။ အချမ်းကိုအလိုရှိသသူသည်။ အပူကိုကဲ့သို့။ မကောင်းမှုကို ထိတ်လန့်တတ်သည်ဟူလိုသည်။ ။အမျိုးချေးမသည်မိမိကိုယ်ကိုအရိုအသေအလေး အမြတ်ပြု၍။ မိစ္ဆာ အမှု မှရွံရှာစက်ဆုပ်သကဲ့သို့။ဟိရိသည်လည်းမိမိကိုယ်ကို အရိုအသေအလေးအမြတ်ပြု၍၊မကေါင်းမှုမှ ရွံရှာစက်ဆုပ်တတ်ရကား။ ဟိရိသည်အမျိုးချေးမနှင့်တူ၏။ပြည်ကံကျွေးသည်သူတပါးကိုအရိုအသေအလေးအမြတ်ပြု၍။ကိုယ်ဝန်ဆောင်မှ ထိတ်လန့်သကဲ့သို့။ဩတ္တပ္ပသည်လည်း။ သူတပါးကိုအရိုအသေ။ အလေးအမြတ်ပြု၍မကောင်း မှုမှ ထိတ် လန့် တတ် ရကား။

ဩတ္တပ္ပသည်ပြည်ကံကျွေးနှင့်တူ၏။ ဤသည်လျှင်။ ဟိရိနှင့် ဩတ္တပ္ပအထူးတည်း။

သတ်ပုံအစပ်တွင်။စကားနက်တံဟူသောဝေါဟာရမှာ။နက်နဲသည်ဆိုလိုသည်။ထိုကြောင့်။ ယင်း သတ်ပုံအစပ်တွင်ပင်။လွှန်နက်နဲဟု။ နက်တံ၏ အဘိဓေယျတ္ထကိုပြလေသဉ်။ရှေးရှေးသောပညာရှိကပိသူမြတ်တို့လည်း။နက်တံဟူသောဝေါဟာရကို။အသီးအသီးစပ်ဆိုတော်မူကြကုန်သည်။ စပ်ဆိုကြောင်းကား။ ။ဆိုကြကျံကျံ။သောသောညံမျှ။နက်တံသိတာ။ ဗလနန္ဒသူဆို။ မိတ္တိလာကန် မော်ကွန်း။ ။အုပ်ပိုက်တပေါင်း။ရည်ကောင်းနက်တံ။ လက်သားသံမူ။ စံတိမ်ငြင်းကျော်။တရုပ်သံရေဝံမော်ကွန်း။ ။ထုံးပိုင်းနက်တံ။နှုတ်သံရွရွ။ သိလကက။ မုဒုလက္ခဏဟျို့။ ။လုလင်ထှ ကား။ ကြိုးကြာ့နက်တံ။ ဟည်းသံ သာ မြတ်။ ဝရသေတဂီ ရိဆင်တော်မော်ကွန်း။ ။ဖြည်းညှင်းနက်တံ။ မိန့်ထွေသံကို။ကျိုးနွံဆင်လျက်။ ကု သဟျို့ ဟောင်း။ ။သိမ်း ယူရောပြွမ်း။ စုံစမ်းနက်တံ။ဆံလှံသန့်သန့်၊ဒိုလ်အဝှန့်နှင့်။ဇယဒိသ။ ။ဂုဏ်ရည်နက်တံ။သူမြတ်ထံနှိုက်။ ကျိုးနွံပမ္မဒြိပိ ဒုရ။ ။စကားနက်တံ။မေးမြှုကြီ၍။နည်းခံလျှောံပစေသတည်း။မနုရင်း။ ။စကားနှုတ်ပွက်။ဆိုချက်မိန့်သံ။အင်နက်တံကို။ ရှာကြီသိရာ။ စန္ဒကုမ္မာရ။ ။မုနိန္ဒသည်။ဥပနိဿာယထိဒံ။အာဒိခံ၍။နက်တံချိုမြ။ပုဒ်ပဒဖြင့်။စန္ဒကိန္နရီ။ ။မဟာပါသံ။ နက်တံပါဋ္ဌိ။ အစရှိသား။ဣသိသိဂ်ဟျို့။ ။ဒုက္ခတရံ။မဆက်ဆံတိ။ နက်တံပညာ။ဟုတ်တိုင်းသာလျှင်။ နာရဒဟျို့။ ။ပစိပလျှံ။ နက်တံရိုးမယ်။ယုံဖွယ်ယုံအောင်။ အပဏ္ဏ ကဟျို့။ ။လိမ်မာမြဲမြံ။သုအကြီကို။ နက်တံ သိနှိုင်။ သားကြန့်ခိုင်နှင့်။ ကြားပိမ့်ကြက်သရေချိတံ ထား ဦး တည်။ ။ဆိုရာ ဆိုမိ။ ပစိ ပလျှံ။

ကျိုးနက်တံကို။မကြီတတ်အား။ပါရမီခန်း။ ။လန့်ကြောံမိ လျှင်း။ဂွံ့ရှာကင်းလျက်။သန့်ရှင်းနက်တံ။နှုတ်ထွေသံဖြင့်။ ချေ ငံချောမော။သိတိုင်းပြောဏ့်။မွေပါလ။ ။အမြှိုက်ရည်ငံ။ဤ သို့ကြီဏ့်။ နက်တံမထိ။ ဒိဋ္ဌိအယူ။ အကြင်လူတို့။ဘူရိဒတ် လက်ာ။ ။ရုံစမ်းနက်တံ။ ရှည်ရှည်လံ သား။ ထုံးစံမှတ်မိ။ ဂမ္ဘီသာရ။ ။ရုံစမ်းနက်တံ။မြှိခံမြှိထိုး။ တညှိုးသန်းသန်း။ ဟတ္ထိပါလ။ ။ရွှေလှော်မင်း စံ။ အသွေးခံအံ့။ နက် တံလေး လျှင်။ စမ်းစေချင်ဏ့်။ သံဝရ။ ။စ သည်ဖြင့် စပ်ဆိုကြ သည်။ ။ဝဏ္ဏ ဗေါဓနနှိုက်လည်း။အာမဝန္တံ။စကားနက်တံ။ လက်တံရှဉ်စသဉ်ဖြင့်။သေးသေးတင်နှိုက်ပြဆိုလေသဉ်။ ။ သတ်ပုံအစပ်တွင်။ဒေဝဓံဟူသဉ်မှါ။ရာဇမွေကိုရာဇဓံ။လေါ ကမွေကို။လောကဓံဟူသကဲ့သို့။ဒေဝမွေကို။ ဒေဝဓံဆိုသဉ် ဟုမှတ်လေ။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ ရှေးရှေးသော သူတော်ကောင်းတို့ ဏ့်တံထွာ လောကပါလဟုခေါ်ဝေါ်အပ်သောဒေဝမွေတရား နှစ်ပါးကို။ ကိုယ်နှိုက်အမြဲတည်သည်ဖြစ်မှ။ သုက္ကမွေဟုဆို အပ်သောဖြ။စင်သန့်ရှင်းအပြစ်ကင်းသောသဘော သို့ရေဝံ မည်ဖြစ်၍။ကောင်းမြတ်သောအဖြစ်ကို အလိုရှိ သောအမျိုး ကောင်းသားတို့သည်အခြင်းခပ်သိမ်းဒေဝမွေတ ရားနှင့်ပြဉ် ရုံစေရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

———o———

မေးခွန်းကောဝံနုတ်ပါ။ သေးသေးတင်သက် သက်စပ် နည်း၁၂ ပုဒ်တွင်။ဆဋ္ဌမပုဒ်။

ပုဒ်ရင်း။ သုံးပါးဝန္တံ။အာမခံ။ ပေး နှံလေးရက်။ ။ဟူသည် ကား။

အာမခံခြင်းသုံးပါး။ပေးအပ်ခြင်းလေးပါးဆိုလိုသည်။ ဗိဏ္ဍဏ်

ဤနှိုက်။ခံဝန်ခြင်းလည်း။ မြီယူရာနှိုက်ခံဝန်ခြင်း။ မြီ အဝယဝထ တောင်းရာနှိုက်ခံဝန်ခြင်း။ဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး တို့တွင်။မြီယူရာနှိုက်ခံဝန်ခြင်းမှာ။ မြေးယူသည်ကိုအဘိုးခံ ဝန်ခြင်း။သားယူသည်ကိုအဘခံဝန်ခြင်း။ အဘိုးယူသည်ကို မြေးခံဝန်ခြင်း။ အဘယူသည်ကိုသားခံဝန်ခြင်း။မြီးစားလဉ်း ဖြစ်။မြီတိုင်လည်းဖြစ်ခံဝန်ခြင်း။ ယူစည်မြီတိုင်ဖြစ် ၍မြီကို အတူစားသူခံဝန်ခြင်း။ကျွန်ယူသည်ကို သခင် ခံဝန်ခြင်း။တ ပည့်ယူသည်ကိုဆရာခံဝန်ခြင်း။ ဆရာယူသည်ကိုတပည့်ခံ ဝန်ခြင်း။ဆွေမျိုးတဦးယူသည်ကိုဆွေမျိုး တဦးခံဝန်ခြင်း။မြီ စားကသွင်းသူခံဝန်ခြင်း။မြီရှင်ကသွင်းသူခံဝန်ခြင်း။ဟူ၍တ ဆဲ့နှစ်ပါးရှိသည်။

ထိုတွင်။အဘိုးတိုင်သည်က။ဆွေမျိုးချင်း တိုင်သည် တိုင်။မြီတိုင်ဆယ်ဦးမှာ။ မြီစား တိမ်းရှောင်သေပျောံရှိက။ ရင်းပွါးနှစ်ရပ်ကိုအကုန်အစင်တွက်စစ်၍ဆပ်စေ။မြီစားက သွင်းသည်မြီတိုင်မှာ။ မြီ စားသေသော်ရှောင်သော် အရင်း ဆပ်စေ။ ယင်းခံဝန်သူကဆပ်ရန်အဆင့်ယူသည်မြီတွင်။အ ပွားကိုမြီစားရင်းမဆိုင်ချင်းအပွါးကိုချင်း ဆပ်စေ။တနည်း။ ၎င်းမြီစားအပွားကို။မြီစားမြီတိုင်အမျှဆပ် စေ။ မြီရင်း အ ပွားကိုမူကား။ မြီတိုင်နှင့်မဆိုင်။ မြီစားကသာဆပ်စေ။ချေး ရင်းမြီအရင်းကိုဆပ်ပြီးမှအပွားကျန်နှင့်မြီစားရှောင်သော်။ အပွားတဝက်ကို။ တိုင်သူဆပ်စေ။ ၎င်းဆပ်ရ အပွားတွက် ကို။မြီစားရောက်ကနှစ်ဆတောင်းစေ။မြီစားပြေးရာလိုက်လံ ရှာဖွေ၍ကျကုန်ရသည်စရိတ်ကို။သုံးစုတစုတိုင်သူကခံစေ။ တနည်း။ဆယ်စုတစုတိုင်သူကခံစေ။အကြွင်းကိုမြီစားခံစေ။

မြီရှင်ကသွင်းသည်ခံစနှ်သူမှာ။ မြိုစားတိမ်းရှောင် သေပျော်လျှင်။ မြီရင်းတဝက်ဆပ်စေ။ မြီစားတိမ်းရှောင်ထွက်ပြေးရာ။လိုက်စရိတ်မှာ။ တိုင်သူနှင့်မြီရှင်တို့က အမျှဆပ်စေ။ မြိုစားမသေမပျော်တော်တည့်ဖြောင့်မတ်စွာဆပ်လျှင်။ အပွားတဝက်ကို။ တိုင်သူစားစေ။ ။ဤကားမြိုယူရာနှိုက်။ ခံဝန်ခြင်းဆဲ့နှစ်ပါးသရုပ်။ငင်းတဆဲ့နှစ်ပါးအာဆုံးအဖြတ်တည်း။

မြိုတောင်းရာနှိုက် ခံဝန်ခြင်းမှာ။ လူကိုခံဝန်ခြင်း။ မြိုကိုခံဝန်ခြင်း။ လူနှင့် မြိုနှစ်ပါးကို ခံဝန်ခြင်းဟူ၍ သုံးပါးရှိသည်။ထိုတွင်။လူကိုခံဝန်လျှင်လူကိုအပ်စေ။ မြိုကိုခံဝန်လျှင် မြိုကိုဆပ်စေ။လူမြိုနှစ်ပါးကိုခံဝန်ရာနှိုက်။ မြိုစားအလွတ်သူငင်းကို။မြိုပါခံဝန်သည်မှာ။ မြိုကိုဆပ်လျှင်လူကိုမအပ်ရ။ မြိုစားကျွန်ငင်းကိုမြိုပါခံဝန်သည်မှာ။ မြိုကိုဆပ်သော်လည်းလူကိုအပ်ရချေသေးသည်။ သို့ဖြစ်၍ခံဝန်ခြင်းသုံးပါး။အပ်ခြင်းလေးပါးပြားလေသည်။ ။သတ်ပုံအစပ်တွင်မှကား။ယူစည်တိုင်ခံသည်။ ခံဝန်ခြင်းတဆဲ့နှစ် ပါးကို။မပြမဆို။ မြိုတောင်းစည်ခံဝန်ခြင်းသုံးပါး။အပ်ခြင်းလေးပါးများကိုသာပြဆိုလေသည်၊သို့သော်လည်းခံဝန်ခြင်းစကားအာလျည်းသင့်၍။ထိုထိုဓမ္မသတ်ကျမ်းဂန်္ထတို့နှိုက် လာသည့်အတိုင်း ထုတ်နုတ်ရေးသားလိုက်သည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ မြိုပေးမြိုယူဖြစ်ကုန်သော မြီရှင်မြိုစားတို့သည်။ချေးယူပေးကမ်းသောကာလ။ တိုင်ခံသူဆဲ့နှစ်ရပ်တို့တွင်၊တဦးဦးတိုင်ခံစေ၍ချေးယူပေးကမ်းကုန်မြဲ။သို့မှလည်း။ မြိုစားပျောံသော်သေသော်ရင်းပွားရသင့်။ အရင်းရသင့်။အရင်းတဝက်ရသင့်များ ကိုစီရင်သာမည်။ မြိုတောင်းသဉ္ဇကာလသဉ်း။ပြဆိုခဲ့ပြီးသောတိုင်ခံခြင်းသုံးပါးတွင်။တိုင်

ခံသူတပါးပါးကိုရမှ။မြီကိုဆပ်စေသော်လဉ်းကေါင်း။လူကို အပ်စေသော် လင်း ကောင်း။ လူမြီနှစ်ရပ်ကို အပ်စေဆပ်စေ သော်လဉ်းကေါင်း။စီရင်သာမဉ်။သို့ဖြစ်၍။မြီချေးခြင်း။မြီယူ ခြင်းတို့နှိုက်။မြီရှင်မြီစားနှစ်ဦးသားတို့ခံဝန်သူပေးခြင်း။ခံဝန် သူတောင်းခြင်းများကို။သိမှတ်လိမ်မာရမည်ဟူသောဥပဒေ သ။မြီစားမြီယူတို့မှုခင်းတရား စကားကိုစီရင်ရာနှိုက်လည်း။ မြီတိုင်ရှိမရှိ။ ရှိလျှင်လည်းမြီတိုင်ဆဲ့နှစ်ရပ်တွင်။ မည်သည့် မြီတိုင်ဖြစ်သည်။တနည်း။မြီတိုင်သုံးရပ်တွင်။မဉ်သဉ်မြီတိုင် ဖြစ်သည်။သို့သင့်သည်။သို့မသင့်စသည်ဖြင့်ပြဆိုခဲ့ပြီးသည် အတိုင်း။မြီချေးရာတောင်းရာကာလနှစ်ရပ်တို့နှိုက်။တိုင်ခံသူ ဆဲ့နှစ်ပါး။ သုံးပါး။အပ်ခြင်းလေးရပ် များကို။ ဝိနိစ္ဆယနှင့်တ ကွ။ခွဲခြမ်းစိတ်ဖြာ၍ စီရင်ဆုံး ဖြတ်တတ်အောင်။ တရားသူ ကြီး ခုံသမတ်ပြုလုပ်သူတို့လည်း၊ ယင်းတိုင်ခံခြင်းတရားများ ကို။ခြားနားကွဲပြားအောင်။တတ်သိလိမ်မာစေရမဉ်ဟူသော ဥပဒေသများကိုပြသည်ယူရမည်။

———o———

မေးခွန်းကေခံနုတ်ချက်ပါ။ သေးသေးတင်သက်သက် စပ်နည်း၁၂ ပုဒ်ထွင်။ ။နဝမပုဒ်။

ဖုသျကြယ်ပျံ။၄က်ချေးခံ။ ရောင်လျှံခတ်မွဲမွဲ။ ။ဟူ သည်ကား။ ပုဒ်ရင်း။

နက္ခတ်နှစ်ဆယ့်ခုနစ်လုံးတွင်။သဏ္ဌာန်အားဖြင့်။၄က် ချေးခံသဏ္ဌာန်ရှိသောအမြင်အားဖြင့်အခြားနက္ခတ်တို့ကဲ့သို့ ထွန်းလင်းသော အရောင်မရှိလွန်း ခတ်မွဲမွဲ အရောင်ရှိသော ဖုသျနက္ခတ်ဆိုလိုသည်။ ပိဏ္ဍတ္ထ။

အဝယဝထ။ ဤနှိုက်။ဖုသျှနက္ခတ်၏။ ပရိယာယ်။ ဝစနထ္ထဝိဂြိုဟ်။ လုံးရေ သဏ္ဌာန်။ ထိုဖုသျှ နက္ခတ်နှင့် ရှည် သော အ ခါ နှိုက် လွှတ်အပ် သောဖုသရထား။ ယင်းနက္ခတ် အကြိုက်။ စံကား ကျိပေါင်း။ကုတ်ကိုကျိပေါင်းယူဆောင်သည်အကျိုး။ ယင်း နက္ခတ်အကြိုက်။ငါးရံ၊ ပထူမြစ်ကို မကျိုးမပြတ်အောင်နုတ် ၍ပအုံးရည်နှင့် သောံရသည် အကျိုး များကို။ ရာဇမတ္တဏ် ကျမ်း။ အဘိဓါန် ဋီကာ ကျမ်း။ ပေါတ္တရ သာဒိ ကျမ်း။ ဂြဟ သျှန်ကျမ်း။ လဃုသင်္ဂဟကျမ်း။ အာကာသသျှတ္တရကျမ်း။ သိဃ်ဗေါဓကျမ်း။ သရရတုကထနကျမ်း။ သြသထရတနာ ကရကျမ်း။ ဓမ္မတာမော်ကွန်း။ မိုးလယ်လျှံပတ်ချီလက်ာ။အ မရပူရမြို့တည်နန်းတည်ဆဒ္ဒန်ဆင်မင်းသခင် မင်းတရားကြီး ဆုရားလက်တော်ကိုင်။ရွှေမင်ရေး ပုရပိုက်ဖြူထွက်ပုံစံ။ ဒိဗ္ဗ စက္ခုမှန်ပြောင်းနှင့်။ကြည့်ရှုရာထင်မြင်သည် အမှတ်အသား များကိုအမြွက်မျှထုတ်နုတ်ရေးသားလိုက်အုံ။

ဝိဝန္ဒုဌာယီကပ် ဦးအစ။ တပေါင်း လပြည့် တနင်္ဂနွေ နေ့။အရှေ့လောကဓါတ်မှ။ နေဗိမာန်။ လဗိမာန်များနှင့်။မရှေး မနှောင်း ထွက်ပေါ်လှာသော နက္ခတ် နှစ်ဆယ်ခုနစ်လုံးတွင်။ ဖုသျှနက္ခတ်ခေါ်ဝေါ်သည်မှာ။ ရာဇမတ္တဏ်ကျမ်း။နက္ခတ္တဘိ ဓါနတွင်။

ဂုရုပုဿော သူရဇေဌော။ သူရ မ နှိုဂ ဝိမတော။ ဗ ဟဿတိသူရာရာဓေါ။ ဝါဂိသောဝါ ကျပတိ သူရပူဇာ။ ဒေ ဝဇ္ဇ။တိဒသစ္စိတာ။

ဟူ၍ဖုသျှပရိယာယ်၁၃ပါးပြသည်။ ထိုပရိယာယ်စု ကား။၅တေးဂြိုဟ်ပရိယာယ်မှတ်ရမည်။ မြန်မာဘာသာမှာ။ ဖုဿဟူသော မဂဓဘာ သာတွင်။ သကဋ ဘာ သာ ရော၍ ဖုသျှဆိုသည် မျှ သာ ထူး သည်။ ဖုဿ သဒ္ဒါ၏။ အနက် အ

ဓိပ္ပါယ်မှာ။အာဘိဓါန်ဋိကာတွင်။ပေါသောတိကိရိယာနိပေါ
သေန္တုဘြိဳ်တိဝါပုသော။ ဟူ၍ဖွင့်သည်။ ။ကိရိယာနိ။အာ
မှကိစ္စတို့ကို။ ပေါသေတိ။ ပြုစုမွေး ကျွေးတတ်ပွား စေတတ်
၏။။ ဝါ။ တနည်း ကား။ အာဘြိ်။ ထိုဗုသျှ နှ ကွတ် နှိုက်။ ပေါ
သေန်။ မွေးကျွေး တတ်ကုန်၏။။ပွားတတ်ကုန်၏။။ ဤတိ။ ထို
ကြောင့်။ပုသေသာ။ပုသျှနှကွတ်မည်၏။။ဆိုသည်။ ပကိုဖပြု၍
ဗုသျှခေါ်ဆိုသည်။ ထိုနှကွတ် ကား။ မွေးကျွေးခြင်း ပွားများ
ခြင်းအနှက်ကိုရသည်။

လုံးရေ သချိ်ာ အ ဆင်း သဏ္ဌာန် မှာ။ ပေါတ္တရ သာဒိ
ကျမ်းကဂလုံးဘဿိုင်သဏ္ဌာန်အိမ်ခြင်သဏ္ဌာန် ဆိုသည်။။ဤ
ဟာသျှန်ကျမ်းကဂလုံး။။မြားသဏ္ဌာန်ဆိုသည်။။လဃုသင်္ဂဟ
ကျမ်းကဒဒလုံးဗီတာန်သဏ္ဌာန်ဆိုသည်။ အာကာသသျှတ္တ
ရကျမ်းက ဒဝလုံးဗိုးစွေ ပွင့်သဏ္ဌာန် ဆိုသည်။ သိဃိဇောဝ
ကျမ်းက ခလုံးသဏ္ဌာန် မပါ။ ဝမ္မတာ မော်ကွန်း ချိ နှကွတ်
လင်္ကာမှာ။ ဂလုံးပြာပုံ သဏ္ဌာန်ဆိုသည်။ ဗိုးလယ်လျှံပတ်ချိ
သောလင်္ကာမှာ။ဌက်ချေးခဲနှင့်တူကြောင်းကိုဆိုသည်။

အမရပူပဌမမြို့တည်နန်းတည်ဆဒ္ဒန် ဆင်မင်းသခင်
မင်းတရားကြီး ဘုရားလက်တော်ကိုင်။ ဇွေမင်ရေး ပုရပိုက်
ဖြူ။တော်က ၁၂လုံးဗုဇ္ဈန်သဏ္ဌာန်ပုံစံရေး လျက်ရှိသည်။ထို
ကိုစွဲ၍သ့ရဒ္ဒရာလေးစင်းရှိရေအများကိုအ နုမာနအားဖြင့်။အ နည်းငယ်သုံးဆောင်ရသော ရေနှင့်တူ သောအရသာ ရှိသည့် ၏.အဖြစ်ကိုသိဘိ၏.သို့။၍ နိုက်လည်း တစိတ်တဒေသမျှဖြစ် သောဒဏ္ဍကသဘော။ ဝုတ္တောဒယနည်းကို။ တတ်ရာတတ် ကြောင်း။ ပြဆိုအပ်သောပစ္စက္ခနည်းကိုထော်၍။ ဝုတ္တောဒ ယအဖြစ်ဖြင့်တူသော အလုံးစုံသော ဆန်းကျမ်းကိုဂင်း။ ထို ဆန်းကျမ်းနှင့်သင်အပ်တတ်မြော် အပ်သော သိပ္ပအဖြစ်ဖြင့် တူသောအဌာရသ အတတ်မျိုးတို့ကိုဂင်း။ ရှေးအလောင်းအ လျာပညာရှိသူမွန်တို့လေ့လာတတ်မြော်သကဲ့သို့ တတ်မြော် အောင်လေ့လာသင်ကြားရမည့် ဟူသောဥပဒေသ။တနည်း။ သုဗော ဓါလက်ာ ရတွင်။ ကျမ်းပြုပုဂ္ဂိုလ် ဆိုတန် ဆိုထိုက် သောဂုဏ်အထူးကိုပြရာ။ က စ္စည်းကျမ်း။ အဘိဓါန်ကျမ်း။ ဆန်းကျမ်း။အလက်ာကျမ်းတို့ကိုဆရာမြတ်တို့၏.အထံမှ။ ရ အပ်သော လဒ္ဓောပ ဒေ သနှင့်တကွ။ ကောင်းစွာသင်ကြား တတ်မြော်ဆောင်စွမ်းနှိုင်သဉ်ဖြစ်က။ ယင်းသဉ်ပုဂ္ဂိုလ်ကို။ ကျမ်းပြုခြင်းတည်းဟူသောကဝိလက္ခဏာမှချိုသော်လည်း၊ ပညာရှိတို့နှိုက်အရေအတွက်သို့သက်၍ကျော်စောခြင်းကိုရ မည့်ဟုမှာဆိုသည်အရ၊ကစ္စည်းကျမ်း။အဘိဓါန်ကျမ်း။ဆန်း ကျမ်း။အလက်ာကျမ်းဟူသော ကျမ်းလေးရပ်သည်။ ၎စင်း သောမဟာသမုဒ္ဒရာ ကဲ့သို့ ဖြစ်၍ယင်းလေးရပ်အနက်ပါဝင် သော။ ဝုတ္တောဒယဆန်းကျမ်းသည် သမုဒ္ဒ ရာ လေးစင်းအ နက်တွက်ကျုံးဝင်သောမဟာသမုဒ္ဒ ရာတစင်းနှင့် အတူဖြစ် ရကား။ သတ်ပုံအစပ်တွင်ပြဆိုအပ်သော။ဒဏ္ဍကလက္ခဏာ လည်းဆန်းကျမ်းတစိတ်ဖြစ်၍ ယခင်ပြဆိုအပ်သေါအနည်း ငယ်သောသမုဒ္ဒရာရေနှင့် အတူဆိုတန်ဆို ထိုက်လေသည်။ ယင်းသို့ဖြစ်၍တခွက်တပလား။ တကွန်းစားသော သမုဒ္ဒရာ

ရေကိုသောံရလျှင်။ဆောင်ယူရင်းဖြစ်သော သမုဒ္ဒရာတစင်း ရှိရေကိုရင်း။ ထိုဆောင် ယူ ရင်း သမုဒ္ဒရာနှင့်ရှည်ဘက်ဖြစ် သောကျန်သုံး စင်းသောသမုဒ္ဒရာ ရေကိုရင်း။ ငန်သောအရ သာရှိသည်၏၊ အဖြစ် ကိုသိ ရဘိ၏၊ သို့။ ဤနှိုက်လည်းဆန်း ကျမ်းတ စိတ်ဖြစ်သော ဒဏ္ဍကလက္ခဏာ ကိုသိရာ သဖြင့် ဆန်း၏၊သဘောအဖြစ်ဖြင့်တူသေါအလုံးစုံသောဆန်းကျမ်း။ ထိုဆန်းကျမ်းနှင့်ရှည့် ဘက်ဖြစ်သောကြွင်းသော။ကစ္စည်း။အ ဘိဓါန်။ အလင်္ကာကျမ်းတို့ကိုတတ်မြောံလိမ် မာအောင်သင် ကြားရမည်ဟူသောဥပဒေ သများကိုပြသည်ယူမရည်။

———oo———

မေးခွန်းကောံ နုတ်ချက်ပါ။ နသတ် သက်သက်စပ် နည်း၁၂ပုဒ်တွင်။ပဉ္စမပုဒ်။

ပုဒ်ရင်း။ ဝေသုံးတန်။ အနက်ကန်။ ပြည့်နှ ထုံး ပုံရှာ။ ။ဟူ သည်ကား။

ဗိဏ္ဍထ။ နိဝတ္တေတဗ္ဗ။ဂဟေတဗ္ဗ။ အနုညာတထ္ထ ဟူသောဝေ သဒ္ဒါ၏၊အနက်သုံးပါးကို။ ပြည့်နှဖေါ်ထုတ် ရှာရမည်ဆိုလို သည်။

အဝယဝထ္ထ။ ဤနှိုက်။ဝေသဒ္ဒါ၏၊ အနက်သုံပါး ပြည့်နှဖေါ် ထုတ် ဟန်ကို။ပါဠိ အဌကထာဋီကာ လာသည်အတိုင်း။ အမြွက်မျှ ထုတ်နုတ်ရေးသားလိုက်အုံ။ ။ထိုထိုပါဠိအဌကထာဋီကာ တို့နှိုက်ပါသော ဝေသဒ္ဒါ၏၊အနက်သည်နိဝတ္တေတဗ္ဗထ္ထ။ ဂ ဟေတဗ္ဗထ္ထ။အနုညာတထ္ထအားဖြင့်။ သုံးပါးအပြားရှိသည်။ထို

သုံးပါးတို့တွင်။ နိဝတ္တေတဗ္ဗတ္ထ ဟူသည်ကား။ ထိုဝေသဒ္ဒါသည်နစ်စေအပ်သောအနက်တည်း။ ဂဟေတဗ္ဗတ္ထ ဟူသည်ကား။ ထိုဝေသဒ္ဒါ ဖြင့်ယူအပ်သော အနက်တည်း။ အနုညာတတ္ထဟူသည်ကား။ ထိုဝေသဒ္ဒါဖြင့် ခွင့်ပြုစေအပ်သော အနက်တည်း။သိကြောင်းကား။တိဿောဝဓနုဓရောအစရှိသဉ်တည်း။ ။ဂန္ဓာဖရဏစသောထိုထိုသဒ္ဒါငယ်ကျမ်း။

တိဿောဝ။တိဿမည်သေါလုင်သည်သာလျှင်။ဓနုဓရော။လေးကိုဆောင်စွမ်းနှိုင်၏။ဝါ။လေးအတတ်ကို တတ်၏။

ဤနှိုက်။တိဿသာလျှင် လေးအတတ်ကိုတတ်သည်ဟူသော အနက်သည် ဂဟေ တဗ္ဗတ္ထ မည်၏။ ။တိဿသာလျှင်။လေးအတတ်ကိုတတ်သည်ဆိုသောကြောင့်။ ဒတ္ထအစရှိကုန်သောသူတို့သည်မတတ်ဟူသောအနက်ကိုသိ အပ်၏။ ထိုဒတ္ထအစရှိကုန်သော သူတို့၏။ လေးအတတ်ကိုမတတ်ဟူသောအနက်သည်နစ်စေအပ်သောအနက်ဖြစ်သောကြောင့်။ နိဝတ္တေတဗ္ဗတ္ထမည်၏။ ။တိဿသာလျှင်လေးအတတ်ကိုတတ်၏။ ဟုဆိုခြင်း သည် ဒတ္ထအစရှိ ကုန် သော သူတို့၏။ လေးအတတ်ကိုမတတ်၏။ဟူ သေါအနက်ကိုနစ်စေလို ပယ်စေလိုသေါကြောင့်သာဆိုသဉ်။တိဿကါးလေးအတတ်မှတပါးသေါအတတ်ကို မတတ်ဟုယူဘွယ်မရှိ။ သို့ဖြစ်၍တိဿသည်လေးအတတ်မှတပါး ကုန်သောဆင်စီးမြင်းစီး အတတ်ကိုကားတတ်သေး၏။ ဟူသောအနက်ကို ခွင့်ပြု လေ သည်။ ထိုသို့ဆင်စီးမြင်းစီးအတတ်ကိုတတ်၏။ဟုခွင့် ပြုခြင်းသည် အနုညာတတ္ထမည်၏။

ထိုအနုညာတတ္ထကိုဝေသဒ္ဒါရှိဟိုင်းမရ သင့်။ ဒြပ်ကိုဟောသော သဒ္ဒါနောင်ရှိသော်သာလျှင်ရသင့်သည်။ ဂုဏ်

ကိုဟော သောသဒ္ဒါနောင်။ ကိရိယာ ကိုဟော သော သဒ္ဒါ
နောင်ရှိသော်ရှေးနိဝတ္တေတဗ္ဗတ္ထ။ ဂဟေတဗ္ဗတ္ထအနက်နှစ်ပါး
ကိုသာရသင့်သည်အဘဲ့ကြောင့်နည်းဟူမူကား။ ပုဂ္ဂိုလ်ဒြပ်
ခြားလေသောကြောင့် တည်းဟူ၍။ သဒ္ဒတ္ထဘေဒစိန္တာစသော
ထိုထိုသဒ္ဒါငယ်ကျမ်းများတွင်ဆိုသည်။ ။ဝိဘင်းမူလဋီကာ
နှိုက်လည်း။ အနုညာတတ္ထကို အရာ ခပ်သိမ်း တိုင်းမရသင့်
ကြောင်းနှင့်။ အပ္ပမညာဝိဘင်းတွင်။ နေယျတ္ထအားဖြင့်မူလဋီ
ကာဆရာဖွင့်သည်။ ။သုတ္တနိဒ္ဒေသအစရှိကုန်သောဆရာတို့
ကား။ ဥဝသဒ္ဒါရှိတိုင်း အနုက်သုံး ပါးလုံး ကိုပင်လျှင် ရသင့်
ကြောင်းကိုဆိုသည်။ယင်းသို့ပင်ဆိုသော်လည်း။ မူလဋီကာ
နှိုက်နေယျတ္ထအားဖြင့်ဆိုတော်မူသောအဓိပ္ပာယ်ကို မလွန်
သာချေ။ ။ဂုဏ်ကိုဟောသောသဒ္ဒါနောင် ဥဝ်ရှိရာနှိုက်သို
ကြောင်းကား။ ။တိသောဓနုဓရော ဥဝအစရှိသည်တဘဲ့။ ။
ဂန္ဓာဟရဏာစသောထိုထိုသဒ္ဒါငယ်ကျမ်း။

တိသော။တိသလုင်သည်။ ဓနုဓရော ဥဝ။ လေးကို
သာလျှင်တတ်ဏို့။ ။ကြိယာကိုဟောသောသဒ္ဒါနောင်ဥဝ
ရှိရာနှိုက်သိကြောင်းကား။ ။အတ္ထေဝသေတောကာကော။
အစရှိသည်တည်း။ ။ထိုထိုသဒ္ဒါငယ်ကျမ်း။

သေတော။ဖြ။သော။ကာကော။ကီးသည်။ အတ္ထေဝ။
ရှိသည်သာလျှင်တည်း။

သတ်ပုံအစပ်တွင်။ ထိုဆိုအပ်ခဲ့ပြီး သောအနုက်သုံး
ပါးလုံးကို။ ရသင့်သောဒြပ်နောင်ရှိသောဥဝသဒ္ဒါဏို့။ အနုက်
သုံးပါးကိုပင်ရည်၍စပ်ဆိုသည်မှတ်လေ။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ စာသံသင် ခြင်း သုမှား တွင်။ နိသရ
ဏာတ္ထသင်ခြင်း ဖြင့်။ သင် အံ့ လေ့ ကြက် ကုန် သော အမျိုး

ကောင်းသားတို့သည်။ရည်သန်ရင်းနိသရဏတ္တအကျိုးကို။ ဧကန်မုချရခြင်းငှာ။ သဒ္ဒဆေက။ သဒ္ဒညူ။ သဒ္ဒကောသလ္လ။ သဒ္ဒပါရဂ။အဖြစ်သို့ရောံသဖြင့် ဧဝသဒ္ဒါ၏။ဂဟေတဗ္ဗ။နိဝတ္တေတဗ္ဗ။အနုညာတ။ဟူသောအနက်သုံးပါးကို။ သိခြင်းစသောသဒ္ဒနယတို့နှိုက်လိမ်မာစေရ မည် ဟူ သော ဥပဒေသ ကိုပြသည်ယူရမည်။



မေးခွန်းကောံ နုတ်ချက် ပါ။ နသတ် သက် သက်စပ် နည်း ၁၂ ပုဒ်တွင်။ဆဋ္ဌမပုဒ်။

အင်္ဂါသုံးတန်။ညီညွတ်မှန်။ကိုဝန်စွဲစရာ။ ။ဟူသဉ် ပုဒ်ရင်း ကား။

မိဘနှစ်ပါး၏စည်း ဝေးခြင်း။ သတ္တဝါ ရုတိ ဆဲဖြစ် ဝိဏ္ဍတ္တ။ ခြင်း။ဥတုသမယကြို့ခြင်း။ဟူသောပဋိသန္ဓေ ရရာ အင်္ဂါသုံး ပါနှင့်ညီညွတ်လျှင်။ကိုယ်ဝန်စွဲမြဲဆိုလိုသည်။

၏နှိုက်။ မိဘနှစ်ပါးတို့၏စည်း ဝေးသောအင်္ဂါမှာ။ အဝယဝတ္တ တကြိမ်စည်းဝေးက။ ခုနစ်ရက်အတွင်း။ဂဗ္ဘဂဟဏသမယ ဖြစ်၍ အင်္ဂါမြေခံနှိုင်သည်ဟုမူလ ပဏ္ဏာသအဌကထာ။ မ ဟာတဏ္ဍာသခ်ါယသုတ်သာရတ္တ ဒီပနီဋီ ကာများ နှိုက်ဆို သည်။ဝိမတိနှိုက်လခွဲဟုဆိုသည်။ ။သတ္တဝါရုတိဆဲအင်္ဂါ နှိုက်။မိဘတို့စည်းဝေးသည်မှခုနစ်ရက်အတွင်းတွင်။ ရုဘေ့ လျှင်ပင်အင်္ဂါမြေခံညီသဉ်။ဥတုသမယအင်္ဂါနှိုက်။မိန်းမတို့ ဝယ်။သားအိမ်တဉ်ရာအရပ်တွင်။ ရုသောခဲသောသွေးသဉ်။

ခုနစ်ရက် ပတ်လုံးပွါး ၍အခဲပျက် သဖြင့်စီး ဆင်း သည်ကို ဥတုဆိုသည်။ထိုဥတုအလာများ ခိုက်လည်း ကိုယ်ဝန်မယူနှိုင်။ဥတုသက်သက်မလာခိုက်လည်းကိုယ်ဝန်မယူနှိုင်။ဥတုလာသည်နေ့က။လေးရက်မြေခံမှစ္ပဲသောကိုယ်ဝန်သည်သာ မပျက် မစီး တည်သည်။ ဟုသာ ရထွ ဒီပနီ ဋီကာနှိုက်ဆိုသည်။ ။ယင်းအင်္ဂါသုံးပါးညီက။ ကိုယ်ဝန်စွဲ ကြောင်းကိုလည်း။မူလပဏ္ဏာသပါဋ္ဌိတော်မဟာတဏ္ဍာ သခ်ါယ သုတ်မိလိန္ဒပ၂ဥာ။ပါရာဇိကဏ် အဌကထာ။ ပဌမပါ ရာဇိကအဖွင့်စသော့ပါဋ္ဌိအဌကထာဋီကာတို့ နှင့်တပြေး ညီစေလျက်။ အသေတတန်။ကိုယ်ဝန်လည်းစွဲ။ဆင်းရဲတိုင်းတိ။သားသည်မိတို့။အဘို့ရောခါ။သားရရာသား။အင်္ဂါသုံးပါး။ အကြောင်းအားဖြင့်။ယူငြားကိုယ်ဝန်။ ပဋိသန်ကား။ဟုပါရမီခန်းတွင် အရှင်မဟာသီလဝံသဆရာကျော်စပ်ဆိုတော်မူသည်။

ကိုယ်ဝန်ယူခြင်း။အင်္ဂါသုံးပါး နှင့် အတူ။ ကိုယ်ဝန်ပျက်ခြင်းအင်္ဂါလည်း။လေမှုတ်၍ပျက်ခြင်း။ပိုးခဲ၍ပျက်ခြင်း။ ကံကြောင့်ပျက်ခြင်း။သုံးပါးရှိသည် ဟု သဒ္ဓမ္မ ပဇ္ဇော တိကမည်သော။မဟာနိဒ္ဒေသအဌကထာ။သမန္တပါ သာဒိကမည်သောပါရာဇိကဏ်အဌကထာများတွင်ဆိုသည်။ယင်းတွင်၊ လေမှုတ်၍ပျက်ရာနှိုက်။ လေကိုနိုင်သောဆေး အေး ကိုပေးလျှင်ကိုယ်ဝန်တည်နှိုင်သည်။ပိုးခဲ၍ပျက်ရာနှိုက်လည်းပိုးကိုနိုင်သောဆေးကိုပေးလျှင်။ကိုယ်ဝန်တဉ်နှိုင်သဉ်။မကောင်းမှုကုံအားကြီး၍ပျက်ရာနှိုက်ကား။ မြတ်စွာ ဘုရား ပင်သော်လည်း။ကုစားခြင်းဌာမတတ်နှိုင်ပြီဟု။သီလက္ခန်အဌကထာ ဗြဟ္မဇာလသုတ်အဖွင့်တွင်ဆိုသည်။

ယင်းကိုယ်ဝန်ယူရခြင်းသည်။မိန်းမတို့နှင့်သာဆက်ဆံသော။အာဝေနိကဒုက္ခငါးပါးတွင်။တပါးအဝင်ဖြစ်သဉ်။

အာဝေနိကဒုက္ခငါးပါးမှာ။ ငယ်ရွယ်စည်ကပင်။ လင်အိမ်သို့လိုက်ရသဖြင့်ဆွေမျိုး တို့နှင့် ကွေကွင်း ရခြင်း။ ဥတုလာရခြင်း။ ကိုယ်ဝန်ဆောင်ရခြင်း။ သားဖွားရခြင်း။ လင်ခြေရင်းနှိုက်လုပ်ကျွေးရခြင်း။ ဟူ၍သဋ္ဌာယတနသံယုတ် ပါဋ္ဌိ တော်အာဝေနိကသုတ်နှိုက်ဟောတော်မူသောအာဝေနိကဒုက္ခငါးပါးပင်တည်း။ ယင်းသို့ဖြစ်၍ လောကနှိုက်။ ကိုယ်ဝန် မယူသောမိန်းမမည်သည်မရှိဟုမှတ်ရမည်။

မိန်းမမြုံ ဟူသည်။ အား ကြီး သော မ ကောင်း မှုကံကြောင့်ကိုယ်ဝန်တည်လျှင်။ လေမှုတ်၍ရင်း။ ပိုးခဲ၍ရင်းပျက်သဖြင့်။ သားသမီးမဖွါး မမြင်နှိုင်သည်ကို။ မြုံသည် ဟုဆိုသည်။ အလျှင်းကိုယ်ဝန်မယူ သောမိန်းမဟု။ မဆိုသင့်မဆိုထိုက်ကြောင်းကိုသီလက္ခန်အဌကထာ။ သ မန္တ ပါသာဒိကမည်သောပါရာဇိကဏ်အဌကထာတို့နှိုက်လာသည်။

တကြောင်းလည်း။ အမရပူရမြို့တည်မင်း တရားကြီးလက်ထက်။ ကူလီကွတ္တာဗင်္ဂလားမင်းတို့ကဆက်၍ ၁၁၄၇ ခုနှစ်ရေဝံလှာသောသာရကောမုတိဆေးကျမ်း။ သတ္တ မတွဲတွင်။ ။မိန်းမတို့မှာ။ လေစသောဒေါသပျက်ခြင်းပိုးခဲခြင်းကြောင့်ကိုယ်ဝန်ပျက်ရာနှိုက်ကိုယ်ဝန်တဉ်သည်မြုံနာဆေးနည်းတဆဲ့သုံးပါးကိုအကျယ်လာသည်။

သတ္တဝါတို့မှာ။ ယေဘူယျအား ဖြင့်။ ညနှိုက် သာပဋိသန္ဓေယူမြဲ။ ထိုကြောင့်။ ။ယမေကရတ္တိပဌမံ ဂဗ္ဘေသတိမာဏဝေါဟူ၍ရင်း။ ယေဘူယျေနသတ္တာ မာတုကု စ္ဆိမှိပဋိသန္ဓိံ ဂဏ္ဍန္တာရတ္တိဂဏ္ဍန္တိဟူ၍ရင်း။ တဒါရာဇဗောဓိသတ္တသပဋိသန္ဓိ ဂဟဏဒိဝသေ ပစ္စုသ္သ ကာ လေဇေ ရုပံသုပိနံအဒဿဟူ၍။ အယောဃရဇာတ်။ ဥမင်္ဂဇာတ်တို့နှိုက်လာသဉ်။

ထိုမှတပါး။ ကိုယ်လက်နှီးနှောခြင်း။ပုဆိုးနှိုက် တင်သောသုတ်ကိုရတ်ယူခြင်း။သုတ်ကိုသောံခြင်း။ ချက်ကိုသုံးသတ်ခြင်း။အဆင်းကိုရှုခြင်း။အသံကိုကြားခြင်း။ အနှံ့ကိုယူခြင်း၊မေထုနသံဝါသပြုခြင်း။ ဤအင်္ဂါရှစ်ပါးဖြင့်။ ကိုယ်ဝန်ယူကြောင်းကို။သာရတ္ထဒီပနီဋီကာစသောကျမ်း ဂန်တို့နှိုက်ဆိုသည်။ယင်းရှစ်ပါးကို။အထက်ပြဆိုခဲ့ပြီးသော အင်္ဂါသုံးပါးတွင်။စဉ်းဝေးသောအင်္ဂါနှိုက်။သင်းဂြိုဟ်သင့်ရကား။တပါးတပါးနှိုက်။အင်္ဂါသုံးပါးသုံးပါး ရုံညီ အောင်။ သတ္တ ဝါစုတိဆဲဥကုသမယကြိမ်ဆဲကိုရှည်ဘက်၍အသီး အသီးအင်္ဂါသုံးပါးစီယူလေ။ထိုရှစ်ပါးတွင်။ကာယသံသဂ္ဂနှင့်။ မေထုနသံဝါသ။ယင်းနှစ်ပါးကြောင့်ရသောသားသည်သာအဘကိုသတ်က။ဗိတုဃာတကထိုက်သည်။ ကျန်အကြောင်း ခြေဝံပါးဖြင့်ရသောသားတို့ကား။ ဗိတုဃာတက မထိုက်ဟု။သာရတ္ထဒီပနီဋီကာတွင်ဆိုသည်မှတ်လေ။

ဥပဒေသ၊ ဤစကားရပ်ဖြင့်။မိန်းမတို့မည်သည်အား ကြီး သောအကုသိုလ်ကံကြောင့်။မိန်းမအဖြစ်ကိုရသည်ဖြစ်၍။ ပြဆိုခဲ့ပြီးသောအာဝေနိကဒုက္ခငါးပါးနှင့်အမြဲဆက်ဆံ သည်ဖြစ်ရကား။အလွန်လျှင် ယုတ်မာ၏ဟုနှလုံး သွင်း ထား ပြီးလျှင်။ ယင်းအဖြစ်မှ လွတ်မြောံ ရာ လွတ် မြောံ ကြောင်း။ ကောင်းသောကျင့်ဝတ်တရားတို့ကိုအားထုတ်ရမည်ဟူသောဥပဒေသ။ဂဗ္ဘသေယကဖြစ်သောပုဂ္ဂိုလ်တို့သည်။ပြဆိုခဲ့ပြီး သည်အတိုင်း။ပဋိသန္ဓေတည်နေဆဲအခါ။ အကြောင်း သုံး ပါးဖြင့်။ ပျက်ယွင်းတတ်သည်ဖြစ်၍အလွန်လျှင်။ လူ၏ အဖြစ်ကိုရခဲသည်ဖြစ်၍။မနုဿတ္တဒုလ္လဘကိုနှလုံး သွင်းပြီးလျှင်။ ဒါန။သီလ။သမထဝိပဿနာ ဘာဝနာ တို့ကို။ အား ထုတ်ခြင်းကိုပြုအပ်လှသည်ဟူသောဥပဒေသများကိုပြသည်ယူရမည်။

မေးခွန်း ကေဝံနုတ်ချက်ပါ။ နှသတ် သက်သက် စပ် နည်း၁၂ပုဒ်တွင်။သတ္တမပုဒ်။

မိဇ္ဈိလာကန်။မေ့လွတ်ပြန်။ဆက်ဒန်လျှိုးဝင်သာ။ ။ ပုဒ်ရင်း။ ဟူသည်ကား။

ငါတို့မြြတ်စွာဘုရားဘိုးတော်အဋ္ဌနမင်းကြီးတကြွမ်။ ဒဏ္ဍာထွ။ အနုဂါထပိဏ်သဒ္ဓေးတကြွမ်။ အဓိဂါတသတ်မင်းကြီးတကြွမ်။ ကာလာသောကမင်းတကြွမ်။ဓမ္မာသောကမင်းတကြွမ်။နှစ် ရထာမင်းစောတကြွမ်၊မင်းကြီးစွာစောကဲတကြွမ်။အမရပူရ ပဋ္ဌမမြို့တည်နှန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးတကြွမ်။ ရတနာပုံမြို့တည်နှန်းတည် ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင်မင်းတရားကြီး တကြွမ်။ ဆည်ဘိုတက်သက်လုပ်ဆောင်တော်မူသော။ ရှေးသမိုင်းရာဇဝင်ထွက်အလို။ ရှိရှားကန်။အနှစ်ရထာမင်း လက်ထက်။ ရေ အမှတ်အသား မေးသည်ကိုအစွဲပြု၍နေခံခေါ်ဝေါ် ကြသေါမိဇ္ဈိလါကန်နှိုက်။ ရေလွတ်ပြန်အလွန်ကြီးကျယ်သည်ဖြစ်၍။ ဆက်ဒန်ဆင်ပင် သေ်လည်း။ဝင်လျှိုးနှိုင်လေခံသည်ဆိုလိုသည်။

၅၂။နှိုက်။မိဇ္ဈိလာကန်အကြောင်းအရာအတူပုတ္တိများ ဥပဒေသ။ ကို။မိဇ္ဈိလာကန်သမိုင်းသုံးစောင်။ အရပ်ရပ်ရာဇဝင်။ရှင်မဟာသီလဝံသရေးသည်မိဇ္ဈိလာကန်မော်ကွန်း။ ဗလနန္ဒသူရေးသည်မော်ကွန်း။ ဇေတဝန နန္ဒ သူ ရေးသည်မော်ကွန်းများက။ထွက်ရှိသည်အတိုင်း။အဖြက်မျှထုတ် နုတ်ရေးသားလိုက်ခဲ့။

မိဇ္ဈိလာကန်သည်။ငါတို့မြြတ်စွာ ဘုရား ဘိုးတော်မဟာအဋ္ဌနမင်းကြီးသည်။သတ္တရာဇာရှစ်ထောင်ခြေခံရာလေး

ဆယ်ငါးကိုဖြို၍ဇမ္ဗူ။ဒီပါမြေအပြင်နှိုက်။ရေကန်ရှစ်သေါင်း
လေးထောင်ပြုစုသောအခါ။ မိတ္တိလာကန်တည် ရာအရပ်ကို
တောင်ရိုး တောင်စည်ရေ လာရေဆင်း ကုန်းကျင်းချောင်း
မြောင်းအရပ်ဒေသများနှင့်။ ဌာဝရတည်ထွန်း ရစ်အောင်။
အမွန်လက်ဦးတည်ထောင်သည် ကာလ။ ဗြဟ္မာ။ သိကြား။
နတ်များနှင့်တကွနဂါး မင်း တို့သည်။ အနဝတတ်အိုင်မှရေ
ကိုဆောင် ယူ ခဲ့၍။ ထိုကန် တွင် ရေကိုအန်သည်။ ဗြဟ္မာ။
သိကြား နတ်တို့လည်း။သည်ရေနှင့်သည်ကန်သည်နောင်နှစ်
ပေါင်းရှစ်သောင်းလေးထောင်တည် မည် ဟု။ သမုတ်ထား
သည်။ထိုနေဂံသာဝတ္ထိပြည်တွင်။အနာထပိဏ်သဌေးလည်း
တကြိမ်ပြုသည်။ ထိုနောက်ရာ ဇဂြိုဟ်ပြည် ကိုအစိုး ရသော
အဇာတသတ်မင်းလည်း တကြိမ်ပြုစုသည်။ ထိုနေဂံကာလာ
သောကမင်း လည်းတကြိမ်ပြုစုသည်။ ထို နေဂံ ပါဋလိပုတ်
ပြည်ကိုအစိုးရသောဓမ္မာသောကမင်းတကြိမ်ပြုစုသည်။ထို
နေဂံ အရိမဒ္ဒနာ ပေါက္ကာရာမ အမည်ရှိ သောပြည်ကိုအစိုးရ
သောအနော်ရထာမင်းစောသည်။ စစ်အင်္ဂါလေးပါး နှင့်လာ
၍။တောင်ဘက်ကိုးခရိုင်ဆည်ကိုပြုစု၍ အပြန်။ ကျွဲတလင်း
ချောင်းမြွေကထူးကန်သို့ရောံလျှင်။သဘင်နန်းနှင့်စံနေသည်။
မိတ္တိလာကန်ကိုစောင့် သောနတ် ကြီး လေးပါးလာ၍။ အရှင်
မင်းကြီး ဤမိတ္တိ လာ ကန် သည် သုံး လုအထွတ် ဖြစ်တော်မူ
သောအရှင်ဂေါတမမြတ်စွာဘုရားသည်ဒေသစာရီကြွတော်
မူလာ၍။ညီတော်ဖြစ်သောအရှင်အာနန္ဒာနှင့်ရေသပ္ပါယ်တော်
မူသည်။ကန်မည်ကာမဟုတ်။ဇမ္ဗူ။ဒီပါကျွန်းတွင်တံခွန်ကဲ့သို့
ဖြစ်ပါသည်။မင်းကြီး ထပ်၍ ပြုစု ရမည် ကိုအရှင် အာနန္ဒာ
ဟောသည်တရားတွင်။ဘက္ကယီမင်းပြုစုသည်နေဂံ။ဧရာဝတီ
ရဌတမ္ပဒီမင်းပြုစုပြန်မည်။ တရားတော်ရှိသည် အတိုင်း။ပြုစု

တော်မူပါဆိုရှိကွယ်လေသည်။ အနော်ရထာမင်း စောလဉ်း ကန်ရိုးတွင်ရှိသည်တောခြုံများကို။ ရှင်းလင်း စေသည်တွင်။ ကြာမျိုးငါးပါးနှင့်ပြည့်စုံသောရေကိုမြင်၍။ ထောံစေသည်။ ရေအနက်တဆယ်ရှစ်တောင် နှစ် မိုက် လေး သစ်ရှိသည်။ထို ကန်ရိုးဟောင်းတွင်။ အလျားတာငါးရာ။ အနံတာငါး ဆယ်။ ဆည်ဘို့ပြုစုသည်။ ရေပြွန်ကျောံ ဘံခါး တစ်။ ရေလမ်းမှတ် တိုင်တဆဲ့ခြောံလုံး။ ရေ မှတ် တိုင် လေး လုံး။ မိုး ဥတုမှတ်။ ဆောင်းဥတုမှတ်။နွေဥတုမှတ်။တိုင်သုံးတိုင်။ ရေကြည့် လေး ရွာ။ ကန်စောင့်နတ်။ သိကြား။ စတုလော ကပါ လာ။ ကန်ရိုး လေး ရပ်စောင့်နတ်ကြီး လေး ပါး။ စီရင်ထား ကြောင်းကို။ သက္ကရာဇ်၄၁၆ခု။ တန်းခူး လပြည့် ဝနေ့ ဟူ၍ အစချီသည်။ မိတ္တိလာကန်သမိုင်း တွင်။ အကျယ်ဆို သည် ကို။ မှတ်သား လွယ်အောင်အကျည်းအမြွက်မျှ ထုတ် နုတ်သည် စကားရပ် တည်း။

ယင်းသို့မိတ္တိလာကန်ကို။ သေချာကောင်း မွန်စွာပြုစု သည်။နေဝံကာလဒေသအလိုက်။ပုဂံပြည်နရသီဟပတေ့မင်း လက်ထက်။တရုပ်စစ်ရေဝံ၍။ မြန်မာတိုင်း ခြေပြည်မြစ် ဖြစ် သည်ဟု။မိတ္တိလာကန်နတ်မေဝံဆည်ရိုး ကို။ တရုပ်စစ်သည် တို့ဖျက်ဆီးခဲ့သည်နှင့်။သက္ကရာဇ်ခုနစ်ရာသုံးဆဲ့ခြောံ ခုတွင်။ အဝမင်းကြီးစွာစောကဲလည်း။ အလုံး အရင်း နှင့်ချီ လာပြီး လျှင်။နတ်မေဝံမထောင်းတာဆည်ရိုးများကို။ချန်ထားခဲ့၍။အ ရှေ့အနေဝံအဖြောင့်တန်းလျက်။လင်းဇင်း ဆည်ကိုသာပြုခဲ့၍ ပြန်သွားကြောင်းကို။ဟံသာဝတီရေဝံမင်းခမည်းတော်လော ကမာရ် အောင် ဘုရား ဒါယကာ တနင်္ဂနွေမင်း လက်ထက်။ မောင်ကုလားရေးသည် ရာဇဝင်ကြီးတွင်။ အကျယ်ဆိုသည်

ကို။ မှတ်သားလွယ် အောင် အကျည်း အမြွက်မျှ ထုတ် နုတ် သည်စကားရပ်တည်း။

အမရပူရပဌမမြို တည်နန်း တည် ဆဒ္ဒန် ဆင်မင်းသ ခင်ဘဝရှင်မင်းတရားကြီးဘုရားလည်း။ မင်္ဂလာအိမ် တော်စံ နေစည်။အိမ်မက်တော်မြင်တော်မူသည် အတိုင်း။ သက္ကရာဇ် ၁၁၅၇ခုနှစ်။တန်းခူးလပြည့်ကျော်၃ရက်နေ့။ စစ်အင်္ဂါလေး ပါးကျင်းပထွက်တော်မူလျှင်မိတ္တိလာကန်တော် အတွင်း။ ရွှေ စောလူးကုန်းသဘင်နန်းတော်သို့။ ၁၁၅၈ခု။ကဆုန်လဆန်း ၂ရက်နေ့ရေခံတော်မူသည်။ သားတော်မဟာ ဥပ ရာဇာမှာ။ ရွှေစောလူးကုန်းအရှေ့။ မထောင်းတာကုန်းတွင်။ သဘင်တဲ တော်နှင့်စံနေတော်မူသည်။ ပြည်မင်း။ ပုသိန်မင်း။ တောင်ငူ မင်း။ပုဂံမင်းမှစ၍။ မင်းညီ မင်း သား များ မှာ။ နတ် မေဝံမ ထောင်းတာဆည်တော်အတွင်း။ ရေလွတ်ရာကုန်းများတွင်။ သင်းပင်းကိုယ်ရံနှင့်တကွ။အသီးအသီး နေကြ သည်။ ထိုအ ခါ။နေဝံတော်တွင်ပါသည်။ရဲမက်တော်အပေါင်းတို့ကို။ ရွေး စစ်တော်မူသည်။ သားတော်မဟာဥပရာဇာတပ်တော်နှင့်တ ကွပြည်မင်း။ပုသိန်မင်း။တောင်ငူမင်း။ပုဂံမင်းမှစ၍။ မင်းညီ မင်းသား။ မှူးတော်။ မတ်တော်။ မြို့ဝန်။ မြို့စားတို့တပ်ပေါင်း ၃၈၃တပ်တွင်ပါသည်ရဲမက်ဗိုလ်ခြေဆင်ကံ ကျွေးမြင်းကံ ကျွေးနှင့်သော်သိန်းတဆယ်ပါသေါဟူ၏။ဤသို့အလုံးအရင်း ရှိသောရဲမက်ဗိုလ်ခြေအပေါင်းတို့ကို။တာပေးဝေတော်မူ၍။ ၁၁၅၈ခု။ကဆုန်လဆန်၅ရက်နေ့ဆည်ဘို့ ကြရ သည်ကား။ နတ်မေဝံဆည်တောင်မြေဝံ။တောင်ရိုးနှစ် ဘက် အကြား။ကွဲ တလင်းချောင်းဝတွင်။ရှေးမင်းတို့ပြုစုရင်း ဆည်ရိုးမျက်ယွင်း ၍တောင်ရိုးနှစ်ဘက် အကြား ဟင်း လင်း ရှိသည် ကိုတောင် မြေခံအဖြောင့်တာသုံးရာ။တောင်ရိုးနှစ်ဘက်ကိုဆက်၍ထုအ

တာ၄၀။အမြင့်သံတောင်၈၀။တာထိပ်၄တာ။မြေတို့ရသည်။ ၎င်းဆည်ရိုးအခြေ တွင်။ ရေမလှုတ် ရှား နှိုင်အောင် အတွင်း ဘက်က။ထု ၁၀တာဖွင့်၍ အလျား တာ၃၀၀။ အမြင့်ဆယ် တောင်ကို။ကျေးအိမ်ချပြီး လျှင်။ ကျေးသွတ် ရသည်။ ပြင် ဘက်ကလည်း။ဆည်တော်မြဲမြဲခိုင်ခန့်အောင်ထု ၁၀တာဖွင့် ၍။ အလျား တာ၃၀၀။ အမြင့်၁၅ တောင် ကို ကျေးသွတ်ရ သည်။၎င်းကျေးတာက။ပြင်ကိုဆယ်တာဖွင့်၍ အလျားတာ ၃၀၀။အမြင့်၁၅်ကိုကျေးအိမ်ချပြီးလျှင်။ ကျေးသွတ်ရသည်။ ဆည်တော်တောင်မြေးမြေတာကျေးတာနှစ်ရ။အလျားတာ ၃၀၀၊အရှေ့အနေးထုမြေတာကျေးတါနှစ်ရ။တာခုနစ်ဆယ် များကို။ဗိုလ်မှူး။တပ်မှူး။မြို့ဝန်မြို့စားတို့ကြပ်မနှိုးဆော်၍ဆည် တို့ရသည်။မထောင်းတာချောင်းဝင်။မထောင်းတာဆည်တော် ကိုလည်းသားတော်မဟာဥပရာဇာကိုအပ်တော်မူ၍။ နောရ ထာစောအလောင်းစည်သူမင်းတို့။ဆည်တို့သည်တာဟောင်း တွင်ပြင်ကိုတာနှစ် ဆယ်ဖွင့်၍တောင်မြေးအလျားတာတရာ ငါးဆယ်။အမြင့်သံတောင်၄၀။တာထိပ် သုံး တာများကိုတပ် မှူးထပ်အုပ်အကြီး အကြပ်ခန့်တော်မူ၍ ဆည်တို့ကြရသည်။ ကျေးတံခါးရေပြွန်မှာ။အဝတတာ။ အစေးဆယ်တောင်။ အ လျားငါးတာကိုအုတ် ရိုး အက် တေ နှင့် ကောင်းမွန် သေချာ အောင်လုပ်ဆောင် ရ သည်။ ထုတမိုက်။ ပျက်တတောင်။အ လျားတဆဲ့နှစ်တောင်ရှိသော ပျည် ကိုစီ၍။ လည်ညှပ်နှင့်သံ မှိုစွဲပြီးလျှင်။အ ဖွင့်ကိုယန္တရားစက်နှင့်ထားတော် မူသည်။ရေ ချိန်နဂါးနှစ်မှာ။ပြွန်ဝလက်ဝဲလက်ယာထားသည်။ ရေချိန်မှာ။ နဂါးခံတွင်းဝက။လွန်သမျှရေကို။စည်သူလွှဲကထုတ်ရသည်၊ နဂါးခံတွင်းဝသို့ရေသေးလျှင်။ သုံးရာ မြောင်း မ။ မြောင်းမ ငယ်နှစ်ရာငါးဆယ်များက။ရေထုတ်၍အရှေ့ အနေး တောင်

မြေဝံတာတသောင်းစီ။ သုံးနှစ်သုံးသီး လုပ် ဆောင် ရ သည်။ ကန်တော်မှာ။နတ်မေဝံမထောင်းတာရေပြင်စပ်မိသည် ကာလ။မြင်းသည်ကောင်းတယောံကို။နံက်ကြက် ဆင်းက။ မြင်းနှင့်လည်စေသည်။ညကြက်တက်မှ။ ထှည့်ရင်းနေ ရာသို့ရေဝံ၍။မြင်းလည်းသေလေသည်။လူလည်းမိန်းမော ၍ရှိ သောဟူ၏။အချိုသမိုင်းကလည်း။မြင်းစီးလူပါသေ၍ မထောင်းတာ နတ်ကြီးဖြစ်သည်ဟူ၍။ရာဇဝင်တော်။ တေတ္တိုံသတွဲ့တွင်ဆို သည်ကို။ထုတ်နုတ်သည်စကားရပ်တည်း။

ရတနာပုံမြို့တည်နန်းတည်ဆဒ္ဒန်ဆင် မင်း သခင်ဘဝ ရှင်မင်းတရားကြီး။ယင်းသည့်ကန်ကို။ ပြင်ဆင် လုပ် ဆောင် တော်မူသည်မှာ။အာဒိစ္စောဝပရိဗ္ဘန္တော။ အစချိသည်။ ကျေခံ ရေးအက္ခရာရှိလေပြီ။

ယင်းသည်ကန်ကို။ရှေးမင်းတို့ လက်ထက်။ပြုစုတော် မူကြသည်မှါ။ရေလွှတ်ပြွန်အဝ။စေဝံ။အလျားပမာဏများကို။ သမိုင်းဟောင်းစုနှင့်။မော်ကွန်းလေးစောင်များတွင် မရှိမတွေ့ ချေ။ အမရပူရပဌမမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးလက်ထက်။ ထပ်မံပြုစုတော် မူသည် တွင်။ ပြွန်အခြင်းအရာကို ရာဇဝင်တော်ကြီးတွင်။ ထွက်ဆို သောကြောင့်ရေးသားလိုက်သည်။ ။မော်ကွန်းလေးစောင် ရေးသားခဲ့သည်မှာ။ ရှင်မဟာသီလဝံသဆို။ ကျူးလော့စစ် ခေါင်ချီမော်ကွန်း။တွင်းသင်းတိုက်ဝန်မဟာစည်သူဆို။ကျူး လော့မြေတာချီမော်ကွန်း။ ဗလနန်သူဆို။ ရှုလော့ စည်ရှည်ချီ မော်ကွန်း။ ရွှေတောင်နန္ဒသူဆို။ ပွင့်လင်းကြက်သရေချီမော် ကွန်း။စုစုလေးစောင်တည်း။

ယင်းသည်မိတ္တိလာကန်ကို။ ဗလနန်သူဆို မော်ကွန်း တွင်။ ။တန်းခိုးမတိမ်။ မဟာသိမ်ဟု။ ရွှေအိမ်ရှည်မြင့်။ ငုံး

မင်းနေရာ။ ယုန်စကြာနှင့်။ ကျူမှာဆစ်မဲ့။ လေးရပ်ဘွဲ့တွင်။ ထင်ပြီ့တရပ်။ ကန်တော် ထပ်သား။ ဘဒ္ဒကပ် မော်။ ငါးဦး ကျော်သည်။ ။မှောံတော်ရှင်ကျေးဇူးသကား။ ။ဟူ၍ စပ်ဆိုသည်။ ။ယင်းသဉ်ကန်တွင်။ပေါက်ရောက်သည်။မန် ကျည်းပင်လည်းမသီး။ ပေလည်းမကြီးဟု။ သူခပ်သိမ်း တို့ ပြောစမှတ်ပြုကြကုန် သည်။ ရွှေတောင်နန္ဒသူ ဆို မော်ကွန်း တွင်။ ။ပေါက်ပြမွန်ချောင်း။ ဘေးလောင်းထွတ်ချာ။နော်ရ ထာလျှင်။ဓိဌာထိုင်တန်း။ဆုယူညွှန်းဟု။ ဥဒါန်းကျော်သည်း။ မန်ကျည်းမသီး။ မကြီးပေပင်။ထင်ထင်ရှားရှား။ ရှိသည်များ လည်း။ ဟူ၍ စပ်ဆိုသည်။ ။ရှေးသူဟောင်းတို့။ စကားပုံ များတွင်လည်း။ ရေစကိုင်း။ လှိုင်းပခန်းငယ်။ လယ် တောင် တွင်း။စပါးရမည်းသင်း။အင်းတောင်သမန်။ ကန်မိတ္တိလာဟု။ ဆိုရိုးရှိသည်။

ဤစကားရပ်ဖြင့်။ အရှေ့အနောံ တောင် မြောံခရီးတာ တသောင်းစီ။ တာလေးသောင်းအတွင်း။ ပယ်သင့်ခြောံသိန်း လေးသောင်းရေသောံ လယ်ပယ်များကို။ လုပ်ဆောင် ရက။ တိုင်းကျိုးပြည်ကျိုးသတ္တဝါတို့၏အကျိုး။တိုင်းခြေပြည်မြစ်။ ဖြစ်ထွန်းအံ့သည်ကို။ကြံရည်တော်မူ၍။ မဟာအဥ္ဇနမင်းကြီး ကစ၍ရှေးဘေးလောင်းတော်။ဘိုးလေါင်းတော်။ မင်းကောင်း မင်းမြတ်တို့။ စည်ဆက်မပြတ်။ ဘုရား ရွှေလက် ထက်တော် တိုင်။တက်သက်ဆည်ဘို့ပြင်ဆင်လုပ်ဆောင်ပြီးလျှင်။ တိုင်း ပြည်သတ္တဝါတို့၏အကျိုးတိုင်းခြေပြည်မြစ် ဖြစ် အောင်အား ထုတ်တော်မူကြကုန်သည်။ယင်းသို့မင်းကောင်းမင်း မြတ်တို့ ထုံးဥပဒေသကို။အစည်မှတ် ယူ ပြီး လျှင်။ မည် သည်အရပ်။ မည်သည်ဌာန။ မည် သည် အမှု မဆို။ တိုင်းကျိုး ပြည် ကျိုး

ဥပဒေသ။

သတ္တဝါတို့အကျိုးတိုင်းခြေပြည်မြစ်ဖြစ်ထွန်းအံ့သည်ဖြစ်က ရေမြေသေဌိနင်းဇ ကရာဇဲ မင်းမြတ် တို့ သည်။ ကုန်တွင်ပြီး မြေဝံ။ဆုံးခန်းရောက်အောင် အားထုတ်ပြုစုတော်မူရမည်ဟူ သောဥပဒေသကိုပြသည်ယူရမည်။

———oo———

မေးခွန်းကောံနုတ်ချက်ပါ။နသတ်သက်သက်စပ်နည်း ၁၂ပုဒ်တွင်။အဌမပုဒ်။

ပုဒ်ရင်း။ အချောံရေညွန်။ကျုံးသုံးတန်။မြို့ဌာန်ပတ်လည်မှာ။ ။ ဟူသည်ကား။

ဗိဏ္ဍတ္ထ။ အချောံ ကျုံး။ ရေ ကျုံး။ ညွန် ကျုံး အား ဖြင့်။ ကျုံး သုံးတန်။မြို့ပြင်ပတ်လည်နှိုက်။တည်ထားရှိမြဲဆိုလိုသည်။

အဝယဝတ္ထ၊ ဤနှိုက်။မူလနဂရ။သာခနဂရ။စသောအခြင်းအရာ။မြို့ ရိုးတံတိုင်းပမာဏ။ မြို့ယူဇနာအကျယ်။ အိမ်ခြေအတည်အ ရှိ။မြို့ရိုးသုံးထပ်။ကျုံးသုံးတန်။တည်ထားရှိမြဲအကြောင်းအရာ များကို။အဘိဓါန်ဋီကာ။ မဟာဥမင်ဇာတ်။ဇနက္ကဇာတ်။ အ လိနစိတ္တဇာတ်။ဂင်္ဂမာလဇာတ်။ ဂန္ဓာရဇာတ်။ မဟာကဏ္ဌ ဇာတ်။ဝိဒူရဇာတ်။ဘူရိဒတ်ဇာတ်။ဥပရိပဏ္ဏာသအဌကထာ၊ မဟာသုညတသုတ်အဖွင့်။ မဟာဝင်အဌကထာ။အပဒါန်အ ဌကထာကျမ်းဂန်။ ကျေးဇူး တော်ဂုဏ် တော် မော်ကွန်း။မ ဟော်ဥမင်ခန်း။ ကဝိလက္ခဏာ။ မနော်ပျိုး။ သုဝဏ္ဏသာမသ ဌေးခန်း။ဆုတောင်းခန်းတို့နှိုက်ထွက်ဆိုသည်ကို။ အကျည်း အမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

မြှိဟူသည်။မူလနဂရ။ သာခနဂရဟူ၍ နှစ်ပါးအပြား ရှိ၏။ထိုနှစ်ပါးတို့တွင်။ မြဲမြဲခိုင်ခံ့လျက်။ ကုန်သည်လူမျိုးတို့ ၏ဥစ္စာထုပ်ဖြေရာဖြစ်သောမင်းနေမြှိသည်မူလ နဂရမဉ်၏။ ထိုမူလနဂရမြှိမှတပါး။ အကာအရံဖြစ်သောခံမြှိသည်။ မင်း နေမြှိ၏အခက်အလက်သဖွယ်ဖြစ်သောကြောင့်။ သာခနဂရ မည်၏။ ။တနည်း။ ရာဇဌာနီနဂရ။ အဘိ သန္ဓိဝသနနဂရ ဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး တို့တွင်။ မူလနဂရ သည် ရာဇဌာနီနဂရမည်၏။ သာခနဂရသည်အဘိသန္ဓိဝသနနဂရ မည်၏။မြှိဟူသည်ကား။ ခိုင်ခံ့စွာပြုလုပ်စီရင် အပ်သောတံ တိုင်းမီးတားပင်တည်း။ ထိုမြှိရိုးတံတိုင်းမီးတားကို။ အကျည် ၏အထက်နှိုက်။အုတ်ကျောံမြေဖြင့်ပြုလုပ်စီရင် အပ်၏ဟူ၍ အဘိဓာန်ဧိုကာနှိုက်ဆိုသည်။ထိုအကျည်ကို လည်း။ခဲယည်း သောမြှိနှိုက်။ကျုံးစာမြေကိုအပေါင်းအစုပြု၍။နွားဆင်တို့ကို နင်းနယ်စေ၍။မြှိရိုးတံတိုင်း၏ အတောင်သုံးဆယ်ပမာဏရှိ သောအောံအခြေအပြင်ကို။ထိုထိုအရပ်နှိုက်။သံစူးရဲတသင်း ညောင့် စိုက်ဆီးလျက်။ မိုမောံစေ၍ မြေဖြင့် ပြုအပ်၏။ ထို ကြောင့်။အဘိဓာန်ဧိုကာနှိုက်။

ဝပ်ပုံနာမဒုဂ္ဂနဂရေပရိက္ခာမတ္တိကံ ကုဋိုံ ကတွာ ဂေါ ဟိဟတ္ထီဟိစဝိမဒ္ဒါပေတွာတိသ်ဟတ္ထ ပမာဏံပါကာ ရဿ ဟေဌိမတလံတတ္ထတတ္ထ သတ္တခါတော ဥဒ္ဓရိတွာပံ သုနာဝပ်ပ် ကာရယေ။တဿောပရိပါကာရံ။ ။

ဝပ်ပုံနာမ။အကျည်မည်သည်ကား။ဒုဂ္ဂနဂရေ။ ခဲယည်း သောမြှိနှိုက်၊ပရိက္ခာမတ္တိကံ။ကျုံးစာမြေကို။ကုဋိုံ ကတွာ။အ ပေါင်းအစုပြု၍။ဂေါဟိစ။ နွားတို့ကိုရင်း။ဟတ္ထီဟိစ။ ဆင်တို့ ကိုရင်း။ ဝိမဒ္ဒါပေတွာ။ နင်းနယ်စေ၍။ ပါကာရဿ။ မြှိရိုးတံ တိုင်း၏။ တိသ်ဟတ္ထပမာဏံ။ အတောင်သုံးဆယ်ပမာဏရှိ

သော။ဟေဠိမတလံ။ အောံအပြင်ကို။ တတ္ထတတ္ထ။ ထိုထိုအရပ်နှိုက်။သတ္တခါတော။သံစူးရဲတံသင်းညောင့်စိုက်ဆီးလျက်ဥဒ္ဓရိတ္ဝာ။ဖိုမောံစေ၍။ပံသုနာ။မြေဖြင့်။ဝပ်။ အကျည်ကို။ကာရယေ။ပြုရာ၏။တဿ။ထိုအကျည်၏။ ဥပရိ။အထက်နှိုက်။ပါကာရံ။မြို့ဝံတိုင်းကို။ကာရယေ။ပြုရာ၏။ ။ဤကားအနက်။

သည်မှတပါး။ မဟာဥမင်ဇာတ်နိုက်။ မဟောသထာသုခမိန်စီရင်အပ်သော ဥပကာ ရီ မြို့နှိုက်။ မြို့ရိုး တဆဲ့ ၅စ်တောင်ဟူ၍လာသည်။ဥပကာရီမြို့၏ မြို့ရိုးတဆဲ့၅စ်တောင်ရှိ၏ဟုဆိုသဖြင့်။ မြို့မဖြစ်သောမိထိလာ ပြည်သည်လည်း။ တဆဲ့၅စ်တောင်ပင်ရှိ၏ဟု နယဂ္ဂါဟမူ၍ယူသင့်၏။ ဗာရာဏသီပြည်နှိုက်လည်း။မြို့ရိုးဆဲ့၅စ်တောင်မြင့်ကြောင်းကို မဟာကဏ္ဍဇာတ်နှိုက်ဆိုသည်။ ကပီလဝတ်ပြည်နှိုက်လည်း။ မြို့ရိုးတဆဲ့၅စ်တောင်မြင့်ကြောင်းကို အပဒါန်အဌကထာစသည်တို့နှိုက်ဆိုသည်။သီဟိုဠ်ကျွန်းတွင်။ဧဋ္ဌာရကျေးမင်း၏ဝိဇိတမြို့နှိုက်။ မြို့ရိုးဆဲ့၅စ်တောင်မြင့် ကြောင်းကိုမဟာဝင်နှိုက်ဆိုသည်။ ။အကျယ်အားဖြင့်ကား။ ဗာရာဏသီပြည်သည်။တဆဲ့နှစ်ယူဇနာကျယ်၏ဟု။ အလိနစိတ္တဇာတ်။ဂင်မာလဇာတ်။ဘူရိဒတ်ဇာတ်စသည်တို့နှိုက်လာသည်။ ။ရာဇဂြိုဟ်ပြည်လည်း။ ၎င်းနည်းတူမှတ်လေ။ ။ဣန္ဒပထနဂိုရ်ပြည်ကား။ ခုနစ်ယူဇနာကျယ်၏ဟု။ ဝိဒူရဇာတ်စသည်တို့နှိုက်လာသည်။ ။မိထိလာပြည်လည်း။ ခုနစ်ယူဇနာကျယ်၏ဟုဂန္ဓာရဇာတ်စသည်တို့နှိုက်လာသည်။ ဤသို့လျှင်။ အဝန်းပမာဏမှာ။ အသီးအသီးလာ၏။အမြင့်ပမာဏကား။တဆဲ့၅စ်တောင်ဟူ၍လာသည်။

လူနေအားဖြင့်။သာဝတ္ထိပြည်သည်။ တသန်းခုနစ်သိန်း ကုန်သောအိမ်ခြေတို့၏။တည်ရာဖြစ်၏။ ရာဇဂြိုဟ်သည်။ မြို့ တွင်းဆဲ့ရစ်ကုဋေ၊မြို့ပြင်ဆဲ့ရစ်ကုဋေဗိုလ်ခြေအပေါင်းတို့၏ နေရာဖြစ်၏။ ထိုကြောင့်။ ဥပရိပဏ္ဏာသအဋ္ဌကထာ။ မဟာသုညတသုတ်အဖွင့်နိုင်း။

မနုဿလောကေသာဝတ္ထိယံ သတ္တုပဏ္ဏာသကုလသတသဟဿာနိ။ ရာဇဂဟေအန္တောဗဟိစ အဋ္ဌာရသမနုဿကောဋိယောဝသိသံ၊။ ။မနုဿလောက။ လုပြည်နိုင်း။ သာဝတ္ထိယံ။သာဝတ္ထိပြည်နိုင်း။ သတ္တုပဏ္ဏာသကုလသတသဟဿာနိ။ငါးသန်းခုနစ်သိန်းကုန်သော အိမ်ခြေတို့ သည်။ ဝသိသံ၊။ တည်နေကုန်၏။။ ရာဇဂဟေ။ ရာဇဂြိုဟ်ပြည်နိုင်း။ အန္တောစ။မြို့တွင်းနိုင်ငင်း။ဗဟိစ။ မြို့ပနိုင်ငင်း။ အဋ္ဌာရသမနုဿကောဋိယော။ တဆဲ့ရစ်ကုဋေကုန်သော ဗိုလ် ခြေတို့သည်။ဝသိသံ၊။တည်နေကုန်၏။။ ။ဤကားအနက်။

ဤသို့လျှင်။အဋ္ဌကထာဆရာသည်။လုပြုပြည်နိုင်းသတ္တ ဝါတို့၏။ အစုအဝေးအရေအတွက် ပမာဏနိုင်း။ အလွန်ဆုံး ကို။ပိုင်းခြား၍ပြရကား။ ထိုမှတပါးကုန်သော ပြည့်တိုနိုင်း။ ဤမျှလောက်အစုအဝေးမမျှားဟု ယူမှတ်ရမည်။ ။ဝသာလိပြည်နိုင်း။မြို့ရိုးတဂါဝုတ်။တဂါဝုတ်ချားလျှက်။ သုံးထပ်ရှိ ကြောင်းကို။ ထိုထိုအဋ္ဌကထာဋီကာများနိုင်းဆိုသည်။ ဗိထိ လာပြည်နိုင်းလည်း။မြို့ရိုးသုံးထပ်ရှိကြောင်းကို။ မဟာဇနက ဇာတ်။ ဥမင်္ဂဇာတ်တို့နိုင်းဆိုသည်။ ။ဤသို့လျှင်။မြို့နဂိုရ် တည်ထားလုပ်ဆောင်ကြောင်းကိုထွက်ဆိုသည်။

ထိုမြို့၏.ပြင်ပနိုင်း။ ထက်ဝန်းကျင်တွေး၍ဆီးတားအပ် သောအရံအကာကို။ ကျုံးဟူ၍ခေါ်ဝေါ်သည်။ထိုကျုံးကား။ ဇယသေနမင်းတည်ထောင်ဖန်ဆင်းအပ်သော ဗိထိလာပြည်

နှိုက်။ရေကျုံး။ညွန်ကျုံး။ အချောံကျုံးအားဖြင့်။ ကျုံးသုံးတန် ကာရံအပ်၏ဟူ၍။မဟာဇနကဇာတ်။ဥမင်္ဂဇာတ်တို့နှိုက်လာသည်။ သိဟိုင့် ကျွန်း ဧဋ္ဌာရမင်း တည်ထောင် ဖန်ဆင်းအပ်သောဝိဇိတမြို့နှိုက်လည်း။ရင်းအတူ။ကျုံး သုံးတန်။ကာရံအပ်၏ဟူ၍။ မဟာဝင်နှိုက်လာသည်။ ။ဗောံဇရောက် ကေတုဝတ္ထုတွင်လည်း။ ဥဇ္ဇတာမည်သောပြည်ကြီးနှိုက်။ ရေကျုံး။ ညွန်ကျုံး။ အချောံကျုံးတို့သည်ဝန်းရံ၍ ရှိသတည်းဟုထွက်ဆိုသည်။ပြည်မြို့ဆံတော်ရှင် ဘုရားသမိုင်းနှင့်။ အမရပူရမြို့တည်စာတမ်းတွင်လည်း။ ညွန်ကျုံး။ ရေကျုံး။ အချောံကျုံးအားဖြင့်ကျုံးသုံး။ ပါးလုပ်ဆောင်သင့်ကြောင်းကို ထွက်ဆိုသည်။ ။ယင်းမှတပါး။ ကျုံး သုံးတန်။ ကာရံသောမြို့ကားများစွာလာ၏။ကျယ်လွန်းအံ့စိုး၍မရေးလိုက်သည်။

ကဗျာလင်္ကာများတွင်။ကျုံးသုံးတန်ကို။စပ်ဆိုထုံးကို ပြလောဟူငြားအံ့။ ။ကြားပိမ့်စည်ကွင်း။ အောင်စေလျှင်းလော့။ အစချီသည်။ ကျေးဇူးတော် ဂုဏ် တော် မော် ကွန်းတွင်။ ။ကျယ်နက်ကျုံးချောံ။ ညွန်နေဝံရေကြည်။ သုံးထပ်လည်သည်။ ။မြို့တည် ရန်ချိုး ကြောံ ရှောင်တည်း။ ဟူ၍ ရင်း။ ။ကျွန်းဇမ္ဗူဒိပ်။မဏ္ဍလိပ်ထက်။အစချီသည်။မဟော်ဥမင်ခန်းပျိုးတွင်။ ။ရံဆီးပတ်ကုံး။ရေကျုံးနှင့်ညွန်၊တတန်ကျုံးချောံ။သွယ်လမြောံမှ။ဟူ၍ရင်း။

ကုသပျိုးသစ်တွင်။ ။အစေဝံနံလျား။ချားနားဝေဘန်။ ရေညွန်အချောံ။ကျုံးလျောံမတူး။ကျုံးနဘူးနှိုက်။ ဟူ၍ရင်း။

ကပိလက္ခဏာတွင်။ ။ရွှေမြို့ပတ်ကုံး။သုံးထပ်ကျုံး။ ချုံးချုံးရံသန်းသန်း။ဟူ၍ရင်း။

ဗောဓိရတနာ။သိင်္ဂါညွန့်ရှင်။အစချီသည်။ မနောဝ်ပျိုးတွင်။ ။သာလှထူးလည်။ထိုရွှေပြည်ကား။ နက်ကြည်ပြည့်

ယွေ။ရေလည်းပတ်ကုံး။ သုံးထပ်ကျုံးနှင့်။ မြင့်ဆုံးမြှိတောင်။ သူရောင်ပြကောင်း။ဟူ၍ရင်း။

သုဝဏ္ဏသာမသဌေးခန်းတွင်။ ၊ဝန်းလျား ပတ်ကုံး။ ကျုံးလည်းသုံးတန်။ရင်တားသန်၏။ဟူ၍ရင်း။

ဆုတောင်းခန်းတွင်။ ။သေသတ်ဆစ် မျက်။ ယုတ်တက်မဲ့အောင်။ကျုံးသုံးမြောင်နှင့်။ကျည်းချောင်တံခါး။ ဟူ၍ရင်းစပ်ဆိုသည်။

ဤစကားရပ်ဖြင့်။ ရေ မြေ သေဌ် နင်း မင်းတို့မှာ။ကုန် ဥပဒေသ။ သည်လူမျိုးတို့ဥစ္စာထုတ်ဖြေရာ။မူလနဂရ။ သာခနဂရ။ ရာဇဌာနီမြှိပြထီးနန်းတည်ထောင်တော်မူလျှင်။ သားတော်အစဉ်။ မြေးတော်အဆက်။မြစ်တော်အညွှန့်။ အဓွန့်ရှည်စွာ တည်တံ့မြဲမြံခိုင်ခန့်လုံခြုံအောင်။ မြှိပြထီးနန်းတည် ထောင်ဖန်ဆင်းတော်မူရမည်ဟူသောဥပဒေ သ။ ဘူမိသီ ခရာဇ်ဖြစ် သောကောင်းမြတ်သောမြေကြန်မင်္ဂလာအရပ်များ တွင်။ မြှိပြထီးနန်းတည်ထောင်လျှင်လည်း။ ရှေးအာဒိစ္စဝံသ။ ရေမြေသေဌ် နင်းမင်းကောင်းမင်းမြတ်တို့တည် ထောင်ဖန် ဆင် တော်မူခဲ့သော။ဗာရာဏသီ။ ကပိလဝတ္ထုစ သော်တိုင်းပြည်မြှိပြများ တွင်။မြှိရိုးမြှိခြေတံတိုင်းမီးတားအမြင့်မည်မျှထား သည်ကို။ ပမာတန္တု။အမှီပြု၍။ ရာဇပြကတေ့။ ရဇွင်ခုနစ်ပါး တွင်။အရေအတွက်ဝင်သော။ ရေကျုံး။ညွှန်ကျုံး။အချောံကျုံး။ ကျုံးသုံးတန်ကိုမြှိပတ်လည်မှာတည်လုပ်ရမြဲဟူ၍။ ကျမ်း ဂန်ထုံးစံလာရှိသည်အတိုင်း။ တည်ထားလုပ်ဆောင် တော် မူရမည်ဟူသောဥပဒေသများကိုပြသည်ယူရမည်။

———0———

မေးခွန်းကောံနုတ်ချက်ပါ။နသတ်သက်သက် စပ်နဉ်း ၁၂ ပုဒ်တွင်။နဝမပုဒ်။

ပုဒ်ရင်း။ စကားကိုးတန်။ဟိဆယ်ပြန်။ဟောဟန်အရာရာ။ ။ ဟူသည်ကား။

ပိဏ္ဍတ္ထ။ ဝါကျာရမ္ဘ။ဖလ။ကာရဏ။ ပိသေသ။ တပ္ပါကဋိက ရ။ဒ၂ဌီ။ပက္ခန္တရ။အနွယ။ ဗျတိရေကဟူသော။ စသဒ္ဒါသည် ဟောအပ်သောအနက်ကိုးတန်၊ဝါကျာရမ္ဘ၊ပိတ္တာရ၊ဒ၂ဌီ။ဖလ၊ ဟေ တုက။တပ္ပါကဋိကရ။ပိသေသ။အနွယ။ ဗျတိရေက။အ ဝမာရဏ။ ဟူ သောဟိသဒ္ဒါ သည် ဟောအပ်သော အနက် ဆယ်ပါးများကို။ ကျမ်းဂန်ပြ ဆိုသည်အတိုင်း။ အရာရာသို့ လိုက်၍။ဟောဟန်ကိုသိလေဆိုလိုသည်။

အဝယဝတ္ထ။ ဤနှိုက်။စသဒ္ဒါ၏အနက်ကိုးပါး။ ဟူသည်ကား။ ။ ဝါကျာရမ္ဘေဖလေစေဝ။ကာရဏေစပိသေသကေ။ တပ္ပါက ဋိကရေစေဝ။ဒ၂ဌီယံပိပက္ခန္တရေ။ ။အနွယေဗျတိရေကေစ။ စသဒ္ဒေါပိပဝတ္တတေ။ ။ဝါကျာရမ္ဘေ။စကားတပါးကိုအား ထုတ်ရာအနက်နှိုက်ငင်း။ဖလေစေဝ။အကျိုးဟူသောအနက် နှိုက်ငင်း။ကာရဏေစ။အကြောင်းဟူသောအနက် နှိုက်ငင်း။ ပိသေသကေ။အထူးဟူသောအနက်နှိုက်ငင်း။ တပ္ပါ ကဋိက ရေစေဝ။ရှေးစကားကိုထင်စွာပြုသော အနက်နှိုက်ငင်း။ ဒ၂ဌီ ယံပိ။ရှေးစကားကိုမြဲမြံစွါပြုသေါအနက်နှိုက်ငင်း။ပက္ခန္တရေ။ အဘို့တပါး ဟူ သောအနက်နှိုက်ငင်း။ အနွယေ။ အလျော်အ သင့်ဟူသောအနက်နှိုက်ငင်း။ဗျတိရေကေစ။ ဆန့်ကျင်ဖက် ဟူသောအနက်နှိုက်ငင်း။ စသဒ္ဒေါပိ။ စသဒ္ဒါသည်လည်း။ပ ဝတ္တတေ။ဖြစ်၏။ ။ဟူ၍စကိုင်းရှင်အရိယာဝံသမွေသေနာ

ကဝိလက္ခဏဒီပနီ။

ပတိဆရာစီရင်သည်။ ကျမ်းဂန် တို့၏။ တန်ဆာ သဖွယ်ဖြစ်သော ဂန္ဓာဘရဏကျမ်း တွင် စသဒ္ဒါ၏အနက် ကိုး ပါးကိုပြဆိုသည်။

ဟိသဒ္ဒါ ၏။ အနက် ဆယ်ပါး။ဟူသည်ကား။ ။ဝါကျာရမ္ဘော်ဝိတ္ထာရေစ။ ဒုဋ္ဌိယံဖလ ပေဟတုကေ။ တပ္ပါကဋိကရေစေဝ။ ဝိသေသေအန္ဓယေပိစ။ ။ဗျတိရေကေစဟိသဒ္ဒေါ။ နဝတ္ထေသုပကာသိတောဝါ။ ။ဟိသဒ္ဒေါ။ဟိသဒ္ဒါကို။ ဝါကျာရမ္ဘော်။ဝါကျာရမ္ဘအနက်နှိုက်ငင်း။ ဝိတ္ထာရေစ။အကျယ်ခဲ့ခြင်းအနက်နှိုက်ငင်း။ ဒုဋ္ဌိယံ။ မြဖြိသောအနက်နှိုက်ငင်း။ဖလဟေတုကေ။အကြိုးဟူသေါအနက်အကြောင်းဟူသေါအနက်နှိုက်ငင်း။တပ္ပါကဋိကရေစေဝ။ တပ္ပါကဋိကရဏအနက်နှိုက်ငင်း။ ဝိသေသေ။ဝိသေသအနက်နှိုက်ငင်း။ အန္ဓယေပိဒ။ အသင့်အလျော်ဟူသောအနက်နှိုက်ငင်း။ဗျတိရေကေစ။ ဆန့်ကျင်ဖက်ဟူသောအနက်နှိုက်ငင်း။ ဇာတိ။ ဤသို့။ နဝတ္ထေသု။ ဓုပါးကုန်သောအနက်တို့နှိုက်။ပကာသိတောဝါ။ပြအပ်၏။ ဟူ၍ဂန္ဓာဘရဏကျမ်းနှိုက်ပြဆိုအပ်သောဟိသဒ္ဒါ၏။ အနက်ကိုးပါးနှင့်။သုတ္တနိဒ္ဒေသကျမ်းလာ။ အဝဓာရဏအနက်ကိုထည့်၍။ ဟိသဒ္ဒါ၏။ အနက်ဆယ်ပါးကိုပြသည်။ ။ဤဂန္ဓာ ဘရဏကျမ်း။အဘိဓာန်ကျမ်း တို့နှိုက်လာသောနယဂ္ဂါ ဟကိုထောံ၍သတ်ပုံအစပ်တွင်။ပြအပ်သော။စကိုးတန်။ ဟိဆယ်ပြန်။စကားကိုလည်း။ ဥပလက္ခဏနည်းမျှသာဖြစ် သည့် ဟုမှတ်ရမည်။အဘဲ့ကြောင့်နည်းဟူမူ။ ဟိသဒ္ဒါ၏အနက်ကို။ မာဂဓအဘိဓာန်ကျမ်းနှိုက်လေးပါး။ ဂန္ဓဋ္ဌကျမ်းနှိုက်တဆဲ့ငါးပါး။ဇကက္ခရကောသကျမ်းနှိုက်တဆဲ့ခုနစ်ပါးဟူ။ အသီးအသီးပိန့်ဆိုတော်မူကြ၍ကုန်သည်။

တကြောင်းလည်း။ ဟိစအစရှိသောဥပသာရပုဒ်။ နိပါတ်ပုဒ်တို့၏၊သဘောသည်အပိုင်းအခြားမရှိသောအနက်ရှိသည်။ထိုကြောင့်။ ။ဥပသဂ္ဂနိပါတာစ။ပစ္စယာစဇူမေတယော။ နေကာနေကတ္ထဝိသယာ။ ဇူတိနေရုတ္တိကာဗြုဝုံ။ ။ ဟုအက္ခရစိန္တ ကဆရာတို့မိန်ဆိုတော်မူကြကြောင်းကို။ဂန္ဓာဘရဏကျမ်းနှိုက် သာဓကပြသည်။ ။ဥပသဂ္ဂနိပါတာစ။ ဥပသာရပုဒ်။ နိပါတ်ပုဒ်တို့ရင်း။ ပစ္စယာစ။ပစ္စည်းတို့ရင်း။ဇူတိ ဇူမေတယော။ ဤသုံးပါးတို့သည်။ အနေကာ။ များကုန်သည်ဖြစ်၍။အနေကတ္ထဝိသယာ။ များသောအနက်ကို ဟောကုန်၏။ ဇူတိ။ဤသို့။နေရုတ္တိကာ။ သဒ္ဒါဟတ်ဆရာတို့သည်။ ဗြုဝုံ။မိန့်ဆိုကုန်ပြီ။ ။ဤကားအနက်။

ယင်းသို့ဖြစ်၍။စကိုးတန်။ ဟိဆယ်ပြန်မှတ်၍ ဆိုအပ်သော စကားရပ်မှ တပါး။ အနက်အများ ရှိကြောင်းကို သိလေ။ ။ဤသတ်ပုံအစပ်တွင်။အချိုသူတို့ကား။ စနှင့်။ ကားကိုစပ်၍၊စကားကိုးတန်။ဟိကိုလည်း။တသတ်၍။ဟိတ်ဆယ်ပြန်ဟုရေးသားဘတ်ရွတ်ကြသည်။အထောံအကြောင်းယုတ္တိမရှိသည်ဖြစ်၍။စတွင်။ စည်းငယ်ရပ်ပြီးလျှင်။ တသတ်မပါ။ ဟိသက်သက်နှင့်ရေးသားဘတ်ရွတ်ရမည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ ဟိစအ စရှိသော ဥပသာရပုဒ်။ နိပါတ်ပုဒ်တို့၏၊ အနက်များကိုပြဆိုခဲ့သည်အတိုင်း။ အသီးအသီးမှတ်သားပြီးလျှင်၊အက္ခရဝိပ္ပတ္တိယံဟိအတ္ထဿဒုနှုယတာ။ ဟူသည်နှင့် အညီ။ အက္ခရာပုဒ်ဗျည်း မပျက်မယွင်းစေရ။ ဝိမုတ္တိရသလျှင်။ အမွန်ရှိသော ဓမ္မာဘိသမယသို့ရှေ့ရှုလျက်။ ကောင်းစွာတတ်မြောံ လိုသောအမျိုး ကောင်းသားတို့သည်။ အရာနှင့်လျော်စွာဟောအပ်သောဥပသာရပုဒ်။ နိပါတ်ပုဒ်တို့

၏.အနက်များကို။ပိုင်းခြားဝေဖန်ခြင်းနှိုက်။ အလွန်လိမ်မာရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။



မေးခွန်း ကောံနုတ် ချက် ပါ။ နသတ် သက်သက်စပ်နည်း၁၂ ပုဒ်တွင်။ဒသမပုဒ်။

အမျက်ငြိမ်းရန်။ငါးနှစ်တန်။ကျမ်းဂန်မုချလာ။ ။ဟူ ပုဒ်ရင်း။ သည်ကား။

ပဉ္စင်္ဂုတ္တရပါဠိတော်နှိုက်။ ဟောတော် မူအပ်သော်အ ဝိဏ္ဍတ္ထ။ မျက်ငြိမ်းခြင်း အကြောင်းငါးပါးနှစ်ရပ် ရှိသည်။ ယင်းသို့အမျက်ငြိမ်းကြောင်းဟောတော်မူသော ငါးပါးနှစ်တန်။ ကျမ်းဂန်ပါဠိတော်မြတ်ကို။ပဉ္စင်္ဂုတ္တရနှိုက်။ မုချဆတ်ဆတ်ဟောတော်မူသည်ဆိုလိုသည်။

ဤနှိုက်။ အမျက်ဟူသည် ဒေါသပင်တည်း။ယင်းဒေါ အဝယဝတ္ထ။ သကို။ရေမြေသေဌ်နင်းမင်းမှစ၍ခပ် သိမ်းသောသူအပေါင်းတို့ပင်။ပယ်အပ်ဖျောံအပ်ငြိမ်းစေအပ်သည်၏.အဖြစ်ကို။ ထိုထိုပါဠိ အဌကထာ ဋီကာလာသည် အတိုင်း ထုတ်နုတ်ရေးသားလိုက်အံ့။

အသမ္ဘိန္နခတ္တိယအစစ်ဖြစ် တော်မူကုန်သော ရေမြေသေဌ်နင်းမင်းဧကရာဇ်တို့သည်။ ဘုန်းကံ အလျောံဖြစ်သောစည်းစိမ်ချမ်းသာကို စောင့်ရှောံ ထှည့် ငြားသော်လည်း။ အမျက် ဒေါသကြီးလျှင်။ စောင့်ရှောံ ခြင်းဌာ မစွမ်း နှိုင်။ ထိုကြောင့်။ စတ္တာလီသနိပါတ် တေသကုဏဇာတ် အဌကထာနှိုက်။ ။တာတအတိကောဓေါဟိ ရာဇာဥပ္ပန္နံယသံရက္ခိတုံ

နသင်္ကောတိ။ ။တာတ။ခမည်းတော်မင်းမြတ်။ ဟိသစ္စံ။မှန်၏။။အတိကောဓေါ။အမျက်ဒေါသကြီးသော။ရာဇာ။မင်းသည်။ဥပဋ္ဌာန်။ဘုန်းကံအလျောက်ဖြစ်သော။ယသံ။စည်းစိမ်ချမ်းသာကို။ရကွိတုံ။စောင့်ရှောက်ခြင်းငှါ။နသင်္ကောတိ။မစွမ်းနိုင်။ဟူ၍လာသည်။

တင်္ကြောင်းလည်း။ ‘အမျက်ဒေါသပြောသောသူသည်။ အမျက်ဒေါသဥပါဒ် သောအခိုက်နှိုက်။ တဏ္ဍာရမ္မက်ဖြင့်ယူးသွပ်သောကာမဂုဏ်တို့ကား။အမျက်ဒေါသဖြင့်ယူးသွပ်သောကိုကား။ရုဏ်တို့ကား။အယူဝေါကြွန်သဖြင့်ယူးသွပ်သော ဒိဋ္ဌဂုဏ်တို့ကား။ မိုက်မဲသဖြင့်ယူးသွပ်သော မောဟဂုဏ်တို့ကား။ဘီလူးဖမ်းသဖြင့်ယူးသွပ်သောယက္ခဂုဏ်တို့ကား။ သည်းချေပုက်သဖြင့် ယူးသွပ်သောပီတိဂုဏ်တို့ကား။ သေရည်သေရက်သောဝံစားသဖြင့် ယူးသွပ်သောသူဂုဏ်တို့ကား။စည်းစိမ်ပျက်သဖြင့် ယူးသွပ်သောဗျသနဂုဏ်တို့ကား။ဟူ၍အယူးမျိုးရှစ်ပါးတို့တွင်။ တပါးအဝင်ဖြစ်၍ စင်စစ်ကဲ့ရဲ့အပ်သည်ဖြစ်၏။အဖြစ်သို့ရောက်ဖြစ်၏။။ထိုကြောင့်။သေတကေတုဇာတ်နိုက်။ ။နဟိသာဓုကောဓေါ။ ။ဟူ၍လာသည်။ ။ကောဓေါ။ အမျက်ထွက်ခြင်းသည်။ နဟိသာဓု။မကောင်းသည် သာတည်း။ ။ဂင်းဇာတ် အဋ္ဌကထာနိုက်လည်း။ ။နဟိသာဓုကောဓောတိ ကောဓော နာမဥပ္ပဇ္ဇမာနောသုဘာသိတဒုဿိသိတံအတ္ထာနုတ္ထံဟိတာဟိတံဇာနိဝံနဒေတိတိနသာဓု။ ။နဟိသာဓုကောဓေါတိ၊နဟိသာဓုကောဓေါဟူသည်ကား။ ကောဓေါနာမ။ အမျက်သည်ကား။ ဥပဋ္ဌမာနောဖြစ်သည်ရှိသော်။ သုဘာသိတဒုဿာသိတံ။ ကောင်းစွာဆိုအပ်သောစကားမကောင်းသဖြင့် ဆိုအပ်သော စကားကို။ဝါ။ဆိုသင့်မဆိုသင့်ကို။ အတ္ထာနုတ္ထံ။ အကျိုးရှိမရှိကို။ဟိတာဟိတံ။စီးပွားရှိမရှိကို။ဇာနိတ္ဝံ။သိစိမ့်သောဌာ။ နဒေတိ။မ

ပေးတတ်။ဇူတိတဿ္မာ။ထိုကြောင့်။ နသာရ။ မကောင်းသည်သာတည်း။ဟူ၍လာသည်။

ဓမ္မပဒပါဠိတော်စသည့်တို့နှိုက်လည်း။ ။ကောဓေါ ဓမ္မံနဇာနာတိ။ ။ကောဓော။ အမျက်ဒေါသသည်။ ဓမ္မံ။ တရားကို။နဇာနာတိ။မသိ။ဟူ၍လာသည်။

တကြောင်းလည်း။အမျက်ဒေါသကြီး ကုန်သောသူတို့၏.သဘောသည်။မပြတ်မှီဝဲဆည်းကပ်ပါသော်လည်း။ဤသူဆည်းကပ်မှငါ၏. ကိစ္စပြီးသည်မဟုတ်။ ဤသူဖြင့်ငါအားအကျိုးမရှိဟုအမျက်ထွက်သည်သာလျှင်တည်း။မဆည်းမကပ်ဖဲနေပြန်ပါသော်လည်း ငါအားမဆည်းကပ်သောသူဟူ၍ အမျက်ထွက်သည် သာလျှင်တည်း။ ထိုကြောင့်။မနောရထပူရဏီမည်သောအင်္ဂုတ္တရ နိကာယ်အဌကထာ။ ပုဂ္ဂလပညတ်အဌကထာများနှိုက်။

ယသ္မာကော ဓနော အတိသေဝိ ယမာ နော အတိဥပသက်မိယမာနောကုဇ္ဇတိယေဝ။ ကိဂ္ဂမိနာတိ။ ပဋိက္ကမေပိ ကုဇ္ဇတိယေဝ။ တသ္မာပလာလဂ္ဂိဝိယအဇ္ဇု ပေက္ခိတဗ္ဗောတိ ဝုတ္တံဟောတိ။ ။ယသ္မာ။ အကြင်ကြောင့်။ ကောဓနော။ အမျက်ဒေါသကြီးသောသူသည်။အတိသေဝိယမာနောပိ။ လွန်စွာမှီဝဲအပ်သည်ရှိသော်။ အတိဥပသက်မိယမာနော။လွန်စွာဆည်းကပ်အပ်သည်ရှိသော်။ဇူမိနာ။ ဤသူဖြင့်။ကိဂ်။အဘယ်အကျိုးရှိ ပါခြိမ့်နည်း။ ဇူတိ။ ဤသို့။ ကုဇ္ဇတိယေဝ။ အမျက်ထွက်သည်သာတည်း။ပဋိက္ကမေပိ။မမှီဝဲမဆည်းကပ်မူ၍ဝေးစွာကြည်ရှောင်သည်ရှိသော်လည်း။ ကုဇ္ဇတိယေဝ။ အမျက်ထွက်ပြန်သည် သာလျှင်တည်း။ တသ္မာ။ ထိုကြောင့်။ ပလာလဂ္ဂိဝိယ။ကောံရိုးမီးကိုကဲ့သို့။အဇ္ဇုပေက္ခိတဗ္ဗော။ လျစ်လျူ။

ရှုရှ်သာနေအပ်၏။ဇာတိ။ ဤသို့။ ဝုတ္တံ။ ဆိုလိုသည်။ဟောတိ။ ဖြစ်၏။ဟူရှ်ဆိုသည်။

ယင်းမှတပါး။ ဧကနိပါတ်။ ဧကပဏ္ဏကဇာတ်။ နှိုက်လည်း။ ။ဒိဋ္ဌေယေဝဓမ္မေကောဓနော ပုဂ္ဂလော ပဏ္ဍိတပသာဓိတောပိဒုဗ္ဗဏ္ဏောဝဟောတိ။ပုဏ္ဏစန္ဒသသီ ရိကမ္ပိဿမုခံဇာလာဘိဟတံပဒုမံဝိယမလဂ္ဂ ဟိတံကဥ္ဇနာဒါသမဏ္ဍလံဝိယဝိရူပံ ဟောတိဒုဒ္ဒသိကံ ကောဓံ နိဿာယသတ္တာသတ္တံ အာဒါယအတ္တနာဝအတ္တာနံဟနန္တိ။ ဝိသံခါဒန္တိ။ရဇ္ဇုယာဥဗ္ဗန္ဓတိ။ပပါတာပတန္တိ။ ဧဝံကောဓဝသေနကာလံကတ္ပာနိရယာဒီသုဥပပဇ္ဇန္တိ။

ဒိဋ္ဌေယေဝဓမ္မေ။မျက်မှောံသော ကိုယ်၏အဖြစ်နှိုက်သာလျှင်။ကောဓနော။ အမျက်ဒေါသကြီး သော။ ပုဂ္ဂလော။ ပုဂ္ဂိုလ်သည်။မဏ္ဍိတပသာဓိတောပိ။ ဝတ်စားတန်ဆာဆင်ယင်အပ်သော်လည်း။ဒုဗ္ဗဏ္ဏောဝ။အဆင်းမလှသဉ်သာလျှင်။ ဟောတိ။ဖြစ်၏။အဿ။ထိုအမျက်ဒေါသကြီး သောသူ၏။မုခံ။ မျက်နှာသည်။ ပုဏ္ဏစန္ဒ သသီရိကမ္ပိ။ လပြည့်ဝန်းနှင့်အတူကြက်သရေပင်ရှိလင့်ကစား။ဇာလာဘိဟတံ။ မီးလျှံဖြင့် ထိခိုက်သော။ပဒုမံဝိယ။ပဒုမာကြာကဲ့သို့ ၎င်း။ မလဂ္ဂဟိတံ။အငြစ်အကြေးဖြင့်လိမ်းကျံအပ်သော။ကဥ္ဇနာဒါသမဏ္ဍလံဝိယ။ ရွှေကြေး မုံဝန်းကဲ့သို့၎င်း။ဝိရူပံ။အဆင်းမလှသည်။ဟောတိ။ ဖြစ်၏။ဒုဒ္ဒသိကံ။အကြည့်ခက်သဉ်။ဟောတိ။ဖြစ်၏။ကောဓံ။ အမျက်ကို။ဥပနိဿာယ။မှီကုန်၍။သတ္တာ။ သတ္တဝါတို့သည်။ သတ္တံ။လက်နက်ကို။အာဒါယ။ယူကုန်၍။အတ္တနာဝ။မိမိသည်သာလျှင်။အတ္တနံ။မိမိကိုယ်ကို။ဟနန္တိ။ သတ်တတ်ကုန် ၏။ဝိသံ။အဆိပ်ကို။ခါဒန္တိ။စားကုန်၏။ရဇ္ဇုယာဥဗ္ဗန္ဓန္တိ။ သေဆွဲမူကုန်၏။ပပါတာ။ချောံကမ်းပြတ်မှ။ ပတန္တိ။ ခုန်ဆင်းချကုန်

ဇ်။ ။ဝေံ။ ဤသို့။ ကောဓဝသေန။ အမျက်ဒေါ သဇ်။ အစွမ်းအား ဖြင့်။ ကာလံကတွာ။ သေကုန်၍။ နိရိယာဒိသု။ ငရဲစသည်တို့ ဒိုက်။ ဥပပဇ္ဇတိ။ ဖြစ်ကုန်ဇ်။ ဟူ၍လာသည်။ ။ဤကားအမျက် ဟုဆိုအပ်သော ဒေါသဇ်။ အပြစ်ကိုဆိုသောစကားရပ်တည်း၊

အမျက်ငြိမ်းရန်။ ပေါတော်မှအပ်သောငါး ပါးနှစ်ရပ် တွင်။ ပဌမငါးပါးအရမှာ။ ပဉ္စဂ်၊ တွေရပါဠိတော်။ အဋ္ဌကထာသက ဝဂ်။ အက္ခရွတ်သုတ်တွင်။ ။လူခပ်သိမ်း မချစ်အပ် သည်တ ပါး။ နှလုံးကိုမပွားစေကတ်သည်တပါး။ ရန်များသည်တပါး။ အပြစ်များသည်တပါး။ တွေဝေသဖြင့် သေရခြင်း ကြောင့်။ သေသည်မှနောင်နိုက်၊ အပါယ်ဒုဂ္ဂတိလားရသည်တပါး။ ။ ဤကားပဌမငါးပါးတည်း။

ဒုတိယ။ ငါးပါးအရမှာ။ ပဉ္စဂ်၊ တွေရပါဠိတော်။ အဋ္ဌ သကဝဂ်။ ဒုတိယအက္ခရွတ်သုတ်တွင်။ ။ခပ်သိမ်းသောသူတို့ မနှစ်လိုခြင်းတပါး။ ကြမ်းတမ်းခြင်းတပါး။ နောင်တတဖန်ပူ ပန်ခြင်းတပါး။ တွေဝေသဖြင့်သေရခြင်းတပါး။ သေသည်ဇ်။ အခြားမဲ့နိုက်အပယ်ဒုဂ္ဂတိသို့ရောက်ရခြင်းတပါး။ ။ဤကား၊ ဒုတိယငါးပါးတည်း။

ဤငါးပါးနှစ်တန်ကို။ အဘန်တလဲလဲ သုံး သပ်ဆင်ခြင်က။ အမျက်ဒေါသငြိမ်းသည်ဖြစ်၍။ အမျက်ငြိမ်းရန်။ ငါးနှစ်တန်ဖြစ်သည်ဟုမှတ်လေ။

ဤစကားရပ်ဖြင့်။ အမျက်ဒေါသ ထွက်ခြင်းနိုက်။အ ဥပဒေသ။ ဖြစ်ကိုအဖန်တလဲလဲ ရှု သဖြင့်။ အမျက်ဒေါသငြိမ်းခြင်း။ အမျက်ဒေါသငြိမ်းသဖြင့်။ မဂ်ဖိုလ်သုဂတိသားရခြင်း ဟူသော အာနိသံသဖလ။ အလွန်ကြီးမားသည်ဖြစ်၍။ ယင်းအာနိသံသ ဖလကိုအလိုရှိသော သူတို့သည်။ အမျက်ဒေါသဇ်။ ငြိမ်းရာ

ငြိမ်းကြောင်းဖြစ်သော။ပြဆိုခဲ့ပြီးသောငါးပါးနှစ်ရပ်။ မြဲကျင့်အပ်ကို။သုံးသပ်ဆင်ခြင်ရမည်ဟူသောဥပဒေသ။ ယင်းဥပဒေသကိုထော်၍။ ရေမြေသေဌိနင်းမင်းတို့မှာလည်း။ ရာဇဓံဆယ်ပါးတွင်။အကောဓဟူသောရာဇဓံတရား ကို။ မြဲမြံစွာဆောံတည်ဓိဌာန်။ဧကန်ပြုက။ရာဇဓံဆယ်ပါးကို။ ကျင့်သုံးဆောံတည်သည့်မည်ရကား။ယင်းအကောဓရာဇဓံကို။ နက်စံအမွန်ပြု၍ကျင့်သုံးဆောံတည်ရမည်ဟူသောဥပဒေသများကိုပြသည့်ယူရမည်။

———oo———

မေးခွန်းကော်နုတ်ချက်ပါ။နသတ်သက်သက် စပ်နဉ်း ၁၂ပုဒ်တွင်။ဧကာဒသပုဒ်။

ပုဒ်ရင်း။ လှေတော်သမ္ဘန်။သက္ကဒါန်။မြန်သန်ပြေးလျင်စွာ။ ။ ဟူသည်ကား။

ဗိဏ္ဍတ္ထ။ ပဋိက္ကရားမင်းကို။ ကြည်းတို့ကဆက် လှာသော။ တနည်း။အဘိုးပေး၍ဝယ်သောမိဘုရားကိုယ်လုပ် မောင်း မတို့စီးမြဲဖြစ်၍။ယင်းမိဘုရားကိုယ်လုပ်တို့နှင့်သာ။ စပ်လေသောကြောင့်။တနည်း။တလိမ်းမထေး။ သစ္စေးမဖါ။ ပျည်ချပ်ခြင်းစေ့စပ်အောင် စပ် ခြင်း ကြောင့်။ သမ္ဘန် မည် သော လှေ။ အလောင်းစည်သူကျွန်းခွင်လှည့်ရာတွင်။မလ္လာယုကျွန်းသို့ဆိုက်ရောက်သည်ည။အိမ်မက်အရဖြစ်သော အက္ခရာ ၉လုံးထွက်ဖြင့်။ရှာယူအပ်သောသစ်။ယင်းသစ်ကိုလှေလုပ်၍။ထိုလှေကို။ သိကြားနတ်ပေးသည်လှေဖြစ်ရကား။သက္ကဒါန။သက္ကဒါန်ဟုအမည်ပေးသောလှေ။ဆိုလိုသည်။

ဤနှိုက်။သမ္ဘန်လှေ၏၊အကြောင်း။ သက္ကဒါန် လှေ၏၊အ အဝယဝတ္ထ၊ ကြောင်းလှော်ကား။ လှော် ပြိုင် သူတို့ ဝတ် ဆင် ဟန် ၏၊အ ကြောင်း။နေရပ်ဌာန၏၊အကြောင်းများကို။ နန်းစည်ပဝေဏီ စာတမ်း၊သုဝဏ္ဏ ပိမာနနိဒါနကထာစာတမ်းဧချင်းမော်ကွန်း ရတုတို့နှိုက်လာသည်အတိုင်း။ အကျည်းအမြွက်မျှဏုတ်နုတ် ရေးသားလိုက်အံ့။

ရှေးရှေးသောမင်းတို့စံတော်မူရာ။ မဇ္ဈိမာဒေသတိုင်း ကြီးပြည်ကြီးများမှစ၍။သရေခေတ္တရာပုဂံမြိုင်စိုင်းကသည်။ ရတနာပုံရွှေမြို့တော်ကြီးတည်။ အာဒိစ္စဝံသမြန် မာသေဋ္ဌိနင်း ငါ တို့ဘဝရှင်မင်း တရား ကြီး ဘုရား ရွှေလက်ထက် တော် တိုင်။ရေကြောင်းစမ္ပာယ်တော်မူခါ။ဥပမာအတန္တု အားဖြင့်။ အာကာသဂင်္ဂါသူရနဒီမန္ဒာဂီနိမည် သောကောင်း ကင်နတ် မြစ်ဝယ်။ဘုန်းတန်းခိုးအား။သိကြားနတ်မင်းတို့ရေ သဘင်စံ သောအခါကဲ့သို့။ ငြိမ့်ငြိမ့်လေးလေး။ ထွက် စံတော် မူလျှင်။ ဘောင်တော်လှော်ကား။ သမ္ဘန်သက္ကဒါန် မှစ၍လှေတော်များ ကို။ခင်းကျင်းရမြဲ။ထုံးစံပဝေဏီရှိသည်။

ထိုလှေတော်များတွင်။ သမ္ဘန်လှေဖြစ်ရင်း အကြောင်း မူလစကားရင်းမှာ။ပဋိက္ကရာမင်းကို။ကျည်းကုလား တို့ဆက် သည်လှေဆိုသည်။ အဘိုးပေး ၍ဝယ် လိုက် သည်လည်းဆို သည်။ထိုသမ္ဘန်လှေ ကိုပဋိက္ကရား မင်းတွင်။ စည်အလုံးလေး ဆယ်ရသောမိဘုရားကြီး အားပေး၍မိဘုရားစီးနင်းရသည်။ ပဋိက္ကရားမင်းက။ နော်ရထာမင်းစောအား ဆက်၍ မိဘုရား မောင်းမမိဿံတို့စီးသည်။နေဝံနေဝံမင်းတို့လက်ထက် သမ္ဘန် လှေကိုမိဘုရားကိုယ်လုပ်တို့သာအစီး အနင်းများလေသည်။ သမ္ဘန်ခေါ်ဝေါ်ခြင်းသည်။ မာဂဓဘာသာ ဖြစ်သည်။ မြန်မာ ပြန်လျှင်။စပ်ဆိုင်သည်ဆိုသည်။ မိဘုရားမင်း ကိုယ် လုပ်တို့

နှင့်စပ်ဆိုင်သင့် သည်ဆိုလိုသည်။ တကြောင်းမှာလည်း။ တ လိန်းမထေးသစ္စေးမဖါ။ ကုလား ရွာကပါ သည်လှေ ဟူ၍လူ ကြီးသူကြီးတို့အစည်ပြောဆိုသည်စကား ကိုထောံလျှင်။ တ လိန်းမထေး။သစ္စေးမသုတ်။အုန်းဆံမရိုက်။ပျည်ကိုပျည်ခြင်း။ စူးရဲသတ်နှက်စေ့စပ်အောင်လုပ်သည်လှေဖြစ်သည်။ ထိုလှေ ကိုသမ္မန်ခေါ်ဝေါ် သည်လည်း ဆိုသည်။ စကား နှစ်ချက်ပင် တော်သင့်သည်ယူရန်ရှိသည်။

ထိုကြောင့်။ ။တရုပ်သံရောက်မော် ကွန်းတွင်။ ။ ရွှေလမ်းငွေလမ်း။ ဆိပ်ကမ်း ဘဏ္ဍာ။ ကလျာဏဆွေ။ ရေမ ကြည်မိတ်။မီးမဆိတ်တိ။ပဋိက္ကရား။ မင်းတပါးသို့။ ကုလား ပန်းသေး။ ကြည်းကပေးသော်။ စည်လေး ဆယ်ရှင်။ နန်းညာ တင်လျှင်။ သဘင်အမ္ဗု။ ထွက်စံရှုရှင့်။ အနုရုဒ္ဓါ။ ပုဂံမှာသို့။ ဆက်လှာညွှတ်ခ။ရွှေဘုန်းရသား။ အပအတွင်း။ တင်းတင်း မာခေါင်။ ကြက်ပေါင်နံသိမ်း။ မလိမ်းသစ္စေး။ မထေးမကြပ်။ ပျည်ထပ်စထေ။သမ္မန်လှေတိ။ ဟူ၍ဂင်း။ ။ကုသပျို့ သစ် တွင်။ ။သမုဒ်နက်ကျယ်။ ပင်လယ်ကမ်းမေး။ နယ်ကျေးရံ ပိတ်။ပဋိက္ကရား။မင်းကြီးအားလျှင်။ကုလားကျည်းဆက်။ နန်း တက်ညာတည်။စည်လေးဆယ်ရှင်။ စက်တွင် ရမြေ့ဂံ။နေဂံ နော်ရထာ။ဆက်ရောက်လှာသား။စည်လာမှတ်ထိန်း၊တလိန်း မထေး။သစ္စေးမရံ။အုန်းဆံမယွင်း။ ပျည်ချင်းပျည် ဘက်။စပ် ရှက်စူးရဲ။ခေါ်မြဲသမ္မန်ဟူ၍ဂင်း။စပ်ဆိုသည်။

သက္ကဒါန်လှေဖြစ်ရင်းအကြောင်း မူလစကားရင်းမှာ။ မလ္လာယုကျွန်းသို့အလောင်းစည် သူဘောင်တော်ဆိုက်သည် နေ့။ညည့်မိုးသောံယံနှိုက်။ အိမ်မက်မြင်သည်မှာ။ ထူး ဆန်း သောအဝတ်တန်းဆာဆင်ယင်လျက်။ လူတယောံ သည်။ နီ လာရောင်အဆင်းနှင့်တူသောတိမ်မြှင် တွင်။ ငွေအဆင်းနှင့်

ဟူသောအက္ခရာကိုးလုံးကို။ရေးသည်ကိုမြင်မက် သည်။ကိုး
လုံးအက္ခရာကား။စတုအဏ္ဏဝသာမကဌာဖြစ်သည် ဆိုသဉ်။
အချိုလည်း။ဇေအဏ္ဏဝသာမတုဏ္ဍာ။ ဟူ၍လည်း ဆိုသည်။
အချိုလည်း။ အက္ခရာကိုးလုံးစီစာနှစ် ကြောင်း ဖြစ်သည်ဆို
သည်။စတုအဏ္ဏဝသာမကဌာ။ အက္ခရာ၏အရမှာ။ အင်း၄
အင်းခြံရံလျက် ဖွေသောသစ်ဆိုလိုသည်။ ဇေ အဏ္ဏဝသာမ
တုဏ္ဍာ။အက္ခရာ၏အရမှာ။တံခွန်နှင့်တူသောအင်း။ဖွေသော
နှုတ်သီးရှိသောဌက်ဆိုလိုသည်။ နှစ်ကြောင်းနှစ်သွယ်အစည်
ပြောဆိုသည်။ အလောင်း စည်သူ မင်း လည်း အိမ် မက်အ
ကြောင်းကိုဟူးရားဖြ။ ဟူးရားညှိအားပြန်ပြောလျှင်။ ယခင်
ဆိုခဲ့သည်အတိုင်း။ နိမိတ်ဖတ်လျှောံ သော်မင်းချင်း ကိုလွှတ်
၍ကြည့်ရှုရှာဖွေသည်တွင်။လျားသောအင်း၄အင်းခြံရံလျက်။
ထက်အောံလုံးပတ်ညီညွှတ်သောသစ်ပင်တွင်ဖွေ သောနှုတ်
သီးရှိသောဌက် သည်။ သစ်ကိုင်း ကိုနှုတ် သီး ဖြင့်ခေါက်၍
ကျွေးကြော်မြဲည်တမ်း၏။ထိုသစ်ပင်၏အသား အခေါက်တို့
သည်လည်းဖွေသောအဆင်းရှိသည်များ ကိုသိမြင် ကြောင်း
နှင့်လျှောံလေလျှင်။ဟူးရာဖြ။ဟူး ရားညှိတို့လည်း လှေလုပ်၍
စီးတော်မူစေလိုသောကြောင့်။ သိကြားနတ်တို့၏အိမ်မက်ပြ
ခြင်း။ သိကြားနတ်ပင်ဌက်အယောင် ဆောင်၍ ကျွေး ကြော်
ခြင်းဖြစ်သည်လျှောံ လေသော်။ ထိုသစ် ကိုဆောင်ယူ ၍ထို
သစ်ပင်နှိုက်။ အကိုင်းအရွက်ပေါက်စရွက်နူသဏ္ဍာန်ဦး လုပ်
သည်။ ရွက်ရင့်သဏ္ဍာန်ပဲ့လုပ်သည်။ ယင်း သည်လှေသည်
သိကြားပေး၍ရသည်သစ်ကိုလှေလုပ်သောကြောင့်။ ထိုလှေ
ကိုသက္ကဒါန်သရတ်ခေါ်ဝေါ်သည်။ သက္ကဒါန။ သိကြား ပေး
သည်ဆိုလိုသည်။ အိမ်မက်မြင်သည်ကိုးလုံးအက္ခ ရာစာနှစ်
ကြောင်းဆိုသည်စကားသည်အမှန်ယူရမဉ်။ စာနှစ်ကြောင်း

အက္ခရာကိုးလုံးစီအရအတိုင်းမှန်လေသည်ဟူ၍နှိုး စည်ပဝေ ဏီစာတမ်းစာဟောင်းမျှားနှင့်။ သုဝဏ္ဏ ဝိမာနနှိုဒါ နကထာ စာတမ်းတွင်ဆိုသည်။

ယင်းသည်သက္ကဒါန် လေ့မှာ။ မဟာဥပရာဇာ ချေင်း တွင်။ ။ရှေးခါမင်းဟောင်း။ ဘေးစောလောင်း လည်း။ မြစ် ကြော်ငြာဆန်သွား။သပြေလားရှင့်။ခွန်အားကြီးထု။ ကင်းတရ သည်။ ရုပ်တုကျွန်သွင်။ စီး စေချင်မော။ ပြဝံ့သောဟူ။လယ် ကြောဘောင်ဦး။ ကူးနှင့်တန်းသား။ လွှဆန်းသက္ကာန်။သက္က ဒါန်တွင်။မြေဝံစည်တင်၍။ ရှေ့ပင်ဆောင်လျက်။ များမြောင် တထွေ။မင်းစီးလွှေလည်း။ခေါ်ထွေသည်ာ။ဟူ၍ဂုဏ်း။

ကုသပျို့သစ်တွင်။ ။မျက်ရွှေဝင့်းဝင်း။ ရုံလေးအင်း နှင့်။အဆင်းဖြူနှစ်။ သစ်ဂျို့သက္ကာန်။ တံခွန်ထူပြီး။ နွားတ်သီး ငှက်ပေါက်။ရောင်တော်နီလာ။ တိမ်ဖြင်မှာလျှင်။ ဓဇာအထွာ ဝ။သာမတုထွာ။အက္ခရာနဝ။ သိကြားပြာသား။လွှလွှလွှမွန်။ သက္ကဒါန်နှင့်။ဟူ၍ဂုဏ်း။

ရှင်ဖြ။ရှင်လွှ သဒိုင်းလက်ာတွင်။ ။မသွားတုံတီး။ ထိုကင်းကြီးဟု။ အမြီးနှင့်ခေါင်း။ မြင်လတ်ရှောင်း သော်။အ ကြောင်းသိတတ်။ကြမ္မာဘတ်ဟု။ ရိုညွှတ်လျော်ံ ကြောင်း။ အ လောင်းဘုန်းကြီး။လွှရုပ်စီးဟု။ကင်းကြီးသက္ကာန်။သက္ကဒါန် လျှင်။ဟူ၍ဂုဏ်း။

တရုပ်သံရောက်မော်ကွန်းတွင်။ ။ဖြန့်ဝန်းရိပ်ဖြ။။ လောင်းစည့်သူလျှင်။ဇမ္ဗု။ကြည့်မှု။လှည့်လည်ရှသော်။ မလွှာ ယုကျွန်း။ရောက်ထွန်းဘုန်းဖြစ်။ သစ်မင်္ဂလာ။ဒုမရာကို။မိုးဝါ သဝ။ အိမ်မက်ပြု၍။ ဆက်သပေး ထု။ ဦးပဲ့ပြုသား။ ရွှက်နှ ညောင်းနှင့်။ရွှက်ဟောင်းဆင့်လျက်။သစ်ပင့်သဏ္ဌာန်။ သက္က ဒါန်ဟု။လက်မြန်လွှာ်ဖြောံ။နန်းခြင်းကောံရှင့်။ဟူ၍ဂုဏ်း။

မင်းကွန်းစေတီတော်မော်ကွန်းတွင်။ ။မိကျောင်းမြင်းဆင်။လွန်းကြင်သက္ကဒါန်။ သမ္ဗန်လက်သင်။လှေလျင်ရွှေလောင်း။ဟူ၍ဂင်း။

ပုပ္ပဒန္ဒဆင်တော်မော်ကွန်းတွင်။ ။လက်ခြေယက်ကန်။သက္ကဒါန်မှ။သမ္ပန်ကူရွပ်။ထပ်မျှမြစ်ကြောင်း။ဟူ၍ဂင်း။

ဂုရုဓမ္မပျိုးတွင်။ ။ဘောံကား ရောင်းဝယ်။ ကုံစယ်ဖြင်ပေါ။ သင်းဘောသမ္ပန်။ သက္ကဒါန်နှင့်။ တံခွန်စိုက်ပြီး။ဟူ၍ဂင်း။

တောင်ငူကောင်းစစ်လေးမှူး။ မင်းဇေယရန္တမိတ်ဆို။ မင်းရဲကျော်ထင်သားတော်။သက္ကရာဇ်၉၆၇ခုဖွားမင်းရဲနရာဇျင်းတွင်လည်း။

လှော်ကားရဲလှေ။ ထွေထွေရုပ်ဟန်။ သက္ကဒါန်လည်း။ လက်မြန်မြှောံလှော်။ဇင်ယော်သုတ်ဝဲ။မစဲဘိက။ခွင်ရေးချ၍။ ပျံကြွဘနန်း။တိမ်စွန်းမိုးဆီ။မဥူချီ၏။ဟူ၍ဂင်း။

မဏိခက်ပျိုးတွင်လည်း။ ။သားငှက်ရဲလှေ။ ကြောဲထွေသမ္ဗန်။သက္ကဒါန်က။ ဇူကင်းစသည်။ များလှရေတပ်။ဟူ၍ဂင်း။

စိန္တကျော်သူဆို။မွေနွန်းမေးဟန်။မင်းနန္ဒာဖြေဟန်။ရန်ကုန်ရွှေပြည်။ချီရတုတွင်။ ။လှေချည်းရှုပ်ထပ်။ သိပ်မလပ်တိ။ကူရွပ်သမ္ဗန်။သက္ကဒါန်နှင့်။လှိုင်းပြန်မပုတ်။ လောင်းမုက္ကဒူး။ဟူ၍ဂင်း။

ဂင်းဆို။ရတနာသိဃ်မြို့ရှိ။မဟာနန္ဒာကန်တော်ဘွဲ့။ချစ်၍ခေါ်ရာ။ချီရတုတွင်။ ။အပွဲပွဲအောင်။ ရာမင်း နောင် လျှင်။ ဘောင် သက္ကဒါန်။ သမ္ဗန်ကူရွပ်။ ပျည်စပ် မထင်။ လက်သင်လှော်ကား။အခြားခြားတည့်။ဟူ၍ဂင်းစပ်ဆိုသည်။

ယင်းလှော်ကားတော်လှော်သူ။ လှေသင်းသား တို့မှာ လည်း။အုပ်ထုပ်ရွှေ။ လက်ကျပ်ငွေ။ အဝတ် ပုဆိုးမှာ။ အနီ ခြူးပန်း ဘယက်ဆင်ယင်၍ လှော်ရသည်။ နေဝံနေဝံ မင်းတို့ လက်ထက်လှေသင်းသားတို့ကို။ပေရင်းရွာမှါချထားနေထိုင် ရသည်ဟု။ ရှေးစာတမ်း စာဟောင်း များ တွင် ဆို သည်။

ပုံတောင်နိုင်မော်ကွန်းတွင်လည်း။အုပ်ထုပ်ကားရွှေ။ ငွေကားလက်ကျပ်။နီလှပ်ဝတ်စား။ ပေရင်းသားတို့။ရွှေပျား ရိုးရဲ။ခြူးဆွဲတက်လှ။ချလည်းတည်။ ချီလည်းတညွတ်။သတ် လည်းညီအောင်။ဟန်ရေးဆောင်သည်။ဟူ၍ရင်း။

ရွှေစာတိုင် ဆင်တော် မော်ကွန်း တွင် လည်း။ ပျံရှာ ဘွယ်ရုပ်။ဆန်းကြယ်လုပ်သား။ အုပ်ထုပ်ခါးစည်း။ ရွှေချည်း ဝတ်စား။ပေရင်းသားတို့။ တက်ဖျားဟန်တတ်။ ခြူးရတ်ခြူး ဆင့်။လှော်ရေးတင့်လျက်။ဟူ၍ရင်း။

ရွှေမင်းဘုန်းဆင်တော်မော်ကွန်းတွင်လဉ်း။ မိုးခေါင် ထိလု။ ဇမ္ဗုဗိမာန်။ မျက်စီမွန် ထက်။ ကျော်ဝှန် တောံ လင်း။ စမ္ပာယ်ကျင်းမှ။ ပေရင်းလှေလျှင်။ စီးဆင်ဝတ်စား။ ရွှေသား ပျောံလုပ်။ အုပ်ထုပ်လက်ကျပ်။ ထိန် လျှပ် လက် လက်။ ရွှေ တက်ဝါဝါ။မြစ်လုံးသာသည်။ဟူ၍ရင်း။စပ်ဆိုသည်ကိုထောံ ၍သိသာသည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ရေမြေသေဌ်နင်း။မင်းတို့မည်သည်။ ဘုန်းတန်းခိုးအာနုဘော်အရှိန်အစော်။အကျော်အစော။ သတ္တိ ထူး။ဂုဏ်ထူးတို့ဖြင့်။သူခပ်သိမ်းတို့၏အထွတ်အထိပ်။ဣသာ ရိယဂုဏ်။ယသသမ္ပတ္တိဂုဏ်။ ဘောဂသမ္ပတ္တိ ဂုဏ်စသည်တို့ ဖြင့်လွန်ကဲထူးမြတ်ရကား။ရေမှာရေလျှောံ။ ကြည်းမှာကြဉ်း လျှောံ။ မင်းခမ်းသဘင် ယင်တော် မူမြဲတွင်။ သစ်ဆင်းလရာ

သီရေပွဲသဘင်တွင်။ခင်းကျင်းကျင်းပထွက်စံတော်မူရာပြဆိုခဲ့ပြီးသောသမ္ဗန်လှေ။ သက္ကဒါန်လှေ။ လက်သင်လှော်ကား စသောလှေအပေါင်းတို့မှာ။ ထိုနှင့်လျော်သောသီချင်းတက်ရေးတို့ဖြင့်။လှော်ခပ်ကြူးသီကခုန်လျက်။ ရှုဖွယ်ဘနန်းအလွှန်တင့်တယ်စွာ။ အသူရာကိုအောင်သောသိကြားနတ်မင်း၏ အသရေကဲ့သို့။မြတ်သောအသရေကိုဆောင်တော်မူသဖြင့်။ ပြည်သူတို့အား။ နေအရဏ်ဖြင့် ပွင့်သောပဒုမာကြာကဲ့သို့။ စိတ်ဝမ်းမျက်နှာ။ သာယာရွှင်လန်း စေခြင်း။ တိုင်းတပါးမင်းတို့လည်း။မဖြစ်ထောင်းသော အံ့ဖွယ်အထူးကိုဖြစ်စေလျက်။ရာဇိန္ဒြေ။ရာဇဂုဏ်။ရာဇသီရီ။ရာဇသမ္ပတ္တိများကိုဆေါင်သဖြင့်။ ပြည်ထောင်ဘက်ချင်း။ ထိုထိုမင်းတို့။ ရန်တင်းမဝံ့။မာန်မျိုးညှံ့စေခြင်း များကို။ ဖြစ်စေရမည် ဟူသော ဥပဒေသ ကိုပြသည်ယူရမည်။



မေးခွန်းကေဒံနုတ်ချက်ပါ။နသတ်သက်သက်စပ်နဉ်း ၁၂ ပုဒိတွင်။ဒွါဒသပုဒ်။

မင်းစေသန္တာန်။နောင်တမန်။ ရှစ်ဌာန်စုံအင်္ဂါ။ ။ဟူ ပုဒ်ရင်း။ သည်ကား။

ကြားနာတတ် သည်။ ကြားနာ စေတတ် သည်။ မှတ် ဝိဏ္ဍတ္တ။ တတ်သည်။ဆောင်တတ်သည်။ သိတတ်သည်။ သိစေတတ်သည်။စီးပွါးရှိသည်မရှိသည် နှိုက်လိမ်မာသည်။ခိုက်ရန်မပြုတတ်သည်။ဤအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော တမန်ဆိုလိုသဉ်။ တနည်း။တမန်ဟူက။ယင်းအင်္ဂါရှစ်ပါးနှင့် ပြည့်စုံစေရမည်။ ဆိုလိုသည်။

အဝယဝတ္ထ။ ဤနှိုက်။တမန်ဟူသည်။
မန္တိနီ။မင်းတိုင်ပင်အမတ်။
သေနာနိ။ဗိုလ်မှူးအမတ်။
အက္ခဒဿော။တရားဆုံးဖြတ်တတ်သောအမတ်။
ဒေါဝါရိကော။တံခါးမှူးအမတ်။
အန်ကဌော။ကိုယ်တော်စောင့်အမတ်။ ကိုယ်ရံတော် လည်း
ဟူ။
မလ္လကော။ လက်ပမ်း သည်အမတ်။ လက် ဖွေ့ တော် သတ်
လည်းဟူ။
သေဝကော။မင်းခစားအမတ်။
ဟေရညိကော။ ရွှေမှုငွေမှုနှိုက်ရှည်သော် အမတ်။ စံကိုင်ပွဲ
စားလည်းဟူ။
အဓိကတော။ တရွာတည်းနှိုက်ကြီး ကဲသောအမတ်။ ကလန်
လည်းဟူ။
ဂေါပေါ။များစွာသောရွာ နှိုက်ကြီးကဲသောသူ။ သံပျင်လည်း
ဟူ။
စရော။သူလျှိအမတ်။
ဒုတော။တမန်အမတ်။
ဂဏကော။ဂဏန်းဟူးရားတတ်အမတ်။
လေခကော။စာရေးစာချီအမတ်။
ဟူ၍။မင်းမှုမင်းခင်းများမှာအစေအပါအခမ်းအနားဝင်သော
အဘိဓာန်ကျမ်းလာ။မှူးမတ်ဘဝပါးတွင်။တပါးအဝင်တည်း။
ထိုတမန်ဟော။ ဒုတသဒ္ဒါကို။ ဒုပရိတာပေ။ ဟူသော
သဒ္ဒနီတိ။ဒုပရိတာပေတောဟူ သောအဘိ ဓာန်ဋီကာပါဠိတို့
နှင့်အညီ။ဒဝတိဒ္ဝိနှံပက္ခာနံပဋိသန္ဓာ တုံဥဿကြ နဝသေနပ
ရိတပတိတိဒုတော။ ဟုဝစနထ္ထပြု။ ။ဒ္ဝိနှံပက္ခာနံ။ နှစ်ဘက်

သားတို့ကို။ပဋိသန္ဓာတုံ။ စေ့စပ်စိမ့် သောဌာ။ ဥဿုက္ကနဝ သေန။ကြောင့်ကြသည်၏။အစွမ်းအားဖြင့်။ဒဝတိပရိတပတိ။ ပူပန်တတ်၏။။ဇူတိ။ထိုကြောင့်။ဒုတော။ဒုတမည်၏။။ ။ထို တမန်ဟောပရိယာယ်ကို။ အမရကော သ အဘိ ဓာန်ကျမ်း နှိုက်။ သန္ဓေဇဟရဟူ၍ဂင်း။ မာဂဓ အဘိ ဓာန်ကျမ်းနှိုက်။ သန္ဓေသဟရ ဟူ၍ ဆို သည်။ ။သတင်းစကားကိုဆောင် ယူတတ်သောသူဟုအနက်ပေးရမည်။

ထိုတမန်တို့၏။အင်္ဂါရှစ်ပါးကို။အဌင်္ဂုတ္တရပါဠိတော် စူဋ္ဌဝါပါဠိတော်တို့နှိုက်။ ဟောတော် မူသည်ကား။ ။အဌ ဟိဘိက္ခဝေအင်္ဂေဟိသမ္ပန္နာဂတောဒုတေယံဂန္တုံ အရဟတိ ကတမေဟိအဌဟိ။ ဇူဓဘိက္ခဝေဘိက္ခု။ သောတာစဟော တိ။သာဝေတာစ။ဥဂ္ဂဟေတာစ။ ဓာရေတာစ။ဝိညာတာစ။ဝိ ညာပေတာစ။ ကုသလောစသဟိ တာသဟိတဿ။နောစက လဟကာ ရကော။ ဇူမေဟိခေါ ဘိက္ခဝေဓမ္မေ ဟိ သမ္ပန္နာဂ တောဘိက္ခု။ဒုတေယံဂန္တုံမရဟတိ။

ဘိက္ခဝေ။ ရဟန်းတို့။ အဌဟိ အင်္ဂေ ဟိ။ ရှစ်ပါး ကုန် သောအင်္ဂါတို့နှင့်။ သမ္ပန္နာဂတော။ ပြည့်စုံသော။ ဘိက္ခု။ ရ ဟန်းသည်။ဒုတေယျံ။တမန်အမှုကို။ဂန္တုံ။သွားခြင်းဌာ။ အရ ဟတိ။ထိုက်၏။ကတမေဟိ။အဘယ်မည်ကုန်သော။ အဌဟိ ရှစ်ပါးကုန်သော။ဓမ္မေဟိ။တရားတို့နှင့်။သမ္ပန္နာဂတော။ ပြည့် စုံသော။ဘိက္ခု။ရဟန်းသည်။ဒုတေယျံဂန္တုံ။ တမန်ပြု၍သွား ခြင်းဌာ။အရဟတိ။ထိုက်သနည်း။ဘိက္ခဝေ။ ရဟန်း တို့။ဇူဓ။ ဤလောကနှိုက်။ ဘိက္ခု။ ရဟန်းသည်။ သောတာစ။ကြားနာ တတ်သည်လည်း။ ဟောတိ။ ဖြစ်၏။ သာဝေတာစ။ ကြားနာ စေတတ်သည်လည်း။ ဟောတိ။ဖြစ်၏။ ဥဂ္ဂဟေတာစ။ မှတ် သားနိုင်သည်လည်း။ ဟောတိ။ဖြစ်၏။ ဓါရေတာစ။ဆောင်

နိုင်သည်လည်း။ဟောတိ။ဖြစ်၏။ ဝိညာတာစ။သိတတ်သည်
လည်း။ဟောတိ။ ဖြစ်၏။ ဝိညာပေတာစ။သိစေတတ်သည်
လည်း။ ဟောတိ။ ဖြစ်၏။ သဟိတာသဟိတသ။ စိးပွားရှိ
သည်မရှိသည်နိုက်။ကုသလော်စ။လိမ်မာသည်လည်း။ ဟော
တိ။ဖြစ်၏။ ကလဟကာရကောစ။ ခိုက်ရန်ပြုတတ်သည်။ နု
ဟောတိ။မဖြစ်။ဘိက္ခဝေ။ရဟန်းတို့။ခေါ။စင်စစ်။ ဣမေဟိအာ
ဠဟိဓမ္မေဟိ။ ဤရှစ်ပါး ကုန်သော တရားတို့ နှင့်။ သမ္မန္နာဂ
တော။ပြည့်စုံသော။ဘိက္ခု။ရဟန်းသည်။ ဒုတေယျံဂန္တုံ။ တ
မန်ပြု၍ သွားခြင်းငှာ။ အရဟတိ။ ထိုက်၏။ ။ဤကားအ
နက်။

ယင်းပါဠိတော်နိုက်။ သောတာစ်၏။အရကို။မှာလိုက်
သောစကားအတိုင်း သတိထား၍ နှားထောင် တတ်သည်ဟု
ယူ။ သာဝေတာ၏။အရကို။ သို့ဆိုလိုက် သည်။ သို့မှာ လိုက်
သည်မဟုတ်လောဟု့မြဲအောင်ပြန်၍မေးသည်ဟုယူ။ဥဂ္ဂဟေ
တာစ၏။အရကို။ မမေ့မလျော့ ရအောင် သေ သေ ချာချာ
ကောင်းစွာမှတ်သားနိုင်သည်ဟုယူ။ဓါရေတာ၏။ အရကို။မ
ချုတ်မယွင်းရအောင် ကောင်းစွာ ဆောင်နိုင်သည်ဟုယူ။ ဝိ
ညာတာ၏။ အရကိုစကားရှိတိုင်းမိမိသိတတ်သည်ဟုယူ။ ဝိ
ညာပေတာ၏့အရကို။ သူတပါးကိုနှားလည်အောင်ပြောဆို
တတ်သည်ဟုယူ။ကုသလောစသဟိတာသဟိတသ၏။အရ
ကို။ သည်စကားအကျိုးရှိ၏။။သည်စကား အကျိုးမရှိဟု။ ခွဲ
ခြမ်းစိတ်ဖြာ၍ သိတတ်သည်ဟုယူ။ နှောစက လဟ ကာရ
ကောအရကို။အညှင်းအဆုန်ခိုက်ရန်မဖြစ်ရအောင်။ကိုယ်နှုတ်
နှစ်ပါးကို။နှိမ့်ချစောင့်စည်း၍ဆောင်ရွက်တတ်သည်ဟုယူ။

ထိ ကြောင့်။ ပဒေသ ရာဇာဆို။ ကျေးဇူး တော် ဟို့
တွင့်။ ။ဟသော်လျှင်လျှား။ ကိုယ်လည်းကြား၏။ သုအား

လျင်ထွေ။ ကြားစေအဟုတ်။ အားထုတ်အပ်လှ။ မှတ်ကြတိုင်အောင်။ကုန်အောင်ရိပ်ခြည်။သိလည်းနားပါး။ သုအားသိစေ။ ကျိုးနေရှိမဲ့။ထေဝံငဲ့လိမ္မာ။ ရန်ရှာမလို။ ရေဆိုရှစ်အင်။စုံလင်သူအား။ခန့်ထားမိန့်မှာ။သံစေရာဟု။ဟူ၍ဂင်း။

သံဝရပျို့တွင်။ ။ဆိုသော်ကြားထင်။ နားဝင်ကြားလွယ်။ ကြားဖွယ် လေ့ကျက်။ အနက် မှတ်မိ။ သတိမပြယ်။ ဓိပ္ပာယ်သိမှု။သိအောင်ပြုလျက်။နှစ်စုဝေခြား။ စီးပွားရှိမဲ့။ပြဲ့ပြဲ့မြင်နေ။ လိမ်မာထွေနှင့်။ သွားလေရာရာ။ ရန်ရှာ မချုတ်။ ကိုယ်နှုတ်နှိမ့်ကြို့။ဤသို့ရှစ်ဦး။ကျေးဇူးမချို။ တမန်တို့လည်း။ ဟူ၍ဂင်း။ ယခင်ပြဆို ခဲ့ပြီးသော ပါဠိ တော်နှင့် တပြေးညီညွတ်စွာစပ်ဆိုသည်။

ထိုမှတပါး။ ဘူရိဒတ် လက်ာတွင်။ ။ထိုကြောင့်ရကား။ရှစ်ပါးအင်္ဂါ။ဆိုစရာနှိုက်။တင်ရာမကျန်။လေ့ကျက်ပွန်သား။တမန်မင်းစေ။မြောံမြားထွေဖြင့်။ဟူ၍ဂင်း။

မဏိခက်ပျို့တွင်။ ။စိတ်နေယည်ကျွမ်း။ မင်းရေးပြွမ်း၍။မှုထမ်းကုန်ထံ။သံတို့အင်္ဂါ။ရှစ်ဖြာစုံထွေ။ သိလာစေသို့။ဟူ၍ဂင်း။

တေမိပျို့တွင်။ ။တမန်တို့ဝယ်။ရှစ်သွယ်အင်္ဂါ။ ညီစွာပြည့်စုံ။မှုထမ်းကုံစွ။ဟူ၍ဂင်း။

ဇယဒိသတွင်။ ။ခင်ပွန်းမိတ်ဆွေ။ အစေအပါ။ ပြုသောခါလည်း။အင်္ဂါရှစ်ဦး။ကျေးဇူးညီညွတ်။တမန်လွှတ်၍။ ဟူ၍ဂင်း။

မင်းလှယည် နုပျို့တွင်။ ။တမန်မှာတုံ။ ရှစ်ဖြာတလိုက်။ခြောံစိုက်တတည်။အင်တိစည့်၏။ဟူ၍ဂင်း။

တောင်ငူမင်းစာတော်။ ရက်ဖြင့် ရှောင် တည် ချီရတု တွင်။ ။ဖြေဖြော်ကြောင်းဝှန်။ သည်မှာ ဟန် ကို။ တမန်တို့ တွင်။ရှစ်ပါးအင်နှင့်။ဟူ၍ဂင်း။

ဘိုးခေါင်မှူးဆို။ဂင်းအလိုက်။ရှောင်သည်ရက်ဖြင်။ ချီ ရတုတွင်။ ။နောင်ကြောင်းဝှန်ကို။ တမန်တို့တွင်။ ရှစ်ပါး အင်ဖြင့်။ဟူ၍ဂင်း။ရှေးဆရာမြတ်တို့။စပ်ဆိုကြလေသည်။

ထောင်သင်း မှူး ဆို။ ဂိဝါ ရွှေစင်။ ချီရတုတွင် မူ ကား။ ။စကားတတ်ပွန်။တမန်တို့တွင်။ ရှစ်အင်စုံနေ။ ခြေ့ံ ထွေအင်္ဂါ။လေးဖြာသတ္တိ။တုမရှိသား။ ဟူ၍။တမန်တို့အင်္ဂါ။ ရှစ်ပါး။ခြေ့ံပါး။ သတ္တိဂပါးများကိုစပ်ဆိုလေသည်။

ယင်းမှတပါး။တမန်အရာနှင့်။ စေလွှတ်ခန့်ထားရာသူ ကိုလည်း။ ။ဒုမ္ဓ ဝါကျးကဋပြာဇီး။ပရစိတ္တောပရံတတွး။ ဒု ရောမးဒုဦဇ္ဇါနိစ။ရေဖးဒုတးဝိဓိယတေ။ ။စာနကျနီတိတွင် လာသည်။ ။ဒုမ္ဓ ဝါကျ။သုစကားကိုပျက်အောင်ဖျက်နိုင် သော စကားလည်း ရှိ၏။ ကဋ္ဌ ပြာဇီး။ စည်းလဲ သောပညာ လည်းရှိ၏။ပရစိတ္တော။ သူတပါးစိတ်ကိုသိ၏။ ပရံတတွး။ သူတပါးကျမ်းကိုလည်းတတ်၏။ ဒုရောမး။ ကြောံမက်ဖွယ် သောရဆိတ်ကြင်စွယ်လည်းရှိ၏။ဒုဦဇ္ဇါ နိ။သိခဲသည်ဖြစ်၍ နက်နဲသောစကားလည်းရှိ၏။ဖေး။ဤသူကို။ဒုတး။မင်းစေတ မန်အရာကို။ဝိဓိယတေ။ခန့်ထားရာ၏။ ။ဤကားအနက်။

ထိုတမန်ကို။ရာဇသံစာဟောင်းစာတမ်း များတွင်။အ ရှင်မှာတိုင်းဆိုသူကိုတမန်။ မင်းနှစ်ပါးသင့် အောင် ဆိုသူကို တံဆေး။သုစကားကိုထောံ၍ယုတ်လွန်မရှိဆိုသူကိုသုံ့သေး လိုသည်ကိုတောင်းလှာသူကိုသံ။ မှာတိုင်း ဆို၍စေဖက်ရမှ သွားသူကိုမင်းစေ။ဟူ၍တမန်တပါး။တံဆေးတပါး။သုံ့သေး တပါး။သံတပါး။ မင်း စေတပါး။ ငါးပါးပြား ကြောင်း ကိုဆို

သည်။ ။တွင်းသင်းတိုက်ဝန်မဟာ စည် သူရေး သည်ပေါ ရာဏကထာစာတမ်းတွင်မူကား။တမန်ကိုပင်။ တံဆေးဟူ၍ ၎င်း။သုံ့သေးဟူ၍၎င်းခေါ်ဝေါ်သည်ဟု။ဝေါဟာရပရိယာယ် တူပြသည်။ ။လိပ်ငယ်သလေး။ကွေးတလွေးကို။ တံဆေး တမန်။ မစေတန်သို့။ ဟူသောဘူရိဒတ်လက်ာ။ ။တမန်တံ ဆေး။ သုံ့သေးလာကြိုက်။ ဟူသောသံ ဝ ရ လက်ာ များကို လည်းစပ်ထုံးထုတ်သည်။ ၎င်းတွင်းသင်းတိုက်ဝန်ရေးသည် ပေါ်ရာဏကထာအလိုအားဖြင့်။ အကွဲအပြားတပါး စီပြု၍မ ယူ။သဘေါ်တူဝေါဟာရမျှသာဖြစ်သည်ဟု။ယူလိုရိပ်ရှိသဉ်။ နှစ်ရပ်စကားကိုပင်။ သုတ အရာဖြစ်၍။ ထုတ်နုတ်ရေး သား လိုက်သည်။

ဤစကားရပ်ဖြင့်။ရေမြေသေဌ်နင်းမင်းမှစ၍။ပြည်သူ လူရဟန်းတို့သည်ထိုက်သည်အားလျော်စွာ။ ကြောင်းရာထူး ထွေစေလွှတ်မှာထားလိုလျှင်။ပြဆိုခဲ့ပြီးသောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောတမန်တို့ကို။စေလွှတ်မှ။ လိုအပ် သော အကျိုးအ ပြီးအဆုံးသို့ရောက်သည်။ အင်္ဂါရှစ်ပါးနှင့်မပြည့် စုံသူကိုစေ လွှတ်မူလိုအပ်သောအကျိုးမပြီးနှိုင်။သို့ဖြစ်၍။လိုအပ်သောအ ကျိုးပြီးခြင်းကိုအလိုရှိမူ။ အင်္ဂါရှစ်ပါးနှင့်ပြည့် စုံသောတမန် ကို။စေလွှတ်ရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။ ဥပဒေသ။

ဤတွင် ရွှေ့ကား ပုဒ် ရေ ၁၂ အ ရအဖြေ အ မိပ္ပါယ် ပြီး၏။

———oo———

မေးခွန်းကော်နုတ်ချက်ပါ။နသတ်ဝိသဇ္ဇနီထိုးစပ်နဉ်း ဧပုဒ်တွင်။ပဌမပုဒ်။

ပုဒ်ရင်း။ ဖြေကိုတိုင်တန်း။မိန့်တော်ညွှန်း။မာရ်ကျန်းပျေဝံပျက် ကြေ။ ။ဟူသည်ကား။

ပဒဏ္ဍထွ။ နတ်ပြည်ခြေဝံထပ်အဆုံးဝသဝတီနတ်ပြည်။ ဝသဝတီနတ်မင်းကြီးပိုင်နက်တစိတ်တွင်။ မိမိအခြံအရံကိုဆောင်လျက်။နှိုင်ငံကိုဖျက် တတ် သောခိုး သူနှင့် တူသော မာရ်နတ်သည်ဗောဓိပင်နှင့်။ အပရာဇိတပလ္လင်နှိုက်။ဘုရား ဖြစ်တော်မူသည်နေ့။နေမဝင်မိတွင်။အတိုင်းမသိသောစစ် သည်နှင့်တကွ။ ချီတက်လာ၍။ မာရ်နတ်သူယုတ်။ ကျန်းကြွတ် ရန်ငြိုး။ ပလ္လင်လုစစ်ပွဲတွင်။ ဖြည့်ဆည်း ဖူးတော်မူအပ် သောပါရမီတော်တို့ကြောင့်။ ရအပ်သောပလ္လင်သည်။ငါ၏။ပလ္လင်တည်းဟု။ဖြေကိုညွှန်းဖြတိုင်တန်းတော်မူသည်ကာလ။ မာရ်နတ်နှင့်တကွ။အလုံးစုံသောမာရ်စစ်သည်အပေါင်းတို့။ မဖက်ပြိုင်ဝံသဖြင့်။ဖြေကြေပျေဝံပျက်သည်ဆိုလိုသည်။

အဝယဝတ္ထု၊ ဤနှိုက်။ ဖြည့်ဆည်း ဖူးတော်မူအပ်သောပါရမီတော်တို့ကြောင့်။ဘုရားအဖြစ်သို့ရောက်တော်မူ၍အပရာဇိတဗောဓိပလ္လင်ကိုရ တော်မူကြောင်း။ ထိုပလ္လင်ကို မာရ်နတ်နှောင့်ယှက်လုယူမည်စစ်ချီတက်လာ ကြောင်း။ မာရ် နတ် သား၏။ များပြားသောရဲမက်ဗိုလ်ပါရှိကြောင်း။ ယင်းမာရ်နတ်သားလည်း။ဝသဝတီနတ်ပြည်ကိုအစိုးရသူမဟုတ် တစိတ်တဒေသနှိုက်။လောကတွင်။ တိုင်းပြည်ကိုနှောင့်ယှက်တတ်သောခိုးသူနှင့်အတူ။မိမိပရိသတ်နှင့်။ တသီးတပုံနေ သူဖြစ် ကြောင်း များနှင့်တကွ။မာရ်နတ်ပရိယာယ်။ မာရသန္ဒါ၏။ အကြောင်းအရာများကို။ မာရသံယုတ်။ လောကပညတ္တိကျမ်း။ အမရကောသအဘိဓာန်။မာဂဓအဘိဓာန်။ ၎င်းဋီကာ။ ဝိနယသင်္

ဟာ။ သာရတ္ထဒီပနီဋိကာစသောကျမ်းတို့နှိုက်လာ သောနည်း
ကိုမှီ၍။အမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။
လေးအသချေ်နှင့်။ကမ္ဘာတသိန်းပါရမီဖြည့်တော်မူပြီး
သောဘုရားလောင်းတော်သည်။ မဟာဗော ဓိ သို့ကြွ တော်မူ
သော်။ သောတ္ထိယမည်သောမျက် ရိတ် ယောက်ျား လှူအပ်
သောသမန်းမျက်ရှစ်ဆုပ်ကိုယူတော်မူ၍မဟာဗောဓိသို့ကပ်
ပြီးသည်မှ။တောင်။ အနောံ။ မြေဝံအရပ်သို့ အ စည်အတိုင်း
ထည့်၍ရပ်တော်မူသော်။ စကြဝဋ္ဌာစောင်း ထောင် ဖြစ်ဘိရ
ကား။ ဘုရားဖြစ်ရာအရပ်မဟုတ်သေးဟုအရှေ့သို့ပြောင်း၍
ရပ်သည်တွင်မှတင်းတင်းကြီ့ကြီ့ခံနှိုင်၍။ ယင်း မျက်ရှစ်ဆုပ်
တို့ကိုအဖျားကကိုင်၍ကြဲဖြန့်လျှင်။ ၁၄တောင် အပြန့်ကျယ်
သောအတုမရှိဆန်းကြယ်စွာသောရတနာပလ္လင်ဖြစ်၍။ ထိုရ
တနာပလ္လင်ထက်ဗောဓိပင်ကို။နေဝံမှီတကဲပြု၍။ ဘုရားမဖြစ်
သမျှမထဟုစတုရင်္ဂဝိရိယဖြင့် အရှေ့သို့မျက်နှာ ရည်လျက်
နေတော်မူသော်။ တကြိမ်မှုတ်လျှင်။ လေး လတိုင် မှ အသံစဲ
သောဝိဇယုတ္တရမည် သော ခရုသင်း ကို။ သိကြား မင်း မှုတ်
လျက်။ဂါထာပါဒအရာမကသောကျေးဇူးစကားဖြင့်။ ကာလ
နဂါးမင်းထောမနာသံပေးလျက်။ ဗြဟ္မာမင်းထီးဖြူမိုးလျက်။
သုယာမနတ်မင်း။ သားမြီးယပ်ခတ်လျက်။ သန္တုဿီတနတ်
သား။ပတ္တမြားယပ်ဝန်းလွှဲလျက်။ ပညွှသီခနတ် မင်း ဝေဋ္ဌဝ
ပဏ္ဍုမည်သောစောင်းကိုတီးလျက်။အထူးထူး သောနတ်တို့
အထူးထူးသောပူဇွော်သကာဖြင့်။ပူဇွော်ကုန်လျက်။ ပဌမယံ
နှိုက်။ ပုဗ္ဗေနိဝါသညာဏ်ကိုအောံမေ့၍။မဇ္ဈိ မယံနှိုက်။ ဒိဗ္ဗ
စက္ခုညာဏ်ကိုသုတ်သင်၍။ပစ္ဆိ မယံနှိုက်။၁၂ကြိမ်မြေကြီး
တုန်လှုပ်စေလျက်။၁၂ပုဒ်ရှိသောပဋိစ္စသမုပ္ပါဒ်နှိုက် ညာဏ်
တော်ကိုချဲ၍။သုံးသပ်တော်မူပြီးမှ။အါဏါပါဏစတုတ္ထဈာန်

ကို။ဖြစ်စေပြီးသော်။ထိုချာန်ကိုအခြေပြု၍ ဝိ ပဿနာကိုပွား စေသည်တွင်။ အစည် အတိုင်း ရအပ်သော အာ သဝက္ခ ယ ညာဏ်ဖြင့်။ကိလေသာအ ပေါင်း ကိုဝါ သနာနှင့်တကွပယ် တော်မူ၍။၁၉ချက်မြေခံသောပစ္စဝေက္ခဏာညာဏ်၏.အဆုံး နှိုက်။သဗ္ဗညုတညာဏ်ကို ရတော်မူ သည်ဖြစ်၍။ ကဆုန်လ ပြည့်နေ့အဆုံးစွန်အရဏ်တက်သည်နှင့်တပြိုင်နက်။စန်းနှင့်ဝိ သနခါနက္ခတ်အကြိုက်တွင်။ လူသုံးပါးတို့ အထွတ်ဘုရားအ ဖြစ်သို့ရောက်တော်မူ၍။အနေကဇာတိသံသာရံစသောဥဒါန်း ကိုကြူးတော်မူလျက်။ ထက်ဝယ်နေ တော် မူ စည်။ မာရ်နတ် သားလည်း။သိဒ္ဓတ်မင်းသားသည်။ ငါ၏. နိုင်ငံ ကို လွန်မြေခံ လိုဘိသည်။ လွန်မြေခံစိမ့်သောဌာငါ မပေးဟု။ ရှေ့လက်ဝဲ လက်ယာ၁ ယူဇနာ။ နေခံ စကြ ဝဋ္ဌာထိ။ အထက်ကိုးယူဇ နာရှိသောအထူးထူး သောသဏ္ဌာန်။ အထူး ထူး သောလက် နက်စွဲလျက်သောမာရ်စစ်သည်အပေါင်းနှင့် တကွ။ လက်ရုံး တထေါင်ဖန်ဆင်း၍။အထူးထူးသောလက်နက်စွဲကိုင်လျက်။ ဂီရိမေခလာမည်သောဆင်ထက်စီး၍။ မာရ်၏. ကြွေး ကြော် ခြင်းမည်သဉ့်ကိုကြွေးကြော်စေလျက်။ လေမုန်တိုင်း။ပကတိ မိုး။ကျေခံမိုး။လက်နက်မိုး။ မီးကီးမိုး။ပြာပူမိုး။သဲမိုး။ညွန်မိုး။ တခဲနက်အမိုက်။၏လက်နက်၉ပါးတို့ဖြင့်ရင်း။စက်လက်နက်၊ ကျေခံတောင်ထွတ်တို့ဖြင့်ရင်း။ပစ်လွှတ်လျက်။ မာရ်စစ်သဉ့် ရောက်သည်ကို။အတိုင်း မသိသောတပါး သောဘဝတို့နှိုက် ပြိုအပ်သောဒါနပါရမီကိုထား၍။ဝေဿန္တရာမင်းအဖြစ်တွင် မျှပြိုအပ်သောဒါနပါရမီဖြင့်သာ။မြေကြီးပြင်းစွာ ရိုက်ကြည်း စေလျက်။ ဂီရိမေခလာ ဆင်ကို။ ပုဆစ် တုတ်စေခြင်း။ မာရ် မင်းမာရ်စစ်သည်တို့ကိုပြေးစေခြင်း တို့ဖြင့်။ နေမဝင်မီမာရ် စစ်သည်ကိုအောင်မြင်တော်မူသဉ့်ဟူ၍။ ဗုဒ္ဓဝင်အဌကထာ။

အပဒါန်အဌကထာ။ဇိနာလင်္ကာရဋီကာစသောထိုထိုအဌက ထာဋီကာများတွင်ဆိုသည်။

သဉ္ဇအရာတွင်။မာရ်နတ်ဟူသောဝေါဟာရမှါ။မါဂဓ အဘိဓါန်ကျမ်းတွင်။ ။အဝိဂ္ဂဟေါ။ကာမေါ။မနေါဘူ။မဒနော။ အန္တကော။ဝသဝတ္တိ။ပါပိမ။ပဇာပတိ။ ပမတ္တဗန္ဓု။ ကဏ္ဍော။ မာရော။နမူစိ။ဟူ၍မာရ်နတ်ပရိယာယ်၁၂ပုဒ်ပြသည်။မြန်မာ ဘာသာမှာ။မာရသဒ္ဒါတွင်။ တံခွန်နှင့်။ မာရ်နတ် ခေါ်ဝေါ်ကြ သည်။ ။မာရသဒ္ဒါ၏အနက်မှာ။ အဘိဓာန်ဋီကာတွင်။ကု သလဓမ္မေမာရေတိတိမာရော။ ဝိဂြိုဟ် လှစ် သည်။ ကုသလ ဓမ္မေ။ကုသိုလ်တရားတို့ကို။မါရေတိ။မြစ်တတ်သတ်တတ်၏၊ ဇူတိတသ္မာ။ထိုကြောင့်။မာရော။မာရမဉ္ဇ၏။ ။လောကပညတ္တိ ကျမ်းတွင်။ကေနကာရဏေနမာရေတိ။ သဗ္ဗေသံ သတ္တာနံပု နဗ္ဘဝနိပ္ပါတ္တနံစတူဟိမာရေတိပုနပ္ပုနံ္ဒမာရယတိတိတသ္မာမါ ရောတိ။ဟူ၍လာသည်။အဓိပ္ပါယ်မှာ။ဘဝသစ်နှိုက်။ ဖြစ်ကုန် သော သတ္တဝါ၊ တို့ကို။ အဖန် တ လဲလဲ သေ စေ တတ် သော ကြောင့်မာရ်နတ်မည်ကြောင်း ကိုဆို သည်။ ။အမ ရကော သအဘိဓာန်ကျမ်း။မာရ်နတ်ပရိယာယ်၂၁ပုဒ် တွင်။ ထိုမာရ သဒ္ဒါကား။လုံ့လချိုသောသူတို့ကိုသေစေတတ်သည်။ အပင်း အသင်းအပေါင်းရှိသသူဟူ၍၂နက်ပြသည်။ထိုမာရ်နတ်ကို။ အမရကောသတွင်ပင်။ မာရ်နတ်။ ကာမနတ်၂မည်ခေါ်ဝေါ် ကြောင်းနှင့်ဆိုသည်။ ထိုမာရ်နတ် ကား။ မြတ်စွာဘုရား ဖြစ် ကော်မူစတွင်။ ဝဇီရာသနပလ္လင်ကို လုယက် နှောင့် ရှက်အံ့ သောဌါစစ်သည်အများ နှင့်ချီလှာသည်ဟုယခင် ရေးသားခဲ့ သည်။မာရ်နတ်မင်းပင်တည်း။

ပရနိမ္မိတ္တဝသဝတီနတ်ပြည်အလုံးကို။အစိုးရသောဝ သဝတီဒေဝရာဇာနတ် မင်းကြီးမဟုတ်ချေ။ ထိုကြောင့်။ သာ ရတ္ထသင်္ဂဟတွင်။

ဝသဝတီမာရောပန။ ဝသဝတီမာရ်နတ်မင်း သည် ကား။ ပရနိမ္မိတ္တဝသဝတိဒေဝလောကေ။ပရနိမ္မိတ္တဝသဝတီ နတ်ပြည်နှိုက်။ဝသတိ။နေ၏။ဟိသစ္စံ။ထိုစကားမှန်၏။တတြ။ ထိုပြည်နှိုက်။ဝသဝတီရာဇာ။ဝ သဝတီနတ်မင်း သည်။ရဇ္ဇံ။ မင်းအဖြစ်ကို။ကာရေသိ။ပြု၏။မာရော။မာရ်နတ်သည်။ ဧက သ္မိံပဒေသေ။တခုသောအရပ်နှိုက်။အတ္တနော။မိမိ၏။ပရိသာ ယ။ပရိသတ်နှိုက်။ဣဿရိယံ။ အစိုးရခြင်းကို။ ပဝတ္တေန္တော။ ဖြစ်စေလျက်။ရဇ္ဇံပရိယန္တေ။ ပြည်၏အပိုင်းအခြားနှိုက်။ဒါမ ရိက ရာဇ ပုတ္တောဝိ ယ။ ရွာကိုဖျက်သောမင်း သား ကဲ့သို့။ ဝသတိ။နေ၏။ မဇ္ဈိမနိကာယေ။ မဇ္ဈိမနိကာယ်ကျမ်းနှိုက်။မူ လပရိယာယသုတ္တဝဏ္ဏနာယံ။မူလပရိယာ ယသုတ် အဖွင့်အ ဋ္ဌကထာနှိုက်။ဝုတ္တံ။မိန့်အပ်၏။

ဆိုသောကြောင့်။ပရနိမ္မိတဝသဝတီနတ်ပြည် အလုံး ကိုအစိုးရသော။ ဝသဝတီရာဇာနာမံရှိ သော နတ် မင်းကြီး ကိုယ်တိုင်မဟုတ်။လောကူပမာရာဇဝင် တွင်။ မိုးညှင်းမင်း တရားလက်ထက်။ ဒလဆုံးမင်း ရဲကျော်စွာ သား တော်မင်း ငယ်ကျော်ထင်။ရွှေနန်းကြော့ရှင်ဘုရင်နရပ တိလက်ထက်ငတုံးတာငပြည့်ဝ။ ဇေယာပူရစကိုင်း၅ထပ်ဒါ ယကာမင်းတ ရားလက်ထက်။မိုင်းဆည်ကနေ၍ရတနာပူရအဝနိုင် ငံတော် မြို့ရွာများကို။ထိပါးနှောင့်ရှက်ဖျက်ဆီးလာသော။ ဥတဉ်ပွါး ရှင်ဇီတို့ကဲ့သို့မင်းစစ်မဟုတ်။သူပုန်မင်းသားမှတ်ရမည်။

သည်အရာတွင်။ယခုကာလ။သူခိုးဒါမြ။ သူခိုးထားပြ။ ဟူ၍၂ထွေရေးသားကြသည်မှာ။ ဒါမရိကရာဇပုတ္တောဝိယ

ဟူသောပါဠိကိုထောက်လျှင်။ဒမြဟူ၍တတိယက္ခရာဒဒွေး။မ
အက္ခရာရရစ်နှင့်ရေးမှသင့်မည်။ထားပြဟု။ လက် နက်ဟော
တားပြသခြင်းဟူသောပအက္ခရာရရစ်ရေး သား ခေါ်ဝေါ်သူ
တို့စကားမှာ။ သံပိုင်း ကျောံစာရှေးရေးစာဟောင်း အခိုင်အ
ခန့်မရှိချေ။ ။ဒါမရိကသဒ္ဒါမှာ။ရွာဖျက်ခိုးသူကြီး မင်းသား
အနက်အဓိပ္ပါယ်ရသည်မှတ်ရမည်။ ။ဝိနယသင်္ဂဟဝိနဉ်း
သင်္ဂြိုဟ်တွင်။ သမ္ပဘ္ဘဿ ဒါ မရိကစောရ ဿာ ပိ။ ဧဿရိ
ယဿာပိဒါတဗ္ဗော။ဆိုသည်။သာရတ္ထဒီပနီဋီကာတွင်။ဒါမရိ
ကစောရဿာတိရဇ္ဇုပတ္ထယမာနဿပါ ကဋ္ဌ စောရဿဖွင့်
သည်နှင့်ထောံချင့်ဆင်ခြင်။

၍စကားရပ်ဖြင့်။ တထောင် သော လက်ရုံး ကို။ ဖန် ဥပဒေသ။
ဆင်းပြီးလျှင်။ဂီရိမေခလာအမဉ်ရှိသောဆင်ထက်သို့တက်စီး
လျက်။ပြဆိုခဲ့ပြီးသောနတ်စစ်သဉ်အပေါင်းနှင့်တကွ။ချီတက်
လါရောံပြီးလျှင်။သဲပူ။ညွန်ပူ။ပြာပူ။မိုးစွေ။လေကြီး။မှောင်မိုး။
လက်နက်မျိုးတို့ဖြင့်။ပစ်လွှတ်တိုက်ခိုက်သော်လည်း။လေးအ
သချေ်နှင့်။ကမ္ဘာတသိန်းကာလပတ်လုံး။ဖြည့်ဆည်းဖူးတော်
မူအပ်သောပါရမီအများ။တရားစစ်သည်။အရဉ်အခြင်းနှင့်တ
ကွဖြစ်သော။ရဲမက်ဗိုလ်ပါတို့ကို။အစိုးရတော်မူသော်လဉ်း။
၍နှိုက်အခွင့် မဟုတ် လေ သေးဟု။ စေလွှတ်တော်မမူပဲ။ ကို
တော်၏အဖြစ်မှ။ နှစ်ဆင့်မြောံဝေဿန္တရာမင်း ဖြစ်တော်မူ
စည်။ ဖြည့်ဆည်းဖူးတော်မူအပ်သော။ ပါရမီအများ။ တရား
ရဲဖေါ်။ ရဲမက်တော်တို့ဖြင့် သာအောင် စေတော်မူအံ့ဟု။ ကြံ
ရည်တော်မူ၍။မြေကိုတိုင်တန်း။မိန့်ခွန်းအောင်ဟိတ်။ဗျာဒိတ်
ညွှန်ကြားတော်မူလျှင်။ပြဆိုခဲ့ပြီးသောနတ်စစ်သည်အပေါင်း
တို့၏အကြီးအမှူးဖြစ်သောမာရ်နတ်သားသဉ်။ မိမိပရိသတ်

နှင့်မဆုံမပေါင်း။တကြောင်းတည်းသောခရီး နှိုက်။နှစ်ယောဒံအာ
တူ။မဟူစကောင်း။တဖျင်တပါး။ လွင့်ပါးပျောံကြေ။ ပျက်စီး
လေသည်ဟူရကား။လောကနှိုက်ဖြစ်သောစစ်မက်အရေးတို့
တွင်။မာရ်မင်းစစ်ရေးနှင့် တူသောစစ်ရေးမည်သည်မရှိယင်း
မာရ်မင်းစစ်သည်နှင့်။တထောင့်ငါးရာ။ ကိလေသာတည်းဟူ
သောစစ်သည်တို့ကို။နှိုင်းချိန်မူ။မာရ်မင်းစစ်သည်ကား။အနှဉ်း
ငယ်မျှသာဖြစ်၍။မချိုးမွမ်းမကြောပလောံသေး။ကိလေသာတည်
ဟူသောစစ်သည်ရဲမက်သည်သာလျှင်။အလွန်ကြောံမင်းဖွယ်
ရှိလှ၏.။သို့ကိုစင်လျှက်။ပါရမီရဲဖေါ်။သူတော်တရားတည်းဟူ
သေါစစ်သည်သူရဲတို့ဖြင့်။တိုက်ဖျက်လတ်သေါ်။ခနဲချက်ချင်း။
အောင်မြင်ခြင်း သို့ရောံနှိုင် လေသေးသည်။ ယင်းသို့ဖြစ်၍။
အလွန်အောင်မြင်နိုင်ခဲသော။ ကိလေသာတည်းဟူသောစစ်
သည်ရဲ မက်တို့ကို။ အလွယ်တကူ။ တိုက်လံချိုးဖျက်။အောင်
မြင်လွယ်မူ။ပါရမီဆယ်ပါး။အပြားသုံးဆယ်။စွန့်ခြင်းကြီးငါး
ပါး။ စရိယသုံးပါးတရားတို့ကိုတနေ့ထက်တနေ့။ ကြီးရင့်တိုး
ပွါးအောင်။ဖြည့်ကျင့်ဆည်းဖူးပြီးလျှင်။ ကိလေသာတည်းဟူ
သောရဲမက်ဗိုလ်ခြေအပေါင်းကို။ တိုက်ဖျက်ရမည်ဟူသော
ဥပဒေသ။ ထိုပါရမီရဲဖေါ်။ သူရဲတော်တည်းဟူသောရဲမက်
တို့တစတစ။အင်အားဖြဉ့်တင့်းကြီးပွါးခြင်းသို့ ရောက်လတ်
မူ။အဆုံးစွန်ဖြစ်သောကိလေသာရန်ကို။ မအောင်မြင်မိပင်။
မန္ဓာတုစကြဝဠာမင်းစသောအဖြစ်တို့နှိုက်။စကြာရတနာဆိုက်
ရောက်သည်နှင့်တပြိုင်နက်။ အရိမဒ္ဒနအဖြစ်သို့ ရောက်သည်
ဟူရကား။ ကိလေသာတည်း ဟူ သောရန်သူကိုပင်အောင်
မြင်နိုင်၍ရှိသည်ကို။ လောကီဘေးရန်တို့ကိုမူကား။အဘယ်
မှာလျှင်မအောင်မြင်နိုင်ပဲရှိတုံအံ့နည်းဟု။ မန္ဓာတုစကြာမင်း
တို့၏ထုံးကို။ ယူကျုံးမှတ်သား၍။ လောကီနှိုက် ဖြစ်သော

ကဝိလက္ခဏဒီပနီ။ ၂၄၁

ဘေးရန်အပေါင်းကို။ အောင်မြင်လိုသော်လည်းကောင်း။ သံသရာဘေး ဟုဆိုအပ်သော ကိလေသာ အစရှိသော ရန်အပေါင်းတို့ကို။ အောင်မြင်လိုသော်လည်း ကောင်း။ ပြဆိုခဲ့ပြီးသောပါရမီစာဂ။ စရိယတရား တို့ကို။ အားထုတ်ရမည်ဟူသောဥပဒေသမျှားကိုပြသည်ယူရမည်။



မေးခွန်းကောက်နုတ်ချက်ပါ။ နာသတ်ဝိသဇ္ဇနီထိုးစပ်နည်း၆ပုဒ်တွင်။ဒုတိယပုဒ်။

လေးရာပြဿနာ။မြို့ကူးခန်း။ ပခန်းခေါ်တဝေါ့။ ။ပဌမ ပုဒ်ရင်း။ သည်ကား။

ကုလားတရာမြန် မာတသောင်းတို့သည်။ ဝေးသံး ပဿာဌ။ လုံးကိုတူးဖို့၍လေးရာပြုမြို့၏။အဖြစ်ဖြင့်။အဝန်းတာငါးရာ တည်အပ်သောကူးခန်းမြို့ကို။ယခုပခန်းဟုအမည်ဝေါ် ဟာရတဝေါ့တပါးဖြင့်။ခေါ်ဝေါ်သည်ဆိုလိုသည်။

ဤနိုက်။ပခန်းမြို့။လေးရာပြုမြို့ဖြစ်ကြောင်းကို။ပခန်းမြို့ အဝယဝဏ္ဏ သဓိုင်း။ပဌမကျော်အောင်စံထား ဆရာ တော်စိရင်သည်။အဌဿသလိန်ဂဏ္ဌိများတွင်ဆိုသည်။လေးရာပြုမြို့၏။ အကြောင်းမှာ။သက္ကရာဇ်သုံးရာခုနစ်ဆယ်ကိုးခု။ နန်းတက်တော်မူသော နော်ရထာမင်းစောနန်းစံတဆဲ့ခြောက်နှစ် ဖြော်။ သက္ကရာဇ်သုံးရာကိုးဆဲ့ငါးခု။ တပေါင်းလဆန်း၂ရက်သောကြာ နေ့တွင်။ ရှမ်းပြည်မောမင်း နှင် ငံဖြစ်သောကမ္မောဇတိုင်းနှင့်။ မြန်မာပြည်တမ္ဗဒီပတိုင်းနှစ်ဘက်အကြား။ ရှမ်းယွန်းတို့ မရောမစပ်

စိမ့်သောဌာ။ကောင်းစင်း။ ကောင်း တုံ။ ငရုံး။ငရင်း။ ရွှေကူ။ ယင်းခဲ။မိုးတား။ကသာ။ ထီးကျည်း။ မြတောင်။ တကောင်း။ ဟင်္ဂမော်။ကြီညှပ်။စမ္မာယ်နဂိုရ်။ငစည့်ကူး။ ကုန်းသာယာ။မ ကွေးတရာ။ အောင်အုတ်။ရေနံသာ။ နဂါးမော်။ ယင်းမာတဲ။ စုန်းမြို့။တုံပုံ။မတ္တရာ။သက်ငယ်ကျင်း။ဝါးရင်းတုတ်။ တောင် ပြုံး ကြီး။ ကန်ကြီး မြို့။ မြို့တင်။ လဟေး။ ရှည့် မတက်။ မက္ခ ရာ။တအုံ။မြင်စိုင်း။မြစ်သား။ဟိုင်း တက်။ သာဂရ။ ညောင် ရမ်း။ရွှေမြို့။ပက်ပါ။မြို့လှ။ကဲလင်း။ ဆွာ။ဗာရာဏသီ။ဟူ၍မြို့ ပေါင်းလေး ဆဲ့သုံးမြို့ကို။ တပြိုင်နက်တချက်တည်းစ၍တည် စေသည်။သည်မှတပါး။နိုင်ငံတော်အတွင်း။ မြန်မာပြည်။သုံး သိန်းက။ခေါင်းတည်၍။ထောင်ပြု။ ။ရှစ်ရာပြု။ ။၄၀၀ပြု။ ။ ၃၀၀ပြု။ ။၂၀၀ပြု။ ။၁၀၀ပြု။ ။၈၀ပြု။ ။၅၀ပြု။ ။၃၀ပြု။ ။ ၂၀ပြုထိ၊အသီးအသီး။မြို့ပြတည်ရသည်။ ။

မင်းတရားကြီးနိုင်ငံလည်တော်မူလျှင်။ ထိုမြို့များက။ ၍ကဲ့သို့လက်နက်ကိုင်ခွဲစုကျမှတ်သားသဉ့်အတိုင်းပါကြရ သည်။ ။၄၀၀ပြုမြို့သည်သူရင်း၄၀၀ပေးရရိုး။ သူရင်း၄၀၀ ပေးရလျှင်။ ၄၀၀ပြုနယ်အတွင်း။ တအိမ်ငွေ၁။စီပေးရိုး။စစ် သည်သူရင်းဒိုင်ကိုင်၅၀။ လေးသား၈၀။လှံဒါး၅၀။ သေနတ် ကိုင်၈၀။ဝန်ထမ်း၅၀။အမြောံတွင်မီးစာကိုင်၉၀။မင်းတရား နိုင်ငံတော်လည်လျှင်ပေးရရိုး။ သည်ကိုလျှင်။ ၄၀၀ပြုမြို့ခေါ် သည်။၅၀၀ပြုမြို့စသည်နှိုက်။၎င်းနည်းလက်နက်ကိုင်ခွဲစုကျ အတိုင်းခန့်သည်။ယင်းသို့ဖြစ်၍။ မင်းစစ်သွားသောအခါ။မြန် မာပြည်သုံးသိန်းပြု။ သုံးသိန်းပါရသည်ဟူ၍။ရာဇဝင်တော်စ တုထ္ထတွဲတွင်ဆိုသည်။ ။သည်ကိုထော်၍။ ၃သိန်းပြုမြို့က။ ၂၀ပြုမြို့ထိခေါ်ဝေါ်ရိုးရှိသည်ဟုမှတ်ရမည်။

ရာပြု။ထောင်ပြုစကားမှာ။အမျိုးယုတ်မြတ် ကိုဆိုရာ။ မနုရင်းဓမ္မသတ်စတုထွဝိုင်းတွင်။ ။ရာဇကုလံစမူပတိ။အမစ္စံ ဗြိာဟ္မဏံသေဌိံ။ဂါမဏိဘူဂုတ္တကံ။ သဟဿသတဗန္ဓဋ္ဌ။ ။ စတုပဋ္ဌဗန္ဓာဒိကံ။ရာဇပဂ္ဂဟဌာနကံ။ဥစ္စာဇနံပကာသေယျ။ ဇူတိဝုတ္တံမဟောသိနာ။ ။ရာဇကုလံ။ မင်းမျိုး။ စမူပတိ။စစ်သူကြီး။အမစ္စံ။အမတ်။ဗြိာဟ္မဏံ။ပုဏ္ဏား။သေဌိ။သဌေး။ဂါမဏိ။ရွာသူကြီး။ ဘူဂုတ္တကံ။ မြေတိုင်။ သဟဿ သတဗန္ဓဋ္ဌ။ ထောင်ပြုရာပြု။စတုပဋ္ဌဗန္ဓာဒိကံ။လေးရာပြုငါး ရာပြု စသော သူ။ရာဇပဂ္ဂဟဌာနကံ။ နေရာငါးသွယ်မှအ လွတ်ဘွဲ အမည် အရည်ဖြင့်မင်းသူကောင်းပြုသူ။ဇူမေ။ဤသူတို့ကို။ ဥစ္စာဇနံ။ မြတ်ကုန်သောသူတို့ဟူ၍။ ပကာသေယျ။ ပြရာ၏။ဇူတိ။ဤ သို့။မဟောသိနာ။ရသေ့မြတ်သည်။ ဝုတ္တံ။ ဆိုအပ်၏။ ဟုလာ သည်။

ဂင်းအဖွင့်။သခေါ်ပတ္တဇောတိကာဋီကာတွင်လည်း။ ။ သဟဿသတဗန္ဓဋ္ဌိ ထောင်ပြုရာပြုဇူတိချာတသဟဿဗန္ဓ နသတဗန္ဓနံဟူ၍ဂင်း။စတုပဋ္ဌဗန္ဓာဒိ ကဋ္ဌိ။ လေးရာပြုငါးရာ ပြုဇူတိချာတစတုဗန္ဓ နပဋ္ဌသ တဗန္ဓ နာဒိကံ။ ဟူ၍ဂင်း ဖွင့် သည်။ ။ထိုမှတပါး။နရပတိစည်သူမင်းကြီးသည်။ သာသ နာ တော် မြတ်စီး ပွါး။ ကိုယ်တော်မြတ် စီး ပွါး။ သား တော် အစည်။မြေးတော်အဆက်။ မြစ်တော်အညွှန့်တို့စီးပွါး ကို။ခု နစ်ဆဲ့လေးနှစ်တိုင်တိုင်။ဆောင်ရွက်တော်မူ၍။သားတော်အ ကြီး။ ဇေယသူရ။ ရာဇသူ။ဂင်ါသူ။ ပျံချီ။ ဇေယသိခ်။ သား တော်ငါးပါးတို့လက်ကို။ အလှည့်အလှည့်အလှယ်အလှယ်ယူ တော်မူပြီးသော်။ရင်တော်ထက်တင်ထား၍။ခပ်သိမ်းသောအ မှုမျိုးတို့ကိုဆုံး မတော်မူရာ။ အမှုထမ်း တို့မှာ။ ခြေဆယ်ပွဲမှ မျင်းတင် ရာသည်။ မြင်းဆယ်ပွဲ မှဆင် တင် ရာသည်။ ဆင်

ဆယ်ပွဲမှလှေတင်ရာသည်။ လှေဆယ်ပွဲမှ။ လေး ရာပြုမြှိကို။ ပေးရသည်ဟု။မိန့်တော်မူကြောင်းကို။ ရာဇဝင်တော်ပဋ္ဌမတွဲ တွင်ဆိုသည်။ ။ရွှေနန်းတော်ရှိ။နန်းစည်စာရင်း နှင့်ညှိနှိုင်း လျှင်လေးရာပြုမြှိမှာ။ ယခုမျက်မြင် နှင့်ထေခံလျှင်။ နယ်ပယ် အိမ်ခြေပမာနများမှာ။ကူးခန်းမြှိခန့်ရှိသည်ဟုမှတ်ရမှည်။

ကူးခန်းအမည်ရင်း။ ပခန်းနေခံတွင်သည် ဟူရာနှိုက်။ အဌသာလိနီဂဏ္ဌိတွင်။ ။ဝသံပူရေတုကုခန္ဓေ။တိရဒေသေ ဝါဘူမိဂံ။နိဂ္ဂဟောပါဒါပခန္ဓာ။ကခ်ိစ္ဆာပဌနာမကေ။ ။ဘူ။ မြေကို။ဝါ။ဘူခနံ။မြေတူးခြင်းကို။ဥပါဒါယ။ စွဲ၍။ ကုခန္ဓေကု ခန္ဓသမတေ။ကူးခန်းဟုသမုတ်အပ်သော။ဝါ။ အကြောင်းတ ပါးကား။မိဂံ။သမင်ကို။ ဝါ မိဂံဓာဝန္တသုဝဏ္ဏမိဂံ။ ကူးသန်း လေသောရွှေသမင်ကို။ ဥပါဒါယ။ စွဲ၍။ တိရဒေသေ တိရဒေ သသခ်ါတေ။ ကူး သန်းအရပ်ဟုသမုတ်အပ်သော။ ဝါ။ အ ကြောင်းတပါးကား။ နိဂ္ဂဟံ။ မဟာနရပတိ၏နှိပ်ခြင်းကို။ဥ ပါဒါဥပါဒါယ။ စွဲ၍။ ပခန္ဓေပခန္ဓသညိတေ။ ပခန်းဟုဆိုအပ် သော။ပူရေ။မြှိနှိုက်။အာကခေ်။တောင့်တသဉ်။သတိ။ရှိသော်။ ဣ ဆ္ဆာဣ ဆ္ဆာယ။ပြည့်စုံခြင်းကြောင့်။အပဌနာမကေ။မတောင့် တဟုအမည်ရှိသော။ဝိဟာရေ။ ကျောင်းနှိုက်။ဝသံဝသန္တော။ နေသော။ ဤသို့စသည်ဖြင့်။ မြေတောင်ကိုတူ။ဖြိုခြင်း ကိုစွဲ၍ ကူးခန်း။ ဓာတ်တော်ရွှေ သမင် ယောင် ဆောင် ၍ပြေး သွား သည်ကို အစွဲပြု၍ ကူး သန်း။ နရပတိကြီး သည်။ အသိန်းမ ကသောစစ်သည်နှင့်တကွလါ၍တိုက်သိမ်းသောအဆုံးနှိုက်။ ကူးခန်းကူးသန်းဟူသောအမည်နှစ်ပါးကိုပယ်ပြီးလျှင်။ နံနှိပ် သောအားဖြင့်။ ပစေခန်းစေဟုမှည့်ခဲ့ သော ပခန်း။ ဤသို့အ မည်သုံး ပါး ပြား ကြောင်း ကိုဆို သည်။ ။ကူး ခန်း။ ကူး သန်း။ပခန်း။အမည်သုံးပါးဝိဂြိုဟ်ဝစနထွမှာ။ငမြောငယ်ဘုမ္မိရ

တနာဆရာတော်နှင့်။ပဌမကျော်အောင်စံထားဆရာတော်တို့ မေတ္တာစာ။ဗားကရာဆရာတော်အဖြေတွင်ရှိပြီ။ ကျယ်လွန်း အံ့စိုး၍မရေးလိုက်သည်။

သတ်ပုံအစပ်တွင်။ ကူးခန်းတမည်။ ပခန်းတမည်။အမည်နှစ်ပါးသာပါသည် ကူးသန်းအမည်မပါ။ မပါကြောင်းလည်း။ကူးခန်း။ကူးသန်း။အမည်နှစ်ပါးမှာ။မြို့တည်စည်ကာလ။ပဝတ္တနိမိတ်။ ၎က်နိမိတ်များကိုစွဲ၍ တည်ရင်းကာလကပင်။ရရင်းအမည်ဖြစ် သောကြောင့်။ ကူးခန်းဟူက။ကူးသန်း။ ကူးသန်းဟူက။ကူးခန်း။ မကွဲသင့်ဖြစ်၍ အထူးမဆိုသည်ဟုမှတ်ရမည်။ ။ပခန်းကိုလည်း။ အပ္ပသုတဖြစ်သူတို့ကား။ပနှိုက်ဥဆွဲ၍ပုခန်းဟုရေးသားကြသည်။ ပခန်းအမည်ဖြစ်ရင်းအကြောင်းကို။ထိုသူတို့မသိခြင်းမျှသာလျှင်။ ပမာဏဟုမှတ်ရမည်။ ။ရတနာဗိမါန်ကျောင်းကျောံစာ။တက်နွဲကျောင်းကျောံစာ။ ညောင်ရမ်း မင်းတရား ကြီး ကောင်းမှုအဝမြို့ရှိမဟာမြတ်မုနိကျောံစာ။ ပခန်းမြို့ရှိတောင်မင်း ကျောင်းကျောံစာ။ကူနီဘုရားကျောံစာများနှိုက်မူကား။ရှေးအမည်ရင်းကိုစွဲ၍ကူးခန်းဟု။ ရှေးပညာရှိကပိသူမြတ်တို့ ရေးသားတော်မူစမှတ်ပြုကြကုန်သည်။ ။အပဏ္ဏကပျို့တွင်လည်း။ကုံခနတိ။ ဝိဂြိုဟ်ရှိသည်။အဓိကရဏ။ သဘာဝဖြင့်။ မြန်မာအလို။ကူးခန်းဆိုသား။ နဂိုရ် သာစည်။ ရပ်ရွှေပြည် ဝယ်။ ဟု စပ်ဆိုသည်။

ဤစကားရပ်ဖြင့်။ရေမြေသေဌ်နင်း မင်းတို့မည်သည်။ ဥပဒေသ။ မှူးမတ်မင်းချင်းမင်းခစားအမှုထမ်းသူရဲ သူခက်တို့အား။ရည်သွားအလျောံ။ချင့်ထောံတော်မူပြီးလျှင်။ ထုံးဥပဒေရှိသည်အတိုင်းခြေဆယ်ပွဲလျှင်မြင်း။မြင်းဆယ်ပွဲလျှင်ဆင်။ ဆင်ဆယ်ပွဲလျှင်လှေ။လှေဆယ်ပွဲရမှ။မြို့ပြကံကျွေးပေး၍သူကောင်းပြုရ

မည်ဟူသောဥပဒေသ။နိုင်ငံတော်အတွင်း။အရပ်ရပ်မြို့ကျေး ရွာများကိုလည်း။ အင်အားအလျောံချင့်ထောံပြီးလျှင်။ ကောံ ငင်ကာရအောင်။ ဤမြို့ကားသူရင်းတထောင်။ ဤမြို့ ကားသူ ရင်းငါးရာ။ လေးရာ။ သုံးရာစသည်ဖြင့်။ ခန့်ထားဖွဲ့စည်းပြီး လျှင်။ထိုသူရင်းကျလူတို့အား။ အင်အား ဖြည့်တင်းအောင်အ မြဲသိမ်းမွေးပြုစု၍။ နိုင်ငံတော်အတွင်းမြို့ပေါင်းမဉ့်မျှ။သူရင်း ရဲမက်မည်မျှ။ အပြည့် အစုံ အလုံ အ လောံ အ ခိုင် အခန့်ရှိ ကြောင်းကိုနှလုံးမူ၍။ ယင်းမှမ ဆုတ်မယုတ်စေရ။ တစတစ တိုးတက်ပွားများအောင်။အားထုတ်တော်မူရာသည်ဟူသေါ ဥပဒေသကိုပြသည်ယူရမည်။

———oo———

မေးခွန်းကောံနုတ်ချက်ပါ။နသတ်ဝိသဇ္ဇနီထိုးစပ်နည်း ၆ပုဒ်တွင်။တတိယပုဒ်။

ပုဒ်ရင်း။ အိပ်လိုရဟန်း။စားလိုမှန်း။ပုစ္ဆာန်းလုပ်ပါလေ။ ။ဟူ သည်ကား။

ဝိဏ္ဍတ္ထ။ အိပ်လိုလျှင်ရဟန်းလုပ်။ စား လိုလျှင်ပုစ္ဆာန်းလုပ်ဆို လိုသည်။

အဝယဝတ္ထ။ ဤနှိုက်။အိပ်လိုလျှင်ရဟန်းလုပ်ဟူသောခေါ်ဝေါ်ပြော ဆိုရိုး။အစည်ရှိကြောင်းမှာ။ သက္ကရာဇ်တထောင်သုံးဆဲ့လေး ခုတွင်။သားတော်အိမ်ရှေ့ မင်းနရာဝရရွှေနန်းတက်၍။ ဥကင် သဖွင့်တော်မူ၏။ မဟာသီဟသူ ရမေ္မရာဇာတံဆိပ် နာမံခံ တော်မူသဉ်။ထိုမင်းလက်ထက်ရွှေစဉ်း ခုံမြေဝံစောင်းတန်းအ

နီးတွင်။ ဇေတဝန်ခြေတိုင်ကျောင်းဟုခေါ်ဝေါ်သောကျောင်း ဝယ်။ စာပေသင်သောပဉ္စင်းပျို တဦးသည်။ ကျမ်းဂန် တတ်လျက်။အရွယ်ပျိုသည်နှင့်ပျိုစိတ်သို့လိုက်၍လူဝတ်လဲမည်ကြီသဖြင့်။ ဝတ်စားတန်ဆာယူလျက်။ အဖေါ်ရ ဟန်းများ နှင့်။ ယင်းရဲဆိပ်သို့လာကြသော်။ ရဟန်းအဖြစ်နှင့်။ဘုရားကိုရှိခိုးမည်။လိုဏ်တွင်းသို့ဝင်၍ရှိခိုးပူဇော်သည်။ထိုအခိုက်တွင်။ တကာမတယောံသည်လိုဏ်ပြင်ကရေချမ်း သွန်း၍ ဤကောင်းမှုဖြင့်ဆင်းရဲငရဲကင်းပါလို၏။ ဖြစ်လေတိုင်းသော ဘဝနှိုက်လည်းလူထွက်မယားမဖြစ်ပါလို ဟုဆုတောင်း၏။ ထိုသို့ဆုတောင်းသံကို။ ထိုပဉ္စင်း ပျိုကြား လေလျှင်။ အံ့ဖွယ် သူရဲငါလည်းလူထွက် မည်လာ သည်။ တကာ မ လည်း ပြင် က ဆုတောင်းသည်မေးရစေဦး ကြီ၍။ လိုဏ်ပြင်သို့ ထွက်ပြီးမှ။ လူထွက်မယားမဖြစ်ပါလို။ ဘဲ့ကြောင့် ဆုတောင်း သနည်းမေးလျှင်။ တကာမဤသို့ ဆို၏။ လူ ထွက် မယား မဖြစ်ပါလိုဆုတောင်းသည်ကား။ လူမိုက်မယားမဖြစ်ပါလို။ ဆိုလိုပါသည်ဆိုသော်။လူထွက်လျှင်ပင်မိုက်လေတော့ သလောမေးပြန်၍။ လူထွက်သော ရဟန်းသည် ဘဲ့ကြောင့်မမိုက်ပဲ ရှိတော့မည်နည်း။ရဟန်းမည်သည်ကား သူလှူသောအဝတ်အစား။သူလှူသောအရိပ်သခိမ်း ကိုသုံး ဆောင်စားသောံ၍ချမ်းသာစွာနေရသည်။စာပေကျမ်းဂန်သင်လိုသော်လည်းသင်ရ၏။ မသင်လိုလျှင်။သက်နှိးကြီးကိုခြေကန်ကာသာ။ အိပ်လိုသမျှအိပ်နေရသည်။ ထိုသို့စည်လျက် သုကျွန်ခံဦးမည်။ လူထွက်သောရဟန်းထက်မိုက်သောလူမရှိ။လူမိုက်မယားဖြစ်ချေက။ အကျွန်နုပ်မဆင်းရဲပြီလောတကာမဆိုသည်ကိုကြားလျှင်။ ထိုပဉ္စင်းပျိုသည်သတိသံဝေဂ ရသဖြင့် ယင်းရဲထခါးသို့ထွက်၍ ကြီမှိုင်ကာရပ် လျက်နေ၏။ ထိုအခိုက်တွင်။ ဝတ်စား တန်ဆာ

ဆောင်ယူခဲ့သောအဘော်တို့ကခေါ်သည်ကို။ လာခဲ့ကြပါဦး ဆို၍လာကြလျှင်။ ယခင်အကြောင်း မျိုးကိုပြန်ပြော၍။ ယခုမှ ကိုငါလူဝတ်မလဲပြီဟု။ စကိုင်းသို့ကူးလေသည်။ ဆုတောင်း သောတကာမသည်။လူမဟုတ်။ နတ်စောင် မသည်ဖြစ်သည် ဟုပညာရှိတို့ဆိုစကြသည်။ယင်းသည်နေဝံ။ထိုပုဂ္ဂိုလ်ကား။ ကျပ်းဂန်တတ်မြေဂံလျှင်။တိလေါကါလက်ာရတံဆိပ်ခံ၍။အ လက်ာပုဂ္ဂိုလ်ကျော်သုံးပါးအဝင်ဖြစ်သည်။ စကားပြေပြစ်၍ ခေါ်ဝေါ်လွယ်စေခြင်းငှာ။ ကအက္ခရာခြေ၍။တိလောဂရတွင် လေသည်ဟူ၍။အာစရိယဝံသဟောင်းနှင့်။ သာသနာလက်ာ ရစာတမ်းများတွင်ဆိုသည်။ယင်းစကားကိုထေခံ၍။ စကား စည်ဆက်မပြတ်။ အိပ်လိုရဟန်းလုပ် ဟုဆိုစမှတ် ပြုကြကုန် သည်။

စားလိုလျှင်။ပုစ္ဆာန်းလုပ်ဟူရာနှိုက်။ပုစ္ဆာန်းဟူသည်။ နတ်ကိုပူဇော် ပသပွယ် ရင်တတ်သော သူဆို လို သည်။ ထို ပုစ္ဆာန်းသည်မှာ။ မြို့ပြထီးနန်း တည်လုပ် သောအခါ။ ဗာလိ နတ် စာပေး သောအခါ။ နန်းစောင့်နတ်။ ထီးဖြူတော် စောင့် နတ်။ ရာဇပလ္လင် တော်စောင့်နတ်။ မြို့စောင့်နတ် စသည် တို့ အား။အပရိဟာနိယတရားနှင့် အညီ။ ပူဇော်ပသသောအခါစ သည်တို့နှိုက်။စားဖွယ်သောံဖွယ်။အလွန်ပေါရမ်းသည်ဖြစ်ရ ကား။စားလိုလျှင်ပုစ္ဆာန်းလုပ်ရမည်ဟုဆိုစမှတ်ပြုကုန်သည်။ ပုစ္ဆာန်း သည် တို့ အား။ ပြဆိုခဲ့ ပြီးသော အခမ်း အနား ကြိမ် ကြိုက်လျှင်။ ပူဇော် ပသ မြဲဖြစ်ကြောင်းကို။ ဇောတိ တတ္ထ ကျမ်း။ မစ္ဆ ပူရာဏ်ကျမ်း။ဒေဝီပူရာဏ်ကျမ်း။ ဗြာဟ္မပူရာဏ် ကျမ်း။ရှေးရှေးသောမြို့တည်နန်းတည် စာတမ်းများနှိုက်လာ သည်အတိုင်းပုစ္ဆာန်းသည်တို့ ပွယ်ရင်ပူဇော်ရသည်အခမ်း အနားများမှာ။ မြို့နန်းတည်ရာမြေကို။ သုတ်သင် ရှင်းလင်း၍။

ဂြိုဟ်နတ်။သျှန်တီဟုံးပူဇော်သောအားဖြင့်စီရင်ရာနှိုက်။အထူး ထူးကုန်သော သစ်မြစ်သစ်သီးစားဖွယ် ခဲဖွယ်နိုးခမ်းထော ပတ်ငါးကောင်လုံး ကြော်တို့ဖြင့် ပူဇော်ခင်း ကျင်းရာ၏။ ထိုနောင်အသက်ရှင်သောငါးကြင်းပွတ်ကိုထည့်၍။ရေဖြင့်ပြည့် သောကြာသွတ်အိုးကို ရွှေစင်ဖြင့် ပြုလုပ်သော ရွှေကြာပွင့် နှင့်တကွပွင့်ချပ်တရာရှိသောပဒုမာကြာခိုင်။ပေါက်သစ်သေါ သရက်ညွန့်တို့ဖြင့်အိုးဝနှိုက်။ စိုက်ထားဖုံးလွှမ်းပြီးမှ။ဆီမီးရှိ ရှားသီး။ လွန်သီး အစရှိကုန်သော သစ်သီး တို့ဖြင့် ထက်ဝန်း ကျင်ဆင်ယင်ခင်းကျင်း၍မြှိနန်းတည်သောမင်းတရား၏။ ရွှေ ရှုမျက်မှောံနှိုက်တည်ထားရာ၏။ ထိုနောင် အစာ မချေသေး သော ပုဆိုးဖြူကို ဝတ်၍ ပန်းဖြူ ကို ပန်လျက်။ လက် ကောံ လက်ကျပ်လက် စွပ်တို့ကို ဆင်ယင်၍ ထက်ဝယ်ဖွဲ့ခွေနေပြီး လျှင်။ မြှိရာနန်းရာမြေကို စောင့် တတ်ကုန် သော ဒိသာပါလ နတ်။ဘူမိပါလနတ်တို့အား။

ဥုံသဂ္ဂပါတာလမဇ္ဈေသု။ ယေဒေဝါ ဝတ္ထုသမ္ဘဝါ။ ဝ ဟန္တိမံဗလိုကထံ။ တုဌာယန္တုသုံမန္ဒိရံ။ ။ဇောတိ တတ္ထ ကျမ်း။ ။ဤမန္တရားဖြင့်ခေါ်ရာ၏။ ။သဂ္ဂပါတာလမဇ္ဈေ သု။နတ်ပြည်၏။အလယ်။သမုဒ္ဒရာတို့၏။ အလယ်တို့နှိုက်။ယေ ဒေဝါ။အကြင်နတ်တို့သည်။ဝတ္ထုသမ္ဘဝါ။နေခြင်းဌာသင့်ကုန် ၏။တေဒေဝါ။ ထိုနတ်တို့သည်။ တုဌာ။နှစ်လို့ကုန်လျက်။သု မန္ဒိရံ။ ကောင်းမြတ်သောငါတို့ မြှိနန်းရာသို့။ အာယန္တု။လာ လှည့်ကြကုန်။ ကတံ။ပြုစီရင်အပ်သော ဤဗါလိနတ်စာကို။ဝ ဟန္တု။ခံလှည့်ကြကုန်။ဥုံ။ပြီးစီးအောင်မြင်စေသတည်း။

မီးနတ်။ယဇ်နတ်။ဇယန္တနတ်။သိကြား။နေနတ်။ဂြိုဟ်မှ အလွတ်ယူရမည်။ ။သကျနတ်။ ဘိသနတ်။ ကောင်း ကင် စောင့်နတ်။လေနတ်။ပုသနတ်။ ။ဝိတတနတ်။ ဂေဟက္ခတ

နတ်။ ယမနတ်။ ဂန္ဓဗ္ဗနတ်။ ဘိဂ်ရာဇနတ်။ မိဂ နတ်။ ပိတရာ နတ်။ဒေါဝါရိကနတ်။သုဂိဝနတ်။ပုပ္ပဒန္တနတ်။ ။ရေစောင့်နတ်။ အသူရာနတ်။သေါသနတ်။ ပါပနတ်။ရောဂနတ်။ဟရိမုခနတ်။ ဘလွာတနတ်။သောမနတ်။သရပ္ပနတ်။အဒိတိနတ်။ ။ဒိတိ နတ်။အာပနတ်။ သာဝိတြနတ်။ ဇယနတ်။ ပရမေသွာရနတ်။ ဘရိယမနတ်။သိဝိတနတ်။ဝိဝသနတ်။ ဝိပုဓာဓိပနတ်။မိတြ နတ်။ ။ရာဇနတ်။ယက္ခနတ်။ပထဝီဓိရနတ်။အာပဝဿနတ်။ ဗြာဟ္မါနတ်။ဗြာဟ္မာမှအလွတ်ယူရမည်။ ။ဤကားခေတ္တပါ လနတ်မျိုးလေးဆဲ့ငါးပါးတည်း။ ။စရကီနတ်။ဝီဓာရီနတ်။ပု တနာနတ်။ပါပရက္ခသီနတ်။ကတ္တိကေယျနတ်။အရိယမနတ်။ ဇမ္ဘကနတ်။ ပိလိပိဥ္ဇနတ်။အဌမကနတ်။ ။ဤကား ကုရဘူ တနတ်ကိုးပါးတည်း။

ယင်းနတ်မျိုးတို့ကို။ရည်၍။စမ္ပေယပျိုးသစ်တွင်။ ။ ကောင်းကင်သမုဒ္ဒရာ။ဒိသာဇေယ။ခေတ္တဇနှင့်။ကုရဘူတ။စ သည်မကျန်။ဟူ၍စပ်ဆိုလေသည်သတိရှိခဲစွ။

ထိုနတ်မျိုးတို့ကိုပူ ဇော်ပွယ် ရင် ရာ။ ဇောတိ တထ္ထ ကျမ်း။မစ္ဆပူရာဏ်ကျမ်း။ မဟာကပိလကျမ်းများနှိုက်။ နတ် အိုးတည်ရမည်ကိုသာဆိုသည်။နတ်ရုပ်ရေးထုရ မည်မဆို။ နတ်ရုပ်ရေးထုလိုလျှင်။သရောဒယကျမ်း များ နှိုက်လာသော နည်းအတိုင်းရေးထုလေ။

တန်ကျစ်ရေး ရှစ်ဆဲ့တကွက်တွင်။ နတ်ကွန်းကန္နား တန်ဆောင်းနှိုက်နှီးခေါက်သင်ပျူးမွေရာနှင့်တည်ထါး၍နတ် အိုးရွယ်ရာ၏။ ထိုနောင်အလယ် အဘို့နှိုက်။ ဝါသုဒေဝနတ်။ သိရီနတ်သမီး။ ဗိဿဏိုးနတ်။ သူရနတ်လျှင်။ ခုနစ်ယောံ မြေဝံကုန်သောနတ်စု။မြေနတ်။ စန္ဒီနတ်သမီး။ ဝိ သကြိုနတ် တို့အား။ပန်းနံ့သာယီးတံခွန်စသည်တို့ဖြင့်ပူဇော်ရာ၏။ ။

ဤကား ဒေဝိပူရာဏ်ကျမ်း လာစကား ရပ်တည်း။ ။ယခင် ဆိုခဲ့ပြီးသောနတ်နှင့်။ ထိုမှတပါးကုန်သောနတ်တို့ကို လည်း မကြွင်းမကျန်ရအောင်။နတ်အိုးနှင့်ချဉ်းရွယ်ရာ၏။။ခေါ်သော မန္တရား။ဂိုဒိုးသောမန္တရား။ပူဇော် သောမန္တရား။ ဆုပန်သောမန္တ ရား။ဤမန္တရားလေးပါးဖြင့်။ယခင်က။ ခင်းကျင်းခဲ့သောဗါဝိ နတ်စာပူဇော်ပွဲနှင့်ပုန္နာန်းသည်တို့ပွယ်ရင်ပသပူဇော်ရာ၏။။ နတ်ဂိုဒိုးမန္တရားများမှာ။ဗြာဟ္မဝူရာဏ်ကျမ်းတွင်။ အကျယ်ကို ရှုတော်မူကြကုန်။

ယခင်ရေးသားခဲ့သည်။ စာဟောင်းစာတမ်းကျမ်းဂန် လာသည်များကို ထောံ၍။ အိပ်လိုလျှင်ရဟန်း။ စားသောံလို လျှင်။ပုန္နာန်းလုပ်ရမည်ကိုသိသာသည်။ ။သတ်ပုံအစဉ် တွင်။ပုန္နာန်းဟူသော ဝေါဟာရစကားမှာ။ ရှင်ဂုဏဝဒူံသ ကရေးသည်။ သိလက္ခန်ပါဠိတော်။ ဗြဟ္မဇာလ သုတ်နိသ ရည်းတွင်။ဘူတိကမ္မံ။နတ်ပုန္နာန်း အတတ်ရင်းဟု။မြန်မာပြန် တော်မူသည်။ ပခန်းကြီးမြို့စိရင်စု။ နေရင်း ရွာ ပုပ္ပါရုံဆရာ တော်ရေးသည် ၎င်းနိသရည်းတွင်။ ဘူတိကမ္မံ။ အိပ်ရာမြေ နှိုက်နေသောနတ်တို့ကို မန္တာန် သရဏ္ဂုယ် ၍ပူဇော်သောအမှု ဟု။ ယခုကာ လခေါ်ဝေါ်သည် အတိုင်း။ မြန်မာ ပြန်တော် မူ သည့်နှင့်။ထောံ၍သိသာသည်။

ထိုမှတပါး။ ပညာရှိတို့ရေးကြသည်။ စလင်းမြို့သရိုင်း သုံးစောင် အနက်။ တစောင်တွင်။ ဝသည်း တောန်ကို။ နတ် ပုန္နာန်းသည်တို့ကို။နတ်ပွယ်ရလေစသော ထိုအခိုက်တွင်။ နတ်ပွယ်သည်လည်း။ ပြီးတော့သည် ဟူ၍၎င်း။ ။ပုဂံရာဇ ဝင်ဟောင်းတွင်။ ။ပုပ္ပါးစောရဟန်း လက်ထက်မဟာဂိရိ နတ်ကိုယ်ထင်မပြ စကားမဆို နေရာ။ နတ်ပုန္နာန်း တို့ကိုမေး သော်။ဟူ၍၎င်း။ ။ငါးထပ်ဒါယကာမင်းတရားဆရာတော်

လောကျတ္တရာဟောရိုးတွင်။ ။နတ်ဝင်ပုစ္ဆာန်းဖြစ်အံ့ ဟူ၍ ၎င်းထွက်ဆိုသည်။ ။တကြောင်းလည်း။ ၁၁၄၆ခု။မဟာ ဝိဟိက်တိုင်း ဓညဝတီ ရခိုင် ပြည်ကြီး ကိုလုပ် ကြီ သိမ်းရုံး တော်မူရာရခဲ့ သော။ ဗောံဇရောက်ကေ တုဝတ္တု။ အလေးချီ နတ်ပူဇော်ခမ်းတွင်။ ။နတ်ပုစ္ဆာန်းတို့ကိုအာဏာထားတော်မူ ၏။နတ်ပုစ္ဆာန်းတို့ကိုလည်းအာဏာထားတော်မူတိုင်း ခွဲဝေ ပူဇော်သော်ဟူ၍ထွက်ဆိုသည်။

ရှင်မဟာသီလဝံသဆို။ ရှုလော့သွယ်ဖျူးချီ။ ရွှေနန်း ကြော့ရှင်နန်းတည် မော်ကွန်းတွင်။ ။သကာထော ပတ်။ နှမ်းချွတ်ဆီနှော။ ၎က်ပျောထမင်း။ ပြည့်ခြင်း ဖြိုးဖြိုး။ သောံ အိုးကြဌန်း။ပန်းဆောံပြီးနှင့်။ပွဲနှီးရရင်။ပွယ်ကျင်ပုစ္ဆာန်း။ ခေါ် မှန်းမုယော။ဟူ၍၎င်း။

၎င်းတွင်။ ။သုခိန်ရှေးတီး။ဖတ်ပြီးအမှန်။ရွှေစါပြန် က။ပွယ်ဟန်ပုစ္ဆာန်း။ ပန်းဆောံ ပြီးနှင့်။ နတ် ကြီး ခေါ်မှတ်။ ၎က်လည်းလွှတ်၍။ဟူ၍၎င်း။

ရှင်ကရဝိကဆို။ မင်းရဲကျော် စွာလေး ထပ်ကျောင်း တည်မော် ကွန်းတွင်။ ။နတ်ရကာလည်း။ ရသာချိုချည်။ ဘောဇည်ငါးမည်။ဖြိုးဖြိုးတည်၍။နတ်မည်မည်ပေး။ ခေါ်လုပ် ကျွေးသည်။ ။မြတ်လေးရိုသေပုစ္ဆာန်းတည်း။ဟူ၍၎င်း။

၎င်းတွင်။ ။ပုစ္ဆာန်းရိုသေ။သံခြေမပြင်း။ဖြည်းဖြည်း ညှင်လျက်။ဟူ၍၎င်း။

ပခန်းကြီးမြို့မြေခံ။တောင်မင်းကျောင်းဆရာတော်ရှင် ကုမာရကဿ ပဆိုဓမ္မရာသီဖျိုး။ သူဆင်းရဲခန်းတွင်။ ။ပွဲ တည်သဘင်။နတ်ဝင်ပုစ္ဆာန်း။တက္ကတွန်းနှင့်။ဟူ၍၎င်း။

မင်္ဂလါတန်ဆေါင်ချီ။နိမိတ္တကလက်ာတွင်။ ။ဇော်ဂနီ မှော်ဝင်။နတ်ဝင်ပုစ္ဆာန်း။ရဟန်းဦးဖြဲ။မျက်နှာမွဲနှင့်။ဟူ၍၎င်း။

စပ်ဆိုသည့်ကိုထောံ၍။ ရေးသားပြသခဲ့သည်အတိုင်း အမြဲယူမှတ်ရမည်။ နတ်ပူဇော်ပသသူကို။ ပစ္စွာန်းပွယ်သည်ဟူ၍။တောင်သူမိလက္ခ။။ရပ်စွန့်ပြည်နားသါးတို့သာ။ခေါ်ဝေါ်ပြောဆိုလေ့ရှိတော့သည်။မယုံမကြည်ရှိလျှင်။ ထောံလှမ်းမေးမြန်းတော်မူကြစေသတည်း။

ဤစကားရပ်ဖြင့်။ရဟန်းတော်တို့မှာ။ ဆွမ်းသင်္ကန်းစ ဥပဒေသ။ သောပစ္စည်းလေးပါး။ သုံးဆောင်ရန်မျှားကို။ အိမ်ရာထောင် သောလူတို့ကဲ့သို့။ငြိုငြင်သဖြင့်ရှာမှီးခြင်း ကိစ္စမရှိသည်ဖြစ်၍။ လွယ်လင့်တကူ သုံးဆောင်ရပြီကိုကား ဟု အိပ်ကာစား ကာမဖြစ်စေမူ၍။ရဌပါဏ္ဍော။ စသည်ကိုသုံးဆောင်ထိုက်အောင် ပစ္စဝက္ခနာဆင်ခြင်ခြင်း။ ဂန္ဓာဓူရဝိပသနာဓူရ နှစ်ပါးကို ပွားစေခြင်းစသည်ဖြင့်။ ဥက္ကောင်းနှိုက် လောင်အပ်သော မီး ကိုမငြိမ်းဦးပဲ။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်းကို သာ အာ လျှင်အားထုတ်ရမည်ဟူ သော ဥပဒေသ။ ရေမြေ သေဉ္ဇနင်း မင်းတို့အားလည်း။အပရိဟာနိယတရားနှင့်အညီ။အကြောင်း အားလျော်စွာကျမ်းဂန်ထုံးစံရှိသည် အတိုင်းပြဆိုခဲ့ပြီးသော နတ်ကြီးနတ်မြတ်တို့အား။ ပူဇော်ပသရမည်ဟူသော ဥပဒေ သ။မည်သူမဆိုခပ်သိမ်းသောသူတို့အားလည်း။ပစ္စာရဒိဝါစ ရတွေ့ရာစဟရန်တို့ ယေဗုယျ။ စသောဒေသနာ တော်နှင့် အညီ။ နတ်ကောင်း နတ်မြတ်တို့အား။ အထိုက်အလျောံ ပူဇော်ပသ ခြင်းကိုပြုရမည်ဟူသောဥပဒေသမျှားကိုပြသည်ယူရမည်။

မေးခွန်း ကေဝံ.နတ်ချက်ပါ။ နသတ် ၀ သဇ္ဇနိ ထိုးစပ် နည်းဓေပုဒ်တွင်။စတ္ထုဣတ္ထပုဒ်။

ပုဒ်ရင်း။ သင်းခွေ ဝတ်ပန်း။ ငယ်ဖြူ ခန်း။ မေးဝန်း အာ နက်စေ။ ။ဟူသည်ကား။

ဗိဏ္ဍတ္တ။ သင်းခွေဝတ်ပန်းငယ်ဖြူစသောဇါတ်အားဖြင့်ဆယ်ပါး။ အမွေးအားဖြင့်သုံးဆယ်။ ပြားသောမြင်းမျိုးတို့မှာ။ မေးဝန်းစေအာနက်စေဆိုလိုသည်။

အဝယဝတ္တ၊ ဤနှိုက်။မြင်းတို့၏အပြား။ မြင်းတို့၏အမွေး စသောအခြင်းအရာ များကို။ ဆိုသော သင်ကရိုဋ်ရေး အဿကြန္ဒကျမ်း။ အရပ်ရပ်မြင်းကြန်များမှ။ ထုတ်နုတ်၍ အကျည်းအမြွက်မျှရေးသားလိုက်အံ့။

ငါတို့မြန်မာလူမျိုးတို့မှာ။စားခြင်း။သွားခြင်း။လျင်မြန်သည်ဦးစွန်းရှိသတ္တဝါကို။ မြင်းဟူ၍ခေါ်သည်။ တရုပ်လူမျိုးတို့မှာ။မဟူ၍ခေါ်သည်။ တလိုင်းလူမျိုးတို့မှာ။ ခြယ်ဟူ၍ခေါ်သည်။ထိုသို့အထူးထူးသော လူမျိုးတို့သည် မိမိတို့ ဘာသာအားဖြင့်အသီးအသီးခေါ်ဆိုကြသည်။ မြင်းတို့သည်သာမညအားဖြင့်တပါးသာ။အမျိုးအားဖြင့်ပြားသည်ကို လိုက်၍ဝိသေသအားဖြင့်ခွဲသော်ကား။ဆယ်ပါးရှိသည်။ဆယ်ပါးဟူသည်ကား။

သိန္ဓောမျိုးတပါး။

ဝေလာဟကမျိုးလည်းတပါး။

ကောင်းကင်ခွဲဟူသောအမျိုးလည်းတပါး။

တိမ်တိုက်ကွန့်မြူးဟူသောအမျိုးလည်းတပါး။

ရွှေစင်တူနှိုင်းဟူသောအမျိုးလည်းတပါး။

ဤငါးပါးသောမြင်းမျိုးတို့သည်သမုဒ္ဒရာကောင်းကင်ပြင်။မြင်းမိုရ်တောင်ခြေ။အနဝတတ်အိုင်နား။ပုပ္ပါးတောင်ခြေ

တို့နှိုက်ဖြစ်သောမြင်းမျိုး၊ တို့သည်။ မြင်းပျံ တိမ်ညွှန့်စားမျိုး ဟူ၏။

လောမျိုးလည်းတပါး။

လိမျိုးလည်းတပါး။

ပွေးမျိုးလည်းတပါး။

ပုစည်းမျိုးလည်းတပါး။

မည်းမျိုးလည်းတပါး။

ဤငါးပါးသောမြင်းမျိုး တို့သည်။ လူတို့ပြည်တွင်ဖြစ် သောမြင်းမျိုးတည်း။ ဤနှစ်ရပ်ကိုပေါင်းလျှင် ဆယ်ပါး ဖြစ်၏။ ။ဝါပလေးမျိုး ဟူသော အမျိုးကွဲနှင့် သော်ကား တ ဆယ်နှင့်တပါးဖြစ်၏။

မြင်းမျိုးဝဝပါးတို့တွင်။ သိန္ဓောမြင်းမျိုးကား။ အနိမန် ကျည်းစေ့ခြေလေးဖက်မည်းသည်။ ။ဝေလာဟကမြင်းမျိုး ကား။ဖိုင်လျှံအဖြူ။ရောင်ကျောရိုးမည်း၏။ ။ကောင်းကင် ခွဲဟူသောမြင်းမျိုးကား။ ငယ်ဖြူ။ခံမျိုးတည်း။ ။တိမ်တိုက် ကွန့်မြူးဟူသောမြင်းမျိုးကား။အနီကိုယ်မွေးဝတ်ပန်း။ခြေလေး ဖက်နှုတ်သိမ်းအမြီးမှင်ဆံလည်ဆံဦး စွန်းအာစပ်။ ဤဆယ်ပါး ဖြူ။၏။ ။ဆွေစင်တူနှိုင်းဟူသောမြင်းမျိုးကား။အနက်စင်စင်ဝ တူနီးတောင်တည်း။ ။လေါဟူသောမြင်းမျိုးကား။မြို့ပန်းကျယ် သည်။ခြေလေးဘက်ကြီးသည်။မျက်လုံးငယ်သည်။ ။လင်္ဂမျိုး ယူသောမြင်းမျိုးကား။ သောင်းချည့်သည်။ ကျပ်သည်။ လင်္ဂ သည်။ ။ပွေးမျိုးဟူသောမြင်းမျိုးကား။ခြေတိုသည်။နှာရောင် တိုသည်။ကိုယ်ရှည်သည်။အမြီးရှည်သည်။ ။ပုစည်းမျိုး ဟူသောမြင်းမျိုးကား။ ခြေလေး ဘက်ရှည်သည်။ အမြီးရှည် သည်။ကိုယ်တိုသည်။လည်တိုသည်။ ။မည်းဟူသောမြင်း မျိုးကား။နံကိုင်းသည်။နားရွက်ကြီးသည်။ခြေလက်တိုသည်။

လည်ရှည်သည်။ကျေခံကုန်းကိုင်းသည်။အသံကျယ်သည်။ ။ အမျိုးကွဲဝါပလေးဟူသောဖြင်း မျိုး ကား။ ဖြိုးဆံမှင်ဆံများသည်။ကျေဝံကုန်းရိုးကိုင်း့သည်။ လည်သိုး သည့်။ သန့်စွမ်းသည်။ ။ဖြင်းတို့၏ဇာတ်ကိုဆိုသောစကားဖြိုး၏။။

အမွေးတို့၏အပြားကား။ဖေါင်းဝတ်မွေးဆယ်စီး။ စိုင်လျော်မွေးဆယ်စီး။ အုန်းခွံမွေးဆယ်စီး။ ဤသုံးပါးကိုပေါင်းသော်သုံးဆယ်တည်း။ ။အညို။အဖြူ။။အပြေဝံ။အပြာ။အမွဲ။အချေဝံ။ ။ဤအမွေး ခြေဝံပါးသည့်အမွေး ပေါက် လျှင်။ ရသင့်သည်ချည်းဖြစ်သော့ ကြောင့်။ ဖေါင်းဝတ်ခြေဝံစီး။ စိုင်လျော်ခြေဝံစီ။အုန်းခွံခြေဝံစီး။ဤခြေဝံစီးဂို၏။။ ။ဖေါင်းဝတ်မွေးခြေဝံစီးကား။ဖေါင်းဝတ်ညို။ဖေါင်းဝတ်ဖြူ။။ ဖေါင်းဝတ်ပြေဝံ။ ဖေါင်းဝတ်ပြာ။ ဖေါင်း ဝတ်မွဲ။ ဖေါင်း ဝတ်ချေဝံ။ ဤခြေဝံစီးတည်း။ ။စိုင်လျော်မွေးခြေဝံစီး ကား။ စိုင်လျော်ညို။ စိုင်လျော်ဖြူ။။စိုင်လျော်ပြေဝံ။စိုင်လျော်ပြာ။ စိုင်လျော်မွဲ။ စိုင်လျော်ချေဝံ။ဤခြေဝံစီးတည်း။ ။အုန်းခွံမွေးခြေဝံစီး ကား။ အုန်းခွံညို။အုန်းခွံဖြူ။။အုန်းခွံပြေဝံ။အုန်းခွံပြာ။အုန်းခွံမွဲ။အုန်းခွံချေဝံ။ဤခြေဝံစီးတည်း။ ။ဤသို့မှတ်ပြီး လျှင်။ ဖေါင်းဝတ်မွေးခြေဝံစီးတွင်။ သမင်ဝမ်း။ ဖေါင်းဝတ်နို။သင်းခွေ။ ဘယ်လင်းဤလေး စီးကို လောင်းသော်။ ဖေါင်းဝတ်ဆယ်စီး ဖြစ်၏။ ။စိုင်လျော်မွေးခြေဝံစီးတွင်။စိုင်လျော်ဝါ။ စိုင်လျော် ဝတ်ပန်း။စိုင်လျော်နို။ စိုင်လျော်တုတ်ကျယ်။ဤလေးစီးကိုလောင်းသော်။စိုင်လျော်မွေးဆယ်စီး ဖြစ်၏။။ ။အုန်းခွံ မွေး ခြေဝံစီးတွင်။အုန်းခွံညို။အုန်းခွံဝါ။အုန်းခွံကြိုး ကြာ။ အုန်းခွံနက်။ဤးလေးစီး ကိုလောင်းသော်။ အုန်းခွံမွေး ဆယ်စီး ဖြစ်၏။။ ။ ဆယ်စီးသုံးလီကိုပေါင်းသော်။သုံးဆယ်ဖြစ်၏။

ခပ်သိမ်းကုန်သော မြင်း တို့နှိုက်။ သိခက်လှ သောအမွေးကြီးကားငါးပါးတည်း။ ငါးပါးဟူသော် ကား။ ပထမအမွေးကြီး။ ဒုတိယအမွေးကြီး။ တတိယအမွေးကြီး။ စတုတ္ထအမွေးကြီး။ ပဉ္စမအမွေးကြီး။ ဟူ၍ငါး ပါး တည်း။ ထိုငါးပါးတို့တွင်။ပထမအမွေးကြီးကား။ နှလုံးနှင့် အဆုတ်ကြား တွင်ပင်တည်၏။ဒုတိယအမွေးကြီးကား။ အဆုတ်နှင့် အသည်းကြား တွင်တည်၏။ တတိယ အမွေး ကြီး ကား။ အ သည်း နှင့်အဆုတ်ကြား တွင်တည်၏။ စတုတ္ထအမွေး ကြီး ကား။ ၎င်းအသည်းနှင့်အဆုတ်ကြား တွင်ပင်တည် ၏။ ပဉ္စမအမွေး ကြီး ကား။နှလုံးနှင့်အဆုတ် ကြား တွင်တည်၏။ ထိုသို့ တည်ငြားသော်လည်း။အပနှိုက်မတည်။အတွင်းသဏ္ဌာန် နှိုက်တည်သဖြင့်အလွန်လျှင်သိနှိုင်ခဲ၏။ မီးခိုးကိုမြင်လျှင်။ ဤတွင်မီးရှိ၏။ ဟု။သိရသကဲ့သို့။ အကျိုးကိုမြင်လျှင်။ အကြောင်း ကိုပညာနှင့်ဆင်ခြင်၍သိရာသည်အကြောင်း ကား။ ပထမအမွေး ကြီး ကိုစီး သောအခါသိရာသည်။ ဒုတိယအမွေး ကြီးကို။ အစားကျွေး သောအခါ သိရာ သည်။ တတိယ အမွေး ကြီး ကို။အိပ်သောအခါသိရာသည်။ စတုတ္ထအမွေး ကြီး ကို။ ချည် တိုင်ကလွှတ်သောအခါသိရာသည်။ပဉ္စမအမွေးကြီးကို။ဆက်ခွံသေါအခါသိရာသည်။ ။ဤသို့အမွေးကြီးငါးဌာနကို ကာလငါးပါးဖြင့်မှတ်သိရာ၏။

ပထမအမွေးကို။စီးသောအခါသိရဟန် ကား။ မြင်းစီးအရာလိမ်မာသောသူသည်။ စီး နင်း လျက်ဖီလာ တစောင်းသွားခြင်း။ကုန်းခါခြင်း။ငုံလျှိုး၍သွားခြင်းစသည် ကိုပြုသဖြင့်ပဌမအမွေးကိုသိရာ၏။ဒုတိယအမွေးကိုအစာကျွေး သောအခါသိရဟန်ကား။မိမိစားခွက်ကိုပေါက် ကန် ယက် သည် ကို ၎င်း။ ပျို့အန်ထွေးတတ်သဉ်ကို၎င်းမြင်သဖြင့်ဒုတိယအမွေး

ကိုသိရာ၏။ တတိယအမွေးကိုအိပ်သောအခါ သိရဟန်ကား လူးလည်းခြင်းဟောဝံဟက်ခြင်း။ သွားကျိတ်ခြင်းစသည်ကိုပြုသဖြင့်တတိယအမွေးကိုသိရာသည်။ စတုတ္ထအမွေးကိုလွှတ်သောအခါသိရဟန်ကား။ အိပ်ရာနေရာချည်တိုင်မှန်းမသိသဖြင့်စတုတ္ထအမွေး ကိုလွှတ် သောအ ခါသိရာ၏။ ပဉ္စမအမွေး ကိုဆက် ခွံ သောအခါသိရဟန် ကား။ တဖြတ်ဖြတ်ဝါးတတ်သည်ကိုမြင်သဖြင့်ပဉ္စမအမွေး ကို သိ ရာ၏။ ဟူ၍ အရပ်ရပ်မြင်းကြန်များတွင်ဆိုသည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ မြင်းတို့နှိုက်။ ရုပ်ရည်သဏ္ဌာန်ဖွေကြန်လက္ခဏာကိုအစွဲပြု၍။ဖေါက်ပြန် သောအခြင်း အရာ။မဖေါက်ပြန်သောအခြင်းအရာများကို။မှတ်သားသိရဘိ၏။သို့ဆင်ကျွန်းစသောသ ဝိညာဏကအသုံးအဆောင်။ပုလဲ။ပတ္တမြားစသောအ ဝိညာ ဏကအသုံး အဆောင်များ ကိုလည်း။ ရုပ်ရည်သဏ္ဌာန်ကြန်လက္ခဏာကိုထောံ၍။ ဖေါက်ပြန်သောအခြင်းအရာ။မဖေါက်ပြန်သော အခြင်း အရာ။ အကျိုးအပြစ်များကိုသိမှတ်လိမ် မာ ရမည်ဟူ သောဥပဒေသ။ ယင်း သဝိညာဏကအသုံး အဆောင်။ အဝိညာဏက အသုံး အဆောင်များကို။ရုပ်ရည်သဏ္ဌာန်ကြန်လက္ခဏာဖြင့်ကျိုးပြစ်ကြောင်းရာများကိုသိမှတ်ပြီးလျှင်။ သင့်မသင့်ကောင်းမကောင်း။အပ်မအပ်များ ကိုဆုံးဖြတ်၍။သုံးဆောင်ခြင်းကိုပြုရသကဲ့သို့ခပ်သိမ်းသောသူတို့နှင့်ပေါင်း ဖေါ် ရှည်တွဲမှီဝဲဆည်းကပ်၍ အဆွေခင်ပွန်းပြု လုပ်လိုသူတို့သည်။ထိုသူ၏။ပညာရှိမရှိ။သီလရှိမရှိ။စင်ကြယ်၏။မစင်ကြယ်။ ရဲရင့်၏။မရဲရင့်များကိုအတူတကွစကားပြောဟောခြင်း။အတူတကွပေါင်းဖေါ် ခြင်း။အတူတကွအမှုကြီးငယ်ရွက်ဆောင်ခြင်း။ ဘေးရန်တွေ သော

အခါစသည်တို့နှိုက်သိအပ်သည်ဟူရကား။ဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့ကို။ သိအောင်နှလုံးမူ၍ ပေါင်းအပ်။ မပေါင်း အပ်။မှိုဝဲအပ်မမှိုဝဲအပ်များကိုချင့်ထေဝံပြီးလျှင်။အကျိုးမရှိအံ့ သသူတို့နှင့်။ မပေါင်း ဖေါ်မူ၍။ အကျိုးရှိအံ့သသူတို့နှင့် သာ ပေါင်းဖေါ်ရှည်တဲ့ မှိုဝဲ ဆည်း ကပ် ရုမည်ဟူသောဥပဒေသ များကိုပြသည်ယူရမည်။

——————oo——————

မေးခွန်း ကေဝံ နုတ် ချက် ပါ။ နသတ် ဝိသဇ္ဇနီ ထိုးစပ် နည်းဖေပုဒ်တွင်။ပဌမပုဒ်။

ဖွေဆိမိုးထွန်း။နားတွင်ဝန်း။မျက်မှန်းမြင်တတ်စေ။ ။ ပုဒ်ရင်း။ ဟူသည်ကား။

မြင်းဖွေမျိုးလေး ဆဲ့ငါး ပါးကို။ ပဌာနအားဖြင့်ပြရာ။ ဝိဏ္ဏာဏ။ နားဌာနနှိုက်။ဖွေလေးရပ်ရှိသည်တွင်။နားဗျားနှိုက်တည်သော ဖွေကိုမြင်လျှင်မြင်းကြွနှိုက်လာ သောခေါ်ဝေါ်ရိုး ဖွေတန်း ဆောင်ကို။ဝေါဟာရလွှဲးသွဲသောအား ဖြင့်။ ဤဖွေကား။ ဖွေ ဆိမိုးထွန်းတည်းဟုသိမှတ်လေဆိုလိုသည်။

ဤနှိုက်။ မြင်းဟူသော၊ဝေါဟာရ။ မြင်း ဟော အာသ အဝယဝတ္ထ။ သဒ္ဒါ၏။ဝစနတ္ထ။ ၎င်းမြင်းတို့နှိုက်ပါ သော ဖွေသဒ္ဒါ သရုပ် များကို။ ယခင်ပြဆိုခဲ့သောအသကြွန္ နကျမ်း။ ရှေးမြင်းကြွန် ဟောင်း။အရပ်ရပ်မြင်းကြွန်များမှ။ ထုတ်နုတ်၍အ ကျည်းအ ဖြက်မျှရေးသားထိုက်အံ့။

မြင်းဟူသောသတ္တဝါကို။ မာဂဓဘာသာနှိုက်။ ဝေါ
ဟာရပညတ်။ သမုတ်အပ်သောအမည်နာမအဘိဓေယျသဒ္ဒါ
တို့ကား။ဟယဟူ၍ဂင်း။တုရင်ဟူ၍ဂင်း။တုရဂဟူ၍ဂင်း။ ဝါ
ဟဟူ၍ဂင်း။အသဟူ၍ဂင်း။သိန္ဓဝဟူ၍ဂင်း။ခြေဝံ ခုသောအ
မည်ဖြင့်လာ၏။ ထိုကြောင့်။ အဘိဓာန်ကျမ်းနှိုက်။ ။ဟ
ယောတုရင်္ဂါတုရဂေါ။ဝါဟောအသောစသိန္ဓဝေါ။ ဟူ၍
လာသည်။ထို့ခြေဝံပါးသောအမည်တို့တွင်။ မြင်းတို့သည်။ဟ
ယတွင်ကြောင်းကား။ဟယဓာတ်သည်။ ဂမုဓာတ်နှက်ဟော
ဖြစ်ရကား။ဟယတိဂစ္ဆတိတိဟယောဟု။ဝိဂြိဟ်ပြုရာ၏။ ။
ယောသတ္တော။အကြင်သတ္တဝါသည်။ ဟယတိဂစ္ဆတိ။ သွား
တတ်၏။ဤတိတသ္မာ"ထိုကြောင့်။သောသတ္တော။ ထိုသတ္တဝါ
သည်။ ဟယောနာမ။ ဟ္ဟယမည်၏။ ။အရကား။ မြင်းဟူ
သောသတ္တဝါရ၏။

တုရင်္ဂါတွင်ကြောင်းကား။ ။တုရိ တတုရိ တော
ဂစ္ဆတိတိတုရင်္ဂါဟူ၍ဝိဂြိဟ်ပြုရာ၏။ ။ယော သတ္တော။
အကြင်သတ္တဝါ သည်။ တုရိတတုရိတော။ အ ဆော တလျင်
လျင်။ဂ စ္ဆတိ။သွားတတ်၍။ ဤတိသ္မာ။ ထိုသို့သွားတတ်သော
သတ္တိကြောင့်။တုရင်္ဂါနာမ။တုရင်္ဂမည်၏။ ။ဂင်းမြင်းကိုရ
၏။ ။တုရင်္ဂါလည်းဂင်းဝိဂြိဟ်နည်းတူပင်။

ဝဟတိတိဝါဟော။ ။ယောသတ္တော။အကြင်သတ္တ
ဝါသည်။ ဝဟတိ။ ရွက်ဆောင်တတ်၏။ ဟုဆို။ ။အ သတိ
ဘက္ခတိတိအသော။ ။ယော သတ္တော။ အကြင် သတ္တ ဝါ
သည်။အသတိဘက္ခတိ။စားတတ်၏။ဆို။ ။သိန္ဓုမြို့ဖာတော
သိန္ဓဝေါ။ ။ယောသတ္တော။အကြင်သတ္တဝါသည်။သိန္ဓုမြို့။သ
မုဒ္ဒါ၏။ အနားနှိုက်။ ဇာတော။ ဖြစ်တတ်၏။ဤတိ။ ကြောင့်။
သိန္ဓဝေါ။သိန္ဓဝမည်၏။ ။ဂင်းမြင်းကိုရ၏။

ထိုဖြင်းတို့၏ဖွေသည်။ အမွေးဖွေ။ အသားဖွေ။အရိုးဖွေ။ဟူ၍ရှိသည်။ ထိုသို့ရှိရာတွင်။ အမွေးဖွေကိုရှေးဦးစွာပြပေအံ့။

အမွေးဖွေသည်။
နွဲတ်တံဆိပ်။
မုဆိတ်။
ဆက်ခွံ။
စားခွက်ခွင်။
ဆည်းလည်းဝတ်။
မှန်။
မျက်ရည်ခံ။
ဖွေတံစို့။
ပါးတိုး။
လိပ်စရို။
လိပ်ခေါင်း။
ဖွေတံကျင်။
ပတ္တမြားခုံလေဒ်။
ပန်းချပ်။
လက်ဖွေ့.ဆိုင်။
နားစောင့်။
ငိုသံနာ။
ငိုသံကြား။
ဖွေတန်ဆောင်။
ကျားဆုပ်။
သန်လျက်။
သန်လျက်ခံ။

မြေဝံတိုရိပ်။
သစ်ရောင်းစူး။
ရင်ဝသုံးတန့်ကြား။
အတွင်းလက်ဖဲ့၊
ပြင်လက်ဖဲ့။
မျက်ရည်သုတ်။
ထိပ်ကျည်းနက်။
အာမခံ။
ကဉီး။
ထီးရိုးထိုက်။
ကညောင်း။
မြီးပြန်းချတ်။
ဆောင်းဗွေရစ်။
ခွေးဆွဲ။
လှန်ကွဲ။
သပွတ်ဆွဲ။
ဗွေစု။
ခရုပတ်။
အတွင်းသိုအိမ်ခရုပတ်။
သိုခတ်။
သင်ပျဉ်းခင်း။
နှင်းတက်။
နှင်းသက်ဗွေ။
ဟူ၍ပေါင်းလေးဆဲ့ငါးပါးရှိသည်။ ထိုသို့ရှိရာတွင်။ အကြင်ပြင်း တို့အား။ အထက် နှုတ်ခမ်း ဗျားတွင်ရှိမူ။ နှုတ် တံဆိပ် တည့်း။ အောက်နှုတ်ခမ်းဗျားတွင် ရှိမူ။ မူဆိတ်တည့်း။ အာစပ်

တွင်ရှိမူ။ ဆက်ခဲ့တည်း။ အောံမေးပေါက် နှစ်ဖက်တွင်ရှိမူ။ ကား။ စား၌က်ရှိပ်တည်း။ ရေမြို့လည်ချောင်းအောံတွင်ရှိမူ။ ဆည်းလည်းဝတ်တည်း။ မျက်လုံးနှစ်ဖက်ကြားတွင်ရှိမူ။ မှန်ဖွတည်း။ယင်းမှန်လျော၍တည်မူ။မျက်ရည်ခံကြိုးတည်း။မှန် အောံကအချားနှစ်လုံးဝင်း။တလုံးဝင်းရှိလျင်လည်း။မျက်ရည် ခံကြိုးပင်တည်း။ မှန်အထက်ကနှစ်လုံးသုံးလုံးရှိမူ။ ဖွတံစို့ တည်း။ပါးတွင်ရှိမူပါးတိုးတည်း။ထိပ်ဆံအောံတွင်ရှိမူ။လိပ်စ ရိုတည်း။ယင်းတွင်အသားစုန့်စုန့်ထွက်မူ။ လိပ်ခေါင်းတည်း။ တွင်းတွင်းရှိမူ။ လိပ်စရိုပင်တည်း။သုံးလုံးကန့်လန့်ရှိမူ။ ဖွတံ ကျင်တည်း။မှန်နှင့်ဖြစ်စေ။ လိပ်စရိုနှင့်ဖြစ်စေ။သုံးလုံးခုံလေဝံ ဆိုင်ရှိမူ။ပတ္တြဖြားခုံလေဝံတည်း။ ထိပ်ဆံရင်းတွင်တဖက်တ လုံးရှိမူ။ပန်းချပ်တည်း။ထိပ်ဆံအောံလိပ်စရိုနှင့် တကွနှစ်လုံး ပြိုင်လျက်ရှိမူ။ လက်ဖွေ့ဆိုင်တည်း။ နားယံနားတွင်ရှိမူ။ နား စောင့်တည်း။ နားတွင်နောံအရင်းရှိမူ။ ငို သံနာတည်း။နားဂျီ့ အောံတွင်ရှိမူ။ ငိုသံကြားတည်း။ နားဖျားတွင်ရှိမူ။ ဖွတန်း ဆောင်တည်း။လည်ကုတ်အောံလည်ချိုင့်တွင်ရှိမူ။ ကျားဆုပ် တည်း။ မှင်ရိုးလည်ရိပ်တွင်ရှိမူ။ သန်လျက် တည်း။ ထိုသန် လျက်အောံတွင်ရှိမူ။ သန်လျက်ခံတည်း။ သန် လျက်နောံ တ ထွာချားတွင်ရှိမူ။မြောံတိုရိပ်တည်း။ရင်ဂူတွင်ရှိမူ။သစ်ရောင်း စူးတည်း။သစ်ရောင်းစူးဂျီ့အောံရင်တွင် ကင်းသန်းအရောင် ကဲ့သို့သုံးလုံးရှိမူ။ရင်ဝဲသုံးတန့်ကျားတည်း။ ဂျေလက်အတွင်း ကရှိမူ။အတွင်းလက်ဖွဲ့တည်း။ ပြင်ကရှိမူပြင်လက်ဖွဲ့တည်း။ လက်ဆစ်အောံနှိုက်။အတွင်းပြင်ရှိမူ။ မျက်ရည်သုတ်တည်း။ မျက်ရည်သုတ်အောံခွါသီးပေါ်အထက်တွင်ရှိမူ။ ထိပ်ကျည်း နက်တည်း။ လက်ပြင်ရိုးတဘက်တချက်တွင်ရှိမူ။ အာမခံဖွ တည်း။ မှင်ဆံအဆုံးတွင်ရှိမူ။ ကဦးတည်း။ ၎င်းက ဦးနှံ့

ကျေဝံကုန်းအလယ်တွင်ရှိမူ။ ထီးရိုးစိုက်တည်း။ ထီးရိုးစိုက်၏နေဝံတထွာချားတွင်ရှိမူ။ကညောင်းတည်း။ ကညောင်း၏နေဝံတင်ကုံတွင်ရှိမူ။ မြီးဖြမ်းချွတ်တည်း။ မြီးဖြမ်းချွတ်နေဝံအမြီးရင်းတွင်။ အမွေးနေဝံသို့ကောဝံရ ရောက်ပြန်မူ။ ဆောင်းဗွေရစ်ဗွေတည်း။သည်အရာတွင်ပင်ဗွေကို ရှိလျှင်လည်းရင်းဆောင်းဗွေရစ်ပင်တည်း။ ပရုံဆွဲတင်သားဖြိုးတွင်ရှိမူ။ခွေးဆွဲတည်း။သည်အောဝံကကောဝံတလျှောံတွင်ရှိမူ။ ညွှန်ကျွံတည်း။ နံပါးပေါင်စပ်တဖက်တချက်တွင်ရှိမူ။သပွတ်ဆွဲတဉ်း။ထိုနေရာတွင်ပင်စုလျက်လေးခု။ငါးခု။ ခြောံခု။ ခုနစ်ခု။ရှစ်ခု။ကိုးခု။ဆယ်ခု။ရှိမူ။ဗွေစုတည်း။ ထိုတွင်ပင်ဝန်းလျက်။ အကျယ်အကျည်းရှိမူ။ ခရုပတ်တည်း။ ချွန်လျက်ရှိလျှင်လည်း။ ခရုပတ်ပင်ယူရမည်။သိုအိမ်အနားအယံရှိမူ။အတွင်း သိုခတ် တည်း။ သိုခရုပတ်ဝမ်းကြောအလယ်တွင်ရှိမူ။သိုခတ်တည်း။သိုခတ်ရှေ့က။လက်ကတီးအောံရှိမူ။ဗွေသင်ပျူးခင်းတည်း။ နံဘေးနင်းတက်ရာတွင်ရှိမူ။ နင်းတက် တည်း။ သက်ရာကရှိမူ။ နင်းသက်တည်း။ဤသို့အါးဖြင့်ပေါင်းသော်လေးဆဲ့ငါးပါးတည်း။ ထို လေး ဆဲ့ ငါး ပါး သော ဗွေ တို့ကို ဌာ နကို စွဲ၍ လည်းကောင်း။ ဌာနီကိုစွဲ၍ လည်း ကောင်း။ အကျည်း အား ဖြင့်ပြသော်လည်းအကျယ်သိရာ၏။

ယင်း၄၅ပါးသောဗွေတို့တွင်။ စား ခွက်နှိပ်။ မှောံတိုရိပ်။ဗွေတံကျင်။ဗွေတံစို့။ ဆက်ခွံ။ ပါးတီး။ခွေးဆွဲ။ညွှန်ကျွံ။ ဆောင်ဗွေရစ်။သိုခတ်။ မြီးပြမ်းချွတ်။ ကျားဆုပ်။ လက်ဗွေ့ဆိုင်။ ထိပ်ကျည်းနက်။ မျက် ရည် သုတ်။ မုဆိတ်။ သင်ပျူးခင်း။ကဦး။ကညောင်း။ပေါင်းတဆဲ့ကိုးပါးသောဗွေတို့သည်မကောင်း။ကြွင်းသောနှစ်ဆယ်နှင့်ခြောံပါးသောဗွေတို့သည်ကောင်းကုန်၏ဟူ၍။အရပ်ရပ်မြင်းကြန်များတွင်ရှိသည်။ ။

သတ်ပုံအစပ်တွင်။ ဗွေဆီမီး ထွန်း ဟူ သည် မှာ။ ဗွေ တန်း ဆောင်ကိုယူရမည်။အဘယ်ကဲ့သို့နည်းဟူငြားအံ့။ပဒုမုတ္တရ မြတ်စွာဘုရားကို။ဇလဇုတ္တရဟု။ပဒုမသဒ္ဒါဒင့်။ ဇလဇသဒ္ဒါ ကြာဟောပရိယာယ်ခြင်းတူ၍လဲလှယ်သကဲ့သို့ရင်း။ အာဒိစ္စ ဗန္ဓုကို။ရဝိဗန္ဓု။သံကျသီဟောကို။သကျကောသရီ။မေ္မရာဇာ ကို။ မေ္မဒိသမ္ပတိဟူ၍။ သဒ္ဒနီတိကျမ်း တွင်လဲ လှယ်သကဲ့သို့ ရင်း။တန်းဆောင်နှင့်။ဆီမီးကို။မြန်မာဘာသာခြင်း။ပရိယာယ် လဲလှယ်၍။ လက်ခုပ်လက်ဝါးစပ်ဆိုသည်ယူရမည်။ အစပ်ပြ လောဟူငြားအံ့။

စကြာမင်းပျို့တွင်။ ။ဘုန်းသစ်ပြောင်ပြောင်။ တန်း ဆောင်ဆီမီး။ပွင့်ချိန်နီးသည်။ဟူ၍ရင်း။

ရတနာရောင်ရှိန်ချီ။ကုသပျို့တွင်။ ။တောံ လောင် ညီးညီး။တန်းဆောင်မီးကို။မိုးကြီးဖြန်းစွေ။ ချက်ချင်းသေသို့။ ဟူ၍ရင်း။

မုဒုလက္ခဏပျို့တွင်။ ။ပညာတန်း ဆောင်။ မီးရှူး ထောင်၍။မှောင်မရှိစေ။ပရမေအောင်သူ။ဟူ၍ရင်း။

ဇယဒိသပျို့တွင်။ ။ကျောင်း ကန် ရပ် သီး။ ဆီ မီး တန်းဆောင်။ ပန်းတောင်လှူဒါန်း။ အောင်ရွှေနန်းဆက်။ ဟူ၍ ရင်း။ ။ဝရသေတဂီရိဆင်တော်မော်ကွန်းတွင်။ ။ဖြန့်ကြက် ရစ်ဆီး။ ပိတန်ကြီးနှင့်။ ဆီမီး တန်း ဆောင်။ ထွန်းပြောင် ဝင်း ဝင်း။ဟူ၍ရင်း။

ရတနာရောင်ဆိုင်ချီ။ ပုဏ္ဍ ရိကဆင်တော်မော် ကွန်း တွင်။ ။ရောင်လျှပ်ထွန်းညီး။ဆီမီးတန်းဆောင်။ပန်းတောင် ရှက်တွင်။ဟူ၍ရင်း။

ပြာဒိုဟာခန်းတွင်။ ။တန်းဆောင်ထွေဆန်း။ဖီးပန်းစကား။ချရားသရက်ပွတ်။ဟူ၍ဂင်း။

မဇ္ဇ စိုး ခန်း တွင်။ ။ပြက် ပြက် ထွန်း ညီး။ တန်းဆောင်ဖီးသို့။အံ့ခြီးစေရစ်။သက္ကရာဇ်မှ။ဟူ၍ဂင်း။

ဘုံခန်းတွင်။ ။ရောင်ခြည်ပျိုးပျိုး။နေကဲ့သို့သည်။ ။မြင်းမိုရ့်တန်းဆောင်ဆီဖီးတည်း။ဟူ၍ဂင်း။

ဆုတောင်းခန်း တွင်။ ။လက် လက် ညီး ညီး။ တန်းဆောင်ဖီးသို့ ခရီ အတိုင်း။အကျိုင်းဖါးဖါး။ဟူ၍ဂင်း။

ပါ ရ မီ ခန်း တွင်။ ။လောင် ထိန် တောံ ညီး။ တန်းဆောင်ဖီးလည်း။စနီးစပ်ကာ။ဟူ၍ဂင်း။

ဟတ္ထိပါဝ ပျိုးတွင်။ ။ထပ်လောင်းအသစ်။ကြိုးလစ်တုံတုံ။ခုံနှင့်ပန်းတောင်း။တန်း ဆောင် ဆီဖီး။ ထီးတံခွန်က။စသည်ကောင်းမှု။ဟူ၍ဂင်း။

သံဝရတွင်။ ။ကုက္ကားတံခွန်။အလွန်ရှုဖွယ်။မိုးသွယ်ဆောံလွှင့်။တိုင်မြင့်လွှားဆောင်။တန်းဆောင်ဆီဖီး။ စီရင်ပြီးသော်။ဟူ၍ဂင်း။

ဂင်းတွင်။ ။ဓမ္မတရား။တည်သောအားဖြင့်။လေးပါးဆီဖီး။တန်းဆောင်ကြီးတွင်။ဝဲချီးအံ့လောံ။ဟူ၍ဂင်း။

ရှင်သီလဝံသရေးသည်။ရတနာဗိမာန်ကျောင်းကျောံစာသံပိုင်းတွင်။ ။အဝအောင်စည်။ မင်းပွဲပြည်ကို။ ညှိရည်တန်းဆောင်။ဆီဖီးထောင်သို့။မျက်တောင်ပုည။စေတီယဟု။ဟူ၍စပ်ဆိုသည်ယူ လျှင်။ သင့်လျော်၏။ ထိုထက် ခိုင် ခန့်ကောင်းမွန်သည်အထောံတွေ့လျှင်။ပြင်ဆင်၍ ယူတော်မူကြစေသတည်း။

ဤစကားရပ်ဖြင့်။မြင်းနှိုက်။ တည်ရှိသောဗွေကိုအစွဲ ဥပဒေသ။
အမှတ်ပြု၍။ ဤသို့သောဗွေရှိလျှင်။ ယုတ်မာဉစ်ဉမ်း သော့
သွမ်းသောအမူအကျင့်ရှိသည်။ဤသို့သောဗွေရှိလျှင်။ရိုးသား
ဖြောင့်မတ်တော်တည့်ဖြောင့်မှန်သော အမူအကျင့်ရှိ သည်။
ဤကားကောင်းကျိုး၏.လက္ခဏာ။ ဤကားမကောင်းကျိုး၏.
လက္ခဏာ။ဤသည်မြင်း ကိုသုံး ဆောင်အပ်သည်။ ဤသည်
မြင်းကိုမသုံးဆောင်အပ်ဟု။သိသာယူမှတ်ရသကဲ့သို့။ အလုံး
စုံသောပိညာည်ရှိမဲ့အသုံးအဆောင်တို့နှိုက် လည်း။ ကောင်း
ဆိုးယုတ်မြတ်။အကျိုးရှိမဲ့များကို။ မှတ်သားသိအပ်သည်ဟူ
သောဥပဒေသ။ယင်းအသုံးအဆောင်များနှိုက်။ မှတ်သားသိ
အပ်သည်ကိုထောံ၍။မျောံစိတ်။နီနွင်းသွေးစသည်တို့ ကဲ့သို့။
ပျက်လွယ်သောစိတ်ရှိ သောသူ။ လျင် မြန် စွာ ချီး မွမ်းကဲ့ရဲ့
တတ်သောသူများကို။မြေအပြင်ထက်။ထိုသူတို့မှတပါး။ ထူမ
ရှိလှည့်ဝြားသော်လည်း။မပေါင်းဖော်အပ်ဟူရကား။ ယင်းပြ
ဆိုခဲ့သောအဆိုအမိန့်အမူအကျင့် ကို ထောံ၍ သိ သာသည်
ဖြစ်က။မပေါင်းဖော်အပ်ဟူသောဥပဒေသ။ကျောံကုန်း ခြင်း။
အရိအရည်ရိုခြင်း။ မျက်စိကြောင်ခြင်း စသည်ဖြင့်။ ဇူဇကာ
ပုဏ္ဏားတို့ကဲ့သို့သောအင်္ဂါနှင့်ပြည့်စုံလျှင် ယုတ်သောအင်္ဂါ
ရှိသည်။ယုတ်သောအင်္ဂါရှိက။ အမူအကျင့် လည်းယုတ်မာ
တတ်သည်ဟူ ရကား။ အင်္ဂါယုတ် တဆဲ့ ရှစ် ပါး စုံဖြစ်စေ။
အင်္ဂါယုတ်တဆဲ့ရှစ်ပါးတွင်။တပါးပါးနှင့်ဖြစ်စေ။ပြည့်စုံသူ
ဖြစ်က။ရက်ရောကြမ်းကြုတ်။ ယုတ်မာတတ်သောသဘောရှိ
သည်။သာ မုဒြိကကျမ်းလာ။ ရှည်ခြင်းစသောကောင်းမြတ်
သောအင်္ဂါနှင့်အလုံးစုံဖြစ်စေ။တပါးပါးဖြစ်စေ။ ပြည့်စုံက။
သိမ်မွေ့နူးညံ့သဖြင့်။ ကိုယ်အမူအရာ။ နှုတ်အမူ အရာယည်
ချေး သည်ဖြစ်၍။ ရိုးသား ဖြောင့် မတ်တတ် သည်။ ယင်းသို့

အင်္ဂါဆိုးကောင်း။ အတည်အရှိများကိုထေခံ၍။ အပေါင်းအသင်းမိတ်သဟာယပြုသင့်မပြုသင့်များ ကိုလည်းခွဲခြမ်းဝေဖန်သိမှတ်နားလည်ရမည်ဟူသော ဥပဒေသများ ကိုပြသည်ယူရမည်။

———oo———

မေးခွန်းကောံနုတ် ချက် ပါ။ နသတ်စိ သဇ္ဇနီထိုး စပ်နည်း၆ပုဒ်တွင်။ဆဋ္ဌမပုဒ်။

ပုဒ်ရင်း။ လှေလှော်တတ်ဆန်း။ ဆဲ့နှစ်ခန်း။ တက်သန်းညီညွတ်စေ။ ။ဟူသည်ကား။

ပိဏ္ဍတ္ထ။ လှေလှော်အတတ်ကိုနေရာ ကျသင်လျှင်။ တတ်ဆန်းကာမဖြစ် စေမူ၍။ ဘျာတေ တုံး လုံး ဟူ၍ နရည်း စရာကေခံလျှင်။တက်မြေ့ခံခြင်း။လုံးဟူ၍ ဖွင့် လျှင်။ တက်ချခြင်း။ ဘျာတေတုံးလုံးတီးမှ။ရေဖျားဆွတ်ခြင်း။ဟူသောပရိကံကို။ရှေးဦးစွာပြုပြင်ညီညွတ်စေပြီးမှ။

ရေပေါက်ကျဲဟန်
ပုလဲသီးဟန်
ပန်းဝတ်ချွေဟန်
ဟသ်ာဖိုဝဟန်
ဟသ်ာအဖေါ် ပါဟန်
ဇင်ယော်သုတ်ဟန်
ဇင်ယော်ဝဟန်
အိမ်မိုးခြင်တင်ဟန်
နတ်သမီးပန်းကုံးဟန်

နတ်သမီးပန်းကုံးဆင်ဟန်
ပန်းဆွတ်ဟန်
ပန်းတောင်းချိဟန်

ဟူ၍လွှေလွှာ် ခြင်း ၁၂ ပါး ကိုလိမ် မာ ကျွမ်း ကျင် တတ်မြောံအောင်သင် ၍ တက်သိမ်း တက် ယူ။ တက် ကူး။ တက်သန်းများကို။ညီညွတ်စေရမည်ဆိုထိုသည်။

၍ဤနိုက်။တက်ရေး၁၂ ခန်းကို။ ဖွေးနှန်း တော်ရှိ။ရှေးစာ အဝယဝတ္တ။ ဟောင်းစာတမ်းထွက်ရှိသည်အတိုင်း။ အခေါ် အဝေါ်အ သုံး အဆောင်နည်း၍။ အလွန်တိမ်မြုပ် သည်။ ယခုမင်းပွဲးသဘင် ခင်းကျင်းကျင်းပတိုးမှုတ်ထွော်ပြိုင်ကြသည်မှာ။

ဘုရားရှိခိုး
ဖွေလောင်းချိ
ဖွေလောင်းထွက်
ဖွေဘောင်ရှည်
တက်ကောံ
တက်မြောံ
တက်တန်း
တက်စောင်
တက်ထောင်
တက်ရှက်
တက်ဝှက်
တက်ခက်
တက်ထွ
အိမ်ရှိုးခြင်တင်
ဇင်ယော်သုတ်

ဇင်ယော်ဝဲ
ဝမ္ပတောင်ဖြန့်
ဝမ္ပကန်
လက်မြန်
ခေါ်တော်မူ
နတ်သမီးပန်းဆွတ်
နတ်သမီးပန်းလှမ်း
နတ်သမီးပန်းတောင်း
စမ္ပာယ်ငုံ
သန်လျှက်ထမ်း
ဆေးတံတော်ထိုး
ရာဇမှတ်ကြီး
ရာဇမှတ်ငယ်
နေရောင်ကာ
နေရောင်ပြေး
တင်းတိမ်ရံ
တင်းတိမ်လှစ်
သုံးချက်ပေါက်
သုံးဖန်ချီသုံးဖန်ချ
ဆင်စွယ်ဝန်းရှက်
ကိန္နရာတောင်ရှက်
ရွှေဌက်တောင်ခတ်

ဟူ၍တက်ရေးသုံးဆဲ့ခုနစ်။ တက်ခြင်း သုံး ဆဲ့ခုနစ်။ လျှောံလူးတားသုံးဆဲ့ခုနစ်များကို သာ။ သစ်ဆင်းရာသီ။ ရေသဘင်ပွဲတော်များတွင်။ ရွှေနန်းစည်ဆက်။ ခင်းကျင်းကျင်းပ သုံးဆောင်ကြသဖြင့်အလွန်ထင်ရှားသည်။

သရေ ခေတ္တ ရာ ပြည် ဒွတ္တ ပေါင် မင်း။ ပုဂံ ပြည် အ လောင်းစည်သူမင်းတို့။တိုင်းခွင်လှည့် ရာ။ခင်း ကျင်း ဆောင် ယောင်သောလှေယည်တော်တည်း။

သုံးလုပူဇော်
သုံးလုကြဋ္ဌန်း
ပြည်ကြီးနောင်
ဝဇီရသခ်ါ
အောင်သာတန်းခိုး
မိုးအေဝံကြယ်
စွယ်လက်ျာသစ်
နဝရတ်
ပြည်ကြီးဝမ်း
တင့်ရာပြည့်စုံ
လင်းဇင်း
နဂါးကြေး

ဟူ၍။လှေယည်တော်တဆဲ့နှစ်စင်းရှိကြောင်းကိုလည်း ရာဇဝင်အရပ်ရပ်ထွက်ရှိသည်။ယင်းလှေယည်ဆဲ့နှစ်ရပ်နှင့်။ တက်ရေးဆဲ့နှစ်ခန်း လည်း။ စီစည် သင့် လျော် လေဝံ၏။သို့ သော်လည်း။မည်သည် လှေနှင့်မည်သည် တက်ရေး ဟု။သုံး ဆောင် ရိုးအမြဲ မရှိဖြစ်၍။ မင်းခမ်းဝင်လှော်ကား တော်များ မှာ။အသီးအသီးပင်တက်ရေး ဆဲ့နှစ်ခန်း ဖြစ်စေ။ တက်ရေး သုံးဆဲ့ခုနစ်ခန်း ဖြစ်စေ။ တီးမှုတ်လှော်မြှိုင်သင့် သည်ချည်း မှတ်ရမည်။ဒွတ္တပေါင်မင်း။ အလောင်း စည်သူမင်း တို့တိုင်း ခွင်လှည့်ရာ။ ခင်းကျင်းသည် လှေယည် တော် ဆဲ့နှစ်ရပ်အ ကြောင်းအရာ။ ဒွတ္တပေါင်မင်း။ အလောင်းစည် သူမင်းတို့အ ထုပ္ပတ္တိ။ အကြောင်းအရာ။ ရှေးပညာရှိတို့စပ်ဆိုထုံးများကို။

ရာဇဝင်တော်။ ရှင်ဂေါဓာ ဝရ ရာဇဝင်။ ရှင်အာဒိစ္စဝံသရာဇဝင်။ရာဇဝင်ချပ်။ နန်းစည်စာ တမ်း။ ဧချင်း။ ရတုများက။ အမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူ၍။သာသနာတော်သက္ကရာဇ်တရာတခု။ တန်းခူးလဆန်း တရက်တနင်္ဂနွေနေ့။ နက္ခတ်တဆဲ့ခြောံလုံးနေထွက်တပြူတွင်ရွှေနန်းတော်။မြို့။ ကျုံး။ဤသုံးဌာနတည်းဟူသောသ ရေ ခေတ္တ ရာမြို့ကို။ ခုနစ်ရက်အတွင်းတည်တော်မူ၏။ မြို့၏ကိရိ ယာ။ နန်း၏ကိရိယာ။ အပြည့်အစုံပြီးပြေလျှင်။ဒွတ္တပေါင်မင်းကြီးအား။ သိကြားမင်းသည်။ လက်တော်မလျက်။ ရွှေနန်းတင် တော်မူ၏။ ရာဇဘိသေကလည်းခံတော်မူ၏။ရန်သူအပေါင်းတို့ ကိုနှိပ် နင်း စေခြင်းဌာ။အရိန္ဒမာလှံအစရှိသောခေါင်းလောင်းစည်ကြီးတို့ကိုလည်း မင်းကြီးအားသိကြားဆောံနှင်းပေ၏။ပဉ္စင်းဖြူ။ ပဉ္စင်းညှိတို့လည်း။အလုံးအရင်းများနှင့်။ခုနစ်နှစ်တိုင်တိုင်အခွန်ခံ၍ဆက်၏။မင်းကြီးလည်း။ပဉ္စင်းဖြူ။ပဉ္စင်းညှိတို့ကို။ရှည်လတ်သော်။ ယုံကြည်တော်မမူ၍။ ဥပါယ်တ မျည် ဖြင့် ကွပ် မျက်တော်မူ၏။ ထိုသို့ပဉ္စင်းဖြူ။ပဉ္စင်းညှိတို့ကို။ကွပ်မျက်တော်မူလျှင်။ဘုန်းလက်ရုံးအာဏာနှင့်။အခွန်တောင်မည်သူမရှိသည်ဖြစ်၍။ မင်းကြီးကိုယ်တိုင်တော်နဂါး မှဆက်လှာသောနဂါးကြေးလှေကို၊စီးတော်မူ၍စမ္ဗူဒိပ်ကျွန်းအလုံးကို၊အခွန်ခံတော်မူ၏။ထိုအခါမင်းကြီးသဉ်ထွေးခံနှိုက်ထွေးမြဲတံထွေးကိုထွေးတော်မမူ။မဟါသမုဒ္ဓရာနှိုက်။ထွေးတော်မူမိလေ၏။မင်းကြီးလည်းပြုတော်မူဘူးသေါကုသိုလ်ကံသည်ကုံခြင်းသို့ရောက်သည်ဖြစ်၍။ နဂါးတို့သည်အမျက်ချောင်းချောင်းထွက်လတ်ကုံသည်ဖြစ်၍။နဂါးကြေးလှေနှင့်တကွ။ နဂါးပြည်သို့ဆောင်ယူလေကုံ၏ဟုဆိုသည်။ထိုတွင်။မင်းကြီးကိုယ်တိုင်။စမ္ဗူဒီ

ပါကျွန်းတွင်အခွန်တောင်းတော်မူရာ။လွယ်သည်တော်ဝန်စင်း
တွင်နဂါးကြေးလွှကိုစိုးကြောင်းနှင့်။ရာဇဝင်တော်။တတိယ
တွဲတွင်ထွက်ဆိုသည်စကားရပ်တည်း။

ထိုမင်းကို။ရာဇပင်ကျော်။ရာဇဝင်ကြီး။ရာဇဝင်သစ်။
ရာဇဝင်တော်များတွင်။ဒွတ္တပေါင်မင်းဟုရေးသားကြသည်။
ဘွဲ့တံဆိပ်တော်မပါမရှိချေ။ ယင်းသည်မင်းဘွဲ့တံဆိပ်တော်
မှာ။သိရိမဟာသု ဓမ္မရာဇာဓိရာဇာဟု။ ရာဇဝင် ချပ် တွင်ဆို
သည်။ထိုမင်းကို။ တတောတေသံဒွိန္နံမဟာရာဇုနံပုတ္တောရာဇာ
ဂုမာရောဟု၍။ဌက်ပစ်တောင်ရင်ဂေါဓာဝရီရင် သည်။ရာ
ဇဝင်ပါဌ်ကိုထောံလျင်။ မင်းနှစ်ပါးကိုအကြောင်းမူ၍ရသော
ကြောင့်။ဒွတ္တပေါင်ခေါ်သင့်ကြောင်း ကိုဆိုသည့်။ မင်္ဂလာသ
ရဘူ၍။သခင်မယ်ကေးဇေျင်းတွင်။နာလာဂိရိ။ ဆင်ဟတ္ထိနှင့်။
မင်းဒွိတပေါင်။နတ်စစ်အောင်လျင်။ဟုစပ်ဆိုသည်။

ထိုမင်းကိုပင်။မဟာဝုဉ်ဝတောကာဠကေန သဟတ
ယိစက္ခုနိပါတုဘဝန်ဟု၍။ ရှင်အာဒိစ္စဝံ သစီရင် သည်ရာဇ
ဝင်ပါဌ်ကိုထောံလျင်။ကြီးမြတ်သောဘုန်းတန်းခိုးကြောင့်။မြဲ
ရှင်နှင့်တကွဖြစ်၍မျက်စိသုံးခု။ အတူမဲ့ခေါင်တွဒွတ္တပေါင်ခေါ်
ဝေါ်သင့်ကြောင်း ကိုဆိုသည်။ ရာဇဝင်ချပ်တ စောင်တွင်မူ
ကား။တွဒွတ္တသဒ္ဒါ။ပွေးသဒွတ္တဝါဟောဟု ရေး သား လေသည်။
အမရကောသကျမ်း။ မာဂဓအဘိဓာန်စသောကျမ်း ဂန်များ
တွင်မရှိမတွေ့ဘူးချေ။ ။ဤကားစဉ်းချပ်တည်း။

ယင်းမှတပါး။ သက္ကရာဇ်ငေး ရာငါး ဆဲ့လေးခု။ နန်း
တက်တော်မူသောသိရိတ ရိဘ ဝနာဒိတျာ ပဝရ ပဏ္ဍိတသူ
ဓမ္မရာဇာဓိပတိနရပတိစဉ်သူမင်းကြီးမင်းဖြစ်တော်မူ၏။ ။ထို
အလောင်းစည်သူမင်းကြီးကား။မိဘုရားမောင်း မမိသံနှင့်တ
ကွ။အာ့ကူးအမတ်။ အလုံးစုံရင်းခြုံရုံလျက်။မြို့နှံမာပြည်တောင်

ဘက်မြေဝံ၁ ၁်သို့ကြွတော်မူ၍။ကန်ချောင်း ဆည်မြောင်းပြုပြီးသော်တော်ပတာဝေ၍လယ်ပယ်ဖွဲပြီးမှ။ သူရဲသူခက်ဆင်လုံးမြင်းရင်းတို့အစာဖြစ်ကောင်းသောအရာကို အစာဖြစ်စေ၏။ထိုသို့အစုစုသောမြေတို့ကိုပေါင်း၍ခရိုင်မြို့ပြဖြစ်ကောင်းသောအရာတို့ကိုလည်း။ ခရိုင်မြို့ပြဖြစ်စေ၏။ နိုင်ငံ တော်အလုံးနှိုက်။ခရိုင်မြို့ပြတို့ကိုလည်းအသုံးအဆောင်တချက်တည်းဖြစ်စေလို၍။ချိန်ကျပ်မူးပဲစသည်တို့ကိုရင်း။ တင်း။ခွဲ။ စိတ်။စရွတ်။ပြည်။ခွက်။ စလယ်တို့ကို ရင်း။ စီရင်တော်မူ၍တချက်တည်းဖြစ်စေ၏။ ထိုသို့ခရိုင် မြို့ပြဖြစ်စေပြီးမှ။ သိမ် ဘုရား။ ကျောင်း။ စည်းခုံ။ ပုထိုးကူ။ စသည်တို့ကို ခပ် သိမ်းသော သတ္တဝါအပေါင်းတို့ စီး ပွား အလို့ငှာ သာသနာ ငါး ထောင်တည်ရစ်စေဟူ၍။များစွာတည်ထားတော်မူ၏။ ။အလောင်းစည်သူမင်းကြီးတွင်ရှိသောအလုံးအရင်း ကား။ အမတ်ခြေဝံသောင်း။ ဆင်ဖြူသုံးဆဲ့နှစ်စီး။ ဆင်မည်း ရှစ်သိန်း။ မြင်းရှစ်သိန်း။ စစ်သည်သူရဲတဆဲ့ခြေဝံကုဋ္ဌေရှိ သောဟူ၏။ ထိုသို့သောမှူးမတ်ဗိုလ် ပါဆင်မြင်း စစ်သည်သူရဲ တို့နှင့်။ နိုင်ငံလှည့်လည်တော်မူသောလှေယည်တော်၁၂စင်းအမည်ကား။

သုံးလုပူဇော်
သုံးလုကြဌန်း
ပြည်ကြီးနောင်
ဝဇီရသခ်ါ
အောင်သာတန်းခိုး
မိုးအောံကြယ်
စွယ်လက်ျာသစ်
နဝရတ်
ပြည်ကြီးဝမ်း

တင့်ရာပြည့်စုံ
လင်းဇင်း
နဂါးကြေး

လှေယည်တော် ၁၂စင်း တည်း။ ဟူ၍ရာဇဝင်တော်စတုထ္ထတွဲတွင်ဆိုသည်။ ယင်းသည်လှေယည်တော် ၁၂စင်း အလုံးအရင်းနှင့်တိုင်းကားနိုင်ငံလှည့်လည်တော်မူ၍။ ဇမ္ဗုသပြေပင်သို့သွားတော်မူကြောင်းကို။ အရပ်ရပ်ရာဇဝင်။ကျောံစာ။သမိုင်းမော်ကွန်းဆျင်းရတုလူး တားများကွင်ရေး သားစပ်ဆိုကြလေသည်။

ထိုတွင်။နရပတိစည်သူဘွဲ့တံဆိပ် တော်မှာ။ စည်သူဟူသောဝေါဟာရကိုရှာ ကြီလျှင်။ ဇေယ သဒ္ဒါ ကိုစွဲ၍မြန်မဘာသာစည်သူဖြစ်သည်။ရှေးဗတုံတွင်သောအလုံမြို့စီ ရင်စုနယ်။ ခင်မွန်ကြာပို့တွင်။ ရှေးပုဂံမြို့ကောင်းစည်။ သက္ကရာဇ် ၅၃၆ခု။နန်းတက်သော။ နရပတိစည်သူမင်းကြီး။ အပြောင်တော်။မိဘုရား။စောမင်းလှဘုရားကျောင်း။ ကျောံစာတွင်။ဇယသူရောတိနာမဿ။ သေဌရာဇဿဒေဝီယာ။ ကာရိတေဝိဟာရေဟူ၍ဂါထာစီသောကြောင့်ရင်း။ ။ဟံသာဝတီ။မွေစေတီမင်းလက်ထက်။သက္ကရာဇ်၈၃၈ခုတွင်။သမုတ်သော။ကလျာဏီသိမ်ကျောံစာတွင်လည်း။နရပတိဇယသူရောနာမရာဇာ။နရပတိစည်သူအမည်ရှိသောမင်းဟူ ၍အနက်ပေးသောကြောင့်ရင်း။ ။လက်ဝဲနော်ရထာအမေးတွင်။ ဇေယသုကိတ္တိချာတေန။စဉ်သူကျော်ထင်အမဉ်ရှိသောဟူ၍။ညာဏလင်္ကာရမဟာမွေရာဇဂုရုတံဆိပ် တော်ရအကျော် တောင်တွင်းဆရာတော်ဦးပျော်အနက်ပေးသောကြောင့်ရင်း ။ဇေယသဒ္ဒါ ကိုစွဲ၍ရှေးပညာရှိတို့စည်သူခေါ်ဝေါ်သမုတ် ကြောင်းများကို ယုံမှားမရှိသိရာသည်။ ။ဤကားစကားချပ်တည်း။

တကြောင်းလည်း။လှေယည့်၁၂စင်းစကားမှာ။မင်းရဲ နရာဇချင်းတွင်။

ရမ္မသံသု။ သုံးလုပူဇော်။ ဆဲ့နှစ်ဖေါ်လည်း။ ရေသော်ကြွားကြွား။ လှော်ကားရဲလှေ။ ထွေ ထွေရုပ်ဟန်။ သက္ကဒါန်လည်း။လက်မြန်မြေခံလှော်။ ဇင်ယော်သုတ်ဝဲ။ မစဲဘိက။ခွင်ရေးချ၍။ပျံကြွဘနန်း။ဆောင်တော်နန်းလည်း။တိမ်စွန်းမိုးဆီ။ မညူချီ၍။ယည်သီဒါထက်။နားလှာသက်သို့။ဟူ၍ဂင်းစပ်ဆိုသည်။

ရတနာသိဃီ၊ပဌ မမြို တည်။ နန်း တည်။ လက် နက်စကြာသခင်။အသျင်ဘဝရှင်အလောင်းမင်းတရားကြီးဘုရား။ နာဂသျန္တတိုင်း။မဏိပူရမြို့သို့သက္ကရာဇ်၁၁၂၀။တန်းဆောင်မုန်းလဆန်း၁၂ရက်နေ့။ရေကြောင်းချီတော်မူရာ။ ရွှေတောင်ရာဇကျော်ဆို။ဝမ္ပမမေးဟန်။ရှက်ဆုံမြစ်ချာ။ချီရတုတွင်။

တက်ပုံရစ်ကာ။ လှေသင်း မှာ လည်း။ ကြော် ငြာသံညင်း။ဆဲ့နှစ်ချင်းဖြင့်။ စောင်းညှင်းခရာ။ပုံသာမောင်းနှဲ။မြစ်လုံးသဲဇို့။ဟူ၍ဂင်း။ ။ဂင်း ဆို။ဟသ်ာဖို ဖြေဟန်။ မြစ်ညာရှက်ဆုံ။ချီရတုတွင်။ ။ရစ်ကာတက်ပုံ။ဆဲ့နှစ်ရုံဖြင့်။ ချတုံအညီ။ချီတုံအညွှတ်။ချင်းစေ့ခတ်လျှင်။ဟူ၍ဂင်းစပ်ဆိုသည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ရေမြေသေဒ္ဓိနင်းမင်းတို့အားပြည့်စုံစေအပ်သောဆင်ယည်။ မြင်းယည်လှေယည်တို့တွင်။ ရာဇပရိဘောဂ။ ရာဇကြိက်သရေဖြစ် သော လှေ ယည် တော်နှင့်ပြည့်စုံတော်မူခြင်းလည်း။ စန္ဒပဇ္ဇောတမင်း။ရှေးပြုဘူးသောကောင်းမှုအထူးကြောင့်။ ယည်ငါးပါးနှင့် ပြည့်စုံ သည်ဟူရကား။ဇာတိတော်ကပါသောဒါနသီလပုညသမ္ဘာ ရတော်တို့ကြောင့်ပြည့်စုံတော်မူသည်။ ယင်း သို့ ဖြစ်၍ ကုသိုလ်ပုည

သမ္ဘာရအဆောံအအူတ ဆင့် ထက်တဆင့်ကြီး ကျယ်မြင့် မြတ်အောင်မမေ့မလျော့အားထုတ် တော်မူရာသည်ဟူသော ဥပဒေသ။ယင်းလှေယည်တော်တို့ဖြင့် လည်း။ လောကတွင် အထူးထူးသောမကန်း လိပ်ငါးသား ရဲအပေါင်း တို့ဖြင့် ပြွမ်း သောသမုဒ္ဒရာ၏ကမ်း တဖက်သို့ မငြိုမငြင် အလိုရှိတိုင်း ရောက်နှိုင်ဘိ၏သို့။ ဇာ တိဇရာ ဗျာဓိမရဏ စသော သားရဲ သားယူးဘီလူး သံ ဘက်တို့ဖြင့် ပြွမ်း သောသံ သ ရာတည်း ဟူသောမဟာသမုဒ္ဒရာကို။ကူးမြောံ၍နိဗ္ဗာန်တည်း ဟူသော ကန်းတဖက်သို့ ရောက်လိုသောအမျိုး ကောင်းသားတို့သည် လည်း။မဂ္ဂင်ရှစ်ပါးတည်းဟူသောလှေယည်ထက်သို့။ တက် စီးပြီးလျှင်။သံသရာတည်းဟူသောသမုဒ္ဒရာသို့ ကူး လိုသည် ဖြစ်က။ သုစရိုက်ဆယ်ပါးဟူသောတက်ရေး။ တနည်းသုစ ရိုက်၂၀ဟူသောတက်ရေး။ တနည်းသုစရိုက် သုံး ဆယ်ဟူ သောတက်ရေး။ တနည်းသုစရိုက်၄၀ဟူသောတက်ရေး။ ပါ ရမီဆယ်ပါးတက်ရေး။ပါရမီ၃၀ဟူသောတက်ရေး။ သမသ နညာဏ်စသောဝိပဿနာ ညာဏ် ဆယ်ပါး ဟူသောတက် ရေးများကို။တတ်မြောံစေသဖြင့်။တက်သိမ်းတက်ယူ။ တက် ကူးတက်သန်းများ ကိုညီညွတ် စေ လျက်။ နိဗ္ဗာန် တည်းဟူ သောကမ်းတဖက်သို့ရောက်အောင် မမေ့မလျော့ကူးသွားရ မည်ဟူသောဥပဒေသများကိုပြသည်ယူရမည်။

ဤတွင်ရွှေကား။ပုဒ်ရေ၆အရအဖြေအဓိပ္ပါယ်ပြီး၏။

———oo———

မေးခွန်းကောံနုတ်ချက်ပါ။နသတ်အမြစ် စပ်နည်း။တ ပုဒ်။

၂၇၈ ကပိလက္ခဏဒီပနီ။

ပုဒ်ရင်း။ ဗြဟ္မာလက်ညွန့်။ဆယ်ချောင်းဖြန့်။ မြူး ကွန့်သောင်း တိုက်စက်။ ။ဟူသည်ကား။

ဝိဏ္ဍတ္ထ။ ဗြဟ္မာပြည်ဝယ်။ဗြဟ္မာတထောင်တထောင် တွင်။အကြီးအကဲတယောံတယောံရှိမြဲ။ ဟာရိ တဗြဟ္မာမူ။ဗြဟ္မာအပေါင်းတို့၏့အကြီး ဆုံး ဖြစ်ရ ကား။ ဗြဟ္မာ တသိန်း အရံရှိသည်။ယင်းဟာရိတဗြဟ္မာ၏့အဆင်းအရည်ကား။လက်ညှိုးတချောင်းဖြင့်စကြဲ ဝဋ္ဌာ တထောင်ကိုထွန်းလင်း နှိုင်သည်။ လက်ညှိုးဆယ်ချောင်းဖြန့်က။ တသောင်းသောစကြဝဋ္ဌာကိုထွန်းလင်းနှိုင်သည်။သို့ဖြစ်၍။ ဗြဟ္မာလက်ဆယ်ချောင်းကိုဖြန့်၍။အရောင်ထွန်းလင်းစေက။ စကြဝဋ္ဌာတသောင်း ထွန်းလင်းနှိုင်သည်ဆိုလိုသည်။

အဝယဝတ္ထ၊ ၏နှိုက်။ဗြဟ္မာတို့၏့အထုပ်တို။ ဗြဟ္မာတို့၏့ရုပ်ရည်သဏ္ဌာန်။ အဆင်းအရောင်။ အပြင်အလျာ။ ဗြဟ္မ သဒ္ဒါ၏့ဝစနတ္ထများကို။ ညာဏဝိဘင်း အဌကထာ။ ဗြဟ္မဇာ လသုတ်အဌကထာ။သုတ္တနိပါတ်။မဟာသမယသုတ်အဌကထာ။ သုတ်မဟာဝါဇနံသဘသုတ်ပါဠိတော်။ သာရတ္ထသင်္ဟ။ မာတင်္ဇာတ်။မာဂဓအဘိဓာန်ဋီကာ။အမရကောသအဘိဓာန်ဋီကာစသောကျမ်းတို့မှအမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

ဇမ္ဗူဒီပါ ကျွန်း လု ဘုံကစ၍။ ကမ္ဘာစည်ဆက်တည်ထွန်းမြဲ၃၁ဘုံအနက်။ရူပဗြဟ္မာတို့မှာ။ဘုရားဘူးခြင်း။ တရားနာခြင်းအစရှိသောအကျိုးဌာရူပသဒ္ဒအာရုံ၂ပါး နှိုက်ရင်း။ ပသာဒ၂ပါးနှိုက်ရင်း။ တပ်ခြင်း မကင်းသောကြောင့်။ မျက်စိနားဟူသောစက္ခု။သောတအင်္ဂါ၂ပါးသည်။ပသာဒအားဖြင့်ရင်း။သဏ္ဌာန်အားဖြင့်ရင်း ရှိသည်။ နှာခေါင်း။လျှာ။ ကိုယ်ဟူ

သော။ ဃာနု။ ဇိဝှါ။ကာယ။အဂိါဒုပါးကားပသာဒအားဖြင့် မရှိ။သဏ္ဌာန်အားဖြင့်သာရှိသည်။ကိုယ်အင်္ဂါရှိသဖြင့်သလိပ် သည်းခြေစသော ဒေါ သမှ တပါး အသွေး အသား အအူအသည်းများလည်း ရှိသည်ပင်ယူမှတ်သင့်သည်။ ။ဤစကားနှိုက်အထေဝံအထားသာဓကပါ၌ကား။

သမာနေဝိစေတ္တ ဥဘယလိင်္ဂါဘာဝေပုရိ သသဏ္ဌာနာဝဖြဟ္မာနော။နဇာတိသဏ္ဌာနာ။ ။ဇာတ္တ။ဤဖြဟ္မာတို့နှိုက်။ ဥဘယလိင်္ဂါဘာဝေ။ဇာတိလိင်။ပုလ္လိင်၂ပါး စုံမရှိခြင်းသည်။ သမာနာဝိစ။ တူခြားသော်လည်း။ ဖြဟ္မာနော။ ရူပဖြဟ္မာတို့ သည်။ပုရိသသဏ္ဌာနာဝေ။ယောကျ်ားသဏ္ဌာန်ရှိကုန်သည်သာ လျှင်တည်း။နဇာတိသဏ္ဌာနာ။ ပိန်းမသဏ္ဌာန်မရှိကုန်။ ။ဥာဏဝိဘင်းအဋ္ဌကထာ။

သဗ္ဗာ်ပစ္စာ်ိတိသဗ္ဗာ် ပစ္စာ်ယုတ္တော။ အဟိနိန္ဒြေယော တိပရိပုဏ္ဏိန္ဒြေယော။ယာနိဖြဟ္မလောကေအတ္ထိတေသံဝသေန ဇာတရေသဉ္စသဏ္ဌာနဝသေနေတံဝုတ္တံ။ ။သဗ္ဗာ်ပစ္စာ်ိတိ။ဟူသည်ကား။ သဗ္ဗာ်ပစ္စာ်ိယုတ္တော။အလုံးစုံသောအင်္ဂါကြွင်းငယ်နှင့်ရှည်၏။ အဟိနိန္ဒြေယောတိ။ ဟူသည် ကား။ ပရိပုဏ္ဏိန္ဒြေယော။ပြည့်စုံသောဇာန္ဒြေရှိ၏။ယာနိ။အကြင်စကွ။သောတစသောဇာန္ဒြေတို့သည်။ဖြဟ္မာလောကေ။ဖြဟ္မာပြည်နှိုက်။ အတ္ထိ။ရှိကုန်၏။တေသံ။ထိုဇာန္ဒြေ တို့ ၏။ ဝသေနစ။ အစွမ်းအားဖြင့်ဂုဏ်း။ဇာတရေသံ။ ဤမှတပါးဖြဟ္မာပြည်နှိုက်မ ရှိသောဃာန။ဇိဝှါစ သော ဇာန္ဒြေတို့၏။ သဏ္ဌာနဝသေနစ။ သဏ္ဌာနအစွမ်းအားဖြင့်ဂုဏ်း။ဇေတံ။ဤယခင်စကား၂ပါးကို။ဝုတ္တံ။ဟောတော်မူ၏။ ။ဖြဟ္မဇာလသုတ်အဋ္ဌကထာ။

ဤသို့အဋ္ဌကထာနှိုက်ဆိုသောကြောင့် အာဟာရသမုဋ္ဌာန် မှတပါး။ရူပဖြဟ္မာတို့ ကား ယောကျ်ား သဏ္ဌာန် သာရှိကုန်

သည်။မိန်းမသဏ္ဍာန်မရှိကုန်။ယောက်ျားသဏ္ဍာန်ရှိ ကြောင်း ကိုဆိုသ ဖြင် လည်း။ မျက်စိ။ နား မှာ ပသာ ဒနှင့် တကွ။ ယောက်ျားတို့မျက်စိနားသဏ္ဍာန်ရှိသည်။နှါခေါင်းလျှာကိုယ် အင်္ဂါများမှာပသာဒမပါ။ ယောက်ျားတို့နှာခေါင်း လျှာကိုယ် အင်္ဂါသဏ္ဍာန်သာ ရှိ သည် ကိုသိ သာ သည်။ ။မိန်းမတို့ သည်သမာပတ်ရှစ်ပါး ကိုပင်ရငြားသော် လည်း။ အောံ ဆုံး ဗြဟ္မာပါရိ သဇ္ဇာ ဘုံ နှိုက် သာ ဖြစ် ရကုန် သည်။ အ ထက် ဗြဟ္မာဘုံနှိုက်မဖြစ်ရကုန်ဟူ၍။ ယခင်အဌကထါဋီကာကျော် များနှိုက်ဆိုသော ကြောင့် ဈာန် ရမိန်း မတို့ သည်ဗြဟ္မပါရိ သဇ္ဇာဘုံတွင်၍သာ ယောက်ျား သဏ္ဍာန်ဖြင့်ဖြစ်သည်။ မိန်း မသဏ္ဍာန်ဖြင့် မဖြစ်။ အဘဲ့ကြောင့်နည်း ဟူမူကား။ မိန်းမ သဏ္ဍာန်ရုပ်ညံ့သည်ဖြစ်၍။ ကုသိုလ် ကောင်း မှု ပင်ရှိသော် လည်း။မိန်းမတို့သည်။စကြောမင်း။ သိကြား မင်း မဖြစ်နှိုင်သ ကဲ့သို့။ရုပ်ညံ့သောသဏ္ဍာန်ရှိသောကြောင့်အထက်ဗြဟ္မာဘုံ တို့နှိုက်မဖြစ် နှိုင် လေ။ ယ ခင် ဝိ ဘင်း အဌ ကထာ နှိုက်ဆို သည်။ ။ဘုရားဆုဗျာဒိပ်ခံရာ။ဘုရားဖြစ်ရာ။ဗြဟ္မာမင်းဖြစ် ရာများနှိုက်။မိန်းမမဖြစ်ယောက်ျားသာဖြစ်သည်ဟု။ အသွင် ရုပ်မြတ်ကို စွဲ၍ ဟော တော်မူ သည်။ လူသည် အ ရိယာ ဖြစ် သော်လည်း။ပုထုဇည် ရဟန်း ကိုပင်ရှိခိုး ပူဇော် ရမည် ဟု သုဘ္ဘ နိပါတ်နှိုက်လည်းလာသည်။

ဤသို့ရုပဗြဟ္မာတို့သည် ယောက်ျား သဏ္ဍာန်ရှိသည် ဆိုသဖြင့်မျက်နှာတခုသာသိသာကောင်းပြီလျက်။အဖြူ။အနီ။ အဝါ။အမည်း။ အဆင်းလေးပါးပြားသောဗြဟ္မာ မင်းခံတွင်း က။ပုဏ္ဏား။မင်း။သူကြွယ်။ သူဆင်းရဲ။အမျိုးလေးပါးဖြစ်ပွား လေသည်ကြီစည်၍ဗြဟ္မာမင်းအား။ ခံတွင်းလေးခု ရှိသည်အ စွဲအထင်ဖြင့်။စတုရာနန။မျက်နှာလေးခုရှိသောဗြဟ္မာဟုလေါ

ကသကေ်တအမည်ဖြစ်လေသဉ့်ကိုစွဲ၍။အဘီဓါန်ကျမ်းများ တွင်ဆိုသည်အတိုင်း။ ဗြဟ္မာရုပ်ဟုသိစိမ့်သောဌာ မျက်နှာ လေးရနှင့်အစည်ရေးသားကြဲလေသည်။

ရူပဗြဟ္မာတို့သည် ယောကျ်း သဏ္ဌာန်ရှိသည် ဆို ခြင်းလည်း။ သဏ္ဌာန်တူကာမျှကိုစွဲ၍ဆိုခြင်းသာဖြစ်သည်။ ကိုယ်သဏ္ဌာန်ပမာဏမှာ။မဂဓရာဇ်တိုင်းနယ်။ ဂါမခေတ်၂ ရဂုရခန့်လောံကြီးသည်။ မဟာဗြဟ္မာတ ထောင် တထောင် တွင်အကြီး အကဲဗြဟ္မာကြီး တပါး တပါးစီရှိသဉ့်။ ဟာရိတ မည်သောဗြဟ္မာကြီးကား။ ဗြဟ္မာအပေါင်းတို့၏အကြီးဆုံး ဖြစ်၍ဗြဟ္မာတသိန်း အရံရှိသည်။ အဆင်းအရည်အထူးအား ဖြင့်ကားလက်ညှိုးတချောင်းဖြင့်စကြဝဋ္ဌာတထောင်ကိုလက် ညှိုးဆယ်ချောင်း ဖြင့်စကြဝဋ္ဌာတသောင်းကို။ ထွန်းလင်းစေ နှိုင်သောအရောင်အဝါရှိကြောင်းကို။ မဟာသမယသုတ်အဌ ကထာနှိုက် ဆို သည်။ ၊ဟတ္ထိပါ လပြို့ တွင်။ ။ဇာတိ ခေတ္တ။မြတ်ဌာ နဟု။ တွင်ထမည်မှန်း။ သောင်းတိုက်ခန်းကို။ ဖန်ဆန်းလက်ညွှန့်။ ဆယ်ချောင်း ဖြန့်က။ ဝေး ကွန့် ရောက် တိုင်။ထွန်းနှိုင်လင်းဝါ။ ဗြဟ္မာမလွတ်။ ဟူ၍ယခင်ကျမ်းဂန် နှင့်တပြေးညီစေလျက်။ ရှင်မဟာရဌ သာရအ ကျော်စပ်ဆို တော်မူသည်သတိရှိခဲစွ။

သည်မှတပါး။သုတ်မဟာဝါဇနံသဘသုတ်ပါဠိတော် တွင်။တာဝတိန်သာနတ်ဘုံသို့ သနက်ုမာရဗြဟ္မာဆင်း လာ မည်အကြောင်း တွင်။ ရှေးဦးစွာအရောင် အလင်း ထင်လှာ ကြောင်း။ဗြဟ္မာမင်းလည်းရုံ့ရင်းသေါအတ္တဘောကိုဖန်ဆင်း ကြောင်း ပကတိ အဆင်း ကိုနတ်တို့ ပသာဒမျက်စိထင်မြင် ခြင်းမရှိနှိုင်။ ထိုကြောင့်ရုံ့ရင်း သောသြဋ္ဌာရိကရုပ်သဏ္ဌာန် ဘန်ဆင်း ကြောင်း။ ဥစွန်းငါး ရရှိသော ပဉ္စသိခ် နတ်သား

ကဲ့သို့ဘန်ဆင်း၍ကောင်း ကင်ပလွင်နှိုက်ထက် ဝယ်ဖွဲ့နေ
ကြောင်း။ ၃၃ခုသောကိုယ်ဖန်ဆင်း၍၃ကျိပ်၃ယောံသော
နှတ်တို့ပလွင်မှာအသီးအသီးနေထိုင် ကြကြောင်း များကိုဆို
သည်။ ဤသို့ဇာနံ သဘသုတ်နှိုက်။ ဗြဟ္မာမင်းကို။ တာဝတိန်
သာနှတ်တို့မမြင်နှိုင်ကြောင်းကိုလါသည့်အတိုင်း။ နှတ်တို့က
ဗြဟ္မာတို့ကို။ပကတိ မျက်စိဖြင့်။ မမြင် နှိုင် ကြောင်းကိုသိရ
သည်။ ။ဤစကားမှာ။ ဗြဟ္မာနှင့်စပ်ဆိုင်သည်ဖြစ်၍ မှတ်
သားဘွယ်ရှိသောကြောင့်ရေးလိုက်သည်။

သည်အရာတွင် ဗြဟ္မာသဒ္ဒါပုဒ် ၏. အနက်အဓိပ္ပာယ်
မှာ။အာဘိဓါနိဒ္ဓိကာတွင်။မဟန္တံသရိရတာယဗြဟ္မာ။ဗြဟာဝုဒ္ဓိ
ယံ။မပ္ပစ္စယော။ ဝိဂြိုဟ်လှစ်သည်။ ။မဟန္တော သရိ ရတာယ။
ကြီးသောကိုယ်ရှိသည်၏.အဖြစ်ကြောင့်။ ဗြဟ္မာ။ဗြဟ္မာမည်
၏.။ဗြဟာ။ဗြဟာသဒ္ဒါသည်။ဝုဒ္ဓိယံ။ကြီးခြင်းနှိုက်။ဝတ္တုတိ။ဖြစ်
၏.။ မပ္ပစ္စယော။ မပစ္စည်းတည်း။ ။အမရကော သဒ္ဒိကာ
တွင်။ဗြဟာတိသရိရေနဝဒ္ဓို တ်တိဗြဟ္မာ။နည်းတူပင်ဖြသည်။
နှတ်တို့ထက်ကြီးမြင့်သော ကိုယ်ရှိသောကြောင့် ဗြဟ္မာခေါ်
သည်ယူမှတ်ရမည်။နှတ်တို့ကိုယ်မှာ နှစ်ဂါဝုတ်သုံးဂါဝုတ်ရှိ
ကြောင်း။ဗြဟ္မာတို့မှာ။၁ ၂ယူဇနာရှိကြောင်းကို။မါတင်္ဂါတ်။
သာရတ္ထသင်္ဂဟကျမ်းတွင်ဆိုသည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ ပါရမီစာဂစရိယစသော။ကုသိုလ်တ
တို့ကို။အထူးဝိသေသပြုက။အကျိုးအာနိသင်လည်း။ ထူးကဲ
လွန်မြတ်သည်။ ယင်းသို့ဖြစ်၍။ ကုသိုလ်အဟုံ ပုညဝိသေသ
အကျိုးစက်ကြောင့်။ ဗြဟ္မာတို့၏. လက်ညှိုးတချောင်း ရောင်
ဖြင့်။စကြဝဠာတဆောင်။ဆယ်ချောင်းအရောင်ဖြင့်စကြဝဠာ
တသောင်း။ ယင်းဗြဟ္မာတို့အောံယုတ်သောအားဖြင့်နှတ်တို့

ကိုယ်ရောင်။ ယင်းအေခံယုတ်သောအားဖြင့်လူတို့တွင်။ ဝဂ္ဂ လိထေရ်။ဘဒ္ဒကပိလာ။ ယသောဓရာ။ ပဘာဝတီတို့၏ အ ရောင်။ အမြတ်အားဖြင့်လည်း။ မြတ်စွာဘုရား အလောင်း တော်၏ ကိုယ်တော်ရောင်။ ထိုထက်သာလွန်သော သမ္မာ သမ္ဗုဒ္ဓစစ် ကိုယ်တော်၏ အဖြစ်သို့ရောက်တော်မူမှ။ ထွက် လတ်သောဒိသာဖရဏစသောရောင်ခြဉ်တော်မြတ်တို့သဉ်။ အကြောင်းပိသေသကိုစွဲ၍။ အကျိုးပိသေသဖြစ်ရကား။ဒါနသီလစသော ကု သိုလ် တရား တို့ကို ခပ် သိမ်းသောအမျိုး ကောင်းသားတို့သည်။ထူးကဲလွန်မြတ်စွာ ဖြည့်သင့်ပြုထိုက် လှသည့်ဟူသောဥပဒေသကိုပြသည်ယူရမည်။

ဤတွင်ရွှေကားပုဒ်ရေ ၁အရအဖြေအဓိပ္ပာယ်ပြီး၏။



မေးခွန်းကောက် နုတ်ချက်ပါ။နသတ်အတင်စပ်နည်း ၄ပုဒ်တွင်။ပဌမပုဒ်။

ကမ္ဘာပျက်ချိန်။သုဘကိဏ်။ရေဂ္ဂိန်လွတ်ဂှင်းဂှင်း။ ။ ပုဒ်ရင်း။ ဟူသည်ကား။

ကမ္ဘာပျက်ခြင်း သုံးပါးတို့တွင်။ ရေဖြင့်ပျက် သော ပိဏ္ဍတ္ထ။ အကြိမ်သို့ ရောက်သော ကမ္ဘာ နှိုက်။ လောင် ဖက်ပျက်ဖက် လောကဓာတ်ကို။ ရေဖြင့်ဖျက်သည့်ဂှိသော် ပဌမဈာန်သုံး ဘုံ။ဒုတိယဈာန်သုံးဘုံ တွင်ရွှေသာရေဖြင့်ပျက်ရကား။ သု ဘကိဏ်ဘုံသည်။ ရေဖျက် ခြင်း မှကင်း လွတ် သည် ဆိုလို သည်။

အဝယဝတ္တ။ ဤနှိုက်။ ကမ္ဘာပျက်ပုံတည်ပုံနှစ်ပါးတွင်။ မီးဖြင့်ပျက်သောကမ္ဘာ။ ရေဖြင့် ပျက် သော ကမ္ဘာ။ လေဖြင့် ပျက်သောကမ္ဘာတို့၏အကြောင်း။ မီးရေလေသုံးပါးတို့၏ပျက် ဟန်အခြင်းအရာ။၎င်းသုံးပါးတို့၏ပျက်စည်။ အလှည့် အကြိမ်။၎င်းသုံးပါးတို့၏ပျက်ရာဘုံဌာန။ အန္တရကပ် မဟာ ကပ်တို့၏အကြောင်းများကို။ ဝိသုဒ္ဓိမဂ်။အဂ္ဂညသုတ်အဌကထာ။သာရတ္ထသင်္ဂဟ။ သာရတ္ထဒီပနီဋီကာ။ အဘိ ဓမ္မတ္ထဝိ ဘာ ဝနီဋီကာ။ လောကုပ္ပတ္တိ။လောကဒီပကသာရ။ စသောကျမ်းတို့နှိုက်လာသည်ကို။အမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

လောကသဏ္ဌာနန္တိ ဩကာသ လောကဿ သဏ္ဌာဟနံ။ပမာဏပရိစ္ဆန္ဒါနံစက္ကဝါဋ္ဌာနံအဂျာဒီဟိဝိနဿိတွာပုနသဏ္ဌာဟနန္တိအဓိပ္ပါယော။ဟူ၍အဌကထာဋီ ကာကျမ်းဂန်လာသည်နှင့်အညီသုံးပါးသောလောကတို့တွင်။ ဩကာသလောကဟုဆိုအပ်သောလောင်ဖက်ပျက်ဖက်ကုဋေတသိန်း။ ပမာဏအပိုင်းအခြား ရှိကုန်သောစကြဝဋ္ဌာတို့ ၏မီးရေလေတို့ကြောင့်ပျက်ပြီး၍တဖန်တည်ပြန်သည်ကိုဆိုသတည်း။

ထိုစကားနှိုက်။ ကပ်သည်။ အန္တရကပ်။ အသင်္ချေယျကပ်။မဟာကပ်ဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါး တို့တွင်။ လူတို့၏အသက်တမ်း ဆယ်နှစ်နေသည်ကာလမှစ ၍အစည်အတိုင်းပွါးသဖြင့်အသင်္ချေတိုင်အောင်နေသဉ်မှတ ဖန်ယုတ်ပြန်၍။ ဆယ်နှစ်တိုင်အောင်သော ကာလ သို့ရောက် ပြန်မှ။ သတ္ထန္တရကပ်။ရောဂန္တရကပ်။ဒုဘိက္ခန္တရကပ်ဟူသောကပ်သုံးပါးတို့တွင်။ တပါးပါးရောက်၍သတ္တဝါ တို့ပျက်သည်ကို အန္တရကပ်ဟုသိအပ်၏။

ကမ္ဘာဦးတည်စဖြစ် သောအန္တရကပ်မှာ ကား။ လူတို့အသက်ဆယ်နှစ်ကအစ မဖြစ်။ အသင်္ချေ ကစ ၍ ဆယ်နှစ်

တမ်းတိုင်အောင်။ ဆုတ်ယုတ်၍ဖြစ်၏။ ထိုလက်ဦးအစအန္တရ
ကပ်နှိုက်အတက်မရှိ။အဆုတ်သာရှိ၏။ ထိုအန္တရကပ်သည်။
သံဝန္ဓကပ်သို့မရောက်မီ အကြားနှိုက်။ ပျက်သော ကပ်ဖြစ်
သောကြောင့်အန္တရကပ် မည်၏။ ထိုအန္တ ရကပ် ခြေ ဆယ်
လေးကပ်သည်တခုသောအသင်္ချေ ယျကပ် မည် ၏။ ။ထို
ကပ်သည်နှစ်အရာအထောင်အစရှိသည်ဖြင့်၍ မျှရှိ ၏။ဟုရေ
တွက်ခြင်း ဌာမတတ်နှိုင်သောကြောင့် အသင်္ချေယျကပ်မည်
၏။

ယင်းအသင်္ချေယျကပ်သည်လည်း။ သံဝန္ဓ။ သံဝန္ဓဌာ
ယီ။ ဝိဝန္ဓ။ ဝိဝန္ဓဌာယီကပ် ဟူ၍ ကာလ အား ဖြင့်လေး ပါးအ
ပြားရှိ၏။ ထိုလေးပါးတို့တွင်။ ပျက်ဆဲသော ကာ လသည်။ သံ
ဝန္ဓကပ်မည်၏။ ပျက်သည်၏အထက်နှိုက်ပျက် တိုင်း တည်
သောကာလသည်။သံဝန္ဓဌာယီကပ်မည်၏။ပွါးဆဲဖြစ်သော
ကာလသည်ဝိဝန္ဓကပ်မည်၏။ ပွားသည်မှအထက် နှိုက်ပွား
တိုင်းတဉ်သောကာလသည်။ဝိဝန္ဓဌာယီကပ်မည်၏။ထိုကာ
လလေးပါး အပိုင်းအခြား ပမာဏသည် ကား။ အစစွာကမ္ဘာ
ပျက်ဓိုးသည်စကြဝဋ္ဌာကုဋေတသိန်းကိုနှံ့ စေ လျက်ရွာ ၏။
လူတို့သည်လည်းဝမ်းမြေဝံဝမ်းသာစိုက်ပျိုးကုန်၏။ကောဝံပင်
တို့သည်နွားစားလေဝံသည်ရှိသော်။ဓိုးသည်မည်း၏အသံကဲ့
သို့သောအသံကိုမြည်လျက်တပေါက် မျှမရွာပဲရှိ၏။ အစည်
အတိုင်းနေခုနစ်ခုပေါ်၍ ပဌမ ဈာန် သုံး ဘုံ တိုင် အောင်မီး
လောင်၍မီးစဲလေ၏။ ဤမျှလေဝံသောကာလ ကို သံဝန္ဓကပ်
ဟူ၍သိအပ်၏။

မီးလျှံစဲပြီး၍အောံကောင်း ကင်နှင့်။ အထက်ကောင်း
ကင်ထစပ်တည်းကြီးစွာသောအရိက် တိုက် ဖြင့် တည်သော

အသင်္ချေယျကပ်လုံးတည်သောကာလကိုသံဝန္ဒုဌာယိကပ်ဟူ၍သိအပ်၏။

ထိုနေဝံမှကမ္ဘာပြုမိုးအစစွာအနှဲ ရကပ်နှိုက်နှင်း ကဲ့သို့နူးနူးညံ့ညံ့ရွာ၏။ အစဉ်အတိုင်းမိုးသည်ကြာရိုးရှိ။တောင်ဝေးရှိ။ကျည်ပွေ့ရှိ။ထန်းပင်ရှိရွာ၍။ ကုဋေတသိန်း ကုံသောစကြဝဋ္ဌာတို့ကို ပြည့်စေလျက်မိုးစဲလေ၏။ ရှည်လျား သဖြင့်ရေသည်ရွှေလျောလတ်သော်။ သံဝန္ဒုကပ်မ ပျက် မီ တည်မြဲသောအရာနှိုက်ဘုံ ဗိမာန်မြေတို့သည်ဖြစ် ကုန်၏။ နေလပေါ်သည်တိုင်အောင်သောကာလကိုဝိဝန္ဒုကပ်ဟူ၍သိအပ်၏။

နေလပေါ်သည်မှစ၍ တဖန် ကမ္ဘာပျက် မိုး ရွာသည်တိုင်အောင်သောကာလကို။ဝိဝန္ဒုဌာယိကပ်ဟူ၍သိအပ်၏။

ဤအ သင်္ချေ ကပ် လေး ကပ် တို့ သည် တရု သောမဟာကပ်မည်၏။ ဟူ၍ထိုထိုအဌကထာဋီကာကျမ်းဂန်များတွင်ဆိုသည်။ ။ဤအသင်္ချေယျဂကပ်တို့တွင်။ သံ ဝန္ဒုကပ်သည်ကား။မီးဖျက်သောတေဇောသံဝန္ဒု။ ရေဖျက် သောအာပေါသံဝန္ဒု။လေဖျက်သောဝါယောသံဝန္ဒု။ဟူ၍သုံးပါး အပြားရှိ၏။ထိုသုံးပါးတို့တွင်။ မီး ဖျက်သောကမ္ဘာနှိုက်နေ ရနှစ်ရတိုး၍အာနုဘော်ကြောင့်အခိုး အလျှံ ထွက်၍မြေ မှစ၍ပဌမဈာန်သုံးဘုံတိုင်အောင်မုန်ညင်းလုံးမျှအကြွင်းမရှိလောင်၍မီးစဲလေ၏။ ။ရေဖျက်သောကမ္ဘာနှိုက်။ ဒုတိ ယဈာန် သုံးဘုံတိုင်အောင်ဆားခဲကိုရေတွင်ချ၍ကျေသကဲ့သို့ကျေပျက်လေ၏။ ။လေဖျက်သောကမ္ဘာနှိုက်။ တတိယဈာန်သုံးဘုံတိုင်အောင်စကြဝဋ္ဌာကုဋေတသိန်း လုံး မုန့်မုန့်ညက်ညက်ကျေ၍ပျေဝံ၏။ထိုကြောင့်။

တထွတယောသံဝန္ဒာ။ အာပေါသံဝန္ဒော။ တေဇောသံဝန္ဒော။ဝါယောသံဝန္ဒောတိ။တိသောသံဝန္ဒသိမာအာဘာသ

ရာ။သုဘကိဏ္ဍာ။ဝေဟပ္ဖလာတိ။ ယဒါကပ္ပေါ။ တေဇေနသံ ဝန္ဇုတိ။ အာဘဿရတောဟေဌာအဂ္ဂိနာခုယ္ဟတိ။ ယဒါအာ ပေနသံဝန္ဇုတိ။သုဘကိဏ္ဍတောဟေဌာဥဒကေနဝိ လိယတိ။ ယဒါဝါယုနာသံဝန္ဇုတိ။ ဝေဟပ္ဖ လတောဟေဌာဝါတေနဝိဒ္ဓံ သတိ။

တတ္ထ။ထိုအသချေ်ယျကပ်လေးပါးတို့တွင်။ သံန္ဇာဝ။ သံဝန္ဇုတို့သည်။ အာ ပေါ သံ ဝန္ဇော။ အပေါ သံ ဝန္ဇလည်း ကောင်း။တေဇောသံဝန္ဇော။တေဇော သံဝန္ဇလည်း ကောင်း။ ဝါယောသံဝန္ဇော။ဝါယေါသံဝန္ဇလည်းကောင်း။ဣတိ။ ဤသို့။ တယော။သုံးပါးတို့တည်း။သံဝန္ဇသိမာ။ သံဝန္ဇအပိုင်း အခြား တို့သည်။အာဘဿရာ။အာဘဿရဘုံလည်းကောင်း။သုဘ ကိဏ္ဍာ။ သုဘကိဏ်ဘုံလည်း ကောင်း။ ဝေဟပ္ဖ လာ။ ဝေ ဟပ္ဖိုလ်ဘုံလည်းကောင်း။ဣတိ။ဤသို့။တိဿော။သုံးပါးတို့ တည်း။ယဒါ။အကြင်အခါနှိုက်။ကပ္ပေါ။ကမ္ဘါသည်။တေဇေန။ မီးဖြင့်။သံဝန္ဇုတိ။ပျက်၏။တဒါ။ထိုမီးပျက်သေါအခါနှိုက်။အါ ဘဿရတော။အဘဿရဘုံမှ။ဟေဌာ။အောံနှိုက်။ အဂ္ဂိနာ။ မီးဖြင့်။ခုယ္ဟတိ။လောင်၏။ယဒါ။ အကြင်အခါနှိုက်။ ကပ္ပေါ။ ကမ္ဘာသည်။အာပေန။ရေဖြင့်။ သံဝန္ဇုတိ။ ပျက်၏။ တဒါ။ထို ရေဖြင့်ပျက်သောအခါနှိုက်။ သုဘကိဏ္ဍ တော။ သုဘကိဏ် မှ။ဟေဌာ။အောံနှိုက်။ဥဒကေန။ရေဖြင့်။ဝိလိယတိ။နစ်၏။ယ ဒါ။အကြင်အခါနှိုက်။ကပ္ပေါ။ကမ္ဘာသည်။ဝါယုနာ။ လေဖြင့်။ သံဝန္ဇုတိ။ပျက်၏။တဒါ။ ထိုလေဖြင့်ပျက်သောအခါနှိုက်။ဝေ ဟပ္ဖလတော။ ဝေဟပ္ဖိုလ်ဘုံမှ။ဟေဌာ။အောံနှိုက်။ဝါတေန။ လေဖြင့်။ဝိဒ္ဓသတိ။လွင့်ပျက်၏။

ဟူ၍။ ဝိသုဒ္ဓိမဂ်။ သုတ်ပါထေယျ။ အဂ္ဂညသုတ်အဌ ကထာ။သာရတ္ထသင်္ဂဟ။ သာရတ္ထဒီပနီဋီကာ။ အဘိဓမ္မတ္ထဝိ

ဘာဝနီဋီကာ။လောကုပ္ပဘိ။လောကဒီပကသာရအစရှိသော အဌကထာဋီကာ။ ဂန္ဓန္တရကျမ်းကြီးကျမ်း ခိုင်တို့နှိုက် အညီ အညွတ်လာသည်။

အချိုသသူတို့ကား။ မီး ဖျက်၍ သုံးဘုံလေးဘုံငါးဘုံ ပျက်ကြောင်း။ရေဖျက်၍ခြောံဘုံခုနစ်ဘုံပျက်ကြောင်းကိုပုံစံ အများ။ ပျိုးကဗျာစီ၍ဂါထာ ဗန္ဓနှင့် ရေး သားထားကြလေ သည်။ ။ဤစကားများကို။ ကျမ်းဂန်အသိ ပညာနှင့် ပြည့်စုံ တော်မူကုန်သောဆရာတို့သည်။ကျမ်းဂန်နှင့်ဆန့် ကျင်သည် မိန့်တော်မူကုန်သည်။

သံဝဋ္ဌသုံးပါးဟုဆိုအပ်သောမီးရေလေတို့ဖြင့်။ကမ္ဘာ ပျက်ရိုးကား။ မီးဖြင့်အစည်အတိုင်း ခုနစ်ကြိမ်ပျက်သည်။ထို နောင်ရေတကြိမ်ပျက်သည်။ဤကဲ့သို့မီးခုနစ်ကြိမ်။ ရေတကြိမ် စီပျက်၍ခြောံဆယ်လေး ကြိမ်မြောံနှိုက် လေတကြိမ်ဖျက် သည်။ဤကားကမ္ဘာတို့ပျက်ရိုးတည်း။

ယခုတည်သောဘဒ္ဒကပ် ကမ္ဘာသည်။ ပဌမမီးခုနစ် ကြိမ်နောံရေဖျက်၍ ဒုတိယခုနစ်ကြိမ်တွင်။ ပဌမမီးဖျက်၍ တည်သောကမ္ဘာဟူ၍မိ လိန္ဒပ၂ဥာတွင်ဆိုသည် ဟုမောင်ကု လားရေးသည်ရာဇဝင်တွင်မှာသည်။ မှာသည်အတိုင်းမိလိန္ဒ ပ၂ဥာတွင်မရှိ။နောင်ဤကမ္ဘာမီးဖြင့်ပျက်လတ်တံ့ဟုအနာ ဂ တဝင်အ ဌ ကထာ တွင် ဆိုဏ်း ဟူ၍ရာ ဇဝင် တော် တွင်ဆို သည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။လူတို့အသက်ဆယ်နှစ်ကကို။တက် ရေရေတွက်သော အား ဖြင့် အသက် အသချေ် တိုင်။ ၎င်းအ သက်အသချေ်က။သက်ရေရေသောအားဖြင့်။ အသက်ဆယ် နှစ်တမ်းတိုင်။ ဤမျှသောကာလသည် တခုသောအန္တရကပ်။

ယင်းအန္တရကပ် ခြောံဆဲ့လေးကပ်သည် တခုသောအသချေ်ယျကပ်။ထိုအသုချေ်ယျကပ်လေးကပ်ပြည့်မှတကမ္ဘာ။ယင်းကမ္ဘာတွင်လည်း။ သံဝဋ္ဋကပ်မှာ ပျက်ဆဲ။ သံဝဋ္ဋဌာယီကပ်မှါတဉ်ဆဲ။ဝိဝဋ္ဋကပ်မှာပွားဆဲဖြစ်၍။လူနေမရှိသေး။ ဝိဝဋ္ဋဌာယီကပ်၏.အဘိုသို့ရောက်မှသာလျှင် လူနေတည်ရှိချေသည်။ ယင်းသိုဖြစ်ရကား။ကမ္ဘာကိုလေးဘိုဘို၍ သုံးဘိုမှာလူနေမရှိအချည်းနှီးမျှသာဖြစ်သည်။ လေးဘိုတဘိုမျှသောကာလတွင် ရွှေသာလူတို့ဖြစ်ပွားရသည်ခေတ်ကာလဖြစ်သည်။ယင်းသို့တကမ္ဘာတွင် မျှလည်း။ လေးဘိုတဘိုခန့် သာလူဖြစ်ရာကာလကိုရသည်။ ကမ္ဘာအရာ အထောင် ပင်ကြိမ်ကြိုက်သော်လည်း။ ဘုရားပွင့်တော်မူသောခေတ်ကာလနှိုက်ကြိမ်ကြိုက်ခဲသည်။ကြိမ်ကြိုက်သော်လည်း။ သဒ္ဓါတရားနှင့်ပြဉ်ဆုံခဲသဉ်စသည် ဖြင့် ဟောတော်မူ အပ် သော ဒုလ္လ ဘတရား ကိုအမြဲနှလုံးသွင်းထား၍။ စကြဝဋ္ဌာအများတွင်။ ဘုရား ပွင့်တော်မူသောစကြဝဋ္ဌာဖြစ်၍။ ဤစကြဝဋ္ဌာအမြတ်။ ကျွန်း အများတွင်လည်း။ဤကျွန်း။ ကမ္ဘာအများတွင်လည်းဤကမ္ဘာ။အခါကာလဒေသသမ္ပတ္တိအတွင်း။ ကြိမ်ကြိုက်ရပေသည်ဟု ဝမ်းမြောက်ဝမ်းသာသဒ္ဓါတရားကိုဖြစ်စေ၍။ ဘုရားစသောရတနာသုံးပါးဂုဏ်ကို။ယုံကြည်မြတ်နိုးကိုးကွယ်ဆဉ်း ကပ်ခြင်း။ ဒါနသီလစသော ပုညကိရိယဝတ္ထုတရားတို့ကို အားထုတ်ခြင်း။ ပါရမီ စာဂ စရိယစ သော သူ တော် တရား တို့ကို တနေ့ထက်တနေ့။ တဆင့်ထက် တဆင့်။ ကြီးရင့် ပွားများအောင်။ကျိုးစားအားထုတ်ခြင်းကို။ ပြုရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

မေးခွန်းကောံနုတ်ချက်ပါ။နသတ်အတင်စပ်နဉ်းဌပုဒ်တွင်။ဒုတိယပုဒ်။

ပုဒ်ရင်း။ သခွတ်ပွင့်ချိန်။ အသူရိန်။ဝတိန်သာသို့ဆင်း။ ။ဟူသည်ကား။

ပိဏ္ဍတ္ထ။ ဘုရားအလောင်းတော်မါဃလုင်သိကြားဖြစ်၍ရှိရင်းသိကြားကို။ တာဝ တိန်သာမှ ပယ်ချလိုက်လျှင်။ မိမိကံအလျောံ။ မြင်းမိုရ်တောင် ခြေခုံလောံ သုံးလုံးအတွင်း။ ဝေဇယန္တာပြာသာဒ် သုဓမ္မာဇရပ်ပင်လယ်ကသစ်ပင်မှတပါး။အခြင်းခပ်သိမ်း။တာဝတိန်သာနတ်ပြည်နှင့်အတူ။အသူရာပြည်ဖြစ်၍။ယင်းအသူရာပြည်တွင်။ သခွတ်ပေါက်ရောက်သဖြင့်။ သခွတ်မပွင့်မီကာလမှာမူကား တာဝတိန်သာပင်ထင်မှတ်။ မြွေလျော်ပျော်ပါး၍။နေလင့်၏။ သခွတ်ပွင့်ချိန်သို့ရောံလတ်သော်။ ပင်လယ်ကသစ် မဟုတ်သည်ကိုသိ၍။ ဤပြည်ကား တာဝတိန်သာမဟုတ်တကားဟု။အမျက်ထွက်သဖြင့်။အသူရာနတ်။ နှစ်စည်တာဝတိန်သာသို့ စစ်ချီတက်ပြီးလျှင်။တာဝတိန်သာနတ်တို့နှင့်စစ်ထိုးခြင်းကိုပြု၍။ တာဝတိန်သာကိုမရမှ။အသူရာပြည်သို့သက်ဆင်းပြန်သည်ဆိုလိုသည်။

အဝယဝတ္ထ ဤနှိုက်။အချိုကား။ အသူရာနတ်ကိုတာဝတိန်သာကချလိုက်ရင်းအတိုင်း။ အသူရာပြဉ်တွင်။ဘုံဗိမာန်နှင့်တကွ။ဦးစေခံတည်သည်။ သို့ဖြစ်၍။ တာဝတိန်သာသို့ တနှစ်တကြိမ်စစ်ချီတက်သည်ကို။အောံသို့ဆင်းရသည်နှင့်အတူ။ အသူရာတို့ထင်မှတ်ရကား။ ဝတိန်သာသို့ ဆင်းဟု စပ်ဆိုရေးသားကြောင်းနှင့်ယူစကြ၏။အသူရာပြည်။ ၎င်းတို့ဘုံဗိမာန်။အသူ

ရာနှတ်တို့ ဦးစေ့တည်နေကြောင်းကို။ ကျမ်းဂန်မလာမရှိရကား။ ယင်းစကားကိုသာ ရအားဖြင့်မမှတ်သင့်။ သတ်ပုံအစဉ်စပ်မှာ။ဝေါဟာရဖြစ်၍။ စကားအမြိတ်အစကြွင်းကျန်သော်လည်း။အဓိပ္ပါယ်ယူဆ သိဖြင့်နှိုင်လေ့ံက။ စကားကြွင်းနှင့် ပင်စပ်ဆိုလေသည်။ သတ်ပုံအစပ်တွင်။ စကားကြွင်းကားဝတိန်သာသို့တက်သည်။ တက်၍နတ် စစ်သည်တို့နှင့် တိုက်သည်။တိုက်ပြီးမှတာဝတိန်သာကိုမရနိုင်ရကား။ မိမိနေရင်းအသူရာပြဉ်သို့ဆင်းလာသဉ်ဟုဆိုလိုရင်းစကားကြွင်းကိုသိလေ။ ကျမ်းဂန်နိုက်လည်း၌အရပ်သို့လာလှည့်။ လာ၍နွားနို့ကိုသေံ။သော်ပြီးမှသွားဟုအပြဉ်အစုံစကားဆိုသင့်လျက်။ နွားနို့သေဝံလည့်ဟု ဆိုသဖြင့်ပင်။ စကားကြွင်းနှင့် တကွအလုံးစုံအဓိပ္ပါယ်ကိုသိမှတ်ရ၏.သို့မှတ်လေ။

ယင်းသို့အသူရာနှင့် တာဝတိန်သာနတ်တို့ များသောအားဖြင့် တနှစ်တကြိမ်။ သခွတ်ပွင့်သောအခါ။ စစ်ချီတက်တိုက်ခိုက်ကြသည်။ စကားရပ်နိုင်း။ တာဝတိန်သာ တွင်ရှိရင်းသိကြားကို။ အလောင်းတော်မာဃသိကြားတွန်းချလိုက်သည်အကြောင်းအရာ။ အသူရာပြည်တည်ရာအရပ်။ အသူရာပြည်အခြင်းအရာ။ အသူရာမျိုးကွဲပြားကြောင်း။ အသူရာတို့သခွတ်ပွင့်ချိန်အခါတာဝတိန်သာသို့စစ်ချီတက်သဉ်အထုပ်တို့။ အသူရာတို့စစ်ချီ တက်လာလျှင်။ သိကြားနတ်မင်းနှင့် တကွတာဝတိန်သာနတ်တို့ စစ်အင်္ဂါလေးပါးနှင့် စစ်ထွက်၍ခုခံကြောင်း။အသူရာပြည်။သိကြားပြည်နှစ်ရပ်အကြား။အစောင့်အရှောံ ဖြိုဖြစ်သောအာလိန်ငါးဆင့် တည်ရှိဟန်။ စစ်ထွက်သောအခါ။ သိကြားနတ် မင်း စီး သော ယာဉ်။ စွဲကိုင်သောလက်နက်။တာဝတိန်သာပြည်။အယုဇ္ဈာပုရမြို့တံခါးနှိုက်။ သိကြားရပ်ထုလုပ်ထားကြောင်းများကို။ကုလာဝကဇာတ်အဋ္ဌ

ကထာ။နာမရူပပရိစ္ဆေဒကျမ်း။ အင်္ဂုတ္တရနဝနိပါတ် အဌက
ထာ။ လောကပညတ္တိကျမ်း။ ဆဂတိဒီပဏီကျမ်း။မဟာဝဂ္ဂ
သံယုတ်။ နေမိဇာတ်အဌ ကထာ။ ကာမနိ တဇာတ် စသော
ကျမ်းဂန်။ဘူရိဒတ်ဇာတ်ပေါင်း။သံဝရပျိုး။ဘုံခန်း။မဟာဥပ
ရာဇာဧချင်းစသော ပျိုးကဗျာများတွင်။ ထွက်ရှိသည်ကိုအ
မြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

လွန်လေပြီးသောအခါ။မဂဓရာဇ်တိုင်းရာဇဂြိုဟ်ပြဉ်။
မာဂဓရာဇ်မင်းလက်ထက်။မစလရွာမှာ။ဘုရားအလောင်မာ
ဃလုင်ဖြစ်၍။သတင်းသီလဆောံတဉ်ခြင်း။ ရေတွင်းရေကန်
တန်တားဇရပ်ကုသိုလ်ကောင်းမှုပြုသဉ်အကြောင်းကြောင့်။
ထိုရွာမှစုတေခဲ့သော်။ အသူရာမင်းနေ့သော တာဝတိန်သာ
နတ်ပြည်မှာသိကြားဖြစ်သည်။ အသူရာမင်းကို သေသောံ၍
ယစ်မူးခိုက်မြင်းမိုရ် တောင်ခြေ မဟာသမုဒ္ဒရာ ရေအပြင်
နှိုက်သိကြားကချသည်တွင်။ မြင်းမိုရ်တောင်အောံ ခုံလောံ
သုံးလုံးအကြားယူဇနာတသောင်းခန့်သော အသူရာပြည်ဖြစ်
ရာအရပ်ရှိသည်။ထိုအရပ်သို့အသူရာတို့ရောက်သည်တွင်မှ။
အသူရာပြည်ဖြစ်သည်။ထိုပြည်ကားတာဝတိန်သာနတ်ပြည်
နှင့်အတူ ကြီးကျယ်၏။ ဥယည်ရေကန်ဖြင့် တင့်တယ်၏။
နတ်၏မြို့ရွာဇနပုဒ်နှင့်ပြည့်စုံ၏။ တာဝတိန်သာမှာကသစ်။
အသူရာပြည်မှာသခွတ်။ ဤသို့ပြည်၏အသရေသစ်ပင်ခြင်း
မတူ။တာဝတိန်သာနတ်ပြည်မှာသုဓမ္မာဇရပ်နှင့်။ ဝေဇယန္တာ
ပြာသာဒ်ရှိသည်။အသူရာပြည်မှာမရှိ။ ဤမျှသာထူးသည်။ထို
မှတပါး။ အသက်တမ်း စည်းစိမ်ချမ်း သာအ ထူး မရှိဟူ၍။
လောကပညတ္တိကျမ်း။ဆဂတိဒီပဏီကျမ်းများနှိုက်ဆိုသည်။

ထိုအသူရာနှင့်။ တာဝတိန်သာနတ်တို့ အသက်တမ်း
စည်းစိမ်းချမ်းသာ တူမျှသောကြောင့် အသူရာနှစ်မျိုး တွင်။

နတ်အသူရာကို။ တာဝတိန်သာနတ်နှိုက်။ အသူရ ကာယ်ကို ပြိတ္တာနှိုက်သွင်းရသည်ဟူ၍ပြအံ့သောဌာ။ နာမရူပပရိစ္ဆေဒ ကျမ်းတွင်။

တာဝတိံသေသုဒေဝေသု။ ဝေပစိတ္တာသူရာ ဂတာ။ ကာလကဉ္စာသူရာနာမ။ဂတာပေတေသုသဗ္ဗဒါ။ ။ဟူသော ဂါထာကိုဆိုသည်။ ။ဝေပစိတ္တာသူရာ။ဝေပစိတ္တိအစရှိသော နတ်အသူရာတို့သည်။ တာဝတိံသေသုဒေဝေသု။တာဝတိန် သာနတ်တို့နှိုက်။ဂတာ။ သက်ဝင်လေကုန်၏။ ကာလကဉ္စာ သူရာနာမ။ ကာလကိဉ္စိကအစရှိသောအသူရကယ် တို့မည် သည်။ပေတေသု။ပြိတ္တာတို့နှိုက်။သဗ္ဗဒါ။ အခြင်းခပ်သိမ်း။ဂ တာ။သက်ဝင်လေကုန်၏။ ။ဤကားအနက်။ ။ထိုသို့မ သွင်းလျှင်၃၁ဘုံမက။၃၂ဘုံ။၃ဘုံဖြစ်လေရာသည်။ သတိရှိ လှစေ။

အသူရာတို့လည်း။အထက်ကတာဝတိန်သာမှါနေစဉ်။ ကသစ်ပန်းပွင့် ရတုသဘင် ခံမြဲအချိန်တွင် သခွတ်ပန်းပွင့် သည်ကိုမြှင်၍ငါတို့နေရင်းပြည်မဟုတ်တကား။ ငါတို့ကိုသိ ကြားပစ်ချလိုက်၍ ငါတို့နတ်ပြည်ကို ယူဘိသည်ဟု အမျက် ထွက်သဖြင့်စစ်ပြိုင်၍။နတ်ပြည်ကိုယူအံ့သောဌာ။တိုင်ကိုချ ပုန်းတက်သကဲ့သို့မြင်းမိုရ်တောင်ကို မဟာသမုဒ္ဒရာရေအ ပြင်မှတဆွေ့ တဆွေ့စစ်အင်္ဂါ၄ပါး နှင့်တကွ တက်ကြကုန် သည်ဟု။ကုလာဝကဇာတ်အဌကထာတွင်ဆိုသည်။ယင်းမှ တပါး။အထေခံအထားသာဓကဟူသည်မှာ။

စိတ္တပါတလိယါ။ဆန်းကြယ်သောသခွတ်ပင်၏။ပုဗ္ဗ နကာလေ။ပွင့်ချိန်ကာလနှိုက်။ဒိဗ္ဗပါရိဆတ္တကပုပ္ဖံ။နတ်နှိုက် ကသစ်ပွင့် ကို။ တေ။ ထိုအသူ ရာတို့သည်။ အနုဿရန္တိ။ အောံမေ့ကုန်၏။တတော။ထိုသို့အောံမေ့သောကြောင့်။ဥပ္ပန္န

ကောဓာ။ ဖြစ်သောအမျက်ထွက်ခြင်းရှိကုန်ရကား။ ဒေဝေ။ နတ်တို့ကို။ဂဏထာတိ။ဖမ်းကုန်အံ့ဟူ၍။သမုခသမုခဌာနေ။ ရှေ့ရှုရာရှေ့ ရှုရာနှိုက်။ သိနေရုံ။ မြင်း မိုရ်တောင်ကို။ အဘိရူဟ နှိ။စစ်တက်ကြကုန်၏။ဒေဝါပိ။နတ်တို့သည်လည်း။နိက္ခမန္တိ။စစ်ထွက်ကြကုန်၏။ ။ဟူ၍အင်္ဂုတ္တရနဝနိပါတ်အဌကထာနှိုက်လာသည်အတိုင်း။သခွတ်ပွင့်ချိန်တိုင်လျှင်။ တာဝတိန်သာသို့အသူရာတို့စစ်တက်မြဲတည်း။

ဘူရိဒတ်ဇာတ်ပေါင်းတွင်လည်း။ ။မိုးနတ်သက္ကာ။ ဒေဝိန္ဒလျှင်။သူရရဲမက်။တခဲနက်ကို။ဝက်ဝက်မြို့ကွဲ။ဖြန်းဖြန်းခွဲ၍။စစ်ပွဲခေါင်ခေါင်။ တိုက်ပြီးနောင်မှ။ ရန်အောင်ပီပီ။နစ္စဂိဖြင့်။အညီသာရွှင်။မြင်းမိုရ်ဝင်သို့။ဟူ၍ဂုင်း။

သံရတွင်။ ။ရှေးသရောခါ။အသူရာကို။နတ်ရွါမြင့်ဖြူး။မြင်းမိုရ်ဦးဝယ်။ နတ်မှူးနတ်စစ်။ နတ်ကြီးဖြစ် လျက်။မချစ်သိကြား။ ချသောအားဖြင့်။ စည်ပါးမြေမှာ။ ကျတုံလှာသော်။တခါစိုးပိုင်။ မကြီနှိုင်ပဲ။ သင်းသီးကွဲမှ။ တဝဲရစ်ရစ်။ ဖြစ်စနိုးနိုး။စစ်မက်ထိုးလည်း။အကျိုးမနံ။ပဲနှယ်ရွံသည်။ ။ ဝေးလံယခုထက်တိုက်တည်း။ဟူ၍ဂုင်း။

နေမိဘုံခန်းတွင်။ ။နတ်တည့်သဘော။ဆင်းရဲသောဟု။ကျော်စောညှံစဲ။ မရှိပဲလျက်။ ကိုက်ခဲမတတ်။ သူရာနတ်တို့။သခွတ်ပွင့်က။စိတ်ကြွကြွလျှင်။ဒေါသမုန်ယို။ဖပ်ဖပ်စိုမျှ။ မျက်လိုမျက်စည်။ပြည်နှင့်သမီး။ရန်ကြီးနှစ်ပါး။ဖြစ်သောအားဖြင့်။ရှည်လျားပြိုးစုန်း။ စီးပွားဖြုန်းလျက်။ သူမုန်းဆက်ဆံ။ လောကဓံကြောင့်။ မြဲမြံပြုအပ်။ လုပ်ကြီထပ် လျက်။ ရွပ်ရွပ်ကိုက်ဝါး။ပခုံးသားကို။စားလတ်လိလိ။ဟူ၍ဂုင်း။

မဟာဥပရာဇာဇျောင်းတွင်။ ။သခွတ်ပွင့်ခါ။အသူရာလျှင်။ ငရွာနတ်ပြည်။ ဤသည်မဟုတ်။ စိတ်ခလုတ် ဖြင့်။

မျက်ကြုပ်ရံပါ။ မြင်း မိုရ်ချာသို့။ သာ၍ တဖန်။ စစ်ထိုး ပြန်လည်း။ဘုန်းဝှန်ထွတ်ထား။ သိကြားရန်စင်။ သူဇာလင်ကား။ မာတင်နာဂ။ သုမိတ္တနှင်။ တိုက်ချပိုက် ပိုက်။ နိုင်လိုက်သော ဟန်။ဟူ၍ဂင်း။

ဧရေးပညာရှိ တို့စပ်ဆိုကြသည် ကား များ၏။ ကျယ်မည်ကိုထော်၍မရေးလိုက်သည်။

သိကြားမင်းလည်း။အသူရာတို့ စစ်တက်၍ လာသည် ဟုကြားသိလျှင်။စစ်ပြိုင်မည်တာဝတိန်သာက။နတ်စစ်သည် အပေါင်း နှင့်ချီသည်။ အသူရာ လည်း စစ်ရေး ပြိုင်မည် လာသည်ကာလ။ အာလိန်ငါးဆင့်ကင်းစောင့်ကင်းနေရှိရကား။ အသူရာတို့စစ်တက်လာကုန်လျှင်။ လက်ဦးစွာနဂါးတို့ဆီးခံသည်။ထိုကမခံနိုင်မှ။ ဂဋ္ဌန်တို့ဆီးခံသည်။ထိုအတူ။ကုမ္ဘာန်။ ရက္ခိုက်။မဟာရာဇ်တို့ဆီးခံကြသည်။အာလိန်ငါးဆင့်တွင်မဆီးမခံနိုင်မှ။သိကြားကိုယ်တိုင်စစ်တွက်သည်ဟုဆိုသည်။

ယင်းတွင်။အာလိန်ငါးဆင့်ဟူသည်မှာ။ ။အန္တရာ ဒိန္ဒံအယုဇ္ဈပူရာနံ ပဉ္စပိဓာဌပိတာ။ အဘိရက္ခာ။ ဥရဂေါက ရောဋိပယဿဘာရိ။မဒနယုတ္တာစတုရောမဟတ္တာ။ ။ဥရဂေါ။နဂါး။ ကရောဋိ။ ကဋ္ဌန်။ ပယဿဘာရိ။ ကုမ္ဘာန်။ မဒနယုတ္တာ။ရက္ခိုက်။ စတုမဟတ္တာ။ စတုမဟာရာဇ် နတ်မင်းဌပါး။ဇူတိ။ဤသို့။ဒိန္ဒံအယုဇ္ဈပူရာနံ။ စစ်ထိုး၍မယူနိုင်ကောင်းသောကြောင့်။ အယုဇ္ဈပူရမည်သော သိကြားပြည် အသူရာပြည်ဤပြည်တို့၏။အန္တရာ။ အကြားနိုက်။ ပဉ္စပိဓာ။ငါးပါးအပြားရှိကုန်သော။အဘိရက္ခာ။ရှေရှုအရံအတါးတို့ကို။ဌပိတါ။ ထားအပ်ကုန်၏။

ဟူ၍ဇာတ် အဌကထာနိုက် ဆိုသည်နှင့်အညီ။ မြင်း မိုရ်တောင်မှာအာလိန်ငါးဆင့်ရှိသဉ်တွင်။ပဌမအာလိန်နိုက်

နဂါးကိုထားသည်။ ရင်ဖြင့်တွားဖြစ်သွားတတ်သောကြောင့်ဥ ရဂဆိုသည်။

ဒုတိယအာလိန်နှိုက် ကဋ္ဌနိုကိုထားသည်။ ကရောဋိမည်သောအဖျော် အစာရှိသောကြောင့်။ ကရောဋိဆိုသည်။ ပင်းယငါးစိးရှင်အမတ် စတုရင်္ဂလကား။ အနန္တရာသာရတွင်။သဉ္ဇက္ခောင်းခွံ သားဟူသော အဖျော်အစာ ရှိသည်ဟူ၏။

တတိယအဓိလိန်နှိုက်ကုမ္ဘိနိုကိုထားသည်။အိုးစရဉ်းမျှ လေဝံရှိ၌က်အပ်သေါအဏ္ဍာရှိသေါကြောင့်ကုမ္ဘဏ္ဍာဆိုသည်။

စထုတ္ထအာလိန်နှိုက် ရက္ခိုက်ကို ထားသည်။ ရဲရင့်သောမာန်ဖြင့်စစ်ထိုးလိုခြင်း ကြူး သောကြောင့် မဒနယုတ္တာဆိုသည်။

ပဉ္စမအာလိန်နှိုက်။စတုမဟာရာဇ်၏ နတ်မင်းကြီးငါးပါးကိုထားသည်။ စဘုမဟာရာဇ်နတ်မျိုး တွင်အကြီး အကဲဖြစ်သောကြောင့်။စတုရောမဟတ္တာဆိုသည်။

အာလိန် ဟူသည်ကား။ အဦးအဖြင် ဆိုလိုသည်။၍ကားအာလိန်ငါးဆင့်ထားပြီးနေ့ဝံစကားတည်း။

အသူရာ။အသူရောတို့သည်။ဥဒ္ဓတာတိ။ စစ်တက် ကုန်သည်ဟု။ သုတ္တာ။ကြား၍။ သမုဒ္ဒပိဌ္ဌေယော၀။ သိဒါသမုဒ္ဒရာအဖြင်ကပင်လျှင်။သင်္ကော။သိက်ငံးသည်။အင်္ဂါဂ်ိဳ။ ရှေ့ရှုချိတက်၍။ယုဇ္ဈမာနောကိုရ။စစ်ပြိုင်သတတ်။ ၍သို့ကုလာ၀ကဇာတ်နှိုက်ဆိုသည်ကား။ ရှေးဦးစွာအသူ ရာတို့စစ် တက်လာသည်ကာလ။အာလိန်ငါး ဆင့် မထားမီ လက်ဦး စကားတည်း။ ။လောကပညတ္တိနှိုက်ကား။ အာလိန်ငါးဆင့်အနေအထားကိုသိချိုပမာဏနှင့်အခြားဆို၏။ ဇာတ်အဋ္ဌကထာ။ နဝနိပါတ်အင်္ဂါဇ္ဇိုရ်အဋ္ဌကထာ။ စသောကျမ်းကြီးများကိုမ

လွန်သာ ပြီဖြစ်၍ မရေးလိုက်သည်။ ။သိကြား မင်း။ မည်သည်ယည်ကိုစီးသည်။ မည်သည်လက်နက်ကိုစွဲသည်။မည်သည်စစ်အင်္ဂါနှင့်မည်သည်အရပ်ကခုခံ သည်ဟူငြား အုံ။ရံခါနတ်မြင်းတထောင်ကသောဝေဇယန္တာ ရထား စီး၍၎င်း။ရံခါသုမိတ္တဆင် ကိုစီး ၍၎င်း။ ဝဇီရစိန် လက်နက် ကိုစွဲ ကိုင်လျက်။အရဟတ္တဝဇမည်သောရဲတံခွန်ကိုလွှား ထောင်ပြီးမှ။ စစ်အင်္ဂါလေးပါးနှင့် တကွ။ ယခင်ဆိုခဲ့ပြီး သော အရပ်ဌာန ကဆီးကြိုခုခံသည်။ ၃၃ပါးသော သိကြား ငယ်။ စတုမဟာ ရာဇ်နတ်မင်းကြီး၄ပါး။လနတ်သားနေနတ်သားတို့လည်း။အသီးအသီးစစ်အင်္ဂါ၄ပါးနှင့် တကွ ထွက် ၍ ဆီး ကြိုခုခံကြသည်။

ဟတ္ထိဂတာ။ဆင်စီးတို့သည်။ ဟတ္ထိဂတေဟိ။ ဆင်စီးတို့ချင်း။အဿဂတာ။မြင်းစီးတို့သည်။ အဿဂတေဟိ။ မြင်းစီးတို့ချင်း။ရထဂတာ။ ရထားစီးတို့သည်။ ရထဂတေဟိ။ရထားစီးတို့ချင်း။ပတ္တိကာ။ခြေသည်တို့သည်။ ပတ္တိကေဟိ။ခြေသည်တို့ချင်း။သင်္ဂါမေ။ စစ်မြေနှိုက်။ ဝတ္တန္တိ။ တိုက်ခိုက်ကြကုန်၏.ဟူ၍လာသည်အတိုင်း။နတ်အသူရာတို့စစ်အင်္ဂါ၄ပါး လုံးပင်သင့်ရာလက်နက်စွဲကိုင်လျက်စစ် ကြီး တွေ့ကြသည်။ ထိုအခါဝေပစိတ္တိအသူရာမင်းမှာ။ကေလာသကုဋ္ဌဆင် ကိုစီး သည်ဟူ၍ဆိုသည်။

ယင်းသို့သော်နှစ်စည်နှစ်တိုင်းပင်နတ်အ သူရာတို့စစ်တက် စစ်ထွက်။ စစ်ပွဲဖြစ်သလောဟု မေး ဖွယ်ရှိ၏.။ ထိုအမေးကိုနှစ်စည်နှစ်တိုင်းပင်၎င်း။ များသောအား ဖြင့်၎င်း။ဖြစ်သည်ဟုဖြေရန်ကျမ်းဂန်အရိပ်ရှိ၏.။ကျမ်းဂန်ကား။ရာဇဂြိုဟ်ပြည်ဝေဌုဝန်ကျောင်းနှိုက် မြတ်စွာဘုရား နေတော်မူစည်ရဟန်းတို့ ကိုဤသို့မိန့်တော်မူ၏.။ရဟန်းတို့။ အခါတပါးသော်

ယောက်ျားတယောံသည်။သုမာဂဓာရေကန်နားနှိုက်နေထိုင်လျက်။လနေတို့သည်။ ဘယ်သို့ဖြစ်ကုန်သနည်း။မြေကြီး။သမုဒ္ဒရာ။သတ္တဝါ။တော။တောင်။ သစ်ပင်တို့သည်ဘယ်သို့ဖြစ်ကုန်သနည်းဟု။လောကနှိုက်။ ကြီစည်ဖွယ်ကိုကြီ၏။ ထိုအခါ။ ထိုယော က်ျားသည်။ ဆင်မြင်းအစ ရှိသည်ကို စီကုန်းလျက်။ ကြာစွယ်ကြာရင်း အခေါင်းအပေါက်ဝသို့ ဝင်သွားသောစစ်အင်္ဂါ၄ပါးကိုမြင်လေလျှင်။မမြင်ကောင်းသည်ကို။ ငါ မြင်သည်ကား။ယူးသွပ်၍လောဟုထိုယောက်ျားအားအကြီဖြစ်၏။ ထိုသို့မြင်ခြင်းကား။ နတ်အသူရာတို့ စစ်ပြိုင်ရာတွင်အသူရာတို့ရှုံး၍ နတ်တို့ကိုမသိမမြင်စိမ့်သောဌာ။ တန်းခိုးအာနုဘော်ဖြင့်ငယ်ရွယ်သေးဖွဲအေါင်ဖန်ဆင်း၍ကြာစွယ်ကြာရင်းအခေါင်းအပေါက်ဝသို့။ အသူရာတို့ဝင်သွား၍အသူရာပြဉ့်တိုင်အောင်ပြေးလေကုန်သည်ဟု ဟောတော်မူသည်။ ဤသို့မြတ်စွာဘုရားလက်ထက်တော်ကပင်။ နတ်အသူရာတို့စစ်ပွဲဖြစ်ကြောင်းကို။ မဟာဝဂ္ဂသံယုတ် နှိုက် ဟောတော်မူသောကြောင့်။ နှစ်စည်နှစ်တိုင်းပင်၄င်း။ များသောအားဖြင့်၄င်း။နတ်အသူရာတို့စစ်ပွဲဖြစ်မြဲဟုသိရသည်။

နတ်အသူရာတို့ပြည်မှာဆင်မြင်းစသောတိရိစ္ဆာန်ဟူသမျှသည်။နတ်သားနတ်သမီးတို့သာဟု။ ကထာဝတ္ထုကျမ်းနှိုက်လာသည်နှင့်အညီအရာတိုင်းမှာနှလုံးထားလေ။

နတ်အသူရာတို့ အရှုံးအနိုင်အကြောင်းမှာ။ ယေ။ အကြင်နတ် အသူရာတို့သည်။ အဘိယန္တီ။ ရှေ့ရှုတက်ကုန်၏။ တေန။ထိုနတ်အသူရာတို့သည်။ ဘိဇ္ဇန္တီ။ စစ်ပျက်ကုန်၏။ဧသာ။ထိုသို့စစ်ပျက်ခြင်းသည်။နေသံ။ ထိုအသူရာနတ်တို့၏။ မေ့တာ။ အမြဲသဘောမေ့တာတည်း။ ဤသို့လောကပညတ္တိနှိုက်ဆိုသဉ်အလိုကား။နှစ်ဦးနှစ်ဘက်စစ်ပြိုင်မိသည်ကာလ။

အလျှင်ဘိစီး၍ တက်သသူစစ်ပျက်မြဲရှုံးမြဲ။ အဘယ်ကြောင့်နည်းဟူမူကား။ နတ်အသူရာနှစ်ဦးသားလုံးပင်။စစ်ထိုး၍မရှုံးကောင်းမနိုင်ကောင်းသောကြောင့်တည်း။ကုလာဝကဇာတ်။ အင်္ဂုတ္တရနဝနိပါတ်များတွင်လည်းသည်နည်းတူဆိုသည်။

တေသံ။ထိုအသူရာနတ်တို့အား။ဝေါပါလကဒါရကါနံ။ နွားကျောင်းသားသူငယ်တို့၏။ အညမည်။ အချင်းချင်း။ ဒဏ္ဍကေဟိ။ လှံ တံငယ်တို့ဖြင့်။ပဟရဏသဒိသံ။ ပုတ်ခတ်ခြင်းနှင့်တူသော။ယုဒ္ဓံ။စစ်ထိုးခြင်းသည်။ဟောတိ။ဖြစ်၏။

ဟူ၍အင်္ဂုတ္တရ နဝနိပါတ် အဌကထာနှိုက် ဆိုသည်နှင့်အညီသူငယ်ချင်းတို့ကစားသည် နှင့်အတူမျှသာစစ်တိုက်ခိုက်ခြင်းဖြစ်၏။အနာအကျင်အထိအရှမရှိဟုမှတ်လေ။

သက္ကောဒေဝရာဇာ။ သိကြားနတ်မင်းသည်။ ဟေဌာ။ အောံနှိုက်။ ပဉ္စသုဌာနေသု။အာလိန်ငါးရပ်ဝယ်။အာရက္ခံ။ အစောင့်အရှောက်ကို။ ဌပေတွာ။ထား၍။ဥပရိ။ အထက်နှိုက်။ ဒေဝပူရံ။သုဒဿနနတ်ပြဉ်ကို။ပရိဝါရေတွာ။ခြံရံ၍။အတ္တသဒိသာ။မိမိနှင့်တူကုန်သော။ဝဇီရဟတ္ထာ။ ဝဇီရစိန်လက်နက်စွဲကုန်သော။ပဋိမာ။ သိကြားအတုတို့ကို။ ဒိသွာ။ မြင်ကုန်ရကား။နိဝတ္တိတွာ။ပြန်ကုန်၍။ အသူရပူရမေဝ။အသူရပြည်သို့သာလျှင်။ ဂစ္ဆတီ။ သွားလေကုန်၏။ ။ဟုအင်္ဂုတ္တရနဝနိပါတ်အဌကထာနှိုက်ဆိုသည်အတိုင်းတာဝတိန်သါမြို့ထက်ဝန်းကျင်ထား သောဝဇီရစိန်လက် နက်စွဲ လျက်သိကြားရုပ်တို့ကိုအသူရာမြင်လျှင်အသူရာပြည်သို့ ပြန်၍ပြေး လေကုန်သည်။

နေမိဇာတ်နှိုက်ကား။ သိကြားမင်းဝင်ထွက်မြဲအရှေ့မျက်နှာစိတ္တကုဋ် တံခါးဆီတည့် လာသည်ဖြစ်၍။ ထိုတံခါးတွင်ထားသောသိကြားရုပ်တို့ကိုသာ။ နေမိမင်းကြီး မေးလေ

ရကား။ ။စိတ္တကုဋ္ဌာတိယံအာဟု။ဒေဝရာဇပဝေသနံ။သုံ
ဒဿနဂိရိနော။ဒွါရံဟေတံပကာသတိ။ ။အနေကရူပံရူပ
ရံ။နာနာစိတ္တာရံပကာသတိ။ အာတိဏ္ဍံဇုန္ဒသဒိသေဟိ။ဗျဿ
ဟေဝပူရက္ခိတံ။ ။ဟူသောဂါကာတို့ဖြင့်။စိတ္တကူဋ်တံခါး
နှိုက်သိကြဲးရပ် ထားကြောင်းကို။ မာတလိနတ်သားဖြေဆို
သည်။

၍ဂါထာနှိုက်။ဂိရိသဒ္ဒါကား။ ပြည်ဟောဟူ၍စကိုင်း
ရှင်အရိယာဝံသ မိန့်တော်မူသည်။ ။သုဒဿနံဒေဝနဂရံ
ယုဇ္ဈိတ္ထာ။ ဒုဂ္ဂဏ္ဍနတာယ ဒုပ္ပိဋ္ဌနတာယ စသုဒဿနဂိရိတိ
ဂုတ္တံ။ဟူသောကာမနီတဇာတ်ကိုလည်းဆောင်သည်။ ။ဇ
တံသိနေရုမတ္တကေ ပတိဋ္ဌိ တာသ ဒဿသ ဟာသ ယောဇနိ
ကာသဒေဝ နဂရသ္သ ဒွါရံပကာသတိ။ ဟူ၍၍ဇ်ဇ်ဇ်

ကြောင်းနှင့်လျည်း စပ်သမျှ။ မှတ်သားဖွယ်ကောင်းလှသော ကြောင့်အစေ့အစုံရေးလိုက်သည်။

၍စကားရပ်ဖြင့်အလောင်း တော်မာ ဃလုလင်သည် ဥပဒေသ။ ကြီးရင့်သောပါရမီအဆောံအအူရှိလတ်ရကား။အလိုရှိတိုင်း သောတာဝတိန်သာနတ်ပြည်။အသူရာသမီး သုဇိတာတို့ကိုရ သဖြင့်။ရန်သူဖြစ်သောအသူရာနတ်။ မပြတ်တိုက် ခိုက်သော် လည်း။မအောင်နှိုင်ရှိလေသည်ကိုထောံ၍။ ခပ်သိမ်းသောအ မျိုးကောင်းသားတို့သည်။ အလိုရှိအပ် သော လော ကီစည်း စိမ်။လောကုတ္တရာစည်းစိမ်နှင့်ပြည့်စုံ၍။ ရန်သူခပ်သိမ်းတို့မ ဖျက်ဆီးနှိုင်။မြဲမြံခိုင်ခန့်ခြင်း၏.အကြောင်းဖြစ်သောပါရမီအ ဆောံအအူတို့ကိုမာဃ လုလင် ကဲ့ သို့ကြီး ရင့် အောင် အား ထုတ်ရမည်ဟူသောဥပဒေသ။သိကြားနတ်မင်းစင်လျက်။အ သူရာနတ်၏.ရန်ကိုတားမြစ်ခြင်းဌါ။ အာလိန် ငါး ဆင့်စတုမ ဟာရာဇ်နတ်မြို့တံခါး နှိုက်သိကြား ရုပ်ဟူ သော အ စောင့် အရှောံတို့ကိုထားရကုန်ဘိသေး၏.။ လူမင်းတို့မှာမူကား။ အ ဘယ်မှါလျှင်အစေါင့်အရှောံတို့ကိုမထားဝဲရှိရတုံအံ့နည်းဟု။ နှလုံးမူပြီးလျှင်။ ရေမြေသေဌိနင်းမင်းတို့မည်သည်။ နိုင်ငံခြား ရာအရပ်။ရန်သူတို့ရောက်ပေါက်သာသည်လမ်းပေါက် လမ်း ဝ။မြို့တော်တံခါးပတ်လည်။နန်းမြို့တော်လေးမျက်နှာအတွင်း တော်များမှာ။မြို့တန်လျှင်မြို့။ ကင်းတန်လျှင် ကင်း။ ဝင်းတန် လျှင်ဝင်း။ရဲရောင်မြန်မာသောအမှုထမ်းကေါင်းပညါရှိသော မှူးမတ်ဗိုလ်မှူးတပ်မှူးအစောင့်အရှောံများကိုမလစ်မ လပ်စေ ရ။ ပြီးခိုင် လုံ လောံအောင်ခန့် ထား စောင့် နေ စေ ရမည်ဟူ သောဥပဒေသများကိုပြသည်ယူရမည်။

မေးခွန်း ကော်နူတ်ချက် ပါ။ နသတ် အတင် စပ်နည်း ၎ပုဒ်တွင်။တတိယပုဒ်။

ပုဒ်ရင်း။ ကရီကျိုးကျိန်။ကျေးနှင့်မိန်။ပိန်ညင်းမြူး,ရွှင်ခြင်း။ ။ ဟူသည်ကား။

ဒိဏ္ဍတ္ထ။ ကရီသဒ္ဒါသည် ဟောအပ် သော ကျိုး ကျိန် ဟူသော ကျေးဏ်,အသံ။ ထိုအသံနှင့် လုံး ကြီး တင်နသတ် အဖြစ်ဖြင့် အရေးအသားအဘတ်အရွတ်သဘောဟူသည်ကိုစွဲ၍ ဇာတ် အားဖြင့်ပင်မဟူသော်လည်း။မိန်သတ္တဝါ။ ပိန်ညင်း သတ္တဝါ တို့ကို။ဤတွင်သွင်း၍။စပ်ဆိုရေးသားဘိရ ကား။ ယင်းသတ္တ ဝါတို့ကိုလည်း။လုံးကြီးတင်နသတ်ဘတ်ရွတ်ရေးသားရမည် ဆိုလိုသည်။

အဝယဝတ္ထ ဤနှိုက်။ကရီသဒ္ဒါဏ်,ဝစနတ္ထ။ကျေးရေးသား ခေါ်ဝေါ် သောအခြင်းအရာ။ ၎င်းကျေး တို့ဏ်,အမျိုး။ထို ကျေး ကိုအိမ် နှိုက်မွေးမြူအပ်သောအကြောင်းများကို။ မာဂဓအဘိ ဓာန်စာ ကိုယ်။၎င်းဧိုကာ။အမရကောသအဘိဓာန်။ ဝေါဟာရလိနတ္ထ ဒီပနီ။ဝေါဟာရတ္ထပကာသနီ။ မဟာဥမင်္ဂဇာတ်။ဝဏ္ဏဗေါဓန သတ်အင်း။ဇေါတိထတ္ထကျမ်း။ဝိနည်းမဟာဝါပါဠိတော်။ပါ စိတ်ပါဠိတော်စသေါကျမ်းဂန်။ ဥဒေါင်း မင်းပျိုး။မင်းနန်ပျိုး။ တောလားရတုစသောပျိုးကဗျာရတုများနှိုက်လာသည်ကိုအ မြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

စကုစလင်း။ဖေါင်လင်း လယ်ကိုင်း ကလေး သောင် သွပ်အစရှိသောပြည်ကြီးတို့ဏ်,တည်ရာသုနာပရန္တတိုင်း။သ ရေခေတ္တရာပုဂံမြင်စိုင်းပင်းယစသောပြည်ကြီး တို့ဏ်,တည်

ရာတမ္ပဒီပတိုင်းဟုဆိုအပ်သော တိုင်း ကြီး ပြည်ကြီးနှိုက်နေ ကုန်သောမြန်မာလူမျိုးတို့ ဘာသာဝေါ ဟာရ။ မြန်မဘာသာ မြန်မာစကားတွင်။ကျေးဌက်ခေါ်ဝေါ်ရေး သား ကြသည်မှာ။ မာဂဓအဘိဓာန်ကျမ်းတွင်။ ။သု ကော။ ကျေး။ ကိရော။ ကျေး။သုဝေါ။ကျေး။ဟူ၍ကျေးပရိယာယ်၃ပုဒ်ပြသည်။

အမရကောသအဘိဓာန် ကျမ်း တွင်။ ကိရ။ ကျေး။ဂျ ကော်။ကျေး။သမော်။၏။ဟူ၍ကျေးပရိယာယ်။နှစ်ပုဒ်ပြသည် တွင်။မြန်မာစကားနှင့်ရှာလျှင်။ကိရဟူသောပုဒ်တွင်။ ဣသရ ကိုဇပြု၍ကေရဖြစ်သည်။ ထိုတွင်ရအက္ခရာကို ကသို့ ကပ်၍ ကျေးခေါ်ဝေါ်ကြသည်ယူရန်ရှိ၏။ ကိရဟူ သောပုဒ် ၏။ဝစ နတ္ထကား။ကိဣတိသဒ္ဒံရာတီတိကိရောဟူ၍ဂင်း။ကရောတိမ နုဿဝါဒ ဓိ ကိရော အဿိ ဟူ ၍ဂင်း။ အဘိဓာန်ဋီကာ ဖွင့် သည်။ ။ယောသကု ဏော။ အကြင် ဌက် သည်။ ကိဣတိ သဒ္ဒံ။ကိဟူသောအသံကို။ရာတိ။ပြုတတ်ယူတတ် ၏။ ဣတိ တသ္မာ။ထိုကြောင့်။ကိရော။ကိရမည်၏။

တနဉ်းကား။မနုဿဝါဒံ။လူ၏။စကားကို။ကရောတိ။ ပြုတတ်ပြောဆို တတ်၏။ ဣတိ။ ထိုကြောင့်။ ကိရော။ ကိရ မည်၏။ အဿိ။အဿ။ဣ။အဿ။ အအက္ခရာ၏။ဣ။ ဣအပြု သည်။ဟောတိ။ဖြစ်၏။ ။ကျေးရစေ။

ငါတို့မြန်မာခေါ်ဝေါဟာရနှိုက်။ ဖေါင်းကား။ တမာ။ ကျေးသန္တာ။ ကျေးဝါ။ ကျေးကျုတ်။ ကြက်တော။ ကုလား။ ကျေးပုဏ္ဏား။ဟူ၍ကျေးမျိုးရှစ်ပါးပြားကြောင်းကို ဝေါဟာ ရလိနတ္ထဒီပနီကျမ်းတွင်ဆိုသည်။ ။မဟာသီရိနွဲချီ။ဥဒေါင်း မင်းပျို့တွင်။အနိမ့်အမြင့်။ ဆင့်ဆင့်ထိုမျှ။ ပင်ဝန်းလှထက်။ ကျေးကရှစ်မျိုး။ချိုးသည်းလေးချက်။ ဆက်ရက်လေးသွယ်။ အံ့ဖွယ်သာမော။ ဟူ၍ ဂင်း။ ။သီရိဝိ ဇယချီ။ မင်းနန်နံပျို့

တွင်။ ။ဆက်ရက်လေးမျိုး။ ကျေးဂျစ်မျိုးနှင့်။ ချိုးမျိုးလေး
တန်။ဟူ၍ဂုဏ်း။စပ်ဆိုသည်။

တကြောင်းလည်း။ ကျေးနီကျောင်း ဆရာတော်ကြီး
၁၁၃၁ခုနှစ်စီရင်၍ပြီးသည်။ဝေါဟာရထွေပကာသနီစတူထွ
တွဲတွင်။ ။ကျေးဌက်ဟူရာန္ဒိုက်။ ကြက်တောဖေါင်းကား။
ကုလားတမာ စသောအမည်ဖြင့် ထင်သော ဌက်အထူးကို
ဆိုသောအရာလည်းထင်၏။ဝမ်းပဟာသိ၁ ကြွေးကြော်သောင်
တင်း။ ပိန်ညင်းပဲထွေးစသောဌက်တို့ကိုပင်။ ကျေးဆိုသော
အရာလည်းထင်၏။ ထိုတွင်။ ပေါက်ပင်ကျေးသို့။ ကြံတွေး
လှည့်ကာ။ မသိသာဟူ၍ဂုဏ်း။ ပေါက်ထဲကျေးနေ။ သိခဲထွေ
ဖြင့်ဂုဏ်။ဆိုသောအရာတို့ဒိုက်။ယခင်ကြက်တောဖေါင်းကား
စသောဌက်အထူးကို ကျေးဆိုသည် ယူသင့်၏။ အဘယ်
ကြောင့်နည်းဟူမူကား။ ထိုကြက်တောဖေါင်းကား စသော
ဌက်တို့၏ကိုယ်နှင့်ပေါက်ရွက်စိမ်းသော်အဆင်း တူသည်။
နှုတ်သီးလည်းရစ်တောင်ပံ တို့နှင့် ပေါက်ပွင့်ပေါက် ငုံနီမြန်း
သောအဆင်းတူသည်ဖြစ်၍။ ကျေးနားလျှင်သိမြင်ခဲရကား။
ကျေးကားအဘယ်နည်း မေးကောင်း သောကြောင့်။ ပေါက်
ပင်ကို။ကိ်ုသုကဟူ၍မဂဓရှိသည်။

သုကော။ကျေးသည်။ ကိ်ု။အဘယ်နည်း။ ကိ်ု။အ
ဘယ်သည်လျှင်။သုကော။ကျေးခဲ့သည်း။ဤသို့အနက်ယူ။

ယင်းသို့လျှင် ပေါက်ပင်ဒိုက် ကျေးကို။ ကြံတွေးသိ
မြင်ခက်သည်ကိုထောံ၍။ပေါက်ပင်ကျေးသို့။ ကြံတွေးလှည့်
ကာ။မသိသါဟူသောစကါးကိုမိန့်ကုန်သည်။ဤဒိုက်။ပေါက်
မပွင့်ခိုက်ကိုဂုဏ်း။ပေါက်သည်။ပင်စည်။ အနွယ်နှစ်ပါးတွင်။
ပေါက်နွယ်ကိုဂုဏ်းစည်စေလို၍။ပင်လုံးကျွတ်လျှင်။ နီတွတ်လှ
တင့်။အပွင့်ရဲရဲ။ ဟူသောစကားကို မိန့်လေသည်။ ထိုတွင်။

ပင်လုံးကျွတ်လျှင်ဆိုသဖြင့်။ ပေါက်နှယ်စည်၏။ အပွင့်ရဲရဲ ဆိုသဖြင့်။မပွင့်ခိုးက်ကာလစည်၏။ဟူ၍ထွက်ဆိုသည်။

ထိုကျေးဌက် မြည့်သံကို။ မဟာနိပါတ်၊ ဥမင်္ဂဇာတ် မင်းဝံရှင်ဥပါလိ မထေရ်ရေးသည် ရှေးနိဿရည်းဟောင်း တွင်။စူဠနီဖြဟ္မဒတ်မင်းနှင့် ပုဏ္ဏားကဝဋ်တို့ အတိုင်အပင် ကျေးသားစေလွှတ်ခန်းမှာ။ ကိရိကိရိတိသဒ္ဒံ။ကျိုးကျိုန်ကျိုး ကျိုန်ဟူသောအသံကို။ရဝန္တော။မြည်လျက်။သာခတော။အင် ကြင်းခက်မှ။ဥပ္ပတ်တိတွါ။ပျံ၍။ကောန္ဒ။ကောဋ္ဌ။တွံ။သင်သည်။ စတုကဏ္ဏမန္တောတိ။ နားလေးတွင်းအတိုင်အပင်ဟူ၍။မည် သိ။အောံမ့ဝ်၏။ဟူ၍ထွက်ဆိုသည်။ ။အချိုနိသရည်းမှာ။ ကိရိကိရိတိသဒ္ဒံ။ကိရိကိရိဟူသောအသံကို အနက်ရေးကြ ၏။ ။ပန်းစွာတောရကျောင်းနေ။ ဂုဉ်ဗောဓိရက်ရေးသည်ကာ ထာ ၆၀ ဝတ္ထုတွင်။ ကြက်တူရွေး တို့ကလည်း။ မြေဝ်ကြ ကိုယ်စီ။ ကရိကျိုးကျိုန်။ အစိန္တေယ။ မြတ်လှထိပ်နေ။ ဟူ၍ ထွက်ဆိုသည်။ ။ရွှေတောင်ရာဇကျော်ဆို။တောလား။ထွ တလာလျှင်။ချိရတူတွင်။ ။တမါကုလား။ဖေါင်းကားကျေးနို။ ကရိကျိုးကျိုန်။ မိန်နှင့်ဘီလူး။ တောင်ရူးဘီညှပ်။ တဖျပ်ဖျပ် လျှင်။ဟူ၍ဂင်း။ ။ဂင်းဆို။မြှဲတ်ရွှေဘွားစုံချိ။သတ်ပုံတွင်။ ။ ကျိန်စာပန်နက်။ဌက်သံကျိုးကျိုန်။ယုံဘွယ်ကျိန်ဟု။ သည်အ စုသင့်။ယပင့်သာမှတ်။ နငယ်သတ်လေ့။ ဟူ၍ဂင်။ စပ်ဆို သောကြောင့်။ကျေးဌက်ဟုသန္နိဋ္ဌါနကျခိုင်ခိုင်မှတ်ယူရမည်

ထိုကျေးဌက်ကို။ဝဏ္ဏဇောဓနသတ်ပုံမှာ။ အဝဂ်ပဌ မက္ခရာယငယ်နှင့် ကျေးဌက်ဟူ၍ အပင့်ရေးတော် မူသည် ဖြစ်၍မြန်မာလိုပင့်၍ရေးထုံးရှိသည်။ ထိုကျေးဌက်ကိုမြန်မာ ဘာသာကြွက်တူရွေးဟု ခေါ်ဝေါ်ကြ၏။ အမရပူရပဌမဓြို တည်နန်းတည့်မင်းတရားကြီးဘုရားလက်ထက်။ အိမ်ရှေ့အ

တွင်းဝန်။ရတနာပူရမြို့တောင်။ မဟာဇေယပထတံတား ဦး ရွာဇာတိ ၁၁၀၅ ခုဖွား ဇေယသခ်ယာခံ။ အဘိုးစီရင်သည် ရွှေဘုံနိဒါန်စာစောင်မှာ။ ကြက်တူရေးဟူ၍ ဝဆွဲမပါသက် သက်ရေးသားသည်။ ။ဘေဒကဝတ္ထုမှာ။ ကြက်တူရေး နှိုက်။နှုတ်သီးသဏ္ဌာန်တူသည်ဆိုသည်။ ။ယခုအခါကြက် တူရွေးဟူ၍ရအက္ခရာမှါဝဆွဲနှင့်ရေးသားခေါ်ဝေါ်ကြသည်။

ဥဒေါင်း။ကျေး။ခို။ သာလိကာ ၎က်၎မျိုးတို့ကို အိမ် နှိုက်မွေးထားရာသောအကြောင်းကိုလည်း။သီရိရဃုန နွဆ ရာစီရင်သည်ဇောတိတတ္ထဗေဒင်ကျမ်းကြီးတွင်။

ပါရာဝတာပယုရာစီ။ဂုကာဝေဂါရိကာညွှထာ။ဦဟ ညွှေသဒါပေါဖျာ။အာတွန်ဖြေယဟ္ဌဆိတာဟူ၍ဆိုသည်။ ။ အာတွန်။မိမိ၏။ဝေ။ စင်စစ်။ ဖြေယဟ္ဌဆိတာ။ ကောင်းကျိုး မင်္ဂလာဖြစ်စိမ့်သောဌာ။ ဦဟညွှေ။ အိမ်နှိုက်။ ပါရာဝတာ။ခို ကိုရင်း။တထာ။ ထိုအတူ။ပယုရာစီ။ဥဒေါင်းကိုရင်း။ဂုကာ။ ကျေးကိုရင်း။ဂါရိကာ။သာလိကာကိုရင်း။သဒါ။မပြတ်။ပေါ ဖျာ။မွေးမြူရာ၏၊ဟူ၍။ ဇောတိတတ္ထဗေဒင်ကျမ်း။ဂြဟပဝေ သာအိမ်သိမ်းအိမ်တက်အခမ်းတွင်ဆိုသည်။

သတ်ပုံ အစပ်တွင်။ မိန်နှင့်ပိန်ညင်းဌက်မှာ။ သိသာ ထင်ရှား၍အထူး ဖြေဆိုဖွယ် မရှိပြီး။ ။ယခင်ရေးသားခဲ့ သည်။ကရီဟူသောပါဠိကို။ကျိုးကျိန်ဟုမြန်မာပြန်သည်ထုံး စံမှာ။သတ္တဝါတို့အဗျတ္တသဒ္ဒမျိုးကို။ ထိုထိုပါဠိအဌကထာဋီ ကာလာသည်အတိုင်းအမြွက်မျှ မှတ်ယူသာအောင်ရေးသား လိုက်အံ့။

ဝိနည်းမဟာဝါပါဠိတော်တွင်။စိစ္စိဋာယတီ။ဟူသော ပါဠိကို။စိစ်စိဋ်မည်၏၊ဟုရှေးနိဿရည်းများတွင်။အနက်မြန် မာပြန်တော်မူကြသည်။ယခုကာလမှာမူ။ စစ်စစ်ဟူ၍ ၎င်း။စိ

စိဟ္ဂူ၍ဂင်းပြောဆိုသည်။ ။ဂင်းတွင်ပင်။ ဟုံဟုံကဇာတိ
ကော။ဟုံးဟုံးထသော သဘောရှိသောဟုဆိုသည်။ ။ပါ
စိတ်ပါဋ္ဌိတော်တွင်။ သုခုသုခုဟူသောပါဠိကို။ ရှုတ်ရှုတ်ရှုတ်
ရှုတ်ဟုဆိုသည်။ ယခုကာလမှာမူ။ ဟာအက္ခရာဇ်။ အသံသို
ရောက်၍ဟုတ်ဟုတ်ကြွားကြွသည်။ ။ပါဠိဇာတ်ပါဋ္ဌိတော်
ဒွါဒသနိပါတ်မေဏ္ဍကဇာတ်တွင်။ ပုဘုက္ကသဟူသောပါဠိ
ကိုဘုက်ဘုက်အသံပြုတတ်သောခွေးဟုဆိုသည်။ ယခုကာ
လမှာမူ။ဟာအက္ခရာဇ်။ အသံသို့ရောက်၍ ဟုက်ဟုက် ကြွားကြွ
သည်။ ။အာဘိဓာန်ဋီကာတွင်။ဦးဇူတိဉာယတိတိဦးဏ်ိုမော။
ဟူသောပါဠိကို။ဦးဇူတိ။ဦမ်းဦမ်းဟူ၍။ ဉာယတိသဒ္ဒယတိ။
မြည်တတ်ဇ်။။ဇူတိ။ ကြောင့်။ ဦးဏ်ိုမော။မည်ဇ်။။ ယခုကာ
လမှာမူ။ဘိန်းဘိန်းကြွားသည်။ ။ဂင်းတွင်ပင်။ ဒုန္ဒုနဉဘိ
ဒုန္ဒုဘိ။ဟူသောပါဠိကို။ဒုန္ဒုန။ ဒုန်းဒုန်းအသံနှင့်။ဉဘိ။ပြည့်
စုံသည်တည်း။ဒုန္ဒုဘိ။ဒုန်းဒုန်းအသံနှင့်ပြည့်စုံသည်။ ။ဓမ္မ
နီတိ။လောကနီတိ ၂ စောင်တွင်။ဒိယေဝိယေဟူသောပါဠိကို။
ဝိန်ညတ်ဝိန်ညတ်ဟူ၍ဂင်း။ ငယေငယေဟူသော ပါဠိကို။ငု
ရှင်ငရှင်ဟူ၍အနက်မြန်မာပြန်တော်မူကြကုန်သည်။ ။ဤ
ကားဆရာစည်ဆက်အနက်မြန်မာ ပြန်တော်မူကြသည်ထုံးစံ
တည်း။

ဤစကားရပ်ဖြင့်။ကျေး သတ္တ၀ါမှာ။ အိမ်နီးကပ်မွေးမြူ
အပ်သောဌက်ဂမျိုးတွင်။ အဝင်ဖြစ်၍။ယင်းကျေးဌက်သည်။
ကောင်းမြတ်သောဌက်။မိန်သတ္တ၀ါမှာမူကား။ ယင်းဌက်အ
သံကိုကြွားကာမျှဖြင့်ဂုဏ်း။အဆင်းကိုမြင်ကာမျှဖြင့် ဂုဏ်း။ ဒုန္ဒို
ဘိတ္တအ၀မင်္ဂလဖြစ်သည် ဟု။ လောကီလူ တို့ မှတ် သားကြ
သည်ကိုစွဲ၍မကောင်းသောဌက်။ဝိန်ညဉ်းသတ္တ၀ါမှာမူကား။

ရှစ်ပါးသောမင်္ဂလာ။ သုံးဆယ့်ရှစ်ပါး သောမင်္ဂလာ တို့ကို ထုတ်ဖော်၍။ မြတ်စွာဘုရားဟောကြားတော်မမူမီ။ ရေပြည့်အိုး။ပိန်ညင်းဌက်။ ကိုယ်လုံးဖြူသောနွားလားဥသ ဘစသည်တို့ကိုပင်။မင်္ဂလာဖြစ်သည်ဟုအစည့်အဆက်ရိုသေစမှတ်ပြုကြကုန်ရကား။ ယင်းပိန်ညင်းဌက်သည်ကောင်း မြတ်သောဌက်။ဤသို့တိရိစ္ဆာန်သတ္တဝါစင်လျက်။ အယုတ် အ မြတ်ကွဲပြားကြသည်ကိုထောံ၍။အမျိုးအားဖြင့်လေးပါးပြား သောလူတို့မှာလည်း။အယုတ်အမြတ်ရှိသည်ဖြစ်၍။ ယုတ်သောသူကိုပေါင်းဖော်ရှည်တွဲမှီဝဲဆည်းကပ်ခြင်းကိုမပြုအပ်။ မြတ်သောသူကိုသာပေါင်းဖော်ရှည်တွဲမှီဝဲဆည်းကပ်ရမည်ဟူ သောဥပဒေသ်ကိုပြသည်။ယူရမည်။



မေးခွန်းကောံနုတ်ချက်ပါ။ နသတ်အတင် စပ်နည်းဌ ပုဒ်တွင်။စတုထ္ထပုဒ်။

ပုဒ်ရင်း။ တရုပ်သေနိန်။ကျော်သံရှိန်။သံစိန်ယော်တာမင်း။ ။ ဟူသည်ကား။

ဒိဏ္ဍတ္ထ။ ပုဂံမြို့တွင်နရသီဟပတေ့လက်ထက်ကသည်။ သားတော်ကျော်စွာမင်းမင်းပြုသည်တိုင်။ အကြီအစည်အရည်အချင်းရှိသောပျော့သိင်္ဂဗိုလ်သားအသခ်ယာ။ရာဇသကြီ။သီဟသူ။သုံးယောံတို့ကို။ မိဘုရားစောက။ သင်တို့ညီ အစ်ကိုသုံးယောံတို့ကို။ငါသူကေါင်းဖြစ်အောင်ကြီစည်မည်ဟုဆိုသည်အတိုင်း။အချက်အလက်ပြီးစီးလျှင်။အသခ်ယါမှါမြင်စိုင်း။ရာဇသကြီမှာမက္ခယာ။သီဟသူမှာပင်လယ်မြို့ကို။ အသီးအသီး

စားရသည်နှင့်။မိဘုရားစောဦးကို။ အတွင်းစကားမှာထားပြီး လျှင်။ကျော်စွါမင်းကိုမြင်စိုင်းမြို့သို့အရောက်ဆေါင်၍။လက်နိုင်သက်နှိး လဲစေပြီးလျှင် အသခ်ယာ စသောညီ နောင်သုံးယောံတို့။ မြင်စိုင်းမြို့တွင်မင်းဖြစ်ယူကြသည်ကို။ ကျော်စွာသားစောနှစ်နှင့်။ ပုဂံမြို့မှူးမတ်တို့က။ တရုပ်ပြည်သို့ရာဇသံစေ၍။မင်းရိုးဖြစ်သူကို။နန်းတင်စေမည်။မင်းရိုးမဟုတ်သူကို။ တိုက်လံ ဖျက်ဆီးစေမည်။ တရုပ်ဥဒည်မင်းက ခန့်ထားစေလွှတ်သော။ ကိုးသိန်းသော စစ်သည်တို့၏။ အကြီးအမှူးဖြစ်သေါ်။သံစိန်တိမ်စင်။ယော်တါတိမ်စင်။မော်တါတိမ်စင်။မော်ရမိတ်တိမ်စင်။စစ်သူကြီး လေးယောံအနက်။သံစိန်တိမ်စင်။ ယော်တာတိမ်စင်။အမတ်စစ်သူကြီးမင်းဆိုလိုသည်။

ဤနှိုက်။ကျော် စွာမင်း။ အ သခ် ယာ မင်း တို့ ၏။ အ အဝယဝတ္ထ ကြောင်းအရာ။တရုပ်ဥဒည်မင်းစေလွှတ်အပ်သောစစ်သူကြီး လေးယောံနှင့်ကိုးသိန်းသောစစ် သည် တို့၏။ အကြောင်း။မြင်စိုင်းရေးသင့်။ မြင်းဆိုင်းရေသင့်စကား။ တရုပ်မှာ။ တသတ်ရေးသင့်။ပသတ်ရေးသင့်စကါးမျိုးကို။ရာဇဝင်တော်။စကိုင်းစောဥမ္မာကျောံစာ။ ညီမတော်စောထော်ဦးကျောံစာ။ ဥတ္တမရာဇ်မင်းသမီးသခင်ကြီးဇျင်း။ ၃၂ ပါးချီတံတားဦးတည်။မဟါဥပရာဇါဇျင်း။ဘုရင်နှမတော်ဇျင်း။မင်းတရားရွှေထီးနှါးတော်သွင်း။ ဝဲကူးမိဘုရားဆိုရတု။ ခင်ထွေးဇျင်း။ ထောင်သင်းမှူးဆိုရတု။ဂဇဗလသတ်ညွှန်း။ဝဏ္ဏဗောဓနသတ်အင်း။ ကစိလက္ခဏာသတ်ပုံများက။ထွက်ရှိသည်အတိုင်း။အမြွက်မျှထုတ်နုတ်ရေးသားလိုက်အုံ။

သတ္ကရာဇ်၆၆၀တွင်။ မင်းညီနောင်သုံးပါးတို့လည်း။ ကျော်စွာကိုနန်းချပြီးလျှင်။ မြင်စိုင်းမြို့နှိုက်နေမှတ်မူ၍အပြိုင်

မင်းပြုကြကုန်၏။ ကျေဉ်စွာမိဘုရားမင်းစောဦးတွင်။ သင်္ခန္ဓ
သုံးလနှင့်ရှိသည်ကို။ ညီတော်ပင်လယ်မင်းသိဟသူယူ၍ဘွား
စောအမည်နှင့်မိဘုရားကြီးမြှောဝံလေ၏။ မြင်စိုင်းဖြည်ဖြစ်လို
သော်။ တံဘောင်ပေါ်သည်ကား။ အရိုင်းအမျိုးတောင်ကိုကိုး
ဟူ၍ပြည့်သူတို့တန္တ၊ ပြုကြကုန်၏။ စောနှစ်မင်းတရုပ်ဒုဒည်
ဘွားသို့ စေ၍ ချီပင့်ရ လေသည် ကား။ ဥဒည် ဘွားက နန်း
ရိုးကိုမင်း တင်ခြေဟု။ သက္ကရာဇ် ၆၆၂ ခု။ သံစိန်တိမ်စင်။
ယော်တာတိမ်စင်။မော်တာတိမ်စင်။ မော်ရမိတ်တိမ်စင်။ဟူ
သောစစ်သူကြီး လေး ယောံတို့ကို။ စစ်သည့် ကိုးသိန်းခန့်၍
ချီလာစေ၏။ တရုပ်တို့က ချီလာစေသော စစ်သည့်ဗိုလ်ပါ
များလှသည်။ မြင်းချေး တယောံတလုံး မြေတယောံတဆုပ်
နှင့်ပစ်သော်လည်း။ မြင်စိုင်းမြို့သည်ပျက်ဖွယ်ရှိရာသည့်ဟူ
၍ဆိုစကုန်၏။ထိုစကားကို။မင်းညီနောင်သုံးပါးတို့ကြားလေ
သော်ပိဒုကတ်ဗေဒင် တတ်သောမဟာထေရ်ကိုပင့်၍ တိုင်
ပင်တော်မူကြ၏။ဆရာတော်လည်းငါရဟန်းသခါးဖြစ်သည်။
ပြည်ရေးရွာမှုကိုမအပ်။ ကျွမ်းသမားတို့နှင့် တိုင်ပင်ပါလေ
ဟူ၍မိန့်တော်မူ၏။ မင်းညီနောင်သုံးပါးတို့လည်းကျွမ်းတို့နှင့်
တိုင်ပင်လေရကား။ကျွမ်းတို့ကိုကာကစေအံ့ဟု ကျွမ်းတို့ကို
ခေါ်၍ကာကစေ၍။ကျွမ်းတို့လည်း။ဝရဓရောတိတ်တွေးစာနာ
အမှုသည်မရှိကစကားမဆိုမာဟူသော အချင်းအရာဖြင့်သိ
ချင်းသိလျက် ကာရေးကစားကုန်၏။ မင်းညီနောင်တို့သည်
ထိုကာကသောအခြင်းအရောကိုကြားပြီးသော်။ ကျေဉ်စွာကို
သတ်ပြီးလျှင်။ မင်းရိုးမရှိပြီးဟူ၍ခေါင်းကိုဖြဲလေ၏။ တရုပ်
စစ်သူကြီးတို့လည်းငါတို့ဖြန်တော့မည် ပဏ္ဏာကာရသာပေး
တော့ဟူ၍စေလွှာ၏။ မင်းညီနောင် သုံးပါးတို့သည်။ ပဏ္ဏာ
ကာရပေးမည်။ မြောင်းတူးခဲ့ပါဟုစေ၏။ တရုပ်စစ်သူကြီး

တ္ရိလည်း။ မြောင်းရာ ပြတော့ တူးမည် ဟူ၍ မှာလိုက်၏။ မြောင်းရာပြပြီးသော်။အားပြလို၍အလျားအတာခုနစ်ရာ။အနံနှစ်တာ။ စောံနှစ်တာ ရှိသည်မြောင်းကို။နေဝင်ကျော် မှတူးသည် နေမထွက်ခင် ပြီးသောဟူ၏။ တူးရွင်းသွား ထိုးမိ၍ ပြတ်လေသော လက်ဖျားခြေဖျားတ္ရိကိုကောံယူ၍ စုပုံထားသည်။ဆယ်တင်းဝင်ပုတ်နှင့်ပြည့်သောဟူ၏။ မင်းညီနောင်သုံးပါးတ္ရိလည်းလက်ဆောင်လက်နက် များစွာစီရင်၍ဖိုလေ၏။တရုပ်တ္ရိလည်းပဏ္ဏာကာရကိုခံ၍ပြန်ကြလေ၏။

ထိုကြောင့်။ထောင်သင်းမှူးဆို။ဇင်းမယ်ဘုရင်နော်ရထာစောသမီးယိုး ဒယားမင်းသမီး ဇျင်းတွင်။ ။သင်းပွင်းတောင်ညွှန့်။ဗျာဒိတ်ကွန့်သား။ သွယ်ညွှန့်ချိုရှည်။မြတ်သုံးမည်လျှင်။ ရွှေပြည် မြင်စိုင်း။ သိုက်တိုင်း တည်မြေဝံ။ လက်ရုံး တောံက။မေဝံမေဝံဆောင်းဆောင်း။ သာလျောင်းတလျောံ။တောင်မြေဝံကြွက်တင်း။သင်းပွင်းရွှေချူ။ တောင်ဖြူ။တောင်ညို။ငပိုတန်းက။ တောင်ချွန်းစသား။တွင်းပကျင်းပည်း။ စစ်သည် ချည်းတိ။ မြင်းလည်းသချေ်။ လေးတွေမီးပေါက်။ လေးယောံကျော်ရှိန်။ သံစိန်ယော်တာ။ စင်မင်းပါသား။ ထူစွာသုံးထပ်။ဝတ်လုံချပ်နှင့်။ စိန်ရပ်ကျော်လှိုင်း၊ကိုးပြည် တိုင်းတုံ။ဟူ၍စပ်ဆိုကြသည်ကားများ၏။

မြင်စိုင်းသို့တရုပ်ရောက်သည်သက္ကရာဇ်။ တရုပ်စစ်သည်တို့အရေအတွက်များကို။ ရာဇဝင်ကြီးနှိုက်။သက္ကရာဇ် ၆၆၄ခု။ စစ်သူကြီးလေးယောံနှင့်။ မြင်းသည်ခြောံသိန်းခြေသည်နှစ်သန်းခန့် ၍ချီရောက်ကြောင်း။ ၆၆၅ခုတရုပ်တို့ပြန်ကြောင်းများကိုဆိုသည်။

စကိုင်းစောဥမ္မာ ကျောံ စာတွင်မူကား။ သာသနာတော်၁၈၄၄နှစ်။သက္ကရာဇ်၆၆၂ ခုရောက်သောအခါ။တမ္ပဒီ

ပတိုင်းနှိုက်ရောက် သောခန်းမင်းကြီး၏ ကိုးသိန်းသောစစ်သည်တို့ကိုလက်ရုံးဖြင့်အောင်လိုက်ပြီးသောဟူ၍ရင်း။ ညီမတော် စောထော်ဦးကျောင်း ကျောံစာနှိုက်လည်း။ ကိုးသိန်းသောခန်း မင်းကြီး၏စစ်သူကြီး တို့ကိုလက်ရုံး တော်ဖြင့် အောင်လတ်၍ မြန်မာပြည် ရှမ်းပြည်အလုံးကိုအစိုးရသောသီဟ သူဟူသောဆင်ဖြူသခင်တရားမင်း ကြီး၏မြေးတော်တမူလည်းဖြစ်ထသောဟူ၍ရင်း။

ရေးထားခဲ့သည်ကျောံစာများကိုထောံသဖြင့်။ ၆၆၄ ခုမြင်စိုင်း သို့တရပ် စစ်သည် ရောက်၍ ၆၆၅ခု။တရပ်စစ်သည်တို့ပြန်၏ ဟူသောရာဇဝင်ကြီး စကားနှင့်ကျောံစာစကားမညီကွဲပြား ကြသည်။ တရပ်တို့ရောက်သည် နှစ်နှင့်။ ကျောံစာထိုးမှတ်သဉ်သက္ကရာဇ်လည်း။နှစ်ပေါင်း၆၀ကျော်မျှသာကွာဝေးသည်ဖြစ်သောကြောင့်။ ထိုကာလသိမှီလိုက်သူအများပင်ရှိလေသေးသည်ဖြစ်၍၆၆၂ခု။ တရပ်စစ်သည်ကိုးသိန်းရောက်၍ရင်းနှစ်တရပ် စစ်သည်တို့ပြန်၏ဟူသောကျောံ စာစကားကို အမှန်ယူ၍ ရေးသတည်းဟု။ ရာဇဝင်တော်ဆဌမတွဲတွင်ဆိုသည်။

မြင်စိုင်းမြို့ကို။ရာဇမဏိစူဌာကျောံရေးအက္ခရာတွင်တာသုဇဒုတိယက္ခရာဆနှင့်။ မြင်ဆိုင်းမြို့ရေးသည်ကို။မျက်ဝါးထင်ထင်တွေ့မြင် ခဲ့သူဖြစ်၍ အရေးအသား ထူးဆန်းလှသောကြောင့်။ သံတော်ဆင့်အမတ်မဟာဇေယသခ်ယာက။ နိကာယ်ငါးဦး။ပင်လယ်ကူးဖြစ်သော။ ၁၁၁၅ခုဘွား။ငယ်မည်မောင်မြတ်နေ။ မောင်း ထောင်ဆရာကြီး။ ပညာရှိမင်းတိုင်ပင်အမတ်။ ချည်ပါ တောင်ရွာ မြောံရွာစား မဟာမေ္ဓသကြီကိုမေးမြန်းရာ။ အမြင်ဆိုင်းဆိုင်းဆို့ဆို့ရှိ၍။မြင်ဆိုင်းမြို့ရေးသားသည်ယူရမည်မိန့်ဆိုတော်မူကြောင်းကိုပြောဆို

ဘူးသည်။ ကျေဝံရေးအက္ခရာရှိတိုင်းမြန် မာဘာသာပြောဆို ခြင်းသည်အသွန်ယုတ္တိရှိလှပေသည်။

ဧချင်းမော်ကွန်များတွင် မူကား။ ပယ်သူငယ်စားရှင် မြတ်ခေါင်ဆို။ စကိုင်းဥတ္တမရာဇ်မင်းသမီ.သခင်ကြီးဧချင်း တွင်။ ။ငါကျိတ်ငါးယောံ။မင်းတို့နေဝံတွင်။ တထောံမြင် စိုင်း။ဆိုင်းဆိုင်းနန်းမြင့်။စံတင့်ထူးခြား။ မင်းသုံးပါးဝယ်ဟူ ၍ရင်း။

ရှင်မဟာရဌသာရဆို။၃ ၂ပါးချိတံတားဦးတည်မင် လာစေတီသံပိုင်း မော်ကွန်းတွင်။ ။စည်ရပ်ဆိုင်းဆိုင်း။ မြန်ခန်းတိုင်းဝယ်။မြင်စိုင်းပင်းယ။ဟူ၍ရင်း။

ခွဲထားစပ်ဆိုသည်ကိုဆင်ခြင်လျှင်။ ကလျာဏီသိမ် ကျေဝံစာတွင်။ တင်းလဲချက်သူတို့နေရာအရပ်ကို။ဂေါ့ဒမတ္တိ ကနဂရ။ဂုဋ္ဌာတိုက်မြို့ဟူ၍ပါဌ်စီသည်။ ဂုဋ္ဌာတိုက်ကိုအက္ခ ရာရှေ့နေဝံ ပြန်၍တိုက်ဂုဋ္ဌာ။ ရှည်ကြာသဖြင့် ယခုတိုက်ကု လားခေါ်ဝေါ်ကြသကဲ့သို့။ စိုင်ညီနောင်သုံးစီးတို့သည်။ မြေ ကြီးကိုချိုဖြင့် ကော်၍ပူဇော်နှင့်သည်ကိုမြင် တော်မူ၍။ပြိုး တော်မူပြီးလျှင်။ဤအရပ်တွင်။ စိုင်ညီနောင်သုံးစီးတို့မင်းဖြစ် လတံ့ဗျာဒိတ်ထား တော်မူ၍ စိုင်မြင်ရာတွင် မြို့တည်သော ကြောင့်။ မြင်စိုင်မြို့ခေါ်ဝေါ်သမုတ်လိုရင်း။ ကာလရှည်ကြာ ရှေ့လျှော၍။မိန်းမယောက်ျားလူမြင်တိုင်ခေါ်ဝေါ်ကြသဖြင့်။ ဝိသဇ္ဇနီထိုးနှင့်။ မြင်စိုင်းမြို့ဖြစ်သည်ယူရမည်။ ထိုကြောင့်။

ဥပရာဇာဇျင်းတွင်။ ။စိုင်မြတ်ဖြစ်ခါ။သုံးလုချာအါး။ ဆပွါးကြည်စွာ။သဒ္ဓါထွေငေါ်။ မြေ ကိုကော်၍။ပူဇော်သော ကျိုး။ရေမြေစိုးသါး။တန်းခိုးထန်ပြင်း။လှမှန်ကင်းဟု။ဤယင်း သုံးဘော်။ နောင်သော်ပြုလိမ့်။ မြော်ရှုမိန့်တိုင်း။ မြင်စိုင်းရပ် စည်။ဟူ၍ရင်း။

ရှုလော့သွယ်ဖြူးချီ။ ရှင်သီလဝံ သဆို။ နန်းဘွဲ့မော်ကွန်းတွင်။ ။ထိုတောင်အဖျား။ ရပ်တန့်နားသော်။ စီးပွားနောင်ဘို့။မင်းဆက်တို့ကို။ နှစ်လို့ညာဏ်တော်။ ရှုလတ်မျော်က။မြော်သည့်အတိုင်း။ မြင်စိုင်းတထေဝံ။ သင်းပွင်းရောက်သော်။သုံးယောံမင်းလောင်း။စိုင်ထီးပေါင်းတို့။ဟူ၍ရင်း။

ရှင်ဓမ္မဓဇဆို။နန်းမြင့်သိုက်စည်။ ချီရတုတွင်။ ။စက်ရောင်လျှံချိပ်။ သင်းပွင်းထိပ်ဝယ်။ တံဆိပ်ရွှေ့ဖွဲ့။ဗျာဒိတ်ခဲ့၍။တုမဲ့မြင်စိုင်း။ဟူ၍ရင်း။

မင်းရဲကျော်စွာစုန်ဇျင်းတွင်။ ။ပရမေသကျာ။ဒေသဇာဖြင့်။ရှုလာတလျှော်။သင်းပွင်းရော်ကရှင့်။ မျက်မှောံလှုလှု။စိုင်သုံးရအား။ တရားမြတ်လေး။ ဗျာဒိတ်ပေးတွင်။ဟူ၍ရင်း။

မင်းရဲဒိဗ္ဗဇျင်းတွင်။ ။ငါးကျိပ်ငါးမှ။ မခြားနွယ်ရင်း။တောင်သင်းပွင်းတွင်။ သနင်းမကိုက်။ မိန့်တော်လိုက်ဖြင့်။ရန်မိုက်ကြောံရှောင်။မြင်စိုင်းထောင်သား။ညီနှေါင်ဘုန်တူ။ထီးသုံးဆူနှင့်။ဟူ၍ရင်း။ ။စပ်ဆိုသည့်များနှင့်ထော်၍ယူရမည်။

၏ကား။မြင်စိုင်းရေးသင့်။မြင်ဆိုင်းရေးသင့်များကို။ သုတေသီပုဂ္ဂိုလ်တို့အလိုဌာရေးသားလိုက်သည် စကားရပ်တည်း။

တရပ်ကို။ပသတ်။ တသတ်နှစ်ချက်ပင်။ ရှေးပညာရှိတို့။စပ်ဆိုသည့်ကို။အမြွက်မျှပြဦးအံ့။ ။တရပ်ကို။ပသတ်စပ်သည့်ကား။မဟာဥပရာဇာဇျင်းတွင်။ ။ထိုရွါအချုပ်။တရပ်ဥဒည်။မကျိုးကျည်လည့်း။ ။ခင်ကြီးဇျင်းတွင်။ ။မူရီဒိတ်အုပ်။တရပ်ပုဆိုး။ကောင်းမျိုးထည်ပေါင်း။ ။ဘုရင်နှမတော်ဇျင်းတွင်။ ။ရွှေစင်ငွေထုပ်။တရပ်အထု။ရှေ့တွင်

စုလည်း။ ။ရင်းချေင်းတွင်။ ။မထွက်ပျောံမြှုပ်။ချွန်းနှယ်အုပ်လျက်။တရုပ်ဥဒည်။ဝန်းလည်ကြောံညင်။ ။မင်းတရားရွှေထီးနားတော်သွင်းတွင်။ ။အရိုင်းတရုပ်။ တိမ်နှယ်ချုပ်သော်။ကြီလှုပ်မဘောံ။ ။ထောင်သင်မှူးဆို။ မြစ်ရတုလျှင်ချီရတုတွင်။ ။တသီးအုပ်ထုပ်။တရုပ်မြင်းက။ ။ပဲကူးမိဘုရားဆို။လေးဖြာရောင်ခြည်။ချီရတုတွင်။ ။ထိန်ဆူဝန်းချုပ်။ တရုပ်ပြည့်ပါး။ပြေးသွားရာရာ။ နှံ့အောင်ရှာ၍။ ။ကဝိလက္ခဏာတွင်။ ။လူရိုင်းတရုပ်။ရေမှာရုပ်။လက်ခုပ်နှစ်ခုပြိုင်။ ။ဝဏ္ဏဗောဓနသတ်အင်းတွင်။ ။ရုပ်နံ။တရုပ်။ကမ္မဇရုပ်ဟု။တချောင်ငင်ပသတ်တွင်ပြသည်။

တရုပ်ကို တသတ် စပ်သည်ကား။ ခင်ထွေး ချေင်းတွင်။ ။ကြိမ်ဝါးလည်ခုတ်။ကြက်ရဲစုတ်သို့။တရုတ်ဥဒည်။ ။ယိုဒယားမိဘုရားချေင်းတွင်။ ။ပင်လယ်ဝဲရုတ်။ မြစ်သမုတ်သို့။ တရုတ်ဥဒည်။ ။ထောင်သင်းမင်း ဆိုသည်ရတုတွင်။ ။တရုတ်ပြည်တွင်။မယုတ်ရည်ရှင်။သမုတ်သည်လျှင်။သို့ပသတ်တသတ်နှစ်ချက်ရှိသော်လည်း။ ရေးထုံးရေးနည်းများသို့လိုက်၍ပသတ်မှတ်ရမည်ဟု ဂဇဗလသတ်ညွှန်းတွင်ဆုံးဖြတ်သဉ်။ ။ဤကား။တရုပ်ကိုပသတ်။ဘသတ်ရေးသင့်များကို။သုတေသီပုဂ္ဂိုလ်တို့အလိုဌါ ရေးသားလိုက်သည်စကားရပ်တည်း။

ဤစကားရပ်ဖြင့်။ရေမြေသေဌိနင်းမင်းတို့မည့်သည်။ ချစ်ကြည်စုံမက်။ နှစ်သက်မြတ်နိုး လှသည်တကားဟု။ မိဘုရားစောဖေါက်ပြန်သောအမူအကျင့်ကိုလျစ်လျူရှုလျက်။ ချီးပမြှောံစားတင်လျှောံသည်စကားကိုလိုက်နါမှါးသောကျော်စွာမင်းကဲ့သို့မဖြစ်စေရာဟူသောဥပဒေသ။မင်းရိုးမင်းမျိုးအ

ဆက်အနွယ်ပင်မဟုတ်လင့်ကစား။ အတိုင်အပင်အဆင်အ
ခြင်သတိပညာကင်းက။မင်းမျိုးမင်းစစ်။ ဖြစ်သောကျော်စွာ
မင်းကိုစင်လျက်နန်းမှချ၍မင်းဖြစ် ယူနိုင်သောအသခ်ယာစ
သောကျော်စွာ မင်းတို့ထုံးကိုထောံသဖြင့်။ ရေမြေသေဌ်နင်း
မင်းတို့မည်သည်။ အစူးအစမ်းအထောံအလှမ်း အတိုင်အပင်
အဆင်အခြင်သတိပညာအခါခပ်သိမ်းမကင်းမူ၍။ သာမည
သောဘုန်းကံ ပါရမီတို့ဖြင့်။ မရရာသော ထူးမြတ် လွန်ကဲ
သောဘုန်းကံပါရမီတို့ကြောင့် ရအပ်သောမင်း၏စည်းစိမ်
ကို။အမြဲစောင့်ရှောံရမည်ဟူသောဥပဒေသ။သံစိန်ယော်တာ
စသောတရုပ်စစ်သူကြီးတို့လည်း။ဥဒည်မင်းမှါထားသည်အ
တိုင်း။မင်းရိုးမရှိလျှင်။နန်းတင်မည်လာသည်ကို။ကျွမ်းသမါး
တို့ကာကရာ။သီချင်းတွင်။အမှုသည်မရှိက။ စကား မဆိုမာ
ဟုပါသည်တံဘောင်အရ။မင်းရိုးဖြစ်သေါကျော်စွါဥကျွေါင်း
ကိုဖြတ်၍။ တရုပ်စစ်သည်တို့အားပြရာ။ ယင်းတံဘောင်နှင့်
အညီပင်။နန်းရိုးဖြစ်သောအမှုသည်ရင်းမရှိပြီဟု။အသခ်ယာ
စသောမင်းတို့ကို မတိုက်မဖျက် အသာအယာ ပြန်သွားကြ
သည်ကိုထောံ၍လည်း။ စံနည်းဖြစ်စေ။ တံဘောင်ဖြစ်စေ။နိ
မိတ်ဖြစ်စေ။ထူးထွေထင်မြင်က။ကောင်းလျှင်ကောင်းလျောံ။
မကောင်းလျှင်မကောင်းလျောံ။ ချင့်ထောံတွေးဆ ယူငင်ပြီး
လျှင်။ ယင်း စံနည်း တံဘောင်နိ မိတ် အထွက် အရ အတိုင်း။
ဆောင်သင့်။ရှောင်သင့်များကို။ နှလုံးမူ၍။ ရေမြေသေဌ်နင်း
မင်းတို့အမြဲကျင့်ဆောင်ရမည်ဟူသောဥပဒေသ။ အမှုသည်
မရှိက။စကားမဆိုမာဟူသောတံဘောင်အရသည် လည်း။ရ
ဟန်းရှင်လူတို့နှင့်ဆက်ဆံသမျှအမှုခပ်သိမ်းမှာပင်။တဖက်အ
မှုသည်မရှိက။တရားမှုခင်းစွဲလည်းမစွဲထိုက်။ဖြစ်လည်းမဖြစ်
ထိုက်။အဆုံးအဖြတ်လည်းမပေးထိုက်။စွဲသောဖြစ်သော။ အ

ဆုံးအဖြတ်ပေးသောအရာမျှားလည်းအလျှင်း မသင့်။ သို့ဖြစ်၍။အသဒ်္ဒယာတ်ိုလက်ထက်။ ကျွမ်းသမားတို့ ကာကရာ။ ကဆိရေရွတ်သည်တံဘောင်အထွက်အရ အ တိုင်း။ တရားသူကြီးခုံသမတ်ပြုလုပ်သူတို့လည်းအမှုသည် မရှိကစကားမဆိုမာဟူသည်ကို။ ကြိုးတန်းလက်သုံး။ ထုံးတမျှည်းလမ်း။ ငြမ်းကြိုးသမ္မယ်ပြု၍အမြန်လုံးမှုရမည်ဟူသောဥပဒေသမျှားကိုပြုသဉ်ယူရမည်။

ဤတွင်ဧရွကား။ ပုဒ်ရေ၄ အရအဖြေအဓိပ္ပါယ်ပြီး၏.။

— ❀ ဝိဓိပဒီ ❀ —

မေးခွန်းကေဒံနှုတ်ချက်ပါ။နသတ်အတင်ပိသဒ္ဓနီထိုးစပ်နည်းတပုန်။

ပြိုးပြွမ်း ပကိဏ်း။ ဆက်ဆံ ကျိန်း။ မိန်း မရေ ဆိပ် ပုဒ်ရင်း။ ပြုင်။ ။ဟူသည်ကား။

ကိလေသာကုန်ပြီးသောမိန်းမတို့ကိုထား၍။ အလုံးစုံ ဒုက္ခထေသောမိန်းမတို့သည်။ရေဆိပ်စသည်နှင့်အတူ။ခပ်သိမ်းသောသူတို့နှင့်အခွင့်ရကဖေါက်ပြန်ကြွေး လွန် ဆက်ဆံတတ်သည်ဆိုထိုသည်။

၍နိုက်။မိန်းမတို့မည်သည်။ ခပ်သိမ်းသော သူတို့နှင့် အဝယဝထေရောနှောဆက်ဆံတတ်သည်ဟူသောစကား၏.အရကို၊ ဧကနိပါတ်။အနှဘိရတိဇာတ်နိုက်လါသောဥပမာတို့ဖြင့်ပြထိုက်အံ့။

ယထာနဒီစပဋ္ဌော်စ။ ပါနဂါရံသဘာပပါ။ဧဝံလောကိတ္ထိယောနာမ။ နာသံကုဋ္ဌာနိပဏ္ဍိတာ။ ။နဒီယထာ၀စ။

မြစ်ကမ်းရေဆိပ်ကဲ့သို့ရင်း။ ပန္တေါယထာစ။ လမ်းခရီးကဲ့သို့ရင်း။ ပါနဂါရံယထာစ။ သေတင်း ကုပ်ကဲ့သို့ရင်း။ သဘာယထာစ။ ပွဲသဘင်ကဲ့သို့ရင်း။ ပပါယထာစ။ ရေအိုးစင်ကဲ့သို့ရင်း။ ဇဝံတထာ။ ထိုအ တူ။ လောကေ။ လောကနှိုက်။ ဈတ္တိယောနာမ။ မိန်းမတို့မည်သည်။ သဗ္ဗသာမါရဏာ။ အများနှင့်ဆက်ဆံကုန်သည်။ ဟေါန္တိ။ ဖြစ်ကုန်၏။ တေန။ ထိုကြောင့်။ ပဏ္ဍိတာ။ ပညာရှိတို့သည်။ တာသံ။ ထိုမိန်းမတို့အား။ နကုဇ္ဈန္တိ။ အမျက်မထွက်ကုန်။ ၊ ဤကားမိန်းမတို့သည်။ အများ နှင့်ဆက်ဆံတတ်သောသဘောကိုပြသောအနဘိရတိဇာတ်လာဥပမာစကားရပ်တည်း။

မိန်းမတို့မည်သည်။ အခွင့်ကိုရက။ စင်စစ်ဖေါက်ပြန်တတ်သည်၏။ အဖြစ်ကိုလည်း။ ။သဗ္ဗာနဒီဝက်ာနဒီ။ သဗ္ဗေ ကဌမယာဝနာ။ သဗ္ဗိတ္ထိယောကရာပါပံ။ လဗ္ဘမာနေနိဝါတကေ။ ။ဟူ၍အသိတိနိပါတ်။ ကုဏာလ ဇာတ်နှိုက်ဟောတော်မူသည်။ ။သဗ္ဗာနဒီ။ အလုံးစုံသောမြစ်တို့သည်။ ဝက်ာ။ ကောံကုန်သော။ နဒီ။ မြစ်တို့သာတည်း။ သဗ္ဗေ။ ခပ်သိမ်းကုန်သော။ ဝနာ။ တောတို့သည်။ ကဌမယာ။ ထင်း ရောင်းအတိသာပြီးကုန်၏။ သဗ္ဗိတ္ထိယော။ ဝိပဿနာဖြင့်ခေါင်းပါးအောင်ပြုအပ်သောကိလေသာရှိကုန်သောမိန်း မတို့ကိုထား၍ကြွင်းသောအလုံးစုံသောမိန်းမတို့သည်။ နိဝါတကေ။ ဆိတ်ငြိမ်ရာအရပ်ကို။ လဗ္ဘမာနေ။ ရသည်ရှိသော်။ ပါပံ။ မကောင်းမှုကို။ ကရာ။ ပြုကုန်မြဲတည်း။ ။ဤကားအနက်။

စမ္ပာယ်ခြင်းအထူး။ သွားခြင်းအထူး။ ဖေါက်ပြန်ခြင်းအမူအရာစသောမိန်းမတို့၏။ ဌာယီဘာ ဝဖြစ်သော ဘာဝသဘောကိုလည်း။ ။ဤနံဝိလာသ ဝိဗ္ဗော ဂဝိဘြ မာလလိတန္တထာ။ ဟေ့ လာလိလေ ဟျမိဟာဝါ။ ။ကြိယာဦဂ်ါရဘာဝ

ဏာ။ ။အမရကောသ အဘိဓါန်ကျမ်းနှီးက် ဆိုသည်။ ။ တြိုံနံ့။ ပိန်းမတို့၏။ ဝိလာသ။ သွားခြင်းရပ်ခြင်း ထိုင်ခြင်း မျက်နှာမျက် စိစသည်တို့ကို လှုပ်ခြင်း စသဖြင့်။ အထူးဖြစ်သောစမ္ပာယ်ခြင်း။ ဝိဇ္ဇောက။ သွားခြင်းအထူးသဖြင့် အညီအညွတ်ဖြစ်ခြင်း။ ဝိဘြမာ။ လျင်သောသွားခြင်း။ ဝတ်စားတန်ဆာတင်ထားခြင်းစသည်ဖြင့် ဖေါက်ပြန်ခြင်း။ လလိတံ။ ငယ်ရွယ်သောအမှုအရာဖြင့် မျက်မှောင်မျက်စိစသော အင်္ဂါကို ထားသဖြင့် တင့်တယ်ခြင်း။ တထာ။ ထိုမှတပါး။ ဟာလာ။ ကောင်းစွာမွေ့လျော်ခြင်းအလိုရှိဟန်မှသဖြင့်ပျော်ရွှင်ခြင်း။ လိလာ။ချစ်သသူ၏။ အဝဟန်ဘန်မှသဖြင့် လျှပ်ပေါ်ခြင်း။ ဆုတိုင်ဝေယာဒိကာ။ ဤသို့အစရှိကုန်သော။ ဤဂုဏ်ရဘာဝတို့။ မွေ့လျော်ခြင်း ဌာယီဘာဝကြောင့်ဖြစ်ကုန်သော။ ဘဒိတ္တိယော၊ ဤအမှုအရာတို့သည်။ ဟာဝါ။ ဟာဝမည်ကုန်၏။ ဟာဝါ။ ရာဂ ရှိသသူ တို့၏။ မြတ်နိုးရာဖြစ်သော အမှုအရေး။ ။ဤကားအနက်။

အကျယ်းမဝင်သင့်သည်၏။အဖြစ်ကိုလည်း။ ။ဇာတ်ထိုနံ ဒုဇ္ဇနဲ့ာနဲ့ဿ။ဝိသာသောနောပပဇ္ဇတေ။ ဝိသဿသိဂ်ိုနောရော ဂ။နဒိရောဇကုလသဿစ။ ။သုဗောဓါလင်္ကာရကျမ်း။ပဌမပိုင်း နှီးက်ဆိုသည်။ ။ဇာတ်ထိုနံ။ ပိန်းမတို့အားဂင်း။ ဒုဇ္ဇနာနဲ့ဿ။ သူယုတ်တို့အားဂင်း။ဝိသဿ။အဆိပ်အားဂင်း။သိဂ်ိုနော။ဥ ဤရှိသော သတ္တဝါအားဂင်း။ ရောဂနဒိရောဇကုလသဿစ။ အနာဖြစ်မင်းမျိုးတို့အားဂင်း။ဝိသာသော။ အကျယ်းဝင်ခြင်းသည်။ နောပပဇ္ဇတေ။မသင့်သည်သာတည်း။ ။ဤကားအနက်။

ပိန်းမတို့မှာ။ သဘောအားဖြင့် ဖြစ်သော အပြစ်ကို လည်း။ ။အနုထံသာဟသံမာယာ။ မုခံတွမတိလောဘ တာ။အသေစံနိဒယတွံစ။ တြိုံနံ့ာဒေါဓါသွဘာဝတာ။ ။စာ

နကျနိတိန္ဒိုက် ဆိုသည်၊ ။အနှတံ။ မဟုတ်မမှန်ပြောဆို ခြင်းဒုင်း။သဘဟသံ။ရှိဂ္ဂက်ခြင်းငင်း။ မာယာ။ သွယ်ပတ်ခြင်း ငင်း။မုခ်တွံ။ ရိုက်မဲတွေဝေခြင်းငင်း။ အတိလောဘတာ။အ လွန်လောဘကြီးခြင်းငင်း။အသေစံ။ မသန့်ရှင်းခြင်းငင်း။နိဒ ယတွံစ။မသနှားခြင်းငင်း။ ဇူမေဒေါ။ ဤအပြစ်တို့သည်။ ဩဒိုနံ့ဘ။မိန်းမတို့အား။ သွဘာဝဇာ။သဘောအားဖြင့်ဖြစ်ကုန် ၏။ ။ဤကားအနက်။

မိန်းမတို့အပြစ်များ ကြောင်း ကိုလည်း။ ။ဇိဂ္ဂါသ ဟာသိကောယောဟိ။ဇိဒေဝသသတံနရော။တေနဒိက္ခမုနာ ဒုတ္ထော။ထိဒေါသောကိုးခယံဂတော။ ။ရှင်မဟာသီလဝံ သရေးသည်မဟာရဟန်တိန္ဒိုက်ဆိုသည်။ ။ဟိတံပါကဋံက ရောမိ။ မိန်းမတို့အားအပြစ်များကို ထင်ရှား ပြုလိုက်အံ့။ဇိဂ္ဂါ သဟာသိကော။လျှာတထောင်ရှိသော။ ယောနရော။ အကြင် သူသည်။ ဝသသတံ။ ဤနှစ်တရာပတ်လုံး။ ဇိဝေ။အသက် ရှည်ရာ၏။။တေန။ ထိုသူသည်။နိဒ္ဒမုနာ။ တပါးအမှုမပြုပါ ပဲ။ ဝုတ္တော။ အနှစ်တရာတထောင်လျှာဖြင့် ဆိုအပ်သော။ ထိ ဒေါသော။မိန်းမအပြစ်သည်။ကိုးခယံဂတော။တိုမျှစေ့ရုံကုန် ခြင်းသို့ရောက်နိုင်အံ့နည်း။ ။ဤကားအနက်။

ထိုမှတပါး။အဟိဟရိမပဟာနဂ်အဂ်ါလက္ခဏာဓုပါး။ မိန်းမတို့ရှစ်ပါး သောအကြောင်း ဖြင့် လင်ကိုမထိမဲ့ မြင်ပြု ခြင်း။ မိန်း မတို့မာယာ ၄၀။ မိန်းမတို့သည်။ နှစ်ဆဲငါးပါး သောအကြောင်းတို့ဖြင့်။ဗျက်ဆိုးအပ်။ ကဲ့ရဲ့အပ်ကြောင်းများ ကိုဆိုသောအသိတိနိပါတ်။ ကုဏာလဇာတ် အဋ္ဌကထာ။မ ရောင့်ရဲတင်းမတိမ်နိုင်သည်တဆဲ့ခြောံပါးဟုလါသေါသတ္ထ နိပါတ်သတ္ထုဘာတဇာတ်အဋ္ဌကထာ။မိန်းမတို့သည်။ သုံးပါး ကုန်သောတရားကြောင့်။အပါယ်ဒုဂ္ဂတိသို့ရောက်ရကြောင်း

ကိုဟောတော်မူသောမာတုဂါမသံယုတ်။ မိန်းမတို့အာဝေ
ဏိကငါးပါးကိုပြသောသဋ္ဌာယတနသံယုတ်။ ဤသို့စသဖြင့်
မိန်းမတို့၏ အခြင်းအရာများကို။ ပြသောအရပ်ရပ် ကျမ်းဂန်
ထွက်စကားများကို။ ကျယ်လွန်း အံ့စိုး ၍ဤနှိုက်မရေး ပြီအ
လိုရှိလျှင်ပြဆိုခဲ့သည်ကျမ်းတို့မှာရှု။

ဤစကားရပ်ဖြင့်။ကာမဂုဏ်တည်း ဟူသော အနှောင် ဥပဒေသ။
အဖွဲ့ကိုမလွန်နှိုင်သည်ဖြစ်၍လူ၏ဘောင်နှိုက် တည်နေပျော်
ပိုက်ကုန်သောသူခပ်သိမ်းတို့သည်။ မိန်းမတို့အား။ပြဆို ခဲ့ပြီး
သောအခြင်းအရာယုတ်မာသောသဘောရှိသောအပြစ် နှိုက်
သာတည်သည်။တစုံတရာယုံကြည် အပ် သော သ ဘောမရှိ
ဟု။အမြဲနှလုံး။ယူကျုံးသွင်းထားပြီး လျှင်။ အ ကယ် ၍တည်း
ကာမဂုဏ်ကိုမလွန်မြောံနှိုင် ငြား သော် သည်း။ ထိုယုတ်မာ
သောသဘောရှိသောမိန်းမတို့နှိုက်။အပြစ်မဲ့ ဟူ သောအမှတ်
ဖြင့်။မွေ့လျော်ပျော်ပါးခြင်းကိုမပြုမူ၍။ ဧကန်စင်စစ်ယုတ်မာ
သောသဘောရှိသည်သာဟု အမြဲနှ လုံးသွင်း ထား ရမည်ဟူ
သောဥပဒေသကိုပြသည်ယူရမည်။

ဤတွင် ရွှေ ကား။ ပုဒ်ရောအ ရအဖြေ အ ဓိပ္ပါယ် ပြီး
၏။



မေးခွန်းကောံနုတ်ချက်ပါ။ နသတ် အဝင်ပိသဇ္ဇနီထိုး
စပ်နည်း၂ ပုဒ်တွင်။ပဌမပုဒ်။

အားအန်တိုးတုန်း။ကျိုး၍ရုန်း။နွားကုန်းဆိုသည်ပွဲ။ ။ ပုဒ်ရင်း။
ဟူသည်ကား။

ဝိဏ္ဍတ္ထ။ ဂန္ဓာရတိုင်းတက္ကသိုလ် ပြည် သား ပုဏ္ဏား မွေးသော လှည်းဆက်တရာကိုဝန်ပါဆောင်နှိုင်သောအ လောင်း တော်နန္ဒိဝိသာလ နွားဏ်။ကတညူကတဝေဒီစကားကြောင့်။ ဂေါ ဝိန္ဒသဌေးနှင့်လောင်းတမ်းမူသည်ပွဲတွင်။ပဌမအကြိမ်မသာ မယာ။ အာမသာစကားကြောင့်။ပုဏ္ဏားရှုံးပြီးနော်။ဒုတိယအ ကြိမ်တွင်။နွားပျိုနွါးကောင်းကျိုး၍ရန်းလေါ။ကျိုး၍ကုန်းသေါ ဟုသာယာနာပျော်ဖွယ်သောစကား ဖြင့်။ ချော့ဖြားသိမ်မွေး ယည်ချေးစွာမောင်းနှင့်သည်ပွဲဆိုလိုသည်။

အဝယဝတ္ထ။ ၏နှိုက်။ နဝံပနဘိက္ခုနာစီဝရလာဘေန။ဟူသောပုဒ်။ တိဝဂ္ဂေါယဿသင်္ဂဟော။ စသော ပြ ယုဂ် တို့ နှိုက် ပုဒ်ခြား လျက်သမာသ်ဖြစ်၏သို့။ရန်းဟူ သေါအက္ခရာ။ကုန်းဟူသေါ အက္ခရာတို့လည်း။ နွားဟူသောအက္ခရာခြားလျက်။ သမါသ် ဖြစ်ရကါး။ရန်းစ။ကုန်းစ။ရန်းကုန်းဟုဒွန်သမါသ်ကြီ၍။ယင်း ဒွန်၏ရှေးနှိုက်ကျိုး၍ဟူသောအက္ခရာကို။ဒွန္တတောပုဗ္ဗကြီပြီး လျှင်။ စန္ဒဟတ္ထိအ**ဿ**မိဂ စသည်တို့နှိုက်ကဲ့သို့။ ကျိုး၍ရန်း။ ကျိုး၍ကုန်းဟုစပ်၍ယူရမည်။

ယင်းသတ်ပုံအစပ်တွင်။ အားအန်တိုးတုန်း။ ဟူသော ပုဒ်ဖြင့်။နန္ဒိဝိသာလနွား၏ပျိုရွယ်နုမြစ်သောအရွယ်ကိုပြသ ဖြင့်။နွားနှိုက်ချီးမွမ်းခြင်းထောမနာကာရကိုပြသည်။ ကျိုး၍ ရန်း။ နွားကုန်းဆိုသည်ဟူသော စကားရပ်ဖြင့်။ နန္ဒိဝိသာလ နွားကိုချီးမွမ်းပြီးလျှင်။ တိုက်တွန်းခြင်းဥယောဇနာကာရကို ပြသည်။ ပွဲဟူသောစကားဖြင့်။ နွား၏ဂုဏ်ကို ချီးမွမ်းပြီး လျှင်။မနုည။ သာခလျ။ မနာပ။စကားတို့ဖြင့်။ နွားကိုတိုက် တွန်းခြင်းနှိုးဆော်၍လောင်တမ်းမူသည်ပွဲဟူသောအဗ္ဘူတာ

ကာရကိုပြသည်။ ဤသို့လက်ာစပ်ရင်းစကား အထားအသို အနေအထိုင်များကို။ နေရာကျသိအောင် နှလုံးမူပြီးမှ။ နန္ဒိဝိသာလနွားဏီ့အကြောင်းအရာ။ ဂန္ဓာရတိုင်းတက္ကသိုလ်ပြည်တို့ဏီ့အထုပ္ပတ္တိများကို။သိမှတ်လိုသူတို့ဏီ့ အကျိုးငှာ။ ဧကနိပါတ်ကုရဂီဝဂ်။နန္ဒိဝိသာလဇာတ်။အမရကောသအဘိဓာန်။ မာဂဓအဘိဓာန်ဋီကာ။မင်းလက်ဝဲနော်ရထာလျှော်၍ တောင်တွင်းဆရာတော်ဖြေဆိုချက်များကို အမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

လွန်လေပြီးသောအခါ။ဂန္ဓာရတိုင်း။တက္ကသိုလ်ပြည်။ ဂန္ဓာလမင်းလတ်ထက်။ ဘုရားအလောင်းသည် နွားမျိုးနှိုက်ဖြစ်၍ငယ်ရွယ်စည်ကပင်ယာဂုထမင်း စသဖြင့် ပုဏ္ဏားတယောံမွေးဏီ့။ အမည်ဖြင့်နန္ဒိဝိသာလ တွင်သတည်း၊ ဝန်ကိုဆောင်လေဝံသော အရွယ်ရောက်လျှင်။ ပုဏ္ဏားမွေးကျေးဇူးကိုဆပ်လိုရကား။ဇမ္ဗူဒီပါကျွန်းအပြင်တွင်ငါနှင့်တူ၍ဝန်ကိုဆောင်နှိုင်သောခွန်အားရှိသော နွားမည်သည်မရှိ။ ငခွန်အားကိုပြ၍ပုံဏ္ဏားမွေးကျေးဇူးကိုဆပ်အံ့ဟုကြံပြီးမှ၊ ငနွားသည်လှည်းတရာကို နောံဆုံးလှည်းက။ ရှေ့ဆုံးလှည်း သို့ ရောက်အောင်စေအံ့ဟုသပြာတထောင်လောင်းတမ်း မူလေပုဏ္ဏားကိုဆိုဏီ။ ပုဏ္ဏားလည်းထိုသို့ ဆိုတိုင်း ဂေါဝိန္ဒ သငွေးနှင့်လောင်းတမ်းမှု၍လှည်းတရာကိုသဲကျောံပြည့်စေလျက် အစိအစည့်ဖွဲ့ထားပြီးလျှင်။ နန္ဒိဝိသာလနွားကိုရေချိုး၍ နံ့သာအရေးလက်ငါးချောင်းဖြင့် သားပြီးသော်။လည်ရွဲတန်ဆာဆင်ယင်ပြီးမှ။ရှေးဦးလှည်းတွင်က၍နှင်တံကိုချိသဖြင့်။ နွားစည်းလဲဆောင်လော။နွားကောံကျစ် ရုံးလောဟုဆဲရေး မောင်းမဲလျက်နှင်ဏီ့။နွားလည်းဆဲရေးမောင်းမဲသည်ကို မခံချိ၍။တိုင်စိုက်သကဲ့သို့ ရပ်လျက်မချန်းမဆောင်ပဲ နေလေဏီ့။ ပုဏ္ဏား

လည်းသပြာတထောင်ရှုံး၍ စိုးရိမ်ပြင်းပြစွာ ဖြစ်သည်ကို။ငအားစည်းလဲ ကောံကျစ်သော စကားဖြင့် ဆဲရေး မောင်းမဲသောကြောင့်။ မရုန်းမဆောင်သည်။ သည်ကဲ့သို့ မဆဲရေးမမောင်းမဲလင်။ အသစ်တဖန်သဖြာ နှစ်ထောင်လောင်းတန်းမှုပြန်လေဆိုမှ။ဆိုတိုင်းလောင်းတမ်းမှု၍ သာယာစွာနှင်လျှင်။ လှည်းတရာကိုတဟုန်တည်းဆောင်လျက်နောံဆုံးလှည်းကို။ ရှေ့ဆုံးလှည်းတင်ရာသို့ ရောက်စေ၍ ပုဏ္ဏားအား သပြာနှစ်ထောင် တိုင်အောင် လောင်း တမ်း ရစေ၏။ ဤသို့ ရှေးအကြောင်းကိုဆောင်တော်မှု၍ ခပ်သိမ်းသော အမှုအခင်းနှိုက် သာယာပြေပြစ်သောစကားကိုသာပြောဆိုရာ၏။မသာယာမပြေပြစ်သောစကားကိုမပြောမဆိုရာဟု နန္ဒိဝိသာလဇာတ်ကိုပုံပြုသဖြင့်။ဆုံးမသြဝါဒပေးအံ့သောဌာ။

မနုညမေဝဘာသေယျ။နာမနုညံကုဒါစနံ။ မနုညဘာသမာနဿ။ဂရုံဘာရံဥဒဒ္ဓရိ။ဓနဥ္ဇနံအလဘ္ဘေသိ။ တေနစတ္တမနောအဟု။ ။ဟူ၍နန္ဒိဝိသာလဇာတ်နှိုက်ဟောတော်မှု၏။ ။ မနုညမေဝ။ သာယာပြေပြစ်သောစကားကိုသာလျှင်။ ဘာသေယျ။ပြောဆိုရာ၏။အမနုညံ။ မသာယာမပြေပြစ်သောစကားကို။ကုဒါစနံ။တရံတဆစ်မျှ။နဘာသေယျ။ မပြောမဆိုရာ။မနုညံ။သာယာပြေပြစ်သောစကားကို။ ဘာသမာနဿ။ ပြောဆိုသသူအား။ ဂရုံဘာရံ။လေးစွာသောဝန်ကို။ ဥဒဒ္ဓရိ။ ရွက်ဆောင်၏။နံ။ထိုသို့သာယာပြေပြစ်စွာပြောဆိုသသူကို။ ဓနဥ္ဇ။သပြာနှစ်ထောင် တိုင်အောင်သော ဥစ္စာကိုလည်း။အလဘ္ဘေသိ။ရစေ၏။တေနစ။ ထိုသို့ရစေသဖြင့်လည်း။ အတ္တမနော။ဝမ်းမြောံရသည်။အဟု။ဖြစ်၏။ ။ဆဲရေးမောင်းမဲသဖြင့်သာအမှုအခင်း ပြီးရာသည်မဟုတ်။ သာယာ ပြေပြစ်သဖြင့်လည်းအမှုအခင်းပြီးရာ၏။အမှုအခင်းပြီးပြေသည်မှါသာ

လိုရင်းဟုနှလုံးထားလေ ဆိုလိုသည်။ ။ဤဇာတ်သည်။ဝိ
နည်းနိပါတ်နှစ်ရပ်မှာပင်လာ၏။ဝိနည်းမှာ။ မနာပမေဝဟုရှိ
သည်။အနက်အရအထူတူပင်တည်း။ ။ကေနိပါတ်ကုရုဂ်
ဝဂ်။နန္ဒိဝိသာလဇာတ်။

ယင်းသည်နွားမျိုးကို အမရကောသ ကျမ်းတွင်။ သ
တုသဗ္ဗ်ရုရိဏသျာတ်။ ယောဝေသဗ္ဗ်ရုရာဝဟး။ ။ယော။
အကြင်နွားသည်။ဝေ။စင်စစ်။သဗ္ဗ်ရုရာဝဟး။ အလုံးစုံသော
လှည်းကိုဆောင်တတ်၏။သတု။ ထိုနွားသည်ကား။သဗ္ဗ်ရုရိ
ဏ။သဗ္ဗ်ရုရိဏမည်သည်။သျာတ်။၏။သဗ္ဗ်ရုရိဏး။ အလုံး
စုံသောလှည်းကိုဆောင်တတ်သောနွား။

နန္ဒိဝိသာလ စသည်ကဲ့သို့ လှည်းအဆက် ဆက်ကို
ဆောင်တတ်သောနွား ပရိယာယ်တပုဒ်ဟူ၍ထွက်ဆိုသည်။
ယင်းသည်ဇာတ်တွင်။ ဂန္ဓာရတိုင်းဟူသောမူလဘာသာဝစ
နထွဝိဂြိုဟ်မှာ။အဘိဓါန်ဋီကာ တွင်။ ။ဂံပထဝိ၊ဓါရေတီ
တိဂန္ဓာရော။ကိတ္တိဂန္ဓေနအရန္တီတိဝါဂန္ဓာရာဖွင့်သည်။ ။
ဂံပထဝိ။ မြေကို။ ဓါရေန္တီ။ ဆောင်တတ် ကုန်၏။ ဣတိ။
ကြောင့်။ဂန္ဓာရာ။မည်၏။ဝါ။ကား။ကိတ္တိဂန္ဓေန။ ကျော်စော
သောအနံ့ဖြင့်။အရန္တီ။ရောက်တတ်ကုန်၏။ဝါ။ သိတတ်ကုန်
၏။ဣတိ။ကြောင့်။ ဂန္ဓာရာ။ မည်၏။ဆိုသည်။ ဂန္ဓာရတိုင်း
မှာ။မြန်မာလိုမြေကိုဆောင်တတ်သည်။ကျော်စောသောအနံ့
ဖြင့်ရောက်တတ်သိတတ်သည်အဓိပ္ပါယ်ရသည်။

တက္ကသိုလ်ဟူသော မူလဘာသာဝစနထွဝိဂြိုဟ်မှာ။
အဘိဓါန်ဋီကာတွင်။ ။တက္ကဦ ဟော။ ဦဟောဦနပူရဏံ။
တက္ကနံတက္ကော။ သောသီလံသဘာဝေါ ယထွသာတက္ကသီ
လာ။ယောဟိပူရိသကာရေနဦနော။ သောတထွဂန္ဓာတမူနံပူ
ရေတီတိ။ဖွင့်သည်။ ။တက္က။ တက္ကသဒ္ဒါသည်။ ဦဟော။အ

ယုတ်ကိုဖြည့်ခြင်းဟူသောအနက်နှိုက်။ဝတ္တတိ။ဖြစ်တတ်၏။ ဦနပူရဏံ။ ယုတ်သည်ကိုဖြည့်ခြင်းသည်။ဦဟော။ဦဟမည်၏။တက္ကနံ။အယုတ်ကိုဖြည့်ခြင်း။တက္ကော။ အယုတ်ကိုဖြည့်ခြင်း။ယတ္တ။ အကြင်မြို့နိုက်။သော။ ထိုဖြည့်ခြင်းဟူသော။သီလံသဘာဝေါ။အလေ့သည်။အတ္တိ။၏။သာ။ထိုမြို့သည်။တက္ကသီလာ။မည်၏။ ဟိ။မှန်၏။ယော။ အကြင်သူသည်။ ပူရိသကာရေန။ယောက်ျားတို့၏။အမူအရာဖြင့်။ ဝါ။မှ။ဦနေါ။ယုတ်၏။သော။ထိုသူသည်။တတ္တ။ ထိုအရပ်သို့။ဂတ္တာ။သွား၍။တမူနံ။ထိုအယုတ်ကို။ပူရေတိ။ဖြည့်စေ၏။ဣတိ။ဤသို့မှတ်ဟူ၍ဆိုသည်။ တက္ကသိုလ်မှာ။ မြန်မာလိုအယုတ်ကိုဖြည့်ခြင်းအလေ့ရှိ၏။ ယောက်ျားတို့အမူအရာယုတ်၍ ထိုအရပ်သို့သွားလျှင်ပြည့်စေ၏။အဓိပ္ပါယ်ရသည်။

ရှေးကာလ မင်းသား အမတ်သား ပုဏ္ဏားသဌေးသူကြွယ်သားတို့သည်။ တက္ကသိုလ်ပြည်မှာအတတ်ပညာသင်ကြသည်ဆိုသည်ယခုသင်လို၍သွါးသော်ရောက်နှိုင်ပါမည်။ မရောက်မည်။ရောက်သော်လည်းရှေးကအတတ်ပညာအတူသွန်သင်မည်သူရှိမရှိယုတ္တိယုတ္တာကို သိခြင်ကြောင်းများနှင့် ၁၁၂၀ပြည့်နှစ်တွင်။ မင်းတိုင်ပင်အမတ်။ မင်းလက်ဝဲနော်ရထာကမေးလျှောံရာ။ ဥာဏာလက်ာရမဟာရာဇဂုရုတံဆိပ်တော်ရတောင်တွင့်းကြီးမြို့ဇာတိ။၁၀၈၉ခုဖွား တောင်တွင်းဆရာတော်ဦးဖျော်အဖြေတွင်။

တက္ကသိုလ်ပြည်နေရာအရပ်အနီး အဝေးကိုဆိုသည်မှာ။တက္ကသိုလ်ပြည်သည်။ မဇ္ဈိမာဒေသအရှေ့စွန်ဖြစ်၍။ ဗောဓိပင်နှင့်ယူဇနာတရာငါး ဆယ် ကျော် ကွာသည်။ သာဝတ္တိပြည်သည်ဗေါ ဓိပင် တောင် လေး ဆဲ့ငါး ယူဇနာ ခန့်တွင်ရှိသည်။သာဝတ္တိနှင့်တက္ကသိုလ်ပြည် ယူ ဇနာ တရာငါး ဆယ်

ကျော်ခြောံဆယ်ခန့်ကွာသည်။သဘဝတ္ထိုနှင့်သုနာပရန္တ တိုင်း စန္ဒကူးသရက္ခန်ကျောင်းတော်သံည်။ ယူဇနာတရာနှစ်ဆယ် ကွာသည်ဟု။သဋ္ဌာယတနသံယုတ်အဋ္ဌကထာနိုက်ဆိုသည်။ ဥပရိပဏ္ဏာသအဋ္ဌက ထာနိုက်မူကား။ ယူဇနာသုံး ရာကွာ သည်ဟုဆိုသည်ကိုထောံသေ၏။သရက္ခန် ကျောင်း တော်နှင့် တက္ကသိုလ်ပြည်သည့်သံယုတ်အဋ္ဌကထာအလိုသေ၏။ ကိုးလ ခရီးကွာသည်။ပဏ္ဏာသအလိုသေ၏။ တနှစ်နှင့်သုံး လကျော် လေးလခ ငိုးကွာမည်။ ပင်သယ် သမုဒ္ဒ ရာနေဟန်ကိုထောံ သေ၏။ သရက္ခန် ကျောင်း တော် သည်အရှေ့တောင်။ တက္ကသိုလ်ပြည်သည်အနောံမြောံရှိသည်။အတတ်ပညာသင်သော ဒိသာပါမောက္ခဆရာသည်ကား။ သာသနာတော်ကိုမှီ၍သင် သည်မဟုတ်။ သာသနာတော်မထွန်းမီဘုရားမဖြစ်ခင်ကအ စည်သင်၍နေသည်ဖြစ်သော ကြောင့်။ ယခုလည်းရှိရာတော့ သည်ပင်။သို့ရာတွင်မူကား။သတ္တာဝါတို့ အသက်ဆုတ်ယုတ် သည်။ရာဂဒေါသပြောသည့်ကာလဖြစ် သောကြောင့် ရှေးခါ ကဲ့သို့လွန်လွန်ကျူးကျူး တတ်သူမရှိရာ ခြေပြီ။ သင်ရိုးသင် တမ်းမီရုံသင်နိုင်သောဆရာမူကား ရှိရာ သေး သည် ပင်ဖြစ် တော့သည်ဟုဖြေဆိုတော်မူ သည်။ ။ဘန္ဒာရတိုင်း တက္က သိုလ်ပြည်၏အကြောင်းအရာများမှာ။ စကားအလျည်းသင့် ၍ရေးလိုက်သည်။

၍စကားရပ်ဖြင့်။အမနာပဖြစ်သောသူ ဝာထူးတို့မနှစ် သက်အပ်သောစကားကို။ အလောင်းတော်ဖြစ် စည်လည်း။ နှစ်သက်တော်မမူ။ဘုရားအဖြစ်သို့ရောက် တော် မူကလည်း။ စကားခြောံခွန်းတွင်။ သူမနာလို။ ကိုယ် အကျိုး မရှိ စသော လေးခွန်းသောစကားကိုပယ်တော်မူသည်။ ဝေနေ ယ။ တို့ကို လည်း။ မသာမယာသော စကား ကို မ ဆိုရာဆုံး မတော်မူ ဥပဒေသ။

သည်။ ယင်းသို့ဖြစ်၍သူတပါး တို့မခံချိလောံ သောမသာမ ယာသောစကားကိုမပြောဆို။ကြည်ရှောင်ပြီးလျှင်။သူ တပါး တို့နှလုံးကိုပွား စေအပ်နှစ်သက်စေ အပ် သောနှုတ် မင်္ဂလာ ဖွယ်ရာလျောံပတ်။ကောင်းမြတ်သောစကားကိုသာ ပြောဆို ရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

—— ၀§§၀ ——

မေးခွန်းကောံနုတ်ချက်ပါ။ နသတ်အငင် ဝိသဇ္ဇနီထိုး စပ်နည်း၂ ပုဒ်တွင်။ဒုတိယပုဒ်။

ပုဒ်ရင်း။ နေမျိုးဆက်ပြုန်း။မင်းရိုးပုန်း။ ရွှေ့ဇုန်းသီးကိုလွှဲ။ ။ ဟူသည်ကား။

ဝိဇ္ဇာတ္ထ။ မဟာသမတမင်း ကစ၍ အာဒိစ္စဝံသနေနတ်နွယ်ရိုး။ မင်းမျိုအစည်းမပြတ်ဆင်းသက်ခဲ့သောဒေဝဒဟကောလိယ ကပိလဝတ်ပြည်ကို တည်ထောင်ကုန်သော မင်းတို့မှ။ နွယ် ဆက်မပြား ဆက်ပွားစည်ပြီး။ ကြီးမြတ်သောဘုန်းတန်းခိုး အာနုဘော်တို့နှင့်တကွ။တကောင်းမြို့။ သရေခေတ္တရာမြို့က သည်။ပုဂံမြို့ထွန်ချစ်မင်းတိုင်။ အဒိစ္စဝင်နေမျိုးနွယ်စင်။မင်း နှင်နှင်ချည်ဖြစ်ရကား။မဟာသမတမင်းက။ထွန်ချစ်မင်းတိုင် အောင်သောမင်း မျိုးမင်းဆက်တို့သဉ်။ နေမျိုးနွယ်ဆက်ဟု။ မြေပြင်အလုံးပျံနှံ့ ကျော်စောသည်နှင့် ထိုထွန်ချစ်မင်း မရှိ နောက်။ ပုပ္ပါးသဃ်ရာဇာကို ထွန်ချစ်မင်း မိဘုရားနှင့် မင်း ဖြစ်တင်၍ပုပ္ပါးစောရဟန်းဟူလောအမည်ဖြင့်။ မင်းပြုလေ လျှင်။မဟာဂရီနတ်အားတင်ကြားမြဲတင်ကြားပသရာ။နေမျိုး ဆက်မဟုတ်ရကား။ နတ်စကားမဆို ရှိသောကြောင့်။ ထွန်

ချစ်မင်းမရှိနောက်ပလင်းအရပ်တွင်ပုန်း၍ နေသောထွန်ချစ်မင်းသားတော်ရွှေအုန်းသီးကိုခေါ်ယူ၍။ အိမ်ရှေ့နှင်းသဖြင့်။ အရေးလွဲလေသည်ဟူရကား။ နေမျိုးဆက်ဖြစ်သောထွန်ချစ်မင်းပျက်ပြုန်း၍။ ပလင်းအရပ်တွင် ပုန်းအောင်းနေသောနေမျိုးမင်းရိုးရွှေအုန်းသီးကိုလွှဲရသည်ဆိုလိုသည်။

၅၂။ ပုပ္ပါးစောရဟန်းအကြောင်း။ ရွှေအုန်းသီးပုန်း အဝယဝထွေအောင်းနေသည့်အခြင်းအရာ။ ရွှေအုန်းသီးကိုအိမ်ရှေ့နှင်း၍ အရေးလွဲသောစကားရပ်။ ထွန်ချစ်မင်းရွှေအုန်းသီး မင်းတို့နေမျိုးဆက်ဖြစ်ကြောင်းများကို၊ ရာဇဝင်တော်မှစ၍ အရပ်ရပ်ရာဇဝင်။ ဗဂံလိရာမ။ ကလယ်ရာမ။ ပုံတော်ရာမဝတ္ထု။ ပုရာဏ်ကျမ်း စသောလောကီကျမ်းဂန်။ မဟာနိဒ္ဒေသစသောသာသနာဝင် ကျမ်းဂန် စကားများကို ညွှတ်နှိုင်း၍။ သုတေသီပုဂ္ဂိုလ်တို့မှတ်သားရန်။ အကျည်း အမြွက် မျှထုတ်နုတ်ရေးသားလိုက်အံ့။

သက္ကရာဇ်၅၃၃ခုသော်။ မိဘုရားဆရာ။ သဃီရာဇာမင်းဖြစ်တော်မူ၏။ ထိုမင်းကားပါပ စုတ်သား မင်း တရားလည်းဟူ၏။ ပုပ္ပါးစော ရဟန်းလည်း ဟူ၏။ အင်္ဂါသားတည်း။ ထိုမင်းကား ပိဒူကတ်ဗေဒင်ကို လည်း အလွန်တတ်ကွဟု၏။ ထွန်ချစ်မင်းမရှိလျှင်။ မိဘုရားတို့နှင့် ညီ၍မင်းဖြဲ့ဝံသတည်း။ ထွန်ချစ်မင်းသား ရွှေအုန်းသီးကြဝံ၍ ပြေးလေ၏။ ပလင်းအရပ်နှိုက်ယူးကျွန် ပြု၍ ဘုန်းစားတောင်းစားနေလေ၏။ ပုပ္ပါးစောရဟန်းကား။ မင်းကျင့် တရားဆယ်ပါးကိုလည်းစောင့်တော်မူ၏။ ပြည်သူလူရဟန်းတို့အားလည်းဝမ်းထွက်သားကဲ့သို့ချစ်မြတ်နိုးတော်မူ၏ ။ နေမျိုးမင်းရိုးမဟုတ်ဟူ၍မဟာဂိရိနတ်သည် ထွက်၍စကား မဆိုနေလေ၏။ ထို

အကြောင်းကိုပညာ ရှိတို့အားမင်းကြီးမေးတော်မူသော်။ နေ မျိုးမင်းရိုးမဟုတ်သောကြောင့် ထွက်၍ စကားမဆိုနေသည် ဟုနားတော်လျှောံပေ၏။မင်းကြီးလည်းနေမျိုးအစည်မပြတ် ကောင်းပလေဟူ၍မင်းသားရွှေအုန်းသီးရှောင်ရှား၍ နေလေ ရာနှိုက်ခေါ်ပြီးလျှင်။ သမီးတော်နှင့် ဆောင်နှင်း၍အိမ်ရှေအ ရာကိုပေးတော်မူ၏ဟူ၍။ ရာဇဝင်တော်တတိယတွဲတွင်ဆို သည်။

ရတနာမြတ်ခေါင်ချီ။ရာဇဝံသမျိုးတွင်။ ။ပုပ္ပါးမဉ်မှန်။ စောရဟန်လည်း။ဗိမာန်နန်းမြင့်။ မျိုးခြားဖွင့်ရှင့်။ သခင့်မင်း စစ်။မင်းထွန်ချစ်၏။ရင်နှစ်တော်ကြီး။ရွှေအုန်းသီးနှင့်ဟုစပ် ဆိုသည်။ ။ရွှေအုန်းသီးမင်းကို။ အာဒိစ္စဝင်။နေနန်းရိုး။နေ မင်းမျိုးဟူသည်မှာ။ကမ္ဘာဦးမဟာသမ္မတမင်းသည်။နေနတ် မင်း၏အဆက်အနွယ်အာဒိစ္စမည်သောကြောင့်။ ထိုမင်း၏ အဆက်အနွယ်မှန် သမျှကို လည်း အာဒိစ္စဝင်မည်၏။ မည် ကြောင်းကိုလည်း။ သာရတ္ထသင်္ဂဟစသောထိုထို သောအဌ ကထာဋီကာကျမ်းဂန်များနှိုက်။

အာဒိစ္စကူလသမ္ဘူ။တော။ သုပိသုဒ္ဓဂုဏာကရော။ မ ဟာနုဘာဝေါရာဇာသိ။ မဟာသမ္မ တနာ မကော။ ။ယော စက္ခုဘူတောလောကဿ။ ဂုဏရံသီသမုဇ္ဇလော။ တမောနု ဒေါဝိရောစိတ္တ။ ဒုတိယောဝိယ ဘာ နုမာ။ ။အာဒိစ္စကူလ သမ္ဘူ။တော။နေမင်း၏အမျိုးနှိုက်ကောင်း စွာဖြစ်သော။ သုပိ သုဒ္ဓဂုဏာကရော။ ကောင်းစွာစင်ကြယ်သောဂုဏ်ကျေးဇူး ၏တည်ရာဖြစ်သော။မဟာနုဘာဝေါ။ ကြီး မြတ်သောအာနု ဘော်ရှိသော။မဟာသမ္မတနာမကော။မဟာသမ္မတအမည်ရှိ သော။ရာဇာ။မင်းသည်။အသိ။ဖြစ်လေပြီ။ ။ယော။ အကြင် မဟာသမ္မတမင်း သည်။ လောကဿ။ လူများ၏။ စက္ခုဘူ

တော။မျက်စိသဖွယ်ဖြစ်သော။ တမောနှဲ ဒေါ။ အရိုက်တိုက်
ကိုဖြေဝံတတ်သော။ဒုတိယော။ နှစ်ခုမြောဝံသော။ ဘာနုမာဝိ
ယ။နေမင်းကဲ့သို့။ ဂုဏရံသိသမုဒ္ဓေ သော။ ဂုဏ်ကျေးဇူးဟူ
သောအရောင်အဝါဖြင့်ကောင်းစွာထွန်းပ လျက်။ဝိရောစိဘုံ။
အထူးသဖြင့်တင့်တယ်တော်မူ လေပြီ ဟူ၍။ မဟာ သမ္မတ
မင်းသည်ပကတိနေမင်းဏ်၊ အနွယ်ဖြစ် ကြောင်း။ မဟာသမ္မ
တမင်းသည်နှစ်ခုမြောဝံသောနေမင်းကဲ့သို့ပင်။ ဂုဏ်ကျေးဇူး
ဟူသောအရောင်အဝါတင့်တယ်ကြောင်းကိုပြသည်။

၌အရာနိုက်။အခြို့သောသူတို့ကားနေသဉ်အပမျောင်
ကိုမျော်ဝံပယ်တတ်သည်။ မဟာသမ္မ တမင်းကား။ အတွင်း
မျောင်ကိုဖျော်ဝံပယ်တတ်သည်။၌သို့မျောင်ကိုဖျော်ဝံပယ်ခြင်း
ဂုဏ်ကျေးဇူး တူကြသောကြောင့်။ သဒိသူပစာရအားဖြင့်မ
ဟာသမ္မတမင်းဏ်၊ ကိုယ်သည်ပင် အာဒိစ္စမည်ကြောင်း။နေ
မင်းမည် ကြောင်းကို ကြံဆ၍ဆို လေသည်။ ထိုစကားကို
ပညာရှိတို့မနှစ်သက်ကုန်။ ။အဘယ်ကြောင့်နည်းဟူမူကား။
ပကတိနေမင်းသည်သာ အာဒိစ္စမည် ကြောင်းကို ကျမ်းဂန်
လာသည်။ ထိုနေမင်းဏ်၊သာ မနုမည်ကြောင်းကိုလာသည်။
ထိုမနုသည်ပင် မဟာသမ္မတမည်ကြောင်းကိုလည်း သာသ
နာဝင်ကျမ်းတို့နိုက်လာသည်။ထိုကြောင့်။အာဒိစ္စသဏ္ဌာလော
အာဒိစ္စကုလေါ။အာဒိစ္စသ။နေမင်းဏ်၊။ဂူလေါ။အမျိုးတည်း။
အာဒိစ္စကုလော။ နေမင်းဏ်၊ အမျိုးဟူ၍။ မဟာသမ္မတ မင်း
သည်။ နေမင်းဏ်၊အမျိုးဖြစ်ကြောင်းကို။ အာဒိစ္စကုလသမ္ဘော။
တော။စသည်ဖြင့်သာလျှင်ကျမ်းဂန်လာသည်။အာဒိစ္စကုလ။
ဟူသော၌ပါဠိနိုက်။ အာဒိစ္စပုဒ်ဖြင့်နေမင်းကိုရအပ်ဏ်၊။ကူ
လဟူသောပုဒ်ဖြင့်။မဟာသမ္မတမင်းကိုရအပ်ဏ်၊။ထိုကြောင့်
ပကတိနေမင်းသည် အာဒိစ္စမည်ကြောင်း။ ထိုနေမင်းဏ်၊ အ

နွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ အာဒိစ္စဗန္ဓုမည်ကြောင်းကို။

အာဒိစ္စဗန္ဓုတိအာဒိစ္စောဝုစ္စတိသူရိယော။ဂေါတမေါ ဂေါတ္တေနဘဂဝါပိဂေါတမေါ။ဂေါတ္တေနဘဂဝါသူရိယဿ။ ဂေါတ္တဥာတကော။ဂေါတ္တဗန္ဓု။တသ္မာဗုဒ္ဓေါအာဒိစ္စဗန္ဓုတိ။

ဟူ၍ဘုရားမှတပါး။ပညာအားဖြင့်ဟူသသူရှိတော်မမူသော။ အရှင်မဟာသာရိပုတ္တရာ မဟာနိဒ္ဒေသကျမ်းနှိုက်ဟောတော်မူသည်။ ။အာဒိစ္စဗန္ဓုတိဇတ္တေဝစနေ။ အာဒိစ္စဗန္ဓုဟူသောဤစကားနှိုက်။သူရိယော။နေမင်းကို။အာဒိစ္စေါ။ အာဒိစ္စဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ သော။ ထိုနေမင်း သည်။ ဂေါတ္တေန။ အနွယ်အားဖြင့်။ ဂေါတမော။ ဂေါ တမ အနွယ်တည်း။ဘဂဝါပိ။ မြတ်စွာဘုရားသည်လည်း။ ဂေါတ္တေန။အနွယ်အားဖြင့်။ဂေါတမော။ ဂေါတ မအနွယ်တည်း။ ဘဂဝါ။ မြတ်စွာဘုရားသည်။ သူရိ ယဿ။ နေမင်း၏။ ဂေါတ္တဥာတကော။ အနွယ်အားဖြင့်အမျိုးတည်း။ဂေါတ္တဗန္ဓု။ အနွယ်အားဖြင့်အဆွေတည်း။တသ္မာ။ထိုသို့အနွယ်အားဖြင့်နေမင်း၏အမျိုးအ ဆွေဖြစ်တော်မူသော ကြောင့်။ ဗုဒ္ဓေါ။ မြတ်စွာဘုရားသည်။အာဒိစ္စဗန္ဓု။နေမင်းမျိုးနေမင်းဆွေ မည်တော်မူ၏။

ဤကျမ်းစကားတွင်။ နေမင်း နှင့်ဘုရားသည် အနွယ်အားဖြင့်အမျိုးဖြစ်သောကြောင့် ဘုရားသခင်နေမင်းမျိုး နေမင်းဆွေမည်တော် မူကြောင်း ကိုဆိုသတည်း။ ထိုကြောင့်။ ပါရမီခန်းတွင်။ ။အာဒိစ္စဝင်။မင်းစင်ရှစ်သောင်း။သုံးပြည်ပေါင်းကို။အုပ်ဆောင်းခဲ့မြောံ။ ရောက်အံ့ရက်စေ။ ခုနစ်နေ့တွင်။စက်ရှင်ရဲရဲ။ပေါ်လုဆဲလျက်။စွန့်ဖဲရက်ရက်။ တောကြီးထွက်ဟု။တေါင်တွင်းကြီးမြို့ဇါတိ။မြို့အရှေ့မြောံသီဟပတေ့ကြီးတည်သည်ရတနာ ဗိမာန်ကျောင်းသား။ ၈၃၀ပြည့်ဖွား

သောငယ်မည့်မောင်ညို၊ ရဟန်း မည်ရှင်မဟာသီလဝံသအ ကျော်စပ်ဆိုတော်မူသည်။ထိုသို့စပ်ဆိုသဖြင့်လည်း။ မဟာ သမ္မတမင်းမှစ၍ ဆင်းသက်သောအသမ္ဘီနှခတ္တိယ မင်းမျိုး တို့သည်။ ဂေါတမအနွယ်ချင်းချည်းဖြစ်၍ နေမင်းမျိုးနေမင်း ဆွေမည့်ကြောင်းကိုသိရာ၏။

အမရကောသ ကျမ်း တွင် လည်း။ သဗ္ဗဉီး အ စ။မာ ယာဒေဝီသုတး တိုင်ဘုရား ပရိယာယ်၂၅ပုဒ်ပြ သည်တွင်။ **ထိုပရိယါယ်စုအနက်။အက်ဗန္ဓု။**နေမင်း၏အဆွေဖြစ်တော် မူသော မြတ်စွာဘုရားဟုဆိုသည်။ အက်ဗန္ဓုနှိုက်။ အာဒိစ္စ ဗန္ဓုဖြစ်ခြင်းကြောင့်နေမင်း၏အဆွေဟူသည်မှာ။ အကော်ာ ဗန္ဓုယသျသုယျ်ဝံဇဇတွာတ်။ ဟူ၍ဋီကာဒီပနီမိန့်သည်။ ဤ စကားများ ကိုထောက်၍ သဿ် ကရိုက်ကျမ်းဂန်များနှိုက် လည်းလာသည်။သတိမူပါကုန်။

ဝါလမိဂရှင်ရသေ့စီရင်သော။ ဗဂ်လီရာမ။ ကလယ် ရာမ။ပုံတော်ရာမဝတ္ထုများတွင်။ ဒသရဌမင်းကြီးသူရိယာဝံ သမင်းမျိုး ဖြစ်ကြောင်း ဘုန်းတန်းခိုး ကြီးကြောင်းကို လာ သည်။ ။ကမ္ဘာဦးကာလ။ ဗျာသစသောရသေ့တို့ ဘော သော လောကီပူရာဏ်ကျမ်းများတွင်လည်း။ သူရိယာဝံသ။ နေမင်းမျိုးတို့ဘုန်းတန်းခိုးကြီးကြောင်း။ခပ်သိမ်းသောတိုင်း သူပြည်သား။လူအများတို့အကျိုးစီးပွားကိုဆောင်ရွက်တော် မူကြောင်းများကိုဆိုသည်။ ထိုကြောင့်။ သူရိယာဝံသ။စန္ဒြဝံ သ။ဒေဝဝံသ။ခတ္တိယဝံသမင်းမျိုး။အသွာဓိပ။ဂဇာဓိပ။နရာဓိ ပမင်းမျိုး အများ ရှိသည်တွင်။ သူရိယဝံသနေမျိုးကြီးမြတ် ကဲလွန်ကြောင်းကိုသိရာသည်။

ဤသို့လျှင်၊ ဆိုခဲ့ပြီးသောအထောံအထား ကျမ်းဂန် **အာဂုံအသင့်အလျော်သဘော ယုတ္တိများကိုထောံ၍။**ကမ္ဘာ

ဦးမဟာသမ္မတမင်းမှစ၍။အာဒိစ္စဝင် မင်းရိုးမင်းဆက်ဆင်း သက်ဖြစ်ပွားကြောင်းကိုစွဲ၍။အာဒိစ္စဝင်နေနန်းရိုးနေမင်းမျိုး အစည်တွင်သောကြောင့် ရွှေအုန်းသီးကိုနေမျိုးမည်ကြောင်း ကိုသိသာသည်။

နေနတ်မင်းဏီ့သားနှင့် နဂါးမဇံသီးတို့ သင့်မြတ်ရာ တွင်အဏ္ဍဇပဒိုသန္ဓေဖြင့် ဖြူစောထီးမင်းကို ဖွားမြင်သော ကြောင့်နေမျိုးတွင်ဟန်။ပုဂံရာဇဝင်များတွင်ရေး သားသဉ်။ နေဝံနေဝံသောကဗျာလင်္ကာ ဧချင်းရတုတို့နှိုက်။ ဥမျိုးဟုစပ် ဆိုရေးသား ကြသည်ဟူ၍။ ရာဇဝင်တော်တွင် အကျယ်အ ဝန်းဆိုသည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ မဟာသမ္မတ်မင်းမှစ၍။ အစည်မ ပြတ်ဆင်းသက်ခဲ့သော အာဒိစ္စဝံသ နေနတ်နွယ်ရိုး မင်းမျိုး မည်သဉ့်အမျိုးလေးပါးတို့တွင်။ သာလွန်ထူးမြတ်သောဘုန်း တန်းခိုး အာနုဘော်ကြက်သရေထူးဂုဏ်ထူးတို့ဖြင့်။ ကဲလွန် ထူးမြတ်ဘိရကား။ရှောင်လွှဲပုန်းအေါင်း၍နေလဉ့်ငြားလဉ်း။ ရွှေအုန်းသီးမင်းကို။ပုပ္ပါးသဃီရာဇာခေါ်ယူ၍အိမ်ရှေ့အရေး အရာလွှဲအပ်သည်နှင့်အတူ။နဝရတ်ဇပါးတွင်။ပြည်စွယ်ဖြစ် သောမင်းဆွေ စိုးမျိုးမှန်က။ အထိုက်အလျောံ ချီးမြှောံပြုစု တော်မူရာသည် ဟူသောဥပဒေသ။ ဘုန်းကံအလျောံမင်းအ ဖြစ်သို့ရောက်လျှင်လဉ်း။ ရေမြေသေဌိနင်းမင်းဟူက။သူခပ် သိမ်းတို့အားလတ်တလောချက်တဖြုတ်။ လျင်ခုတ်ဆောစွာ ချမ်း သာပွားစီးစေခြင်း။ ပျက်ကြေပြုန်းတီး စေခြင်းများကို ဖြစ်စေနှိုင်သော အစိုးရခြင်းရှိသည်။ ယင်းသို့ဖြစ်၍။ရေမြေ သေဌိနင်းမင်း တို့သည်ကား။ အမျက်ကို ဆောဆောလျင် လျင်မထွက်စေအပ်ဟုရှေးဦးစွာပယ်အပ်သောတရားသုံးပါး

တွင်။ကောဓနိဝါရယေဟု လာသည်အရ။ ရာဇဓံဆယ်ပါး တွင်။အကောဓရာဇဓံနှင့်ပြည့်စုံမှု။ရာဇဓံဆယ်ပါးလုံးနှင့်တ ချက်တည်း ပြည့် စုံသည်ဟု ကျမ်း ဂန်လာသည် အတိုင်း။ မှူးမတ်မင်းချင်းမင်းခစားယောကျ်ား။ ပြည်သူပြည်သားတို့ အား။ အမျက် ထွက်ခြင်းကို မဖြစ် စေမူ၍။ အမျက် ငြိမ်း ကြောင်းငါးပါးနှစ်ရပ်ဟု။ အထက်ကပြခဲ့သည်အတိုင်း။နှလုံး မူ၍ပြည်သူတို့အား မေတ္တာတရားကိုပွားများစေရာသည်ဟူ သောဥပဒေသများကိုပြ်သည်ယူရမည်။

ဤတွင်ရွှေကား။ ပုဒ်ရေ၂ အရအဖြေအဓိပ္ပါယ်ပြီး၏။



မေးခွန်းကောံနုတ်ချက်ပါ။ တသတ်စပ်နည်း ၁၂ ပုဒ် တွင်။ပဌမပုဒ်။

ရှစ်အင်စုံမြတ်။ဖြူဆွတ်ဆွတ်။ဖေါင်းဝတ်မြင်းယည် ပုဒ်ရင်း။ ညင်။ ။ဟူသည်ကား။

ဥဘတောသုဇာတ။ ဘူမိသုဇာတစသော မြင်းမြတ် ပိဏ္ဍတ္ထ။ တို့၏အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အည်။အဖြူ။အပြောံ။အ ပြာ။အမွဲ။အချောံ။ သမင်းဝမ်း။ဖေါင်းဝတ်နီ။ သင်းခွေ။ဘယ် လင်းဟူသောဖေါင်းဝတ်ဆယ်ပါးဆိုလိုသည်။

ဤနိုက်။သတ်ပုံအစပ်တွင်။ဖေါင်းဝတ်မြင်းယည်ညင်အဝယဝတ္ထ။ ဟုဖေါင်းဝတ်မျိုးကိုသာပဌာနဥပလက္ခဏနည်းအားဖြင့်ဆို သည်။အထက်ပြခဲ့ပြီးသော မြင်းမျိုးတို့လည်း။ ဥဘတောသု

ဇာဘစသောအင်္ဂါရုစ်ပါးနှင့်။ပြဿ်စုံလျှင်။မြင်းကောင်းမြင်း မြတ်ပင်ဖြစ်ထိုက်သည်ချည်းဟုမှတ်လေ။ယင်းသို့ဖြစ်၍မြင်း ကောင်းမြင်းမြတ်တို့၏. အင်္ဂါရုစ်ပါး။ ဇာတ်အား ဖြင့်မြတ် သောမြင်းတို့၏.အခြင်းအရာ။မြင်းကောင်းမြင်းဆိုးတို့၏.အ ထူးအပြားများကို။အဌဂ်ါဠာရပါဠိတော်။ဂုင်းအဌကထာ။အ မရကောသ အာဘိဓာန်။ အဿ ကြွန္နကျမ်း။ အရပ်ရပ်မြင်း ကြန်တို့နှိုက်လါသည်အတိုင်း။အကျည်းအမြွက်မျှထုတ်နုတ် ရေးသားလိုက်အံ့။

အဌဂ်ါဠာရပါဠိတော်မဟာဘဂ်။ တတိယ သုတ်နှိုက် လာသောမြင်းကောင်း မြင်းမြတ်တို့အင်္ဂါလက္ခဏာ ရုစ်ပါး တည်း။ရုစ်ပါးဟူသည်ကား။

အဓိအဓန္ဓစ်ပါးစုံ အာဇာနည်ဝလာဟက။ စသော မြင်းကောင်းမြင်းမြတ်ချီးမွန်သဖြင့်။ ဥာဏတေဇသုဓာတဖြစ် သည်လည်းတပါး။

သိန္ဓဝဇာနုဒ္ဓိဟူသော မြင်းကောင်းမြင်းမြတ် တို့၏. ဖြစ်ရာအရပ်နှိုက် ဖြစ်သဖြင့် ဘူမိသုဇာဘ ဖြစ်သည်လည်း တပါး။

အစာမငြိုး ကျွေးသမျှ ပေးသမျှကို စားခြင်း သုဘရ တာဖြစ်သည်လည်းတပါး။

မစင်ပင်ပုပ် စက်ဆုတ် ခဲ့ရှာ တတ်သော သဖေါ ရှိ သည်လည်းတပါး။

မွေ့မွေ့လျော်လျော် ပျော်ပျော်ပါးပါး သွားလာတတ် သည်ဖြစ်၍။တပါးကုန်သောမြင်းတို့ကို မနှိပ်စက်မလွှမ်းမိုး တတ်သည်လည်းတပါး။

မိမိအရှင်ဆုံးမရာနှာ ယူသဖြင့် ကေဝံကျွဲ့ စည်း လဲ ခြင်းစသည်မှကင်းသည်လည်းတပါး။

အတွက်အကပ်မရှိ ဝန်ကို ဆောင် ပူ၍ ခရီးဖြောင့်ဖြောင့်သွားတတ်သည်လည်းတပါး။

အသက်ဆုံးသည်တိုင် အောင် ခွန်အားမလျော့ သည်လည်းတပါး။

ဤကားမြင်းကောင်းမြင်းမြတ်တို့၏ အင်္ဂါလက္ခဏာ ရှစ်ပါးတည်း။

မြင်းကောင်း မြင်းမြတ်တို့သည်။ သိန္ဓုမြစ် နားဝယ်ဖြစ်ကြောင်းကိုအဌင်္ဂုတ္တရ အဌကထာနှိုက်ဆိုသည်။ ထိုစကားကိုယောဘူယျနည်းအားဖြင့်ရင်း။ဥပလက္ခဏ နည်းအားဖြင့်ရင်းဆိုသည်ဟုမှတ်ရမည်။ အဿတိုရ်မြင်းတို့ကားတစုံတခုအမှတ်မရှိ အရပ်နှိုက်ပင် ဖြစ်ကုန်၏။ ထိုသိန္ဓုအရပ်နှိုက်ဖြစ်ကုန်သော မြင်းတို့မှ ပေါက်ဖွား ကုန်သော မြင်းတို့လည်းမြတ်သည်ပင်။သို့သော်လည်းလွန်သော လက္ခဏာကိုပြတော်မူလို၍မြင်းကောင်းမြင်းမြတ်တို့၏ အင်္ဂါလက္ခဏာ ရှစ်ပါးတို့တွင်။သိန္ဓုအရပ်နှိုက်ဖြစ်သည်ကိုအင်္ဂါလက္ခဏာ အဖြစ်ဖြင့်ဟောတော်မူသည်။

တကြောင်းလည်း။မြင်းကောင်းမြင်းမြတ်တို့တွင်။ အကြောင်းဟုတ်မဟုတ်ကိုသိတတ်သောမြင်းသည်အာဇါနည်မြင်းမည်ကုန်၏။ စစ်မြေနှိုက် လက်နက်ဖြင့်ပုတ်ခတ်လျက်လည်း။ အရှင်ကိုမစွန့်ကောင်းစွာ ဆောင်တတ်သော မြင်းသည်ဝိနိတ မြင်းမည် ကုန်၏။ ပါရာသိအရပ်နှိုက် ဖြစ်ကုန်သောမြင်းသည်ဝါနာယုဇမြင်းမည်ကုန်၏။ ကမ္ဗောဇဘိုင်းနှိုက် ဖြစ်ကုန်သောမြင်းသည် ဝါဟနိကမြင်းမည် ကုန်၏။ ယဇ်ပူဇော်သော မြင်းသည် အဇွမေဓိယမြင်း မည်ကုန်၏။ လျင်ခြင်းလွန်သော မြင်းသည်ဇဝဏမြင်းမည် ကုန်၏။ ထိုကြောင့်။ အမရကော သအဘိဓါန်ကျမ်းတွင်။ ။ကုလိနာ။

အမျိုးဖြတ်သော ဖြင့်းတို့သည်။အာဇာနေယျား။ အာဇာနည် မည်ကုန်သည်။သျှူး။ဇ်။။ အာဇာနေယျား။ အကြောင်းအရာ ဟုတ်မဟုတ်ကို သိတတ်သောဖြင့်း။ သာရုဝါဟိနုး။ စစ်ဖြစ် နိုက်လက်နက်ဖြင့်ပုတ်ခတ်လျက်လဉ်းအရှင်ကိုမစွန့်ကျောင်း စွာဆောင်တတ်သောဖြင့်းတို့သည်။ဝိနိတား။ ဝိနိတ္မည်ကုန် သည်။ သျှူး။ ဇ်။။ ဝိနိတား။ ယည်ချေး သောဖြင့်း။ ပါရာသိ ကား။ပါရာသိအရပ်နိုက်ဖြစ်သောဖြင့်းတို့သည်။ဝါနာယုဇာ။ ဝါနာယုဇမည်ကုန်သည်။သျှူး။ဇ်။့။ဝါနာယုဇား။ ပါရာသိအ ရပ်နိုက်ဖြစ်သောဖြင့်း။ ကမ္မောဇ။ ကဒမ္မောဇတိုင်း နိုက်ဖြစ် ကုန်သော။ဟယား။ဖြင့်းတို့သည်။ဝါဟ္မိကာ။ဝါဟ္မိ က မည် ကုန်သည်။သျှူး။ဇ်။။ဝါဟ္မိကာ။ကမ္မောဇတိုင်းနိုက်ဖြစ်သော ဖြင့်း။ယဇမျရုဒ္ဓေါ။ ယဇ်ပူဇော်သောဖြင့်းသည်။ အဒ္ဓမေဓိ ယော။အဒ္ဓမေဓိယမည်သည်။ သျှာတ်။ဇ်။။အဒ္ဓမေဓိယော။ ယဇ်ပူဇော်သောဖြင့်း။တူ။ ထိုမှတပါးကား။ ဇဝါဓိက။လျင် ခြင်းလွန်သောဖြင့်းသည်။ဇဝဏား။ဇဝဏမည်သည်။သျှာတ်။ ဇ်။့။ဇဝဏား။ အလွန်လျင် သော ဖြင့်း။ဟူ၍။ ဖြင့်းအထူး ပရိ ယာယ်တွင်ဆိုသည်။

ယင်းသည်ဖြင့်းမျိုးတွင်။ အပွေးတို့ဇ်။့ အပြဲားကား။ ပေါင်းဝတ်မျိုးဆယ်စီးမှာ။အညို။အဖြူ။ အပြေဝံ။အပြာ။အမွဲ။ အချေဝံ။ဤအပွေးခြေဝံပါး သည်။ အပွေးပေါက်လျင် ရသင့် သည့်ချည်းဖြစ်သောကြောင့်။ ပေါင်းဝတ်ခြေဝံစီး။ယင်းခြေဝံ စီးတွင်။သမင်ဝမ်း။ ပေါင်းဝတ်နီ။ သင်းခွေ။ ဘယ်လင်း။ဤ လေးစီးကိုလောင်းသော်ပေါင်း ဝတ်ဆယ်စီးဖြစ်ဇ်။့ဟု။ ဂ္ဂေး အသကြန့်မြင်းကြန် ပေဘင်းနှင့်။ အရပ်ရပ် မြင်းကြန်များ တွင်ဆိုသည်။

သည်မှတပါး။ မြင်းဆိုးမြင်းယုတ်တို့၏အင်္ဂါလက္ခဏာကား။စီးသောအခါကုန်းခါသည်။ နေဝံပစ်ထိုးသည်။ ဖီလာသွားသည်။သွားကိုဖြည်း၍ပြေးသည်။လည်ကိုကို့သည်။ လူးလည်းသည်။ဒုံလျှိုးသည်။တိမ်းယိမ်း၍ပြေးသည်။စောင်း၍ပြေးသည်။ ပတတ်ရပ်သည်။ စီးသူကိုပြန်၍ ကိုက်သည်။ ဥကြောင်းကိုမျှော်သည်။ ကန်သည်။ ကျော်သည်။ ပေါက်သည်။ အိပ်သောအခါရှူသည်။ ညည်းသည်။ သွားကျိတ်သည်။ကြိုးကိုဝါးတတ်သည်။ ။ဤကားအရပ်ရပ်မြင်းကြန်များတွင် လာသော မြင်းဆိုး မြင်းယုတ် တို့၏ လက္ခဏာတည်း။

အဋ္ဌင်္ဂါတ္တရပါဠိတော်မဟာဝဂ်။ စတုတ္ထ သုတ်နိုက်။ ဟောတော်မူအပ်သော မြင်းဆိုးမြင်းယုတ်တို့၏အင်္ဂါလက္ခဏာရှစ်ပါးကား။ရှေသို့နှင်သော်နေ့သို့ဆုတ်သည်၊ရထားကျော်ကုန်းဖြင့်နေ့သို့ ဧရွေ့စေတတ်သည်လည်းကပါး။ ရှေသို့နှင်သော်ချန်သွားသည်။ ဝက်စွယ်ကို ချိုးတတ်သည်။ လှံတန်ကို ချိုးတတ်သည်လည်းတပါး။ ရှေသို့နှင်သော်ရထားဝက်စွယ်ကိုခြွန်စဖက်ဖြင့် နင်းချိုးတတ်သည်လည်းတပါး။ ခရီးမဟုတ်ရာသို့ သွားတတ် သည်လည်းတပါး။ ရှေသို့နှင်သော် ပတတ်ရပ်တတ် သည်လည်းတပါး။ ရှေသို့နှင်သော်နှင်တံဆက်ကြိုးတို့ကိုကိုက်ဖြတ်၍ထွက်ပြေးသည်လည်းတပါး။ရှေသို့နှင်သော် ရှေသို့မတိုး နေဝံမဆုပ်မြဲမြံစွာရပ်၍နေတတ်သည်လည်းတပါး။ရှေသို့နှင်သော်ခြေကိုသာလှုပ်၍နေတတ်သည်လည်းတပါး။ဤရှစ်ပါးတည်း။

သတ်ပုံအစပ်တွင်။မြင်းကောင်း မြင်း မြတ်တို့။အင်္ဂါရှစ်ပါးသာလိုရင်းအဓိပ္ပာယ်ဖြစ်ချေသည်။မြင်းဆိုးမြင်းယုတ်

တို့လက္ခဏာအင်္ဂါမျှားမှာ။ စကားအလျဉ်းသင့်၍ရေးထိုက်သည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ဇာတ်အားဖြင့်မြတ်သောမြင်းဝိသေသဖြစ်စေ။မြင်းသာမညဖြစ်စေ။ ဘူမိသုဇာ တစသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံက။မြင်းကောင်းမြင်းမြတ်အဖြစ်သို့ ရောက်သည်ဟူရကား။အမျိုးဇာတ်အားဖြင့်။ရာဇာ:ကုလ။ ရာဇဝံသဖြစ်၍ထူးမြတ်သောလူဝိသေသဖြစ်စေ။ လူသာ မညဖြစ်စေ။ အကြီးအကဲပြုလုပ်သူတို့ပြည့်စုံရာသောနာယ ကဂုဏ် ခြောံပါး။မှူးမတ်တို့အင်္ဂါရှစ်ပါး။ တရားသူကြီး တို့အင်္ဂါသုံး ပါး။ ခြောံပါး။ရှစ်ပါး။တံခါးစောင့်တို့အင်္ဂါ၄ခြောံပါး။ တမန်တို့၏။ အင်္ဂါခြောံပါး။ ရှစ်ပါးစသည်ဖြင့်ပြည့် စုံစေအပ်သောအင်္ဂါ အသီးအသီးရှိသည်မျှားကို။မင်းမျိုးဒေါဗညားမှူးမတ်မင်းချင်း တရား သူကြီး။ တံခါး စောင့်တမန်။ သူကြီး ကလန်သံပျင်စသောအကြီးအကဲပြုလုပ်သူတို့သည်အသီးအသီးပြည့်စုံက။ဇာတိအားဖြင့်သာမညဖြစ်သော်သည်းပြည့်စုံစေအပ်သောအင်္ဂါကိုထောံ၍ထူးသောအဖြစ်သို့ရောက် ခြင်း။ ဇာတိအားဖြင့်ဝိသေသဖြစ်သူတို့ပြည့်စုံစေအပ်သောအင်္ဂါနှင့်ပြည့်စုံက။ထူးမြတ်သည်ထက်ထူးမြတ်သည့်၏။ အဖြစ်သို့ ရောက်ခြင်းဟူဆိုအပ်သောပုဂ္ဂလဝိသေသအဖြစ်သို့ရောက် အောင်။ ထိုက်သည်အားလျော်စွာပြည့်စုံရာ သော အင်္ဂါတို့နှင့် ပြည့်စုံစေရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

မေးခွန်းကောံနုတ်ချက်ပါ။ တသတ်စပ်နည်း ၁၂ပုဒ်တွင်။ဒုတိယပုဒ်။

ဆယ်ပါးပုတ်ခတ်၊တရားကတ်။ဖြတ်လေပညာရှင်။ ။ ပုဒ်ရင်း။
ဟူသည်ကား။

ဆံကိုဆွဲခြင်း။ ဥက္ခောင်းကွဲအောင်ပုတ် ခတ်ခြင်းစ ပိဏ္ဍတ္ထ။
သော။အာကာရဘေဒအားဖြင့်ပြား သောပုတ်ခတ်ခြင်းဆယ်
ပါးတရားမှုခင်းခဲခဲကတ်ကတ်ဆိုက်ရောက်ကြို့တွေလျှင်။မေ
သတ်ကျမ်းဂန်လာရှိသည်အတိုင်း။စိစစ်နှိုင်းခိုင်း၍။ ခုံသမတ်
တရားသူကြီးပြုလုပ်သူပညာရှိတို့စီရင်ရမည်ဆိုလိုသည်။

ဤနှိုက်။ ပုတ်ခတ်ခြင်းဆယ်ပါးကို။ မနူ။မနော။ မေ့ပိ အဝယဝတ္ထ။
လာသစသောအထက်ပြဆိုခဲ့ပြီးသည်။ ထိုထိုမေ့သတ်ကျမ်း
တို့နှိုက်။
ဆံဆွဲခြင်း။
ခေါင်းကွဲခြင်း။
ပါးနားမျက်နှာပုတ်ခတ်ခြင်း။
နားကိုဖဲ့ခြင်း။
ခြေနှင့်ကျောံခြင်း။
သွေးစီးသွေးမြင်ပြုခြင်း။
ကိုယ်လုံးရောင်စေခြင်း။
အရိုးကျိုးအောင်ပြုခြင်း။
အိုစာပါအောင်ပြုခြင်း။
အသေသတ်ခြင်း။

ဟုအာကာရဘေဒအားဖြင့် လက်ရောက်ခြင်း ဆယ်
ပါးကိုပြသည်။၎င်းလက်ရောက်ပြစ်ကိုလည်း။ ဆံဆွဲပြစ်သုံး
ဆယ်။ခေါင်းကွဲပြစ်ငါးကြပ်။ ဆဲ့ငါးကြပ်။ ပါးနားပုတ်ခတ်
ပြစ်နှစ်ဆယ်။ နာဖဲ့ပြစ်ဆဲ့ငါးကြပ်။ ခြေကျောံပြစ် ဆဲ့ငါး

ကြပ်။သွေးစီးသွေးရိုပြစ် ဆဲ့ခုနစ်ကြပ်။ ကိုယ်လုံးရောင်ပြစ် ဆဲ့ငါးကြပ်။အရိုးကျိုးပြစ်လေးဆယ်။ အိုစာပါပြစ်ရှစ်ဆယ်။ အသေသတ်ပြစ်သုံးဗိဿါဟု။လူတန်ခြင်းလက်ရောက်ဆယ်ပါး။အပြစ်ဆယ်ပါးများကိုပြသည်။

တနည်း။သရူပ ဘေဒအားဖြင့်အ မတ်မျိုးငါးပါး။ သဌေးမျိုးနှစ်ပါး။ သမားဟူးရား။ပညာရှိအမတ်။ သူရဲသာမန်။ လူတန်။လူဆင်းရဲ။ကျွန်။ရဟန်း။ပုဏ္ဏားဟုတဆဲ့ငါးပါးအမျိုးကွဲပြားသည်အတိုင်းပုတ်ခတ်ခြင်း တဆဲ့ငါးပါးကိုပြသည်။ ယင်းတဆဲ့ငါးပါးတွင်။ပဌမ။ အဂ္ဂမဟာသေနာပတိ စစ်သူကြီးက။ကျွန်ထိ။တဆဲ့သုံးရပ်မှာ။ အစည်အတိုင်းဆံဆွဲပြစ်။ ငွေသပြာ။ လေးရာ။နှစ်ရာ။ တရာငါးဆယ်။ ရှစ်ဆယ်။ ခုနစ်ဆယ်။ခြောံဆယ်။ ငါးဆယ်။လေးဆယ်။ တရပ်လေးဆယ်။ သုံးဆယ်ငါးကြပ်။ သုံးဆယ်။ တဆဲ့ငါးကြပ်။ တဆယ်။တနည်းငါးကြပ်။ဟူ၍ရင်း။

လက်ရောက်ပြစ်မှာ။ ရင်းနည်းလျော် ကျွန်နှစ်ရာ။ တရာ။ခုနစ်ဆယ်။ခြောံဆယ်။ငါးဆယ်။လေးဆယ်။ နှစ်ဆယ်။ တဆဲ့ငါး။တရပ်။ တဆဲ့ငါး။ တရပ်။ တဆဲ့ငါး။ တဆယ်။ ခြောံယောံ။သုံးယောံဟူ၍ရင်း။

ချင်းတို့ခြင်းခြင်း လက် ရောက်ပြစ်။ ရင်းနည်း။ တရာ နှစ်ဆယ်။ရှစ်ဆယ်။ ခြောံဆယ်။ လေးဆယ်။ နှစ်ဆယ်။ တဆဲ့ခြောံယောံ။တရပ်။ တဆဲ့ခြောံယောံ။ ဆဲ့နှစ်ယောံ။ တရပ်။ဆဲ့နှစ် ယောံ။ တ ရပ်။ ဆဲ့ နှစ် ယောံ။ ရှစ်ယောံ။ ခြောံယောံ။လေးယောံ။ဟူ၍ရင်း။

ရဟန်းကို လက် ရောက် ရာနှိုက်။ ထမင်းအိုး တရာ။ ဟင်းအိုးတရာ။ပေါက်ပေါက်တရာ။ဟူ၍ရင်း။

ပုဏ္ဏားသာမန်ကို လက်ရောက်ရာနှိုက်။ ပုဆိုးခေါင်း ပေါင်းအစုံ။နှံ့သာပန်းမန်။ဟူ၍ဂုင်း။

ရာထူးဂိုပုဏ္ဏားကိုလက်ရောက်ရာနှိုက်။ ခရုသင်းဝ။ပုဆိုးဝ။ခေါင်းပေါင်းဝ။ဟူ၍ဂုင်း။

တနည်း။မင်းအရာဂိုပုဏ္ဏားလက်ရောက်ပြစ်တွင်။ခရုသင်းဟူသည်။ သစ်မည်စည်စေ့ခန့် ပမာဏဂိုသော ဖွေခရုသင်း။ခြည်မြှင်ပမာဏ ဂိုသောဖွေစလွယ်။ဝတ်ဘားအစုံ။ဟူ၍ဂုင်း။

သရုပဘေဒအားဖြင့်ပြားသောလက်ရောက်တဆဲ့ငါးပါး။အပြစ်တဆဲ့ငါးပါးများကိုပြသည်။

တနည်း။ နှုတ်ထက်လားဟ်။ လက်ထက်တုတ်။ တုတ်ထက်ဒါး။ ဒါးထက်လေးမြား။ လေးမြှားထက် မီးပေါက်သေနတ်။ဟူ၍ခြေခံရပ်။ ယင်းခြေခံရပ်တွင်။ နှုတ်ပြစ်တဆဲ့ငါးကြပ်။ လက်ပြစ်သုံး ဆယ်။ တုတ်ပြစ်လေး ဆဲ့ငါးကြပ်။ ဒါးပြစ်ခြေခံဆယ်။ လေးမြားပြစ် ခုနစ်ဆယ်ငါးကြပ်။ သေနတ်ပြစ်ကိုးဆယ်ဟူ၍။အပြစ်ခြေခံပါးနှင့်တကွပြသည်။

တနည်း။ဆင်းရဲသူ။ချမ်းသာသူ။သူကြွယ်။ သင်္ခေး။အမတ်မျိုး။မင်းမျိုး။ဟူ၍ခြေခံပါး။ယင်းခြေခံပါးတွင်။ သူဆင်းရဲပြစ်ငွေခုနစ်ကြပ်။ ချမ်းသာသူအပြစ်သုံးဆဲ့ငါး ကြပ်။ သူကြွယ်ပြစ်ခုနစ်ဆယ်။ သင်္ခေးပြစ်တဗိသာလေးဆယ်။ အမတ်မျိုးပြစ်နှစ်ဗိသာရှစ်ဆယ်။ မင်းမျိုးပြစ်ငါးဗိသာ ခြေခံဆယ်ဟူ၍အမတ်မျိုးခြေခံပါး။အပြစ်ခြေခံပါးကိုပြသည်။

တနည်း။လူဆင်းရဲမျိုး။ သူဌေးမျိုး။ သူကြွယ်မျိုး။ အမတ်မျိုး။စစ်သူကြီးမျိုး။ အဂ္ဂမဟာသေနာပတိစစ်သူကြီး။ အိမ်ရှေ့မင်း၊ မိဘုရားခေါင်ကြီး။ မင်းဧကရာဇ်ဟူ၍ အမျိုးကိုးပါး။ ယင်းကိုး ပါးတွင်။ လူဆင်းရဲပြစ် ခုနစ်ကြပ်။ သူ

ကောင်းပြစ်သုံးဆယ်ငါးကြပ်။ သူကြွယ်ပြစ်ခုနစ်ဆယ်။ အ
မတ်သာမန်ပြစ် တဗိသာ လေးဆယ်။ စစ်သူကြီး ပြစ်နှစ်
ဗိသာရှစ်ဆယ်။အင်္ဂမဟာသေနာပတိပြစ် ငါးဗိသာခြောက်
ဆယ်။အိမ်ရှေ့မင်းပြစ် တဆဲ့တဗိသာနှစ်ဆယ်၊ မိဘုရား
ခေါင်ကြီး ပြစ်နှစ်ဆယ်နှစ်ဗိသာလေးဆယ်။ မင်းဇကာရောဇ
ပြစ်လေးဆဲ့လေးဗိသာရှစ်ဆယ်။ဟူ၍အမျိုးကိုးပါး။အပြစ်
ကိုးပါးကိုပြသည်။ဤတွင်၊ မိဘုရားခေါင်ကြီး မင်းဇကာရောဇ
တို့မှာ။လောက သမုတိနှတ် အမြတ်ဆုံးဖြစ်ရကား။ ကိုယ်
တော် ဘိုးကို။ အနယ်ဟု ဆုံးဖြတ်ရမည် ဟူ၍လည်း လာ
သည်။

ထိုမှတပါး။အမျိုး။အမည်။အရပ်။ဌါန။ပုတ်ခတ်သော
အခြင်းအရာစသည်တို့ဖြင့်။ ဝိ သေသထုတ်ဆိုလျှင်။ အလွန်
များသောအပြားရှိးကြောင်းကိုလည်းဆိုသည်။ ပုတ်ခတ်၍အ
ပြစ်မရှိသူကား။သူဒမို။ သူနှာ။ သူငယ်။ သီလအလွန်ရှိသော
သူ။သူယူး။မင်းဇကာရောဇ်။သားငါးမစား သောပုဏ္ဏား။ ဟူ၍ခု
နစ်ပါးဆိုသောကြောင့်။ချင်းတို့ပုတ်ခတ်ကြ။းလွန်လျှင်အပြစ်
မစိရင်သာ။ ကိုယ်ကိုအလယ်ထား ၍အ ထက် ကိုအာဘ။အ
ဘိုး။အဘော။ဟူ၍သုံးဆက်။ အောံကိုသား။မြေး။မြစ်ဟူ၍သုံး
ဆက်။၍သို့ကိုယ်ပါအမျိုးရုနစ်ဆက်။ တနည်း။ဝိနည်းတော်
လာသည့်အတိုင်း ကိုယ်ကိုအလယ်ထား၍အထက်ကိုအာဘ။
အဘိုး။အဘော။အဘီ။အဘဲ။အဘေဒ။အဖွေး။ဟူ၍အထက်ခု
နစ်ဆက်။သား။မြေး။မြစ်။တီ။တွတ်။ကျတ်။မြွေ့။ ဟူ၍အောံ
ရုနစ်ဆက်။ ၍သူတို့ကိုလည်းပုတ် ခတ်လက်လွန်ပြစ်မစား
ရာဟုလာသည်။

ပုတ်ခတ်ထိပါး၍အပြစ်မရှိရာသော အရေပ်လည်း။အ
များတွက်ဝင်ရာတုံ့ခါး။ အများသွား လာ သည် လမ်း။ လူခပ်

သိမ်းနှင့်ပြိမ်းသည်ချေး။ဗိုလ်ပါအများစုရုံးရာအာရုပ်။ မင်းပွဲသဘင်။ ဤငါးဌာနတို့နှိုက် ထိပါး ပုတ်ခတ်မိ၍ သေ သော်လည်းအပြစ်မရှိ။ မစိရင်သာဟု လာသည်။ ပုတ်ခတ် လက်လွန်မှုနှိုက်။လျော်တမ်းကျန်လည်း။နှစ်ဆယ်။ သုံးဆယ်။လေးဆယ်။ ငါးဆယ်။ ခြောက်ဆယ်။ ထိုထက်မလွန်ရာဟူ၍လျော်တမ်းကျန်ငါးရပ်လာသည်။ဤသို့စသည်ဖြင့်။ထိုထိုဓမ္မသတ်ကျမ်းတို့နှိုက်။ပုတ်ခတ်ပြစ် စိရင်ရန်များကို။ ကျယ်ဝန် များပြားစွာလာသည်ဖြစ်၍ ပုတ် ခတ်ခြင်း ဆယ်ပါး။ ပုတ် ခတ်ခြင်းတဆဲ့ငါးပါး။ပုတ်ခတ်ခြင်းခြောက်ပါး။ တနည်း။ပုတ်ခတ်ခြင်းခြောက်ပါး။ပုတ်ခတ်ခြင်းကိုးပါး။ပုတ်ခတ်ခြင်းအများ။ အပြစ်မထိုက်သုံးခုနစ်ပါး။ အပြစ်မစိရင်သင့်သူ။ ဆွေမျိုး ခုနစ်ဆက်။ဆွေမျိုး တဆဲ့ငါးဆက်။ ပုတ်ခတ်လက် လွန်ပြစ်မစိရင်ရာသည်အရုပ်ငါးပါး။ လျော်တမ်း ကျန်ငါးရပ် များကိုခွဲခြမ်းစိတ်ဖြာလိမ်မာပွန်းတီးတတ်မြောက်ပြီးမှရှိ၊ကတ်ခဲယဉ်း သောမှုခင်းများကိုနေရာကျစီရင်ရာသည်။

ဤနှိုက်။ သတ်ပုံ အစပ်တွင်။ ဆယ်ပါး ပုတ်ခတ် ဟူသောစကားဖြင့်။ပုတ်ခတ်ခြင်းဆယ်ပါးကိုအပြစ် လျော်ဒါန်းနှင့်တကွသိမှတ်ရမည်ဟု ပြဿည်။ တရား ကတ်ဟူ သောစကားဖြင့်။ပုတ်ခတ်ခြင်းဆယ်ပါးမှကြွင်းသော အလွန်သိမှတ်နိုင်ခဲသောပုတ်ခတ် ခြင်း တဆဲ့ငါးပါး။ ခြောက်ပါး။ ကိုးပါးစသောရှိ၊ကတ်ခဲယဉ်းသောတရားတို့ကို သိမှတ်နားလည်ရမည်ဟုပြဿည်။ ဖြတ်လေပညာရှင်။ဟူသောစကားဖြင့်။ တရားသူကြီးခုံသမတ်ပြုလုပ်သူတို့သည်။ထိုထိုဓမ္မသတ်ကျမ်းတို့နှိုက်လာတိုင်းသောအဆုံးအဖြတ်ကို။မှတ်သားပြီးလျှင်၊မှခင်းဆိုက်ရောက်က။ မရွှတ်မတွေးရှင်းလင်း စိရင်သာသည်ဖြစ်စေ။ မရှင်းမလင်းခဲကဲတ် ရွတ်ထွေးသည်ဖြစ်စေ။ ဒီဒီဘို့

လေ့လာအပ်ပြီးသောမွေသတ်ကျမ်းဂန်နှင့်တပြေးညီစွာ နှိုင်း ရှည့်ဆင်ခြင်၍ဆုံးဖြတ်ရမည်ဟုပြသည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။တရားသူကြီး ခုံသမတ်ပြုလုပ်သူတို့သည်။အထက်ပြဆိုခဲ့ပြီးသော တရားသူကြီးတို့၏. အင်္ဂါ။အဂတိလေးပါး။ တန်ဆိုးသုံးပါး များကို သိမှတ်၍။ ထိုထိုမွေသတ်ကျမ်းဂန်နှင့် အညီစီရင် ဆုံးဖြတ်ရမည်။ စီရင်ရာနှိုက်လည်း။ကောင်းစွာစီရင်ဆုံးဖြတ်ကအကျိုး။ မကောင်းသဖြင့် စီရင်ဆုံးဖြတ်ကအပြစ်ဟုအထက်ပြဆိုခဲ့သည်အတိုင်း။ မရျဆတ်ဆတ်ခံရခြိမ့် မည်ဟု နှလုံးမူပြီးလျှင်။ စီရင်ခင်း စီရင်ဖွယ်မှုခင်း ဆိုက်ရောက်က။ အယောနိသောမနသိကာရနှင့်တကွ။ဒုဝိနိစ္ဆယမဖြစ်စေမူ၍။ယောနိသောမနသိကာရနှင့်တကွ။သုဝိနိစ္ဆ ယဖြစ်အောင် စီရင်ဆုံးဖြတ်ရမည်ဟူသော ဥပဒေသကိုပြသည်ယူရမည်။



မေးခွန်းကောံနူတ်ချက်ပါ။ တသတ်စပ်နည်း ၁၂ ပုဒ်တွင်။တတိယပုဒ်။

ပုဒ်ရင်း။ တဂိုဏ်မလွတ်။ယဂိုဏ်သွတ်။ဂါယတ္တိဆန်းတွင်။ ။ ဟူသည့်ကား။

ဗိဏ္ဍတ္ထ။ ဝုတ္တောဒယကျမ်းလာ။ လေးပဒလုံးအစည် အတိုင်း။ တဂိုဏ် ယဂိုဏ်ရှိသည်ဖြစ်က။ တနု မဇ္ဈဂါထာ။ ဂါယတ္တိဆန်းမည်သည်ဆိုလိုသည်။

ဤနှိုက်။တနုမဇ္ဈကါထာ။ ဂါယတ္တိဆန်းအကြောင်းအ အဝယဝထ္ထ
ရာ။ဂဏသဒ္ဒါ၏ဝစနထ္ထ၊ဂိုဏ်တို့၏အပြား။ဂိုဏ်စောင့်နတ်။
ဂိုဏ်ဝိုးနတ်သမီး။ ဂိုဏ်ရှည်နက္ခတ်။ ယင်းနက္ခတ်လုံးရေ။ အ
ကျိုးအပြစ်များကို။ဝုတ္တောဒယကျမ်း။ ဆန္ဒဝဏ္ဏနာကျမ်း။မာ
ဂဓအဘိဓါန်စာကိုယ်။ဂင်းဋီကာ။စသောကျမ်းဂန်များတွင်။
ထွက်ရှိသည်ကို။ အကျည်းအမြွက် မျှထုတ်နုတ် ရေး သား
လိုက်အံ့။

တနုမဇ္ဈဂါထာ။ဂါယတ္တိဆန်းဟူရာနှိုက်။ ။တျာစေ
တနုမဇ္ဈာ။ဂါယတ္တိ။ ။ယဿာ။အကြင်ဂါထာနှိုက်။ပဒိုပဒံ။
ပါဒတိုင်းပါဒတိုင်း။တျာ။ တဂိုဏ်။ ယဂိုဏ်တို့သည်။ စေသိ
ယျုံ။ အကယ်၍ ဖြစ်ကုန်ညားအံ့။သာ။ ထိုဂါထာသည်။တနု
မဇ္ဈာ။ တနုမဇ္ဈာဂါထာမည်၏။ ။ဂါယတ္တိ။ ဂါယတ္တိဆန်း
တည်းဟူ၍ပြဆိုအပ်သော။ ဝုတ္တောဒယကျမ်းနှင့်အညီ။လေး
ပဒလုံးအစည်အတိုင်း။တဂိုဏ်။ ယဂိုဏ်ရှိသည်ဖြစ်က။ တနု
မဇ္ဈာဂါထာ။ဂါယတ္တိဆန်းမည်သည်ကိုသိအပ်၏။

ဂဏသဒ္ဒါ၏ဝစနထ္ထဟူရာနှိုက်။ ။ဂဏသဒ္ဒါနေ။
ဂဏိယ့တေအဝယဝေနသဟာတိဂဏော။ ။အဘိဓာန်ဋီ
ကာ။ ။ဂဏ။ ဂဏဓာတ်သည်။ သဒ္ဒါနေ။ ရေတွက် ခြင်း
နှိုက်ဖြစ်၏။ အဝယဝေန။ အစိက်နှင့်။ သဟ။တကွ။ဂဏိယ
တေ။ရေတွက်အပ်၏။ ဣတိသဿ္မာ။ ထိုကြောင့်။ ဂဏော။ ဂ
ဏမည်၏။ ။ဤကားဋီကာပါဌ်၏ အနက်။ ။ဤသို့ဆို
အပ်သောဋီကာနှင့် အညီ။ အက္ခရာ သုံးလုံး ရှိသော ဝဏ္ဏဝုတ္တိ
ဂိုဏ်။လေးမတြာရှိသော မတြာ ဝုတ္တိဂိုဏ်တို့ကို ရခြင်း ဌာ
ထိုက်သောဂဏသဒ္ဒါ၏ဝစနထ္ထကိုသိအပ်၏။

ဂိုဏ်တို့၏အပြား ဟူရာနှိုက်။ ။ဂိုဏ်သည်အနွတ္တ
ဂိုဏ်။ရှင်ဋီဂိုဏ်အားဖြင့်။နှစ်ပါးအပြားရှိသည်။ ထိုနှစ်ပါးတို့

တွင်။ ကဂိုဏ်။ ဒဂိုဏ်။ တဂိုဏ်။ စဂိုဏ်။ ပဂိုဏ်။ ဆဂိုဏ်။ အား ဖြင့်ခြေဝံပါးကုန်သောဂိုဏ်တို့ကို။ တခု။ နှစ်ခု။ သုံးခု။ လေးခု။ ငါးခု။ ခြေဝံခု။ ဟူသောအနက်သို့ အစည်လိုက် တတ်သော ကြောင့်။ အနွတ္တဂိုဏ်မည်၏။ ဟူ၍ သိအပ်ကုန်သည်။ ။ထို ကြောင့်။ ဆန္ဒဝဏ္ဏနာကျမ်းနှိုက်။ ။ကဒတစပဆဂဏာ။ ဧကမတ္တာဒိနွတ္တတော။ ဂရုဒ္ဓိလဟုတောဒေါဒ္ဓိ။ မိဓာရေန ယ တောမတာ။ ။ဟူ၍မိန့်သည်။ ။ကဒတစပဆဂဏာ။ က ဂိုဏ်။ ဒဂိုဏ်။ တဂိုဏ်။ စဂိုဏ်။ ပဂိုဏ်။ ဆဂိုဏ်တို့သည်။ အနွတ္တတော။ ဧကဒ္ဓိတိစတုပဉ္စဆသဒ္ဒါတို့၏။ တခု။ နှစ်ခု။ သုံး ခု။ လေးခု။ ငါးခု။ ခြေဝံခုဟူသောအနက်သို့အစည်လိုက်သော အားဖြင့်။ ဧကမတ္တာဒိ။ တမတြာစသည်ရှိ ကုန်၏။ ဝါ။ တ မတြာရှိသောတဂိုဏ်။ နှစ်မတြာရှိသော ဒဂိုဏ်။ သုံးမတြာရှိ သောတဂိုဏ်။ လေးမတြာရှိသောစဂိုဏ်။ ငါးမတြာရှိသော ပဂိုဏ်။ ခြေဝံမတြာရှိသော ဆဂိုဏ် မည်ကုန်၏။ ဒေါ။ ဒ ဂိုဏ်သည်။ ဂရုဒ္ဓိလဟုကော။ ဂရုတခုရှိသောဒဂိုဏ်။ လဟု နှစ်ခုရှိဒဂိုဏ်အားဖြင့်။ ဒ္ဓိဓာ။ နှစ်ပါးအပြားရှိ၏။ ဇ္ဇုတရေ။ ဒ ဂိုဏ်မှ တပါး သောတဂိုဏ်။ စဂိုဏ်။ ပဂိုဏ်။ ဆဂိုဏ်တို့ ကို။ နယတော။ ဒဂိုဏ်နှိုက် ဆိုအပ်ပြီးသောနည်းဖြင့်။ မတာ။ သိအပ်ကုန်၏။ ။ဤကားယခင်ပြဆိုအပ်ခဲ့ပြီးသောဂါထာ ၏။ အနက်။

မဂိုဏ်။ နဂိုဏ်။ ဘဂိုဏ်။ ယဂိုဏ်။ ဇဂိုဏ်။ သ ဂိုဏ်။ ရဂိုဏ်။ တဂိုဏ်အားဖြင့် ရှစ်ပါးကုန်သော ဂိုဏ်တို့ သည်မှတ်၍ တွင်အောင် ခေါ်သောကြောင့်။ ရှဒ္ဓိသုံးပါးတို့ တွင်။ အတွင်ရှဒ္ဓိနှင့်စပ်သောရှဒ္ဓိဂိုဏ်မည်ကုန်၏။

တနည်း။ ဂိုဏ်သည်။ ဝဏ္ဏပုတ္တိဂိုဏ်။ မတြာပုတ္တိဂိုဏ် အားဖြင်။ နှစ်ပါးပြားသည်။ ထိုနှစ်ပါးတို့တွင်အက္ခရာသုံးလုံ

ရှိသောဂိုဏ်သည်။ ဝဏ္ဏဝုတ္တိဂိုဏ်မည်သည်။ လေးမတြာရှိ သောဂိုဏ်သည်။မတြာဝုတ္တိဂိုဏ်မည်သည်။

တနည်း။ဇူဌဂိုဏ်။ အနိဌဂိုဏ်ဟူ၍နှစ်ပါးပြားသည်။ ထိုနှစ်ပါးတို့တွင်။ ရှဋ္ဌိဂိုဏ်ရှစ်ပါး၏ဧရှေလေးဂိုဏ်သည်ဇူ ဌဂိုဏ် မည်သည်။ နောံလေး ဂိုဏ် သည် အနိဌ ဂိုဏ် မည် သည်။

တနဉ်း။ဝဂ္ဂဂဏ။သံဃဂဏ။သတ္တဂဏ။ကုလဂဏ။ နိကာယဂဏ။ယုဓဂဏ။ ဟူကုန်သောဂဏတို့ကိုလည်း။၍ နေရာဝယ်သိသင့်သည်။ ။ယင်းဝဂ္ဂဂဏစသည်တို့၏ပြား ကြောင်းကိုလည်း။မဂဓအဘိဓာန်စာကိုယ်နှိုက်။ ။သမာနာ နံဂဏောဝဂ္ဂေါ။ သံဃော သတ္တောတုဇန္တူနံ။ သဇာတိကာ နန္တုကုလံ။နိကာယောတုသဓမ္မိနံ။ ယူဓေါနိတ္ထိသဇာတီနံ။တိ ရစ္ဆာနနမုစ္စတေ။ ။ဟူ၍မိန့်သည်။ ။သမာနာနံ။ ဇာတ်စ သည်တို့ဖြင့် တူကုန်သောသတ္တဝါတို့၏။ ဂဏော။အပေါင်း သည်။ဝဂ္ဂေါ။ ဝဂ္ဂမည်၏။ ။ဗန္ဓုဝဂ္ဂေါ။ ဆွေ မျိုးတို့၏အ ပေါင်း။ကဝဂ္ဂေါ။ ကအပေါင်း။ဟူရာများနှိုက်သိလေ။

တု။ထိုမှတပါး။ဇန္တူနံ။ဇာတ်တူမတူကုန်သောသူတို့ ၏။ဂဏော။အပေါင်းသည်။သံဃော။သံဃမဉ်၏။သတ္တော။ သတ္တမည်၏။ ။ဘိက္ခုသံဃော။ ရဟန်းတို့၏အပေါင်း။ ဝါဏိဇသတ္တော။ လှည်းကုန်သည်တို့၏အပေါင်း ဟူရာများ နှိုက်သိလေ။

တု။အထူးကိုဆိုပိမ့်။ သဇာတိကာနံ။ ဇာတ်တူကုန် သောသူတို့၏သာလျှင်။ဂဏော။ အပေါင်းသည်။ ကုလံ။ကု လမည်၏။ ။ခတ္တိယကုလံ။မင်းအပေါင်း။ ဂေါကုလံ။နွား အပေါင်းဟူရာများနှိုက်သိလေ။

တူ။ထိုမှတပါး။သဓမ္မိနံ။ သတင်းသုံးဘော်တို့၏။ ဂ ဏော။အပေါင်းသည်။နိကာယော။နိကာယမည်၏။ ဘိက္ခုနိကာယော။ ရဟန်းအပေါင်းဟူရာများနှိုက်သိလေ။

သဇာတိနံ။တူသောဇာတ်ရှိကုန်သော။တိရစ္ဆာနာနံ။ တိရစ္ဆာန်တို့၏။ ဂဏော။အပေါင်းကို။ ယူဓော။ယူဓဟူ၍။ ဥစ္စတော။မိန့်အပ်၏။နိတ္ထိ။ပုံလိင်နပုံလိင်တည်း။ ။ဟတ္ထိယူ ဓော။ဆင်အပေါင်း။ မိဂယူဓော။ သမင်အပေါင်းဟူရာများ နှိုက်သိလေ။

ဤကားဥဒါဟရဏ်နှင့်တကွသော အဘိဓာန်ပါဌ်၏ အနက်။ ။ဤကားဂိုဏ်တို့၏အပြားတည်း။

ဂိုဏ်စောင့်နတ်ဟူရာနှိုက်။ယခင်ပြဆိုအပ်ခဲ့ပြီးသော ရှဒ္ဒီဂိုဏ်ရှစ်ပါးတို့တွင်။မဂိုဏ်ကို။ဘုမ္မစိုးနတ်စောင့်သည်။နဂိုဏ်ကို။ သိကြား စောင့် သည်။ ဘဂိုဏ်ကို။ လနတ် စောင့် သည်။ယဂိုဏ်ကို။ တိမ် နတ်စောင့်သည်။ ဇဂိုဏ်ကိုနေနတ် စောင့်သည်။ သဂိုဏ်ကို။လေနတ်စောင့်သည်။ရဂိုဏ်ကို။မီး နတ်စောင့်သည်။တဂိုဏ်ကို။အာကာသစိုးစောင့်သည်။ ဤကားဂိုဏ်စောင့်နတ်တည်း။

ဂိုဏ်စိုးနတ်သွီးဟူရာနှိုက်။ယခင်ဂိုဏ်ရှစ်ပါးတို့တွင် ပင်။မဂိုဏ်ကို။ သူရသတီနတ်သမီး။ နဂိုဏ်ကို။ သုန္ဒရီနတ် သမီး။ဘဂိုဏ်ကို။မဏိမေခလာနတ်သမီး။ ယဂိုဏ်ကို။သီရိ နတ်သမီး။ဇဂိုဏ်။ သဂိုဏ်။ ရဂိုဏ်။ တဂိုဏ်တို့ ကိုကာလ ကဏ္ဏီ နတ်သမီးစောင့်သည်။ ။ဤကား ဂိုဏ် စိုးနတ်သမီး တည်း။

ဂိုဏ်ရှည် နက္ခတ် ဟူရာနှိုက်။ ယခင်ဂိုဏ်ရှစ်ပါးတို့ တွင်။ မဂိုဏ်သည်။ ဇေဌ နက္ခတ်။နဂိုဏ်သည်။ ဘရဏီ နက္ခတ်။ဘဂိုဏ်သည်။ မိဂသီနက္ခတ်။ယဂိုဏ်သည်။ သတ္တ

ဗိသျှနက္ခတ်။ဇဂိုဏ်သဉ်။ပုဏ္ဏပုသျှုနက္ခတ်။ သဂိုဏ်သည်။ သွါတိနက္ခတ်။ရဂိုဏ်သဉ်။ကျတ္တိကာနက္ခတ်။တဂိုဏ်သည်။ သရဝဏ်နက္ခတ်နှင့်ရှည်သည်။ ။ဤကားဂိုဏ်ရှည်နက္ခတ်တည်း။

ယင်းနက္ခတ်လုံးရေဟူရာနှိုက်။ ။ဇေဌနက္ခတ်သည် ၁၈လုံး။ဘရဏီနက္ခတ်သည်၂လုံး။မိဂသီနက္ခတ်သဉ်၅လုံး။ သတ္တဗိသျှနက္ခတ် သည်၂၄လုံး။ ပုဏ္ဏပုသျှုနက္ခတ် ၇လုံး။ သွာတိနက္ခတ်သည်၁၅လုံး။ ကျတ္တိကာနက္ခတ်သည်၃လုံး။သရဝဏ်နက္ခတ်သည်၂၂လုံး။ ။ဤကား နက္ခတ်လုံးရေတည်း။

အကျိုးအပြစ်ဟူရာနှိုက်။ မဂိုဏ်သည် မြေရခြင်းအကျိုး။နဂိုဏ်သည်အသက်ရှည်ခြင်းအကျိုး။ ဘဂိုဏ်သည်အခြံအရံများခြင်းအကျိုး။ ယဂိုဏ်သည် တည်ကြည် ခြင်းအကျိုး။ဇဂိုဏ်သည်ဆင်းရဲခြင်းအပြစ်။သဂိုဏ်သည်အရပ်ကိုစွန့်ရခြင်းအပြစ်။ ရဂိုဏ်သည်မီးဘေး သင့်ခြင်းအပြစ်။ တဂိုဏ်သည်အကျိုးမရှိဟူသောအပြစ်ရှိသည်။ ။ဤကားအကျိုးအပြစ်တည်း။

ဤစကားရပ်ဖြင့်။ဂါယတ္တိပမုခံဆန္ဒံ။ဆန္ဒံ။ဆန်းကျမ်း ဥပဒေသ။ သည်။ဂါယတ္တိပမုခံ။ ဂါယတ္တိဆန်းလျှင်အဦးအစရှိ၏ဟူ၍ ဆိုသောသာသနာတော် ကျမ်းဂန်နှင့်အညီ။ တလုံးဖွဲ့ဂါထာကပင်စ၍။ဆန်းလက္ခဏာရှိလင့်ကစား။သာသနာတော်နှိုက်မလျော်မသင့် ခြောံလုံးဖွဲ့ကစ၍ သာသနာ တော်နှိုက် သင့်လျော်သည်ဖြစ်၍ဆန်းဆရာပြဆိုလေသည် ဟူသောဥပဒေသ။ယင်းသို့ဖြစ်သောကြောင့်။ ဤဆန်းကျမ်းသည်။ သာသနာတော်မြတ်နှိုက်သင့်လျော်သည်ဖြစ်၍ပရိယတ်။ ပဋိပတ်လျှင်အခြေရှိသောပဋိဝေဝဟုဆိုအပ်သော အရဟတ္တမဂ်အ

ရဟန္တာဖိုလ်ညာဏ်တိုင်အောင် အကျိုးရှိ၏.ဟူသော ဥပဒေသ။ယခင်ပြဆိုခဲ့ပြီးသော အနက်အဓိပ္ပါယ်နှင့်တကွသိသည်ရှိသော် ကဝိပြုလုပ်၍ ထိုထိုသဝိညာဏက။ အဝိညာဏက ဝတ္ထုရုတနာတို့ကိုသုတိမဂ်လာ ဩဘာဖြစ်ထွန်းအောင်။အမည်နာမသမုတ် ပညတ်ကုန်သောသူတို့အား။ ဤမည်သည်ကိုဏ်သည်။ ဤမည်သည်ကိုဏ်တို့နှင့်။ ရှည့်စေလျက်သမုတ်ပညတ်သည်ရှိသော်အကျိုးရှိ၏.။ ဤမည်သည်ကိုဏ်သည်။ဤမည်သည် ကိုဏ်နှင့် ရှည့်စေလျက်။ သမုတ်ပညတ် သည်ရှိသော်အပြစ်ရှိ၏.ဟု။ ရွေးခြယ်စိစစ်ပြီးလျှင်။ အမည်နာမသမုတ်ပညတ်ရာဖြစ်. ဟူသောဥပဒေသ။အမည်နာမ ပညတ်ဟူသည်။ ထိုရင်းမဟုတ်ဟု ပြဆိုအပ်သော နာမသိဒ္ဓိက ဇာတ်တော်နှင့်အညီ။ဤမည်သောကိုဏ်နှင့်ရှည့်စေလျက်။ဤအမည်ကိုမှည့်ခြင်းကြောင့်။ဤအကျိုးသည့်မရဏကန္တာ ဖြစ်သည်။ဤမည်သောကိုဏ်နှင့် ရှည့်စေလျက်။ ဤအမည်ကို မှည့်ခြင်းကြောင့်။ဤအပြစ်သည် မရဏကန္တာဖြစ်သည်ဟူ၍ မြဲမြံစွာယူသော။ မိစ္ဆာဒိဋ္ဌိကို ပယ်၍ အကျိုး အပြစ် ဟူသည်။ ရွှေအကြောင်းကြောင့်သါဖြစ်သည့်။အမည်နှာမပညတ်ခြင်းသည်။ အကျိုးအပြစ်၏. ရွှေသွား ပဗ္ဗနိမိတ်မျှသာဖြစ်ခြေသည်ဟူ၍ ယူသောသမ္မာဒိဋ္ဌိကို ဖြစ်စေရာသည့်ဟူသော ဥပဒေသမျှားကိုဖြသည့်ယူရမည်။

မေးခွန်းကေဝံနှတ်ချက်ပါ။ တသတ်စပ်နည်း၁၂ ပုဒ် တွင်။စတုဏ္ဍပုဒ်။

ပုဒ်ရင်း။ ဝိုးစုန်းလျှံပတ်။နေမင်းသတ်။ဟိုနတ်ဒေါသတင်။ ။ ဟူသည်ကား။

ပိုးစုန်းကြူး၏ အရောင်ကို ပယ်ဖျောက်နိုင်သောနေမင်း ဒဏ္ဍာဆွဲ ဟုဆိုခြင်းသည်။ဟိန္ဒေါသရောက်သည်ဆိုလိုသည်။

ဤနိုက်။ ဟိန္ဒဆွဲဒေါသ၏ သဘောလက္ခဏာကို။ သူ အဝယဝတ္ထု ဇေါခါလကိုဂရစါကိုယ်။ဂုဏ်ဦးကာသစ်၊အလကိုရဝိကာဝ နိစသောကျမ်းတို့နိုက်ထွက်ရှိသည်ကို။ အမြဲက်မျှထုတ်နုတ် ရေးသားလိုက်အံ့။

ဟိန်းကရေဝိသေသျှဲယံ။ တံဟိန္ဒဆွဲဘဝေယထာ။နိပ္ပ ဘိုကတာခဒ္ဓောတော။သမုဒေတိဒိဝါကရော။ ။ယံပဒံ။အ ကြင်ပုဒ်သည်။ဝိသေသျှဲ ။ဝိသေသျှပုဒ်ကို။ဟိန်း။ ယုတ်လျော့ အောင်။ကရေ။ပြုတတ်၏။တံပဒံ။ထိုပုဒ်သည်။ဟိန္ဒဆွဲ။ယုတ် သောအနက်ရှိသောပုဒ်မည်သည်။ ဘဝေ။ဖြစ်၏။ ယထာ။ဥ ဒါဟရဏ်အဘယ်နည်းဟူမူကား။ နိပ္ပဘိကတာခဒ္ဓောတော။ သမုဒေတိဒိဝါကရော။နိပ္ပဘိကတာခဒ္ဓောတော။သမုဒေတိဒိ ဝါကရော။ဟူသည်တည်း။

နိပ္ပဘိကတာခဒ္ဓောတော။ ပိုးစုန်း ကြူး၏ အရောင်မရှိ ခြင်းကိုပြုတတ်သော။ဒိဝါကရော။နေမင်းသည်။ သမုဒေတိ။ တက်၏။

ဤသို့လျှင်။ဝိရုဒ္ဓဆွဲနှုန်းရဒေါသအစရှိသောပုဒ်၏ ဒေါ သရစပါးတို့တွင်။ အကျုံးဝင်သော ဟိန္ဒဆွဲဒေါသကို ပြဆို သောသုဗောဓာလင်္ကာရ. ဂါထာနှင့် အညီ။ ဝိသေသျှပုဒ်၏ ဂုဏ်ကိုယုတ်လျော့စေ၍အထူးပြုတတ်သောဝိသေသနပုဒ် သည်။ယုတ်သောအနက်ရှိသောကြောင့်ဟိန္ဒဆွဲဒေါသပုဒ်မည် သည်။ဝိသေသနပုဒ်ကားဖြစ်၏။ထိုသို့ပင်ဖြစ်လင့်ကစား။ဝိ သေသျှပုဒ်ကိုအထူးပြုသည်မမည်။ ကဲ့ရဲ့အပ်သည်သာမည် သည်။ ။ထိုကြောင့်။သုဗောဓါလင်္ကာရဋီကာသစ်နိုက်။ ။

နိပ္ပဘိကတ ခဇ္ဇောတော တိဏ္ဍမိနာပိသေသနေန လာမကာ လောကလဝယုတ္တဿခဇ္ဇောပနကဿအဘိဘဝနိပ္ပကာသ နံသဟဿရံသိနောနိန္ဒာ ယေဝ။ နထုတိတိ ပိသေသျဿဟိ နတ္ထံဟောတိ။ ။ဟူ၍မိန့်အပ်၏။ ။နိပ္ပဘိကတခဇ္ဇောတိ။နိပ္ပ ဘိကတခဇ္ဇောတောဟူသော။ဏ္ဍမိနာပိသေသနေန။ ဤပိသေ သနပါဠိဖြင့်။လာမကာလောက လဝယုတ္တဿ။ ယုတ်သော အနည်းငယ်သော အရောင်အလင်းနှင့်ရှည်သော။ ခဇ္ဇောပန ကဿ။ပိုးစုန်းကြူးအား။အဘိဘဝနိပ္ပကာသနံ။ နှိပ်နင်းခြင်း ကိုပြုခြင်းသည်။သဟဿရံသိနော။နေမင်းအား။နိန္ဒာယေဝ။ ကဲ့ရဲ့သည်မည်သည်သာလျှင်တည်း။နထုတိ။ ချီးမွမ်းသည်မ မည်။ဏ္ဍတိတဿ။ထိုကြောင့်။ ပိသေသျဿ။ ပိသေသျအား။ ဟိနတ္ထံ။ယုတ်သောအနက်ရှိသည်။ဟောတိ။ဖြစ်၏။ ။ဤ ကားဋီကာပါဌ်၏အနက်။

ထိုမှတပါး။ သက္ကရာဇ်၁၀၂၃ခု။ ရတနာပူရအဝမြို တွင်။နန်းတက်တော်မူသော။ ပြည်မင်းနန်းစံဇနှစ်။ ၁၀၃၂ခု စာပြီး။အောင်တပ်ကျောင်းဆရာတော်စီရင်သည်။အလက်ာ ရပိဘာဝနာကျမ်းတွင်။ဟိနတ္ထ၏ပုံကား။ နိပ္ပဘိကတခဇ္ဇော တောသမုဒေတိဒိဝါကရော။ ပိုးစုန်းကြူး၏အရောင်ကိုဖျော် တတ်သောနေမင်းသည် ကောင်း ကင်သို့တက်၏။ ဤနှိုက်။ နေမင်း၏အရောင်သည်လရောင်ကြယ်ရောင်တို့ကိုဖျော်၍အ လွှန်ထွန်းပနိုင်၏။ ထိုသို့လျက်။ ပိုးစုန်းကြူး၏ အရောင်ကို ဖျော်နိုင်သောဟူ၍ ပိသေသနဖြင့်နေမင်း၏ အရောင်ယုတ် ပေ၏။ထိုကြောင့်။ဟိနတ္ထဒေါသမဉ်၏။မြန်မါမှနှိုက်လည်း။ ပိုးစုန်းကြူး၏။အထူးကိုယ်ဝါ။ဖျော်နှိုင်စွာသား။ ဒိဝါကရ။ နေမင်းပ၍။ဟူသောအရာနှိုက်ရကောင်း၏။ဟူ၍ဆိုသဉ်။ ။ ယင်းသို့ဖြစ်၍။ စီကုံးရေးသားကုန်သော ပညာရှိတို့သည်အ

ယုတ်အလွန်မရှိရအောင်ချီးမွမ်းထောပနာ၍စီကုန်းရေးသား သင့်သည်။ ဤကဲ့သို့အလက်ာဒေါသ အပြစ်မရှိရအောင်။ စီကုန်းသောကျမ်းဂန်စကားတို့ကိုသာ လျှင်။ ကောင်းမြတ်၏ဟုပညာရှိတို့ဝန်ခံချိမ့်မည်။

ရှိရင်းတိုင်းသောဂုဏ်ထက်ပိုမိုရှိ၍ဆိုခြင်းသည်လည်း အပြစ်ပင်ဖြစ်ကြောင်းကို။ယင်းသုဗေါဓါလက်ာရကျမ်းတွင် ပင်ဆိုသည်။ဆိုဟန်ကား။ ။ပိသေသျမဓိကံယေနာ။ချထွ မေတံဘဝေယထါ။ဩဘာသိတါသေသဒိသော။ခဇ္ဇေါတော ယံပိရောစတေ။ ။ယေန။အကြင်ပိသေသန ပုဒ်ကြောင့်။ပိ သေသျံ။ပိသေသျသည်။အဓိကံ။ လွန်၏။ဇတံ။ဤပိသေသန ပုဒ်သည်။အာချထွံ။ လွန်သောအနက် ရှိသောပုဒ်မည်သည်။ ဘဝေ။ဖြစ်၏။ယထာ။ ဥဒါဟရုဏ်အဘယ်နည်းဟူမူကား။ ဩဘာသိတါသေသဒိသော။ခဇ္ဇေါတောယံ ပိရောစတေ။ဩ ဘာ။လ။စဘေ။ဟူသည်တည်း။ ။ဩဘာသိတာသေသဒိ သော။အကြွင်းမရှိရအောင် အရပ်မျက်နှာကိုထွန်းလင်းနှိုင် သော။အယံခဇ္ဇောတော။ဤပိုးစုန်းကြူးသည်။ ပိရောစတေ။ ထွန်းတောံပ၏။ ။ဤကားအနက်။

ယင်း သို့ ဟိ နထွ ဒေါ သ ကို။ ကျမ်း ဂန် ထွက်ရှိ သည်အတိုင်းမချွတ်မယွင်း တပြေးညီစေလျက် စပ်ဆိုအပ် သောသတ်ပုံအစပ်တွင်။ ပိုးစုန်းလျှံပတ်။ ဟူသောပုဒ်နှိုက်။ ပတ်ဟူသော ဝေါဟာရသည်။ ။ဝါးနွယ်ကြသောင်း။နှ မောင်းရစ်ပတ်။ကြခတ်ဝါးဖြူ။မအူကြလို။ရွှေမင်းဘုန်းဆင် တော်မော်တွန်း။ ။ကျေးဇူးလောကဓာတ်။ဂုဏ်ရဟတ်ကို။ ပတ်ပတ်ရစ်လှိမ့်။ လောကဝိဒူမော်ကွန်း။ ။ဆောံတည် ဆောင်လျက်။သံလျောင်ရစ်ပတ်။ ကျောံတောင်ထွတ်သို့။မ ချွတ်စေလို။ ငါသည်ကိုဟု။ ပါရမီခန်း။ ။မှန်နန်းရှင်ဟု။

သောင်းခွင်နှံ့မွေ။ ညာကြေလွှံ့ပတ်။ ကျွန်း လုံးနတ်၏။ ဝစည့်ကူးမင်းနားတော်သွင်း။ ။မင်းဖျားဦမ်သတ်။စုန်မည်တတ်ဟု။ လွှံ့ပတ်ကျော်ထွေ။မွန် ကြာ ပေသော်။ပုံတောင်နိုင်မော်ကွန်း။ ။မဥ္ဇူပန်း သွင်။ ပတ်လွှံ့ထင်သား။ လူရှင်မှတ်ရာ။ ဂမ္ဘီသာရ။ ။ဆောံနှင်းရေစင်။ဘိသိက်တင်သည့်၊ ။ဝန်ကျင်ပတ်လွှံ့ ကျော်ငြာ တည်း။ မဟာ ကပ္ပ ချီ။ ဝေ သန္တ ရာ ပျိုး။ ။ဗျူဟသုံးထွေ။ စစ်ဆင်ခြေနှင့်။ ရှိလေရာရာ။အညာအကြေ။ ပတ်ပတ်မွေမျှ။ သုံးဆဲ့နှစ်ပါးချီတံတား ဦးတည်သံ ပိုင်းမော်ကွန်း။ ။ကြားမြင်ဆတ်ဆတ်။လောကဝတ်လည်း။ ပတ်ပတ်မွေချောံ။ဘူရိဒတ်လက်ာ။ ။အထက်မှာသော်။ဟိတော်ပဒေ။ပတ်ပတ်မွေမျှ။အနေကျကျ။မဂ္ဂဝိုးခန်း။ ။ကြားမြင်ဆတ်ဆတ်။လောကဝတ်လည့်း။ ပတ်ပတ်မွေချောံ။ဘူရိဒတ်လက်ာ။ ။ဇူသိဿရ။စောပါလလည်း။တကွ ဝန်းပတ်။ ပရိသတ်အား။ ဟက္ထိပါလ။ ။အရှေမတ်မတ်။ လောကဓာတ်မှ။လျှံပတ်ကြွားကြွား။ ရထားရောင်ဟုံ။ ရွှေမင်းဘုန်းဆင်တော်မော်ကွန်း။ ။နှိုင်းဘက်မမဲ့။ ညှိရောင်လဲ့သား။ ချောနွဲညက်မွတ်။လျှံပတ်သရေ။မင်းဇေယရန္တမိတ်ဆို။သာရမဥ္ဇူချီရတု။ စသည်ဖြင့်။ ရှေးဆရာကျော်တို့ ခေါ်ဝေါ်ရေးသားစပ်ဆို စီကုံး ကြသည်အရ။ ရစ် ပတ်။ လွှံ့ပတ်။ ပတ်ပတ်မွေ။ဝန်းပတ်။လျှံပတ်စသည်ဖြင့်။ ဘက်တွဲခေါ်ဝေါ်ရေးသားခြင်းမှာ။ ရစ်သည်ကိုပင် ရစ် ပတ်။ လွှံ့သည်ကိုပင်လွှံ့ပတ်။ချောံမွေသည်ကိုပင်ပတ်ပတ်မွေ။ ဝန်းသည်ကိုပင်ဝန်းပတ်။လျှံသည်ကိုပင်လျှံပတ်ဟု။ ကွမ်းပန်း။လမ်းပန်း။ ဆွမ်းပန်းဆို ဘိသကဲ့သို့။ ဘက်တွဲရေးသားခေါ်ဝေါ်ထုံး ဝေါဟာရ။ဝါစာသိသိဌမျှသာဖြစ်သည်။

တနည်း။ ရစ်မြဲပကတိထက်ရစ်သည်ကို ရစ်ပတ်။ လွှံ့မြဲပကတိထက် လွှံ့သည်ကို လွှံ့ပတ်။ မွေမြဲပကတိထက်လွန်ကဲသည်ကိုပတ်ပတ်မွေ။ ဝန်းမြဲပကတိထက်လွန်ကဲသည်ကိုဝန်းပတ်။ လျှံမြဲပကတိထက်လွန်ကဲသည်ကိုလျှံပတ်။စသည်ဖြင့်။ ပတ်ဟူသောဝေါဟာရကိုလွန်သောမြတ်သောအနက်ဟောကြံ၍။ သီဟသဒ္ဒါ။ ကုဥ္စရသဒ္ဒါတို့သည်။ ပုဒ်တပါးနှင့်စပ်လျှင်အမြတ်ဟောဖြစ်သည်။ သဒ္ဒနီတိကျမ်း။ မာဂဓအဘိဓာန်စာကိုယ်။ ဋီကာစသော ကျမ်းဂန်များတွင် ဆိုသကဲ့သို့။ပတ်ဟူသောဝေါဟာရလည်း ဝေါဟာရတပါးနှင့်စပ်လျှင်။အမြတ်ဟောဖြစ်သင့်သည်။သို့ဖြစ်၍။ပိုးစုန်း၏လွန်ကဲထူးမြတ်သော အရောင်ကို ဖျော်တတ်သောနေမင်းဟုယူရမည်။

၏စကားရပ်ဖြင့်။ ပိုးစုန်း၏အရောင်။ နေမင်း ၏အ ဥပဒေသ။ ရောင်နှစ်ပါးတွင်။ပိုးစုန်း၏အရောင်မှာ။ ဝါးလုံးခေါင်းတိုက် ခန်းစသည်တို့နှိုက်ထွန်းလင်းနိုင်သောအရောင်။နေမင်း၏အရောင်မှာ။လေးကျွန်းလုံးကိုထွန်းပနိုင်သောအရောင်။ယင်းသို့အရောင်နှစ်ပါး ခြားနားထွန်းလင်းဟန်ကို။ အဘိဓမ္မာလက်သန်းဋီကာ။ သခေါ်ပဝဏ္ဏနာကျမ်းနှိုက် ပြဆိုသည်အတိုင်း။ ခပ်သိမ်းသော အမျိုးသားတို့ သည်လည်း။ မိမိတို့သဏ္ဌာန်နှိုက်တည်သော ပညိန္ဒြေစေတသိက်ဟု ဆိုအပ်သော ပညာတည်းဟူသောအရောင်ကို။ နီတိကျမ်း။ဓမ္မသတ်ကျမ်း။ ဗေဒင်ကျမ်း။ဓာတ်ကျမ်း။ ဆေးကျမ်း။ရာဇဝင်။ ဇ္ဇတိဟာသ။ပူရာဏ်။ကာမဏ္ဍကီ။ ဟိတောပဒေသ။ဟိတသိဒ္ဓိ။ ကာလီဒါသ။ပုံတရာဝတ္ထု။ဘေဒက။ဗျာသ။အဗ္ဘုတသာဂရ။ဇင်းမယ်ပဏ္ဏာသ။ကြမ္မာဒိုက်။ ဗေါက်ဇရောက်ကေတု။ သိဂ်ဓ။ဒ့နွာ

သိရိ။လောကဗျူဟာခေါ်အင်ရုံစာတမ်း။လောကဇေယာစါ
တမ်း။ဒိသာဇေယ စာတမ်းစသောနန်းစည်စာတမ်း။ ဇမ္ဗူ
ဥသျောင်။ဇမ္ဗူကွန်ချာ။ ဆင်ကြန်။မြင်းကြန်။မဏိသျှတ္တရစ
သောကျမ်း။သာမုဒြိကကျမ်း။ ဗိဿုကာကျမ်း။ စားတော်
ချက်ကျမ်း။တိတ်ထုံပါရာ။ဥလျောင်းသိုက်။လောကီသရဘူ
ကျမ်း။ယတြာကျမ်း။ သုဝဏ္ဏလိပ်။ မနော်ဟရာစသောရေး
နည်း။ပိတုန်းပျံဝဲ။ မုတ္တာရွဲစသော ဖတ်ရွတ်နည်း။ စသော
လောကီအတတ်မျိုးဟူသော ဝါးလုံးခေါင်းတိုက်ခန်းတို့နှိုက်
လည်း။လေ့လာကျမ်းကျင် သိမြှင်မှတ်သားသောအားဖြင့်မိ
မိ၏ဉာဏ်ပညာအရောင်ကိုထွန်းလင်းစေရမည်ဟူသောဥ
ပဒေသ။ နိကာယ်၅ရပ်ဖြင့် ရေတွက်အပ်သော ရှစ်သောင်း
လေးထောင်သော မေ္မခန္ဓာဟုဆိုအပ်သော ဗိဋကတ်ကျမ်း
ဂန်သည်လည်း။ မေ္မဂန္ဓီရစသောလေးပါးသော နက်နဲခြင်း
တို့ဖြင့်။စတုဂန္ဓီရဖြစ်ရကား။ ကျွန်းကြီးလေးကျွန်းနှင့်အတူ
ဖြစ်၍။ယင်းစတုဂန္ဓီရဟူသောကျွန်းကြီးလေးကျွန်းတို့နှိုက်။
နာမ်ရုပ်သဒ်ါရတရားတို့ကို မသိမမြင်နှိုင်အောင်။ ဗိတ်ပင်
ဆီးတားတတ်သော အဝိဇ္ဇာတည်းဟူသော မှောင်ကို။ မိမိ
ကိုယ်တွင်းနှိုက်ရှိသောသမသနညာဏ်။ ဥဒယဘယညာဏ်
စသောဝိပဿနာညာဏ် ဆယ်ပါးတည်းဟူသော နေရောင်
ဖြင့်။ပယ်ဖျက်ဖျောံလွှင့်ပြီးလျှင်။ဝိပဿနာညာဏ်။မဂ်ညဏ်
ဖိုလ်ညာဏ်ဟူသော အရောင် အလင်းကို။ တွန်းလင်း စေရ
မည်ဟူသောဥပဒေသများကိုပြသည်ယူရမည်။



မေးခွန်းကောံနုတ်ချက်ပါ။ တသတ်စပ်နည်း။ ၁၂ ပုဒ်
တွင်။ပဉ္စမပုဒ်။

ဒေါသဝါကျတ်။ ခြေံဘျက် မှတ်။ ပုဒ်ပါဌ် ပြင်သုတ် ပုဒ်ရင်း။
သင်။ ။ဟူသည်ကား။

ဝါကျ၏ အနက်နှိုက်။ အပက္ကမဒေါသ။ ဩဇီတျဟိန ပိဏ္ဍတ္တ။
ဒေါသ။ ဘက္ကရီတိဒေါသ။ သသံသယဒေါသ။ ဂမ္မဒေါသ။ ဒုဌာ
လက်တိဒေါသ။ ဟူ၍ဒေါ သခြေံ ပါး ရှိသည်။ ယင်းဒေါသ
ခြေံပါးကို။ ကင်းလွတ်အောင်ဂါထာ ဗန္ဓပုဒ် ပါဌ်ပါဋ္ဌိ အက္ခ
ရာဝဋ္ဌိရေးသားစီကုံးရာနှိုက်။ သုတ်သင်ရမည်ဆိုလိုသည်။ ။

၏နှိုက်။ ဝါကျတွဒေါသခြေံပါး၏ သရုပ်။ ယင်းခြေံ အဝယဝတ္တ။
ပါး၏ ဥဒါဟရဏ်များကို။ သုဗောဓာလက်ာရစာကိုယ်။ ၎င်းဋီ
ကာသစ်များနှိုက်။ ထွက်ရှိသည်ကို။ အမြွက်မျှထုတ် နုတ်ရေး
သားလိုက်အံ့။

ကင်းသောအစည်ရှိသောအ ပက္ကမဒေါသ။ ဆည်းဖူး
အပ်သည်၏ အဖြစ်မှယုတ်လျော့သောဩစိတျဟိန ဒေါသ။ ဝိ
ဘတ်အစည်ပျက်စီးသောဘဂ္ဂရီတိဒေါ သ။ ယုံမှားဘွယ်နှင့်
တကွဖြစ်သောသသံသယဒေါသ။ ဝါကျအနက်အားဖြင့်ပျက်
စီးခြင်းကိုဝှိတတ်သောဂမ္မဒေါသ။ ပျက်စီး သောအလက်ာရှိ
သောဒုဌာလက်တိဒေါသ။ ဟူ၍ဝါကျ၏ အနက်နှိုက် အပြစ်
တို့သည်ခြေံပါး အပြား ရှိကုန်၏။ ရှိကြောင်းကို။ သုဗောဓာ
လက်ာရကျမ်း။ ပဌမပိုင်းတွင်။ ။အပက္ကမော စိတျဟိနံ။
ဘဂ္ဂရီတိသသံသယံ။ ဂမ္မံဒုဌာလက်တိတိ။ ဒေါ သာဝါကျတွ
နိဿိတာ။ ။ဟူသောဂါထာ ဖြင့် ပြဆိုသည်။ ။အပက္က
မောစိတျဟိနံ။ အပက္ကမ ဒေါသ။ ဩ စိတျဟိန ဒေါသ၎င်း။
ဘဂ္ဂရီတိ။ ဘဂ္ဂရီတိဒေါ သ၎င်း။ သသံသယံ။ သသံသယဒေါ
သ၎င်း။ ဂမ္မံ။ ဂမ္မဒေါသ၎င်း။ ဒုဌာလက်တိ။ ဒုဌာ လက်တိဒေါ
သ၎င်း။ ဧတိ။ ဤသို့။ ဆ။ ခြေံပါးကုန်သော။ ဒေါသာ။ အပြစ်

ဒေါသတို့သည်။ ဝါကျထွန်ဿိတာ။ ဝါကျ အနက်ကိုမြိကုန်
၏.။ ။ဤကားအနက်။

အပက္ကမဒေါသနှိုက်။သိကြောင်းဥဒါဟရဏ်ကား။ ။
ဘာဝနာဒါနသီလာနိ။သမ္မာသမ္ပာဒိတာနိဟ။ ဘော ဂသဂ္ဂါဒိ
နိဗ္ဗါန။သာဓနာနိနသံသယော။ ။ဟူသည်တည်း။ ။ဣဟ။
ဤလောကနှိုက်။ဘာဝနာဒါနသီ လာနိ။ ဘာဝနာ။ဒါန။ သီလ
တို့ကို။သမ္မာ။ကောင်းစွာ။ သမ္ပာဒိတာနိ။ ပြီး စေအပ်ကုန်၏.။
တာနိ။ထိုဘာဝနာဒါနသီလတို့သည်။ဘေါဂသဂ္ဂါဒိနိဗ္ဗါနသာ
ဓနာနိ။စည်းစိမ်။နတ်ရွာစသည်။နိဗ္ဗာန်တို့ကို။ သာဓနာနိ။ပြီး
စေနှိုင်ကုန်၏.။နသံသယော။မရဟုသံသယမရှိရာ။

ဩဖိတျဟိနဒေါ သနှိုက်။ သိ ကြောင်း ဥဒါ ဟရဏ်
ကား။ ။ပူဇနီယတရောလောကေ။ အဟမေကောနိရန္တရံ။
မယေကသ္မိဂုဏာသဗ္ဗေ။ ယတော သမုဒိ တာအဟုံ။ ။ယ
တော။အကြင်ကြောင့်။သဗ္ဗေ။ အလုံးစုံကုန်သော။ ဂုဏာ။သီ
လအစရှိကုန်သောဂုဏ်တို့သည်။ ဧကသ္မိ မယိ။ ငါတယောံ
ထီးနှိုက်။သမုဒိတာ။ဖြစ်ကုန်သဉ်။အဟုံ။ဖြစ်ကုန်ပြီ။တတော။
ထိုကြောင့်။ လောကေ။ သတ္တလော ကနှိုက်။ ဧ ကော။ ငါတ
ယောံထီးသာတည်း။အဟမေ ဝ။ငါကိုသာလျှင်။ နိရန္တရံ။မ
ပြတ်။ပူဇနီယ တရော။အလွန်ပူဇော် ခြင်း ၎ါ ထိုက်၏.။ ။ဤ
သို့မိမိကိုယ်ကိုချီးမွမ်းထောပနာ ပြု ခြင်း ကြောင့်။ ဆည်းဖူး
အပ်သည်၏.အဖြစ်မှယုတ်လျော့၏.။

တနည်း။ဩဖိတျဟိနဒေါသနှိုက်။သိကြောင်း ဥဒါဟ
ရဏ်ကား။ ။ယာစိတောဟံကထံနာမ။ နဒဇ္ဇာမျပိဇိဝိတံ။
တထာပိပုတ္တဒါနေန။ဝေဒတေဟဒယံမမ။ ။ဟူသည်တည်း။ ။
ယာစိတော။သူတောင်းစားတို့သည်တောင်အပ်သော။အဟံ။
ငါဝေဿန္တရာမင်းသည်။ ဇိဝိတံပိ။အသက်ကိုစည်လည်း။က

ထံနာမ။ အာဘဲ့ကြောင့်။ နဒဇ္ဈာဒိ။ မ ပေးပဲ ရှိအံ့နည်း။ တထာ
ဒိ။ထိုသို့ပင်အလျှန်းကဲ့အလိုရှိသေ်လည်း။ ပုတ္တဒါနေန။ သား
တော်ဇာလိ။သမီး တော်ဂဏှာဖို့နှင့်တို့ကိုပေးလှူခြင်းကြောင့်။
မမ။ငါဝေဿန္တရာမင်း ကြီး ဏ်။။ ဟဒယံ။စိတ်နှလုံးသည်။ဝေဒ
တေ။တုန်လှုပ်ဏ်။။ ။ဤသို့အသက်ကိုပင်ပေးအံ့ဟုပဋိညာဏ်
ပြုပြီးလျက်။သားသမီး ကိုပေးလှူခြင်း ကြောင့် စိတ်နှလုံးတုန်
လှုပ်သည်ဟုဆိုပြန်သဖြင့် ဆည်း ဖူး အပ်သည်ဏ်။ အဖြစ်မှ
ယုတ်လျော့သည်မည်ကုန်ဏ်။။

ဘဂ္ဂဂိတိဒေါသန္နိုက်သိကြောင်းဥဒါ ရုဏ်ကား။ ။
ဇာတိုဆိုနံဒုဇ္ဈနာနဉ္ဇ။ဝိသာသောဒနာပပဇ္ဇတေ။ ဝိသေ သိဂ်ဗျဉ်
ယံ။ရောဂေရာဇကုလမ်ိစ။ ။ဟူသည်တည်း။ ။ဇာတိုဆိုနဉ္ဇ။
ပိန်းမတို့အား ၎င်း။ ဒုဇ္ဈနာ နဉ္ဇ။ သူယုတ် တို့ အား၎င်း။ ဝိသာ
သော။သဟဝါသစသည်တို့ဖြင့်အကျပ်းဝင်ခြင်းကို။နောပပဇ္ဇ
တေ။ မဖြစ်စေရာ။ ဝိသေစ။ အဆိပ်နှိုက်၎င်း။ သိဂ်ဗျဉ်။ ဥဿုံရှိ
သောကျွဲအစရှိသောသတ္တဝါနှိုက်၎င်း။ နဒိယံ။ မြစ်နှိုက်၎င်း။
ရောဂေစ။တိုးပွားသောရောဂါနှိုက်၎င်း။ ရာဇကုလမ်ိစ။သတ်
ခြင်းနှောင့်ယှဉ်ခြင်းကိုပြု တတ် သော မင်းချီး နှိုက်၎င်း။ ဝိသာ
သော။အာကျပ်းဝင်ခြင်းကို။နောပပဇ္ဇ၎င်း။မဖြစ်စေရာ။ ။
ဤဥဒါဟာရ်ဏ်နှိုက်ဇာတိုဆိုနံဒုဇ္ဈနာနဉ္ဇဟုဆဘဲ့ဝိဘတ်ဖြင့်အစ
နှိုက်အားထုတ်ပြီးလျက်ဝိသေစသည်ဖြင့် သတ္တမီဝိဘတ်ကို
အားထုတ်ပြုနိုခြင်းကြောင့်။စကားအစည်ကျိုး ပြတ်သည်။သို့
ဖြစ်သောကြောင့်။ဘဂ္ဂဂိတိဒေါသမည်သည်။

သသံသယ ဒေါသ နှိုက် သိကြောင်း ဥဒါ ဟာရ်ဏ်
ကား။ ။မုနိန္ဒစန္ဒိမာလောက။ ရသလောလဝိလောစနော။
ဇနောဝဏ္ဏနုပန္ဆော၀။ကေါပဒဿနဝိဏိတော။ ။ဟူသည်
တည်း။ ။မုနိန္ဒစန္ဒိမာလောကရသလောလဝိလောစနော။

မြတ်စွာဘုရားတည်းဟူသောလမင်း၏.အရောင်အလင်းကို တပ်သဖြင့် လျှပ်ပေါ်သော မျက်လုံး ရှိထသော။ ဇနော။ လူသည်။ဝက္ကန္တပန္ထောဝ။ ဘုရားကိုဖူးမြင်ခြင်းဌာခရီးသို့သက်သည်ဖြစ်၍သာလျှင်။ ဂေါပဒဿ နပီဏိတော။ အရောင်ကို မြင်ခြင်းဖြင့်နှစ်သက်သည်။ဟောတိ။ဖြစ်၏.။ ။ဤနှိုက်။ဂေါ သဒ္ဒါကားအရောင်ကို ဟောသည်။ နွားဟော သဒ္ဒါလည်းရှိသောကြောင့်။ယုံမှားသံသယဖြစ်ရာသည်။

ဂမ္မဒေါသနှိုက်သိကြောင်းဥဒါဟရဏ်ကား။ ။ပေါသောဝိရိယဝါသောယံ။ ပရံဟန္ဒိာနဝိဿမိ။ ။ဟူသည်တဉ်း။ ။ပရံ။တပါးသောသတ္တဝါကို။ဟန္ဒိာန။သတ်ပြီး၏.။ဝိရိယဝါသော။ရဲရင့်သော။အယံပေါသော။ဤသတ္တဝါသည်။ ဝိဿမိ။ကင်းသောပင်ပန်းခြင်းရှိသည်။အဟောသိ။ဖြစ်ပြီ။ ။ဤအနက်ကိုသာလျှင် ဤဝါကျနှိုက်အလိုရှိအပ်သည်။ ။ပရံ။သူတပါးကို။ ဟန္ဒိာ။ သတ်ပြီး၍။ဝိရိယဝါသော။ဝိရိယရှိသော။အယံပေါသော။ ဤယောက်ျားသည်။ ဝိဿမိ။ ကင်းသောဝိရိယ ရှိသည်။ အဟောသိ။ဖြစ်၏.။ ။ဤအနက်ကိုကား။ဤအရာတွင်အလိုမရှိအပ်။

ဒုဌာလက် တိဒေါသ နှိုက် သိကြောင်း ဥဒါဟရဏ်ကား။ ။ဂုဏာသဘာဝမရုရာ။အပိလောကေကဗန္ဓုနော။ သေဝိတာ ပါပသေဝီနံ။ သံပဒူသန္တိမာနသံ။ ။ဟူသည်တဉ်း။ ။လောကေကဗန္ဓုနော။လောက၏.မြတ်သောအဆွေဖြစ်တော်မူသော။ ဗုဒ္ဓဿ။ မြတ်စွာဘုရား၏.။ ဂုဏာ။အရဟတ္တမဂ်အရဟတ္တဖိုလ်စသောဂုဏ် တော်တို့သည်။သဘာဝမရုရာအပိ။ သဘောအားဖြင့် ချိမြိန် ကောင်း မြတ်သော်လည်း။ ပါပသေဝီဟိ။ မကောင်းမှုကိုမှီဝဲလေ့ရှိကုန်သောသူတို့သည်။သေဝိတာ။မှီဝဲအပ်သည်။သမာနာ။ဖြစ်မူကား။ပါပ

သေဒီနံ။မကောင်းမှုကိုမြဲဝဲလေ့ရှိကုန်သောသူတို့၏။မါနသံ။ စိတ်ကို။သံပဒူသန္တီ။ ဖျက်ဆီးတတ်ကုန်၏။ ။ဤဥဒါဟရဏ်နှိုက်သဘာဝမရူရဖြစ်သော ဂုဏ်တော်သည် ဖျက်ဆီးခြင်းကိုကင်း၍ပြုရာသည်။ ဖျက်ဆီးခြင်းသည်လည်းသဘာဝမရူရဂုဏ်တော်နှင့် ကင်း၍ ဖြစ်ရာသည်။ ထိုသို့လျက်တွဲရှည်၍ဆိုသောကြောင့်အလင်္ကာကိုဖျက်ဆီးတတ်သောဒုဌာလင်္ကတိ ဒေါသမည်သည်။ ။ယင်းသို့ပြဆို အပ်သောစကားရပ်တို့ကို။ သိမ်းကျုံး ဘွဲ့ဆိုအပ်သော သတ်ပုံ အစပ်တွင်။သက္ခရကထလိကမ္ပိမစ္ဆကုမ္မမ္ပိစရန္တမ္ပိတိဌန္တမ္ပိ ပဿတိစသည်ဖြင့်။သုတ်သီလက္ခန်ပါဠိတော်။ သုဘသုတ်တို့နှိုက်ကဲ့သို့။ ယထာလာ ဘနည်း အားဖြင့်။ ဝါကျထွနှိုက် ဒေါသခြောံပါးဟုယူရမည်။ဒေါသနှိုက်ဝါကျခြောံပါးဟုမယူလင့်။ ဝါကျတ်ဟူရာနှိုက်သည်း။အနွထွကိုအနွတ်။ ဝစနထွကိုဝစနတ်။ပရမထွကို ပရမတ်စသည့်တို့ကဲ့သို့။ ဝါကျထွကို။ဝါကျတ်ဟုရေးသားစပ်ဆိုသည်ဟုမှတ်လေ။

၏စကားရပ်ဖြင့်။ ဘွဲ့ဆိုစီကုံးရေးသားအပ်သော၊ဂါ ဥပဒေသ။ ထာဗန္ဓ။ပုဒ်ပါဌ်အက္ခရာ။ ပျိုးကဗျာစသည်တို့နှိုက်။ ပြဆိုခဲ့ပြီးသောဝါကျထွဒေါသခြောံပါးမကင်းမလွတ်လျှင်။ပညာရှိတို့ချီးမွမ်းအပ်သောအဖြစ်သို့ မရောက်။ ပြဆိုအပ်ခဲ့ပြီးသောအပြစ်ခြောံပါးကင်းမှ။ပညာရှိတို့ ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်ဘိ၏့သို့။သံသရာနှိုက်ကြင်လဉ်ကုန်သောသံသရကုမဂ်။လမ်းခက်လမ်းကျည်း။ မစည်းမဖြောင့်။ ထောင့်သောခရီးသွားဖြစ်သောသတ္တဝါတို့နှိုက်။ ရူပါရုံစသော အာရုံခြောံပါးတရားဒေါသ။တပ်စွဲကပ်ငြိတွယ်သဖြင့်။ သံသရာနှိုက်ပဋိသန္ဓေနေခြင်းမကင်း။ အိုခြင်းမကင်း။နာခြင်းမကင်း။သေ

ခြင်းမကင်းတလုံလဲလဲ။သံသရာဝတ်နှိုက်ကြင်လဉ့်ရသဖြင့်။ ဘုရားစသောအရိယာသူတော်ကောင်းတို့ ချီးမွမ်းဖွယ်သို့မ ရောက်နှိုင်။ရူပါရုံစသောအာရုံခြောံပါးတရားဒေါ သကိုသာ ယာနှစ်သက်စုံမက်မြတ်နှိုးခြင်းကို မပြုမူ၍။ ခယဝယအရူဝ သဘောသို့တင်၍ သုံးသပ်ဆင်ခြင်သဖြင့်။ ယင်းအာရုံခြောံ ပါးတရားဒေါသမှကင်း လွတ် သော သူကို သာ လျှင်ဘုရား စသော အရိ ယာသူတော်ကောင်း တို့ချီးမွမ်းအံ့အောထောမ နာသည်။သို့ဖြစ်၍။ ပုဒ်ပါဠိအက္ခရာ ပျိ.ကဗျာ လက်ာစီကုံး ရေးသားရာနှိုက်။ပညာရှိတို့ကဲ့ရဲခြင်းမှကင်း၍။ ချီးမွမ်းခြင်း ကိုအ လို ရှိမူ။ ပြဆိုခဲ့ပြီးသော ဝါကျထွ ဒေါ သ ခြောံပါးမှ ကင်းလွတ်အောင်။ရေးသားစီကုံးရမည် ဟူသောဥပဒေသ။ သံသရာဝဋ်နှိုက်ကြင်လည်သော သူတို့မှာလည်း။ ဘုရားစ သောအရိယာသူတော်ကောင်းတို့။ ကဲ့ရဲခြင်းမှကင်းလွတ်၍ ချီးမွမ်းခြင်းကိုအလိုရှိမူ။ ပြဆိုခဲ့ပြီးသောအာရုံခြောံပါး။ တ ရားအပြစ်တို့မှ။ကင်းလွတ်အေါင်။လုံ.လမူသဖြင့်။ခယဝယအ ရူဝသဘောကို။ မပြတ်နှလုံးသွင်းရမည် ဟူသောဥပဒေသ များကိုပြသည်ယူရမည်။



မေးခွန်းကောံနူတ်ချက်ပါ။ တသတ်စပ်နည်း ၁၂ ပုဒ် တွင်။ဆဋ္ဌမပုဒ်။

ပုဒ်ရင်း။ ပိုက်ဆုံး ညီ ညွတ်။ ပဒါ သတ်။ ဂုဏ်မြတ် တန်ဆာ ဆင်။ ။ဟူသည်ကား။

ပိဏ္ဍတ္ထ။ ဝိဘတ်တူ။ကာရန်တူပုဒ်တို့၏. နီးသည့်၏.အဖြစ်ဟု ဆိုအပ်သောပိုက်ဆုံးညီညွတ်ခြင်းပဒါ သတ္တိဂုဏ်ကိုဂါထာ

ဗန္ဓဟျိ.ကဗျာစီကုံး ရေးသားရာနှိုက် မြတ်သောတန်ဆာသ ဖွယ်ပြု၍တန်ဆာဆင်ရမည်ဆိုလိုသည်။

ဤနှိုက်။ ယင်းသတ်ပုံ အစပ်တွင်။ ပဒါသတ့် ဟူရာ အဝယဝထ ဝယ်။ပဒါသတ္တိဆိုလိုသည်မှတ်လေ။ယင်းပဒါသတ္တိဂုဏ်။အနုပ္ပါသဂုဏ်တို့၏.သဘောဥဒါဟရဏ်။ ဝစနတ္ထများကို။ သုဗေါဓာလင်္ကာရစာကိုယ်။ ၎င်းဋီကာသစ်များနှိုက် ထွက်ရှိသည်ကို။အမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

မရူရတ္တံပဒါသတ္တိ။အနုပ္ပါသဝသာဒ္ဓိဓာ။ သိယာသမသုတိပုဗ္ဗာ။ဝဏ္ဏာဝုတ္တိပရောယထာ။ ။မရူရတ္တံ။မရူရဂုဏ်သည်။ပဒါသတ္တိအနုပ္ပာသဝသာ။ ပဒါသတ္တိဂုဏ်။ အနုပ္ပာသဂုဏ်၏.အစွမ်းအားဖြင့်။ ဒ္ဓိဓာ။နှစ်ပါးအပြားရှိသည်။ ဟောတိ။ဖြစ်၏.။တတ္ထ။ထိုနှစ်ပါးတို့တွင်။ပုဗ္ဗာ။ ရှေးဖြစ်သောပဒါသတ္တိဂုဏ်သည်။ သမသုတိ။ ညီမျှရည်တူသုတိရှိသည်။ သိယာ။ဖြစ်ရာ၏.။ပရော။ နောံဖြစ်သော အနုပ္ပာသဂုဏ်သည်။ ဝဏ္ဏာဝုတ္တိ။ ဝဏ္ဏ၏.ဖြစ်ခြင်းသည်။ သိယာ။ ဖြစ်ရာ၏.။ယထာ။ဥဒါဟရဏ်အဘယ်နည်း။

ဟူ၍သုဗေါဓာလင်္ကာရကျမ်းနှိုက်ပြဆိုအပ်သောမရူရဂိုဏ်သည်။တူမျှသောသုတိရှိသည်ဖြစ်၍ဝိဘတ်အဆုံးတူကုန်သောပုဒ်တို့၏. အချင်းချင်းနီးသည်၏. အဖြစ်ဟုဆိုအပ်သောပဒါသတ္တိဂုဏ်။ သရဗျည်းသဘော ရှိကုန်သော ရှေးနှိုက်ရွတ်အပ်ကုန်ပြီးသော ဝဏ္ဏတို့ကို အဖန်တလဲလဲ ရွတ်ခြင်းဟု ဆိုအပ် သော အနုပ္ပာသဂုဏ်အားဖြင့် နှစ်ပါး ပွားသည်။

ထိုနှစ်ပါးတို့တွင်။ပဒါသတ္တိဂုဏ်နှိုက်။ သိကြောင်းဥဒါဟရဏ်ကား။ ။ယဒါဇသောဘိသမ္ဖောဓိ။သမ္ဗတ္တောမုနိ

ပုဂ်ဝေါ။ တဒါပဿုတိဒမ္မဿသ။ လောကေဖောတော မဟုဿ
ဝေါ။ ။မုနိန္ဒမနုဟာသာတေ။ ကုန္ဒသန္ဓော ဟာဝိဿမာ။ဒိသန္တ
မနုဓာဝန္တိ။ဟာသန္တာစ ဆဲကန္တိယော။ ။ဇသောဓနိပုဂ်ဝေါ။
ဤမြတ်စွာ ဘုရားသခင် သည်။ ယခါ။ အကြင် အခါနှိုက်။
သမ္မောဓိ။သဗ္ဗညုအဖြစ်သို့။ သမ္ပတ္တော။ ရောက်တော်မူ၏။။
တဒါပဿုတိ။ ထိုအခါမှစ၍။ ဓမ္မသ။ ဟေါဓိပက္ခို ယတရား
၏။။ မဟုဿဝေါ။ကြီးစွာသောသဘင်သည်။ လောကေ။ကာ
မ။ရူပ။ အရူပဟု ဆိုအပ်သောလောကနှိုက်။ ဇာတော။ဖြစ်
၏။။ ။ကုန္ဒသန္တောဟဝိဿမာ။ကောင်းစွာပွင့်သောသင်းခွေ
ပန်းအပေါင်းနှင့် တူသောတင့်တယ်ခြင်း ရှိထသော့။တေမု
နိန္ဒမနုဟာသာ။ ထိုဖြတ်စွာဘုရား၏။ဖြည်းညှင်းစွာပြုံးရယ်
တော်မူခြင်းတို့ သည်။ စန္ဒကန္တိယော။ လရောင်တို့ကို။ ဟ
သန္တာ။ပြရယ်ပြုကုန်လျက်။ဝါ။ကဲ့ရဲ့ကုန်လျက်။ဒိသန္တိ ။ထိုထို
အရပ်သို့။ဝါ။ အရပ်ဆုံးသည်တိုင်အောင်။အနုဓာဝန္တိ။ ပြေး
သွားလေကုန်၏။။

ဤဥဒါဟရဏ်နှစ်ပါးတို့ဝယ်။ပဒမညဒါဟရဏ်နှိုက်။
ဇသောဟုသောပုဒ်သည်မူနိ ပုဂ်ဝေါဟူသောပုဒ်နှင့် ဂါထာ
၏။ပဒမညာနုတိယဒုတိယနအဖြစ်ဖြင့်နိုးကြသည်။ သမ္မောဓိဟူ
သော ပုဒ် သည် လည်း။ သမ္မ ဇော်ဟူ သော ပုဒ် နှင့် ဂျည်
သဉ်သည်၏။ အစွမ်းဖြင့်နိုးကြသည်။ ဘိ သမ္မောဓိ ဟူ သောပုဒ်
နှိုက်။ဘ်သဒ္ဒါဓိသဒ္ဒါတို့သည်ဓနိတအဖြစ်ဖြင့်နိုးကြသည်။ ။
ဤသည်လျှင်။ဂါထာနှိုက်။ပဒါသတ္တိဂုဏ်မည်၏။။

ဒုတိယဂါထာနှိုက်။နအက္ခရာနှင့်ဒအက္ခရာဆင့်သော
ပုဒ်။နအက္ခရာနှင့်တအက္ခရာဆင့်သောအသရဖြိသောပုဒ်ဟူ
လေသော်နှိုက်အာဂုဒ္ဓိပြုရမည်အာကာရန် ညီညွတ်၍ပဒါ
သတ္တိဂုဏ်ခေါ်ထိုက်မည်။ ။အာဂုဒ္ဓိပြုသင့် ကြောင်းကို

လည်း။ ၎င်းအဖွင့်ဋီကာသစ်နှိုက်။ ။ထွေနကာရသဟိတဒ
ကာရဿနကာရသဟိတတကာရဿစအာဝုတ္တိဒဋ္ဌဗ္ဗံ။ ။
ဟူ၍မိန့်သည်။ ။ထွေ။ဤဒုတိယဂါထာနှိုက်။နကာရသဟိ
တဒကာရဿစ။နအက္ခရာနှင့်တကွသော ဒအက္ခရာ၏၊၎င်း။
နကာရသဟိတတကာရဿစ။ နအက္ခရာနှင့် တကွသောတ
အက္ခရာ၏၊၎င်း။အာဝုတ္တိ။အာဝုတ္တိပြုခြင်းကို ။ဒဋ္ဌဗ္ဗံ။မှတ်အပ်
၏၊။ ။ဤကားဋီကာပါဠ်၏၊အနက်။

ပဒါနံအာသတ္တိပဒါသတ္တိ။ ။ပဒါနံ။ဝိဘတ်တူကာရန်
တူပုဒ်တို့၏၊။အာသတ္တိ။ နီးသည်၏၊အဖြစ်တည်း။ပဒါသတ္တိ။
ဝိဘတ်တူကာရန်တူပုဒ်တို့၏၊ နီးသည်၏၊အဖြစ်။ ။ဤသို့ဝိ
ဂြိုဟ်မူလေ။ ။ပဒါနံဝါကျာဝါယဝသခ်ါတာနံသျာဒျန္တာဒီနံ
ဥပရူပရိပဒေဟိသမာနာနံအာ သတ္တိဌာနကာရဏာဒိနာယေ
နကေနစိပကာရေန အညမညံအာသန္နတာ။ ။ဟူ၍လည်း
၎င်းဋီကာ တွင်ပင် ဖွင့်ဆိုသည်။ ။ဥပ ရူပရိပဒေဟိ။ အ
ထက်အထက်ဖြစ် ကုံန်သော ပုဒ်တို့နှင့်။ သမာနာနံ။ တူကုန်
သော။ သျာဒျန္တာဒီနံ။သျဒျန္တအစရှိကုန်သော။ ဝါကျာဝါယဝ
သခ်ါတာနံ။ဝါကျအစိတ်ဖြစ်ကုန်သေါ။ပဒါနံ။ပုဒ်တို့၏၊။အာ
သတ္တိ။ နီးခြင်း တည်း။ ဌာန ကာ ရဏာ ဒိနာ။ ဌာနကာရဏာ
အစရှိသော။ ယေနကေနစိပကာရေန။ အမှတ်မရှိတစုံတခု
သောအပြားအားဖြင့်။အညမညံ။အခြင်းခြင်း။ အာသန္နတာ။
နီးသည်၏၊အဖြစ်တည်း။ ။ဤကားဋီကာပါဠ်၏၊အနက်။

အနုပုနပ္ပုန္နံဥပ္ပါသော။အနုပ္ပာသော။ ။အနုပုနပ္ပုန္နံ။
အဖန်တလဲလဲ။ ဥပ္ပာသော။ ဆိုခြင်းတည်း။ အနုပ္ပာသော။အ
ဖန်တလဲလဲထပ်၍ ဆိုခြင်း။ ။ဤသို့ဝိဂြိုဟ်မူလေ။ ။ထို
ကြောင့်ဋီကာနှိုက်။ ။ပရောအနုပ္ပာသောပနဝဏ္ဏဝုတ္တိသရ
ဗျဉ္ဇနသဘာဝါနံ ပုဗ္ဗုစ္စာရိတ ဝဏ္ဏာနံ ပုနပ္ပုနုစ္စာ ရဏံသိ

ယာ။ ။ဟူ၍မိန့်အပ်၏။ ။ပရော။ နောံဖြစ်သော။အနုပ္ပာ
သော။ အနုပ္ပာသဟုဆိုအပ်သော။ ဝဏ္ဏဂုတ္တိပန။ဝဏ္ဏဂုတ္တိ
သည်ကား။ သရဗျဥ္ဇနသဘာဝါနံ။ သရသဘော ဗျည်းသ
ဘောရှိကုန်သော။ ပုဗ္ဗုစ္စာရိတဝဏ္ဏာနံ။ ရှေးနှိုက် ရွတ်အပ်
ကုန်ပြီးသော ဝဏ္ဏတို့ကို။ ပုနပ္ပုနုစ္စာရဏံ။ အဖန်တလဲလဲ
ရွတ်ခြင်းသည်။သိယာ။ဖြစ်ရာ၏။ ။ဤကားဋီကာပါဠိ၏း
အနက်။

ဤသို့လျှင်အချိုသောဂါထာ ကဗျာဗန္ဓနှိုက်ပဒါသတ္တိ
ဂုဏ်။အချိနှိုက်။အနုပ္ပါသဂုဏ်။အချိနှိုက်နှစ်ပါးစုံသော့ဂုဏ်
ဤဂုဏ်တို့မှလွတ်သောဂါထာဗန္ဓကဗျာကို။ ပညာရှိတို့မနှစ်
သက်အပ်သည်သာ ဖြစ်သည်။ ။ထိုကြောင့်ဋီကာသစ်
နှိုက်။ ။ဝေံကထ္ထစိဗန္ဓေပဒါသတ္တိကထ္ထစိ အနုပ္ပါသောတဒု
ဘယံ။ ဒ္ဓိဟိဝိနိ မုတ္တောပနဗန္ဓောဝိညူဟိ အဿာဒနီယောန
ဟောတိ။ ။ဝေံ။ဤသို့။ကထ္ထစိဗန္ဓေ။ အချိုသောဂါထာဗန္ဓ
ပျိုးကဗျာနှိုက်။ပဒါသတ္တိ။ပဒါသတ္တိဂုဏ်သည်။ဟောတိ။ရှိရာ
၏။ကထ္ထစိ။ အချိုသောဂါထာဗန္ဓပျိုးကဗျာတို့နှိုက်။ အနုပ္ပါ
သော။အနုပ္ပါသဂုဏ်သည်။ ဟောတိ။ ရှိရာ၏။ ဒ္ဓိဟိ။ နှစ်ပါး
ကုန်သောဂုဏ်တို့မှ။ မုတ္တော။လွတ်သော။ ဗန္ဓောပန။ဂါထာ
ဗန္ဓပျိုးကဗျာကိုကား။ဝိညူဟိ။ပညာရှိတို့သည်။ အဿာဒနီ
ယော။မနှစ်သက်အပ်သည်။ဟောတိ။ဖြစ်၏။ ။ဤကားဋီ
ကာပါဠိအနက်။ ။ဤသို့ပြဆိုအပ်ပြီးသောဂုဏ်နှစ်ရပ်တို့
တွင်။ပဒါသတ္တိဂုဏ်ကိုရည်၍စပ်ဆိုသည်မှတ်ရမည်။

၃ပဒေသ။

ဤစကါးရပ်ဖြင့်။ဂါထါဗန္ဓပျိုးကဗျါစီကုန်းဖွဲ့ဆိုသေါ
အရာနှိုက်။ ပဒါသတ္တိဂုဏ်သည် မြတ်သောအဆင် တန်ဆာ
ဖြစ်သည်ဟူရကား။ယင်းစကားရပ်ကို။အစည်လျှောံသဖြင့်။

လောကနှိုက်။လူသာမန်တို့သုံးဆောင်အပ်သောပုဆိုးအင်းဂျီ ဥပေါင်းဟူသေါယေက်ျားဝတ်သုံးမျိုး။ထဘီအင်းဂျီတဘက် ဟူ၍မိန်းမ ဝတ်သုံးမျိုး ဝိသေသ ဖြစ်သော ရဟန်းတို့ သုံး ဆေါင်အပ်သေါဒုကုတ်။ကိုယ်ဝတ်သင်းဖိုင်ဟူသေါအဝတ် တန်ဆာသုံးမျိုး။ ထိုမှတပါးမင်း။ မင်းမိဘုရားတို့သုံးဆောင် အပ်သော။ဒုရင်မကိုနှိမဟလ္လတာဒွါဒရာ။ ဒုက္ကစာ။အက္ခရာ ပုံစသောတန်ဆာအထူး။ ဝိသာခါမယ္လိကာစသော ပုဂ္ဂလဝိ သေသတို့ဝတ်ဆင်သောမဟလ္လတာ တန်ဆာအထူးတို့ထက် ထူးကဲမြင့်မြတ်သော။ အဆင်တန်ဆာ ဟူသည်။ သီလပင် တည်း ဟု ဟော တော်မူ အပ် သော ဒေ သနာ တော် အလွန် ထင်ရှားလတ်ရကား။ရဟန်းတော်တို့မှာ၊ပါရာဇိကလေးပါး။ သဃ်ာ ဒိသိသ် တဆဲ့သုံးပါး စသော နှစ်ရာနှစ်ဆဲ့ ခုနစ်ပါး သောပါတိမောက္ခသံဝရသီလ။ ကိုးထောင်တရာကုဋေရှစ် ဆယ်ငါးသန်းတသိန်းသုံးသောင်း ခြေဝံ ထောင်မျှလေဝံသော သီလ။ရေတွက်ခြင်းဌာမတတ်ကောင်းသည်ဖြစ်၍များ မြတ် လှစွာသောသီလဟူသောအဆင်တန်ဆာ။ လူတို့မှာပဉ္စင်္ဂသီ လ။ အဌင်္ဂသီလ။ ဒသင်္ဂသီလ။ ဟူသောသာမညသီလ။ သရ ဏာဂုံနှင့် တကွ ဖြစ်သော ပဉ္စင်္ဂသီလ။ အဌင်္ဂသီလ။ ဒသင်္ဂ သီလ။ထိုမှတပါး။ ဝိပဿနာဖြင့်ထုံအပ်သော ဝိပဿနာ၏။ အခြေဖြစ်သော ပဉ္စင်္ဂသီလ။အဌင်္ဂသီလ။ ဒသင်္ဂသီ လဟုဆို အပ်သောအမိသီလ။ယင်းသို့ပြဆိုခဲ့အပ်ပြီး သောမြတ်သော အဆင်တန်ဆာ။ ဤသို့လျှင် ရဟန်းမှာရဟန်း လျှော်၊ လူမှာ လူလျှော်။လောကီအဆင်တန်ဆာရတနာတို့ထက်၊ ထူးမြတ် လွန်ကဲသောသီလ တည်းဟူသော အဆင်တန်ဆာကို။အခါ မပြတ်ကျင့်သုံး ဆောံတည် သောအား ဖြင့် အမြဲ ဆင်ယင်ရ မည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

မေးခွန်းကောံနုတ်ချက်ပါ။ တသတ်စပ်နည်း ၁၂ပုဒ်တွင်။သတ္တမပုဒ်။

ပုဒ်ရင်း။ ခုနစ်ပိဘတ်။ကျေစမှတ်။သမာသ်ခေါ်ရိုးပင်။ ။ဟူသည်ကား။

ပိဏ္ဍတ္ထ။ သိ။ယော။အံ။ယော။ နှာ။ဟိ။သ။နံ။ သမာ။ဟိ။ သ။နံ။ သို့။သု။ဟူ၍ကစ္စည်းကျမ်းသုတ်တွင်လာသော။နာမ်ပိဘတ်ခုနစ်ပါးကို။ချေ၍စပ်လျှင်။သမာသ်ခေါ်ရိုးဆိုလိုသည်။

အဝယဝတ္ထ။ ဤနှိုက်ပိဘတ်မည်ခြင်း၏အကြောင်းအရာ။ပိဘတ်တို့၏အပြား။ သမာသ်၏အကြောင်း။ ယင်းသမာသ်ပိဂြိုဟ်ကိုရှေးဦးလက်မွန် သိရခြင်း၏ အကြောင်းအရာ။ ချေ၍သမာသ်စပ်ခြင်းနှင့်။ မချေပဲသန္ဓိစပ်ခြင်းသဘောများကို။ ပိဘတျတ္ထစသော ဒိုကာကျမ်း။ ကစ္စာယန ဘေဒကျမ်း။ သံပျင်ကျမ်းများကလာရှိသည်ကို။ အကျည်းအမြွက်မျှ ထုတ်နုတ်ရေးသားလိုက်အံ့။

ကတ္တုကမ္မာဒီဟိပိဘဇ္ဇိ ယတီတိပိဘတ္တိ။ ။ပိဘတျတ္ထဒိုကာစသောကျမ်း။ ။ကတ္တုကမ္မာဒီဟိ။ကတ္တားကံစသည်တို့ဖြင့်။ပိဘဇ္ဇိယတိ။ ဝေဖန်အပ်၏။ဣတိ။ထိုကြောင့်။ ပိဘတ္တိ။ပိဘတ်မည်၏။ ။ဤဒိုကာပိဂြိုဟ်နှင့်အညီ။ကတ္တားကံစသည်တို့ဖြင့်ဝေဖန်အပ်သောပိဘတ်တို့သည်။သိ။ယောအံ။ယောအစရှိသောနာမ်ပိဘတ်။တော။ဤ။ ဒါနိအစရှိကုန်သောပစ္စည်းပိဘတ်။ တိအန္တိအစရှိသော အာချာတ်ပိဘတ်အားဖြင့်သုံးတွေ သုံးပါးပြားသည်။ ထိုသုံးပါးတို့တွင်။ သိ။

ယော။အံ။ယော။နာ။ဟိ။သ။နံ။သ္မာ။ဟိ။သ။နံ။သ္မိ။သု။ ။ဟူ၍
လာသောကစ္စည်းကျမ်းသုတ်နှင့်အညီ။
သိ။ယော။ဟူသောပထမာဝိဘတ်။
အံ။ယော။ဟူသောဒုတိယာဝိဘတ်။
နာ။ဟိ။ဟူသောတတိယာဝိဘတ်။
သ။နံ။ဟူသောစတုတ္ထီဝိဘတ်။
သ္မာ။ဟိ။ဟူသောပဉ္စမီဝိဘတ်။
သ။နံ။ဟူသောဆဋ္ဌီဝိဘတ်။
သ္မိ။သု။ဟူသောသတ္တမီဝိဘတ်။

အားဖြင့်။နာမ်ဝိဘတ်သည် ဇာတ်အားဖြင့် ခုနစ်ပါးပြားသည်။ဧကဝုစ်။ ဗဟုဝုစ်။အားဖြင့်။ တဆဲ့လေးပါးပြားသည်။အနက်ကိုအစွဲပြုသောအားဖြင့် ရှစ်ဆယ်ခုနစ်ပါးပြားသည်။ပြားဟန်ကား။ လိင်အနက်။ ဟိတ်အနက်။ ကတ္တားအနက်။ကံအနက်။ ကရိုဏ်အနက်။ သမ္ပဒါန်အနက်။ သမ္ဗန်အနက်။အပါဒါန်အနက်။ သတ္တမီအနက်။ ဒိသာသဒ္ဒါ၏ အရှည်ဖြစ်သေါအနက်။အာလုပ်အနက်အားဖြင့်ပထမါဝိဘတ်သည် တဆဲ့တပါးသော အနက်နှိုက်ဖြစ်သည့်။ ယင်းအနက် ကိုစွဲသောအားဖြင့် ပထမာဝိဘတ် သည်လည်း တဆဲ့တပါးပင်ရှိသည်ဟုယူသင့်သည်။

ကံအနက်။ နေပစ္စည်းနှင့်ရှည်ရာအနက်။ ကမ္ပဗ္ပဝစနိယအနက်။ကရိုဏ်အနက်။ အစ္စန္တသံယောဂအနက်။သမ္ပဒါန်အနက်။အပါဒါန်အနက်။ သတ္တမီအနက်။ သမ္ဗန်အနက်။ကာလအနက်အားဖြင့်။ဒုတိယာဝိဘတ်သည်ဆယ်နက်။ ယင်းအနက်ကို စွဲသောအားဖြင့် ဝိဘတ်လည်း တဆယ် ဖြစ်သင့်သည်။

ကရိုဏ်အနက်။ ကတ္တားအနက်။ ကံအနက်။ကြိယာ၏ လျင်မြန်ခြင်းကြိယာပဝဂ္ဂ အနက်။လက္ခဏအနက်။ကာလအနက်။ အဒ္ဓါနအနက်။ ပထမာအနက်။ အပါဒါန်အနက်။ ဟိတ်အနက်။နိမိတ်အနက်။ သဟတ္ထစသောအနက်။ အဂ်ပိကာရအနက်။သမ္ဗန်အနက်။ ပိသေသနစသောအနက်။သတ္တမီအနက်။ အား ဖြင့်တတိယာပိဘတ် သည် တဆဲ့ ခြောံပါးသောအနက်နှိုက်ဖြစ်သည်။ ယင်းအနက်ကိုစွဲသောအားဖြင့် ပိဘတ်လည်းတဆဲ့ခြောံပါးပြားသည်။

သမ္ပဒါန်အနက်။ တတိယာအနက်။ နမောသဒ္ဒါ၏အရှည်ဖြစ်သော အနက်။ ကံအနက်။ အာဓါရအနက်။ အနုတ္တအနက်။အနာဒရအနက်။တုမတ္ထသမ္ပဒါန်အနက်။တဒတ္ထသမ္ပဒါန်အနက်။ သမ္ဗန်အနက်။ သတ္တမီအနက်။ ဒဿနအနက်။ ယုတ္တိဂဏ္ဍအနက် အား ဖြင့်စတုတ္ထီ ပိဘတ်သည် တဆဲ့လေးပါးသော အနက်နှိုက် ဖြစ်သည်။ ယင်းအနက်ကို စွဲ၍ပိဘတ်လည်းတဆဲ့လေးပါးပြားသည်။

အပါဒါန်အနက်။သတ္တမီအနက်။ သမ္ဗန်အနက်။ကံအနက်။ဟိတ်အနက်။တတိယာအနက်။ ဂုဏအနက်။အဒ္ဓါနအနက်။ပိပိတ္တအနက်။ ကာရကမဏ္ဍအနက်။ပဘဝအနက်။ရက္ခနအနက်၊ ဒူရသဒ္ဒါ၏ အရှည်ဖြစ် သော အနက်။ ကာလအနက်အားဖြင့်ပဉ္စမီပိဘတ်သည်။ တဆဲ့လေးပါးသောအနက်နှိုက်ဖြစ်သည်။ယင်းအနက်ကိုအစွဲပြု၍ ပိဘတ်လည်းတဆဲ့လေးပါးပင်ပြားသည်။

သမ္ပန် အနက်။ ဟိတ်အနက်။ ပူရသဒ္ဒါ၏အရှည်ဖြစ်သောအနက်။ ကတ္တားအနက်။ကံအနက်။ ကရိဏ်အနက်။အပါဒါန်အနက်။ အနာဒရအနက်။နိဒ္ဓါရဏအနက်။ သတ္တမီအနက်။အဒတ္ထအနက်။ အားဖြင့်ဆဋ္ဌီပိဘတ်သည် တဆဲ့တပါး

သောအနက်နှိုက်ဖြစ်သည်။ ယင်းအနက်ကိုစွဲ၍လဉ်းပိဘတ် တဆဲ့တပါပြားသည်။

သတ္တမီအနက်။ ကုံအနက်။နိမိတ်အနက်။ ကရဏအနက်။ပထမာအနက်။အပါဒါန်အနက်။ စတုတ္ထီအနက်။အနာဒရအနက်။ နိဒ္ဓါရဏအနက်။ ကာလအနက်။ဘာဝေနဘာဝလက္ခဏအနက်အားဖြင့် သတ္တမီပိဘတ်သည် တဆဲ့တပါးသောအနက်နှိုက်ဖြစ်သည်။ယင်းအနက်ကိုစွဲ၍ပိဘတ်လဉ်းတဆဲ့တပါးပင်ပြားသင့်သည်။

ဤဆိုအပ်ခဲ့ပြီးသောစကားအစည်ဖြင့်။ အနက်ကိုစွဲ၍ ပိဘတ်တို့၏။ ရှစ်ဆဲ့ ချနစ်ပါးပြား ဟန်ကို။ ပိဘတျတ္ထစာကိုယ်။ဋီကာများတွင်ဆိုသည်။ ။သမာသ်ဟူရာနှိုက်။ ။သမာသိယ နှိုနာမာနိ။နာမာနံသ္မသနံတထာ။သမာသောနာမ ပိညေယျော။ သမာနဝသေ ကဓာ။ ။နာမာနိ။ နှစ်ပါးကုန်သောနာမ်။များစွာကုန်သောနာမ်တို့ကို။ယဒါ။ အကြင် အခါနှိုက်။သမာသိယ နှိုဒ်။ချည်းအပ်ကုန်၏။ တဒါ။ ထိုချည်းသောအ ခါ နှိုက်။ သ မာ သောနာ မ။ သ မာသ် မည်၏ ဟူ ၍။ ပိညေယျော။သိအပ်၏။ တထာ။ ထိုမှတပါး။ နာမာနိ။နာမ်တို့ကို။သ္မသနံ။ချည်းခြင်းကို။ သမာသောနာမ။ သမာသ်မည်၏ ဟူ၍။ ပိညေယျော။သိအပ်၏။သော။ထိုသမာသ်သည်။သမာနဝသာ။ချည်းသည်၏အစွမ်းအားဖြင့်။ဧကဓါ။တပါးအပြားရှိ၏။

ဤသို့ကုစ္စာယနဘေဒမည်သောသဒ္ဒါ ကျမ်း နှိုက်မိန့်ဆိုအပ်သောဂါထါနှင့်အညီ။နှစ်ပါးကုန်သေါနါမ်ပုဒ်။များစွါကုန်သောနာမ်ပုဒ်တို့ကိုချည်းခြင်းသည်သမာသ်မည်၏။ထိုသမာသ်သည်။ တဒ္ဓိတ်ပိဂြိုဟ် ကိတ်ပိဂြိုဟ်တို့ထက်ကျယ်ဝန်းသောအရာရှိသည်။ သို့ဖြစ်၍။ ကစ္စည်းဆရာသုံးရပ်ကုန်

သောဝိဂြိုဟ်တို့တွင်။ ရှေးဦးစွာထားလေသည်။ထိုထိုပါဠိအ
ဌကထာဋီကာတို့ကိုအနက် မြန်မာပြန်ကုန်သော သုခမိန်တို့
သည်သဉ်း။သမာသ်ဝိဂြိုဟ်။တဒ္ဓိတ်ဝိဂြိုဟ်။ ကိတ်ဝိဂြိုဟ်သုံး
ရပ်တို့တွင်။ သမာသ် ဝိဂြိုဟ်ကို ရှေးဦးစွာ သိအောင် ပြုရ
ကြောင်းနှင့်။ ။ပဌမံကရေပစ္ဆေဒံ။သမာသာဒိဝတတောက
ရေ။အစရှိသည်ဖြင့်။သက္ကရာဇ်၅၉၆ ခုနှန်းတက်သောကျစွာ
နတ်ရှင်။သံပျင်မင်းသမီး၏ခင်ပွန်း သံပျင်မြေတိုင်အမတ်စီ
ရင်သည်ကျမ်းတွင်ဆိုသည်။ ။ပထမံ။ရှေးဦးလက်မွန်။ပစ္ဆေ
ဒံ။ပုန်ဖြတ်ခြင်းကို။ ကရေ။ပြုရာ၏။တတော။ ထိုနောင်မှ။သ
မာသာဒိ။သမာသ်အစရှိသောဝိဂြိုဟ်ကို။ကရေ။ပြုရာ၏။ ။
၏ကားအနက်။

မြတ်စွါဘုရားသခင်၏ဂုဏ်တော်တို့ကိုအကျယ်ဖွင့်
ဆိုရာ။အခမ်းအနား။မင်းဖွယ်စိုးရအကြီးအကျယ်တို့ကိုဖွင့်
ဆိုရာအခမ်းအနားများ နှိုက်လည်း။ သမာသ်ဝိဂြိုဟ် အများ
နှင့်အဌကထာဋီကာဆရာတို့ဖွင့်ဆို တော်မူရိုး ဖြစ်ကြောင်း
ကိုလည်း။အနုမြူခန့်သော အပြစ်ကို။ မြင်းမိုရ် ဘောင်ရှိထင်
မှတ်၍ဘေး ဟုရှုလေ့ရှိသော သိက္ခာ ကာမ။ လဇ္ဇီပေသလ
ဂုဏ်။ပညာတည်းဟူသောကေသရာဇာခြင်သေ့မင်း သည်။
သဒ္ဒနယ။အတ္ထနယစသော သား အပေါင်း တို့ ကိုသုတ်သင်
ရှင်းလင်းထိုးထွင်းသိမြင်သောအား ဖြင့်။ ဖမ်း ယူသတ်စား
လျက်။ပိဋကတ်သုံးပုံတည်းဟူသော တောသုံးထောင်နှိုက်။
အမြဲကြိုက်စားနှိုင်သော။ပိဋကတ္တယကောဝိဓ။သဒ္ဒညူ။ သဒ္ဒ
ဆေကဂုဏ်။ နိုင်ငံတော်အတွင်း။ အလုံး စုံသောသာသနာ
ရေးသာသနာမှုတို့ကို။ ကြည့်ရှုသုတ်သင်နှိုင်သောရည်သွား
သဘ္ဘိရှိရကား။ဇောင်းကလောကန်ဦးစည်း ခုံ တော်လောက
မဏ်စူဌာဒါယကာ။အမရပူရဒုတိယမြို့တည်နှန်းတဉ်ဆဒ္ဒန်

ဆင်မင်း သခင်ဘဝရှင် မင်း တရားကြီး ဘုရား လက်ထက်တော်။ရတနာပုံမြို့တည်နန်းတည်ဆဒ္ဒန်ဆင်မင်း သခင်ဘဝရှင်မင်းတရားကြီး ဘုရား ရွှေလက်ထက် တော်။ ယုံကြည်လေးမြတ်တော်မူသဖြင့်သာသနာတော်ရေးကိုလွှဲအပ်ဆောံနှင်းအပ်သော၊သာသနစိသုဒ္ဓကရဂုဏ်။ သာသန ပဇ္ဇောတဖြစ်သော။ ဇမ္ဗူဒီပါ ကျွန်း သီဟိုဠ်ကျွန်း စသည်တို့နှိုက်မှန်ကင်းတံခွန်သ ဖွယ် အ လွှန် ထင်ရှားစွာ သောဒိ သာဖ ရဏကိတ္တိသဒ္ဒဂုဏ်။စကားအရာ။အင်္ဂါလေးတန်။ လေ့ကျက်ပွန်သော။ဝါကျပဋုကဂုဏ်။ဤသို့စသေါဂုဏ်အထူးကိုဆောင်တော်မူနိုင်သော။ ငါတို့ကျေးဇူးရှင်။ ညေယျဓမ္မာ ဘိမုနိဝရညာဏကိတ္တိသီရိဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု။ရေးထုအပ်သောတံဆိပ်နာမံတော်ရှိ သောသာသနာပြုဆရာတော်ဘုရားကြီးအမိန့်တော်ရှိသည်။

သမာသ် ဝိဂြိုဟ် အများရှိက။ ဩဇဂုဏ် ဖြစ် ထွန်းကြောင်းကိုလည်းသုဗောဓာလင်္ကာရကျမ်းတွင်ဆိုသည်။ဤသို့နှစ်ပါးကုန်သောနာမ်ပုဒ်။များစွာကုန်သောနာမ်ပုဒ်တို့၏ချည်းခြင်းစပ်ခြင်းသည်။သမာသ်မည်သည်ဟုဆိုလျှင်။သန္ဓိဆိုသောအရာလည်း နှစ်ပုဒ်တို့ကို စပ်ခြင်း။ နှစ်ပုဒ်ထက်အလွန်များစွာကုန်သောပုဒ်တို့ကို စပ်ခြင်းသည်ပင်လျှင်။သန္ဓိမည်၏ဟုဆိုသော အရာနှင့်သဘောမကွဲမပြား ထပ်ဘူကြသောအရာပင်မဟုတ်သောဟူမူ။ သန္ဓိဟူသောအရာသည်။ ပုဒ်နောင်သက်သော ဝိဘတ်ကိုမချေဝဲ စပ်သော အရာဖြစ်သည်။ သမာသ်ဟူသည်ကား။ ပုဒ်နောင်သက်သောဝိဘတ်ကိုချေ၍ စပ်သောအရာဖြစ်သည်။ သို့ဖြစ်၍သဘောမဘူကွဲပြားကြံသည်ဟု။ကျမ်းတတ်အကျော်။ ဆရာတော်တို့မိန့်ဆိုတော်မူကြကုန်သည်။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ ပုဒ်စပ်ခြင်းရေတူ သောကြောင့် သဒ္ဓိ။သမာသ်နှစ်ပါး မကွဲပြားကြဝဲဖြစ်၍။ သုတေသီတို့၏. ညာဏ်နှိုက်ပသဒ်ဖြစ်ခဲ့မူ။ ဝိဘတ်ကိုမချေ ဝဲစပ်သည်ကား သဒ္ဓိ။ဝိဘတ်ကိုချေ၍စပ်သည်ကား သမာသ်ဟုမှတ်ယူသေ ဟူသောဥပဒေသ။ ယင်းသည် သမာသ်ပုဒ်နှိုက်။ ကျေလေ သောဝိဘတ်သည်သဒ္ဒါကျမ်း၏. အရင်းမူလဘူတဖြစ်သည် ကို။ ။ဝိဇ္ဇမာနောပိ သုက္ကာဒိ။ ယထာဒိပါဒိကေသတိ။ဗျတ္တိ မာယာတိကတ္တာဒိ။အထ္ထောဇဝံဝိဘတ္တိယာ။ ။ဂဗ္ဘေ။မှောင် အတိရိုက်သော ခန်းတိုက်နှိုက်။ သုက္ကာဒိ။ အဖြူ။ အနီ။ အ ကြောင်။အကျားအစရှိသောဝတ္ထုသည်။ဝိဇ္ဇမာနောပိ။ရှိလင့် ကစား။ဒိပါဒိကေ။ ဆီမီးအစရှိသောအလင်းသည်။သတိ။ရှိ ပါမှ။ဗျတ္တိ။ထင်ခြင်းသို့။အာယာတိယထာ။ရောက်နှိုင်ဘိ၏. သို့။ဇဝံ။ဤအဘူ။ ဝိဘတ္တိယာ။ ဝိဘတ်သည်။ သတိ။ရှိပါမှ။ ကတ္တာဒိအထ္ထော။ သဒ္ဒါကျမ်း၏.အရင်းဖြစ်သော ကတ္တားစ သောအနက်သည်။ ဗျတ္တိ။ ထင်ခြင်းသို့။ အာယာတိ။ရောက် နိုင်၏.။ ။ဤသို့ဆိုအပ်သောသံပျင်ကျမ်း။ဝိဘတျထ္ထစသော ကျမ်းများကိုထော် ၍သိ အပ် ၏. ဟူသောဥ ပဒေသ ကိုပြ သည်ယူရမည်။



မေးခွန်းကောံနုတ်ပါ။တသတ်စပ်နည်း၁၂ ပုဒ်တွင်း။ အဌမပုဒ်။

ဝုဒ်ရင်း၊ အသညသတ်။ဝိညာည်ပြတ်။တည်မှတ်ရုပ်နှင်နှင်။ ။ ဟူသည်ကား။

အသညသတ်ဘုံဝယ်ဖြစ်သောအသညသတ်ပုဂ္ဂိုလ် ဝိဏ္ဍတ္ထ။
တို့သည်ဝိညာည်ကင်းပြတ်သည်ဖြစ် ၍။ရုပ်နှင်နှင်သာတည်
သည်ဆိုလိုသည်။

ဤနှိုက်။အသညသတ်ဘုံနှိုက်။ လက်မွန်ရှေးဦးပုက အဝယဝတ္ထ
တူးအစ ဖြစ်သော အကြောင်းအရာ။ အသညသတ် ဘုံသို့
ရောက်ကြောင်းတရား။ အသညသတ်ပုဂ္ဂိုလ်တို့၏ဖြစ်ဟန်
တည်ဟန်အခြင်းအရာ။အသညသတ်ပုဂ္ဂိုလ်တို့ စုတေသော
သဘာဝမေ့များကို။ဗြဟ္မဇာလသုတ်။ အဘိမေ့ထွဝိဘာဝနီ
ဋီကာ။ သစ္စသံခိပ်။ ပါရာဇိကဏ်အဌကထာ စသောကျမ်း
တို့နှိုက်လာသည် အတိုင်း အမြွက်မျှထုတ် နုတ် ရေး သား
လိုက်အံ့။

အသညသတ် ဘုံနှိုက် ဖြစ်ပျက် တည်ဟန်။ ရှေးဦး
လက်မွန်အကြောင်းရင်းကား။ သာသနာ ပကာလ။ တိတ္ထိတို့
ဘောင်နှိုက်ရဟန်းပြုသောကမ္မကိရိယဝါဒီတိတ္ထိတို့သည်။အ
ဌကထာဆရာတို့အလို။ ဝါရောကကသိုဏ်နှိုက်။အချိုဆရာ
တို့အလိုအာကာသကသိုဏ်နှိုက်။ဓိစိတ္တံ။ဓိစိတ္တံအစရှိသဖြင့်
စီးဖြန်း၍ရူပါဝစရကုသိုလ်ပဉ္စမဈာန်ကိုရပြီးသော်။ စိတ်ရှိ
ကအပြစ်မျာ၏ဟုစိတ်နှိုက်တပ်ခြင်းကင်းလျက်။ ဈာန်မကျ
ပဲသေ၍။ အသညသတ်ဘုံနှိုက်ဖြစ်လေ၏။နာမက္ခန္ဓာကား။
ဤကာမဘုံနှိုက်ချုပ်ရစ်၏။ ရူပက္ခန္ဓာသာထိုအသညသတ်
ဘုံနှိုက်ဖြစ်လေသတည်း။ဥပမာကား။ လေးညှိုအဟုန်ဖြင့်ပစ်
သောမြားသည်။ လေးညှိုအဟုန်သွား သမျှကောင်းကင်သို့
ရောက်လေသကဲ့သို့။ ထိုအတူဈာန်စိတ်၏အဟုန်ရောက်သ
မျှသောအသညသတ်ဘုံနှိုက်ဖြစ်လေ၏။ မဟာကပ် ၅၀၀
ပတ်လုံး ဈာန် ၏ အဟုန်းဖြင့် အသက် ရှည် လေ၏။ ဈာန်

၏.အဟုန်ဆုတ်ယုတ် သည်ရှိသော်ကား။ ထိုအသညသတ် ဘုံမှစုတေခဲ့၍။ ဤကာ မသုဂတိဘုံနှိုက်။ ပဋိသန္ဓေသည်ဖြစ် ၏.။ထိုသို့ပဋိသန္ဓေသညာနာမက္ခန္ဓာဖြစ်ခြင်းဖြင့်။ အသည သတ်ဘုံမှစုတေခဲ့ရကား။ နာမက္ခန္ဓာသည်အသညသတ်ဘုံ သားတို့အား သေလွန် စေ တတ်သော အနာရောဂါသဖွယ် ဖြစ်သည်ကိုရည်၍။

သညူပ္ပါဒါစ ပနတေဒေဝါတမှာ ကာယာစ ဝန္တီဟု။ ဗြဟ္မဇာလသုတ်နှိုက် ဟောတော်မူသည်။ ။သညူပ္ပါဒါစ ပန။နာမက္ခန္ဓာသညာဖြစ်သောကြောင့်ကား။ တေဒေဝါ။ ထို အသညတ်ဗြဟ္မာတို့သည်။ တမှာကာယာ။ထိုအသညသတ် ဘုံမှ။စဝန္တီ။စုတိလေကုန်၏.။ ။ဤကားအနက်။

ဤလုပြည်ကသေ၍ ထိုအသညသတ် ဘုံမှာ ဖြစ်ရာ နှိုက်ကား။ ဈရိယာပုဒ်လေး ပါးတွင်။ တပါး ပါးဖြင့်သေလွန် သော်သေလွန်တိုင်းသောဈရိယာပုဒ်ဖြင့်ဖြစ်၍ ကမ္ဘာ၅၀၀ ပတ်လုံးပင်တည်မြဲတည်း။ထိုကြောင့်။ ။တေပနယေနဈ ရိယာပထေနဈဓမရန္တီ။ တေနေဝတထွနိပ္ပတ္တ နှိတိဒဋ္ဌဗ္ဗံ။ ။ တေပန။ထိုအသညသတ်ဗြဟ္မာတို့သည်ကား။ယေနဈရိယာ ပထေန။ အကြင်အရိယာပုဒ်ဖြင့်။ ဈဓ။ ဤလုပြည်က။မရန္တီ။ သေကုန်၏.။ တေနေဝဈရိယာ ပထေန။ ထိုဈရိယာ ပုဒ်ဖြင့် သာလျှင်။တထွ။ထိုအသညသတ်ဘုံနှိုက်။ နိပ္ပတ္တန္တီ။ဖြစ်ကုန် ၏.။ဈတိ။ဤဆို။ဒဋ္ဌဗ္ဗံ။မှတ်ရာ၏.။ ။ဤကားအနက်။ ။ဤ သို့အဘိဓမ္မထွ ဝိဘာဝနီ အမည်ရင်း ရှိသော ဋီကာကျော်စ သည်နှိုက်ဆိုသောကြောင့်။သည်ကစုတေသော ဈရိယာပုဒ် ဖြင့်ထိုမှာဖြစ်သည်။ ဖြစ်တိုင်းပင်လည်းတည်သည်ဟု မှတ် လေ။

သည့်အရာတွင်။စကိုင်းအရိယာဝံသ မမ္မသေနာပတိ
ကား။သွားခြင်းဇူရိယာပုဒ်ကို ပယ်၍ အကြွင်း ၃ပါးကိုသာ
ယူသည့်။ဆရာတို့အား။အသညသတ်ဘုံနှိုက်ဇူရိယာပုဒ်ကို
ဖြစ်စေတတ်သောစိတ်စေတနာမရှိရကား။ဇူရိယာပုဒ်အတု
သာဖြစ်သည့်။ကျမ်းဂန်လည်း။ဇူရိယာပုဒ်လေးပါးသာမည
သာဆိုသည့်ဖြစ်၍။ သွား လျက် သေ သော သူ လည်း ရှိရာ
ကောင်းသောကြောင့်။သွားဟန်ခြေလှမ်းလျက်နှင့်ပင် ထိုမှာ
ဖြစ်ကောင်းသဉ်ဟုဆိုကုန်သဉ်။ဆင်ခြင်၍ယူလေ။ ။ဤသို့
ဇူရိယာပုဒ်လေးပါးတွင်။သေသေါဇူရိယါပုဒ်တပါးပါးဖြင့်။
ထိုမှာဖြစ်သည်ဟုကျမ်းဂန်လာသောကြောင့်။ပကတိလူတို့
ကဲ့သို့လက်ခြေကိုယ်အင်္ဂါရှိမှဇူရိယါပုဒ်လေးပါးရကောင်း
သည်ဖြစ်၍။အသညသတ်ဖြဟ္မာတို့လည်း။ အခြားရူပဖြဟ္မာ
များနည်းလူယောက်ျားတို့ကဲ့သို့။ လက်ခြေ။ မျက်စိ။နား။နှာ
ခေါင်းလျှာကိုယ်အင်္ဂါသရုပ်သဏ္ဌာန်များ နှင့်ပင်ဖြစ်သည်။
သစ်သားသစ်တုံးကဲ့သို့မဟုတ်။စ ဘ္ဆု။သောတ။ဃာန။ဇိဝှါ။
ကာယ။ ပသာ ဒ။ အဟာရ ဇရုပ် များ ကား မရှိဟု မှတ်ရာ
သည်။ ။ယင်းမှတပါး။ အသညသတ်ပုဂ္ဂိုလ်တို့အား။ အ
သက်အပိုင်းအခြားကမ္ဘာ ၅၀၀စေ့၍စုတေ့သည်ကာလ။ရှေး
အသညသတ်ဘုံမှာ မဖြစ်မီက။ ပြုခဲ့သောကံ၏ အစွမ်းအား
ဖြင့်။ယခုအသညသတ်ဘုံမှ။အခြားမဲ့နောံဘဝနှိုက်ဖြစ်သော
ပဋိသန္ဓေနာမက္ခန္ဓာအား။ ကံ။ ကမ္မနိမိတ်။ ဂတိနိမိတ် ၃ပါး
တွင်။တပါးပါးဖြစ်၍ထင်လှာပြန်သည်။ခပ်သိမ်းသောသူ တို့
၏ပဋိသန္ဓေနာမက္ခန္ဓာသည်။ ဤအာရုံသုံးပါးတွင်တပါးပါး
ကိုအာရုံပြုမြဲ။ကံ။ ကမ္မနိမိတ်နှစ်ပါးကား။ လွန်လေပြီးသော
အတိတ်။ ဂတိနိမိတ်ကား။ ထင်လှာဆဲ ပစ္စုပ္ပာန်တည်း။ ။
ထိုသို့အသညသတ်ဘုံ က စုတေ့သော ပုဂ္ဂိုလ် အား။ ကမ္ဘာ

၅၀၀ခြားလျက်ပင်။နာမက္ခန္ဓါဖြစ်လှာပြန်၍အသညသတ်ဘုံ မှာမဖြစ်ဖီ။ရှေးဘဝကပြုခဲ့သောကံ၏၊အစွမ်းအားဖြင့်အာရုံ ထင်လှာပြန်သော အကြောင်းကို ပြအံ့သောဌာ။ သစ္စ သံခိပ် ကျမ်းနှိုက်။

ဘဝန္တရကတံကမ္မံ။ယဟောကာသံလဘေတတော။ ဟောတိ သာသန္ဓိ တေနေဝ။ ဥပဌာပိ တဂေါ စရေ။ ။ဟူ သောဂါထာကိုဆိုသည်။ ။ဘဝန္တရကတံ။ အသညသတ် ဘဝမှတပါးရှေးဘဝကပြုခဲ့သော။ယံကမ္မံ။အကြင် ကံသည်။ ဩကာသံ။အကျိုးပေးခွင့်ကို။လဘေ။ ရ၏၊။တတော။ထိုသို့ရ သောကြောင့်။တေနေဝ။ထိုကံသဉ္ဇသာလျှင်။ဥပဌာပိတဂေါ စရေ။ထင်စေအပ်သောအာရုံ၃ပါးတွင်တပါးပါးနှိုက်။ သာ သန္ဓိ။ထိုအသညသတ်ဘုံမှစုဘော့၍ တပါးဘုံနှိုက်ဖြစ် သော ပဋိသန္ဓေသည်။ဟောတိ။ဖြစ်၏၊။ ။ဤကားအနက်။

အသညသတ်ဘုံမှာမဖြစ်ဖီ။ ရှေးဘဝကစုတိစိတ်နာ မက္ခန္ဓာသည်။ အသညသတ်ဘုံနှိုက်ဖြစ်၍ ကမ္ဘာ ၅၀၀ပတ် လုံးတည်သောရူပက္ခန္ဓာအားအနန္တရ ပစ္စည်း မ တပ်။ အဘဲ ကြောင့်နည်းဟူမူကား။ရုပ်သည်အနန္တရပစ္စည်းပစ္စယုပ္ပာန်မ ဖြစ်သောကြောင့်တည်း။ရဟန္တာမှတပါး။ခပ်သိမ်းသောသူတို့ ၏၊ရှေးဘဝကစုတိစိတ် နာမက္ခန္ဓာသည်။ နောံဘဝနှိုက်ပဋိ သန္ဓေနာမက္ခန္ဓာအား။အနန္တရပစ္စည်းတပ်မြဲ။ရဟန္တာ တို့မှာမူ ကား။စုတိနောင်ပဋိသန္ဓေမဖြစ်ပြီရကား။ ပစ္စည်းတပ်စရာမ ရှိသတည်း။

အရှင်သောဘိတသည်။ယခုကိုယ်တော်အဖြစ်နှိုက်။ ပဋိသန္ဓေကစ၍ပဋိလောမအပြန်အားဖြင့်ပုပ္ပေနိဝါသအဖြစ် ကိုကြည့်ရှုသည်တွင်။ ရှေး ၃ဖြစ်မြောက် နှိုက်။ စုတိကိုသာ မြင်၍။ထိုပဋိသန္ဓေစုတိစိတ်နှစ်ပါး တို့၏၊ အကြားနှိုက်။နာ

မက္ခန္ဓာမပါ။ ရူပက္ခန္ဓာသာဖြစ်သောအသညသတ်အဖြစ်ကို မြင်ခြင်းဌာမတတ်နှိုင်လေသော်။ ငါကားဒုတိယဘဝနှိုက်။ အသညသတ်ဘုံမှာဖြစ်သည်ဟူ၍နည်း ယူသဖြင့်။ အသညသတ်အဖြစ်ကိုတွေး ဆ တော်မူလျက်။ တကြိမ် သော အာဝဇ္ဇန်းရှိသောတချက် သောဝိထိစိတ်ဖြင့်။ ကမ္ဘာ ၅၀၀အဖြစ်ကိုအောံမေ့နိုင်သောပုဗ္ဗေနိဝါ သညာ ဏလာ ဘိရဟန်းတို့တွင်သောဘိတမထေရ်မြတ်ပေသည် ဟုဇတဒဂ် တင်ထားတော်မူကြောင်းကို။ပါရာဇိကဏ်အဌကထာနှိုက်လာသည်။ ဤအရာများကား။ ခဲခက်သည်ချည်း။ စကားအဆို အမိန့်ကို ဆင်ခြင်၍မှတ်သား ရန်ခက်ဆစ်အပိုင်း ဖြစ် သော ကြောင့် ရေးထိုက်သည်။ သိအောင် မေးမြန်း ကြီစည် တော်မူကြစေ ကုန်သတည်း။

ဤစကားရပ်ဖြင့်။အသညသတ်ပုဂ္ဂိုလ်တို့စုတေ့မည် ဥပဒေသ။ တွင်။အသညသတ်ဘုံနှိုက်မဖြစ်မီက ပြုခဲ့သောကံ၏ အစွမ်း ဖြင့်။အသညသတ်ဘုံမှ အခြားမဲ့နေဝံဘဝနှိုက် ဖြစ်သောပဋိသန္ဓေနာမက္ခန္ဓာအားဘဝန္တရကမ္ဘာ ၅၀၀ခြားလျက်။ကံကမ္ဓနိမိတ်ဂတိနိမိတ်သုံးပါးတွင် တပါးပါးဖြစ်၍ ရှေးရှေးသောကံသည်။နေဝံနေဝံသောကံအားအနန္တရပစ္စည်း တတ်သဖြင့်။ စုတိပဋိသန္ဓေဖြစ်ကြောင်းကိုပြဆိုသဖြင့်။ ပြုကျင့်ဆည်းဖူး အပ်သောကုသိုလ်ကံအကုသိုလ်ကံတို့သည် အခွင့်ရက။ပဋိသန္ဓေပဝတ္တိအခါတို့နှိုက်။ ယထာရဟအကျိုးပေးမြဲမျဖြစ်သည်ဟု။ကံကံ၏အကျိုးကိုယုံကြည်လေးမြတ်ခြင်းသဒ္ဓါတရားကိုဖြစ်စေပြီးလျှင်။ ခပ်သိမ်းသောအမျိုး ကောင်းသားအမျိုးကောင်းသမီးတို့သည်။ ဆယ်ပါး။ နှစ်ဆယ်။ သုံးဆယ်။ လေးဆယ်သောဒုစရိုက်တို့ကိုမပြုမကျင့်မူ၍။ ဆယ်ပါး။နှစ်

ဆယ်။သုံးဆယ်။ လေးဆယ်သောသုစရိုက်တရားတို့ကို။တနေ့ထက်တနေ့။တလထက်တလ။ တနှစ်ထက်တနှစ်။တဘဝထက်တဘဝ။ကြီးရင့်ပွားများအောင်။ ကျိုးစားအားထုတ်ရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

မေးခွန်းကောံနုတ်ချက်ပါ။ တသတ် စပ်နည်း၁၂ပုဒ်တွင်။နဝမပုဒ်။

အနဝတတ်။ ငါးတောင်ညွတ်။ ရေမြတ် ကြည်လင်
ပုဒ်ရင်း။ လင်။ ။ဟူသည်ကား။

ဗိဏ္ဍတ္ထ။ အိုင်ကြီးခုနစ်အိုင်တို့တွင်။ သုဒဿနတောင်။စိတ္တရတောင်။ ကာလ တောင်။ ဂန္ဓမာ ဒန တောင်။ ကေ လာသ တောင်။ဟူသောတောင်ငါးလုံးတို့သဉ့်ခြံရံအပ်သည်ဖြစ်၍။ ယင်းတောင်ငါးလုံးတို့၏့အထွတ်တို့သည်။ ကီးနှုတ်သန္တာန်အတွင်းသို့ညွတ်လျက်။ဖုံးအုပ်အပ်သော အောံအပြင်ကားမြင်းသီလာကျောံ အတိပြီးသည်ဖြစ်၍ ဖန်အဆင်း နှင့်တူသေါလိပ်ငါးတို့၏့မှီခိုရာ။ဘုရားပစ္စေကဗုဒ္ဓါရဟန္တာ။တန်းခိုးကြီးသောနတ်တို့ သုံးဆောင်သောံချိုး ပျော်ပါးရွှင် မြူးရာဖြစ်သော အနောတတ်အိုင်နှိုက် ရှိသောရေ။ ပြွန်လေးပါးမှ ဆင်းသက်သောရေတို့သည် အလွန်ကြည်လင်သည် ဆိုလိုသည်။

အဝယဝတ္ထ။ ဤနှိုက်။အနောတတ်အိုင်။ ထိုအိုင်လျှင် အမှူးရှိသော အိုင်ကြီးခုနစ်အိုင်။ထိုအိုင်တို့၏.တည်ရပ်။ အနောတတ်အိုင်

ကိုရံသောတေါင်ငါးလုံး။ထိုတေါင်တို့၏.အခြင်းအရာ။အနေါ
တတ်အိုင်နှိုက်ရှိသောပြွန်လေးပါး။ ထိုပြွန်လေးပါးမှထွက်
သောအာဝဋ္ဌနဒီတို့၏.အကြောင်း အရာများ ကို။ အဘိဓာန်
စာကိုယ်။သာရထွဒီပနီဋီကာ။ ဇိနာလင်္ကာရဋီကာ။ဝိသုဒ္ဓဝိ
လာသိနီအဌကထာ။မနောရထပူရဏီအဌကထာ။အဘိဓါန်
ဋီကာစသောကျမ်းဂန်ထွက်စကား။ အထူးထူးသောပျိုးက
ဗျာမော်ကွန်းဇေချင်းရတုအထောံအထားများကို။ စကားအ
လျည်းသင့်ရာအကျည်းအမြွက်မျှ ထုတ်နုတ်ရေးသားလိုက်
အံ့။

ဇမ္ဗူဒီပါ မြေဝံကျွန်းဦး အရပ်မှသည်။ အချင်းအား
ဖြင့်ယူဇနာသုံးထောင်။အဝန်းအားဖြင့်ယူဇနာကိုးထောင်ရှိ
သောဟေမဝန္တာ တောင်မင်းသည်။ အမြင့်ယူဇနာငါးရာနှင်
နှင်။လူနေသုံးထောင်ထက်လွန်၍တည်လေ၏.။ ထိုဟိမဝန္တာ
တောင်မင်း၏.အထွတ်နှိုက် ရှစ်သောင်းလေးထောင်မျှလောံ
သောတောင်ငယ် တောင်ထွတ်တို့ သည်လည်းကောင်း။အ
ချင်းယူဇနာငါးဆယ်။ အဝန်းယူဇနာတရာငါးဆယ်ရှိသော
အိုင်ကြီးခုနစ်အိုင်တို့သည်လည်းကောင်းတည်ကုန်၏.။ အိုင်
ကြီးခုနစ်အိုင် အမည်ကား။ အနောတတ္တအိုင်။ ကဏ္ဏမုဏ္ဍ
အိုင်။ရထကာရအိုင်။ဆဒ္ဒန္တအိုင်။ကုဏ္ဍာလအိုင်။ မန္ဒာကိနီ
အိုင်။သီဟပပါတအိုင်။၏ခုနစ်အိုင်တည်း။ထိုကြောင့်မာဂဓ
အဘိဓာန်စာကိုယ်တွင်။

အနောတ တ္တော တထာကဏ္ဏ။ မုဏ္ဍောစရထကာရ
ကော။ဆဒ္ဒန္တောစကုဏ္ဍါလောစ။ဝုတ္တာမန္ဒါကိနိတ္ထိယံ။တထာ
သီဟပပါ တောသိ။ ဇေတေသတ္ထ မဟာသရာ။ ။အနော
တတ္တေါ။အနေါတတ္တအိုင်။တထါ။ထိုမှတပါး။ကဏ္ဏမုဏ္ဍေါ။
ကဏ္ဏမုဏ္ဍအိုင်။ ရထကာရကော။ရထကာရအိုင်။ဆဒ္ဒန္တော။

ဆဒ္ဒန်အိုင်။ကုဏ္ဍာဧလ။ကုဏ္ဍာလအိုင်။မန္ဒာကိန့်။မန္ဒာကိန့်အိုင်။ဇုတ္ထိုးဆံ။ဆုတ္ထိလင်ဒိုက်။ဂုတ္တ။ မိန့်အပ်ကုန်ဏ်။။တထာ။ထိုမှတပါး။သိဟ္ဘပပါတော။သိဟ္ဘပပါတအိုင်။ ဇုတိဇတော။ ဤသည်တို့ကား။သတ္တ။ ခုနစ်ပါး ကုန်သော။ မဟာဝဿရာ။ အိုင်မည်ကုန်ဏ်။။ဟူ၍ဆိုသည်။

ထိုခုနစ်အိုင်တို့တွင်။ အနောတတ္တအိုင်ကိုရံသော။သုဒဿနတောင်။စိတ္တရထတောင်။ကာသကူဋတောင်။ဂန္ဓမာဒနတောင်။ကေလာသကူဋတောင်။ယင်းတောင်ငါးလုံးတို့သည် အနုံအားဖြင့်ယူဇနာငါးဆယ်။အလျားအားဖြင့်ယူဇနာနှစ်ရာ။ အစေ့အားဖြင့် ယူဇနာနှစ်ရာနှင့်နှင်။ တောင်သွန့်တို့ သည် ကျိုးနွံတ်သိုးသဏ္ဌာန်။ အနောတတ္တအိုင်သို့ယွန်း၍ချည်းတည့်ကုန်ဏ်။ထိုတောင်တို့တွင်။ သုဒဿနတောင်ကားရွှေဖြင့်ပြီးဏ်။စိတ္တကူဋတောင်ကား။ရတနာဆုနစ်ပါးဖြင့်ပြီးဏ်။ကာလကူဋတောင်ကား။ မျက်စဉ်းဖြင့်ပြီးဏ်။ဂန္ဓမါဒနတောင်ကား။ တောင်လျှည်တောင်ဝှမ်း ဖြင့်ပြီးဏ်။ဟုသာရတ္ထဒီပနီဋိကာစသောကျမ်းတို့နိုက်ဆိုသည်။ ဇိနာလင်္ကာရဋိကာနိုက်ကား။ မသာရဂလ်ဖြင့် ပြီးသည်ဟုဆိုဏ်။။ ကေလာသကူဋတောင်ကား။ ပွဲဖြင့်ပြီးဏ်။။ ဂန္ဓမာဒနတောင်သည် အတွင်းနိုက်ပဲနေဝံမြဲအဆင်းဂိုဏ်။။ အကျင်ကရမက် နံသာမျိုးဆယ်ပါးဖြင့်တင့်တယ်ဏ်။။အထူးထူးသောဆေးတို့ဖြင့်ဖုံးလွှမ်း၍။လဆုတ်ပက္ခဥပုဒ်နေ့တို့နိုက်။ မီးတေဝံမီးလျှံကဲ့သို့ ထွန်းပဏ်။။ ထိုဂန္ဓမာဒနတောင်နိုက်။အဂ္ဂင်ပင်စွယ်ကဗွဒါတို့နေရာနန္ဒမူအာမည်ဂိုသော ဇွန်ဂုံပထွဖြားဂ။ငွေဂ။ဟူ၍သုံးဂ။ဂိုဏ်။။ထိုသုံးဂ။တို့တွင်။ ပထွဖြားဂ။အနိုးနိုက်။ အမြင့်တယူဇနာအချင်းတယူဇနာဂိုသောမဏ္ဍ။သက ပန်းပင်ရောက်ဏ်။။ ထိုပန်းပင်

သည်ရေပန်းကြီည်း ပန်းအလုံး၊စုံပွင့်၏။ အရှင်ပစ္စေကဗုဒ္ဓါ တို့စည်းဝေးတော်မူသနေ့နို့က်။ အထူးသဖြင့်ပွင့်၏။

ထိုအနောတတ္တာအိုင်၏.အောံအပြင်ကား မြင်းသိလာ ကျောံဖြာအပြင်သာတည်း။ ပန်အဆင်းနှင့် တူသောငါးလိပ် ဂိုဏ်၏။ ကြီည်လင်သန့်ရှင်းစွာသောမြအဆင်းနှင့် တူသောရေ လည်းဂိုဏ်၏။ ဟုရားပစ္စေကဗုဒ္ဓါရဟန္တာတန်းခိုးကြီးသော ရ သေ.သိကြား၊စသောနတ်တို့ချီး သောံကစားရာများစွာသော စောင်းတန်းလွှကဲ့းလည်းဂိုဏ်၏။

ထိုအနောတတ္တာအိုင်နို့က်။လေးပါးသောပြန်တို့သည် ဂိုကုန်၏။ထိုလေးပါးသော ပြန်တို့ထွင်။ အနောံမျက်နှာဆင် ခံတွင်းပြန်မှထွက်သောရေသည်။အနောတတ္တာအိုင်ကိုလက် ယာရစ်သုံးပတ်လည်၍အနောံဝဂ္ဂ၀ိသို့ရှု၍ ဂျသွားပြီးလျှင်။အ နောံသမုဒ္ဒရာသို့ပေါင်းလေ၏။ မြောံမျက်နှာမြင်းခံတွင်းပြန် မှထွက်သောရေသည်လည်း။ အနောတတ္တာအိုင်ကိုလက်ယာ ရစ်သုံးပတ်လည်၍ မြောံတ၀ိသို့ရှု၍ ဂျသွားပြီးလျှင်။ မြောံ သမုဒ္ဒရာသို့ပေါင်းလေ၏။ အရှေ့မျက်နှာခြင်သီ.ခံတွင်းပြန် မှထွက်သောရေသည်လည်း။အနောတတ္တာအိုင်ကိုလက်ယာ ရစ်သုံးပတ်လည်၍ အရှေ့တ၀ိသို့ ရှု၍ဂျသွား ပြီးလျှင်အရှေ့ သမုဒ္ဒရာသို့ပေါင်းလေ၏။ တောင်မျက်နှာ နွားခံတွင်းပြန်မှ ထွက်သောရေသည်ကား။ အနောတတ္တာအိုင်ကြီးကို။ လက် ယာရစ်သုံးပတ်လည်ပြီးလျှင်။ တောင်သို့ရှု၍ဂျကျောံဖြာအ ပြင်ဖြင့်ယူဇနာခြောံဆယ် တိုင်တိုင် စီးလာ၏။။ ဤသို့တဆဲ့ နှစ်ခွလည့်၍နေသောမြစ်ကိုအာဝဋ္ဋဂင်္ဂါဟူ၍။မဏ္ဍိမပဏ္ဏာ သပါဠိတော်ပေါတလိယသုတ်အဋ္ဌကထာ။ အဋ္ဌင်္ဂုတ္တရပါဠိ တော် ပဟာရာဒသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်ပါဠိတော်

သေလသုတ်အဌကထာ။သာရထ္ထဒီပနီဋီကာ။ ဇိနာလင်္ကာရ ဋီကာစသောကျမ်းများတွင်ဆိုသည်။

အနဝတတ်အိုင်ကိုရံသောတောင်ငါးလုံးတို့နှိုက်နတ် ဘီလူးနဂါး ဂဋ္ဌုန်တို့ တန်းခိုးဖြင့်မိုးရွာသောကြောင့်။ အနဝ တတ်အိုင်တွင်ရေ မကုန်နိုင် ကြောင်း ကို။ အဌအင်္ဂုတ္တိုရ်ပ ဟာရာဒသုတ်အဌကထာတွင်ဆိုသည်။

ယင်းအနောတတ္တအိုင်ဟောအနောတတ္တသဒ္ဒါမှာ။ဒန္တ ဇတတိယက္ခရာဒဒွေးနှင့်အနော ဒထ္ထဟုစာအများရှိကြသည် ကားပါဌ်ပျက်။အနောတတ္တဟုဒန္တဇပဌမက္ခရာဝမ်းပူတနှင့်ရှိ မှသာလျှင်အဌကထာဋီကာနှင့် ညီညွတ် သည်ဟု အမြဲယူ မှတ်ရမည်။ထိုကြောင့်။

ပဗ္ဗတကုဋေဟိပဋိ စ္ဆန္နတ္တာစဒ္ဒိမသူရိ ယာနံသန္တာပေ ဟိသြတတ္တံဥဏ္ဍ ဥဒကံဇတ္တေနထ္ထိတိ အနောတတ္တော။ ဟူ သောပုဗ္ဗကမ္မဗိလောတိကထေရ်အပါဒါန် ဧကူန စတ္တလီသ ဝဂ်အဖွင့်ဝိသုဒ္ဓဇနဝိလာသိနီအဌကထာ။ ။သူရိယရံသိ သဖုဌာ ဘာဝေနနာဝတပတိတိအနောတတ္တော။ ဟူသောအ ဘိဓာန်ဋီကာတို့နှိုက်မိန့်သည်ကိုရှု။

ထိုအနောတတ်အိုင်ကို။ ယခင် ရေးသားခဲ့သည် အ တိုင်း။ ကုမ္မာဘယဟျိုးတွင်။ ။ထိုရောအခါ။ သီတာ လေး မည်။ တွက်သည်ညာပတ်။ နဝတတ်ကို။ ခညွတ်ဝိုက်ချုံး။ တောင်ငါးလုံးတွင်။ဟူသည်ကိုဂင်း။

မောင်ရာဆို။မင်းနန်ဟျိုးတွင်။ ။ရှက်ကာငါးသွယ်။ သည်တောင်လယ်နှိုက်။တဆယ်နှစ်ထွေ။ မြဲယည်ရေသည်။ လေးထွေပြွန်မှ။ ဘွင်းဘွင်းကျလျက်။ ခနှင့်ပညာ။ ယူဇနာ တည်။ နတ်သာစံမှတ်။ နေရောင်လွှတ်သည်။နဝ တတ်တွင် မည်။အိုင်မင်းတည်၏။ဟူသည်ကိုဂင်း။

စမ္ပေယျပျိုးသစ်တွင်။ ။ငါးပြိုင်ခေါင်ထွတ်။တောင်လုံးညွတ်လျက်။အာဝဋ်ယည်သာ။လှိုင်းရစ်ဖြာသည်။ မဟာသရ။နောတတ်မှလျှင်။ သီဟဂဇ။ဥသဘနှင့်။ အဿမုခီ။နဒီဘက်မဲ့။တဆဲ့နှစ်ခွေ။တွေတွေစီးကျ။ဟူသည်ကိုဂင်း။

ရာဇသူရိယဆို။ မာန်အောင်ရတနာဒါ ယကာဧချင်းတွင်။ ။တောင်ငါးလုံးတည်။ ပိတ်ဖုံးရုံပတ်။ကောင်းကင်ထွတ်က။မပြတ်တွေတွေ။ရွာချစွေ၍။ရစ်ခွေလက်ျာ။ဆဲ့နှစ်ခါတွင်။ပြုပ္ပါအနေဝံ။တောင်မြောံမရွေ။ခြသေ့ဆင်မြင်း။နွါးရုပ်ဆင်းဟု။ခံတွင်းလေးဖြာ။သီတာရေကျောံ။မနှောံမရှက်။စီးကြထွက်သည်။ ။မြစက်ပုံမယွင်းတည်လည်း။ မြစက်ပုံမယွင်းတည့်လည်း။ဟူသည်ကိုဂင်း။

မကွေး တရာစား ဆိုရတု တွင်။ ။ရုံဝန်း ပြောင်လည်။ချမ်းဧကြည်သား။ နေခြည်မစက်။ ယွန်းထွက်ညိရုံး။ ငါးလုံးလှတင့်။စည့်သင့်ညီညွတ်။ နဝတတ်၏။ ဟူ သည်ကိုဂင်း။

ရွှေမင်းဘုန်းဆင် တော် မော် ကွန်း တွင်။ ။ငါး လုံး တောင်ထွက်။ ခိုက်လုညွတ်မျှ။ နဝတတ်ဧမြေ။ ယုတ်ကျလေတန်။စီးရေသန်သို့။ဟူသည်ကိုဂင်း။

နဝဒေဆို။ ပိလာသနီမော်ကွန်းတွင်။ ။ဆဲ့ နှစ်ခွေပြိုင်။နောတတ်အိုင်သို့။ငါးဆိုင်တောင်စပ်။တည့်ရာရပ်တွင်။ ဟူသည်ကိုဂင်း။

လောကပိဒူမော်ကွန်းတွင်။ ။သုဒဿန။စိတ္တရနှင့်။ ကာလဂန္ဓမာ။ကေလာဂီထွတ်။ ညွတ်၍ညွတ်၍။ရွှေသို့ရွှေသို့။ပိတ်ဆို့ပတ်ခြီ။နောတတ်ရုံရှင့်။ဟူသည်ကိုဂင်း။

ထော်၍ကျမ်း ဂန်များ နှင့်တပြေး ညီ စေ လျက်။ရှေး ပညာရှိတို့စပ်တော်မူကြသည်ဟုနှလုံးသွင်းတော် မူကြစေသ တည်း။

ဥပဒေသ ဤစကားရပ်ဖြင့်။အနောတတ်အိုင်နှိုက် တည်ရှိသော ရေသည်တောင်ငါးလုံးတို့ဖြင့်ခြံရံဖုံး အုပ် အပ်သည်ဖြစ်၍။ နေရောင်တို့သည်မထွန်းကြောံရကား။ အလွန်ဇသောကြည် သောရေရှိသည်။ထိုဇသောကြည်သောအနောတတ်အိုင်ရေ ကို။ဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်မြတ်။တန်းခိုးကြီးသော နတ်။မြတ်သောယောဂီတပသီရသေ့တို့သည်နှလုံး မွေ့လျော် စွာသုံးဆောင်ချိုးသော်တော်မူကြကုန်သည်ဟူသောအနွယ စကါးကိုထော်လျှင်။မသန့်မရှင်းမစင်မကြယ်နော်ကျုသော ရေရှိသောပက်ကားထုံးအင်း အိုင်တို့နှိုက်သော်ကား။ ထို ပုဂ္ဂိုလ်အရှင်မြတ်တို့သည်မချိုးမသော်မမှီမဝဲ ဟူသောဗျတိ ရိတ်ဖြစ်သင့်သည်။ယင်းသို့ပြအပ်ခဲ့ပြီးသောအနွယစကား။ဗျ တိရိတ်စကား နှစ်ရပ်ကိုထော်သဖြင့်လည်း။ နှစ်ရာနှစ်ဆယ် သောဩဒိဿမေတ္တာ။သုံးရာရှစ်ပါးပြား သော အနောဒိဿ မေတ္တာ။ နှစ်စုငါးရာနှစ်ဆဲ့ရှစ်မေတ္တာများသည်။ ပြဆိုခဲ့ပြီး သောအနောတတ်ရေ ထက်ဆ တက် ထောင်ရာမက ကြည် လင်ဇမြဲသောသဘောရှိသည်။ယင်းသို့ဖြစ်၍။ ရှေးရှေးသော အရိယာသူတော်ကောင်း အလောင်းတော်တ ကာတို့သည်။ ယင်းမေတ္တာတရားကိုပွားများ ခြင်းနှိုက်။ သုခံသုပ္ပတိဆဲ့တ ပါးသောအကျိုးထူး တရား အပေါင်း တို့ကိုအ လွန်နှစ်သက် တော်မူကြကုန်သည်ဖြစ်၍။ယင်းမေတ္တါကိုပွားများခြင်းနှိုက်။ မွေ့လျော်ပျော်ပိုက် တော် မူကြကုန်သည်။ အဒေါ သစေတ သိက်ဟုဆိုအပ် သော မေတ္တာ တရား ၏.ဆန့်ကြင်ဘက်ဖြစ်

သောဒေါသတရားမှာမူကား။အလွန်နောံကျုလှစွါသောပက်
ကားထုံးအင်းအိုင်ရှိရေတို့ထက်ဆတက် ထောင်ရာမကနောံ
ကျုလှသဉ်ဖြစ်၍ပဟာတပွတရား၏ အဖြစ်ဖြင့်။ယင်းဒေါသ
တရားကိုပယ်အပ်သည့်စွန့်အပ်သည်။ဒေါသကိုမဖြစ် စေရာ
မဖြစ်စေအပ်စသည်ဖြင့်ဒေါသနှိုက်များသောအပြစ် ကိုမြှင်
လည်းမြင်တော်မူကြကုန် သည်။မြင် သည် အတိုင်း ကြည့်
လည်းကြည့်ရှောင်တော်မူကြကုန်သည်။ ကြည့်ရှောင်တော်
မူသည်အတိုင်း။ခပ်သိမ်းသောသူတို့ကို လည်း ဒေါသ၏အ
ပြစ်ကိုမြှင်အောင်ပြတော် မူ ကြ ကုန် သည်။ ကြည် အောင်
လည်းဆုံးမတော်မူကြကုန် သည်။ ယင်းသို့ ဖြစ်၍။ ဘုရားစ
သောအရိယာသူတော်ကောင်းတို့မပျော်မ မွေ့ မနှစ် မသက်
အပ်သောပက်ကားထုံးအိုင်ရေနောံနှင့် တူ သောဒေါ သကို
ပယ်ခွါစွန့်ပြစ်ကြကုန်သည်ဖြစ်၍ဘုရားစ သော အရိယာသူ
တော်ကောင်းတို့ပျော်မွေ့ရာဖြစ် သောအနော တတ် အိုင်ရေ
နှင့်အတူရေမျှမက။ ဇမြေကြည်လင်လှစွာသောမေတ္တာ တရား
ကို။ပွားများရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။



မေးခွန်းကောံနှတ်ချက်ပါ။တသတ်စပ်နည်း ၁၂ တွင်။
ဒသမပုဒ်။

ဗုဇွန်ကြီတတ်။ ဗျိုင်း လည် ပြတ်။ ရွှေ ကတ် ကျေးအ ပုဒ်ရင်း။
သွင်။ ။ဟူသည်ကား။

ကေနိပါတ်ဗ ကဇာတ်နှိုက် ဟောထော် မူအပ်သော ဗိဏ္ဍတ္ထ။
ဗျိုင်း။ထိုဗျိုင်းသည်။မိမိအောံယုတ်သောပညာရှိသောငါးအ

ပေါင်းတို့ကို။ စားပြီး၍အိုင်တွင်ကျန်သောဗုဒ္ဓန် ကိုစားမည်
တွင်။ဗျို့င်း၏.အပေယျာနိသောမနသိကာရဇာသဟပ ကတဖြစ်
သောညာဏ်အမြင်ထက်လွန်သောဗုဒ္ဓန်သည်။အိုင်မှဗျိသွား
မည်။ဗျို့င်းလည်နှိုက်။ တက်မဖြင့်ညှပ်ခြင်း။ ဗျို့င်း၏.အမှအာ
ရာကိုဆင်ခြင်ခြင်း။ဝိစာရဏညာဏ်နှင့် တကွလိုက် သွား၍။
ငါးတို့ကိုစားမြဲအတိုင်းစားမည် အပြုတွင်။ အစားမခံ။ ပိပိအာ
လိုဂိုရာရေအိုင်သို့ပို့စေပြီးမှ။ အလိုဂိုရာအ ရပ်သို့ရောက်ကာ
လ။ဗျို့င်း၏.လည်ကိုတက်မဖြင့်။ဩကတ်ကျေးအသွင်ကဲ့သို့
ဖြတ်ရည့်နှိုင်သည်ဖြစ်၍ဗျို့င်း ထက်လွန်သော ပညာဂိုသော
ဗုဒ္ဓန်ဆိုလိုသည်။

အဝယဝဏ္ဏ။ ဤနှိုက်။ ဗျို့င်းဗုဒ္ဓန် တို့၏. အထုပ္ပတ္တိ ကိုဆိုရာဖြစ်
သော။ဧကနိပါတ်ဗကဇာတ်။ဗျို့င်းမျိုးအပြား။ ဖြိုင်းတို့၏.အ
ခြင်းအရာ။ဗုဒ္ဓန်ဧရေးသားနည်းများကို။ဧကနိပါတ်ဗကဇာတ်။
မာဂဓအာဘိဓာန်။အမရကောသအာဘိဓာန်။ ဥပါလိ အပဒါန်။
ပါရာဇိကဏ်အဋ္ဌကထာ။ သဝဏ္ဏာသာမဇာတ်စသောကျမ်း
ဂန်။ပုံတောင်နှိုင်မော်ကွန်း။သာမုန်ဖြိုကမော်ကွန်း။ အာသံနိုင်
မော်ကွန်း။ရဲတင်းမော်ကွန်း။စမွေယျဟို့.။ သခင်မယ်ကေး ဇေ
ချင်း။ကဝိလက္ခဏာ၊မည်သို့ခိုးခန်းစသောပါဠို့.ကဗျာချေင်း။မော်
ကွန်းများကထွက်ဂိုသည်ကို။မှတ် သား ရန် အဖြွက်မျှထုတ်
နှုတ်ရေးသားလိုက်ဘုံ။

လွန်လေပြီးသောအခါ။ဘုရားအလောင်းတော်သည်။
တခုသောတောနှိုက် ပဒုမာအိုင်ကိုဖြို၍ ရောက်သောခံတက်
ပင်စောင့်နတ်ဖြစ်၏.။ ထိုရောအခါ ထိုပဒုမာအိုင်နှင့် မနီးမ
ဝေးသောမကျယ်လွန်းသောအိုင်တခုတွင်။ နွေရတုဝယ်ရေ
နည်းလေ၏.။ငါးလည်းများ၏.။ဗျို့င်းတခုသည်ထိုငါးကိုစား

ခြင်သောကြောင့်၊ ရေနားနှိုက်ကြီမှိုင်၍နေသည်ကိုအဘယ်သို့ကြီမှိုင်သနည်းဟု၊ငါးတို့ကမေးသဉ်တွင်၊ဤအိုင်နှိုက်ရေလည်းနဉ်းခဲ့။နွေရတုလဉ်းဖြစ်ခဲ့၊ဤငါးတို့ကိုဘယ်သို့ပြုရပါအံ့နည်းဟုကြီမှိုင်သည်။အကယ်၍ငါစကားကိုသင်တို့ထိုက်နာကုန်ငြားအံ့ တကောင် တကောင်စီ နှုတ်သီးဖြင့်ချီ၍၊ အဆင်းငါးပါး ရှိသောပဒုမာဖြင့်၊ ဖုံးထွမ်းသော အိုင်ကြီးသို့ဆောင်၍လွှတ်အံ့ဆိုသော်၊ကမ္ဘါဦးကစ၍၊ငါးတို့ချမ်းသာကိုကြီဘူးသောဗျိုင်းမည်သည်မရှိစဘူး၊ တကောင်တကောင်စီသင်စားလိုသလောငါးတို့ကဆိုမှ၊ ငါကိုမယုံလျှင်၊အိုင်ကြီးရှိသောအဖြစ်ကိုသိရအောင် ငါးတကောင်ကိုငါနှင့်ဘက်၍ထည့်ထိုက်ဆိုသည်တွင်၊ရေကြည်းနှိုက်ပင်၊ စွမ်းနှိုင်သောငါးနက်ကြီးတကောင်ကို ထည့်ထိုက်ကြ၏.၊ ဗျိုင်းလည်းထိုငါးနက်ကြီးကိုနှုတ်သီး ဖြင့်ဆောင်၍ထို အိုင်အလုံးစုံကိုပြပြီးမှ၊ငါးတို့အထံ၊တဖန်ဆောင်ခဲ့ပြန်၏.၊ ငါးများသည်း၊ထိုငါးနက်ကြီးပြောဆိုချီးမွမ်းသောအိုင်၏.အကြောင်းကိုကြား၍ငါးတို့ကိုဆောင်ပါဟုဗျိုင်းကိုတောင်းပန်ကုန်သော်ထိုငါးနက်ကြီးကိုပင်ရှေးဦးစွာဆောင်၍ ခံတက်ပင်နှိုက်နားလျက်အခွကြားနှိုက်ထားပြီးမှ၊ နှုတ်သီးဖြင့်သတ်စား၍အခိုးကိုခံတက်ပင်ရင်းနှိုက်ချ၏.၊ဤနည်းနှင်နှင်၊ တကောင်တကောင်စီဆောင်၍သတ်စားဖန်များသဖြင့်၊ ငါးအလုံးကုန်၍၊ ဗုဇွန်တဆုသာကြွင်းလေသတည်း၊ဗျိုင်းလည်း၊ ထိုဗုဇွန်ကိုစားသို၍ထိုအိုင်သို့ဆောင်အံ့ ဆိုလေသော်၊ ငါကိုသင်နှုတ်သီးဖြင့်ဆောင်လျှင်ကျစေလတံ့၊ မြဲစွာသင်မဆောင်နိုင်ရာငါသက်မဖြင့်၊သင့်လည်နှိုက်၊မြဲစွာဘွဲ့၍လိုက်ပါအံ့ဟုဆို၏.၊ ထိုသို့ဆိုသည်အလိုကား၊အကယ်၍ဗျိုင်းဆိုသည်အတိုင်းအိုင်မှာလွှတ်လျှင်လွှတ်စေ၊ မလွှတ်လျှင် လက်မဖြင့် သင့်လည်ကို

ညှပ်၍သတ်အံ့ဟု။ရေကူးညာတင်ကြီလေသတည်း။ ။ဗျိုင်း
လည်း။ ထိုအကြီကို မသိဘဲဆောင်လေ၍အိုင်ကိုပြပြီးမှ။ ခံ
တက်ပင်သို့ရှေ့ရှုသွားလျှင်။ ဗုဇွန်ကဦးရီးမင်း။ ဤမှာရေအိုင်
တကား။ ထိုသို့ဘဲ့ကြောင့်ဆောင်ဘိသနည်း ဆိုသည့်တွင်။
ဘယ်မှာနင့်ဦးရီးနည်း။ နင်လည်းငါနှမသားမဟုတ်တကား။
ငါကိုချီ၍သွားရသော်ကျွန်မှတ်သလေါ။ခံတက်ပင်နှိုက်။ငါး
ရိုးရကိုရှုလောဟု ဗျိုင်းဆိုလေသော်။ ဤငါးတို့ကိုမလိမ်မာ
သောကြောင်းနင်စားရသည်။ ငါကိုယ်ကိုစားစိမ့်သောဌါမ
ပေး။နင်ကိုသာပျက်စီးစေအံ့။ နင်မလိမ်မာသောကြောင့်။ငါ
လှည့်ဖြားသောအကြီကိုမသိလေ။ သေလည်းနှစ်ဦးပင်သေရ
အံ့။နင်ဥကျွောင်းကို ပြတ်စေ၍မြေနှိုက်ပြစ်အံ့ဟု။ ဗုဇွန်ဆိုရှ
ကတ်ကျေးဖြင့်ညှပ်ဘိသကဲ့သို့ လက်မတို့ဖြင့်လည်ကိုပြင်း
စွာညှပ်လေ၏။ ဗျိုင်းလည်း ခံတွင်းဟလျက်။ ယိုသောမျက်
ရည်ရှိသဖြင့် သေဘေးမှ ကြောံလန့်ရကား။ အရှင်ဗုဇွန်အ
သက်ကိုပေးပါဟုတောင်းပန်၏။ ယင်းသို့တပြီးကားငါကို
အိုင်မှာလွှတ်ဟုဆိုလျှင်။ဗုဇွန်ကိုချီလျက်။အိုင်သို့သက်၍ရေ
အဆုံးတွင်။ ညွှန်အပြင်နှိုက်ထားစည့်ပင်လျှင် ကတ်ကျေး
ဖြင့်ကြာရိုးကိုရည့်သကဲ့သို့လက်မတို့ဖြင့်။ ဗျိုင်းကိုရဉ်၍ရေ
သို့ဗုဇွန်ဝင်လေ၏။ ထိုသို့သော အခြင်း အရာကို မြှိုင်၍ခံ
တက်ပင်စောင့်နတ်လည်း။ တောလုံးပဲ့တင် ထပ်စေလျက်။
သာယာစွာသောအသံဖြင့်ကောင်းခြီးပေး၏။

ဤသို့လျှင်။ဗျိုင်းစဉ်းလဲနှင့်။ဗုဇွန်သူမွန်၏။အကြောင်း
ကိုဆောင်တော်မူလိုသည့်ဖြစ်၍။ စည်းလဲစဉ်းစားမပြုရာ။ပြု
သော်လည့်း။စီးပွါးချမ်းသာမမြဲရာဟု။ ဆုံးမသြဝါဒ ပေးအံ့
သောဌါ။ ။နစ္စ န္ဘံနိကတိပ္ပညော။နိကတျာသုခမေဝတိ။အာ
ရောဝေကတိပ္ပညေါဗကောကကဋာဇ္ဇုဝ။ ။ဟူ၍ဗကဇာတ်

နှိုက်ဟောတော်မူသည်။ ။နိကတိပ္ပညော။စည်းလဲစည်းစား လွှည့်ပတ်တတ်သောပညာရှိသသူသည်။ နိကတ္ထာ။စည်းလဲ စည်းစားမူသဖြင့်။အစ္စန္တံ။စင်စစ်။သုခံ။ချမ်းသာကို။နဂေတိ။ မတည့်မပွားစေနိုင်။ ကက္ကဋကာ။ ဗုဇွန်ကြောင့်။ ဗကော။ ဗျိုင်းသည်။ အာရောဂေတိဇ္ဈာဝ။ စည်းလဲစည်းစားပြုသောအ ဖြစ်ကိုရစေပြီးစေသကဲ့သို့။ကတိပ္ပညော။ စည်းလဲစည်းစား လွှည့်ပတ် တတ်သော ပညာရှိသသူသည်။ သာရောဂေတိ။ စည်းလဲစည်းစားပြုသောအဖြစ်ကိုရစေပြီးစေမြဲတည်း။ ။ ဂကနိပါဘ်။ ကုလာဝ ကဝဂ်။ ဗကဇာတ် လာစကား ရပ် တည်း။

ယင်းသည့်ဇာတ် ကို ရည်၍။ ပုံတောင်နိုင်မော်ကွန်း တွင်။ ။ဗျိုင်းထက်ဗုဇွန်။လိမ်မာပြိန်သို့။ချစ်ဟန်လွှည့်ဖြား။ဟူ ၍ဆိုင်း။ ။သာမုဒြိကမော်တွန်းတွင်။ ။ယောက်ျားဟူသည်။ လူဖို့လိတပါး။ ကျိုင်းညှိုထွားကို။ မယားဗုဇွန်။ ဗျိုင်းထက် လွန်၍။သွန်သွန်မှော်မှော်။ကျွန်လက်အောံသို့။ဟူ၍ဆိုင်း။ ။ အာသံနိုင်မော်ကွန်းတွင်။ ။ဗုဇွန်ကြံနေ။ဗျိုင်းထက်ပွေ၍။ ပြည်မွေ့မှားမတ်။ဟူ၍ဆိုင်း။ ။ရဲတင်းမော်ကွန်းတွင်။ ။မျှ လေံငကွန်။မါနိဟုန်မွန်သည်း။ဗုဇွန်ကြံဝိုင်။ ဗျိုင်းလည်တိုင် ကို။ဖြတ်ချိုင် ရိုးတွင်း။ အစိုးနှင်း၍။ သားမင်းဘုန်းခေါင်။ရှိ တိုင်းဆောင်သည်။ဟူ၍ဆိုင်း။ ။စမွေယျဟျိ့သစ်တွင်။ ။ ဗျိုင်းထက်ဗုဇွန်။ လွန်သည်ပညာ။ လိမ်မာသောလျှံ။ သူ လျှင်ကောံလည်း။သုအောံမ့ရှိ။ သိကြောင်းကြံလည်း။ ဟူ၍ ဆိုင်း။ ။သိရိဝေသူကျော်ဆို။ မင်္ဂလာသရ ဘူချိသခင်မယ် ကေးခေျင်းတွင်။ ။ရိုက်မှားသည်ကျွန်။ ထိုင်တွန်ကို။ဗုဇွန် ညှပ်ဗျိုင်း။ပြည်ရွှေကိုင်းသို့။ မဆိုင်းနေ့ရက်။ ဥကြောင်းဆက်

မှ။ဟူ၍ရင်း။ ။ကပိလက္ခဏာတွင်။ ။ဗျိုင်းထက်ဗုဇွန်။ လိမ်မာပြွန်။လွန်လေသင့်ကြမ္မာ။ဟူ၍ရင်းစပ်ဆိုသည်။

ဥဗျိုင်းခေါ်ဝေါ် ရေးသားကြသည်မှာ။ မာဂဓ အဘိဓာန်တွင်။ ။ဗကော။ဗျိုင်း။ သုက္ကကာကော။ဗျိုင်း။ဟူ၍ ပရိယာယ်၂ပုဒ်ပြသည်တွင်။ ဂဟသဒ္ဒါကို မြန်မာလိုဂြိုဟ်ခေါ်ဝေါ်သကဲ့သို့။ဗကသဒ္ဒါကိုဗျိုင်းဆိုသည်ယူရန်ရှိ၏။ ။အဘိဓာန်ဋီကာ တွင်။ ။ဗကအာ ဒါနေအ။ ဟူ၍ ဓာတ် နက်ပြသည်။ဗက။ဗကသဒ္ဒါသည်။ အာဒါနေ။ယူခြင်းအနက်နှိုက်။ ဝတ္တတိ။ ဖြစ်၏။အ။ အပစ္စည်းတည်းဆိုသည်။ ဝိဂြိုဟ်ကြီသော်။မစ္ဆာဒယော။ ဗကတိအာဒတိတိ ဗကော။ ကြီရာ၏။ အဓိပ္ပာယ်ကား။ငါးကိုကောံယူတတ်ခြင်း အနက်အဓိပ္ပာယ်ရသင့်၏။ဥဗျိုင်းဟူ၍ရေးသားသည်မှာ။ရှေးသူ ဟောင်းတို့။ ဥဒေါင်း။ဥချိုး။ ဥဗျိုင်း။ ဥသြ။ဥပုတ်ဟူ၍ရေးထုံးရှိသည်အတိုင်း။ ရေးသားလိုက်သည်။ ထိုဥဗျိုင်းဌက်တို့အသက်တမ်းမှာ။သုတ်မဟာဝါ။ သက္ကပညှသုတ်အဌကထာတွင်။ဗကာပိပဉ္စဝဿသတာနိအာယုအဟောသိဆိုသည်ဖြစ်၍နှစ်ပေါင်း ၅၀၀အသက်ရှည်ကြောင်းကိုသိရာ၏။ ။အချိုသောသူတို့ကား။ပါရာဇိကဏ်အဌကထာတွင်။ ဗလကာသုပနပူရိသောနာမနတ္ထိဟူသောပါဌ်ကို။ ဧကန်ကျမသိ၍။ ဗျိုင်းတို့မှာအဘိုမရှိကျမ်းဂန်ဆိုဏ်။ လူတို့အနီး အပါးသစ်ပင် အသိုက်များတွင်။ ဗျိုင်းဘိုဗျိုင်းမသံဝါသ ဂြိုသည်။ ပေါင်းရှည်သည်ကို တွေ့မြင်တော့ သည်။မျက်စိထက်ဟူးရားမမှန်။ကျမ်းဂန်ပင်မှါးယွင်းကြောင်းများနှင့်ပြောဆိုမေးမြန်းလေ့ပြုကြ၏။အဘိဓာန်စာကိုယ်တွင်။ဗကော။ ဗျိုင်းဖြူ။သုက္ကကာကော။ ဗျိုင်းဖြူ။ ဟူ၍ ပရိယာယ်၂ပုဒ်ပြပြီးနောံ။ ဗလကာ။ ဗျိုင်းနှမ်း။ ဗျိုင်းအောံ။ဝိသကဏ္ဌိကာ။ဗျိုင်းနှမ်း။ ဗျိုင်းအောံဟူ၍ဗျိုင်းအောံပ

ရိယာယ်၂ပုဒ် ပြလျက်ရှိသည်။ အဘိဓာန်ဋီကာတွင်။ ဗျိုင်း အောံကိုဝစနထွပြုရာနှိုက်။

ပိသသဒိဝေသာကာဋ္ဌဝဏ္ဏောကဏ္ဌော ယဿာပိသ ကဏ္ဌိကာ။ ဧတိဿာ ပုမော နာမ နပိဇ္ဇတိ။ ဝုတ္တဉ္စာပဒါ နေ။ ။ယထာဗလာကာ ယောနိမှိ။ နပိဇ္ဇတိပု မောသဒ္ဒါ။ မေဃေသုဂဇ္ဇမါနေသု။ဂဗ္ဘံ ဂဏ္ဌန္တိတာသဒါတိ။ဟူ၍။ပင်းယ ၅စီးရှင်အမတ်ကြီးသီရိမဟာစတုရင်္ဂဗလ။ဥပါဋ္ဌိထေရအပ ဒါန်ကိုဆောင်သည်။

ယဿာ။ အကြင်ဗျိုင်းအောံအား။ပိသသဒိသော။ အ ဆိပ်နှင့်တူသော။ကာဋ္ဌဝဏ္ဏော။ မည်းသောအဆင်းရှိသော။ ကဏ္ဌော။လည်သည်။ အတ္ထိ။ ရှိ၏။ ဇူတိ။ ထိုကြောင့်။ပိသ ကဏ္ဌိကာ။ ပိသကဏ္ဌိကမည်၏။ဧတိဿာ။ ထိုဗျိုင်းအောံ အား။ပုမောနာမ။ ဗျိုင်းအောံတိုမည်သည်။ နပိဇ္ဇတိ။မရှိ။စ။ သာဓကမူလိုက်အံ့။ အပဒါနေ။ အပဒါန်ပါဋ္ဌိ တော်နှိုက်။ ယ ထာဗလကာ။လ။သဒါတိ။သဒါဟူ၍။ဝုတ္တံ။ဟောတော်မူအပ် ၏။ ယထာယေနကာရဏေန။ အကြင်သို့ သောအကြောင်း ကြောင့်။မေဃေသု။မိုးတို့သည်။ဂဇ္ဇမာနေသု။ ချိမ်းကုန်သည် ရှိသော်။ဝါ။ကြိုးကုန်သည်ရှိသော်။ ဗလကာ။ဗျိုင်းအောံဌက် မတို့သည်။သဒါ။အခါခပ်သိမ်း။ ဂဗ္ဘံ။ ကိုယ်ဝန်ကို။ဂဏ္ဌန္တိ။ ယူကုန်၏။

မဂ္ဃစိုးခန်းတွင်။ ။မွေးနက်ဆံကျော။ကျီးဖျင်ပေါ ဝယ်။ မွေးနှောမပါ။ အဖြူရှာသည်။ တီမှာမရ။ ခဲခက်လှသို့။ ဆွဆွဖွေးဖွေး။ ကိုယ်မွေးမြီးတောင်။ ဗျိုင်းကုန်အောင်တွင်။ တကောင်အတို။ ရစေဆို လည်း။ အိုသော် အိုငြား။ ဌက် ယောက်ျားကို။ဝန်းလျားလှည့်ပတ်။မရတတ်သို့။ဟူ၍စပ်ဆို သည်ဆင်ခြင်။

ဗုဇွန်ရေးသားခဲ့သည်မှာ။ရာဇမတ္တဏ်ကျမ်းတွင်။ ။ ကုလိရော။ကက္ကဋုကော။အမ္ဗုဇော။ ဟူ၍ပရိယာယ်၃ပါးပြသည်။ထိုတွင်။အမ္ဗုဇဟူသော မူလမာဂဓဘာသာတွင်။အံသဒ္ဒါကျေ၍ဗုဇကိုပင်။ကာလရှဉ်လျား၍ဗုဇွန်ဟုခေါ်သည်။ ယူရန်ရှိသည်။အမ္ဗုဇသဒ္ဒါ၏.အနက်ကား။ ရေနှိုက်ဖြစ်ပွားတတ်သောအနက်ကိုရသည်။ ။ဤကားစကားချပ်တည်း။

ဥပဒေသ။ ဤစကားရပ်ဖြင့်။စည်းလဲသောဗျိုင်းသည်။ သူတပါးတို့အားစည်းလဲသော အကြံဖြင့် ကြီစည် နှိပ်စက် ဖျက်ဆီးလေ့ကိုပြုသဉ်ဖြစ်၍မိမိလဉ်း။မိမိထက်လွန်သောပညာရှိသူ။ ဗုဇွန်နှင့်တွေက။ပျက်စီးခြင်းသို့ ရောက်ရလေသည်ကိုထော်၍။ စည်းလဲ စည်းစားသူ တပါးတို့ပျက် စီးအောင်မပြုရာဟူသောဥပဒေသ။ခပ်သိမ်းသော ငါးအပေါင်း တို့သည်။ အစူးအစမ်းအဆင်အခြင် ပညာကင်းသည် ဖြစ်၍။ ဗျိုင်း နှိပ်စက် ဖျက်ဆီးသည်ကိုခံရသဖြင့်။ ပျက်စီးခြင်းသို့ ရောက်ကြလေသည်။ ဗုဇွန်မှာမူကား။ အဆင်အခြင် အစူး အစမ်းပညာနှင့် ပြည့်စုံသည်ဖြစ် ၍။ ဗျိုင်း၏.ဘေး မှလွတ် သဖြင့်။ အလိုရှိရာချမ်းသာခြင်းသို့ရောက်သဖြင့်လည်း။ အပေါင်းအသင်းပြုလုပ်ပေါင်းသင်းလိုက။ထိုသူ၏. အရည်အခြင်းအကြီအစည်နှလုံး သွင်းများကို စူးစမ်း ဆင်ခြင် ပြီးလျှင်။ မပေါင်း သင့်မပေါင်းထိုက်သူ။ပေါင်းသင့်ပေါင်းထိုက်သူဟုသိပြီးမှ။ ရောရှက်မှိတင်းပေါင်းသင်းရမည် ဟူသော ဥပဒေသ များကိုပြသည်ယူရမည်။

မေးခွန်းကောံနှုတ်ချက်ပါ။တသတ် စပ်နည်း ၁၂ ပုဒိ တွင်။ကောဒသပုဒ်။

မရီးနှင့်မတ်။ လင်ကိုသတ်။ လေး ဇာတ်တိုင်အောင် ပုဒ်ရင်း။ ပင်။ ။ဟူသည်ကား။

အတီမဆွ။ကာလဝေးဆန့်။ရှေးအဓွန့်နှိုက်။ညီနောင် ပိဏ္ဍတ္ထ။ နှစ်ယောံတို့သည်။အတူတကွနေကြသတတ်။ယင်းအခါ။ညီ ဖြစ်သောသူသည်။ အစ်ကို့ မယား ဖြစ် သောမရီး နှင့်ဘောံ ပြန်သဖြင့်။မရီးမယား မတ်လင် ပွါး တို့သည်။ အစ် ကိုလင် ရင်းဖြစ်သူကို။ လူဇာတ် တကြိမ်။ မြွေဇာတ် တကြိမ်။ ခွေး ဇာတ်တကြိမ်။နွားဇာတ်တကြိမ်။ လေးကြိမ်လေးဇာတ်တိုင် တိုင်သတ်သည်ဆိုလိုသည်။

ဤနှိုက်။ညီနောင်မရီးသုံးယောံတို့၏.အထွုပ္ပတ္တိကို။တိ အဝယဝတ္ထ။ ကင်္ဂုတ္တရပါဠိ တော်အဘွင့်။ မနောရထပူရ ဏီအဌကထာ။ သာရတ္ထသင်္ဂဟကျမ်းတို့နှိုက်။ထွက်ရှိသည်ကို။မှတ်သားရန် အကျည်းအမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

တယောံသောယောက်ျားသဉ်။ အစ်ကို၏.မယားမရီး နှင့်။မိစ္ဆာစာရကိုကျင့်၏.။ထိုမိန်းမအားလဉ်း။မိမိ၏.လင်ကြီး ထက်လင်ငယ်ဖြစ်သောမတ်ကိုသာ၍ချစ်မြတ်နိုး၏.၊ထိုမိန်း မသည်လင်ငယ်ဖြစ်သောမတ်ကို၏သို့ဆို၏.။၏ငါတို့ဂြုအပ် သောအမှုကား။ လူများအားထင်ရှား လသော်။ များစွာကဲ့ရဲ့ ဖွယ်သည်ဖြစ်လတ်တံ့။ ယင်းသို့ဖြစ် သောကြောင့်။ သင်၏. အစ်ကိုကိုသတ်ပေတော့ဟုဆို၏.။ညီငယ်လည်းပျက်လေသူ ယုတ်မ။၏စကားမျိုးကို။တဖန်မဆိုလင့်ဟု။ခြိမ်းခြောံ၏.။ထို

မိန်းမလည်း။မတုန်မလှုပ်နေ၍နှစ်ရက်သုံး ရက်လွန်လသော်။ နည်းတူပင်တဖန်ဆိုပြန်၏။ထိုယောက်ျား၏။စိတ်သဉ်နှစ်ခွ ၏။အဖြစ်သို့ရောက်၏။ထိုနေါင်မှသုံးကြိမ်မြောံတဖန်ဆိုပြန် သော်။အဘယ်သို့လျှင်။သတ်ခွင့်ကိုရအံ့နည်းဟုဆို၏။ထိုအ ခါမိန်းမကယောက်ျားအား။ ဥပါယ်အကြောင်းကိုဆို၍သင် သည်ငါဆိုတိုင်းပြုလော။၏မည်သောအရပ်ဝယ် ရေခံတက် ပင်၏။အနီးနှိုက်ရေဆိပ်သည်ရှိ၏။ထိုရေဆိပ်နှိုက်။ထက်စွာ အရိုးတပ်သောပဲကွပ်ကိုကိုင်လျက်တဉ်လေလော။ ငါသည် သင့်အစ်ကို အားထိုအရပ်သို့လှည့်ဖြား ၍လွှတ်လိုက်မည်ဟု ဆို၏။ညီဖြစ်သောလင်ငယ်။ထိုယောက်ျားလည်းမယားဆို တိုင်းသွား၍ထိုအရပ်နှိုက် တည်၏။ လင်ငယ် ဖြစ် သောထို ယောက်ျား၏။အစ်ကိုကြီးလည်း။တောနှိုက်ပြုဖွယ်အမှုကိုပြု ၍အိမ်သို့ပြန်လာ၏။ ထိုအခါမိန်း မသည်လင်ကြီးနှိုက်နူးညံ့ သောစိတ်ရှိသကဲ့သို့ဖြစ်၍လာလောသခင်သင်၏။ ဆံတို့ကို ဖီးအံ့ဟုဆို၍ဆံပင်ကို ဖီးသော်။သင်၏။ ဆံပင်တို့ ကားဌစ် နွမ်း၏။ဥက္ခောင်းကိုလျော်ပါချေဟု။ရှိရှားမှုန့်တို့ကိုပေး၍၏ မည်သောအရပ်ရေဆိပ်ဝယ်ဥက္ခောင်းကိုလျော်၍လာလော ဟုစေ၏။ အစ်ကိုဖြစ်သောလင် ကြီးလည်း။ မယားဆိုအပ် သောရေဆိပ်သို့သာလျှင်သွား၍ရှိရှား မှုန့်ဖြင့်။ဥက္ခောင်းကို လိမ်းပြီးလျှင်။ရေသို့ဆင်း၍အော် သို့ညွှတ် လျက် ဥက္ခောင်း ကိုဆေး၏။ ထိုအခါညီငယ်သည်သစ်ပင်ကြား မှထွက်ပြီး လျှင်။အစ်ကိုကိုလည်ကိုခုတ်ပြီးလျှင်။ ဇီဝိတိန္ဒြေမှ ချ၍အိမ် သို့ပြန်လာ၏။ထိုကြောင့်။

အထနံဇူတရော ရုက္ခန္တရတော နိက္ခမိတွာ ဇီဝိတာ ဝေါရောပေတွာဂေဟံအဂမာသိ။ ။တိ ကင်ုတ္တရ အဌက ထာ။ ။အထ။ထိုအခါနှိုက်။နံ။ထိုအစ်ကိုကို။ ဇူတရော။ညီ

သည်။ရက္ခန္တရတော။သစ်ပင်ကြားမှ။နိက္ခမိတွာ။ထွက်၍။ဇီ
ဝိတာ။ဇီဝိတိန္ဒြေမှ။ ဝေါရောပေတွာ။ချ၍။ ဂေဟံ။အိမ်သို့။
အဂမာသိ။ပြန်လာ၏။

အစ်ကိုလည်း။ မယားနှိုက်ချစ်ခြင်းကိုစွန့်ခြင်းငှာ မ
တတ်နှိုင်ရကား။ထိုအိမ်နှိုက်ပင်။ ကျိုင်းခေါင်မြွေဖြစ်၏။ထို
မြွေသည်ညီနှင့်အတူတက္ခနေကြသောမယား၏။ ကိုယ်ပေါ်
ဝယ်ကျ လေ၏။ ထို အခါ ထို မြွေကို ဤမြွေ ကား။ ထိုလင်
ကြီးသည်ပင်ဖြစ်လတံ့ဟုသတ်ပြန်စေ၏။ထိုကြောင့်။

တသ္မိုးယေဝဂေဟေမဟာဓမ္မနိဟုတွာ နိပ္ပတ္တိ။ သော
တဿဒ္ဒိတာယနိသိန္နာ ယဂတ္ဂိုာ။ သရိရေ ပတိ။ အထနံသာ
သော ယေဝ အယံ ဘဝိဿ တီ တိ။ ဃာတာပေသိ။ ။တိ
ကင်္ဂုတ္တရအဌကထာ။ ။တသ္မိုးယေဝဂေဟေ။ထိုအိမ်နှိုက်။
မဟာဓမ္မနိ။ကျိုင်းခေါင်မြွေသည်။ဟုတွာ။ ဖြစ်၍။ နိပ္ပတ္တိ။ဖြစ်
၏။ သော။ထိုမြွေသည်။ တဿ။ ထိုမယား၏။ ဒ္ဒိတာယပိ။
ရပ်ရာနှိုက်လည်း ကောင်း။ နိသိန္နာယပိ။ ထိုင်ရာနှိုက်လည်း
ကောင်း။ဂတ္ဂိုာ။သွား၍။ သရိယေ။ ကိုယ်နှိုက်။ ပတိ။ကျ၏။
အထ။ထိုအခါနှိုက်။နံ။ထိုမြွေကို။သာ။ ထိုမိန်းမသည်။အယံ။
ဤမြွေသည်ကား။ သောယေဝ။ ထိုလင် ပင်လျှင်။ ဘဝိဿ
တိ။ဖြစ်လတံ့သတည်းဟု။ဃာတာပေသိ။သတ်စေဖြန်၏။

ထိုမြွေလည်း။ တဖန်မယားနှိုက်ချစ်ခြင်းဖြင့်ထိုအိမ်
နှိုက်ပင်ခွေးဖြစ်လေ၏။ထိုခွေးလဉ်းခြေဖြင့်သွါးတတ်သော
ကာလမှစ၍ထိုမိန်းမ၏နောံနှိုက်သါလှည့်လဉ်သွားလါ၏။
တောသို့သွားသော်လည်း။ ထိုမိန်းမနှင့်သာအတူတက္ခသွား
၏။ယင်းသို့သွားသည်ကိုမြှင်ရကား။ လူများတို့သည်ခွေးမှု
ဆိုးကား။ယခုထွက်ပြီ။အဘယ်တောဝယ် လှည့်လည်လတံ့
နည်းဟုပြက်ရယ်ပြုကြကုန်၏။ ။ယင်းသို့ပြက်ရယ်ပြုပြီး

သော်။ ထိုမိန်းမသည်။ ထိုခွေး ကိုတဖန် သတ်ပြန်၏။ ထိုကြောင့်။

တံဒိသွာမနုဿာနိက္ခန္တောသုနခေါ လုဒ္ဒကောကတရံ ဌာနံဂမိဿတီတိ ဥပဏ္ဍေန္တိ။ သာပုနတဿ္မိးဌာနေ ဃာတာပေသိ။ ။တိကင်္ဂုတ္တရအဌကထာ။ ။တံ။ထိုခွေးကို။မနုဿာ။လူတို့သည်။ အမ္ဘော။ အချင်း။နိက္ခန္တော။ တောထွက်သည်ရှိသော်။ သုနခလုဒ္ဒကော။ ခွေးမူဆိုးသည်။ ကတရံ။အဘယ်မည်သော။ဌာနံ။အရပ်သို့။ဂမိဿတိ။သွားလတံ့နည်း။ဣတိ။ဤသို့။ ဥပဏ္ဍေန္တိ။ ပြက်ရယ်ပြုကုန်၏။ သာ။ထိုမိန်းမသည်။ပုန။တဖန်။ တဿ္မိးဌာနေ။ ထိုအရပ်နှိုက်ပင်လျှင်။ ဃာတာပေသိ။သတ်စေပြန်၏။

ထိုခွေးလည်း။ ထိုမိန်း မနှိုက်။ ချစ်ခြင်းဖြင့် ထိုအိမ်နှိုက်ပင်။ နွားငယ်ဖြစ်ပြန်ချေ၏။ နွားငယ်လည်းထိုမိန်းမ၏နေဝံသို့ပင်တကောံကောံလိုက်ပြန်၏။ယင်းသို့လိုက်သဉ်ကိုမြင်လျှင်။လူတို့သည်နွားကျောင်းမကား ထွက်ရှာလေပြီ။ယနေ့ဘယ်အရပ်မှာနွားကိုကျောင်းလတံ့နည်းဟုပြက်ရယ်ပြုကုန်၏။ယင်းသို့ပြုကုန် လျှင် ထိုအရပ်နှိုက်ပင်။နွားငယ်ကိုသတ်ပြန်စေ၏။ထိုကြောင့်။

သာပုန တဿ္မိ ပိဌာ နေ တံဃာ တာ ပေသိ။ ။တိကင်္ဂုတ္တရအဌကထာ။ ။သာ။ထိုမိန်းမသည်။ ပုန။တဖန်။ တဿ္မိးပိဌာနေ။ထိုအရပ်နှိုက်လည်း။တံ။ထိုနွားငယ်ကို။ဃာတာပေသိ။သတ်စေ၏။

ထိုအခါလည်း။နွားငယ်သည်ထိုမိန်းမနှိုက်။ ချစ်ခြင်းကိုမပြတ်နှိုင်ရကား။ လေးကြိမ်မြောံနှိုက်။ ထိုမိန်းမ၏ဝမ်းနှိုက်ဇာတိ သရညာဏ်ကိုရသောသားဖြစ်၏။ ထိုသူငယ်အစည်အတိုင်း။လေးဘဝတို့နှိုက်။ထိုမိန်းမသည်သတ်သောအဖြစ်ကိုမြင်၍ဤသို့ သဘောရှိသောရန် သူမ၏ဝမ်း နှိုက်ပဋိ

သန္ဓေနေဘိ၏့တကားဟုထိုအခါမှစ၍ထိုမိန်းမ၏့လက်ဖြင့်
လည်း။ထိခြင်းဌာမိမိကိုယ်ကိုမပေး။ အ ကယ်၍ အမိသည်
သားကိုထိဌြားအံ့။ပြင်းစွာငိ၏့။ယင်းသို့ငိသောကြောင့်။ ထို
သားကိုအဖွားမသည်သာမွေးကျွေး သုတ်သင် ရ၏့။ နောံအ
ခါကြီးသောအရွယ်သို့ရောက် သောမြေး အား အဖွားသည်
ချစ်သား ဘဲ့ကြောင့်သင် သည် အမိ၏့ လက်ဖြင့် မိမိကိုယ်
ကိုထိခြင်းဌာမပေးသနည်း။အကယ်၍မိခင်သည်သင့်ကိုထိ
ဌြားအံ့သင်ကားပြင်း စွာငိဘိ၏့။ အဖွားဇ။ ဤမိန်း မကားငါ
၏့မိခင်မဟုတ်ဤမိန်းမသည်ငါ၏့ရန်သူတည်း ဟုဆို၏့။မိ
မိအားလေးဘဝတို့နှိုက်သတ်စေခြင်းဟုဆိုအပ် သောအလုံး
စုံသောအကြောင်းကိုအဖွားအားကြား၏့။အဖွားလည်းမြေး
ကို။လည်ဖက်ပြီးလျှင်။ငိရိ၍ချစ်သားလာလှည့်ငါ တို့အား ဤ
သို့သဘေါရှိသေါအရပ်ဝယ်နေ ဖွယ်ကိစ္စမရှိကေါင်းဟု။မြေး
ကိုခေါ်ပြီးလျှင်။အိမ်မှထွက်၍တ ခုသောကျောင်းသို့သွားပြီး
သော် ရဟန်း ပြုကုန်၍။ မြေး အဖွား နှစ်ယောံ တို့သည် ထို
ကျောင်းနှိုက်နေကုန်လျက်။ အရဟတ္တဖိုလ်သို့ရောက်ကုန်၏့
ဟူ၍။ရှင်ဗုဒ္ဓဗီယပြုသော။သာရတ္ထသင်္ဂဟကျမ်း။ထီနံမာတိ
ကါပုဒ်၏့အဖွင့်။ဇ်ရေး။ဋုသံလျင်းချိတ်။ဋုအင်္ဂါတွင်ဆိုသဉ်။

ဤဝတ္ထုကား။ တိကင်္ဂုတ္တရပါဠိ တော်။ မဟာဝင်အ
ဌမမြောံ။တိတ္ထိယသုတ်အဖွင့်။မနောရထပူရဏီအဌကထာ။
၁၂ ရေး။ထဆင်ထူး။ထိအင်္ဂါတွင်လာရင်းတည်း။ ။ယင်း
သည်ကျမ်းဂန်တွက်ဆို သည်များကိုမသိသူတို့မှာ။ မရီးနှင့်
မတ်တို့လင်ကိုသတ်သည်ဇာတ်လေးဇာတ်။ ငါးရာငါးဆယ်
မှာရှိသည်ဟူ၍မဟုတ်မမှန်။ ကြီဘန်ပြောဆို ကြသည်။ဧက
နိပါတ်အစ။ မဟာနိပါတ်အဆုံးတိုင်။ ငါးရာငါးဆယ်ဇာတ်
များတွင်အရိပ်အရောင်မျှမပါမရှိဟုမှတ်လေ။

ဥပဒေသ ဤစကားရပ်ဖြင့်။ရာဂစသောဆယ်ပါးသော ကိလေသာ။နံတေပညာသ။နိပ္ဒန္ဒ ရုပ်အဌာရသ။လက္ခဏရုပ်လေးခု။ သုံးစုပေါင်း နာမ်ရုပ်ခုနစ်ဆဲ့ငါး ပါးကို။ ယခင်ကိလေသာ ဆယ်ပါးနှင့်မြှောံ၍ရအပ်သောတထောင့်ငါး ရာကိလေသာ။ သုဘကိဏ်အောံတလျှောံသောလောကဓာတ်ကို လင်းပြောံ ပြည့်လျှမ်းအောင်ရွာသော မိုးမျှ မက အလွန် မြောံ များ လှ သောကိလေသာ။ယင်းပြဆိုခဲ့ပြီးသော ကိလေသာမကုန်သ မျှသောသူငါမှစ၍သံသရာလမ်းရှည်ခရီးသည်ဖြစ်ကြသော သူတို့သည်။အာရုံငါးပါးကိုတွေ့က။တပ်နှစ်သက်မြဲ။တပ်နှစ် သက်က။ဘုရားစသောအရိယာ သူတော်ကောင်းတို့ အဆုံး အမကို မရ သူဖြစ်လျှင်။ ကြူး လွန် ဘောံပြန်မြဲ။ ကြူး လွန် ဘောံပြန်က။ အပါယဒုက္ခစသော ကြောံမင်းဘွယ်လိ။မချိမ ဆန့်သော ဒုက္ခနှိုက်နစ်မွန်း လျက်။ သံသရာဝယ် တလုံလဲလဲ ကြည်လည်ရမြဲ။ သံသရာဝယ်ကြင်လည်ရက။ အဖန်ဖန်ဇာ တိစသောဒုက္ခ မျိုးအပေါင်းနှင့်။ ဆက်ဆံ တွေ့ကြို ရ သဖြင့်။ ချမ်းသာသုခနှင့်သက်သက်မရောဇနှောသောဆင်းရဲအစုကို သာတွေ့ကြို့ရမြဲ။ယင်းသို့ဖြစ်၍ပြဆိုခဲ့ပြီးသော အပါယဒုက္ခ စသောဆင်းရဲမျိုးအပေါင်းမှ ထွက်လွတ်၍။ ဧကန္တသုခဖြင့်။ နိဗ္ဗာန်ချမ်းသာကိုမျက်မှောံပြုလိုသောအမျိုးကောင်းသားတို့ သည်။ဘုရားစသောအရိယာသူတော်ကောင်းတို့ အဆုံးအမ နှိုက်တည်သဖြင့်။အာရုံငါးပါးနှင့် တွေ့ကြို့လင့် ကစား။ကြူး လွန်ဘောံပြန်၍ မကျင့်အပ်ဟူသော ဥပဒေသကိုပြသည်ယူ ရမည်။



မေးခွန်းကောံနှုတ်ချက်ပါ။ တသတ်စပ်နည်း ၁၂ပုဒ် တွင်။ခွါဒသပုဒ်။

ကိုးဆဲ့ကိုးဇာတ်။ယေဝံကျားသတ်။ အာကျွတ်မင်္ဂဖိုသိန်္ဆပုဒ်ရင်း။ ဝင်။ ။ဟူသည်ကား။

ဓမ္မပဒအဋ္ဌကထာ။စိတ္တဝဂ်။ အညတြဘိက္ခုဝတ္ထုအာ ဝိဏ္ဏာဏ" ဖွင့်တွင်။ပြဆိုအပ်သောမာတိကဂါမဏိသုံးပုဒ်တို့ကို မည်သောမိန်းမသည် ကိုးဆဲ့ကိုးဘဝမြောံ။ ယောကျ်ားကို သတ်၍။အာကျွတ်မင်္ဂဖိုလ် ဝင်သောမာတိကဂါမဏိသုံးပုဒ်တို့ကို မည်သောမိန်းမဆိုလိုသည်။

ဤနိုက်။သိဟိုဠ်ကျွန်း။ အဓိရာဇာမင်းတည့် လုပ်ရင်း အာဝယဝဏ္ဏ" ကျောင်းတို့က်အတွင်း။သီရိဂုတ္တာမင်းဆောံလုပ်သည်ပြဲသာန် ကျောင်းမှာ။ သတင်းသိုံးနေ ကြောက်။ ဂုဏ်ကုမာရ ကသပတောင်းပန်၍အာဂုဏ်မဟာဇနဿသစီရင်သည်။ ဓမ္မပဒအဋ္ဌကထာ။ဆဲ့နှစ်ကြောင်းရေး။စါချပ်။စိတ္တဝဂ်။အညတြဘိက္ခုဝတ္ထုကိုအဋ္ဌကထာမှထုတ်နှုတ်၍ မှတ်သားရန်အကျည်းအပြွက်မျှရေးသားလိုက်အံ့။

အောင်သူတကာတို့၏။မကိုက်သင်းကျစ်သဖွယ်ဖြစ်တော်မူသောဂုဏ်စောဘုရားသည်။သာဝတ္ထိပြည်ကိုအမှီပြု၍ ဇေတဝန်ကျောင်း တော်နိုက်နေတော်မူသောအခါတယောံသောဂဟန်းကိုအကြောင်းပြု၍။ဒုန္နိဂ္ဂဟာသလဟုနောအစရှိသောဤဓမ္မဒေသနာတော်ကို ဟောတော်မူ၏။ ကောသလမင်း၏နိုင်ငံဖြစ်သောတောင်ခြေရင်းနိုက်။ မာတိကာဖွဲ့မည်

သောတခဲနက်သော အိမ်ရှိသောရွာတရွာသည် ရှိသတတ်။ ထိုရွာသူကြီးသည် မာတိကအမည်ရှိသတတ်။ ထိုမာတိက ဂါမရွာနေ။မာတိကမာတာမည်သောမိန်းမ။ယင်းမိန်းမသဉ်ရောဂီရဟန်း ခြေဝံကျိပ်တို့ကိုမြှီ၍အနာဂါမ်ဖြစ် ပြီး နေဝံထိုခြေဝံကျိပ်သောရဟန်းတို့အား။ သေနာသနသပ္ပာယ။ ပုဂ္ဂလသပ္ပာယ။အာဟာရ သပ္ပါယတို့ကိုပြည့်စုံစေလျက်။ပဋိသန္ဓီဒါပတ္တရဟန္တါအဖြစ်သို့ချဉ်းရောက်အောင်ချီးမြှေဝံအပ်သောဂုဏ်ကျေး ဇူးစကားကိုမြတ်စွာဘုရား ထံရဟန်းခြေဝံကျိပ်တို့လျှောံထား ချက်ကိုကြားသောရဟန်းတဦး။ထိုမာတိကဂါမရွာသို့သွား ၍မာတိကမာတာ၏. အလုပ်အကျွေးကိုခံရာ။ဤမာတိကမာတာကား။ပရစိတ္တဝိဇာနနညာဏ်ဖြင့်။ သုစိတ်အကြီကိုသိ၏.။ငါကားပုထုဇည်ဖြစ်၍။မသင့်သည်ကိုကြီမှိက။ ဥစ္စာထုတ်နှင့်တကွဥသျောင်ကို ဆွဲကိုင်မှိသောခိုးသူနှင့်တရည်ဖြစ်အံ့သကားဟု။ကြောံလန့်တကြားပြန်သွါးသဉ်နေဝံ။

ဒုန္ဒိဂ္ဂဟဿ လဟုနော။ ယတ္ထကာမ နိပါတိ နော။ စိတ္တဿဒမထောသာရ။စိတ္တံဒန္တံသုခါဝဟံ။ ။ဒုန္ဒိဂ္ဂဟဿ။ နှိပ်နှိုင်ခဲသော။လဟုနော။လျင်စွာဖြစ်သောချုပ်လေ့ရှိသော။ ယတ္ထကာမနိပါတိနော။အမှတ်မရှိသောအာ ရုံနှိက် အလိုအလျောံဖြစ်လေ့ရှိသော။စိတ္တဿ။စိတ်ကို။ဒမထေါ။ဆုံးမခြင်းသည်။သာရ။ ကောင်း၏.။ဒန္တံ ။ယည်ချေးသော။ စိတ္တံ။စိတ်သည်။သုခါဝဟံ။ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏.။

ဟူသောဒေသနာ တော်ဖြင့်။ မြတ်စွာဘုရား ဆုံးမတော်မူချက်အတိုင်း။တဖန်ပြန်လာ၍ ယင်းမာတိကမာတာ၏.အလုပ်အကျွေး ကိုခံ သ ဖြင့်။ ရ ဟန္တာ အဖြစ် သို့ ရောက်ကာလ။ဤမာတိကမာတာသည်။ ငါအားကျေးဇူးကြီးလှ၏.။

ယသဘဝတွင်ဆာ ကျေးဇူးဆောင်သူဖြစ်မည်၊ သံသရာဆ
ဆက်ဆက်ပင်ကျေးဇူးဆောင်ဘူးသူဖြစ်မည်များကို၊ ပုဒ္ဓေ
နိဝါသာနုဿတိဉာဏ်ဖြင့်ဆင်ခြင်တော်မူရာ၊ ကိုးဆဲ့ကိုး
ဘဝဖြေဘံးယင်းမာတိကမာတာသည်၊ သိသိဖြင့် ခြေရင်းဆထုပ်
အကျွေးဖြစ်၍အခြားသူထို တပ်သောစိတ်ဖြင့် သိသိကိုဆတ်
ဘူးကြောင်းကျေးဇူးမဲ့ အစုဖြစ်သောဆရာဏာရာသို၊ ယင်းမှ
ထပါး၊မာတိကမာတာ တိုက်တွန်းသဖြင့်၊ တက်၍ဆင်ခြင်
ဖြန်ရာ၊ဘဝတရာဖြေဘံသိသိအသက်ကို ပေးဘူးကြောင်းကျေး
ဇူးအစုဖြစ်သောဂုဏ်ရာဆိများကိုမြင်ထတ်သဉ်ဟူရကား၊
ကိုးဆဲ့ကိုး ဘဝဖြေဘံ၊ ယောကျ်ားကိုသတ်၍ အကျွတ်မဂ်
ဖိုလ်ဝင်သော၊ မာတိကဂါမ ရွာဒေး၊ မာတိကမာ တာမည်
သောဒိန်းမဟု၊အမြဲယူမှတ်ရမည်၊

ဂ္ဂင်သကော်သာရဆို၊မုဒုထက္ခဏာဒီပနီ.ထွင်၊၊ကြောင်း
ချာရွှင်၊ ဆိုရေးနွဲ့မှု၊ ကိုးဆဲ့ကိုးဇာစ်၊ လင်မောင်ချစ်အား၊
သတ်ညှစ်ဆသေ၊ရာဂမွှေ၍၊ဟုစပ်ဆိုသည်သတိရှိခဲ့ပြီ၊ ၊
ယင်းသည်ဝတ္ထု၊ ကုပ်ဂန်ထွက်ဆိုသည်များကိုမဆိုသူတို့
များ၊လောကီပုရာဏ်ကျမ်း၊ ဖင်းမယ်ပဿာသဝတ္ထု၊သိဟ၌
ဝတ္ထု၊သဟာသဝတ္ထု၊ကြမ္မာဒိုက်ဝတ္ထု၊ ဘော်ဇရောက်ကေ
တုဝတ္ထုများကထာသည်ကိုစပ်ဆိုသည်ဟု ဖြောဆိုကြဖိ.၊
ကောင်းကင်ခြင်္သိက်ဌက်ခြေရာမထင်ဆကဲ့သို့၊အစွဲဆလန်း
မရှိသောစကားကိုဆိုခြင်းသည်၊ ထိုသူတို့မဆိသည်အဖြစ်
သာတည်း၊

သတ်ပုံဆစပ်တွင်၊မဂ်ဖိုဇ်ဟူသောစကားဆဖိုပါဝိ
ပ္ပာ ၊နိဗ္ဗါနံမဂ္ဂဂါဂဝေသတိနိဗ္ဗါနဂြိုးကဟိဝါမဂ္ဂိယတိ
ဂဝေဆိယတိ၊ ကိုးလသေဝါ မာဇရဏ္ဆော နိဗ္ဗါနံ ဂဏ္ဆတိတိ
မဂ္ဂေါ၊ ၊ဆဘိဓမ္မဇ္ဇဝိဘာဝိနီဋီကာ ၊နိဗ္ဗာနံ၊နိဗ္ဗါနကို၊

မဂ္ဂတိဂဝေသတိ။အာရုံပြုသဖြင့်ရှာမှီးတတ်၏။ဇူတိတသ္မာ။ ထိုသို့နိဗ္ဗါန်ကိုအါရုံပြုသဖြင့်ရှာမှီးတတ်သေါသတ္တိကြောင့်။ မဂ္ဂေါ။မဂ်မည်၏။ ။နိဗ္ဗါန်ကိုအာရုံပြုတတ်သည်ကိုပင် ရှာမှီးတတ်သဉ်ဟူလိုသဉ်။ ။ဝါ။တနည်းကား။နိဗ္ဗာနတ္ထိကေ ဟိ။နိဗ္ဗါန်ကိုအလိုရှိသောအရိယာပုဂ္ဂိုလ်တို့သည်။မဂ္ဂိယတိ ဂဝေသိယတိ။ အာရုံပြုသဖြင့်ရှာမှီးအပ်၏။ ဇူတိတသ္မာ။ထို သို့နိဗ္ဗာန်ကိုအလိုရှိသော အရိယာပုဂ္ဂိုလ်တို့သည်။အာရုံပြု သဖြင့်ရှာမှီးအပ်သောသတ္တိကြောင့်။မဂ္ဂေါ။မဂ်မည်၏။ ။ မဂ်ဖြင့်နိဗ္ဗာန်ကို အာရုံပြုနှိုင်အောင် ကျင့်ဆောင် အပ်သည် ကိုပင်ရှာမှီးအပ်သည်ဟူလိုသည်။ ။ဝါ။တနည်းကား။ကိ လေသေ။ ကိလေသာတို့ကို။ မာရေန္တော။ သတ်ဖြတ်လျက်။ နိဗ္ဗာနံ။နိဗ္ဗာန်သို့။ဂစ္ဆတိ။ အာရုံပြုသဖြင့်သွားတတ်၏။ဇူတိ တသ္မာ။ ထိုသို့ကိလေသာတို့ကို သတ်ဖြတ်လျက်။ နိဗ္ဗာန်သို့ အာရုံပြုသဖြင့်သွားတတ်သောသတ္တိကြောင့်။မဂ္ဂေါ။မဂ်မည် ၏။ ။နိဗ္ဗာန်အာရုံကိုအာရုံပြု၍ကိလေသာတို့ကိုသတ်ဖြတ် လျက်သွားတတ်သည်ဟူလိုသည်။ မရေန္တဂေါရှိလိုလျက်။နိ ရတ္တိနည်းဖြင့်မဂ္ဂေါရှိသည်။

ဖလတိဝိပစ္စတီတိဖလံ။ ။ဖလတိဝိပစ္စတိ။အကျိုး၏။ အပြစ်အားဖြင့်။သီးတတ်ရင့်တတ်၏။ ဇူတိတသ္မာ။ ထိုသို့အ ကျိုး၏။အပြစ်အားဖြင့်သီးတတ်ရင့်တတ်သေါသတ္တိကြောင့်။ ဖလံ။ဖိုလ်မည်၏။ ။မဂ်၏။ အကျိုးဖြစ်သောအားဖြင့်။သီး ကင်း တတ်ရင့် တတ် မှည့် ရင့် တတ် သော ကြောင့်။ ဖိုလ် စိတ္တုပ္ပာဒ်သုံးဆဲ့ခုနစ်ခုသည်။ဖိုလ်မည်သည်ဟူလိုသည်။

မဂ်စိတ်လေးခု။ဖိုလ်စိတ်လေးခုအားဖြင့်။ လောကုတ္တ ရာစိတ်။ ရှစ်ပါးအပြားရှိသည် ဟူရာနှိုက် လည်း။ နဂိုရ် မူလ ရင်းအပြားအားဖြင့်သာရှစ်ပါးရှိသတည်း။မဂ်တခု တခုနှိုက်

နည်းတထောင်။နည်းခြေံသောင်းအား ဖြင့်ရင်း။ ကာလဒေ သသဏ္ဌာန်စသောအား ဖြင့်ရင်း။ မရေတွက်နှိုင်များသောအ ပြားရှိ၏။ ။သောတာပတ္တိ မဂ်နှိုက်။ နည်း တ ထောင်ပြား ဟန်ကား။သောတာပတ္တိမဂ်၏ ရှေ ဖြစ် သော။ ဝဋ်မှထွက် မြေံရာ။မဂ်သို့ရောက်ကြောင်း။ဝုဌာနဂါမိနိဝိပဿနာသဉ်။ သခ်ါရတို့၏ကိုယ်မဟုတ်သောအဖြစ်။ ကိုယ်မှဆိတ်သော အဖြစ်ကိုရှုဆင်ခြင်သော်သုည တမည်၏။ သခ်ါရ တို့နှိုက် တတ်ခြင်း။တောင့်တခြင်းကိုစွန့်သော်။အပ္ပဏီဟိတမည်၏။ သခ်ါရနိမိတ်နှိုက်ပင်ဖြစ်သောကြောင့်။အနိမိတ္တမည်၏။ဤ သို့ဝုဌာနဂါမိနိဝိပဿနာ သက် သက်နှစ် ပါး နှင့်နှောသော် ဈာန်ဟူသေါအမည်အားဖြင့်ဆယ်ပါးတည်း။ထိုအတူမဂ်ဟူ သောအမည်အားဖြင့်ဆယ်ပါး။သတိပဋ္ဌာန်ဟူ သောအမည် အားဖြင့်ဆယ်ပါး။သမ္မပ္ပဓာန်။ ဣဒ္ဓိပါဒ်။ဣန္ဒြေ။ဗိုလ်။ ဗောဇ္ဇင်။ သစ္စာ။သမထ။ဝိပဿနာ။ဓမ္မက္ခန္ဓ။အာယတန။ဓါတ်။ အဟာ ရ။ဖဿ။ဝေဒနာ။သညာ။စေတနာ။စိတ်ဟူသောအမဉ်အား ဖြင့်ဆယ်ပါးတည်း။ဤသို့သောတာ ပတ္တိ မဂ်နှိုက်။အမည်နှစ် ဆယ်အားဖြင့်။ အဘိဓမ္မာတရား ကိုဟောတော် မူ ရာနာလှာ ကုန်သောနတ်တို့၏အလိုဆန္ဒအဇ္ဈာသယနှင့်လျော်စွာ တရား ကိုသိစိမ့်သောဌာဟောတော်မူသည်ဖြစ်၍။ ယခင်ဆယ်ပါး ကိုနှစ်ဆယ်ဖြင့်မြေံသော်နည်းနှစ်ရာဖြစ်၏။ ထိုနည်းနှစ်ရာ ကိုအဓိပတိလေးပါးနှင့်မြေံသော်နည်းရှစ်ရာဖြစ်၏။ထိုနဉ်း ရှစ်ရာကိုအဓိပတိနှင့်မမြေံမီသက်သက်နည်းနှစ်ရာနှင့်နှော သော်။ သောတာ ပတ္တိမဂ် နှိုက်။ နည်းပေါင်းတ ထောင် ဖြစ် သည်။ထိုကြောင့်။ဘူရိဒတ်ဇာတ်ပေါင်းတွင်။ ။ယေဓမ္မာ က။အာဟတိုင်ရုံ။နှစ်ရုံပါဒ။ကြားကာမျှလျှင်။နယတထောင်။ ကျယ်ဝန်းဆောင်လျက်။တွေးမှောင်ကခ်ါ။ဒိဌိခွါသား။သော

တာပတ္တိ။သီရိလာဘ။မျှို့ဦးရသားဟုဆိုအပ်သော။ အရှင်မ ဟာသာရိပုတ္တရာရသောသောတာပတ္တိမဂ်နှင့် အတူနည်းတ ထောင်ဖြစ်၏။သကဒါဂါမိမဂ်။အနာဂါမိမဂ်။အရဟတ္တမဂ် များနှိုက်နည်းတူမှတ်လေ။ ။ဤကားစကားချပ်တည်း။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ ရဟန်းရှင်လူ။ မည်သူမဆို ခြေခံ ကျိပ်သောရောဂီရဟန်း။ အညတြဘိက္ခု။ မာတိကမာတာ တို့သံသရာမှထွက်မြေခံ၍ မဂ်ဖိုလ်ရကြောင်း ဖြစ်သောသုံး ဆဲ့နှစ်ကောဌါသကိုသုံးသပ်ခြင်း။မိမိကိုယ်ခန္ဓါ၏။ခယဝယ အဖြစ်ကိုရှုဆင်ခြင်ခြင်းများ ကိုအား ထုတ်သဖြင့်တဏ္ဍက္ခ ယနိရောဓသစ္စါကိုမျက်မှေခံပြုရသောထုံးကောင်းစံကောင်း များကိုလက်သုံးကြိုးတမ်း။ငြမ်းကြီးသဖွယ်ပြု၍ငါတို့လည်း သံသရာဝန်မှကင်းလွတ်ထွက်မြောံရန်ကောဌါသဓမ္မ။ခယ ဝယသဘောများကိုမပြတ်မလပ်အားထုတ်အပ်လှပေသည် ဟူသောဥပဒေသ။ မာတိကမာတာသည်။ ကိုးဆဲ့ကိုးဘဝ မြေခံ။မိမိလင်မှတပါး။ အခြားသောသူကို တပ်သောစိတ်ရှိ သဖြင့်။လင်ရင်းကိုသတ်သည် ဟူရကား။ သဗ္ဗနဒီ ဝဂ်နဒီစ သောဒေသနာနှင့်အညီ။မိန်းမတို့မည်သည်အခွင့်ရကဖေါက် ပြန်စမြဲ။ယင်းသိုဖြစ်၍။ ယုံကြည်လေးမြတ်သော အားဖြင့်။ မိန်းမ၏။အလိုသို့မလိုက်အပ်ဟူသောဥပဒေသ။ ဘဝတရာ မြေခံလင်၏။အသက်ဘေးကိုကယ်ဆယ်ဘူးသဉ်ဟူရကား။ ရေးကြောင်းထူးထွေအကြီးအကျယ်ရှိက။မလ္လိကာဒေဝီ။မဒီ မိဖုရားတို့သည်လျင်ခုပ်ဆောစွာဆောင်ရာ အောင်ကြောင်း အခွင့်ကိုကြီစဉ်နှိုင်သဖြင့်။ တိုင်ပင်အပ်လှသည်ဟုကျမ်းဂန် လာသည်အတိုင်း။ ဆွေနည်းသည်ပင်။ အိမ်ရှင်ဇနီးတို့အား တိုင်ပင်ဆွေးနွေး၍။ မှုခင်းကြီးငယ်။ ဆောင်ရွက်ဖွယ်များ

ကိုဆောင်ရွက်ရမည် ဟူသောဥပဒေသများကိုပြသည် ယူ
ရမည်။

ဤတွင်ရွေကား။ပုဒ်ရေ ၁၂ အရအဖြေ အမိပ္ပာယ်ပြီး
၏။



မေးခွန်းကောံနုတ်ချက်ပါ ။တသတ်အတင် စပ်နည်း
တပုဒ်။

ကန်အမနိတ်။ဂြိုဟ်မှာကိတ်။နိမိတ်ယူကြလင့်။ ။ ပုဒ်ရင်း။
ဟူသည်ကား။

ပျည်ပျားမင်း လက်ထက်။ ပုဂံမြို့အရှေ့တောင် တာ ဝိဏ္ဍထ။
ငါးရာခန့်ကွါတွင်။ဓညဝတီမြို့သားတို့ယတြာတဉ်လုပ်သော
ဘုရား။ ယင်းဘုရား အနောံဆီ တည့်တွင်။ ယတြာပျက်စိမ့်
ကြောင်းပုဂံပြည် မှူးမတ်ပညာရှိတို့ဆည်တက်လုပ် ဆောင်
သောအမနိတ်ခေါ်ဝေါ်သောကန်။ ထိုကန်နှိုက် တည်ရှိသော
ရေသည်။တစုံတခုရေးကြောင်းအခွင့်အကြီးအကျယ်ဖြစ်လို
က။နောံကျူခြင်း။နီမြန်းခြင်း။ ရေမှငါးလိပ်ပေါပေါပေါ်ခြင်း
စသည်ဖြင့်။နိမိတ်ပြမြဲ။ရာဟုဂြိုဟ်၏ နောံအတို့ဖြစ်သော အ
မြီးဟူသောကိတ်ဂြိုဟ်။ ထိုကိတ်ဂြိုဟ်၏ တရာတပါးအရေ
အတွက်ရှိသောအပြား။ထိုတရာတပါးသောကိတ်တို့သည်။
တစုံတခုရေးကြောင်းအခွင့်အကြီးအကျယ်ဖြစ်လိုက။ အခိုး
အလျှံ။အသံအစွဲ။အက်ကွဲတုန်လှုပ်ခြင်းစသည်ဖြင့်။ နိမိတ်ပြ
မြဲ။ယင်းနိမိတ်ထင်မြင်လတ်က။ဒိဗျကိတ်ဖြစ်သင့်။အန္တရက္ခ
ကိတ်ဖြစ်သင့်။ ဘောမကိတ်ဖြစ်သင့်များကိုထောံ၍။ နိမိတ်

ဖတ်ယူမြဲဖြစ်ရကား။လောကနှိုက်။ ရေးကြောင်းထူးထွေရှိ မရှိကို။အမနိတ်ကန်။ ကိတ်ဂြိုဟ်တို့၏.အဘောံအပြန်အတဉ် အရှိ။အဖြစ်အထွန်း များကိုထောံ၍ နိမိတ်ယူရမည် ဆိုလို သည်။

အဝယဝတ္ထ။ ဤနှိုက်။ ပျည်ပျားမင်း လက်ထက် ဓညဝတီ သား တို့ယတြာဘုရား တည်လုပ်သောအခြင်းအရာ။ ရှေးကာလ ယတြာမူလေ့အစည်ထုံးစံရှိကြောင်း။ကိတ်ဟူသောဝေါဟာ ရ။ကိတ်တို၏.အပြား။ကိတ်စွဲမှတ်ရာအရပ်။ ကိတ်နှင့်အရပ် လောင်တို့သဘော။ ကိတ်ကိုစွဲ၍။ မှတ်ရန်အဟောများကို။ နန်းစည်စာတမ်း။ ရာဇဝင်တော်။ ကန်သစ်ဦးသမိုင်း။ရာဇ မတ္တဏ်ကျမ်း။သီလက္ခန်အဌကထါ။ရင်းဦကာ။ဇေါတိတတ္ထ ကျမ်း။အာကာသသျှတ္တရာ။နေမိတ္တကပိဇ္ဇာစာတမ်းစသည် တို့နှိုက်။ ထွက်ရှိသည်ကို။ အမြွက်မျှ ထုတ်နုတ် ရေးသား လိုက်အံ့။

သက္ကရာဇ်၂၁၁ခု။ပျဉ်ပျားမင်းနန်းတက်သုံးနှစ်တွင် တည်သောယခုရှိ။ ပုဂံမြို့။အရှေ့တောင် တာငါးရာခန့်ကွာ တွင်။ဓညဝတီ ရခိုင်သားတို့က။ ယတြာဘုရား တည်လုပ် သည်။ ထိုဘုရားကို ယခုတိုင် ရခိုင်ဘုရားဟု ခေါ်ဝေါ် ကြ သည်။ယင်းဘုရား တည်လုပ်၍ပြီးက။ မိုးသည်းထန်စွာရွာ လျှင်။ဘုရားစက်တော်တွင်းတွင်။ရေပြည့်လျှမ်း၍ကျုံးသို့စီး ဆင်းသည်ရေရှည်ကြာက။ ကျုံးတွင်းဝယ်။တို့ညှိသကဲ့သို့။ ပကတိမြေပြင်ညီညွတ်လျှင်။ ပုဂံမြို့ပျက်မည်ရခိုင်သားတို့ပ ယောကယတြာ ပြုလုပ်သည်ကို။ ပုဂံပြည်မင်းနှင့်တကွမှူး မတ်ပညာရှိ အမတ်တို့သိလျှင်။ ချင်းတို့အကြို့ အစည်။ ပြေ ပျေဒံကွယ်ပ၍။ကျုံးတွင်းသို့ရေမကျရအောင်။ ယင်းဘုရား

အနေဝံဆိတည့်တွင်။ တက်သက်ဆည်ဘို့လုပ်ဆောင်သည့် အမနိတ်ကန်ဟူ၍ထင်ရှားရှိသည်။ ထိုကန်ကိုယခု။ မနိကန် ဟုခေါ်ဝေါ်ပြောဆိုကြကုန်သည်။ယင်းကန်နှင့်ရေပြင်တစပ် တည်းမနောကန်လည်းရှိသည်။သတိမူ။

ရှေးပုဂံမြို့ကောင်းစည်။ အမနိတ်ကန် ရေမကြဲညီမ လင်နေဝံကျုံခြင်း။ သွေးကဲ့သို့နီမြန်းခြင်း။ ရေမှငါးလိပ်ပေါ ပေါပေါ်ခြင်း။စသည်ဖြင့်။ နိမိတ်ထင်မြင်လျှင်မင်းတို့ဥပါဒ် တွေကြိမ်၍။ကံကုန်ခြင်း။ ပျက်စီးခြင်းဖြစ်ကြ ကုန်သည်ဟူ၍။ရွှေနန်းစည်ပ ပဝေဏီစာတမ်း စာဟောင်း စုမျှားတွင်ဆို သည်။ ။ဝဏ္ဏဗောဓနသတ်ပုံ။လုံးကြိုးတင်တသတ်တွင်။ ။ ရှစောင်း သိဃ်နိတ်။ မမြဲအနိတ်။ အမနိတ် ကန်ဟု ပုံစံဖြ သသည်။

ယင်းစာတမ်းစာဟောင်းမျှားနှင့်။ဝဏ္ဏဗောဓနသတ် အင်းကိုမထိမတွေ့သူတို့မှာ။နသတ် ကန်ကို လည်း။ကအက္ခ ရာတွင်။ လုံးကြိုးတင်နိဂ္ဂဟိတ်နှင့်ကိ။ တသတ်နှင့်အမနိတ် ကိုလည်းအမနိက။ ပါဠိပြုလုပ်ပြင်ဆင်၍။ ကိ။သဒ္ဒါ အသို့ နည်း။အမနိကသဒ္ဒါ။ မန္တစ်သက်ဖွယ်ပြောဆိုပြီးလျှင်။ ကိတ် ကြိုဟ်ကားမန္တစ်သက်ဖွယ်အနက် အဓိပ္ပါယ်ရ သည်ကြီစည် ကြသည်မှာ။ တောင်မရောက်မြေဝံမကျ။ ကျိုး သံမရောက်။ ကြဲက်သံမရောက်။အော်ကလိအာ။ဟူဘိဇ္ဈ။သို့။ သာရမပြု။။ အန္တစ်မဲ့ဖြစ်ဆန်းသာ။ ထိုသူတို့ဇ္ဈ။မသိခြင်းအပြစ်ပင်ဟုမရ မှတ်လေ။

ယင်းစေတီကဲ့သို့။ယတြာတည်လုပ်ကြောင်းအထေဝံ အထားဟူသည်မှာ။ ။ဘုရင်မင်းကြီးစွာမင်းဖြစ်၍။ ခြေဝံ နှစ်ရှိသောအခါ။ရခိုင်မှာ။ဆရာတော်မင်းဖြစ်လျှင်။ ငါ့ကိုမေ့ လေသည်ဟူ၍။ဘုရင်မင်းကြီးစွာသို့စေလွှတ်၏။ ဘုန်းကြီး၍

သက်ရှည်လိုသော်အနောံတောင်ထောင့်အရပ် နှိုက်။ စည်းခုံ
တည်လေမှာတော်မူ၏။ဘုရင်မင်းကြီးစွာ လည်း။ ယုံကြည်
တော်မူ၍စည်း ခုံတည်မည်အစီအ ရင်ကိုစီရင်တော် မူ၏။စီ
ရင်တော်မူသည်ကား။ မြစ်ငယ်အရှေ့ဘက် ကမြေ ကိုလက်
ဆင့်ကမ်းစေ၍ဘို့ရ၏။ ပြည်သူအပေါင်း တို့လည်းပူပင်လှ
သောကြောင့်ပူအင်း ဟုယခုတိုင်အောင်တွင်၏။ မြေဘို့ပြီး
လျှင်။စည်းခုံတည်၏ ။ စည်းခုံတည်သောသက္ကရာဇ်ကား။ခု
နစ်ရာလေးဆဲ့ငါးခုတည်း။စဉ်းခုံတည်ပြီးလျှင်။အဇတမြို့လုံး
ထိတ်ထိတ်လန့်လန့်ရှိချေ၏။ထိုအကြောင်းကိုရခိုင်ကဆရာ
တော်ကြား လေသော်။ငါရဟန်း သားဖြစ်သည်မသင့်ချေဟု
လာတော်မူ၏။တနင်းလါနံ၏။ပရိဝါရဖြစ်သောအရှေ့အရပ်
နှိုက်။ ကုက္ကိုပင်သရပါတံခါးမော်ကွန်းတပ်ကြီးအရပ်နှိုက်။
ရတနာ့ကူ။ တနင်းလာနံ၏။ဘုမ္မိဖြစ်သော အနောံတောင်အ
ရပ်နှိုက်ဆင်ကျုံးတို့ကိုတပြိုင်တည်းတည်၏။ ထိုသို့အပြိုင်
စီရင်မှ။မထိတ်မလန့်ပဲပြေ၏။ ဘုရင်မင်းကြီးစွာလည်း။ဆ
ရာ တော် ကိုများစွာသောပူဇွော် သက္ကာရကိုပြုတော်မူ၍။မ
ဟာသဃီရာဇာဟူသော တံဆိပ်ကိုလှူတော်မူ၏။ဟူ၍။ရာဇ
ဝင်တော်ဆဋ္ဌမတွဲတွင်ဆိုသည်။ ။ဤကားရာဇဝင်တော်
လာ။ယတြာစေတီတည်လုပ်ကြောင်းစကားရပ်တည်း။

ယင်းကန်ကဲ့သို့။ ယတြာတည်လုပ်ကြောင်း **အထောံ**
အထားဟူသည်မှာ။ ။သက္ကရာဇ်၆၆၇ခုတွင်။ သစ်မြို့တဉ်
၍။သက္ကယ်နန်းနှင့်။သတိုးမင်းသီဟသူစံတော်မူသည်။သက္က
ရာဇ်၆၇၃ခု။ တပေါင်း လဆန်း ၁၁ရက်၅တေးနေ့။ တိထီ၉
လုံး။နက္ခတ်၅လုံး။ခတီ၂၄လိတ္တာ၃၅။အသ်ာ၂၃တွင်။သရေ
ခေတ္တရာမြို့နှင့်တကွတပြိုင် နက်ကန်တော် ကိုမြို့၏။ ဓာတ်နိ
မိတ်။ကန်သစ်ဦးဟုသမုတ်တော်မူသဉ်။ ထိုမင်းလက်ထက်။

ဥေဝတီရခိုင်မြို့ကသည်။မြန်မာတို့နိုင်ငံသို့ စစ်ထိုးအံ့သည်
ဟု။ကြီကြောင်းသိလျှင်။ကန်တော်၏အတွင်းနှိုက်ဆေခံလုပ်
ကိုးကွယ်သော။သီဟိုဠ်ရောက်ဆရာတော်ကြားလျှောံသည်
တကာတော်မင်း။စစ်မထိုးလင့်အောင်အံ့သည်။ ဤကန်သစ်
ကန်တော်ကိုသာလုံခြုံကောင်း မွန် ခိုင်ခန့်သာ ယာအောင်
ဆည်တို့ရမည်။ ဤကန်တော်ခိုင် ခန့် လုံခြုံ သာ ယာသဖြင့်
ဥေဝတီရခိုင်မြို့မှသည်။တပါးသောတိုင်းနိုင်ငံတို့ ကကြောံ
ရွံ့ချောံချားလတ်တံ့ရန် ပြုခြင်းဌာမတတ်နိုင်ကုန်။ ပေါ်သမျှ
သောရန်သူတို့ကိုအောင်မြင်အံ့။ပြည်သူပြည်သားတိုင်းကား
ပြည်ရွာတို့လည်း စည်ပင်သာ ယာဝပြော ငြိမ်း ချမ်းကုန်
သည်။ဤသို့သောအကြောင်းတို့ဖြင့်။ပြည်ရှင်မင်း အားဆရာ
တော်ကြားလျှင်။မှူးတော်မတ်တော် ပညာရှိ သုခမိန်သူမြတ်
တို့နှင့်တကွ။ စည်းဝေးတိုင်ပင်တော် မူ၍။ ကန် သစ်ဦးကန်
တော်ကို၉အင်း၉ဌာ နစီရင်ပြီးလျှင်။ ရွှေငါး ငွေငါး စသော
ရေပိုးသတ္တဝါတို့အားလည်းရေနှိုက်လွှတ်ထားတော်မူ၍အရံ
ကန်ကိုလည်းသမုတ်ဆည်တော်မူသည်။ကန်တော်၏ အရံ
ကန်ကား။မုဥ္ဇလိန္ဒာကန်။အုတ်ဘိုကန်။သရက်ကန်။ သူငယ်
ကန်။နန္ဒာကန်။ ကြိုးကြာကန်။ ကြေးနီကန်။မှော်ကန်။ ၃ဆင့်
ကန်တို့ကိုဆည်တော်မူ၍ကန်တော် စောင့်ဥပါ မောင် နှံတို့
အားပေးသနားတော်မူသည်။ထိုသို့စီရင်တော်မူသဉ်ရှိသော်။
ဥေဝတီရခိုင်မြို့သည်တုန်လှုပ်သည်ဖြစ်၍ကြောံ ရွံ့ကုန်၏။
ပန္နာလက်ဆောင်တို့သည်လည်းဆက်သလာကြကုန်၏။ထို
သို့ရန်သူအပေါင်းတို့သည်ကြီစည်ခြင်းဌာမတတ်နှိုင်။ ပန္နာ
လက်ဆောင်ပို့ကြကုန်သည်ဖြစ်၍မင်းကြီး လည်း ဝမ်း သာ
စိတ်ရွှင်အားရနှစ်သက်တော်မူ၏။ကန်သစ်ဦးကန် တော်ကို
လည်း။အစေါင့်အနေအကြီးအကြပ်အကျပ်အကဲနှင့်တကွခန့်

ထား၍အရှေ့အနောံဝန်းကျင်လုံခြုံ အောင် အခစောင့် အထိန်း ထားတော်မူသည်။ ။ဤကားကန်သစ်ဦး သဖိုင်း လာ။ ယ ခြောကန်တည့်လုပ်ကြွေးငင်းစကားရပ်တည့်း။

ကိတ်ဂြိုဟ်ခေါ်ဝေါ်ရေးသားကြသည်မှာ" ရာဇမတ္တာဏ် ကျမ်းဂဟာဘိဓာနတွင်။ ။ကေတု။ ကိတ်။ ဖြဟ္မသုတော။ ကိတ်။ဇုမဝဏ္ဏော။ကိတ်။သိဒ္ဓိ။ ကိတ်ဟူ၍ ပရိယာယ်ဒုပုဒ် ပြသည်။မြန်မာဘာသာမှာ။ ကေတုသဒ္ဒါပုဒ်နှိုက်။ ဇသရကိုဇ္ဈ သရပြုပြီးလျှင်။ တအက္ခရာ တွင်ရှိသော ဥသရကျ၍။ တ ထက်တံခွန်နှင့်။ ကိတ်ဂြိုဟ်ခေါ်ဝေါ် ရေးသားကြသည်။ ထို ကေတုသဒ္ဒါပုဒ်၏အနက်မှာ။ တံခွန်မှန်ကင်းဟူသောအနက် ကိုပေါသည်ယူမှတ်ရမည်။

ထိုကိတ်ဂြိုဟ်တို့၏ အစွမ်းသတ္တိ။ အရပ်အစွဲကို။သ ရောဒယ။ဇောတိတဋ္ဌစသောသင်္ကရိုက်ကျမ်း တို့နှိုက်၌ သို့ဆို၏။။

ဇကုတ္တရံသတာချာတာ။ဇါယန္တေတြကေတဝ။ ဗျာ ဗျာတည္ဆော ဇဂတ်သဗ္ဗ်ဳ။သဟသဿ်ကွံသမိဒ္ဓိ။ ။တတြ။ထို ရာဟု၏အမြီးဟူသောကိတ်ဂြိုဟ်နှိုက်။သဗ္ဗ်ဳ ဇဂတ်။အလုံးစုံ သောလောကကို။ ဗျာဗျာည္ဆော်။ နှံ့၍တည့်ကုန် သော။ သ ဟသဿ်ကွံသမိဒ္ဓိ။ ရောင်ခြည်တထောင်ဆောင်သောနေမင်း ၏တန်းခိုး နှင့်တူသော တန်းခိုးအရှိန်အစော် ရှိကုန်သော။ဇ ကုတ္တရံသတာချာတာ။တရောတပါးအတွက်အားဖြင့်ထင်ရှား ကုန်သော။ကေတဝ။ကိတ်တို့သည်။ဇာယန္တေ။ဖြစ်ကုန်၏။။

ဟူ၍ရာဟု၏နေ့အဖို့အမြီးဟူသေါကိတ်ဂြိုဟ်နှိုက်။ တရောတပါးအပြားအားဖြင့် ထင်ရှားကုန်သောကိတ်တို့သည် ဖြစ်ကုန်သောကြောင့်။ ထိုကိတ်တို့ကားအလုံးစုံသောလော ကကိုနှံ့၍ တည့်ကုန် သောကြောင့်။ ရောင်ခြည့် တထောင်

ဆောင်သောနေမင်းတန်းခိုးနှင့်တူသောတန်းခိုးအရှိန်အစေ၁
ဖြင့်ထွန်းလင်းကုန်ကြောင်းကိုဆိုသည်။ တရာတပါးအပြား
ရှိသောကိတ်သည်အောံအထက်အလယ်အရပ်နှိုက်။ပူးရှည်
ရာသမသတ်ဆိုင်ရာစွဲပြတ်ထွန်းလင်းကြောင်းကိုဆိုသည်။
ထိုကိတ်အထူးကိုပင်ဒိသာဒါဟ အရပ်လောင်ဟူ၍
သိလက္ခန်ပါဠိတော်နှိုက်။နိမိတ်တပါးအဖြစ်အားဖြင့် ဟော
တော်မူသည်။ အဋ္ဌကထာနှိုက်သည်း။ ဒိသာဒါဟောတိ။ဒိ
သာကာလုသိယံ။အင်္ဂိသိခါရုမသိခါဒိဟိအာကုလဘာဝေါ
ဝိယ။ ။ဒိသာဒါဟောတိ။ အရပ်မျက်နှာ လောင်သောဟူ
သည်ကား။ အင်္ဂိသိ ခါရုမ သိခါဒိဟိ။ မီးလျှံအခိုး အလျှံစ
သည်တို့ဖြင့်။ အာကုလဘာဝေါဝိယ။နှောင့်ရှက်သောအဖြစ်
သည်ဖြစ်သကဲ့သို့။ဒိသာကာလုသိယံ။ အရပ်မျက်နှာနှောင့်
ရှက်သောအဖြစ်တည်းဟူ၍ဖွင့်သည်။
သိလက္ခန်ဋီကာ နှိုက်လည်း။ ။ဒိသာကာလုသိ
ယန္တိ။ဒိသာသုခေါဘနံ။ တံသရူပတောဒသေတိ။အင်္ဂိသိခ
ရုမသိခါဒိဟိအာကုလ ဘာဝေါဝိယဇ္ဈမိနာ။ အင်္ဂိသိခါရုမ
သိခါဒိနံဗဟုဓါပါ တုဘာဝေါဧဝဒိသာဒါဟောနာမတိ။တ
ဒေဝရုမကေတုတိလောကိယာဝဒန္တိ။ ။ဒိသာကာလုသိ
ယန္တိ။အရပ်မျက်နှာနှောင့်ရှက်သည်ဟူသည်ကား။ ဒိသာသု
ခေါဘနံ။အရပ်မျက်နှာတို့နှိုက် ချောံချားခြင်းတည်း။အင်္ဂိသိ
ခရုမသိခါဒိဟိ။ မီးလျှံအခိုးအလျှံ စသည်တို့ဖြင့်။ အာကုလ
ဘာဝေါဝိယာတိ။ နှောင့်ရှက်သောအဖြစ်တည်းဟူသော။ ဤ
မိနာ။ ဤစကားဖြင့်။တံ။ ထိုသို့အရပ်မျက်နှာ ချောံချားခြင်း
လောင်ခြင်းကို။ သရူပတော။ သရုပ်ထုတ်၍။ ဒလေတိ။ပြ
ဏ်။။အင်္ဂိသိခ ရုမသိခါဒိနံ။ မီးလျှံအခိုးအလျှံ စသည်တို့ဏ်။။
ဗဟုဓါ။များသောအားဖြင့်။ ပါတုဘာဝေါဧဝ။ ထင်ရှားဖြစ်

ခြင်းသဉ်သာလျှင်။ ဒိသာဒါဟောနာမ။အရပ်လောင်မည့်၏။ ဇူတိ။ဤသို့။ဝုတ္တံ။ဆိုလိုသည်။ဟောတိ။ဖြစ်၏။ တဒေဝ။ ထိုအရပ်လောင်ပင်လျှင်။ဓုမကေတုတိ။ကိတ်အခိုး ထွက်ဟူ၍။ လောကိယာ။ဗေဒင်ဆရာတို့သည်။ ဝဒန္တိ။ ဆိုကုန်၏။ဟူ၍ အရပ်လောင်နှင့်ကိတ်အခိုးထွက်ကိုအရတူပြသည်။

ဇောတိ တတ္ထ စသော သသ်ကရိုက် ကျမ်းတို့ နှိုက်လည်း။ကေတုဝိယသိခါဝတိ။ ဇောတိဥပ္ပါတရူပိနိ။ ။ကေတုဝိယ။တံခွန်ကဲ့သို့။သိခါဝတိ။အလျှံရှိသော။ ဇောတိ။အခိုးအရောင်တည်း။ဥပ္ပါတရူပိနိ။ဓုမကေတုဟူသောဥကြတ်သဘောရှိ၏။ဟူ၍လာသည်။ ။အလျှံနှင့်အခိုးကား။အဝိနာဘာဝနည်းဖြင့် တပါးကိုဆိုလျှင် တပါးပြီး သတည်း။ သျှတ္တရာစာဟောင်းများနှိုက်လည်း။ဓုမကေတု ပါဌ်ကိုကိတ်အခိုးထွက်ဟုအနက်ပေးသည်။

ရာဇမဟ္ဟဏ် ဇောတိတတ္ထ စသော ဗေဒင်ကျမ်းတို့နှိုက်လည်း။ဒိဗျန္တရိကဘောမေတတောပ္ပါတေ။ ။ဒိဗျန္တရိကဘောမေ။ဒိဗျဥကြတ်။ အန္တရိက္ခ၊ဥကြတ်။ ဘောမဥကြတ်ဟူ ကုန်သော။ဥပ္ပါတေ။ဥကြတ်သုံးပါးတို့ဖြင့်။ တထာ။ထိုအတူ။ကထိဠိတ်။ တရံတဆစ်မျှ။ယာနံ။ ယတြာသွားခြင်းကို။ နဇ္ဇမံ။ အလိုမရှိအပ်ဟူ၍ ထိုကိတ်ပင်ဥကြတ်သုံးပါး အမည်ဖြင့်ပြသည်။ကေတု။ကိတ်ထွက်။ ဒိသာဒါဟ။ အရပ်လောင်ဥပ္ပါတ။ဥကြတ်ပြဟူသည်ကား။ အမည်သာပြားသည်။ သဘောအတူတူ။

သျှတ္တရာ စာဟောင်း များနှိုက်လည်း။ ဥပ္ပါတ ကိုဥကြတ်ဟူ၍အနက်ပေးသည်။ ။ဥပ္ပါဒါ။ဥပါဒ်ဟူသည်ကား။ ဘေးတည်း။ ဥပ္ပါတ။ ဥကြတ်ဟူ သည်ကား။ နိမိတ်အထူးတည်း။တတိယက္ခရာဒနှင့်ပဌမက္ခရာတကို သတိထားလေ။

ထိုဒိသာဒါဟဥကြတ်။ နိမိတ်ဖြစ်သောကိတ်ကား။ကောင်း
ကင်နှိုက်ဖြစ်သော ဒိဗျကိတ်။ အကြားနှိုက် ဖြစ်သော အန္တ
ရိက္ခ၊ကိတ်။မြေနှိုက်ဖြစ်သော ဘောမကိတ်အားဖြင့်သုံးပါး
အပြားရှိ၏ဟူ၍ရာ ၈မတ္တဏ်။ သျှတ္တရာများနှိုက်ဆိုသည်။

ထိုသုံးပါးတို့တွင်။ နေလဂြိုဟ်နက္ခတ်တာရာတိမ်များ
နှိုက်။ပကတိမှ ဖေါက်ပြန်၍ အခိုးအလျှံအရောင် အဝါထင်
ခြင်း။ဥက္ကာကျခြင်း။ တံခွန်ပြခြင်း။ နေလကြတ် ခြင်း။ သဲသဲ
ရုတ်ရုတ်အသံ[illegible]ား ခြင်း။ ကြယ်[illegible]င်း ပြိုင်တဲထိပါးခွပ်ကြ
ခြင်း။မတ္တိုင်ထင်ခြ[illegible]းစသည်များသဉ်ကောင်းကင်နှိုက်ဖြစ်
သောဒိဗျကိတ်မည်၏။ ထိုသို့ကိတ်ထွက်မူလူတို့ပျက်စီးအုံ။
ကိတ်တခု ထွက် မူမွတ် သိတ်အုံ။ ၂ခုထွက် မူပြည် ရွာမီး
လေါင်အုံ။ ၃ခုထွက်မူမင်း တို့ ပျက်စီးအုံ။ ဤကား ကောင်း
ကင်နှိုက်ပြသောဒိဗျကိတ်တည်း။

မြို့ပြအိမ်ယာကျောင်းကန် စေတီပုထိုး ဘုရားလှိုင်
ကူဥမင်ပြဿဒိစရပ်တန် ဆောင်း မုတ်ထွက်စုလစ်ထီးတံ
ခွန်။အိမ်ဒါး။တုတ်။လှံ။သေနတ်။ အမြောံ။ စိန်ပြောင်း။ ထန်း
ပင်သစ်ပင်စသည်များနှိုက်။ပိုးစုန်းကြူးနတ်စုန်းတို့အရောင်။
ပကတိမီးရောင်။ပတ္တမြားရောင်စသဉ်တို့ကိုကြည်၍အခိုးအ
လျှံအရောင်အဝါထင်ခြင်း။ သဲသဲရုတ်ရုတ်အသံ မြည်ခြင်း။
တုန်လှုပ်ခြင်းစသည်အကြားနှိုက်ဖြစ်သော အန္တရိက္ခ၊ကိတ်
မည်၏။ကောင်းကင်နှင့် မြေ၏အကြားတွင် ဖြစ်သတည်း။
ထိုသို့ကိတ်ထွက်မူစစ်ထွက်ရအုံ။ ပြည်ထဲချောံချားအုံ။ ဗိုလ်
ပါစစ်သူကြီးတို့ပျက်စီးအုံ။ဤမျှကား။ အကြားနှိုက်ဖြစ်သော
အန္တရိက္ခ၊ကိတ်တည်း။

မြေပြင်တော တောင်များနှိုက် ယခင်ဆိုခဲ့ ပြီးသော
ဖြစ်မြဲအရောင်အဝါတို့ကိုကြည်၍ အခိုးအလျှံအရောင်အဝါ

တော်ထွန်းခြင်း။တော်လဉ်းခြင်း။မြေကြီးကြဉ်းခြင်း။တောင်ပြိခြင်း။ တံတားမီးကာဘုရားပုထိုးပြိခြင်း။လျှင်လှုပ်ခြင်း။ ကမ္ဘာမြေကြီးကွဲအက်ခြင်း။ ဘီလူးတို့ရယ်ခြင်း။ သီခြင်းစကားဆိုခြင်း။နတ်တို့ငိုခြင်း စသည်များသည် မြေနှိုက်ဖြစ်သောဘောမကိတ်မည်၏။ ထိုသို့ကိတ်ထွက်မူ စစ်ရောက်အံ့။ပြည်ထဲချော်ချားအံ့။ ။ဤကားပိဋကတ်ကျမ်း။သဿ်ကရိုက်ကျမ်း။ သျှတ္တရာကျမ်း။ပါရာကျမ်း။ နေမိတ္တကပိဇ္ဇာစာတမ်းများကလာသောကိတ်သုံးပါးအကြောင်းစကားရပ်တည်း။

ဥပဒေသ ဤစကားရပ်ဖြင့်။သတ္တဝါတို့ဘုန်းကံကိုစွဲ၍။ကေါင်းလျှင်ကောင်းလျော်။ မကောင်းလျှင်မကောင်းလျော်။တိတ်နိမိတ်ထင်မြင်မြဲ။ကောင်းသည်အရာနှိုက်။အလောင်းတော်သုမေဓာရသေ့ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်။ နိယတဗျာဒိတ်တော်ကိုခံတော်မူစည်ပြအပ်သော သုံးဆဲ့နှစ်ပါးသောနိမိတ်။သိဒ္ဓတ်မင်းသား မယ်တော်မာယာဝမ်း နှိုက်ပဋိသန္ဓေနေတော်မူမည်တွင်။ မယ်တော် မာယာ မြင်မက် သည်အိမ်မက်နိမိတ်။သိဒ္ဓတ်မင်းသားဘုရားဖြစ်တော် မူမည်တွင်။မြင်မက်တော်မူသောလေးပါးသောအိမ်မက်တော်နိမိတ်စသည်ဖြင့်။ကျမ်းဂန်ထွက်ရှိလတ်ရကား။ဘုန်းကံရှိသောသူတို့မှာ။ ကောင်းလျှင်ကောင်းလျော်နိမိတ်ပြမြဲ။မကောင်းသည်အရာနှိုက်။အလောင်းတော်ဘူရိဒတ်နဂါးမင်း အလမ္ပါယ်လက်သို့ရောက်မည်တွင်။ မယ်တော်မြင်မက်သော အိမ်မက်နိမိတ်။ သားတော်ဇါလီသမီးတော်ဂဏ္ဍါဇိန်တို့ကိုဇူဇကာပုဏ္ဏားသို့လှူမည်တွင်။ မယ်တော်မြင်မက်သောအိမ်မက်နိမိတ်စသည်ဖြင့်။ကျမ်းဂန်ထွက်ရှိလတ်ရကား။ ဘုန်းကံရှိသောသူတို့မှာ

မကောင်းလျှင် မကောင်းလျော်နိမိတ် ပြမြဲ။ ယင်းမှ တပါး။ ကောင်းမကောင်း နိမိတ်အထူးပြမြဲများကို။ အရပ်ရပ်ရာဇ ဝင်တို့နှိုက် ထင်ရှားသိသာသည်။ ယင်းသို့ဖြစ်၍လူသာမန် ကိုမဆိုထားပိ။အလောင်တော်တကာ။ ရာဇဝင်ပိုင်။မင်းတို့ မှထုံသော်လည်း။ ကောင်းလိုသော်နိမိတ်အထူး မကောင်း လိုသော်နိမိတ်အထူး ပြမြဲရှိသည်ကို ထော်၍။ သုခဒုက္ခ။ဟူ သောလောကဓံရှစ်ပါး တရားမကင်းရှိရသေးသည်။လူသာ မန်တို့မှာမူကား။ လောကဓံ ရှစ်ပါး။တရား အတီမှာ ကင်း လွတ်နိုင်အံ့နည်း။မုချဆတ်ဆတ်။ တွေ့ကြုံလတ်မည်သာဟု နှလုံးသွင်း၍ ခပ်သိမ်းသော ပညာရှိသူတော်ကောင်း အမျိုး သားတို့သဉ်။ဇူဌဖြစ်သောလောကဓံလေးပါးကို။တွေ့ကြုံစဲခ ဏ။အလွန်သါယာနှစ်သက်စုံမက်မြတ်နိုးခြင်းကိုမဖြစ်စေမူ ၍။အနိဌဖြစ်သောလောကဓံလေးပါးနှင့်ကြိုက်ကြုံပြန်ခဲ့လျှင် လည်း။အလွန်စိုးရိမ်ပူဆွေး။ငိုကြွေးမြည်တမ်းခြင်းကို မဖြစ် စေမူ၍။လောကတန်ထွာ။သံသရာအဓလေ့။ ခယဝယအဓူဝ သဘောယောနိသောမနသီကာရကိုအမြဲနှလုံး။ယူကျုံးသွင်း ထားရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

ဤတွင်ရွှေကား။ ပုဒ်ရေ ၁ အရအဖြေအဓိပ္ပါယ်ပြီး ၏း။



မေးခွန်းကော် နုတ် ချက်ပါ။ တသတ်အငင် စပ်နည်း ၄ ပုဒ်တွင်။ပဌမပုဒ်။

မီးယူသစ်ခုတ် ။ပုန်းစလုတ်။ပဲပြုတ်ထမ်းချီချီ။ ။ဟူ ပုဒ်ရင်း။ သည်ကား။

ဒိဏ္ဍဝဂ္ဂေ။ ဒီးယူသောသူဌိကံဝါ။သစ်ခုတ်သောသူဌိကံဝါ။ပုန်းစ
လုတ်ပုန်းသောသူဌိကံဝါ။ပဲပြုတ်ထမ်းသောသူဌိကံဝါ။အမျိုး
မြေးသော သူဌိကံဝါ။ သမင် ရောင်းသော သူဌိကံဝါ။ ဆေး
ပေါင်းသောသူဌိကံဝါ။ရေဆယ်သောသူဌိကံဝါ။ဝန်ကူသော
သူဌိကံဝါ။ မုံ့စမ်းစား သော သူဌိကံဝါ။ ဟူ၍သူဌိက် ဆယ်
ယောံတို့တွင်။ ဒီးယူ။ သစ်ခုတ်။ ပုန်းစလုတ်။ ပဲပြုတ်။ယင်း
လေးပါးကိုတခြောင်းငင်တသတ်ရေးသားဘတ်ရွတ်ရမည်
ဆိုလိုသည်။

အဝယဝဂ္ဂေ။ ဤနိုက်။ သူဌိက် ဆယ် ယောံတို့ သရုပ် သဏ္ဌာ အာ
ကြောင်းအရာများကိုရှာလျှင်။ အဝမြို့မဟာသီဟာသူရလက်
ထက်။ သင်္ကရာဇ် ဂဒဝတွင်။ ရတနာပူရအဝမြို့လယ်တွင်
ဖွားသောငယ်မည်မောင်မော်။ရဟန်းမည်ရှင်မဟာရဋ္ဌသာ
ရသည်။သင်္ကရာဇ်ဂဎ၂ခု။ နှန်းတက်သောဒုတိယမင်းခေါင်
လက်ထက်သင်္ကရာဇ်ဂဎဖခုတွင်။ ရေးသားစီကုံးအပ်သော
သာကီယဟူသျှဘုရိဒတ်အလင်္ကာကြီးတွင်။ ။ရမ်းကားရမ်း
ကိုး။ရန်စပြိုးချ။ အမျိုးမေးထောင်း။ ဝမဲရောင်းနှင့်။ ဆေး
ပေါင်းဝဝယ်။ရေဆယ်သူဒီးယူ။ ဝန်ကူ ပုန်းစလုတ်။ သစ်ခုတ်
ယောကျာ်း။မုံ့စမ်းစားနှင့်။ဆယ်ပါးသူဌိက်။လူတို့နိုက်တွင်။
ဤလူလင်သည်။ဝင်ရောက်ပေသည်းကောင်း။ ။ဟူ၍လူဌိက်ဆယ်
ပါးသရုပ်ကို။ လက်မွန်ရှေးဦး။ ပကတ္တူးအစ။ စပ်ဆိုတော်မူ
သည်။သည်အလျှင် သူဌိက်ဆယ်ယောံအစပ်ကို မတွေဘူး
ချေ။

ဂုဏ်ဆယ်ယောံ၏အခြင်း အရာကိုမူကား။ ဟံသာဝ
တီရောက်မင်းလက်ထက်။ တောင်တွင်း ကြီးမြို့တွင်။ လက်
ယာဝဖုနှာ။ဇေယျနန္ဒရာဇာ၂ဘွဲ့ရမြို့ သူကြီး. ငကြွက်ဖြူက။ဒု

တိယမင်းခေါင်အရီးတော်စကိုင်းမြို့စားမင်း ဖှထွတ်ဆရာ။ ကန်တော်မင်းကျောင်းရွာသားဇာတိမဟာထေရ်ကျော်ကန်တော်မင်းကျောင်းမေတ္တာစာကိုအဖြေစီရင်မည့်အကြောင်းနှင့်တောင်းပန်၍တောင်တွင်းကြီး မြို့မင်းကျောင်း ဘုန်းကြီးရေးသည့်ကန်တော်မင်းကျောင်းမေတ္တာစာအဖြေတွင်။ပညာ ရှိမှခွင့်သိသည်ဟူသောစကားအရတွင်။ပညာအဆင်အခြင်ရှိမှသာ။ ရအပ်မရအပ်သောအခွင့်။ ဆိုအပ်မိန့် အပ်နေထိုင်အပ်သောအခွင့်အရာကိုသိချေသည်။ပညာ မရှိလျှင် လူမိုက်ဆယ်ပါး ကဲ့သို့အခွင့်မသိချေ။ လူမိုက် ဆယ် ပါး ဟူသည်ကား။မုံ့စမ်းစားနှင့်။ မေးမှားမျိုးနွယ်။ ရေဆယ် ဝန်ကူ။မီးယူသစ်ခုတ်။ပုန်းစလုတ်က။ပဲပြုတ်ဆေးပေါင်း။သမင်ရောင်းဟူ၍။မိန့်ဆိုတော်မူပြီ လျှင်။ဆယ်ပါး၏အခြင်းအရာကို။အသီးအသီးထုတ်ဆိုရေးသားလေသည်။ယင်းသို့မင်းကျောင်းဘုန်းကြီးရေးသည်။ကန်တော်မင်းကျောင်းမေတ္တာစာအဖြေတွင်။ထုတ်ဆိုသည်လူမိုက်ဆယ်ပါး၏အကျယ်ကို။ ၎င်းဆရာတော်ရေးသားသည့်အဘိုင်း။ထုတ်နွတ်ရေးသားလိုက်အံ့။

သူမိုက်ဆယ်ပါးတို့တွင်။ မုံ့စမ်းစားဟူသည့်ကား။ ရှေးသောအခါ။ ရွာတရွာတွင်။ လူတယောခံသည့်လယ်လုပ်သည်။လယ်စောင့်ရာမှာမုံ့စမ်းစား၍နေခိုက်ယောက္ခမလာ၍မင်းဘယ်ဌာစားသနည်းဟုမေး သော်။ မုံ့စမ်းကိုအာလုပ်တွင်အပြည့်ငုံလျက်ယောက္ခမကိုရှက်သည်ဟူ၍ အဟုတ်မပြောပဲပါးရောင်ချေသည်ဟူ၍ဆိုဏ်။ယောက္ခ မလည်း။ ပါးရောင်သည်ကို။စူးထိုးမှသာပေါက်တော့မည်ဆိုသော်အထိုးခံ၍။စူးထိုးမှ။ ထိုးသောအပေါက်ကမုံ့စမ်းထွက်၍ယောက္ခမသိလေသတည်း။

မေးမှားမျိုးနွယ်ဟူသည်ကား။ ပိန်းမနှစ် ယောဝံအတူ သွားသည်ကို။ လူတယောဝံက၊ အရှင်မတို့နှစ် ယောဝံဘဲ.နှယ် တော်ကြာသနည်းမေးသည်ကို။ပိန်းမကြီးက။ ကျနုပ်တို့ဦးရိုး ကိုသည်လုံမသငယ်ဦးရိုးကဦးဒိုး တော်သည် ဟူ၍ပြောဏ်။။ ထိုသို့ပြောသည်ကိုမေး သော သူသည်။ လူဇိုက် ဖြစ် သော ကြောင့်။ ညီအစ်မတော်သည်ဟု ယူလေ သည့်။ ညီအစ်မမ တော်ချေ။မည်သို့ဘော်သည် ဟူ၍ပညာရှိတို့ကြံပါ ကုန်။ထို ပိန်းမနှစ်ယောဝံမှကားသားနှင့်အမိတည်း။

ရေဆယ်ဟူသည်ကား။ ရေတွင်နှစ် သ သူ ကိုဖက် ရမ်း၍ဆယ်ချေ သော ကြောင့်။ နှစ် သသူ သည့် ကိုယ်ပေါ် တက်၍စီးသော်မဟန်နိုင်သော ကြောင့် ဆယ် သောလူဇိုက် သေချေသည်။ထိုကြောင့်ရေနှစ်သသူကိုဖက်ရမ်း၍ မဆယ် ရာ။သစ်သားဝါးလှမ်းကမ်း၍တခုခုကိုသာအ မှီပြုရ အောင် ပေးရာသည်။

ဝံကူဟူသည် ကား။ လူကိုဝံ ကိုက်ရာ မှာ။ နေ့ဝံက နေ၍မကူ။ ဤကနေ၍ကူချေသောကြောင့်ကိုက်ရင်းလူကို လွှတ်၍ကူသောလူဇိုက်ကိုကိုက်လေသည်။တချက်လည်းလူ တယောဝံဝန်ထမ်း၍လာသည်ကိုကူပါဆို သော်။ ကူမည်သူ လူဇိုက်သည့်နိမ့်ရာမှနေ၍ဝန်ကိုပေးတော့ဆိုလျှင်။ အထက် ကလူသည့်ဝန်လေးနှင့်ပခုံးပေါ် ကိုချလေသောကြောင့်။ ဝန် ကူသောလူဇိုက်သေချေသည့်။

မီးယူဆိုသည်ကား။လူဇိုက်သည့်မီးရှိရာမှာ။မိမိဝတ် သောပုဆိုးနှင့်မီးညှို၍ယူခဲ့သောကြောင့်သေချေသည်။

သစ်ခုတ်ဆိုသည်ကား။သူတယောဝံသစ် ခုတ်သော်။ သစ်ပင်လည်းခါနိုးတွင်။ ခေါင်းနှင့်ခံ သော ကြောင့် သေချေ သည့်။

ပုန်းစလုတ်ဟူသည်ကား။ အမှိုက်မရှိစင် ကြယ်ရာအ ရပ်မှာသာပုန်းအပ်လျက် အမှိုက် တော မှာ ပုန်း ချေ သော ကြောင့်မြွေကိုက်၍သေချေသည်၊

ပဲပြုတ်ဟူသည်ကား။ ပဲ အသွေ့ကို ဝယ်၍ ပေါ့ပေါ့ ထမ်းရမည်ကိုပင်။သူရိုက်သည့်ပဲပြုတ်၍ထမ်းသေါကြောင့် ဝန်လေးတွေ့လေသည်။

ဆေးပေါင်းဟူသည်ကား။ ပျားရည်တလက်ဖက်နှင့် ရှားစောင်းစေးတစက်ပေါင်းရမည်ကို၊ ပျား ရည်တစက်နှင့် ရှားစောင်းစေးတလက်ဖက်ကိုဆေးသမားရိုက်ပေါင်း၍ပေး သောကြောင့်။သူနာသေချေသည်။

သမင်ရောင်း ဟူသည်ကား။ မူဆိုး တယောံသည်သ မင်ကြီးတခု။သမင်ငယ်တခုကိုရောင်းမည် လာသည်။လူတ ယောံလည်းမူဆိုးသမင်ကိုဘဲ့နှယ်ရောင်းသနည်းမေးသော်။ သမင်ကြီးကိုနှစ်သပြာ။သမင်ငယ်ကိုတသပြာနှင့်ရောင်းမည် ဆိုသော်။သမင်ငယ်တခုကိုတသပြာပေး၍ဝယ်သေ၏။နောံ မှတဖန်သမင်ကြီးကိုရောင်းပါဆို သော်နှစ် သပြာပေး တော့ ဆိုလျှင်။ဝယ်မည်သူကလည်းတသပြာပေးနှင့်သေပြီ၊ သည် သမင်ငယ်ကိုလည်းတသပြာပြု၍နှစ်သပြာ ယူပါ တော့ ဆို လျှင်။ထိုမူဆိုးလည်းအဟုတ်မှတ်၍ယူလေသည်။

၏သူရိုက်ဆယ်ပါး တို့သည်ပညာမရှိ သောကြောင့် အခွင့်ကိုမသိချေသတည်း။ ။၏ကား။ မင်းကျောင်း ဘုန်း ကြီးရေးသား ရင်း လူရိုက် ဆယ် ယောံ တို့၏ အ ကြောင်း စကားထည်း။

၏စကားရပ်ဖြင့်။ ပြဆိုခဲ့ပြီး၊သောလူရိုက်ဆယ်ယောံ ဥပဒေသ။ တို့ကဲ့သို့အဆင်အခြင်ပညာ မရှိ အ ခွင့်မ သိသည် ဖြစ်က။

ပစ္စုပ္ပန်သံသရာ အကျိုး ၃စ်ပါး ဆုတ်ယုတ် ရာသည် ဖြစ်၍။ ယင်းသူရိုက်ဆယ်ယောံကဲ့သို့မဖြစ်စေမူ၍။ ဤကါးကုသိုလ်။ ဤကားအကုသိုလ်။ ဤကားသုက္ခပက္ခ။ ဤကားကာလပက္ခ။ ဤကားသုစရိတ။ ဤကါးဒုစရိတ။ ဤကားသုဂတိအကြောင်း။ ဤကားဒုဂ္ဂတိအကြောင်း။ စသည်ဖြင့်။ ၇ရည်အပ် ကြည်အပ်။ ကျင့်အပ်ပယ်အပ်။ ပွါးအပ်မ ပွါး အပ်စ သည့်တို့ကို။ ခွဲခြမ်း စိတ်ဖြာ။ ပညာအဆင်အခြင်ဖြင့်ခွဲခြမ်းသိမြင် ပြီး လျှင်။ ၇ရည် အပ်သည်နှိုက်၇ည့်ခြင်း။ ကြည်အပ်သည် နှိုက် ကြည်ခြင်း။ ကျင့်အပ်သည်ကိုကျင့်ခြင်း။ ပယ်အပ် သည်ကို ပယ်ခြင်းစ သည်ဖြင့်။ကျင့်သုံးဆောံတည့်နှိုင်က။ပစ္စုပ္ပန်သံသရာအကျိုး ၃စ်ပါး။ ပွါးများတက်တိုးရာသည် ဖြစ်၍။ ကောင်းကျိုးကို အလိုရှိသောအများကောင်းသားအများ ကောင်းသမီးတို့သည်၊ ပိမိကိုယ်ကို။ပိမိဆုံးမလျက်။ ၇ှေးရှေးသောဘုရား အလောင်း သူတော်ကောင်းတို့လေ့လာဖြဖြစ်သောအတတ် ပညာများတို့ ကိုတတ်သိလိမ်မာအောင်သင်ကြားလေ့သာ၍ပညာ အမြော် အမြင်အဆင်အခြင်နှင့်ပြည့်စုံရုံရမည်ဟူသောဥပဒေ သက်ဖြ သည်ယူရမည်။



မေးခွန်းကေဝံ နှုတ်ချက်ပါ။ တသတ်အငင် စပ်နည်း ၄ပုဒ်တွင်။ဒုတိယပုဒ်။

ပုဒ်ရင်း။ ပစ္စည်းနှင့် ပုဒ်။၇ည့်ချုတ်ချုတ်။တဒ္ဒုတ်ဆဲ့ငါးလိ။ ။ ဟူသည်ကား။

ပဒပစ္စယသံဟိတံ။ ပုဒ်နှင့်ပစ္စည်း ချည်း ခြင်း သည်။ ပိဏ္ဍတ္ထ။ တဒ္ဓိတံ။ တဒ္ဓိတ်မည်၏။ ဟူသည်နှင့် အညီ။ ပုဒ်နှင့်ပစ္စည်း ချည်းက။တဒ္ဓိတ်မည်၏။ဆိုလိုသည်။

ဤနှိုက်။ တဒ္ဓိတ သဒ္ဒါ ၏။ ဝစနတ္ထ။ အခြင်း ခြင်း အဝယဝတ္ထ။ ချည်းရာနှိုက်။ ဤကားသမာသ်။ ဤကား တဒ္ဓိတ်ဟု ပြအပ် သောစကား။တဒ္ဓိတ်အပြားများကို။ကစ္စာယနဘေဒကျမ်း။ သမ္ဗန္ဓစိန္တာကျမ်းစသောသဒ္ဒဝိနိစ္ဆယကို ဆိုသောကျမ်းဂန် တို့နှင့်အညီ။ အကျည်းအမြွက်မျှ ထုတ်နုတ်ရေးသား လိုက် အံ့။

တေသံသဒ္ဒသမူဟာနံ။ ဟိတာနုကူလကံထဝါ။ တေ သံသိဿသမူဟာနံ။တဒ္ဓိ တန္တိပဝုစ္စတိ။ ။ယံပဒံ။အကြင် ပုဒ်သည်။တေသံသဒ္ဒသမူဟာနံ။ ထိုသဒ္ဒါအပေါင်းတို့၏။အ နုကူလကံ။လျော်သော။ဟိတံ။အကျိုးစီးပွါးသည်။ဟောတိ။ ဖြစ်၏။တံပဒံ။ထိုပုဒ်ကို။တဒ္ဓိတန္တိ။ တဒ္ဓိတ်ဟူ၍။ပဝုစ္စတိ။ ဆိုအပ်၏။အထဝါ။တနည်းကား။ယံပဒံ။ အကြင်ပုဒ်သည်။ တေသံသိဿသမူဟာနံ။ ထိုတပည့်သားအပေါင်းတို့၏။အ နုကူလကံ။လျော်သော။ဟိတံ။ အကျိုးစီးပွါးသည်။ဟောတိ။ ဖြစ်၏။တံပဒံ။ ထိုပုဒ်ကို။ တဒ္ဓိ တန္တိ။ တဒ္ဓိတ်ဟူ၍။ ပဝုစ္စ တိ။ဆိုအပ်၏။

ဤသို့မိန့်ဆိုအပ်သောကစ္စာယနဘေဒသဒ္ဒါကျမ်းနှင့် အညီ။သဒ္ဒါအပေါင်းတို့၏။ဂင်း။ ထပည့်သားအပေါင်းတို့၏။ ဂင်း။အကျိုးစီးပွားဖြစ်သောကြောင့်တံဟိတဆိုလိုလျက်။ဟ ကိုစတုတ္ထက္ခရာဓရေး၍ ရှေးလထက်ရှိသောနိဂ္ဂဟိတ်ကိုတ တိယက္ခရာဒ ရေး၍။ တဒ္ဓိတဟူ၍ရအပ်သောအမည်ရှိသော တဒ္ဓိတ်သည်။ဂေါတ္တတဒ္ဓိတ်။ တရတျာဒိ တဒ္ဓိတ်။ ရာဂါဒိ

တဒ္ဓိတ်။ ဇာတျာဒိတဒ္ဓိတ်။ သမူဟတဒ္ဓိတ်။ ဌာနတဒ္ဓိတ်။ နိဿိတ တဒ္ဓိတ်။ ဥပ မာ တဒ္ဓိတ်။ ဗဟူလ တဒ္ဓိတ်။ သေဌ တဒ္ဓိတ်။အဿတ္တိတဒ္ဓိတ်။ ပကတိတဒ္ဓိတ်။ ပူရဏတဒ္ဓိတ်။ သဒ္ဒါတဒ္ဓိတ်။ ဝိဘာဂတဒ္ဓိတ်ဟူ၍ သာမညတဒ္ဓိတ်မှ ပြားသောအားဖြင့်။တဆဲ့ငါးပါးအပြားရှိကြောင်းကို။ ကစ္စာယနဘေဒ။ရူပဒီပနီ။နိရုတ္တိမဥ္ဇူ။စသော သဒ္ဒါကျမ်းများ တွင်ဆိုသည်။ဤသို့ဆိုအပ်ခဲ့ပြီးသောအပြားနှင့်ပြည့်စုံသောတဒ္ဓိတ်သည်ကျေ လေသော နေဝံပုဒ်၏ အမွေကိုခံ၍ ဟော သောပစ္စည်းနှင့်ရှေးပုဒ်တို့သဉ်နှစ်ပုဒ်ရင်း။နှစ်ပုဒ်ထက်အလွန်ရင်းဖြစ်၍ဝိဘတ်ကိုချေပြီးလျှင်။ချည်းစပ်ကြသောအရာသာဖြစ်၍သမာသ်၏.သဘောနှင့်မကွဲမပြားသဘောရှိ၏. ဟုလျည်းပါးဘွယ်။ပသင်္ဂညာဏ်သည်ဖြစ်ငြားအံ့။ထိုသို့ဖြစ်ရာနှိုက်။ ဤသို့သောအဆုံးအဖြတ်ကိုသိအပ်မှတ်အပ်၏.။

ပုဒ်ခြင်းခြင်းချည်း၍ပြီးသည်ကို သမာသ်ခေါ်သည်။ သမာနဝါဒအားဖြင့်ပုဒ်နှင့်ပစ္စည်းချည်း၍ပြီးသည်ကိုတဒ္ဓိတ်ခေါ်သည်။ အပရေဝါဒအားဖြင့်။ ဏအစရှိသောပစ္စည်းကိုရင်း။ ပြီးစေအပ်သော အမှုကိုရင်း တဒ္ဓိတ်ခေါ် သည်။ ထိုကြောင့်။ ပုဂံမြို့ရှင်သဒ္ဓမ္မသိရီရေးသည်။ သဒ္ဒတ္ထဘေဒစိန္တာမည်သောကျမ်းနှိုက်။ ။သမာသောပဒသခေ်ပေါ။ သပ္ပစ္စယပဒံပန။တဒ္ဓိတန္တိစနာနတ္တ။မုဘိန္ဒမုပလက္ခယေ။ ။ဏာဒျေဝတဒ္ဓိတံနာမ။ ပရိကပ္ပဝ သာဒိနာ။ နိပ္ပါဒေတဗ္ဗ ကမ္မဥ္စ။ တဒ္ဓိတံတျပရေဝိဒူ။ ။ဟူ၍မိန့်အပ်သည်။

ပဒသခေ်ပေါ။ပုဒ်ခြင်းခြင်း ချည်းခြင်းစပ်ခြင်းသည်။ သမာသော။သမာသ်မည်၏.။သပ္ပစ္စယပဒံပန။ ပစ္စည်းနှင့်တကွသောပုဒ်သည်ကား။တဒ္ဓိတံ။ တဒ္ဓိတ်မည်၏.။ဣတိစ။ဤသို့လျှင်။ဥဘိန္ဒံ။ နှစ်ပါးကုန်သော သမာသ်တဒ္ဓိတ်တို့၏.။နာ

နတ္တံ။ထူးသည်၏အဖြစ်ကို။ ဥပလက္ခယေ။ မှတ်ရာ၏။ပရိ
ကပ္ပဝသာဒိနါ။ကြီစည်သည်၏အစွမ်းအစရှိသည်ဖြင့်။ဏာ
ဒျေဝ။ ဏအစရှိသော ပစ္စည်းသည် သာလျှင်။ တဒ္ဓိတံနာမ။
တဒ္ဓိတ်မည်၏။ ဇ္ဇတိစ။ ဤသို့ရင်း။ နိပ္ပါဒေတဗ္ဗကမ္မံ။ ပြီးစေ
အပ်သောအမှုသည်။ တဒ္ဓိတံ။တဒ္ဓိတ်မည်၏။ ဇ္ဇတိစ။ ဤသို့
ရင်း။အပရေ။ တပါးကုန်သော။ဝိဒူ။ သဒ္ဒါတတ်ပညာရှိကဝိ
သုခမိန်တို့သည်။ဝဒန္တိ။ဆိုကြကုန်၏။ ။ဤကားအနက်။

သတ်ပုံအစပ်တွင်။တဒ္ဓုတ်ဟူသဉ်ဝေါဟာရစကါး
မှါ။ပဌါနဒုက။ပဌါန်ဒုက်။မဟါဒုက္ခ။မဟာဒုက်။ဇ္ဇရိယာပဌ။
ဇ္ဇရိယာပုဌ်။ဇနပဒ။ ဇနပုဒ်ဟူသကဲ့သို့။ တဒ္ဓိတကိုတဒ္ဓုတ်
ဆိုသည်မှတ်လေ။ ။ထိုကြောင့်။ကြီမိစေလော့။ ချီသည်။
ရှင်ဓမ္မသာမိရေးသည်နိယံလက်ာတွင်။ ။နေယျနိတတ်။
အထူးမှတ်၍။သမာသ်တဒ္ဓုတ်။အာချာတ်ကြုတ်ကို။အဟုတ်
အဟတ်။ဆင်ခြင်လတ်မှ။ဟူသည်ကိုရင်း။ ။ဟတ္ထိပါလ
တွင်။ ။နေယျနိတတ်။သင့်ဆုံးဖြတ်လျက်။သမါသ်တဒ္ဓုတ်။
အာချာတ်ကြုတ်နှင့်။လေးပုဒ်ဝါစက။ဟူသည်ကို ထောံ၍။အ
ခိုင်အခန့်အမြဲယူမှတ်ရမည်။

ဥပဒေသ

ဤစကားရပ်ဖြင့်။ ပုဒ်ခြင်းခြင်းချည်းသော်သမာသ်။
ပုဒ်နှင့်ပစ္စည်းချည်းသော်။ တဒ္ဓိတ်ဟုကွဲပြားသိမှတ်ရဘိ၏
သို့။ခပ်သိမ်းသော သူတို့နှိုက်လည်း။ မိမိတို့အလေ့ အကျက်
ရင်းကပင်။အလဇ္ဇီဒုဿီလဖြစ်၍။အခြားသောမိမိနှင့်အတူ။
အလဇ္ဇီဒုဿီလ ဖြစ်သူတို့ကို ပေါင်းဖော်မှီဝဲ ရှည်တွဲဆည်း
ကပ်ခြင်း။မိမိအားပြဆိုခဲ့ပြီးသောဗါလသဘောသို့သက်၏။
ပေါင်းဖော်သောအခါနှိုက်ကား။ ပညာရှိသူတော်ကောင်းနှင့်
ပေါင်းဖော်ခြင်း။တနည်း။မိမိတို့အလေ့အကျက်ရင်းကပင်။

လဇ္ဇီသုသီလ ဖြစ်၍ အခြား သောမိမိနှင့် အတူလဇ္ဇီသုသီလ ဖြစ်သူတို့ကိုပေါင်းဖော်ရှည်တွဲမှီဝဲဆည်းကပ်ခြင်း။ မိမိကား ဆိုခဲ့ပြီးသော သာဓုသဇ္ဇန သဘောသို့သက်၏။ ပေါင်းဖော် သောအခါနှိုက်ကား။အလဇ္ဇီဒုသီလတို့နှင့်ပေါင်းဖော်ခြင်းဟူ၍ကွဲပြားလေသည်ဖြစ်ရကါး။မိမိနှင့်ရည်တူကိုပေါင်းခြင်း။ မိမိထက်မြတ်သူကို ပေါင်းဖော်ခြင်းဟူ၍ပုဂ္ဂိုလ်သုံးပါး။ကွဲ ပြားရှိသည်တွင်။ မိမိအောံယုတ်သူကို ပေါင်းက အကျိုးစီး ပွါးပျက်သည်။မိမိနှင့် ထပ်တူလူကိုပေါင်းက။ အကျိုးစီးပွား မူကားမပျက်။သို့သော်လည်းမတိုးမပွါးရှိရာသည်။မိမိထက် သာလွန်သူကိုပေါင်းမှ။အကျိုးစီးပွားလည်းမပျက်တိုးတက် ပွားများရာ သည်ကိုထောံ၍။ ခပ်သိမ်းသော သူတို့သည်အ ပေါင်းအဖော်ပြုလုပ်မှီဝဲရှည်တွဲဆည်းကပ်ခြင်းနှိုက် လိမ်မာ ရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။



မေးခွန်းကောံ နူတ်ချက်ပါ။ တသတ်အငင် စပ်နည်း ၄ပုန်တွင်။တတိယပုန်။

ပုန်ရင်း။ သုံးဆဲ့ငါးပုန်။ဝက်ဝုတ်။ချုတ်ချုတ်မတိုက်ပြီ။ ။ဟူ သည်ကား။

ဒိဏ္ဍတ္ထ။ ဇာတ်ဂုဏ်ကြိယာဒြပ်နာမ်ဟူသော ဝတ္ထုကိုတံဆာ ဆင်ခြင်း။အလက်ာဟုဆိုအပ်သောသဘာဝဂုတ္တိ။ ဝက်ဝုတ္တိ နှစ်ပါးတို့တွင်။ ဝက်ဝုတ္တိအလက်ာသည်။ အတိဿယဝက် ဝုတ္တိ။ဥပမာဝက်ဝုတ္တိ။အရူပဝက်ဝုတ္တိ။ စသောအားဖြင့်သုံး ဆဲ့ ငါး ပါး ရှိ၏။ ယင်းသုံး ဆဲ့ ငါးပါး သော ဝက်ဝုတ္တိအ

လက်ာသည်။ သဘောမဟုတ်သောအနက်ကိုပြတတ်သည်
ဖြစ်၍ဇာတ်ဂုဏ်ကြီယာဒြပ်နာမ်ဟူသောဝတ္ထု တို့၏သဘာ
ဝဝုတ္တိအလက်ာ ကဲ့သို့။ သဘော အဓိပ္ပါယ် ချုတ် ချုတ်မ
တိုက်ဆိုလိုသည်။

ဤနိုက်။ သဘာဝဂုတ္တိ။ဝက်ဂုတ္တိနှစ်ပါးတို့၏ အထူး။ အဝယဝတ္ထ။
ဝက်ဂုတ္တိသုံးဆဲငါးပါးတို့၏ သရုပ်များကို။သုဇေါဓာလက်ာ
ရကျမ်း။ဂင်းငိုကာဟောင်း။ဂင်းငိုကာသစ်။အလက်ာရဝိဘာ
ဝနာကျမ်းများ နိုက်ထွက်ရှိသည်ကို။ အကျည်း အမြွက်မျ
ထုတ်နုတ်ရေးသားလိုက်ခဲ့။

သဘာဝဝက်ဂုတ္တိနံ။ဘေဒါဒွေဓာအလံကိရိယာ။ ပဋ္ဌ
မာတတ္ထဝတ္ထု။နံ။ နာနာဝတ္ထာဝိဘာဝိနီ။ ။သဘာ ဝဝက်
ဂုတ္တိနံ။သဘာဝဂုတ္တိဝက်ဂုတ္တိတို့၏။ဝါ။ အဖြောင့်အမှန်ဖြစ်
သောတန်ဆာ။အကောံအကျစ်ဖြစ်သောတန်ဆာ ဟုဆိုအပ်
သောတန်ဆာတို့၏။ဘေ့ဒါ။အပြားအားဖြင့်။ အလံကိရိယာ။
တန်ဆာဆင်ကြေ့ာင်းဖြစ်သောအလက်ာတို့သည်။ဒွေဓာ။နှစ်
ပါးအပြားရှိကုန်၏။တတ္ထ။ထိုနှစ်ပါးသောအလက်ာ တို့တွင်။
ပဋ္ဌမာ။ ရှေးဦးစွာသောသဘာဝဂုတ္တိသည်။ ဝတ္ထု။နံ။ ဇာတ်။
ဂုဏ်။ကိရိယာ။ဒြပ်။နာမ်ဟုဆိုအပ်ကုန်သောဝတ္ထုတို့၏။နာ
နာဝတ္ထာဝိဘာဝိနီ။အထူးထူးသောအနက်ကိုထင်စွာပြတတ်
၏။

ဤသို့ပြဆိုအပ်သောသုဗောဓာ လက်ာ ရကျမ်း ပါဠ
နှင့်အညီ အလက်ာတို့သည်။ သဘာဝဂုတ္တိအ လက်ာ။ ဝက်
ဂုတ္တိအလက်ာအား ဖြင့်နှစ် ပါး အပြား ရှိသည်။ ထိုနှစ်ပါးတို့
တွင်။သဘောဖြစ်သောအနက်ကိုပြတတ်သည်ကား။ သဘာ
ဝဂုတ္တိ မည်၏။ သဘော မဟုတ် သော် အနက် ကိုပြတတ်

သည့်ကား။ဝက်ဝုတ္တိမည်၏။ ။ထိုကြောင့်။ဘူရိဒတ်ဇါတ်ပေါင်းတွင်။ ။သဘာဝတ္တ။ဝက်ဝုတ္တိ။အသိမှန်စွာ။ဟူ၍စပ်ဆိုသည်။

သဘာဝဝုတ္တိနှိုက်သိကြောင်းဥဒါဟရဏ်ကား။ ။လိလာပိက္ကန္တိသုဘဂေါ။ ဒိသာဓိ ရပိ လော ကနော။ ဗောဓိသတ္တက်ုရောဘာသံ။ ပိရောစိဝါ စမာသဘိံ။ ။ဟူ သည့်တည်း။ ။လိလာပိက္ကန္တိသုဘဂေါ။ တင့်တယ်စမ္ပာယ်သော ခုနစ်လမ်းလှမ်းခြင်းဖြင့်ကောင်းမြတ်ခြင်းရှိတော်မူထသော။ ဒိသာဓိရပိလောကနော။ထိုထိုအရပ်မျက်နှာတို့နှိုက်။ မတုန်လှုပ်သောကြည့်ခြင်းရှိတော်မူထသော။ဗေါဓိသတ္တက်ုရော။ ဘုရားအလောင်းတော်သည်။အာသဘိံ။မကြောံ ရွံ့သော။ဝါစံ။အဂ္ဂေါဟမသ္မိအစရှိသောစကား ကို။ ဘာသံဘာသန္တော။ ဆိုတော်မူလျက်။ပိရောစိ။တင့်တယ်တော်မူလေပြီ။ ။ဤကါးအနက်။ ။ဤဥဒါဟရဏ်နှိုက်။ဘုရားလောင်းဟုဆိုအပ်သောဒြိပ်တော်၏။ ခုနစ်သွားလှမ်းသွားခြင်း မကြေခံမရွံ့ သောစကားကိုဆိုခြင်းဟုဆို အပ်ကုန်သော အနက်တို့ ကိုပြတတ်သည်၏။အဖြစ်ကြောင့်။သဘာဝဝုတ္တိမည်၏။

ဝက်ဝုတ္တိ သည်သဘောဖြစ် သောအနက် မှတပါး သောအနက်ကိုပြဆိုခြင်းကြောင့်အတိုင်း မသိများ သောအပြားရှိသည့်။ထိုသို့ပင်များလင့် ကစား။ အမြွက်အား ဖြင့်အလက်ာကျမ်းနှိုက်ပြဆိုအပ်သော။ အတိဿယဝက်ဝုတ္တိ။ဥပမာဝက်ဝုတ္တိ။ရူပကဝက်ဝုတ္တိ။ ဝုတ္တိဝက်ဝုတ္တိ။ ဒိပ က ဝက်ဝုတ္တိ။ အာပကျွေဝက်ဝုတ္တိ။ အထွန္တ ရနျာ သ ဝက်ဝုတ္တိ။ ဗျတိရေကဝက်ဝုတ္တိ။ဝိဘာပိနာဝက်ဝုတ္တိ။ဟေတုဝက်ဝုတ္တိ။ ကမဝက်ဝုတ္တိ။ဒိယတရဝက်ဝုတ္တိ။သမာသဝက်ဝုတ္တိ။ ပရိကပ္ပနာဝက်ဝုတ္တိ။ သမာဟိ တ ဝက်ဝုတ္တိ။ ပရိ ယာ ယ ဝက်ဝုတ္တိ။

ဗျဏ္ဇောပဝဏ္ဏနဝက်ဝုတ္တိ။ ဝိသေသဝက်ဝုတ္တိ။ရဋ္ဌဝဟ်ာရဝက်ဝုတ္တိ။ သိလေသဝက် ဝုတ္တိ။ တုလျယောဂိဝက် ဝုတ္တိ။ နိဒဿနဝက်ဝုတ္တိ။ မဟန်္တဆ်ထဝက်ဝုတ္တိ ။ ဝဇ္ဇနဝက် ဝုတ္တိ။ အပ္ပကတ်ထ၂ဝက်ဝုတ္တိ။ ဇကောဝလိဝက်ဝုတ္တိ ။ အညမည ဝက်ဝုတ္တိ။ သဟ ဝုတ္တိ ဝက် ဝုတ္တိ။ ဝိ ဇရော မိ တာ ဝက် ဝုတ္တိ။ ပရိဝုတ္တိဝက်ဝုတ္တိ။ ဘ မ ဝက်ဝုတ္တိ။ ဘာ ဝ စက်ဝုတ္တိ။ ဒိသကဝက်ဝုတ္တိ။ မာသိဝက်ဝုတ္တိ။ ရသိဝက်ဝုတ္တိ။ အားဖြင့် ၃၅ပါးအပြားရှိသည်။ထိုကြောင့်။သုဗောဓာလင်္ကာရကျမ်း။ အထ္ထာလင်္ကာရစတုထ်ထပိုင်းတွင်။

တတ်ထာတိသယဥ္ဇပမာ။ ရူပကာဝုတ်တိဒိပကာ။ အကွေ့ ပေါ်ထ်ဆံနှာ ရန္ဓျာ သော။ ဗျတိ ရေကော ဝိ ဘာ ဝနှာ။ ။ဟေ တုက်ကမောဝိယတရုံ။သမာသပရိကပ္ပနှာ။သမာဟိတံပရိယာ ယ။ဝုတ်တိဗျာဇောပဝဏ်ဏနံ။ ။ဝိသေသရဋ္ဌာ ဟံကာ ရာ။သိ လေသောတုလျယောဂိတာ။ နိဒဿနံမ ဟန်္တတ်ံ။ ဝဇ္ဇနာပက တတ်ထုတိ။ ။ကောဝလိအညမညံ။ သဟဝုတ်တိ ဝိရော်မိဟာ။ ပရိဝုတ်တိန်ဟမောဘာဝေါ။မိသမာသိရသိဇ္ဈတိ။ ။ဇေတောဝ ဒါသရဒ္ဒိဌာ။စသည်ဖြင့်လာသည်။

တတ်ထ။ ထိုဝက်ဝုတ်တိတို့နိုင်။ အတိသယဥ္ဇပမာ။ အ တိသယဝက်ဝုတ်တိ ဥပမာဝက်ဝုတ်ထိုတို့ လည်းကောင်း။ ရူပ ကာဝုတ်ထိုဒိပကာ။ ရူပကဝက်ဝုတ်ထိုဝုတ်တိ ဝက်ဝုတ်တိဒိပကဝက် ဝုတ်ထိုတို့လည်းကောင်း။အ ဒွေ့ပေါ်။အကွေ့ပဝက်ဝုတ်တိလည်း ကောင်း။ အထ်ထနှာရဿာသော။အထ်ထနှာရဿာသဝက်ဝုတ်တိ လည်း ကောင်း။ဗျတိရေကော။ဗျတိရေကဝက်ဝုတ်တိလည်းကောင်း။ ဒိဘာဝနှာ။ဝိဘာဝနှာဝက်ဝုတ်တိလည်းကောင်း။ ဟေတု။ဟေ တုဝက်ဝုတ်တိ လည်း ကောင်း။ ကမော။ ကမဝက်ဝုတ်တိ လည်း ကောင်း။ဝိယတရုံ။ဝိယတရဝက်ဝုတ်တိလည်းကောင်း။ သမာ

သပရိကပ္ပနာ။ သမာသဝက်ဝုတ္တိပရိကပ္ပနာဝက်ဝုတ္တိလည်း
ကောင်း။သမာဟိတံ။ သမာဟိတဝက် ဝုတ္တိလည်းကောင်း။
ပရိယာယဝုတ္တိ။ပရိယာယဝက်ဝုတ္တိလည်းကောင်း။ဗျဇောပ
ဝဏ္ဏနဥ္စ။ဗျာဇောပဝဏ္ဏမည်သော ဝက်ဝုတ္တိလည်းကောင်း။
စိသေသရုဋ္ဌာဟံကာရာ။ စိသေသဝက်ဝုတ္တိ ရုဋ္ဌာ ဟက်ာရ
ဝက်ဝုတ္တိလည်းကောင်း။ သီလေသော။ သီလေသ ဝက်ဝုတ္တိ
လည်းကောင်း။တုလျယေါဂိတာ။ တုလျယောဂိတဝက်ဝုတ္တိ
လည်းကောင်း။နိဒဿနံ။နိဒဿနဝက်ဝုတ္တိလည်းကောင်း။မ
ဟန္တတ္ထံ။ မဟန္တတ္ထဝက်ဝုတ္တိ လည်း ကောင်း။ ဝဥ္စနာ။ဝဥ္စန
ဝက်ဝုတ္တိ လည်းကောင်း။ အပကတတ္ထုတိ။ အပကတတ္ထု
ဝက်ဝုတ္တိလည်ကောင်း။ ။ဧကောဝလိ။ဧကောဝလိဝက်ဝုတ္တိ
လည်းကောင်း။အညမညံ။အညမညဝက်ဝုတ္တိလည်းကေါင်း။
သဟဝုတ္တိ။သဟဝုတ္တိဝက်ဝုတ္တိလည်းကောင်း။ ဝိရောဓိတာ။
ဝိရောဓိတဝက်ဝုတ္တိလည်း ကောင်း။ ပရိဝုတ္တိ။ ပရိဝုတ္တိဝက်
ဝုတ္တိ လည်း ကောင်း။ ဗ္ဘမော။ ဗ္ဘမဝက်ဝုတ္တိ လည်းကောင်း။
ဘာဝေါ။ ဘာဝဝက်ဝုတ္တိ လည်းကောင်း။ မိဿံ။မိဿဝက်
ဝုတ္တိလည်းကောင်း။မာသိ။ မာသိဝက်ဝုတ္တိလည်းကောင်း။ရ
သီ။ရသီဝက်ဝုတ္တိလည်းကောင်း။ ။ဗ္ဘုတိဗ္ဘုမိနာပဘေဒေန။
ဖြင့်။ဧတေပဘေဒါ။ ထိုသုံးဆဲ့ ငါးပါးသော အပြားတို့ကို။မ
ယာ။ငါသည်။သမုဒ္ဒီဌာ။ ကောင်းစွာအကြည်း အားဖြင့်ပြ
အပ်ပြီ။ ။ဤကားအနက်။

ဤ၃၅ပါး သောဝက်ဝုတ္တိတို့သည်။ သဘောမဟုတ်
သော အနက် ကို ပြတတ် သော ကြောင့်။ ဤသ ဘာဝဝုတ္တိ
နှိုက်အလျှင်း ခပ်သိမ်း မထိုက်မ တန်မလျော်ပြီ။ ဤသို့ပြဆို
ခဲ့ပြီးသောဝက်ဝုတ္တိ ၃၅ပါးတို့ကိုသတ်ပုံတွင်။ စပ်ဆိုသည်
ဟုမှတ်လေ။ ။ယင်း၃၅ပါးဝက်ဝုတ္တိအကြောင်းကို။ဦးလေး

ပြီးငွေ့ဖွယ်ရှိ၍ အကျယ်မရေးပြီ။ မြတ်စွာဘုရားမှ သော်လည်းအကျည်းသာပြတော်မူကြောင်းကို။သီဟိုဠ်အရှင်ဗုဒ္ဓပိယမထေရ်ပြုတော်မူသောသာရတ္ထသင်္ဂဟတွင်။ ။ဗုဒ္ဓါနံ။ မြတ်စွာဘုရားတို့၏.။သဗ္ဗာပိ။ အလုံးစုံကုန်သော။ ဓမ္မဒေသနာပိ။တရားတော်သည်လည်း။သံခိတ္တာယေဝ။အကျည်းသာလျှင်တည်း။ ဝိတ္တာရဒေ သနာနာမ။ အကျယ်ဟောတော်မူသောဒေသနာမည်သည်။နတ္ထိ။မရှိ။သမန္တပဌာနကထာပိ။၂၄ ပစ္စည်းရှိသောပဌာန် ကျမ်းသည်လည်း။ သံခိတ္တာယေဝ။အကျည်းသာလျှင်တည်း။ ဣတိ။ဤသို့။မဇ္ဇိမနိကာယေ။ မဇ္ဇိမနိကာယ်နှိုက်။ဓာတုဝိဘင်္ဂသုတ္တဝဏ္ဏနာယံ။ဓာတုဝိဘင်္ဂသုတ်အဌကထာနှိုက်။ဝုတ္တံ၊မိန့်အပ်၏။ဆိုတော်မူသည်။

ဝက်ဝုတ္တိ၃၅ပါးကို။ဥဒါဟရဏ်နှင့်တကွ။ အကျယ်ကိုသိလိုမူ။သုဗေါဓါလင်္ကာရစာကိုယ် စတုတ္ထပိုင်း။ ၎င်းအဖွင့်ဋီကာဟောင်း။ ၎င်းဋီကာသစ်။ အလင်္ကာရ ဝိဘာဝနာကျမ်းများမှာရှုတော်မူကြစေသတည်း။

ဤစကားရပ်ဖြင့်။ဇါတ်ဂုဏ်ကိရိယါစသော်ဝတ္ထုကို။ ဥပဒေသ။ သဘာဝဝုတ္တိအလင်္ကာ။ ဝက်ဝုတ္တိအလင်္ကာတို့ဖြင့် တန်ဆာဆင်အပ်ကြောင်း။ ဝက်ဝုတ္တိအလင်္ကာသည်။ သဘာဝဝုတ္တိအလင်္ကာကဲ့သို့။ သဘောအမိပ္ပါယ်ချုတ်ချုတ်မတိုက်ဆိုက်မူ၍။ စပ်ဟတ် ယူဆမှ။ လိုအပ်သော သဘောသို့ ရောက်ကြောင်းများကိုဆိုရကား။ ယင်းအလင်္ကာနှစ်ပါးကို။ဇာတ်ဂုဏ်ကိရိယာစသောဝတ္ထုမှာ တန်ဆာဆင်ရမည်။ ဆင်ရာနှိုက်လည်း။ကျမ်းဂန်မှာကျမ်းဂန်လျှောံ။ အခေါ်အဝေါ်အဆိုအမိန့်မှာ။အခေါ်အဝေါ်အဆိုအမိန့်အလျှောံ။သဘာဝဝုတ္တိအ

လက်ာနှင့် သင့်လျော်သော အရာဖြစ်က။ ဘုရားအလောင်း တော်ဖွါး တော်မူလျှင်။ မြေ့ာ်သို့ခုနစ်ဘဝါးလှမ်းကြွတော်မူ ခြင်း။ထိုထိုအရပ်ရပ်များတို့နှိုက်။ မတုန်မလှုပ်ကြံည့်တော် မူလျက်။အဂ္ဂေါဟမသမိစသောစကားသုံးခွန်းကိုဆိုတော်မူ ခြင်းစသည့်တို့ကဲ့သို့။သဘောသကန်ဟုတ်မှန်စွါဆိုခြင်းဟူ သေါသဘါဝဝုတ္တိအလက်ာဖြင့်တန်ဆာဆင်ခြင်း။ဝက်ဝုတ္တိ အရာနှင့်သင့်လျော်သောအရာဖြစ်က။မဟာကပိမြေ့ာ်မင်း။မိ ကျောင်းရန်သူနှင့်တွေစည် ပြောဆိုသောစကား။ ပဉ္စာဝုဓ မင်းသိလေသလောမဘီလူးနှင့်တွေစဉ် ပြောဆိုသောစကား စသည်တို့ကဲ့သို့သဘောသကန်ဟုတ်မှန်ရာကိုဆီတည့်စည် ထိုက်။ ဆိုက်တိုက် ထည့်အောင် မဆိုမူ၍ပြော ဆိုခြင်းဟူ သောဝက်ဝုတ္တိအလက်ာဖြင့် တန်ဆာဆင်ခြင်း များကို။ရေ မြေသေဌိနင်းမင်းမှစ၍။ မင်းညီမင်းသားမှူးတော်မတ်တော် ပညာရှိသူတော်ကောင်း အမျိုးလေးပါးမိန်းမ ယောကျ်ားရ ဟန်းရှင်လူတို့ပင်။ လိမ်မာစေရမည်ဟူသောဥပဒေသကိုပြ သည့်ယူရမည်။



မေးခွန်းကော်နှုတ်ချက်ပါ။ တသတ်အငင်စပ်နည်း၄ ပုဒိတွင်။စ တုတ္ထပုဒ်။

ပုစ်ရင်း။ ပြယယ်ဝေဝုတ်။ပရယုတ်။ ဖေါ်ထုတ်အလိလို။ ။ ဟူသည်ကား။

ဗိဏ္ဍထ။ တရားဟောခြင်းအနက်။ အလှည့်ဟူသောအနက်။အ ကြောင်းဟူသောအနက်တို့ကို ဟောသောပရိယာယ သဒ္ဒါ ဟုဆိုအပ်သောပရိယာယ်။ ဗုဒ္ဓဝေဝစန။ မမ္မဝေဝစန။သံဃ

ဝေဝစန။စသောဝေဝုတ်။ဣတ္တိပုရိသစသော ပြယုတ်များကို ကျမ်းဂန်သဘေါသို့သက်လျှင်။အသီးအသီးရထိုက်ကေါင်း သည်အတိုင်းဖေါ်ထုတ်ရမည်ဆိုလိုသည်။

ဤနှိုက်။ပရိယာယ်။ဝေဝုတ်။ပြယုတ်တို့၏။ အထေဝံ အဝယဝတ္တ အကြောင်းများကို။ ကျမ်းဂန်လာ သည်အတိုင်း ထုတ်နုတ် ရေးသားလိုက်အုံ။

ပရိယာယ်ဟူရာနှိုက်။ ပရိယာယသဒ္ဒေါဒေသနာဝေါ ဟာရဏေသု ဝတ္တတိဟူ၍။ ဝိနည်းအဌ ကထာတို့နှိုက်ဆို သည်။ ။ပရိယာယသဒ္ဒေါ။ပရိယာယ်သဒ္ဒါသည်။ဒေသနာ ဝေါဟာရဏေသုစ။ တရားဟောခြင်း ဟူသောအနက်။ အ လှည့်ဟူသောအနက်။ အကြောင်းဟူသောအနက်နှိုက်။ဝတ္တ တိ။ဖြစ်၏။

ဤပရိယာယ်ဆိုရာဝယ်။ ရဟန်းတို့ဝယ်။ တကာတို့ အားကူလဒူသကပြုမိ၍။ မအပ်သောပစ္စည်းတို့ကိုနေဝံဝိနည်း ကံဖြင့်အပ်အောင်ပြု၍သုံးဆောင်လျှင် အပ်ပြန်ခြင်းစသည် တို့သည်။ဝိနည်း၏။ပရိယာယ်မည်၏။မြတ်စွာဘုရားသည်။ ဝေရဉ္ဇပုဏ္ဏားကိုဟောတော်မူရာနှိုက်။ ဝေရဉ္ဇပုဏ္ဏားသည် လည်း။မြတ်စွာဘုရားကိုကြီးသောသူအား မရိုသေဟူ၍။အ ရသရူပေါဘဝံဂေါတမောစသည်ဖြင့် အပြစ်တင်လိုသောစ ကားကို။အရသရူပေါဘဝံဂေါတမောတိယေနပရိယာယေန သမာနောဝသမာဝဒေယျဟူ၍ပုဏ္ဏားသည်ငကိုအကြင်အ ကြောင်းဖြင့် အရှင်ဂေါတမသည်ကား ရသမရှိဟူ သောစ ကားကိုဆိုသောသူသည်။ ကောင်းစွာဆိုသည်မည်၏။ ငါ ဘုရားသည်။ရူပါရုံသဒ္ဓါရုံစသောအရသာကို ငါမခံစားပြီ။ အချင်းခပ်သိမ်းပယ်စွန့်လေပြီဟု ဟောတော်မူသောအရာစ

သည်တို့နှိုက်လည်း ပရိယာယ်မည်၏။ အကျိုးကိုမြင်၍အ
ကြောင်းစကားဖြင့်ပရိယာယ်ဆိုသတည်း။

ဤနှိုက်။ ပရိယာယ်ကထာကိုလည်း ပြု!အပ်၏။ အ
ကြင်သူသည်ကြံခင်းနှိုက်။ ကြံကို အလိုရှိသော် ကြံရှင် အား
တိုက်ရိုက်မတောင်းမူ၍သင်၏။ကြံကား ချို့သလောဟူ၍ရစ်
ဝဲသောစကားဖြင့်ဆိုလေသော်ကြံရှင်ကလည်းသင်မြဲရလျှင်
သိမည်ဟုဆို၍ပေးလိုက်လေ၏။ ဤသို့စသည် ဖြင့် လိုသော
ဝတ္ထုကိုတိုက်ရိုက် မတောင်း မူ၍ ရစ်ဝဲသော စကား သည့်
လည်းပရိ ယာယ် ကထာ မည် သတည်း။ ။ဤကားပရိ
ယာယ်ဟူ၍ခေါ်ဝေါ်ရေးသားရာနှိုက်အာ ဂုံယူတို့ကိုဆိုခြင်း
တည်း။

ဝေဂုတ်ဟူရာနှိုက်။ဗုဒ္ဓဝေဝစန။ ဓမ္မဝေဝစန။ သံဃ
ဝေဝစန။ စသည်ဖြင့်များစွာအပြား ရှိ၏။ ဗုဒ္ဓ ဝေဝစနဟူ
သည်ကား။သမ္မာသမ္ဗုဒ္ဓကို။ဇိနဗုဒ္ဓိ။အနောမဗုဒ္ဓိစသည်ဖြင့်
လည်းလွဲ၍ဆိုခြင်း သည်ဗုဒ္ဓ ဝေဝစနမည်၏။ ။သွက္ခာ
တောဓမ္မောကို။အသန္ဒိဋ္ဌိကောဓမ္မော အကာလိကောဓမ္မောစ
သည်ဖြင့်ဆိုခြင်း သည် ဓမ္မဝေဝ စနမည်၏။ ။သုပ္ပဋိပန္နော
သံဃကို။ဥဇုပ္ပဋိပန္နောသံဃော။ ဉာယပဋိပန္နောစသည်ဖြင့်ဆိုခြင်း
သည်သံဃဝေဝစနမည်၏။ ။ဤသို့လျှင်ဝေဂုတ်ဆိုသည်
စကားသည်။ လိုးလွဲခေါ်ဝေါ်သောစကား ဟူ၍ဆိုလိုသည်
ကိုမှတ်ရာသည်။ ။ဤကားဝေဂုတ်ဟူ၍ခေါ်ဝေါ်ရေးသား
ရာနှိုက်အာဂုံယူတို့ကိုဆိုခြင်းတည်း။

ပြယုတ်ဟူရာနှိုက်။ ကစ္စာယနဘေဒဋီကာတွင်။ ။
ပယုဇ္ဇိတဇ္ဇောတိပယောဂေါ။ဣတိပုရိသာဒိသဒ္ဒေါ။ ။ဟူ၍
စိတ္တိဟ်လှစ်သည်။ ။ပယုဇ္ဇိတဇ္ဇော။ အပြား အား ဖြင့်ရှည်
အပ်၏။။ဣတိတသ္မာ။ထိုကြောင့်၊ပယောဂေါ။ ပယောဂမည်

၏။ ဇူတ္တိပုရိသာဒိသဒ္ဒေါ။ ဇူတ္တိပုရိသစသောသဒ္ဒါကိုရ၏။ ။ ဤသို့လာသောပယေါဂသဒ္ဒါကိုပင်သကဒုဘာသာယေါနှေါ၍။ ပြယုဂ်ဟု မြန်မာတို့ ခေါ်ထုံး မူစ ကုန် သည်။ ။ဤဆို အပ်ခဲ့ပြီးသောယုတ္တိသည်အကြောင်း ကင်းက ယုတ္တိမမည် ရာယုတ္တိ၏့အကြောင်းကိုပြပါဟူငြားအံ့။ ။အယံ ပနေတ္ထ အတ္ထပိညာပနေပယောဂရစနာ။ ။ဟူ၍သဒ္ဒနီတိနှိုက်မိန့် ဆိုသည်။ ။အယံပန။ဤဆိုလတ်တံ့သည်ကား။ ထွေ။ ဤအ ရာနှိုက်။အတ္ထပိညာပနေ။အနက်ကိုသိစေရာနှိုက်။ ပယောဂရ စနာ။ပြယုဂ်ကိုစီရင်ခြင်းတည်း။ ။ဤသို့မိန့်ပြီးသည်၏။ အ ချားမဲ့နှိုက်လည်း သ ယမေဝဘ ပိ ယတေ စသည်ဖြင့်မိမိ အလို အလျောံ ကြံဆ၍ အက္ခရာဝဋ္ဌိ အစည် ကို ထားလေ သည်။ ။ရင်းအဖွင့်ဋီကာနှိုက်လည်း။ ။ပယောဂရစနာ တိပယောဂဿရစနာပိဓာနာတိအတ္ထော။ ။ဟူ၍မိန့်သဉ်။ ။ ပယောဂရစနာတိ။ ပယောဂရစနာဟူသည်ကား။ ပယော ဂဿ။ ပြယုဂ်ကို။ ရစနာပိ ဓာနာ။ စီရင်ခြင်းတည်း။ ဇူတိ အတ္ထော။ ဤကားအနက်။ ။ပါဋ္ဌိအဌကထာဋီကာဂန္ဌနှစ်ရ တို့မှထုတ်ဆောင်၍ ထားသည်အက္ခရာဝဋ္ဌိကို ပြယုဂ်ဟူ၍ ရေးသားသည်အရာဌာနလည်းအချိုကျမ်းဂန်မျိုးနှိုက်ရှိ၏။ ထိုသို့ပင်ရှိ သော်လည်း။ သဒ္ဒါအရာနှိုက် ပါရဂူဖြစ်တော်မူ သောသဒ္ဒနီတိဆရာမဟာအဂ္ဂဝံသမထေရ်ကိုမလွန်သာချေ သောကြောင့်အတူအားဖြင့်တင်စား၍ ဆိုသောသဒိသူပစာ သဒ္ဒါဟုမှတ်လေ။

အချိုအက္ခရာသံခိတ္တကို အထိုရှိသောဆရာတို့သည်။ ပြယုဂ်ဟူသောရေးထုံးတွင် ယအက္ခရာကိုချေ၍ဥအက္ခရာ ကိုလည်း။ရကာရဝန္တပအက္ခရာသို့ကပ်၍ ပြုဂ်ဟူ၍ရေးသား ကုန်သည်။ ထိုသို့ရေးသားခြင်းသည် အက္ခရာနည်း ခြင်းဟူ

သောအကျိုးအနည်းငယ်သာရှိ၍။မန္ဒပုဂ္ဂိုလ်တို့၏ဥစ္စာရဏ ဝိဓိကိုမသိခြင်းအပြစ်သာများပြားလေသည်။ သို့ဖြစ်၍ရေး ထုံးရှိသည်အတိုင်းသာလျှင်ငါတို့ရေးလိုကုန်၏။ ။ဤကား ပြယုဂ်ဟူ၍ခေါ်ဝေါ်ရေးသားရာနှိုက်အာဂုံယုတ္တိကို ဆိုခြင်း တည်း။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ ဝမ္မဂန္ဘီရ။ အတ္ထဂန္ဘီရ။ ဒေသနာ ဂန္ဘီရ။ပဋိဝေဒဂန္ဘီရဟူသော လေးပါးသော နက်နဲခြင်းတို့ ဖြင့်အလွန်နက်နဲခက်ခဲသိမ်မွေ့သည်ဖြစ်၍။အနှတ္တ။ဗါသျတ္တ။ ဝစ္စဝါစက။ဒြပ်။သကတ္ထ။ လိင်သဒ္ဒါစသော လှိုင်းတံပိုးတို့ ဖြင့်ပြွမ်းသောဝိမုတ္တိရသတည်းဟူသော ရတနာအတိပြည့် သောပိဋကတ် သုံးပုံတည်းဟူသော မဟာသမုဒ္ဒရာသို့ကူး မြောံလိုသောသူတို့သည်။ ပညာတည်းဟူသောလှေ။ ဝိရိယ တည်းဟူသောတက်။ ဆရာမြတ်တို့၏အထံမှ ရအပ်သော လဒ္ဓေါပဒေသဟူသော ကြိုးရွက်ကိရိယာအစုံတို့ဖြင့်။ ပြည့် စုံခိုင်လုံလှသော အဆောံအအူတို့ကို ပြည့်စုံ စေလျက်။ ကူ မြောံရာနှိုက်ပိဋကတ် သုံးပုံတည်းဟူသော မဟာသမုဒ္ဒရာ နှိုက်တည်ရှိသော ဝိမုတ္တိရသတည်းဟူသောအတိုးအနယ် တန်။အမွန်ရတနာတို့ကို သုံးဆောင်ရယူလိုက။ ပြဆိုအပ်ခဲ့ ပြီးသောပရိယာယ်။ဝေဝုတ်။ပြယုဂ်ဟူသောအခြင်းအရာတို့ ကို။ဆရာမြတ်တို့ထံ။နည်းနာခံယူ၍သိအပ်ပြီးသေါလဒ္ဓေါပ ဒေသနှင့်တကွ။ဤကားပရိယာယ်။ ဤကားဝေဝုတ်။ဤကား ပြယုဂ်ဟုခွဲခြမ်း စိတ်ဖြာ၍။ သဒ္ဒနယ။ အတ္ထနယများကိုရှင်း လင်းသုတ်သင်နှိုင်မှ။ ဤဒေသနာတော်သည်။ ဒုက္ခသစ္စာသ ဘောရှိသည်။ဤဒေသနာတော်သည်သမုဒယသစ္စာသဘော ရှိသည်။ ဤဒေသနာ တော်သည် နိရောဓသစ္စာ သဘောရှိ

သည်၊ ဤဒေသနာတော်သည်မဂ္ဂသစ္စာသဘော ရှိသည်ဟု။ သစ္စာလေးပါးသို့တင်၍။သုံးပါးသောအပြန်ဟုဆိုအပ်သောတိပရိဝတ္တ။ဆဲ့နှစ်ပါးသောအခြင်းအရာဟုဆိုအပ်သောဒွါဒသအင်္ဂါများကိုယထာဘူတညာဏဒဿနအဖြစ်သို့ရောက်အောင်သုံးသပ် ဆင်ခြင်နှိုင်မှ။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း။သမုဒယသစ္စာကိုပယ်ခြင်း။နိရောဓသစ္စါကိုမျက်မှောံပြုခြင်း၊ မဂ္ဂသစ္စာကိုပွားစေခြင်းဖြင့် ချမ်းသာတကာတို့၏. အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်သို့ရောက်သဖြင့်။ ဝိမုတ္တိရသတည်းဟူသောအမွန်ရတနာကိုသုံးဆောင်ရမည်။ သို့ဖြစ်၍ပြဆိုခဲ့ပြီးသော၊ပြယယ်။ ဝေဝုတ်။ပြဲယုဂ်စသောနည်းတို့နှိုက်လိမ်မာအောင်သင်ကြားလေ့လာရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။

ဤတွင်ရွှေကား။ပုဒ်ရေ၄အရအဖြေအဓိပ္ပာယ်ပြီး၏.။

——— oo ———

မေးခွန်းကောံနုတ်ချက် ပါ။ ပသတ် သက် သက်စပ်နည်း၅ပုဒ်တွင်။ပဌမပုဒ်။

မသင့်မအပ်။လျော်ပြစ်တပ်။ရိုးစွပ်ခြင်းလေးဖြာ။ ။ ဝုဒ်ရင်း၊ ဟူသည်ကား။

တူ၍ရိုးစွပ်ခြင်း။မတူပဲရိုးစွပ်ခြင်း။ မှန်၍ရိုးစွပ်ခြင်း။ ပိဏ္ဍထ။ မမှန်ပဲရိုးစွပ်ခြင်း။၄ပါးတွင်။တတိယမှန်၍ရိုးစွပ်ခြင်းကိုချန်ထား၍အကြွင်းသုံးပါးရိုးစွပ်တရားတို့သည် မသင့်မအပ်။ရိုးစွပ်သောအမှုဖြစ်၍ ပဌမရိုးစွပ်ပြစ်ကို။ စွပ်ဘိုင်းလျော်စေ။ ဒုတိယရိုးစွပ်ပြစ်ကို။ အတက်နှင့်လျော်စေ။ စတုထွစွပ်ပြစ်

ကိုစွပ်တိုင်းလျော်စေ။ မြေသတ်ထွက်ရှိသည် အတိုင်းလျော်ပြစ်တပ်ရမည်ဆိုလိုသည်။

အဝယဝတ္ထ။ ဤနှိုက်။ထိုထိုမမြသတ်ကျမ်းတို့ဝယ်ပြ ဆိုအပ်သောမူလတရားတဆဲ့ရှစ်ပါး။ အခက်တရားအများ ရှိသည့်တွင်။ ယင်းရိုးစွပ်ခြင်းသည်မူလတဆဲ့ရှစ်ပါးအဝင်။ ရိုစွပ်မှုဖြစ်၍။ ယင်းရိုးစွပ်ခြင်းနှင့်တကွနှုတ်လွန်အခမ်းအနားကိုပြရာနှိုက်။ ရိုးစွပ်ခြင်းသုံးပါး။တနည်း။ ရိုးစွပ်ခြင်း လေး ပါး။ မယုံအပ်သောစကားလေးပါး။မယုံရာသောဌာနသုံး ပါး။ ဆဲခြင်း ငါးပါး။ ကြိန်ခြင်းငါးပါး။ ထွက်ရှိသည် အနက်။ ရိုးစွပ်ခြင်းသုံးပါးမှာ။ဥစ္စာဟူ၍ရိုးစွပ်ခြင်း။တူ၍ရိုးစွပ်ခြင်း။ ကိုင်၍ရိုးစွပ်ခြင်းဟုလာသည်။အပြစ်မှာ။ ပဌမ။ တတိယနှိုက် စွပ်တိုင်းလျော်စေ။ဒုတိယနှိုက်စွပ်ရင်းတဝက်လျော်စေ။ဟူ၍ဂုင်း။

ရိုးစွပ်ခြင်းလေးပါးမှာ။တူ၍စွပ်ခြင်း။မတူဝဲစွပ်ခြင်း။ မှန်၍စွပ်ခြင်း။မမှန်ဝဲစွပ်ခြင်း။ဟုလာသည်။အပြစ်မှာ။ပဌမ။ စတုထ္ထနှိုက်စွပ်တိုင်းလျော်စေ။ဒုတိယနှိုက်အတက်နှင့်လျော်စေ။တတိယမှာအပြစ်မရှိဟူ၍ဂုင်း။

မယုံအပ်သောစကား လေး ပါး မှာ။ နှစ်ခွဆိုသောစကား။မျက်ကွယ်နှိုက်ဆိုသောစကား။ သတင်းမှာ ထား၍ဆိုသောစကား။အမျက်ထွက်၍ဆိုသော စကား ဟုလာသည်။ အပြစ်မှာ။ယင်းစကားလေးရပ်ကို။တရားသူကြီးခုံသမတ်ပြုလုပ်သူတို့အခြင်းခပ်သိမ်းမယုံအပ်။ ယုံမူမှားသောအဖြစ်သို့သက်သည်ဖြစ်၍အပြစ်များစွာထိုက်လေသည်ဟူ၍ဂုင်း။

မယုံအပ်သော အရပ် သုံး ပါး မှာ။ အစောင့်အကြပ်ထားရာအရပ်။ဘေးဘယညှည်း ဆဲရာအ ရပ်။ အကျည်းခံရာအရပ်ဟုလာသည်။အပြစ်မှာ။ယင်းအရပ်သုံးပါးနှိုက် လည်း

နေကြိုက်ဆိုသောစကားကို။တရားသူကြီးခုံသမတ်ပြုလုပ်သူ တို့အခြင်းခပ်သိမ်း မယုံအပ်။ယုံမူမှား သောအဖြစ်သို့သက် သည်ဖြစ်၍အပြစ်များစွာထိုက်လေသည်ဟူ၍၎င်း။

ဆဲခြင်းငါးပါးမှာ။ရန်းဟုဆဲခြင်း။ ခိုး သူဟုဆဲခြင်း၊ ကျွန်ဟုဆဲခြင်း။အပိုင်းအခြားပျက်သူဟုဆဲခြင်း။ သူသတ်ဟု ဆဲခြင်းဟုလာသည်။အပြစ်မှါ။ဆဲတိုင်းမမှန်မူ။ပဌမနှိုက်။ငါး ကြပ်လျော်စေ။တနည်း။ခုနစ်ကြပ်ခွဲလျော်စေ။တရားခံစေ။တ နည်း။ဆဲ့ငါးကြပ်လျော်စေ။ တနည်း။သုံးဆယ်လျော်စေ။တ နည်း။ငါးဆယ်လျော်စေ။ တနည်း။ငွေဖြူတဒိဿာလျော်စေ ဟုစွပ်ပြစ်စွဲဒါဏ်ကိုထောံ၍ စီရင်ရသည်။ဒုတိယနှိုက်။သာ မန်ဖြစ်က။တရားခံတရားနွတ်။ဝိသေသဖြစ်က။စွပ်တိုင်းမမှန် လျှင်ကျွန်တယောံလျော်စေ။စွဲပြစ်တိုင်းလျော်စေ။ သုံးဆယ် လျော်စေ။ခိုးတက်တွင်သုံးရတရလျော်စေ။ စသည်ဖြင့်အမှု အင်ကိုထောံ၍ စီရင်ရသည်။ ထတိယနှိုက်။ ကျွန်တယောံ လျော်စေ။စွပ်တိုင်းတန်ဖိုးလျော်စေ။စသည်ဖြင့်။အမှုအင်ကို ထောံ၍စီရင်ရသည်။စတုတ္ထနှိုက်။ကျွန်တယောံလျော်စေ။စီ ရင်ရသည်။ပဉ္စမနှိုက်။ ကျွန်တဆယ်လျော်စေ။ တနည်း။အ တက်သုံးဆယ်ကိုသုံ ရရ၍တရလျော်စေ။ စီရင် ရသည်ဟူ ၍၎င်း။

ကြိန်ခြင်းငါးပါးမှာ။ သန္ဓေပျက်သတ်သား ပြွတ်ချဟူ သောသန္ဓိကြိန်ခြင်း။လူလျှပ်လူပေါက်သာ ယောံထားသူဟူ သောမိတ္တကြိန်ခြင်း။ မျိုးမဲ့လူယုတ်။ ပရဘုတ် ပက်။ မထွက် သသူဟူသေါ ဂါယသျှကြိန်ခြင်း။ဆဲတတ်တောင်းတတ်။ပြဉ် မြတ်ကံကျွေးခွန်ပေးခံ သူဟူသောလစ္စကြိန်ခြင်း။ရွှေအိုးငွေ အိုးတောစိုးရေက။တူးဖော်ရ၍။ကြွယ်ဝသသူဟူသောအဟိ တကြိန်ခြင်း။ ဟုလာသည်။အပြစ်မှာ။ ငါးပါးလုံးပင်မှန်က။

အပြစ်ကင်းစေ။ ကြိုနှံဆဲတိုင်းမမှန်မှု။ ပဌမနှိုက်။ လေးကြပ် လျှင်စေ။ဒုတိယနှိုက်။ရှစ်ကြပ်လျှင်စေ။တတိယနှိုက်။ကျွန် တယေခံလျှင်စေ။စတုတ္ထနှိုက်။ ခုနစ်ကြပ် လျှင်စေ။ ပဉ္စမ နှိုက်။အထိုက်အလျောခံလျှင်စေ။ဟူ၍ဂုဏ်း။

၍သို့လျှင်။ထိုထို၀မ္မသတ်ကျမ်းတို့နှိုက်။ ရိုးစပ်နှုတ် လွန်မှုတရားမျှားကိုပြဆိုမှာထား ထွက်ရှိသည့် အရာမျှား ကို ထောခံ၍။သတ်ပုံအစပ်တွင်။ ရိုးစပ်ခြင်းလေးပါးကိုမှာထား ပြဆိုလေသည်ဟုမှတ်ရမည်။

၌ပဒေသ ၍စကားရပ်ဖြင့်။ရိုးစပ်ခြင်းလေးပါးသည်။နှုတ်ပြစ်။ ယင်းနှုတ်ပြစ်သည်လည်း။ မှုလတရားတဆဲ့ရှစ်ပါးအ၀င်။မှု လတရားတဆဲ့ရှစ်ပါးလည်း။ ထိုထို၀မ္မသတ်ကျမ်းတို့နှိုက်။ အာရင်းမှ၍ပြဆိုမှာထားမြဲ။ သို့ဖြစ်၍။ ရိုးစပ်တရားကိုခွဲခြမ်း ၀ေဖန်၍သိခြင်း။ ယင်းနှင့်ရှည်ဘက်ဖြစ်သောနှုတ်ပြစ်တရား တို့ကိုခွဲခြမ်း၀ေဖန်၍သိခြင်း။ ယင်းနှင့်ရှည်ဘက်ဖြစ်သောမှု လတရားတဆဲ့ရှစ်ပါးကို ခွဲခြမ်း၀ေဖန်၍သိခြင်း။ ယင်းမှုလ တရားတဆဲ့ရှစ်ပါးကို။ သိသဖြင့်လည်းအခက်တရားတို့ကို ခွဲခြမ်း၀ေဖန်၍သိခြင်း။ ၍သို့ပရုံပရအဆက်ဆက်။တခုနှင့် တခုကိုထောခံ၍ထောခံ၍ တတ်အပ်သိအင်။ လိမ်မာအပ်သည့် နှင့်အညီ။တတ်သိလိမ်မာအောင်စာပေကြည့်ရှုခြင်း။ကြည့်ရှု အပ်သောစာပေ၏။အရကိုကြံခြင်း။ ဆရာမြတ်တို့၏။အထံ နှိုက်။ကောင်းစွာနည်းနာခံယူခြင်း။ ဆွေးနွေးတိုင်ပင် ခြင်းစ သည်ကိုပြု၍တတ်မြောက်လိမ်မာသည်၏။အဖြစ်သို့ရောက်စေ ပြီးလျှင်။ အလုံးစုံသော သာဓကတရားတို့တွင် ၍ရိုးစပ်တရား သည်။နှုတ်ကြောင့် သေသည်။ လက်ကြောင့် လျှာသည်ဟူ သောရှေးသူမြတ်တို့ ဆိုရိုး ဆိုစဉ်ပ၀ေဏီစကား။ ၀ါစာဟ

နတိဒုမ္မေဓံ။ ။ဒုမ္မေဓံ။ပညာနည်းသောသူရိုက်ကို။ဝါစာ။ချင့်စကားသည်ပင်လျှင်။ဟနတိ။ချင့်ကိုသတ်၏။ဟူသောဇကနိပါတ်တိတ္တိရ ဇာတ်တရား ကျမ်းဂန်များကို ထောံထားပြီးလျှင်။ တခွန်းတပါဒမျှပင် ဖြစ်သော်လည်း။ အခိုက်အလှည့်သင့်ကအမူကောင်းမည်။ထီးနှင့်စည်ဟူဘိ၏။သို့။ အခိုက်အလှည့်မသင့်ကသည်းမည်မသင့်ညား။ လည်နှင့်ဓားဟူဘိ၏။သို့။နှုတ်ပြစ်ဟူသည်။ အလွန် ခက်ခဲ လှသည်ဖြစ်ရကား။ အပြစ်ရှိသော စကားတို့ကို မပြောမဆိုမူ၍ အပြစ်မဲ့ကြောင်းကောင်းသောစကားတို့ကိုသာအင်္ဂါလေးပါးနှင့်ညီညွတ်စွါပြောဆိုရမည်ဟူသောဥပဒေသကိုပြသည်ယူရမည်။



မေးခွန်းကောံ နုတ် ချက်ပါ။ ပသတ် သက် သက်စပ်နည်း ၅ပုဒ်တွင်။ဒုတိယပုဒ်။

ရွှေစက်နှစ်ရပ်။သုံးမည်ယပ်။အတပ်သိအောင်ရှာ။ ။ ပုဒ်ရင်း။ ဟူသည်ကား။

မြတ်စွာဘုရား၏။ ၁၀၈ကွက်စက်လက္ခ ဏာတို့ဖြင့် ဒိဏ္ဍတ္တ။ တန်ဆာဆင်အပ် သော ခြေ တော် စုံ ဟုဆိုအပ် သောစက်တော်နှစ်ရပ်နှိုက်။ပါသောယပ်သုံး စင်း ကိုအတပ်သိအောင်ရှာရမည်ဟူရကား။ကျမ်းဂန်လါတိုင်းရွေးခြိယ်ရှာဖွေလျှင်။ ထမ်းရွက်ယပ် ဝန်းဝ။ ဥဒေါင်း မြီးယပ်ဝ။ သားမြီး ယပ်ဝ။ ယင်းသည်ပင်သုံးမည်ဆိုလိုသည်။

ဤနှိုက်။ရွှေစက်နှစ်ရပ်။သုံးမည်ယပ်ဟုသတ်ပုံအစပ် အဝယဝတ္တ။ တွင်။ခွဲထားစပ်နည်းပြရကား၊ ယင်းသည်ယပ်ကို။တာလုဇ။

ယနှင့်ရေးရမည်။ဤနှိုက်။မြတ်စွာဘုရားခြေတော်စက်ကား။ အကြောင်းသုံးပါးဖြင့်အခါခပ်သိမ်းအရာမထင်။ ဓိဌာန်တော် မူမှသာအရာထင်သည်။ယင်းသို့အဓိဌာန်တော်မူ၍ ချထားခဲ့ သောပါဒစေတီသည်း။ ဇမ္ဗူဒီပါကျွန်းနှိုက် နှစ် ဆူ။ သီဟိုဠ် ကျွန်းနှိုက်တဆူ။ဤမျှသာရှိသည်။ယင်းသို့ဖြစ်၍။ မြတ်စွာဘု ရားဏ့်ခြေတော် စက် ဟု ဆိုအပ်သောပါ ဒနက် သန်စေတီ တော်မြတ်ကို။သီဟိုဠ်ကျွန်းနှိုက်။မည်သည်အခါ။ မည်သည် အရပ်တွင်ချထား တော်မူကြောင်း။ ဇမ္ဗူဒိပ်ကျွန်းနှိုက်။ မည် သည်အခါမည် သည် အရပ်တွင်။ ချထား တော် မူကြောင်း။ ယင်းခြေတော်အစုံနှိုက်။ စက်အရေးအသား လုံ မအိမ်မွန်စ သောမင်္ဂလာ အခြံအရံနှင့် တကွခြေတော်အတို့ နှိုက်တည် ဟန်အခြင်း အရာများကို။ မဟာဝင်။ ပါရာဇိကဏ်အဌက ထာ။ မဇ္ဈိမပဏ္ဏာသအဌကထာ။ သုတ်မဟာဝါပုဏ္ဏောဝါဒ သုတ်။အနာဂတဝင်အဌကထာ။ဇိနာလင်္ကာရဋီကာ။သုတ်မ ဟာဝါဋီကာ။ ပါဒစက္ကသာရ။ ဇိနလက္ခဏ ဒီပနီ။ဂုဏဒီပနီ။ စက္ကင်္ဝိနိစ္ဆယ။ပင်းယသိရိစတုရင်္ဗလအမတ်ဖွဲ့စီသဉ့်ပါဒ နက်သန်ဂါထာ စသော ကျမ်းတို့နှိုက် လာသည် အတိုင်း အ မြွက်မျှထုတ်နုတ် ရေးသားလိုက်အံ့။

ဝေနေယျသတ္တဝါတို့ချမ်းသာစီးပွါးများအံ့ သည်ကို။ ကာလအရှည်မြော်ထေဝံတော်မူပြီးလျှင်။ဒေသစာရီကြွတော် မူရာတံဆိပ်အရေးပုံခပ်နှိပ်ဘိသကဲ့သို့ခြေတော်ရာပြတော်မူ သည်။ သီဟိုဠ်ကျွန်း စက်တော် ရာ။ မန်းစက်တော်ရာများ သည်။ကျမ်းဂန်နှင့်အညီအညွတ်ပင်ဖြစ်သည်။ သီဟိုဠ်ကျွန်း စက်တော်ရာအကြောင်းမှာ။ ဘုရားဖြစ်တော်မူသည်မှ ၉လ မြေဝံ။ပြာသိုလပြည့်နေ့တွင်။နောင်သာသနာတော်တည်မည် ကိုမြင်တော်မူ၍သီဟိုဠ်ကျွန်းကိုအစောင့်အရှောံအရံအတား

ပြုခြင်းငှာတကြိမ်ကြွတော်မူသည်။ ဘုရားဖြစ်တော်မူသည်
မှာနှစ်မြောက်တွင်။ စူဠဗောဒရနဂါး မင်း တို့ကိုဆုံး မခြင်းငှါ
လည်းတကြိမ်ကြွတော်မူသည်။ ဘုရားဖြစ်တော်မူသည်မှာက
နှစ်မြောက်ကဆုန်လပြည့်နေ့တွင်။ မဏိအာက္ခကနဂါး မင်းတို့
တောင်းပန်ခြင်းကိုစွဲ၍အခြိအရံရဟန္တာ၅၀၀နှင့်တကွစကား
ပန်းကိုထိုးပြု၍သုမနနဂါးမင်းကို ဆောင်း စေလျက်။ သမန္တ
ကူဋတောင်ထိပ်ထက်စက်တော်ရာပြထားခြင်း။ဒီဃဝါပိစေ
တီတော်ရာစသည်များနှိုက်သမာပတ်ဝင်စားခြင်းအကျိုးငှါ
လည်းတကြိမ်ကြွတော်မူသည်။ယင်းသို့သုံးကြိမ်ကြွ တော်မူ
သည်တွင်။နှောင်းဆုံးတကြိမ်နှိုက်။ကလျာဏီမြစ်အတွင်းဗန်
ဆင်းအပ်သောမြတ်သောမဏ္ဍပ်နှိုက်ရဟန္တာ၅၀၀နှင့် တကွ
မဏိအာက္ခကနဂါးမင်းတို့၊ အလှူကိုခံတော်မူပြီး လျှင်။ သမန္တ
ကူဋတောင်ထိပ်သို့ကြွ၍စက်တော်ရာပြထားခဲ့ကြောင်းကို။မ
ဟာဝင်။ ပါရာဇိကဏ်အဋ္ဌ ကထာစသောကျမ်း တို့နှိုက်ဆို
သည်။

ဇမ္ဗု။ဒိပ်ကျွန်းယောနကတိုင်းမန်းချောင်း။ စက်တော်
ရာအကြောင်းမှာ။ ဘုရားဖြစ် တော် မူ သည်မှ ဝါ၂၀ ကျော်
တွင်။မဟာပုဏ္ဏားထေရ်ပင့်ဖိတ်၍သုနာပရန္တတိုင်းသူပျိုတက
ဆင်ပိသို့ကြွတော်မူလှာသည်။ နောံ အပြန် တွင် ရမ္မဒါန ဂါး
မင်းတောင်းပန်၍မန်းချောင်းနားတွင် စက် တော် ရာပြထား
တော်မူခဲ့သည်။ ယင်းမှသစ္စဗန္ဓုတောင်သို့ ရောက်ပြန် လျှင်။
သစ္စဗန္ဓုထေရ်တောင်းပန်၍ သစ္စဗန္ဓုတောင်ထိပ်တွင်ပြ ထား
တော်မူခဲ့သည့်များကိုလည်း။ ပုဏ္ဏော၀ါဒသုတ် အဋ္ဌကထာ
များတွင်ဆိုသည်။

ယင်းစက်တော်ရာများတွင်။ စက်အရေး လက္ခဏာ
ဟူသည်မှာ။ ။သဗ္ဗောစက္ကလက္ခဏော ပရိ၀ါရော။ ။

သဗ္ဗော။အလုံးစုံသည်။စက္ကလက္ခဿေ့ဝ။ စက်လက္ခဏာ၏ သာလျှင်။ပရိဝါရော။အခြံအရံတည်း။ သုတ် မဟာဝါအဌက ထာ။ ။တံပရိဝါရေတွာအနေကာနိမင်္ဂလာနိနိပ္ပတ္တိဿန္တိ။ ။ တံ။ထိုစက်လက္ခဏာကို။ ပရိဝါရေတွာ။ ခြံရံ ကုန်၍။ အနေ ကာနိ။များစွာကုန်သော။ မင်္ဂလာနိ။ လှံမအိမ် မွန်စသောမင် လာတို့သည်။နိပ္ပတ္တိ ဿန္တိ။ဖြစ်ကုန်လတ်တံ့။အနာဂတဝင်အ ဌကထာ။ ။စက္ကပရိယန္တေနေမိ တော ဗဟိဒ္ဓါ ဗဒ္ဓော။ ။ စက္ကပရိယန္တေ။ စက်၏။အဆုံးနှိုက်။ နေမိတော။ အကွပ်မှ။ဗ ဟိဒ္ဓါ။အပနှိုက်။ဗဒ္ဓေါ။ စက်လျက်တည်၏။ ဖိနာ လက်ာရဋ္ဌိ ကာ။၉်။ဈိအင်္ဂါ။ ။သည်စကားများ သည်။ လှံမအိမ်မွန်စ သောအကွက်ကိုရေးသားရန်အထောံအထားဖြစ်သည်။

စက္ကဝါ ဋ္ဌောတိဝတွာ တဿ ပဌာနာဝယ ဝေဒဿေ တုံဟိမဝါသိနေရု။ပ။သဟဿာနိတိဝုတ္တံ။ ။စက္ကဝါဋ္ဌော တိ။ စကြဝဋ္ဌာဟု။ ဝတွာ။ဆိုပြီး၍။ တဿ။ထိုစကြဝဋ္ဌာ၏။ပ ဌါနာဝယဝေ။မြတ်သောအစိတ်တို့ကို။ဒဿေတုံ။ပြအံ့သော ဌာ။ဟိမဝါသိနေရု။ ပ။ သဟဿာနိတိ။ ဟိမဝန်။ မြင်းမိုရ်။ နေ။လ။နက္ခတ်။ကျွန်းကြီးလေးကျွန်းကျွန်း ငယ်နှစ်ထောင်တို့ ဟူ၍။ဝုတ္တံ။ ဆိုအပ်၏။ သုတ်မဟာဝါဋ္ဌိကာ။၉်။ ခံအင်္ဂါ။ ။ အဓိပ္ပါယ်ကား။စကြဝဋ္ဌာဟုဆိုအပ်ပြီးလျက်။ဟိမဝန်။ မြင်း မိုရ်။အစရှိသည်ကိုဆိုပြန်ခြင်းသည်။ စကြဝဋ္ဌာကိုပင်မြတ် သောအစိတ်ဖြင့်ပြအံ့သောဌာဆိုပြန်သည်။အဓိပ္ပါယ်ရသဉ်။ ဤစကား သည်စကြဝဋ္ဌာကိုအသီး မယူပဲဟိမဝန်။ မြင်းမိုရ် စသည်ကိုယူလျှင်ပင်။ စကြဝဋ္ဌာကိုယူ ခြင်းပြီး ရာနှိုက်။အ ထောံအထားဖြစ်သည်။ ထိုကြောင့် စကြဝဋ္ဌာကို နုတ်၍ကိန္နရာကိန္နရီကိုတကွက်စီယူလျက်၁၀၇ဖြစ်သင့်သည်။

စတူသုကောဌာသေသုဒွေကောဌာ သာ အဂ္ဂ ပါဒါ ဟောန္တိ။ ။စတူသုကောဌာသေသု။ ခြေတော်၄ဘိုတွင်။ ဒွေကောဌာ။ နှစ်ဘိုတိုသည်။ အဂ္ဂပါဒါ။ ခြေဖျားမည်ကုန်သည်။ဟောန္တိ။ဖြစ်ကုန်၏။ သုတ်မဟာဝါအဌကထာမဟာသုဒဿနသုတ်။ ။ဒွေဘာဂါအဂ္ဂပါဒတလာ။ ။ဒွေအဂ္ဂပါဒါ။ခြေတော်နှစ်ဘိုတိုသည်။ အဂ္ဂပါဒတလာ။ခြေဖျားအပြင်မည်ကုန်၏။ဖီနာလက်ာရဋီကာ။ ။ယင်းသို့အဌကထာဋီကာတို့နိုက်။ ခြေတော်ကို ၄ဘိုပြုပြီးသော်ရှေ့နှစ်ဘိုကိုခြေချောင်းနှင့်ဖြစ်၍ခြေဖျား မည်သည်ဆိုခြင်းကြောင့်။ ဘမျက်မြင်းခေါင်းတော်အောံ သုံးဘိုမြောံသည်ခြေလယ်။ လေးဘိုမြောံဘနောင့်တော်သည်ခြေရင်းမည်ရကား။ဘမျက်တော်အောံ သုံးဘိုမြောံ ဟူသော အလယ်အရပ်တွင်။ စက်တော်တည်သည်။ ယင်းစက်အလယ်တွင်။ ပုံတောင်းကား။ဆုန္ဒနီလာမြဲအဆင်းရှိသည်၊ပုံတောင်းအပေါက်သဏ္ဌာန်အလယ်အကွက်ကား။ ငွေအဆင်းရှိသည်။ ပုံတောင်းအတွင်းပြင်ပုံတောင်ထိပ်တွင်ငွေအဆင်း ရှိသော ခွဲကြိုးရှိသည်။ အကန့်တထောင်ကား။သန္တာအဆင်းတွင် ရတနာခုနစ်ပါးဖြင့်ခြယ်လှယ်သည်။ တကန့်နှင့်တကန့်အကြားတွင် ရတနာခုနစ်ပါးအဆင်းရှိသော ခွဲကြိုးခြားသည်။ အကွပ်ကား ရွှေကျံဆစ်ခြယ်လှယ်သောသန္တာအဆင်းရှိသည်။ အကန့်ဆယ်ခုဆယ်ခုအကြားတွင်။လက်ဝဲလက်ယာပန်းဆိုင်းဆွဲလျက်။ သန္တာရိုးတပ်သောထီးဖြူရှိသည်။အကွပ်၏အနားပုံတောင်းပေါက်၏အနားတွင် ခြသေ့ခံတွင်း သဏ္ဌာန် ပုလဲသွယ် သဏ္ဌာန်စည်လျက်ရှိသည်။ လှံမအိမ်မွန်စသောတရာရှစ်ကွက်ကား။ စက်တော်ဝန်းကျင်အရင်းမှစ၍တည်သည်။

တရာရှစ်ကွက်မှာ။ အနာဂ တဝင်ရီကာ။ ဇိနာလက်ာ ရရီကာကျမ်း။ သက္ကရာဇ်တထောင် တရာမပြည့် မီကရေး သည်။ ပါဒစက္ကသာရကျမ်း။ ဝမ်း ပဲအင်းစံ မင်းလက် ထက် သက္ကရာဇ်ထေါင့်လေးဆယ်တွင်။ ရှင်ပညါသာရ ရေး သည်။ ဇိနလက္ခဏ ဒီပနီကျမ်း။ ဂုဏဒီပနီကျမ်း။ စက္ကဂ်ဝိနိစ္ဆယ ကျမ်း။ စသည်တို့နှိုက် လာသည်နှင့်အညီ။ ချိထွေအစ။ လှံမ အိမ်မွန်။ မကျန်ပွင့်ချပ်။ စလပ်ပျံမွေး။ ဟု ရှင် မဟာရဋ္ဌ သာရ စပ်ဆိုသည်အစည်အတိုင်းပင်ဖြစ်သည်။ သက္ကရာဇ်ခြောံရာ ကျော်ကပင်းယသီရိ စတုရင်္ဂဗလအမတ်ဖွဲ့စီ သည်။ သတ္တိစ သီရိဝစ္ဆောစဟူသည်ပတျာဝတ္တဂါထာလည်း။ စေ့စပ် သေ ချာကောင်း မွန်လှသည်။ ယခင်ကဗျာနှင့် တပြေး တည်းညီ ညွတ်၏။ တိုက်ဆိုင်၍ရှုပါကုန်။

တရာရှစ်ကွက်စက်လက္ခဏာဖြင့်။ တန်ဆာဆင်အပ် သောခြေဘဝါးရှိခြင်းသည်သပရိဝါရဒါန၏ အကျိုးအထူး ဟူ၍လက္ခဏသုတ်နှိုက်ဟောတော်မူသည်။ ။သည်အရာ တွင်။ စက်တော်လည်းတခြား။ တရာရှစ်ကွက်လည်းတခြား ဖြစ်သည်။ ပမာဏမှာ။ ကျမ်းဂန်တွင် အထူးမရှိ။ ၁၅လက် သစ်လျှင် လူတို့ တဘဝါးရှိမြဲနှင့်ထောံသော်။ ပကတိဘဝါး တော်သည်။ ၂ ဝိ ၃ ၂ မုယော ရှိသင့်သည်။ စက်တော်ရာမှာ။ ပကတိနင်းတော်မူတိုင်းမထင်။ ဖန်ဆင်းဓိဌာန်၍ နင်းတော်မူ မှထင်သောကြောင့်။ စက်တော်ရာ ခြင်းညီ သင့်သည် မဆို သာ။ သတိမြဲလှစေ။

စက်တော်ရာဟူသည်တွင်။ ယခင်ရေးသားခဲ့သည်အ တိုင်း။ သီဟိုဠ်မှာ စက်တော်ရာ၁။ ဇမ္ဗူဒိပ်မှာ။ စက်တော်ရာ နှစ်ဆူရှိသည်ကိုရည်၍။ တိဏိဘဂဝတော ပါဒစေတီယာနိ ဟူ၍သာရထ္ထသင်္ဂဟကျမ်းနှိုက်ဆိုသည်။ လက်ာဒီပါ၉။ ဇမ္ဗူ

ဒီပါဒွေးဟူ၍လည်းရှေးသူဟောင်းတို့ ဆိုစမှတ်ပြု သည်အတိုင်းငါတို့ဇမ္ဗူဒိပ်ကျွန်း။ယောနကတိုင်းရှိ။စက်တော်နှစ်ရပ်တွင်။ တရာရှစ်ကွက် ရေတွက်သည်အနက်။ တာလဝဏ္ဏ။ ထန်းရွက်ယပ်ဝန်းဝ။မောရဟထွက။ ဥဒေါင်းမြီးယပ်ဝ။ဝါဋ္ဌဗိဇနီ။သားမြီးယပ်ဝ။ဟူ၍ပေါင်းယပ်သုံးစင်းရှိကြောင်းကို။ မဇ္ဈိမပဏ္ဏာသအဌကထာ။ဗြဟ္မာယုသုတ်။သုတ်မဟာဝါအဌကထာ။မဟာပဒါနသုတ်အဘွင့်။ အနာဂတဝင်ရိုကာ။ဇိနာလင်္ကာရရိုကာစသော ကျမ်းဂန်များတွင်ဆိုသည်။

ယင်းစက်တော်ရာပြင်ဝန်းတွင်။ သောဋ္ဌသပဌမံကုဋ္ဌရဂါထာနှင့်။ကြိုးကြာ၁၆။ဟသ်ာ၉ကြိမ်စသောအဖြစ်တော်နှိုက်။ တို့ဘုရားလောင်း တော်ဘေး ရန်ကင်း ကြောင်းကိုထုလုပ်ရေး သား ကြသည်မှာ။ ကျမ်းဂန်မလာ။ ၄အ သချေ်နှင့်ကမ္ဘာတသိန်းအတွင်းသည်မျှသာဘေးရန်ကင်း သောဘဝမရကောင်းသော ကြောင့်။သဘောယုတ္တိ လည်းမရှိဟု။ ကျမ်းတတ်အကျော်တို့မိန့်ဆိုတော်မူကြကုန်သည်။ ။ဤစကားမှာ။စက်တော်နှင့်အစပ်အလျည်းသင့်၍ရေးလိုက်သည်။

ဤစကားရပ်ဖြင့်။လေးအသချေ်နှင့်ကမ္ဘာတသိန်းကာ ဥပဒေသ။
လပတ်လုံး။ ဖြည့်ဆည်းဖူးတော်မူအပ်သော မြောံများဆန်းကြယ်အံ့အောဖွယ်သောပါရမီတော်တို့ကြောင့်။လောကသုံးပါးတွင်အတုမရှိအလွန်ဆန်းကြယ်သောစက် လက္ခဏာတို့ဖြင့်တန်ဆာ ဆင်အပ်သော ခြေတော် အစုံရှိ တော် မူသောမြတ်စွာဘုရား၏။ သုပ္ပ တိန္နိတပါဒ။ စက္ကင်္ဂိတပါဒ။ လက္ခဏာတော်မြတ်ကိုသက်၍ ကြည်ညှိခြင်းကို ဖြစ်စေပြီးလျှင်။ ပါရမီစာဂ စရိယတရားတို့ကို အားထုတ်ရာနှိုက်။ လျစ်လျူသာမန်။မထက်မသန်မဖြစ်စေရ။ အတိုင်းထက်အလွန်ထက်

မြက်လှသောဇောစေတနာဖြင့်။အဆန်းတကြယ်။အံ့ဖွယ်သူ ရဲမဖြစ်စတောင်း ဖြစ်အောင် ဖြည့်ကျင့်ဆည်းဖူး ရမည်ဟူ သောဥပဒေသ။ယင်းစက္ကိဂ်ိတပါဒလက္ခဏါတော်ဖြင့်တန် ဆာဆင်အပ်သော ခြေတော်အစုံကား မြတ်သောနတ်အသူ ရာဂလုန်လူနဂါး ဂန္ဓပ္ပနတ်တို့၏။ မကိုက်တို့၏။ အထွတ်တို့ နှိုက်အပ်အပ်သောကျောံတို့ဖြင့် ညွတ်လျက်ညွတ်လျက်ထိ စေသဖြင့်ပူဇွော်ခြင်းကိုခံတော်မူထိုက်သည်။ ယင်းသို့ဖြစ်၍ လောကသုံးပါးနှိုက်။ မင်းထက်မင်း နတ်ထက်နတ် ဗြဟ္မာ ထက်ဗြဟ္မာဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဂုဏ်တော် ကိုအဖန်တလဲလဲ အောံမေ့ဆင်ခြင်ခြင်း ဗုဒ္ဓါနုဿတိကမ္မ ဌာန်းကိုပွားများစေရမည် ဟူသောဥပဒေသ။ သက်တော် ထင်ရှားရှိတော်မူသောမြတ်စွာဘုရားနှင့်ထပ်တူ။ နတ်လူတို့ အားဝတ်သုံးပါးမှ ထုတ်ဆောင်၍မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက် အောင်။ကယ်တင်ခြေချွတ်တော်မူလိုသဉ်ဖြစ်၍။ယခင်ပြဆို ခဲ့ပြီးသည်ပါဒစေတီသုံးရပ်ကို။ဓိဌာန်ချထားတော်မူခဲ့သည် အတိုင်း။သက်တော်ထင်ရှား မြတ်စွာဘုရားကိုပင်မမီမတွေ့ မဖူးမမြော်ရငြားသော်လည်း။သက်တော်ထင်ရှား။ ဘုရားစ တော။ရိုသေလေးမြတ်စွာ။ဗုဒ္ဓါရမ္မဏကိုဖြစ်စေလျက်။ပူဇွော် ကိုးကွယ်ခြင်း။ လည်းလျောင်း ဆည်းကပ်ခြင်း စသည်တို့ ကိုပြု၍။ဝတ္ထုပစ္စေဒက အာရုံလျှင်အမွန်ဖြစ်စေလျက်။ ဗုဒ္ဓါ နုဿတိတရားကမ္မဌာန်းကို ပွားများစေရာသည်ဟူသောဥ ပဒေသများကိုပြသည်ယူရမည်။



မေးခွန်းကောံ နုတ်ချက်ပါ။ ပသတ်သက် သက်စပ် နည်း၅ပုဒ်တွင်။တတိယပုဒ်။

ကျွန်ခုနစ်ရပ်။ မစေအပ်။ စေအပ်ခုနစ်ဖြာ။ ။ဟူ ဝုဒ်ရင်း၊ သည်ကား။

သခင်လက်မှလွတ်၍ရဟန်းပြုသောကျွန်ဝ။ထိုအတူ ပိဏ္ဍထ။ ပုဏ္ဏားပြုသောကျွန်ဝ။ရဟန်းကျွန်ဝ။ ပုဏ္ဏားကျွန်ဝ။အလွန်သီလရှိသောကျွန်ဝ။ ပျော်ပိုက်မှီနေသောကျွန်ဝ။ ခြံပွတ်အတွင်းမှီတင်း နေသောကျွန်ဝ။ ဤကျွန်ခုနစ်ယောံ တို့ကိုကျွန်ဟူ၍ကားခေါ်ဝေါ်အပ်၏။မစေပါအပ်။ ။နေက္ကိတ။ကြေးဝယ်ကျွန်ဝ။ဒါသိဇ။ကျွန်မသားဝ။အန္တောဇ။မိရိုးဘလာကျွန်ဝ။အညဒိန္န။ သူတပါးပေး၍ရသောကျွန်ဝ။ အဒ္ဒိါ။ ကျေးဇူးဂုဏ်ဖြင့်တရားဆင်၍ရသေါကျွန်ဝ။ဘတ္တာ။ထမင်းစါးကျွန်ဝ ဝေရိဇရာ။ရန်အောင်ရာရသောကျွန်ဝ။ ဤကျွန်ခုနစ်ယောံတို့ကို။ကျွန် ဟူ၍လည်းဆိုအပ်၏။ စေလည်းစေပါအပ်၏။ ဆိုလိုသည်။

ဤနှိုက်။မစေအပ်သည်ကျွန်ခုနစ်ယောံ။ စေအပ်သဉ် အဝယဝတ္ထ။ ကျွန်ခုနစ်ယောံတို့ကို။မနုမနောစသော။ယခင်အထက်ကပြီခဲ့သဉ်။ထိုထိုဓမ္မသတ်ကျမ်းဂန်တို့နှိုက် အညီအညွတ်ထွက်ရှိသည်ကိုအမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

မုစ္စိတာဘိက္ခုဒါသာစ။ တထာဗြဟ္မဏ ဒါသကာ။ ဘိက္ခုနောဘိက္ခုဒါသာစ။ဗြာဟ္မဏသစဗြဟ္မဏာ။ ။အတိသီလါစနိဿိတာ။ခေတ္တဿိတာတိသတ္တေဝ။ဒါသကမ္မေနပေသိတာ။ဒါသမိစ္စေဝပညတ္တာ။ ။သာမိကတော။အရှင်လက်မှ။ မုစ္စိတာ။လွတ်ကုန်သည်ဖြစ်၍။ ဘိက္ခုဒါသာစ။ရဟန်းပြုသောကျွန်ရင်း။ တထာ။ထိုအတူ။ဗြာဟ္မဏဒါသာစ။ ပုဏ္ဏားပြုသောကျွန်ရင်း။ ဘိက္ခုဒါသာစ။ ရဟန်းကျွန်ရင်း။

ဖြိဟ္ဓဏာသ။ပုဏ္ဏား၏။ဖြိဟ္ဓဏာစ။ ပုဏ္ဏားကျန်ရင်း။အတိ
သိလာစ။သိတင်းသည့်ပြု၍၊သိလလွန်အောင် ကျင့်ဆောင်
နေသောကျန်ရင်း။နိဿိတာစ။ပျော်ပိုက်မြဲနေသောကျန်ရင်း။
ခေတ္တသိတာ။ ခြံပွတ်အတွင်းမြဲတင်းနေသောကျန် ရင်း။ဇူ
တိ။ဤသို့။သတ္တေဝ။ခုနစ်ယောံသောသူတို့ကို။ ဒါသမိစ္စေဝ။
ကျန်ဟူ၍သာလျှင်။ပညတ္တာ။ ခေါ်ဝေါ်သမုတ်အပ်ကုန်၏။ဒါ
သကမ္မေ။ကျန်အမှုလုပ်အရာနှိုက်။ နပေသိတာ။ မစေမခိုင်း
အပ်ကုန်။ ။ဤကားမစေအပ်သည့်ကျန်ခုနစ်ယောံတည်း။

ဓနက္ကိတာစဒါသိဇာ။ အန္တောဇာတညဒိန္နကာ။ အဒ္ဒိါ
ဘတ္တာစသတ္တေဝံ။ဝေရိဇယာစပေသိတာ။ ။ဓနက္ကိတာစ။
ကြေးဝယ်ကျန်ရင်း။ ဒါသိဇာ။ ကျန်မသားရင်း။ အန္တောဇာ
တာ။အမွေစုနှိုက် အကျမ်းဝင်သော မိရိုးဘလာကျန်ရင်း။အ
ညဒိန္နကာ။ သူတပါးကပေး၍ ရသောကျန်ရင်း။ အဒ္ဒိါ။ကျေး
ဇူးဂုဏ်ကြောင့် တရား ဆင်၍ ရသော ကျန်ရင်း။ ဘတ္တာ။
ထမင်းကြွေးကျန်ရင်း။ဝေရိဇယာ။ ရန်အောင်ရာကရခဲ့သော
ကျန်ရင်း။ဇူတိ။ဤသို့။သတ္တ။ ခုနစ်ယောံသောကျန်တို့ကို။ပေ
သိတာ။ ကျန်မှုလုပ်ရာစေပါရကုန်၏။ ။ဤကားစေအပ်
သော ကျန်ခုနစ်ယောံတည်း။

ဤနှိုက်။ ဒါသိဇနှင့်အန္တောဇာတတို့၏။ အထူးကား။
ကြေးဝယ် ကျန်မသားသည်ဒါသိဇ။ သားစည် မြေးဆက်အ
မွန်ရှည်စွာမိလာဘရိုက်ဖြစ်သောကျန်သည်အန္တောဇ။ ဤသို့
အထူးကိုမှတ်လေ။

ဝေရိဇယ ကျန်မှာ။ ။ဥဿိတဇောယ သေနာယ
ဂဏ္ဌာပရဝိသယံဝိလုဗ္ဗိတွာအာနိတောတိဝုတ္တံဟောတိ။ဟူ၍
သခေ်ပတ္တဇောတိကာမည်သောမနုဋ္ဌိကာနှိုက် ဆိုရကား။သု
နှိုင်ငံသို့သွား၍ တိုက်ခိုက်ရာဆောင်ယူခဲ့သော ကျန်ကိုယူရ

မည်။ ။ရင်းကျွန်ကိုလည်း။ ။ဓဇာဟတာတယောဘေ ဒါဝန္ဒိဟထ္ထကဂါဟတော။ ဟူသောမနုစာကိုယ် လာသည်ကို ထောံ၍။ သုံးရကျွန်။ လက်ရကျွန်။ ဖမ်းရကျွန်ဟု သုံးပါးပြားသည်။ထိုတွင်။

ဝန္ဒိနာမကုဋ္ဌိတပစ္စန္တဇနံအာမန္တေဟိတိရာဇာအာဏာပေတွာတထ္ထဂတ္တံ အာနိတဇနော။ ဟူသောရင်းသခေါ်ပတ္တဇောတိကာမည်သော မနုဋီကာပါဌ်။ ။ယင်းပါဌ်၏ အနက်ကား။ ။ဝန္ဒိနာမ။ သုံးကျွန် မည် သည်ကား။ ကုဋ္ဌိတပစ္စန္တဇနံ။ ပျက်သောပစ္စန္တရာဇ် သူကို။ အာမန္တေဟိ။ ခေါ်ချေလော။ဇူတိ။ဤသို့။ ရာဇာ။ မင်းသည်။ အာဏာပေတွာ။ စေခိုင်းသောကြောင့်။တထ္ထ။ထိုပျက်ရာသို့။ ဂတ္တံ။သွား၍။အာနိတဇနော။ဆောင်အပ်သောသူတည်း။ ။ဤဋီကာစကားကို ထောံ၍။ မင်းအာဏာဖြင့်သိမ်းယူခဲ့သည်ကျွန်ကို။ သုံးကျွန်မှတ်ရမည်။

ဟထ္ထကော နာမသင်္ဂါမသမာဖြုဋ္ဌေဝါပရောမာရေမီတိကရောန္တောဝါ အတ္တနောဟထ္ထေနဝိ လုဋ္ဌိတွာဂါဟိ တဇနော။ ။ဟူသောရင်းဋီကာ ပါဌ်။ ။ယင်းပါဌ်၏ အနက်ကား။ ။ဟထ္ထကောနာမ။လက်ရကျွန်မည်သည်ကား။သင်္ဂါမသမာဖြုဋ္ဌေဝါ။ စစ်တက်ရာနှိုက် ရင်း။ ပရော။ တယောံသောသူသည်။မာရေမီတိ။ သတ်အံ့ဟု။ကရောန္တောဝါ။ ပြုရာနှိုက်ရင်း။ အတ္တနော။မိမိ၏။ ဟထ္ထေန။လက်ဖြင့်။ဝိလုဋ္ဌိတွာ။ လုရက်၍။ ဂါဟိတဇနော။ ဖမ်းယူသော သူတည်း။ ။ဤဋီကာစကား ကိုထောံ၍။ စစ်တက်ရာဒါးအောံလှံအောံမှာဖြစ်စေ။တစုံတယောံသော သူကို သတ်အံ့မူစဲ အခါဖြစ်စေ။ မသတ်မူ၍ဆောင်ယူခဲ့သောကျွန်ကိုလက်ရကျွန်မှတ်ရမည်။

ဂါဟကောနာမသယမေဝသင်္ဂါမံဂတ္တီာ။နိလိယဇနာ ဒိကံဂဝေသေတွာဂါဟိတဇနော။ဟူသောဍင်းဋီကာပါဌ်။ ။ ယင်းပါဌ်၏ဇနက်ကား။ ။ဂါဟကောနာမ။ ဖမ်းရကျွန် မည်သည်ကား။သယမေဝ။မိမိကိုယ်တိုင်သာလျှင်။သင်္ဂါမံ။ စစ်မြေအရပ်သို့။ဂတ္တီာ။သွား၍။နိလိယဇနာဒိကံ။ပုန်းအောင်း သောလူစသည်ကို။ဂဝေသေတွာ။ရှာ၍။ ဂါဟိတဇနော။ဖမ်း ယူအပ်သောသူတည်း။ ။ဤဋီကာစကားကိုထော်၍။ စစ် တိုက်ရာတောစိုးထောင်ခြေမှိတင်းပုန်းအောင်း သူတို့ကိုဖမ်း ယူခဲ့သောသူကိုဖမ်းရကျွန်မှတ်ရမည်။

ဤသို့သုံးရကျွန်။လက်ရကျွန်။ဖမ်းရကျွန်။ သုံးပါးပြား သည်ကို။ လောက ဓမ္မသုတ စွယ်စုံ ဖြစ်သော သက္ကရာဇ် ၁၀၈၈ခုဖွား။မောင်းထောင်ကြီးရွာ ဇာတိတွင်းသင်းတိုက် ဝန်မဟာစည်သူ။ငယ်မည်ဦးထွန်းညိုစီရင်သည် သတ်ညွှန်း သစ်ဇါခန့်တွင်။ ထင်သည်ကိုထင်ပန်း။ လပ်လာဘကိုလပ် ပန်း။ ကွမ်းကိုကွမ်းပန်းဟူ၏သို့။ သုံးကိုသုံးဖမ်း ခေါ်ဝေါ် ခြင်းမျှသာ ဖြစ်သည်။ သုံး တခြား။ ဖမ်း တခြား မယူ သင့် ကြောင်းနှင့်မှာဆိုရေးသားလေသည်။ ထိုထိုဓမ္မသတ်ကျမ်း တို့နှိုက်မူကား။မနုဓမ္မသတ်စာကိုယ်၊သခေါ် ပတ္တဇောတိကာ ဋီကာ တို့နှိုက် လာသည် အတိုင်း။ သုံးဖမ်း လက် ရ ကွဲပြား ထွက်ရှိချေသည်။သို့သော်လည်း။တွင်းသင်းတိုက် ဝန်မဟာ စည်သူ။ သုတဓ ရ ပုဂ္ဂိုလ်။စာဆို ကြီး ဖြစ် ၍ အ ထော် အ ကြောင်း။အာဂုံယုတ္တိကိုးကားရန်မရှိက။မဆိုတန်ရာဟု နှလုံး သွင်း၍။အထော်အကြောင်းကို းကားရန် များကို။ ရှာကြီရန် ရှိချေသည်။

ပြဆိုခဲ့ပြီးသောကျွန်ခုနစ်ရပ်မှတပါး။ အနွှောဇကျွန်။ ဓနက္ကိတ ကျွန်။ ဒါသဗျောပဂတကျွန်။ ကရမရာနိတကျွန်။ဒါ

သိဇာတကျန်။ အညဒိန္နကျန်။ ဘယတာနကျန်။ အဋ္ဌိက ကျန်။ ဥဒ္ဓါရကျန်။ဟူ၍ကျန်၉ရပ်။ယင်း၉ရပ်တွင်။ အန္တေါဇါတနှိုက်ခုနစ်ပါး။ဓနက္ကိတနှိုက်ခုနစ်ပါး။ဒါသဗျေါပဂတနှိုက်အထူးမဆို။ကရမရာနိတနှိုက်သုံးပါး။ဒါသိဇာတနှိုက်လေးပါး။အညဒိန္နနှိုက်သုံးပါး။ ယင်းအညဒိန္နတွင် ရာဇဒိန္နနှိုက်သုံးပါး။ညာတိဒိန္နနှိုက်ခုနစ်ပါး။ သခီဒိန္နနှိုက် ခုနစ်ပါး။ ဘယ တာနနှိုက်နှစ်ပါး။အဋ္ဌိကတွင်။မုခရနှိုက်နှစ်ပါး။စပလနှိုက်နှစ်ပါး။ထေရိကနှိုက်နှစ်ပါး။မေဓုနိကနှိုက်နှစ်ပါး။ဈဏကနှိုက်လေးပါး။ ဂုဏိကနှိုက် လေးပါး။ ဥဒ္ဓါရနှိုက်သုံးပါး။ ပေါင်းခြောံဆဲ့ခုနစ်ပါး။

တနည်း။ အာရာမိကကျန်။ စေတီယ ကျန်။ ပိပ္ပဒါသကျန်။ဘီကျွဒါသကျန်။ဝိပ္ပအကရကျန်။ ဘိ ကျွအက္ကရကျန်။ ပဋိရူပကကျန်။သက်ရကျန်။ဟူ၍ကျန်ရှစ်ရပ်။

တနည်း။ ဟိနကုလ ဓနက္ကိ တ ကျန်။ ၎င်း သားသားပေါက်။၎င်းသားမြေးလတ်။ ၎င်း သား အောံက လက်။ ၎င်းသားကျန်ပင်။၎င်းသား ကျန်ရိုး။ ၎င်းသားကျန်စင်။ ၎င်းသားသန္တကဟူ၍ခုနစ်ရပ်။

တနည်း။စုရှိကျန်သားကြေးသားပေါက်။၎င်းသားသတက်။၎င်းသားသတီ။၎င်းသားသတွတ်။ ၎င်းသားသတော့။ ၎င်းသားသမြော့။၎င်းသားသန္တကဟူ၍ခုနစ်ရပ်။

၏သို့စသည်ဖြင့်။ ထိုထိုမေ္မသတ်ကျမ်း ဂန်တို့နှိုက်။ ကျန်မျိုးအများထွက်ရှိသည့်ကို။ ဥပလက္ခ ဏနည်း အားဖြင့် စေအပ်သည်ကျန်များ ကိုသာအစမူ၍ သတ် ပုံတွင်။ ခပ်ဆိုသည်မှတ်လော။

ဥပဒေသ။ ဤစကားရပ်ဖြင့်။အထက်မှာဆို ခဲ့ပြီး။သောတရားသူ ကြီးခြောံဦး။ခုံသမတ်ပြုလုပ်သူတို့သည်။ အလွန်ခက်ခဲဆန်း ကြယ်သည်ဖြစ်၍။သိမှတ်နားလည်နှိုင်ခဲ သောကျွန်တို့၏။အ ပြား။၎င်းကျွန်တို့တော်လှံသင့်မတော်လှံသင့်စသောဝိ နိစ္ဆယ များကိုတတ်ပွန်လိမ်မာအောင်လေ့လာမှတ်သားပြီးလျှင်။ အ ဂတိလေးပါး။ တန်ဆိုးသုံးပါးများသို့မလိုက်မနာမင့်မကွက် တော်တည့်ဖြောင့်မတ်စွာစီရင်ဆုံးဖြတ်ရမည် ဟူ သောဥပ ဒေသကိုပြသည်ယူရမည်။

——oo——

မေးခွန်းကောံနှတ်ချက်ပါ။ ဟသတ် သက် သက်စပ် နည်း၅ပုဒ်တွင်။စတုတ္ထပုဒ်။

ပုဒ်ရင်း။ ကညာလေးရပ်။စွန့်ငါးထပ်။ချစ်အပ်တပါးသာ။ ။ ဟူသည်ကား။

ဝိဏ္ဍတ္ထ။ အလိုတူသောကညာတယောံ။အလိုမတူသောကညါ တယောံ။မျိုးတူစိတ်တူကညာတယောံ။အမျိုးသာတူ၍စိတ် မတူသောကညာတယောံ။ ဟူ၍ကညာ လေး ရပ်။ မြို့သော မိန်းမတယောံ။ မိန်းမသာဖွားသောမိန်း မတ ယောံ။ နူသော မိန်းမတယောံ။သားယောံမြောံမထား တတ် သောမိန်း မတ ယောံ။အမျိုးတို့အကျင့်ကိုဖျက်ဆီးတတ်သောမိန်းမတယောံ ဟူ၍စွန့်အပ်သောမယားငါးယောံ။ကောင်းသောအ ကျင့်သီ လအာစာရရှိသောမိန်း မသည်ချစ် အပ် သောမိန်းမတယောံ ဟူ၍။ကညာလေးပါး။ စွန့်အပ်သော မယား ငါး ယောံ။ ထား အပ်သောမယားတယောံဆိုလိုသည်။

ဤနှိုက်။ဗျာကရုံဏ်ကျမ်းဆရာတို့ အလို အားဖြင့်။အ အဝယဝတ္တ ရွယ်အဆင်းပြင်လျာရပ် ဝါတောံပတတ်သည်။ ယောက်ျား တို့ကိုနှစ်သက်စေတတ်သည်များကိုစွဲ၍အ နိဗ္ဗေဒိ ကမက်မ ပျက်သောမိန်းမကိုကညာဆိုသည်။

ထိုထိုမေ္မသတ်ကျမ်း တို့နှိုက် မူ ကား။ အရွယ်အနာ ယောဂါအထူးကိုစွဲ၍ငယ်သောကညာ။ အရွယ်လွန်သောက ညာ။ကန်းသောကညာ။ ရူး သောကညာ။ ဟူ၍ ကညာလေး ရပ်။တနည်း။ အာကာရဘေဒ။ မိဿ ကနည်း အား ဖြင့်ဆန္ဒ ကညာ။အဆန္ဒကညါ။ဧကကုလသမဆန္ဒကညါ။သမာဆန္ဒါ စနောကုလကညာ။ဟူ၍ကညာလေးရပ်။

တနည်း။ အာကာရဘေဒ။ သုဒ္ဓနည်း အားဖြင့်။ ဆန္ဒ ကညာ။အဆန္ဒကညာ။ သဒိသကညာ။ အသဒိ သကညာ။ဒါ သကညာ။ဟူ၍ကညာငါးရပ်။

တနည်း။ဝံသဘေဒအားဖြင့်။ မင်းမျိုး ကညာ။ ပုဏ္ဏား မျိုးကညာ။ကုန်သည်မျိုးကညာ။ လယ်ထွန် မျိုးကညာ၊ ဟူ၍ ကညာလေးရပ်။

ယင်းတွင်။ သုဒ္ဓနှင့်မိဿ ကကို ပေါင်း၍ ကညာကိုး ရပ်။တနည်း။ဝံသနှင့်။သုဒ္ဓကိုပေါင်း၍ကညာကိုးရပ်။

တနည်း။ ဝယဘေဒအားဖြင့်ရှစ် နှစ်ဂေါရီ။ ဆယ်နှစ် ကုမာရီ။ဆဲ့နှစ်နှစ် ကညာ။ ထိုထက်လွန် မူမဘလ္လိ ကာဟူ၍ ကညာလေးရပ်။

တနည်း။ဝံသဘေဒအားဖြင့်ခုနစ်နှစ်ဒါ ရိကာ။ ရှစ်နှစ် ဂေါရီ။ဆယ်နှစ်ကညာ။ ဆဲ့နှစ်နှစ်ကုမာရီ။ ဆဲ့သုံး နှစ်သွေး စုန်း။ဆဲ့ငါးနှစ်မျက်မည်း။ နှစ်ဆယ် မျက်ဝန်း။ နှစ်ဆဲ့ငါးနှစ် မျက်ညွတ်။လေးဆယ်မြောင်းတူး။ဟူ၍ကညာကိုးရပ်။

တနည်း။ သရူပဘေဒအားဖြင့်။ အရွယ်လွန် သောက ညာ။ ရူးသော ကညာ။ မြိကြောင့်ဖြစ် သော ကညာ။ အနာရှိ သောကညာ။အဝေးမှလါသောကညာ။သန္တေရှိသောကညာ။ ဦးရီးစောင့်သောကညာ။ အရီးစောင့် သော ကညာ။ မိကြီး စောင့် သောကညာ။ မိထွေး စောင့် သော ကညာ။ ဘထွေး စောင့်သောကညာ။ဘကြီးစောင့်သောကညါ။အဘွားစောင့် သောကညာ။အမိစောင့်သောကညာ။ အဘစောင့် သောက ညာ။မောင်ကြီးစောင့်သောကညာ။ မောင်ငယ်စောင့်သော ကညာ။ အမကြီးစောင့်သောကညာ။ ညီမငယ်စောင့်သော ကညာ။အလွန်ငယ်သောကညာ။ဆွေမျိုးစေါင့်သောကညာ။ ဟူ၍ကညာနှစ်ဆဲ့တရပ်။

တနည်း။ယင်းနှစ်ဆဲ့တရပ်တွင်။ ငယ်သော ကညာ။ ဆွေမျိုး စောင့်သော ကညာ နှစ်ကို နုတ်၍။ ကျန် တ ဆဲ့ကိုး ရပ်တွင်။သီလရှိသောကညာ။ငတ်မွတ်သောကညာ။ အဘိုး စောင့်သောကညာ။ ယင်းသုံးယောံကို ထည့်သွင်းပြီး လျှင်။ ပေါင်း၍ရေတွက်အပ်သော ကညာနှစ်ဆဲ့နှစ်ရပ် များကိုအ ဆိုးအသီးခွဲခြမ်းဝေဖန်ပြည့နပြီးလျှင်။ထိမ်းမြား သင့်။ ဒါဏ် ပေးသင့်။ယူတ်သိမ်းသင့်။အသွင်းဆုံးသင့်။ အသွင်းတဝက် ပြန်သင့်။အလုံးပြန်သင့်။ပြည့်မှနှင်သင့်။ဒေဝဒါဏ်ထားသင့်။ သပြာတရာက။ လေးရာထိလျော်သင့်။တနည်း။ သပြာတရာ က။ငါးရာထိလျော်သင့်။စသည့်ဖြင့်ဝိနိစ္ဆယများကိုဆုံးဖြတ် ပြဆိုလေသည့်။ ယင်းပြဆိုခဲ့ပြီးသောကညာတို့ နှိုက်။ တွက် ကျုံးဝင်သောကညာလေးရပ်ကို။ဥပလက္ခဏနည်းအားဖြင့်။ သတ်ပုံအစပ်တွင်။ရေးသားလေသည့်ဟုမှတ်ရမည်။

စွန့်အပ်သောမယားငါးယောံမှာလည်း။မြှုံသောမိန်း မ။သားမိန့်းမသာဖွါးသောမိန်းမ။ နှုသောမိန်းမ။ လင်စောင်

မြေဝံမထားသောမိန်းမ။ အမျိုးတို့အကျင့်ကိုဖျက်သောမိန်းမ ဟူ၍ငါးရပ်ရှိသည်တွင်။ မြုံသောမိန်း မကိုရှစ်နှစ်ငံ့ရမည်။ သားမိန်းမသာဖွါးသောမိန်းမကို။ ရှစ်ယောံ။ ဆယ်ယောံဖွား အောင်ငံ့ရမည်။ ယင်းသို့မှ။ အပြစ်ရှိသည်မှန် လျှင်။ ယင်းနှစ် ယောံနှင့်နူသောမိန်းမ။ ၎င်းသုံးယောံကို။ အခြင်းခပ်သိမ်းမ ကွာမစွန့်အပ်။ ကာမမျှသာစွန့်၍နှောင်းငယ်အသစ်နေစေ။

ယင်းကို။ မိန်းမတို့က။ မနှစ်သက်၍ကွာလိုမူ။ ပဌမမ ယားနှိုက်။ မယားပါမှန်သမျှကိုမယား ယူ။ မရှိမူလက်ထက် ပွားတွင် ဆယ်ရတရနှင့်။ ချင်းဝတ်စား တန်ဆာကို ပေး၍ ကွာ။ ဒုတိယမှာ။ ဥစ္စာပစ္စည်းကိုမည်မျှပေး၍ကွာ။ တတိယ မှာ။ နူသည်ကိုသိလျက်။ ပစ္စည်းကိုမက်၍ယောက်ျား သင့်နေ က။ ဆေး လည်း ကုစေ။ သေ လည်း သင်္ဂြိုဟ်စေ။ ယင်း ယောက်ျားမပြုလိုက။ ဥစ္စာအလုံးကိုမိန်းမယူ၍ကွာ စေ။ လင် နှင့်မယားသင့်နေပြီးမှ။ ကျမ္မာအလျောံနူသည်မိန်းမမှာ။ မိန်းမ ကကွာလိုလျှင်။ အတော်အသင့်ပစ္စည်း ကိုပေး ၍ကွာစေ။ ယောက်ျားကကွာလို လျှင်။ ဥစ္စာကို တဝက်စီယူစေ။ လင် စောင်မြေဝံမထားမိန်းမနှင့်။ အမျိုးတို့ အကျင့်ကို ဖျက်သော မိန်းမနှစ်ယောံမှာမူ ကား။ ဥစ္စာပစ္စည်း သက်ရှိ သက်မဲ့ကို ယောက်ျားကအကုံသိမ်း ၍အိမ်မှနှင် ထုတ်လိုက်စေ ဟူ၍။ မမ္မသတ်ထွက်ရှိသည်အတိုင်း။ စွန့်အပ်သောမိန်း မငါးယောံ ကိုသတ်ပုံအစပ်တွင်။ ဖေါ်ထုတ်ရေးသားလေသည်။

ချစ်အပ်သောမိန်းမတယောံမှာမူကား။ အကျင့်သီလ အာစာရနှင့်ပြည့်စုံသည်ဖြစ်၍ အချင်းခပ်သိမ်း မစွန့်မပြစ်ပဲ။ အသက်ထက်ဆုံးကောင်းမွန်စွာ ပေါင်းဖေါ်ရမည်ဟု။ သတ် ပုံအစပ်တွင်။ ချစ်အပ်သောမယားတယောံကိုပြဆိုလေသည်။ ထိုမှတပါး။ ထားအပ်သော မယားတယောံ။ မိန်းမတို့၏.အ

ဤစ် ခြေဝံပါး။ လော်လည့် ခြင်းငါးပါး။ မာန်တက်ခြင်းလေးပါး။ မိန်းမတို့ကျင့်အပ်သောဝတ်ငါးပါး။ စသည်ဖြင့်ကျယ်ဝန်းများပြား စွာကျမ်းဂန်ထွက်ရှိသော်လည်း။ကျယ်လွန်းအံ့ထိုး၍။မရေးထိုက်သည်။

ဥပဒေသ ဤစကားရပ်ဖြင့်။ဤဆိုခဲ့ပြီးသောကညာငါးရပ်။ ကညာငါးရပ်။ တနည်းလေးရပ်။ တနည်းကိုးရပ်။ တနည်းကိုးရပ်။တနည်းကိုးရပ်။တနည်း။နှစ်ဆဲ့တရပ်။တနည်း။ နှစ်ဆဲ့။ နှစ်ရပ်များ တွင်။ တွက်ကျုံး ဝင်သော မိန်းမတို့ မည်သည့်သဘွာနဒီဝက်နဒီစသည်ဖြင့်လာသောဒေသနာတော် အရကို ထောံ၍ဂုင်း။ ယထာနဒီပန္တောစ။ စသည်ဖြင့်လာသောဒေသနာတော်အရကိုထောံ၍ဂုင်း။ စွန့်အပ်သော မယားငါးယောံ ဏ်။ အဖြစ်သို့ ရောက်တတ် သည့် မရျစင် စစ်ဟု အမြန်လုံးယူကျုံးမှတ်သားအပ်သည်ဟူသောဥပဒေသ။အာမရောကိုန္နဂရီမဒိသမ္မ။လ စသောမိန်းမ မြတ်ကိုထောံ၍။ ချစ်အပ်သောမယားအဖြစ်သို့ရောက်သောမိန်းမလည်းရှိသည်ပင်ဟု အမြန်လုံးယူကျုံး သွင်းထားရမည့် ဟူသော ဥပဒေသ များကိုဖြဿသည်ယူရမည်။

မေးခွန်း ကောံနှုတ်ချက်ပါ။ ပသတ် သက်သက် စပ်နည်း၅ပုဒ်တွင်။ပဌမပုဒ်။

ပုဒ်ရင်း။ သဒိးပေးအပ်။အင်္ဂရစ်ထပ်။မလပ်မလွတ်ရာ။ ။ဟူသည်ကား။

အမျိုးမြတ် သည်ဆို၍ သမီးပေး ခြင်း။ အသွင်းပေး ဝိဏ္ဍထ။
မည်ဆို၍သမီးပေးခြင်း။မှုခင်းကိုပြီးပြေအောင် ဆောင်မည်
ဆို၍သမီးပေးခြင်း။ ခဲယည်းသောအမှုကို ရွက်ဆောင်မည်
ဆို၍သမီးပေးခြင်း။ ကြောံသောအားဖြင့် သမီးပေးခြင်း။မှီခို
ခယမ်းအမှုကြီးငယ်ကို ရွက်ဆောင်၍ သမီးပေးခြင်း။ယော
ဂါအနာကို။ကုသနှိုင်သည်ဆို၍သမီးပေးခြင်း။အလိုတူ၍သ
မီးပေးခြင်း။ယင်းသမီးပေးခြင်းရှစ်ပါးနှင့်ညီမြောံအောင်ပေး
ပြီးသည်ကိုဖေါက်ပြန်ယွင်းကွက်၍။ မပျက်မသပ်သင့်ဆိုလို
သည်။

ဤနှိုက်။သမီးပေးခြင်းရှစ်ပါးကို။ မနုမနောစသောယ အဝယဝထ
ခင်အထက်ကပြခဲ့သည်။ထိုထိုဓမ္မသတ်ကျမ်းဂန်တို့နှိုက်။အ
ညီ အညွတ် လာသည်ကို။ အမြွက်မျှ ထုတ်နုတ် ရေးသား
လိုက်အံ့။

ဗြဟ္မာဒဒေယာကရေယာ။သူရဘိဂ္ဂသာဘဋကာ။အ
ဗျာဓိတာစသာမဿာ။ဇုတိကာမာဌဓာမတာ။ ။ဗြဟ္မာ။
အမျိုးမြတ်သည်ဆို၍ ပေးခြင်းရင်း။ ဒဒေယာ။ အသွင်းပေး
မည်ဆို၍ပေးခြင်းရင်း။ ကရေယာ။ အမှုကိုလုပ်ဆောင်မည်
ဆို၍ပေးခြင်းရင်း။သူရာ။ခဲယည်းသော အမှုကိုထုတ်ဆောင်
မည်ဆို၍ပေးခြင်းရင်း။ဥဘိဂ္ဂသာ။ထိပ်လန့်၍ ပေးခြင်းရင်း။
ဘဋကာ။ မှီခိုခယမ်းနေထိုင်၍ ပေးခြင်းရင်း။အဗျာဓိတာ။အ
နာမှလွတ်စေမည်ဆို၍ပေးခြင်းရင်း။သာမဿာ။ သဘောအ
လိုတူသောအားဖြင့်ပေးခြင်းရင်း။ဇုတိ။ဤသို့။ ကာမာ။ကာမ
ဂုဏ်အားဖြင့်သမီးပေးခြင်း တို့ကို။အဌဓါ။ ရှစ်ပါးအပြားရှိ
ကုံ၏ဟူ၍။မတာ။သိအပ်ကုံ၏။ ။ဤကားထိုထိုဓမ္မသတ်
ကျမ်းတို့နှိုက်လာသောပိဏ္ဍထအဆုံးအဖြတ်တည်း။

ယင်းအာဆုံးအဖြတ်တွင်။ပဌမမှာ။ဆိုတိုင်းမမှန်လျှင် သမီးကို သိမ်းစေ။ဒုတိယမှာ။သမီးမပေးဖို့။အာသွင်းရသော်။ ကောင်းဏ်။။သမီးပေးပြီးမှကား။အာသွင်းလိုသည်ဟုမတောင်း သာပြီ။ကာမရသာကိုခံစားလေပြီး ဖြစ်သောကြောင့်တည်း။ တတိယမှာ။သုံးနှင့်ယောက္ခမထံလုပ်ဆောင်စေ။စတုတ္ထမှာ။ ထိမ်းမြားရမည်။မထိမ်းမြားလိုမူ။သမီးကိုယ်ဘိုးကိုပေးစေ။ ပဉ္စမမှာ။အကြောံငြမူ။သမီးကိုပြန်ယူရ၏။။ဆဋ္ဌမမှာ။သမီး ကိုပေး၍ကာမစပ်ရက်မိလျှင်။သင့်နေစေ။ သတ္တမမှာ။ထိမ်း မြားစေ။မထိမ်းမမြားလိုလျှင်။ ကိုယ်ဘိုးပေးစေ။ အဋ္ဌမမှာ။ ထိမ်းမြား၍ ကာမစပ်ရက်မိလျှင်။ သင့်နေစေ။ မစပ်ရက်မိ သေးလျှင်။မထိမ်းမြားလိုက။ ကိုယ်ဘိုးဝက်ပေးစေ။ ။၍ ကား။အဝယဝတ္ထုအဆုံးအဖြတ်တည်း။ ။အဟံအာဝုသော ကိဏ္ဍကုဒ္ဒေပပ္ပတေ ၍သောမာနုသိက ဓမ္မသတ်နှိုက်ကား။ အာဝါဟာသမီးပေးခြင်း။ဝိဝါဟာသမီးပေးခြင်း။ဟုနှစ်ပါးလို သည်။ယင်းတွင်။ယောကျ်ားရှိရာသို့မိန်းမကိုဆောင်၍ထိမ်း မြားခြင်းသည်။အာဝါဟာထိမ်းမြားခြင်းမည်၏။ မိန်းမရှိရာသို့ ယောကျ်ားကိုဆောင်၍ ထိမ်းမြားခြင်းသည်ဝိဝါဟာထိမ်း မြားခြင်းမည်၏။ယင်းစကားရပ်နှင့်အညီ။ ကျမ်းဂန်တို့နှိုက် လည်း။သမီးပေးမင်္ဂလာကို အာဝါဟာမင်္ဂလာ။ သမီးယူမင်္ဂ လာကိုဝိဝါဟာမင်္ဂလာဟူ၍ဆိုသည်။

ဟုနည်း။ဂုင်းမာနုသိကတွင်။ အမျိုးမြတ်သောသူတို့ အားပူဇော်သောအားဖြင့်သမီးကိုပေးခြင်း။ ဗြဟ္မာဟူသော သမီးပေး။ဘ။အမှုအခင်း လုပ်ဆောင် တတ်သူတို့ကို မှုခင်း လုပ်ဆောင်စေမည်။ သမီးပေးခြင်း။ ဒေဝေယဟူသော သမီး ပေး။ဘ။ကျွန်းစသောအသွင်းပန္နာတို့ကိုယူပြီးလျှင်။ဆွေမျိုး အသိအကြားထိမ်းမြားခြင်းကာရိယာဟူသောသမီးပေး။ဘ။

မကောင်းမြစ်ထာကောင်းရာဖြာသ သွန်သင်ပေမည် ဟုသဒိး
ပေးခြင်း။ ပညာဟူသောသဒိးပေး။ ၁။ အထူးထူးသောအ
သွင်းပန္နာတို့ကိုယူပြီးလျှင်။ ဆွေမျိုးမပံမကြားမှု၍ သဒိးကို
ပေးခြင်းအသုတဟူသောသဒိးပေး။၁။ မိဘနှစ်ပါးသဘော
တူ၍သဒိးကိုပေးခြင်း။ဂန္ဓာပ္ပါဟူသောသဒိး ပေး။၁။အနိုင်အ
ထက်နှိပ်စက်ပေးမြားခြင်းအဏ္ဏာဟိတဟူသောသဒိးပေး။၁။
သဒိးလုင်သားလုင်တို့ အတူတကွ အိမ်ယာတိုက် ခန်းနှိုက်
အိပ်နေသည်ကို တွေ့မိသောကြောင့်။ ပေးမြားရခြင်း။ သာ
မဿာဟူသော သဒိးပေး။၁။ ဟူ၍ရှစ်ပါး ကွဲပြားထွက်ရှိ
သည်။ ယင်းသဒိးပေး ရှစ်ပါးအာ လျှောံ။ သားရှစ် ပါးပြား
ကြောင်းကိုလည်း။ဂင်းကျမ်းတွင်ဆိုသည်။

သတ်ပုံအစပ်နှိုက်မှု။ သဒိးပေးရှစ်ပါးနှစ်ရပ်ရှိသည်
တွင်။မည်သည်ကိုဟု။ မဆုတ်မညွှန်းသည်ဖြစ်၍ ပြဆိုခဲ့ပြီး
သည်။သဒိးပေးရှစ်ပါး နှစ်ရပ်လုံးကိုပင်ရေတွက် သ ်ကြိုဟ်
သင့်သည်။ သဒိးပေး နှစ်ရပ်စကားကို။ သတ်ပုံအစပ် မပါ
သော်လည်း။ စကားအလျည်း သင့်၍ ထုတ်နုတ် ရေးသား
ထိုက်သည်။

၍စကားရပ်ဖြင့်။ သဒိးဟိုဒိ ဘတို့သည်။ အခြားလု ဥပဒေသ။
လင်ဟိုတို့သဒိးအာကျိုးငှာ။လေးဦးငါးဦးဆယ်ဦးပင်ဖြစ်စေ။
ချင်းတို့ကအသိးအသိး ပေးသောလက်ဘက် ကွမ်းကိုလှမ်း
စားခံပူဖိုင်၏။။ ငါပြီးလျှင်သဒိးပြီးသည်သာ။တောဝန်ဖြစ်စေ
ဆို၍။ပန္နာခံယူပြီးမှ။ အခြားသူတို့သို့သဒိးကိုမပေးရာဟူ။ထို
ထိုဓမ္မသတ်ကျမ်းတို့နှိုက်မှာဆိုသည်။ သို့ဖြစ်၍။သဒိးဟိုရှင်
မိဘတို့သည်သဒိးကို အကြောင်းပြု၍ ပန္နာခံယူခြင်းနှိုက်

ရင်း။သမီးပေးအင်္ဂါ၅စ်ပါးနှိုက်ရင်းလိုမ်မါကျွမ်းကျင် ရမည်
ဟူသောဥပဒေသများကိုပြသည်ယူရမည်။
ဤတွင်ရွှေကား။ပုဒ်ရေ၅အရအဖြေအမိပ္ပါယ်ပြီး၏။

—— oo ——

မေးခွန်းကောံနူတ်ချက်ပါ။သဝေထိုးဝိသဇ္ဇနီထိုးစပ်
နည်း၃ပုဒ်တွင်။ပဌမပုဒ်။

ပုဒ်ရင်း။ စလေငခွေး။မင်းခွေးချေး။လူရေးပျက်တော့သည်။ ။
ဟူသည်ကား။

ဝိဏ္ဍတ္ထ။ ပုဂံမြို့စလေ မင်းခွေး သည်။ မင်းအဖြစ်သို့ ရောက်
လျှင်။ရှေးသခင်ဖြစ်ဘူးသောသူကြွယ်ကို။ညှိုးထားမှု၍သတ်
သည်။ သခင်နှင့် တူသူတို့ ကိုလည်း ကန်နှိုက်ချစေ ပြီးလျှင်
ဝက်ဟူ၍ဆင်ထက်က။ လှံနှင့်ထိုးသည်။ ယင်းသို့ပြုဘန်များ
သည်တွင်။ မှူးမတ်ဗိုလ်ပါတို့ ဆင်ကဲနှင့်ညီ၍။ ထိုကန်နှိုက်
ပင်လုပ်ကြီသဖြင့်။ ပျက်စီးရသောစလေမင်းခွေး၏။ လူရေး
ပျက်ထုံးစံ။တလုပ်ပြေး။သားမြွာဘ။နရသီဟပတော့။မင်းခွေး
ချေးဟူသောအမည်လေးပါးဖြင့်။ခေါ်ဝေါ်အပ်သောခွေးချေး
မင်းလည်း။တလုပ်စစ်သဉ်တို့အရောံတွင်။အရေးမသင့်သဉ်
နှင့်ဆုပ်ခွါပြီးလျှင်။ ပုသိန်မြို့သို့စုန်ဆင်း၍ငါးလစံနေတော်မှု
ပြီးလျှင်။ပုဂံမြို့သို့ဆန်တက်ရာ။ ပြည်မြို့သို့ရောက်လျှင်။သား
တော်ပြည်စားသီဟသူက။ ဝက်လက်ခိုးမသား ဆိုဖူးသည်
ကိုညှိုးထားသဖြင့်။ မဆန်မတက်ရ။ ဆီတားပြီးလျှင်။ ဆိပ်
ခပ်သောစားတော်ကို။ တည်ကြွေးသည်ကာလ။ ပွဲတော်မ
တည်ရှိလျှင်။သူရဲသုံးထောင်တို့အိမ် ဒါးဖွေးဖွေးကိုင်လျက်

ဝန်းရံလတ်ရကား။ သွေးသံတချင်းသေသည်ထက်။အဆိပ်သင့်၍သေခြင်းသည်မြတ်၏။ဟု မိဘုရားစောစကားအတိုင်းဆိပ်ခပ်သောပွဲတော်ကို။စားတော်ခေါ်၍သေရသဖြင့်။ပျက်စီးရသောမင်းခွေးချေး၏။လူရေးပျက်ထုံးစံ။ ယင်းထုံးစံများကိုစွဲ၍။စလေမင်းခွေးမှာ။ညွှန်တလက်ဖက်ကန်တွင်လူရေးပျက်သည်။ မင်းခွေးချေးမှာ။ ပြည်မြို့ဆိပ်တွင်။လူရေးပျက်သည်ဆိုလိုသည်။

ဤနှိုက်။ယင်းမင်း နှစ်ပါးတို့အကြောင်း အထုပ္ပတ္တိလူရေးပျက်အခြင်းအရာများကို။ရာဇဝင်ထွက်ရှိသည်အတိုင်း။ အကျည်းအမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။ အဝယဝထ

သက္ကရာဇ်၂၆၈ခုသော်။စလေမင်းခွေးမင်းဖြစ်တော်မူ၏။ငခွေးမင်း ဖြစ်သော အကြောင်းကား။ငခွေးကိုမိဘတို့သည်မကုန်၍သူကြွယ်တယောံအိမ်မှာရောင်းလေ၏။ ငခွေးလည်း။ပုဂံမြို့သို့လှေထိုးလိုက်၍ ကုန်စယ်အရောင်းအဝယ်ပြုပြီးလျှင်။ မိမိအရပ် စလေသို့ စုန်လေ၏။ အရှင် သူကြွယ်လည်းငခွေးကိုညည်းပန်း၍ ပူပြင်းစွာစေပါ၏။ငခွေးလည်းသည်းမခံနှိုင်၍ တန်နက်မင်းမှာ။ ဝင်၍ခစား လေ၏။ မင်းလည်းလုလင်၏။ အသွင်အပြင်ကို မြင်သော်သနား တော်မူသည်ဖြစ်၍မြင် ခံခန့်တော်မူ၏။မင်းလည်းမောင်းမတယောံနှင့်မြင်းတင်းကုတ်သို့နေ့ညဉ့်မပြတ်လာတော်မူ၏။ မင်းကြီးလည်းမြင်းခံကို ခေါ်တော်မူ၍။ ဤသို့မိန့်တော်မူ၏။ အချင်းမြင်းခံ။ထိုမြင်းချေးကို ဝေးစွာသော တွင်းနှိုက် ထည့်ပြီးမှ။ သွေ့ရာကစ၍မီးထဉ့်။နောံထည့်သောမြင်းချေးလည်းမီး၏။ အရှိန်ဖြင့်သွေ့၍လောင်နှင့်စေဟုမိန့်တော်မူ၏။မြင်းခံလည်းမင်းကြီးဆိုတိုင်းပြုလေ၏။အခါတပါးသောနေ့နှိုက်။ မောင်း

မငယ်နှင့်မြင်းခံစကါးဝင်၍မင်းကိုမြင်းချေးတွင်းဝယ်တွန်း ဘိ၏။မြင်းခံလည်းမိဘုရားမောင်းမတို့ကိုအလိုသို့ပါအောင် ချိန်းချေဝံ၍အလိုသို့ပါလျှင်မင်းပြုလေ၏။ငခွေးကား။ဘုရား ရှင်ကိုနေမပူရအင်ဘက်သုံးချပ်ကာပေသော တောင်စောင့် ဘီလူးကို၏ပြည်တွင်။မင်းသုံးဖန်ဖြစ်လတ်တံ့ဟု ဗျာဒိတ်ရ သောသူဖြစ်၍ဘုန်းတန်းခိုးအါနုဘော်ကြီး၏။ဘီလူအဖြစ်မှ ရတေ့လာသသူဖြစ်၍လဉ်းအမျက်စောင်မာန်ကြီး၏။အစား ကြူး၏။ မှူးမတ်ဗိုလ်ပါ တို့လည်း။ ကြောံ ရွံ့ခြင်းပြင်းကုန် သည်ဖြစ်၍ခစားရ လေကုန်၏။ ထိုမင်းကား။ စလေအရပ် နှိုက်။သခင်ဖြစ်သသူညှည်းပန်းဘူးလေသည်ကိုအညှိုးထား ၍သခင်ကိုလည်းမင်းဖြစ်လျှင်သတ်လေသည်။ သခင်နှင့်တူ သောသူကိုလည်းဖမ်း၍ ရလျှင်ရေကန်ဝယ် ချစေပြီးသော်။ ဝက်ဟူ၍ဆင်ထက်ကလှံနှင့်ထိုးသေါဟူ၏။ထိုသို့ပြုဖန်များ လတ်သော်။အမတ်ဗိုလ်ပါတို့လည်းဆင်ကဲကို။ တံ့ဆိုးများ စွာပေး၍ရေကန်ဝယ်ရေကစားစင်။ ဆင်ကဲလည်းအောံက ကြိုးကိုဖြတ်၍ကလဉ်လေလျှင်။ ကနှင့်တကွရေတွင်ကျလေ ၏။ မှူးမတ်ဗိုလ်ပါတို့လည်း ရွံ့ညွန်တယောံတဖက်စီနှင့် ပစ်၍အနိစ္စရောက်လေ၏။ ယခုတိုင်အောင်ထိုကန်ကို ညွန် တလက် ဖက်ကန်ဟူ၍ တွင်၏။ ထိုမင်းကား အိမ်နိမ့် ငါး ဆယ်။စည်းစိမ်ကိုးနှစ်။သက်တော်ငါးဆဲ့ကိုးနှစ် သော်အနိစ္စ ရောက်တော်မူ၏။ ရောက်လိုသော်။ ဘီလူးထန်းပင် လေဝံ ကိုယ်ထင်ပြ၍မင်းရင်ပြင်တွင်ရပ်လှာ၏။နံတော်စနေသား တည်းဟူ၍ရာဇဝင်တော်တတိယတွဲတွင်ဆိုသည်။

ဤကား စလေမင်း ခွေး ကို မှူး မတ် ဗိုလ်ပါ တို့ညွန် တလက်ဖက်ကန်တွင် လုပ်ကြီ၍ မသင့်မတင့် အနိစ္စရောက် သောကြောင့်။လူရေးပျက်သောအကြောင်းအမြွက်တည်း။

သက္ကရာဇ်၆၁၇ခုတွင်။ ဥစ္စနာမင်းသားမင်းခွေးချေး မင်းဖြစ်တော်မူ၏။ ထိုမင်းလက်ထက်။ တရုပ်ဥတည်ဖွါးက။ မြင်းသည်ခြေဝံသန်း။ ခြေသည် နှစ်ကုဋေမျှ လေဝံသောစစ်အင်္ဂါတို့ကို စီရင်၍ ချီလာ၏။ ထိုအခါ။ စစ်သူကြီး။ အနန္တပစ္စည်း။ ရန္တပစ္စည်းနှင့်သူရဲလေးသိန်းတို့ဝဆောင်းချမ်းတွင်။ တိုက်ခိုက်ကြရာ။ တပ်ပျက်ကြောင်းကို ကြားလျှင်။ မြို့တည်လုပ်၍ခံသော်လည်း။ မခံနိုင်ရာချေဟု။ ရဲလှေသမ္ဗန်။ တိုက်လှေကြီးတထောင်တို့ကို ပြင်စေ၍ပုသိန်သို့ စုန်တော်မူ၏။ တရုပ်တို့ထပ်၍လိုက်ရာ။ တရုပ်မြော်သို့ရောက်လျှင်။ ခရီးမြေတာဝေးသည်နှင့်။ စစ်သည်ဗိုလ်ပါများလှသောကြောင့်။ အစားအသောံဆွန့်ပါး၍ပြန်လေ၏။ သက္ကရာဇ် ၆၄၆ခုရောက်သော မင်းခွေးချေး တရုပ်ကို ကြောံ၍ ပြေးသတည်း။ ထိုကြောင့်မင်းခွေးချေးကို တရုပ်ပြေးဟူ၍ ခေါ်ကြသတည်း။ တလိုင်းပြည်တွင်။ ငါးလနေတော်၏၍နေပြည်တော်ပုဂံမြို့သို့ ကစည့်ကလျား မရုံးမစုဝဲ ဆန်တော်မူရာ။ ပြည်မြို့ ဆိပ်သို့ရောက်တော်မူလျှင်။ ပြည်စားသီဟသူက။ ဖေါင်တော်ကိုမ ဆန်ရတား၍။ စားတော်ဝယ် ဆေးထည့်ပြီးလျှင် စားတော်ခေါ်ပါဟုဆက်၏။ စားတော်ဝယ်ဆေးထည့်ကြောင်းကိုသိသောကြောင့်မစားဝဲနေတော်မူ၏။ စားတော်မခေါ်ကြောင်းကို။ သီဟသူကြားလေသော်။ သူရဲသုံးထောင်တို့ကို။ အိမ်ဒါးဖွေးဖွေးကိုင်စေ၍။ ဖေါင်တော်ကိုဝန်းရံလှာ၏။ မိဘုရားစေါလည်း၏သို့နားတော်လျှောံ၏။ အလောင်းမင်းကြီးသည်။ အကျွန်နုပ်အထက်ကလျှောံပါသောစကားကို။ ယူတော်မမူပါသောကြောင့်။ ၏ကဲ့သို့ဖြစ်တော်မူရသည်။ ဒါးလှံသေဘေးနှင့်သွေးသံတချင်းသေတော်မူရသည်ထက်။ ဆေးထည့်သေါ စားတော်ကိုစား၍ ကြမ္မာကုန်ခြင်းသည် မြတ်၏ဟူ၍ နား

တော်လျှောံလျှင်။ ငါသည်နိဗ္ဗာန်သို့မရောက် သေးသရွေ့သံ သရာဝယ်ကြင်လဉ့်လေသမျှသေါဘဝနှိုက်။သါးယေါက်ျား ကိုမရလိုဟုသစ္စာပြုတော်မူ၏။ ဝတ်တော်မူသောလက်စွပ် တော်ကို ရေစက်ချပြီးလျှင်။ မိဘုရားစောကို အပ်တော်မူ၍ စားတော်ခေါ်သောခဏနှိုက်အနိစ္စရောက်တော်မူ၏။နံတော် တနင်္ဂနွေသားတည်းဟု။ရာဇဝင်တော်ပဉ္စမတွဲတွင်ဆိုသည်။

၏ကားမင်းခွေးချေးကို။ သားတော်သိဟသူက။ စား တော်ဝယ်ဆေးထည့်ပေးလျှင်။ စားတော်ခေါ်သောခဏနှိုက် မသင့်မတင့်အနိစ္စ ရောက်သောကြောင့်။လူရေးပျက်သောအ ကြောင်းအမြွက်တည်း။

ထိုကြောင့်။ စိန္ဒကျော် သူဆို။ ဩဝါ ဒထူး ပျိုးတွင် လည်း။ထုပ်သန်းခရီး။ မသွားဆီး၍။ ပျက်စီးတိမ်မြှုပ်။ ခန္ဓာ ချုပ်သည်။တရုပ်ပြေးမင်း။ဟူ၍အရုပ်ရပ်ရာဇဝင်များနှင့်တ ပြေးညီစေလျက်စပ်ဆိုသည်။

ထိုမင်းကို။တနင်္ဂနွေမင်းတရားလက်ထက်။စည့်ကိုင် သဌေးသားမောင်ကုလားစီရင်သည်။ ရာဇဝင်ကြီးတွင်။တ နင်းလာသားဆိုသည်လျက်ရာဇဝင်ချပ်များတွင်။ တနင်္ဂနွေ သားဟုရေးသည်နှင့်အညီ။ပုဂံသိုက်စာဟောင်းနှိုက်လည်း။ ကလုန်တောင်ကျိုး။ တောင်ကိုကိုးဟု ရှိသည်ကိုထောံ၍တ နင်္ဂနွေသားပင်သင့်လေသည်ဟု။ရာဇဝင်တော်တွင်ဆိုသော ကြောင့်ရေးသားခဲ့သတည်း။

ယင်းသည်မင်းလည်း။ ပုဂံပြည်နှိုက်။ဘုရားရှင်တန့် ကြဉ့်တောင်ဖျားထက်။ဗျာဒိတ်ထားတော်မူသောအခါ။အင် ဖက်သုံးချပ်ကို ထီး ပြု၍ ဘုရား ရှင်အား နေကာ ဖူးသော တောင်စောင့် ဥပါဘီလူးကို။ ပုဂံပြည်တွင်။ မင်းသုံးဆက် ဖြစ်လတ်တံ့ဟု။ ဗျာဒိတ်ထားတော်မူခဲ့သည်နှင့်အညီ။စလေ

ငခွေး တကြိမ်။ ကုလားကျတကြိမ်။ နရသီဟပတေ့တကြိမ်။ ဤသုံးကြိမ်ဖြစ်လှာသောဟူ၏။

ထိုကြောင့်။ ရွှေမင်းဘုန်းဆင်တော်မော်ကွန်းတွင်။ ။ ကျွန်းခွင်ကျော်သည်။ အနော်ရထာ။ ဥပါမင်းခွေး။ တလုပ်ပြေးနှင့်။ဟုစပ်ဆိုသည်။ ။ဥပါဟူသောဝေါဟာရစကားမှာ။တွင်းသင်းတိုက်ဝန်မဟာစည်သူရေးသည့်ပေါရာဏကထာစာတမ်းတွင်။ဥပါဟူသည်။ဘီလူးဆိုလိုသည်။ဥပါခက်ဟု။ရမ္မက်မကြွင်း။ ဆဲ့နှစ်သင်းသား။ အပြင်းဖမ်းကြူး။တောဘီလူးကို။တပ်ဦးတွင်။ဟုစပ်ဆိုသည်။ ပါရမီခန်းအထော်အထားများကိုလည်းညွှန်သည်။

ဤစကားရပ်ဖြင့်။ အမူအကျင့်အဆိုအမိန့် ရက်ရော ဥပဒေသ။
ကြမ်းကြုတ်ခြင်းသည်။
ဥဿုရသေဿျံ။နေမြင့်အောင်အိပ်ခြင်း။
အလဿျံ။ပြင်းခြင်း
စဏ္ဍိက္ကံ။အမူအကျင့်အဆိုအမိန့်ရက်ရော ကြမ်း ကြုတ်ခြင်း။
ဒီဃသောဏ္ဍိကံ။သေသော်ကြီူးခြင်း။
ဧကဿ။တယောံအတီးတည်း။အဒ္ဓါနဂမနံ။အဝွန့်ရှည်သောခရီးသို့သွားခြင်း။
ပရဒါရူပသေဝနံ။သုမယားကိုယည်ပါးဖျက်ဆီးခြင်း။

ဟူသောပျက်စီးကြောင်း တရားခြောံ ပါး အဝင်ဖြစ်သည်။စလေမင်းခွေးမှာ။အမူအကျင့် ရက် ရော ကြမ်း ကြုတ်သည်။မင်းခွေးချေးမှာ။ အဆို အမိန့် ရက် ရော ကြမ်း ကြုတ်သည်။ ယင်းသို့ဖြစ်၍ ပျက် စီး ကြောင်း တရား ခြောံပါးဟု။ ဟောတော်မူသည်အတိုင်း။ ထိုမင်း နှစ်ပါး တို့ အ ရေး အရာ ပျက်သေါ အားဖြင့်ပျက်စီးခြင်းသို့ရောက်ရလေသည်။သို့ဖြစ်

၍။ရေဖြေသေဒ္ဓနင်းမင်းမှစ၍။ မင်းမိဘုရားမင်းညီမင်းသား မှားတော်မတ်တော်ရဟန်းရှင်လူအပေါင်း တို့ သည်။ ပျက်စီး ကြောင်းခြေဝံပါးတရားအစု။မကောင်းမှုအရင်းဖြစ် သောပါ ပဓမ္မတို့ကို။လွဲလာလိုက်စား။မှောံမှားကျင့်ကြံခြင်း ကိုမပြု မူ၍။ယင်းတရားခြေဝံပါးမှကင်းလွတ်အောင်။သမ္မတ္တာဝိရတီ။ သမာဒါနာဝိရတီ။ဉာစ်ရပ်ဖြင့်ပင်။ ရှောင်ကြဉ်ရမည်ဟူသော ဥပဒေသမျှားကိုပြသည်ယူရမည်။

—— ၀၀ ——

မေးခွန်းကေဝံနှုတ်ချက်ပါ။သဝေထိုးဝိသဇ္ဇနိထိုးစပ် နည်းဒုပုဒ်တွင်။ဒုတိယပုဒ်။

ပုဒ်ရင်း။ ကြည်း စိုညို့ထွေး။ စုက္ကတေး။ ကိုယ်ရေး ကို ဗျက် သည်။ ။ဟူသည်ကား။

ဒိဏ္ဍာထွေ။ ကြည်းစိုမင်း၏.မိဘုဘ တူညီ ဖြစ် သော စုက္က တေး မင်းသည်။ဘတူအဝိခြားဖြစ်သောညီအနုရုဒ္ဓါ မင်း ၏.မယ် တော်ကိုမိဘုရားဖြေဝံသဖြင့်။အနုရုဒ္ဓါမင်းအမျက် ထွက်၍။ခ

မည်းတော်ကြောင်းဖြူမင်းထံ၌သည့်အရိန္ဒမာလုံ။ဆင်တော်မူ မြိုလက်စွပ်။ ကြောင်း ဖြူမင်းနန်း ကျစည်။ ဆောင် တော်မှ ထွက်သွားသောစီးတော်မူမြ မြင်း ပျံ များ ကို ဆောင်ယူ၍။ ပုပ္ပါးအရပ်နီးကပ်။ရဲမက်ဗိုလ်ပါ စည်း ကြပ် ဖြိုး လျင်။ နောင် တော်စုက္ကတေးကိုလုပ်ကြံသည်တွင်။ ညီတော်ကိုစင်လျက်။ ဟိုပျက်အောင်မနှိပ်နင်းနှိုင်၍ ရုံးခြင်းသို့ရောက်သဖြင့်။ ကိုယ် ရေးပျက်သောစုက္ကတေးမင်းဆိုလိုသည်။

ဤနှိုက်။ကြည်းစိုမင်းအကြောင်းအရာ။စုက္ကတေးမင်း အဝယဝတ္ထ
အကြောင်းအရာ။အနုရုဒ္ဓါမင်းအကြောင်းအရာ။ ယင်းစကား
ရပ်နှင့်စပ်၍မှတ်သားရန် ထုတ်နုတ်သည့်စကားရပ်များကို။
အရပ်ရပ်ရာဇဝင်အထွက်အရှိသံယုတ်အဌကထာ။ပရမတ္ထ
ပိနိစ္ဆယ။အဘိဓာန်ဋီကာ။ ဧကက္ခရကောသဋီကာ။ ပိနယာ
လက်ာရဋီကာ။မဟာဝင်ဋီကာ။အဘိဓာန်ဋီကာ။သဒ္ဒနိတိစူ
ဌဝင်။ကလျာဏီကျောံစာ။ မော်ကွန်းနားတော်သွင်းစသည်
များကထွက်ရှိသည်ကို။ အကျည်းအမြွက်မျှ ထုတ်နုတ်ရေး
သားလိုက်အံ့။

သက္ကရာဇ်၃၄၈ခုသော်။ကြည်းစိုမင်းဖြစ်တော်မူ၏။
ချင်းတွင်းညွှန်တန်အရပ်မှာမင်းတဲဆောံ၍ ဗန်ကျီဆယ်ရွာ
တိုက်သို့သွား၍ သမင်မပြတ်ကစားတော်မူ၏။ အခါတပါး
သော်မူဆိုးတယောံသည် သမင်ရေသောံကို စောင့်လေသ
တည်း။မင်းကြီးလည်း သမင်စောင့်ရာသို့ရောက်လေ၍။ မင်း
ကြီးကိုသမင်မြင်လျှင် လန့်၍ပြေးလေ၏။ မူဆိုးလည်းမင်း
မှန်းမသိသောကြောင့်လေးနှင့်ပစ်၍အနိစ္စရောက်တော်မူ၏။
အိမ်နိမ့်နှစ်ဆယ်နှစ်နှစ်။ စည်းစိမ်ခြောံနှစ်။ သက်တော်နှစ်
ဆယ်ရှစ်နှစ်သော်အနိစ္စရောက်တော်မူ၏။ ရောက်လိုသော်
လခွဲတိုင်အောင်ဘီလူးရယ်၍နန်းတော်ကိုအုတ်ခဲနှင့်ပစ်၏။
နံတော်အင်္ဂါသားတည်း။

ထိုကြောင့်။ တေနရညာသလ္လာဝတီနာမ။ နဒီဥဒဂ္ဂေ
ညွှန်တန်နာမဌာနေရာဇဂေဟံကတ္တာ။ နိသိန္နောအဟောသိ။
စသည်ဖြင့်အာဒိစ္စဝံသတွင်ဆိုသည်။

ထိုမင်းကို။ ကြည်းစိုဟု။ စအက္ခရာတွင်။ ပိသဇ္ဇနိမဲ့
ဖတ်ရွတ်ရမည်။ထိုကြောင့်။ပုလိပ်ရွာနှင့်။ကျောံရင်းတောင်
သာမြို့စား။သက္ကရာဇ်၁၀၀၀ပြည့်ဖွား။ငယ်မည်မောင်ပျော်

ဖွဲ့မင်းရာဇာဆို။ မင်္ဂလာချက်ဖွေချီ။ စည့်ကူးမင်း နားတော်သွင်းတွင်။မှေးရစ်ကုသိုလ်။နန်းပိုင်းတိုသော်။ ကြည်းစိုခြေခံနှစ်။ညီချစ်ရက္ကတေး။ဖွေးဖွေးဖြန့်လွှား။ဟူ၍ရင်း။ ။မင်းစည်လက်ာတွင်။ သားတော်ရွယ်ပျို။ ညီအစ်ကိုတွင်။ ကြည်းစိုကားရှေး။ရက္ကတေးနေခံဟူ၍ရင်း။ ။ရတနာမြတ်ခေါင့်ချီ။ စိန္ဒကျော်သူဆို ရာဇဝံသပျို့ တွင်လည်း။ မင်း တန် နက်၏။ ဝမ်း ထွက်ရွမ်းဆော်။ သားတော်ကြည်းစို။ မလိုကျင့်ယုတ်။ ညီရက္ကတေး ဟူ၍ရင်း။ ။ဧူသျှ၊ဂူမော်ကွန်းတွင်။ ။ ကြည်ယုံကြည်ညို။ကြည်းစိုရက္ကတေးဟူ၍ရင်း။ ။စပ်ဆိုသည်ကိုသတိရှိလှစေ။ ။ဤကားကြည်းစိုမင်းအကြောင်းအရာစကားရပ်တည်း။

သက္ကရာဇ် ၃၅၄ခုသော်။ ထိုမင်းညီတော် ရက္ကတေးမင်းဖြစ်တော်မူ၏။ ထိုမင်းဝယ်။အနုရုဒ္ဓါစော ခစားလေသတည်း။အနုရုဒ္ဓါမင်းစော မယ်တော်ကား။ ကြောင်းဖြူမင်းကိုလုပ်ကျွေး၍ အတူ နေ၏။ အနုရုဒ္ဓါ စောလည်း။ ခမည်းတော်နှင့်အတူနေတော်မူ၏။ အခါကပါးသော်။နောင်တော်ရက္ကတေးသည်။ အနုရုဒ္ဓါမင်းစော ခစားရာဝယ်။ ညီသားနောင်မယ်ဟုခေါ်၏။ ထိုသို့ခေါ်လေသောအကြောင်းကို။ခမည်းတော်ကြောင်းဖြူမင်းအားလျှောံလေ၏။ ခမည်းတော်လည်းအမောင်အမိကိုယူလို၍ဆိုသတည်းဟုမိန့်တော်မူ၏။ အနုရုဒ္ဓါမင်းစောလည်းကြီးစွာသောအမျက်ထွက်သည်ဖြစ်၍ခမည်းတော်ဝယ်သိကြား ဆောံနှင်းသောမြင်းအစရှိသောလက်နက်ကိရိယာတို့ကိုတောင်းလေ၏။ခမဉ်းတော်လည်း။ အရိန္ဒမာလှံ သီလဝံသထား။ ပတ္တမြား လက်စွပ်။ ပတ္တမြားဥသျှောင်ကျင်တို့ကို သားတော်အား ဆောံနှင်း လေ၏။ ငါမြင်းမူကား။ ငါနန်းကျကတဉ်းကပင်လွတ်၍ရှိလေသည်။ငါဝတ်တော်မူသော လက်စွပ်ကိုပြလျှင်။ အဖမ်းခံထိမ့်မည်။ ရ

လျှင်သည်ဖြင်းကိုယူ၍ ပုပ္ပါးအရပ်နှိုက် အလုံးအရင်း မျှားအောင် ဆည့်ဖူးလေ။ အင်အားနှင့်ပြည့်စုံမှ အမောင်နောင်တော်ကိုလုပ်ကြံလေဟူ၍မိန့်တော်မူ၏။အခြိုသောရာဇဝင်မှာ။ ကြောင်းဖြူမင်းဖြင်းသည်။ စုဏ္ဏတေးမင်းလက်တွင်ဂို လေသည်ကိုအနုရုဒ္ဓါမင်းစေါဖမ်း၍ယူသည်ဟုဆိုသည်။အနုရုဒ္ဓါမင်းစောလည်း။ခမည်းတော်ဖြင်းကိုလက်စွပ်ပြ၍ရပြီးလျှင်။ပုပ္ပါးအရပ်သို့သွား၍ အလုံး အရင်း ဆည့်ဖူးလေ၏။ မယ်တော်ကိုလည်း။ စုဏ္ဏတေးမင်းယူ၍ မိဘုရားဖြေဝံလေ၏။အခြိုသောရာဇဝင်မှာ။ အနုရုဒ္ဓါမင်းစောမယ်တော်ကို။ အနုရုဒ္ဓါစောယူရသွားလေသည်အဟန်ဆိုသည်။အနုရုဒ္ဓါမင်းစော လည်း အလုံး အ ရင်း နှင့် ပြည့်စုံပြီး သော် ပုဂံ သို့ချီလာ၍။နောင်တော်ကိုနန်းကိုတည်းပေးမည်လော။ စစ်တည်းပြုမည်လောဟူ၍စေတော်မူလိုက်၏။။ နောင်တော်စုဏ္ဏတေးလည်း။ညီတော်ကစေသောစကားကိုကြားတော်မူလျှင်ဖြင်းစွာသောအမျက်ထွက်သည်ဖြစ်၍ ချင်းမျှတည်း ခံတွင်းတွင်မှ။နို့အစ်မစင်သေးဖြစ်သည်။ ငါကိုတိုက်မည် ဆိုသော်။အမတ်ဗိုလ်ပါတို့ကြည့်၍သာနေစေ။ငါနှင့်ဖြင်းတစီးခြင်းတိုက်မည်ဟူ၍မှာတော်မူလိုက်၏။။အနုရုဒ္ဓါမင်းစောလည်း။နောင်တော်ကမှာလိုက် သောစကားကို ကြားတော်မူသော်။ ဝမ်းမြောံဝမ်းသာဖြစ်၍ ချိန်းချက်နေ့သို့ရောက်လျှင်။ နတ်ဖြင်းစီး၍။ခမည်းတော် ပေးသော လှံဒါးကိုယူ ပြီးသော်။ သမထိုးချောင်းသို့သွားတော်မူလေ၏။။နောင်တော်စုဏ္ဏ တေးလည်း ညီတော်ဖြင်းနှင့် လာသည်ကိုဖြင်တော်မူလျှင်ဆီး ၍ကျိုနှင့်၏။။အနုရုဒ္ဓါစောလည်း။ နောင်တော် ငထက်ကြီးသဟူ ဖြစ်သည်။အလျှင်ထိုးလေဟုမိန့်တော်မူ၏။။နောင်တော်စုဏ္ဏတေးလည်း။ညီတော်ကိုလှံဖြင့်ထိုးလေ၏။။ ညီတော်အနုရုဒ္ဓါစော

လည်းသိကြားလက်နက်ဖြစ်သော အရိန္ဒမာလှံဖြင့်ဆီးကာ၍ ကိုယ်တော်သို့မရောက်ပဲ။မြင်းကဦးကို ထိုးမိလေ၏။ ရက္ကတေးလည်းမိမိထိုးသေါလှံချက်သည့်ညီတော်သို့မရောက်ပဲ။ မြင်းကဦးကို ထိုးမိလေသည်ကို မြင်တော်မူသော် အလွန်ကျောံရွံ့ခြင်းဖြစ်သည့်ဖြစ်၍ တုန်တခိုက်ရှိတော် မူလေ၏။ ထိုသို့ရှိသောအခါဝယ်ညီတော်အနုရုဒ္ဓါစောက။နေါင်တော်အလှည့်ကုန်လေပြီ။ သည်အခါသော်ညီတော်အလှည့်သာရှိတော့သည်။ ခံနိုင်အောင်ခံလေဟု။ အရိန္ဒမာလှံဖြင့်ထိုးလျှင်ရှေမှသည်။ နောံသို့ထွင်း၍ထုတ်ခြင်းခပ်လေ၏။ရက္ကတေးလဉ်း။မြင်းနှင့်တကွမြစ်နားသို့ပါ၍အနိစ္စရောက်တော်မူ၏။ ထိုအရပ်ကိုမြင်းကပါဟုယခုတိုင်အောင်တွင်၏။

အနုရုဒ္ဓါမင်း စောမယ် တော် လည်း ငါသားတော်လှံဖြင့်ထိုး၍ရက္ကတေးအနိစ္စရောက်တော်မူလေပြီဟူ၍ကြားတော်မူလေ သော်။ ရင်ဝတ်မျှမ ကပ်။ ပုတ္တ လင်ပုတ္တ လင်ဟုခေါ်ဝေါ်မည်တမ်း၏။ ထိုအရပ်ကို ဘုရား တည်တော်မူ၏။ထိုဘုရားကိုပုတ္တ လင်ဟုနောံမှတွင်၏။ မယ်တော်ရင်ဝတ်ကျွတ်ရာအရပ်တွင်လည်းဘုရားတည်တော်မူ၏။ထိုဘုရားကိုရင်ဝတ်ကျွတ်ဟုနောံမှတွင်၏။ရက္ကတေးကား။ အိမ်နိမ့်နှစ်ဆဲ့ရှစ်နှစ်။ စည်းစိမ်နှစ်ဆဲ့ငါး နှစ်။ သက်တော်ငါးဆဲ့သုံးနှစ်သော်အနိစ္စရောက်တော်မူ၏။ အနိစ္စရောက် တော်မူလိုသော်။နန်းတော်ဝယ်။ဥက္ကာတင်ချင်းလုံးရှိရှိနှစ်လုံးအစိုင်အခဲကျ၏။ နံတော်စနေသားတည်းဟူ၍။ ရာဇဝင်တော်တတိယတွဲတွင်ဆိုသည်။ ။ဤကားရက္ကတေးမင်းအကြောင်းအရာစကားရပ်တည်း။

အနုရုဒ္ဓါမင်း စောဟု။ ဒဒွေး။ မအောံခြိုင့် ဆွဲ၍ရေးသားခဲ့သည်အထောံအထားသာဓကထုံးစံမှာ။ ဒုတိယမင်း

ခေါင်မြေးတော် ရွှေနော်ရဒ္ဓါကို။ မဟာသီလဝံသ အကျော်ရေးတော်မူသော ရတနာဗီမာန် ကျောံစာတွင်။ ရာဟူလာဘဒ္ဒသတ္ရိသားကဲ့သို့ကား။ မြေးတော်နော် ရဒ္ဓါမင်းစောဟူ၍ဒဒွေးဝအောံခြိုင့် ဆွဲ၍ ကျောံထက်အက္ခရာ ရေးတော်မူသည်။ ။စူဋ္ဌဝင်ကျမ်း။ ကလျာဏီကျောံစာ။ ဧကက္ခရကောသဋိကာများတွင်။အနုရုဒ္ဓေါနာမရာဇာဟူ၍ရင်း။ အနုရုဒ္ဓဒေဝရာဇာဟူ၍ရင်းဆိုသည်။ ။တောင်ဘီလာကျော်စီရင်သည်။ဝိနယာလင်္ကာရတွင်လည်း။ အရိမဒ္ဒနပူရေ။အနုရုဒ္ဓမဟာရာဇေန။ဟူ၍ရှိသည်။ ။မွန်ရာဇဝင်တွင်လည်း။ ပုဂံအရိမဒ္ဒနာပူရမြို့အနုရုဒ္ဓဒေဝမင်းပြုသည် လက်ထက်။ ရှင်အရဟံကို မူဆိုး ဆောင် ယူ၍ ဆက်သ ကြောင်း နှင့် ဆိုသည်။ ။ယင်းမှတပါးလည်း။တို့မြတ်စွာဘုရား ဘိုးတော်ရင်းသီဟဟနုမင်းကြီး။သားတော်သုဒ္ဓေါဒနမင်းကြီး။သုဒ္ဓေါဒနမင်းကြီးညီတော်။သက္ကောဒနမင်း။ သက္ကောဒနမင်းသားတော်မဟာနာမမင်း။ညီတော်အနုရုဒ္ဓါဟူ၍ရှိသည်။ ။ထိုမှတပါးလည်း။ ဝင်္ဂမင်းစစ်သူကြီးအနုရုဒ္ဓါဟူ၍ ရှိကြောင်းကို။မဟာဝင်ဋိကာတွင်ဆိုသည်။

အနုရုဒ္ဓါ၏ အနက်အဓိပ္ပာယ်မှာ။ အနုရုဒ္ဓယသဿိနာ။မဆန့်ကျင်သောအခြံအရံရိသော။ အနုရုဒ္ဓထေရေန။အနုရုဒ္ဓါမထေရ်သည်။ ရစိတော။စီရင်အပ်၏။ ဟူ၍ ပရမတ္ထဝိနိစ္ဆယကျမ်း နိဂုံးတွင် ဆိုသည်။ ။သံယုတ် အဌကထာတွင်လည်း။ကေနစိ။ တစုံတယောံသောသူနှင့်။သဒ္ဓိံ။တကွ။ အနုရုဒ္ဓေါ်။မဆန့်ကျင်သည်။ဝါ။တနည်းကါး။စေးကပ်တွယ်တာ။မခွါစရက်။ လွှန်စုံမက်သည်ဟု အနက်ရှိသည်။ ။အဘိဓာန်ကျမ်း။ ခတ္တိယဝင် တွင်။ အနူရောဓော။ မဆန့် ကျင်သေါသူအနုဝတ္တတိ။မဆန့်ကျင်သေါသူဟူ၍ပရိယါယ် ၂ ပုဒ်

ပြဿည်။ ။ဂုဏ်ကြီးတွင်။ အနုရောဓမနဲ့ ရောဓော။ ဏော။ ရုဒ္ဓအာဝရဏော။ ဖွင့်သည်။ ။အနုရောဓနံ။မဆန့်ကျင်ခြင်းသည်။ အနုရောဓော။ အနုရောဓမည့်ဂျီ။။ ဏော။ဏာပစ္စည်းတည်း။ရုဒ္ဓ။ရုဒ္ဓသဒ္ဒါသည်။အာဝရဏော။ ပိတ်ပင်ခြင်းအနက်နှိုက်။ဟောတိ။ဖြစ်ဂျီ။။လာသည်။ အနုရုဒ္ဓသဒ္ဒါကိုစွဲ၍အနောဝရထာဆိုသည့်ကိုအအက္ခရာကျသောကြောင့်။ နော်ရထာဖြစ်သည်။ နော်ရထာသဒ္ဒါဂျီ။အနက်ကား။ ခပ်သိမ်းသောတိုင်းသူပြည်သားလူအများတို့နှင့်မဆန့်ကျင်။ ချစ်ခင်စုံမက်နှစ်သက်ဖွယ်ရှိသော မင်း ဟူ၍ဂုဏ်း။ မင်းသား အမတ်ဟူ၍ဂုဏ်းအနက်အဓိပ္ပာယ် ယူသင့်သည်။ ။သဒ္ဒနီတိဝေတ္ထုမာလာတွင်။ ။အနုရုဏ္ဏတိပဏိတံပဏိတံဝဏ္ဏုံကာမေတိတ်အနုရုဒ္ဓါအနုရောဓော။ဓါတ်နှက်အနုပုဗ္ဗ။ ရုဓဓာတ်ဟုအမြဲယူမှတ်ရမည်။

ယသုပုဂံမြို့အလယ်တွင်။တောင်ပြင် သည်။ မြောက်ပြင်သည်။အလယ်ပြင်သည်။သုံးပါးတို့ ဘုရား သုံး ဆူ ကူတွင်ရှိသည်ကျောက်ရပ်ဂူ အနုဒ်ဝိဒ်ရှိသောကျောက်စာတွင်။ ။သင်္ကာရာဇာဒုဂဒေသရဝဏ်နှစ် ပြာ သို လဆုတ် ဂရက် ဒုနေ့။ အနုရုဒ္ဓါစောသစ္စာမှုသည်ကားဟူ၍ဂုင်း။သားတော်အ နော်ရုဒ္ဓါစောသစ္စာမှုသည်ဟူ၍ဂုင်း၂ ချက်။မျက်မှောဝံထိုးခဲ့ ကြ သောကျောက်စာမှာနှအ က္ခရာတွင်။တချောင်း ငင်ညသရဆွဲ၍ကျောက်အက္ခရာထုရေးသည်။ ။ဤကားအနုရုဒ္ဓါ မင်း စောဟုရေးသားခဲ့သည့်အထေဝံအထားသာဂကထုံးစံအကြောင်း အရာစကားရပ်တည်း။

ဥပဒေသ။ ဤစကားရပ်ဖြင့်။ဘာရဒ္ဒါဇပုဏ္ဏားမြို့တိ စွာဘုရားအထံသို့ချည်းကပ်ပြီးလျှင်။ ဂျေးခါကာလ။ ဇမ္မ။။ဒိပ် ကျွန်းတွင်

အိမ်ခြေလှုံနေကြွေက် ပျံမကျစပ် ကာ စပ် ကာ ရှိသည်။ ယခု ကားယင်းသို့မဟုတ်။ လူနေမပြည့်ရှိသည် အကြောင်းအသို့ နည်းဟူမေးရာတွင်။ယင်းသို့ဖြစ်ကြောင်းကား။အဓမ္မရာဂ။ဝိသမလောဘ။မိစ္ဆာဓမ္မပရေတ။ယင်းတရားသုံး ပါးကို။ လူတို့ ရှောင်ကြည်စည့်ကာလ။ မြို့ရွာစည်ကားသည်။ ယင်းတရားသုံးပါးကိုမရှောင်မကြည် လူတို့ပြုကျင့်ကြသည်ကစ၍။ အိမ်ခြေလှုံနေဆုတ်ယုတ်လျော့ပါးရှိသည်ဟုဟော တော်မူသည် တရားသုံးပါးတွင်။ မိထွေးမိကြီးအရိုး အမိတို့ကို သိမ်းပိုက်ကြ။းလွန်ခြင်းကားအဓမ္မရာဂဖြစ်သည်။စုကွေတေးမင်းလည်း။ မိထွေးဖြစ်သောသူကိုသိမ်းပိုက်ကြ။းလွန်သည်ဖြစ်၍။အဓမ္မရာဂဖြစ်ရကား။ ပျက်စီးခြင်းသို့ရောက်ရလေ သည်။ သို့ဖြစ်၍ပျက်စီးကြောင်းဖြစ်သောယင်းတရားသုံးပါးကို။မပြုမကျင့် အပ်ဟူသောဥပဒေသ။ပျက်စီးကြောင်းတရားခြံပါးတွင်။

ပရဒါရူပသေဝနာဟု ဟောတော်မူ သော ဒေသနာ တော်အရ တွင်လည်း။အနုရဒ္ဓါမင်းမယ်တော်ဟူသည်။ ကြောင်းဖြူမင်း မိဘုရားတည်း။ထိုမိဘုရားကိုမိမိလင်ရင်းဖြစ် သောကြောင်း ဖြူမင်းကိုလုပ်ကျွေးလျက်။ ကြောင်းဖြူမင်းလည်း။ ယင်းမိဘုရားကို။မယားအရာဖြတ်၍။လွှတ်ထားသည် မဟုတ် ရကား။ လင်ရှိမယားဖြစ်လျက်။ ယုတ်မာ သောနှလုံး သွင်း ရှိလတ်ရကား။ယင်းမိဘုရားကိုကြ။း လွန်သိမ်းပိုက်သော စုကွေ တေးမင်းသည်။ဟောတော်မူသောတရားတော် နှင့် အညီ ပျက်စီးခြင်းသို့ရောက်လေသည်။သို့ဖြစ်၍ယခင်အ ထက် ကဖြဆိုခဲ့ပြီးသောမရွာဆတ်ဆတ်။ပျက်စီးတတ်သော တရား ခြံပါးကိုခပ်သိမ်းသောသူတို့မပြုမကျင့်အပ်ရှောင်ကြည်အပ်သည် ဟူသောဥပဒေသများကိုပြသည်ယူရမည်။

မေးခွန်းကောံနှုတ်ချက်ပါ။ သဝေထိုးဝိသဇ္ဇနီထိုးစပ်နည်း၃ပုဒ်တွင်။တတိယပုဒ်။

ဝုဒ်ရင်း၊ ငုံအာချပ်သေး။ကွေးရရွေး။မုလေးလက်တံရှည်။ ။ ဟူသည်ကား။

ပိဏ္ဍတ္ထ။ အပွင့်နှံ့သာတို့တွင်။အမြတ်ဆုံးဖြစ်သောမု လေးပန်းဆိုလိုသည်။

အဝယဝတ္ထ။ ဤနှိုက်။မုလေးပန်းဟူသောအမည်။မုလေးပန်းဟောသဒ္ဒါ။ယင်းသဒ္ဒါ၏အဖွင့်။အပွင့်နှံ့သာမျိုး တွင်။ မုလေးပန်းမြှတ်ကြောင်း။ယင်းမုလေးပွင့်။မုလေးမုံ။ မုလေးရွက်တို့၏အကျိုး။မုလေးကျိပေါင်း ကိုရေဝ တီ နက္ခတ် အကြိုက်တွင် ယူဆောင်ရခြင်းအကြောင်း အရာ အထုပ္ပတ္တိ။ ယင်းမုလေးပန်းမှာမသက်သက်နှင့်မလေး။မတွင်တချောင်းငင်၍မုလေး။ မတွင်အရစ်တသတ်နှင့်အ နည်းနည်းကွဲပြားသောစကားရပ်များကို။မာဂဓအဘိဓာန်။ရင်းဋီကာ။ဝိမာနဝတ္ထုအဌကထာ။ မဟာဝဂ္ဂသံယုတ်အဌကထါ။ဇါတ်ဋီကာ။ကါလီဒါသဝတ္ထု။ ဝဏ္ဏဗောဓသတ်အင်း။ဘုံခန်း။ လက်ဝဲသုန္ဒ ရဆိုရတု။ နောံစာဆိုငယ်တို့ဆိုသည်ရတုများ တွင်ထွက်ရှိသည်ကို။ မှတ်သားရန်အကျည်းအမြွက်မျှထုတ်နုတ်ရေးသားလိုက်အံ့။

မုလေးပန်းရေးသားခေါ်ဝေါ်ကြ သည်မှာ။ အဘိဓာန်ကျမ်းတွင်။သုမနာ။မုလေး။ဇာတိသုမနာ။ မုလေး။ မာလတိ။ မုလေး။ဇာတိ။မုလေး။ဝဿကိ။ မုလေးဟူ၍ပရိယာယ်၅ပုဒ်ပြသည်။ မြန်မဘာသာ မှာ။ မာလတိဟူ သောပုဒ် တွင်။ တိ

သဒ္ဒါကျေ၍မာလသဒ္ဒါပျက်။ မလေး ဟုမြန်မာဘာ သာရေး သားခေါ်ဝေါ် ကြီသည်ယူရန်ရှိသည်။

